ပုဒ္ဓအေဗွေအနှစ်ဖြိုအရသာ

ဒဂုန်ဦးစန်းငွေ

ထုတ်ဝေသူမှတ်ပုံတင်ကင်းလွတ်ခွင့်သက်သေခံလက်မှတ်

ကင်းလွတ်ခွင့်အမှတ် (၀၂၇၅၉)

ဒဂုန်ဦးစန်းငွေ

မင်းရဲကျော်စွာလမ်း၊

အမှတ် ၁၄၂၊ (၇) ရပ်ကွက်၊

တောင်ဥက္ကလာပမြို့။

ပုံနှိပ်သူ

ဦးစိုးမောင်၊ မှတ်ပုံတင် (၀၀၈၀ မြ)

သုဓမ္မာစာပုံနှိပ်တိုက်၊

၂၇၁၊ လမ်း ၄၀၊ ရန်ကုန်မြို့။

၁၉၇၅ ခု၊ ဧပြီလ။

ပထမအကြိမ်။

အုပ်ရေ-၂၅၀၀

ဒီဇိုင်း - ဆွဲဆက်

ရောင်းစျေး ၈။

မျက်နှာဖုံးပုံနှိပ်-ကာလာမောင်ဝင်း။

မ တိကာ

အခန်း	အကြောင်းအရာ		စာမျက်နှာ
	နိဒါန်း	....	၅
(၁)	မိဂပေါတကဝတ္ထု	....	၉
(၂)	ဓမ္မသုတ ဥပါသိကာမဝတ္ထု	....	၁၆
(၃)	ကဋ္ဌရဇ္ဇဝါသီဝတ္ထု	....	၂၄
(၄)	အာရညိက မဟာအဘယဝတ္ထု	....	၃၀
(၅)	သီရိနာဂဝတ္ထု	....	၄၀
(၆)	သဒ္ဓါတိဿဝတ္ထု	....	၅၄
(၇)	သုမနဂါမဝတ္ထု	....	၆၇
(၈)	မဟာအဘယဝ်တ္ထု	....	၈၀
(၉)	နာဂါဒါယိကာမဝတ္ထု	....	၉၄
(၁၀)	ဝ်ဋ္ဋုလ ပဗ္ဗတဝတ္ထု	....	၁၁၁
(၁၁)	ဥတ္တရောဋ္ဌိယဝတ္ထု	....	၁၂၅
(၁၂)	သုမနမဟာထေရဝတ္ထု	....	၁၄၂
(၁၃)	ပူဝပဗ္ဗတဝါသီတိဿဝတ္ထု	....	၁၅၈
(၁၄)	စူဋ္ဌတိဿအမတ်ဝတ္ထု	....	၁၆၂
(၁၅)	တိဿာဝတ္ထု	....	၁၆၉

အခန်း	အကြောင်းအရာ		စာမျက်နှာ
(၁၆)	အရိယာဂလွဝတ္ထု	....	၁၈၂
(၁၇)	ဂါမဒါယိကာဝမဝတ္ထု	....	၂၁၇
(၁၈)	ဓမ္မဒါယိကာဝမဝတ္ထု	....	၂၂၇
(၁၉)	ကိဏိသဿဝဝတ္ထု	....	၂၄၄
(၂၀)	သုဒ္ဓါသုမနဝတ္ထု	....	၂၇[illegible]
(၂၁)	ကာကဝတ္ထု	....	၂၈[illegible]
(၂၂)	ကာကဝဏ္ဏတိဿမင်းဝတ္ထု	....	၂၉[illegible]
(၂၃)	မဟာဇနဝဏ္ဏု	....	၃၂[illegible]
(၂၄)	သာလိကုမာရဝဝတ္ထု	....	၃၄
	နိဂုံး		၃၀၇

နိဒါန်း

အရသာ,ဟူသမျှတွင် ဓမ္မရသ, သည် အရသာ အရှိဆုံးဟုဆို၏။ ဗုဒ္ဓမြတ်ဘုရားသည်၌လေးဆယ့်ငါးဝါတို့ကာလပတ်လုံးအရသာ ရှိလှစွာသော်'ဓမ္မရသ,ကိုသတ္တဝါခပ်သိမ်းတို့အားကမ်းလှမ်းဝေငှသွားတော်မူ၏။)

ဗုဒ္ဓမြတ်ဘုရား မရှိတော့သည့် နောက်ကာလများ၌လည်း-အမွေပြတ်သွားသည်ဟူ၍မရှိ။ ဗုဒ္ဓ၏ တပည့်သား အဆက်ဆက်တို့ကဗုဒ္ဓ၏ဓမ္မအမွေကို ဆက်ခံကြကုန်လျက် သူခပ်သိမ်းတို့အားဓမ္မရသကို လက်ဆင့်ကမ်း၊ နှုတ်ဆင့်ကမ်း လာခဲ့ကြကုန်သည်။

ဗုဒ္ဓ၏ဓမ္မရသကိုဖော်ထုတ်၍ရှေးရဟန္တာပုဂ္ဂိုလ်ကြီးအသီးသီးတို့လည်းဟောသွားတော်မူကြကုန်ပြီ။ သီဟိုဠ်ကျွန်းသား ဆရာတော်ဘုရားကြီး အသီးသီးတို့လည်း ဟောသွားတော် မူ ကြကုန်ပြီ။

ယင်းသို့ ရဟန္တာပုဂ္ဂိုလ်ကြီးများ ဟောသွားတော်မူကြသည့် "တရားဟောစဉ်များ" ကိုတပေါင်းတည်း စုရုံး သီကုံးလျက်'မဓုရ ရသ ဝါဟိနီ....'ဟူသောအမည်ဖြင့် တရားဟောစဉ်ကျမ်းကြီး'တစောင်ကိုသီဟိုဠ်ဘာသာဖြင့်ပြုစုထားခဲ့ကြကုန်၏။

သီဟိုဠ်ဘာသာမှာ အသိရခက်လှသောကြောင့် ဒေများဖတ်ရှုနားလည်လွယ်စိမ့် သောငှာ ထိုကျမ်းကြီးကို သီဟိုဠ်ဘာသာမှ မဂဓဘာသာသို့ ပြန်ဆိုထားခဲ့၏။ ပြန်ဆိုသူမှာ သီဟိုဠ်ကျွန်း ဂုတ္တဝက်သဝန ကျောင်းတိုက်နေ အရှင်ရဋ္ဌပါလဖြစ်လေသည်။

ထိုကျမ်းကြီးကို ဘာသာပြန်သူ အရှင်ရဋ္ဌပါလ,က ဤကျမ်းကို ဘာ့ကြောင့်လေ့လာထိုက်၊ ကြည့်ရှုထိုက်ကြောင်းကို ဤသို့ မှာတမ်းပြုထားခဲ့၏။

"သုမဓုရံ-ဓကောင်းစွာ နား၏ အရသာလည်း ဖြစ်ထသော။ရသဝါဟိနိ -အရသာပုံကိုဆောင်တတ်ထသော "မဓုရ ရသဝါဟိနိ" အမည်ရှိသောကျမ်းကို။အဟံ-ရဋ္ဌပါလ ငါမထေရ်မြတ်သည်။ ဝက္ခာမိ-သီဟိုဠ်ဘာသာကို မဂဓ ဘာသာဖြင့် ပြန်ပေအံ့။ တံ-ထိုမဂဓ ဘာသာပြန်သော ကျမ်းကို။ ဘော- အို....သူတော်ကောင်းတို့။ သုဏာထ-နာပါကုန်။ကသ္မာ-အဘယ်ကြောင့်နာပါကုန်ဟူ၍ တိုက်တွန်းသနည်း ဟူမူကား။ ဓသာ -ဤကျမ်းသည်။ ဇနရုမ္မဝဟာ- သူတော်ကောင်းတို့၏ အလှုန်မွေ့လျော်ရာကိုဆောင်သည်။ဟိယသ္မာဟောတိ-အကြောင့်ကြောင့် ဖြစ်၏။ တသ္မာ-ထိုကြောင့်။ သုဏာထ-နာပါကုန်။

ဘာသာပြန်ဆိုသူ၏ တိုက်တွန်းချက်အတိုင်း၊ လူတို့၏ စိတ်နှလုံးကို ရှင်ပြုံးအောင် ဆွဲဆောင်နိုင်စွမ်းရှိ၊ မရှိကို ဤကျမ်းက

တာဝန်ယူပါလိမ့်မည်။ဖတ်ရင်းဖတ်ရင်းစဲ့အောင် ဝတ္ထုကြောင်း များက ဆဲ့ဆောင်ထားလိမ့်မည်ဖြစ်သည်။

ဤကျမ်းဌ် ဝတ္ထုကြောင်းအားဖြင့်လည်း ဆန်း ဆန်း ပြား ပြားများကို ရှု စားရ မည် ဖြစ် သည်။ အ ချို ဝတ္ထု များ သည် အကြောင်းအရာမဆန်းသော်လည်း မှတ်တမ်းပြုလောက်ဘွယ် သာဓကများကို တွေ့ရမည်ဖြစ်သည်။

ဤသို့အားဖြင့် ရဟန္တာကြီးများ ဟောစဉ်ဖြစ်သော မခုရ ရသဝါဟိနီ မည်သော ဤကျမ်းကြီးကား ရှေးဦးစွာ သီဟိုဠ် ဘာသာဖြင့်ရှိခဲ့ရာမှအရှင်ရဋ္ဌပါလ၏ကျေးဇူးတော်ကြောင့် ပါဠိ မဂဓဘာသာသို့ ရောက်လာသည်။

ထိုနောက် မြန်မာ တိုင်းရင်းသား "အရှင်ဝစီရပဘာသဝ" သည် ထိုကျမ်းကြီးကို နိဿယ ပြန်ဆိုခဲ့သည်။ အနက် တကျော့၊ ပါဠိ တကျော့, ရှေးနိဿယကြီးများ ပြန်နည်းကားဖြင့် ပြန်ခဲ့ သည်။

(ထူးခြားသောရသကို ပေးစွမ်းနိုင်သော ဤကျမ်း၏ ရသ,ကို ရှင်းရှင်း လင်းလင်း ခံစားနိုင်ကြစေရန် အလို့ငှာ၊ ပါဠို မစ္စက် အဓိပ္ပာယ်ပြန်နည်းသက်သက်ဖြင့် ဤကျမ်းကို တို့,ရှင်း၊ လို့ရင်း လောက်ကိုသာ ပြန်ဆိုထားပါသည်။

ထိုကျမ်းဌ်အကြောင်းအရာ၊ဖြစ်ရပ်,ဝတ္ထုပေါင်းတရာပါလေ သည်။ ယင်းတို့အနက် ဇမ္မူဒိပ်ဖြစ်ရပ် ဝတ္ထုပေါင်း လေးဆယ်၊ သီဟိုဠ်ဖြစ်ရပ် ဝတ္ထုပေါင်း ခြောက်ဆယ်ဖြစ်၏။ယခုဤစာအုပ်

နိဒါန်း

ပါ၊ ဖြစ်ရပ်၊ဝတ္ထုများကား သီဟိုဠ်ဝတ္ထု ခြောက်ဆယ် အနက်မှ အချို့သာဖြစ်ပါသည်။

အချုပ် အားဖြင့် ဤ ကျမ်း၏ စွမ်းအင်ကို ညွှန်းရသော်-ယဉ်ကျေးမှုသို့ အထုအထည်နှင့်တကွ ရှေးရှုထားသည်ဖြစ်သောကြောင့်.....

အရိုင်းမှ အယဉ်သို့၊
အဆိုးမှ အကောင်းသို့၊
အကြမ်းမှ အနူသို့၊
လောဘမှ အလောဘသို့၊
ဒေါသမှ အဒေါသသို့၊
မောဟမှ အမောဟသို့၊

သီသီသာသာမရောက်လျှင် ရောက်အောင် တစိမ့်စိမ့် ပို့ဆောင်လိမ့်မည်ဖြစ်ပါသတည်း။

ဒဂုန် ဦးစန်းဌေး

၅-၁၀-၇၄

ဇယ် ဒေတု ယုတ္တရော
မိဂပေါတက ဝတ္ထု

သီဟိုဠ်ကျွန်း၊ ဥတ္တလောမိက အရပ်၌ တောရ ကျောင်း တကျောင်းရှိ၏။ ထိုကျောင်းသည်လွန်စွာသာယာလှ၏။ နှလုံး မွေ့လျော် ပျော်ဘွယ်ရာအတိဖြစ်၏။ တရားထုံးကို နှလုံး သွင်း ပိုက်လျက် အေးချမ်းစွာနေလိုကြကုန်သော သူတော်ကောင်း တို့၏ မွေ့လျော်ရာ ဘူမိနက်သန်လည်း မှန်၏။

ထိုတောရကျောင်း၌ 'အဘယ' အမည်ရှိသော ဘုန်းတော် ကြီးတပါး တောရဆောက်တည်၍နေသည်။ထိုဘုန်းတော်ကြီး ကား လောကီစျာန်ရပုဂ္ဂိုလ်ဖြစ်၏။ လွန်စွာလည်းတန်ခိုးကြီး၏။ နေ့လ, နှစ်ပါးကိုပင် ဆီးဖြူသီး ဖန်ခါးသီးမျှားအလား လက် ထည်းတွင် ဆုပ်ကိုင်၍ထားနိုင်သည် ဆို၏။

ထိုဘုန်းတော်ကြီးသည် လောကီစျာန်ရကာမျှ ဤသို့တန် ခိုးကြီးကာမျှကို အကြောင်းပြု၍ သူကိုယ်သူ "ငါရဟန္တာ ဖြစ် လေပြီ"ဟူ၍ အထင်ရှိနေသည်။ အထင်မှား အသိမှားဖြင့် မရ သေးသော ရဟန္တာအဖြစ်ကိုအရ၊ မဖြစ်သေးသည်ကို အဖြစ်၊ မဟုတ်သေးသည်ကို အဟုတ်ကြီး ထင်နေသော ဘုန်းတော်ကြီး ဖြစ်လေသည်။

ထိုဘုန်းကြီး၏ နေ့စဉ် လုပ်ငန်းတခုသော်ကား နံနက်ခင်း နေထွက်တမြူအချိန်၌ တောတောင်အတွင်း မှီတင်းနေထိုင်ကြ ကုန်သော တောစောင့်နတ်၊ တောင်စောင့် နတ် မျှား အား

"လာကြလာကြ၊တရားနာလှည့်ကြ" ဟူ၍ကြွေးကြော်ဖိတ်ကြားလျက်၊ နေ့စဉ်တများဟောလေ့ရှိခြင်းပင်ဖြစ်သတည်း။

ထိုတောရကျောင်း၏အနီးဌာ လွန်စွာနက်ရှိုင်းလှသောတောအုပ်ကြီးတခုရှိ၏။ ထိုတောအုပ်ကြီးကား သားကောင်အပေါင်းတို့၏ ပုန်းအောင်းမှီခိုရာ ဗိမာန်ကြီးသာတည်း။ခြင်္သေ့ကြီးတွေလည်းရှိ၏။ ကျားရဲကြီးတွေလည်း နေထိုင်၏။ အတူးသဖြင့်ကား ထိုတောသည် သမင်ပေါသောတော ဖြင့်လေသည်။

တခါသဌ္ဌ မုဆိုးတယောက်သည် ထိုတောအုပ်သို့ရောက်ရှိသွားလေ၏။ သမင်၊စိုင်၊ဆတ် စသောသားကောင်တို့၏ လှုပ်ရှားမှုမျှားကို ထင်သည်ထက်ပို၍ မြင်ရလေသောအခါ မုဆိုးတို့ထုံးစံအတိုင်း မျှားစွာ ငမ်းမြောက်ခြင်း ဖြစ်လေ၏။ 'နိတ်ဟာ.... ဟု ရုတ်တရက်နှုတ်မြွက်၍ ဥဒါန်းကျူးလိုက်လေသည်။

သည်နောက် မုဆိုးသည် တောတွင်းသို့ လျှောက်ကြည့်၍ အခြေအနေကို လေ့လာသည်။ သုံးသပ်သည်။ အကဲခတ်သည်။ သားကောင်တို့၏ ရေသောက်ဆင်းရာလမ်း၊ ကျက်စားရာစားကျက်မျှားကို အသေးစိတ် လေ့လာမှတ်သားပြီးနောက် "သည်နေရာ အတော်ဘဲ" ဟု ရေဆိပ်နှင့် မနီးမဝေးအရပ်ကို 'ပစ်ကွင်း' အဖြစ် ရွေးလိုက်၏။

မုဆိုးသည်သားကောင်မျှား ရေသောက်ဆင်းရာလမ်းကို တလမ်းတည်းဖြစ်အောင်လုပ်သည်။ ဘေးသို့ပန်း၍ဖြာထွက်မသွားနိုင်အောင်ပိတ်ဆို့၍ တလမ်းတည်းသာထားသည်။ ဤသို့လမ်းမျှားကို ပိတ်ဆို့ပြီးနောက် ချုံတခုဌ္ဌ နေရာယူလိုက်သည်။ ရေသောက်ဆင်းလာသောသားကောင်မျှားကို ထိုချုံတွင်းမှစောင့်၍ပစ်ရန်ဖြစ်လေသည်။

တရက်ကျူး၍ တနေ့သို့ကူးလာ၏။ ယုဂန်စွန်းမှ နေဝန်းကြီးလည်း ထွက်ပြူလာ၏။ထိုအချိန်၌ တောကျောင်းနေအဘယရဟန်းသည် ကြွေးကြော်၍နတ်များအား တရားနာဖိတ်ခေါ်နေ၏။ ထိုအသံကား တောအုပ်ကြီးကို ပဲ့ တင် ထပ်သွားစေလေသည်။

သမင် တကောင်သည် ရေသောက်ရန် တောအုပ်တွင်းမှ ထွက်၍ စမ်းချောင်းဘက်သို့ဆင်းလာခိုက်၊မုဆိုးသည် ချုံတွင်းမှ လေးမြားကို အသင့်ပြင်၍ ဆင်းလာသော သမင်ကို ချိန်ထားသည်။ သမင်သည် မုဆိုး၏ ပစ်ကွင်းတည့်တည့် ရောက်သောအခါ "လာကြလာကြ၊ တရားနာလှည့်ကြကုန်" ဟူသော ဖိတ်ခေါ်သံကိုကြားလေသော် တရားအာရုံပြု၍ လည်ကိုမော့၊နားကိုစွင့်၊ ညာခြေကိုမြောက်ကာ ရပ်လျက်နားထောင်နေ၏။

ထိုသို့နားထောင်နေခိုက် မြားတစင်းသည် သူ၏ ရင်ဝသို့လာ၍ စိုက်လေရာ၊ ထိုဒဏ်ရာဖြင့်ပင် ခန္ဓာ စဲသွားရှာလေ၏။ မုဆိုး၏မြားချက်က သမင်ငယ်၏ အသက်ကို ယူသွားရှာလေပြီဖြစ်၏။

ထိုသမင်ငယ်သည် သေခါနီးကာလ၌ တရားကြွေးကြော်သံ၊ ကမ္မနိမိတ်ကိုအာရုံပြု၍ သေသည်ဖြစ်ရကား၊ ဘဝကူးလှသွား၏။ တောကျောင်းဘုန်းကြီး၏ နှမဝမ်း၌ သန္ဓေတည်၍ ဆယ်လစေ့သောအခါ သားယောကျ်ားကလေး ဖွားလာ၏။

မိခင်သည်သမင်လူဝင်စားသားငယ်အရွယ်ရောက်လာသောအခါ မောင်ဖြစ်သူ သီတင်းသုံးသော တောရကျောင်းသို့ပို့လေ၏။ တောရဘုန်းကြီးသည် မိမိ၏တူဖြစ်သူ သူငယ်အားသက်နှီးဆီးပေးသောအခါ၊ ရှေးရှေးသောဘဝများစွာက ဖြည့်ခဲ့ဘူး

သော ပါရမီဓာတ်ခံရှိခြင်း၊ သေသောအခါ တရားသံကို အာရုံစွဲကပ်ခြင်းတို့ကို အကြောင်းပြု၍ ခေါင်းရိတ်နေဆဲမှာပင် ပဋိသမ္ဘိဒါဉာဏ်လေးပါး၊ အဘိညာဏ်ခြောက်ပါးနှင့်ပြည့်စုံသော ရဟန္တာစစ်စစ်ကြီးဖြစ်သွား၏။ မိမိတူ ရဟန္တာဖြစ်သွားသည်ကို ကား-ဦးရီးတော်က မသိရှာလေ။

တနေ့သောနံနက် အရုဏ်တက် ဝေလီဝေလင်း အချိန်၌ ဦးရီးတော် တောကျောင်းဘုန်းကြီးသည် မိမိလက်ကို လဗိမာန် အထိမှိနိုင်အောင် ဖန်ဆင်းကာ ကောင်းကင်ပေါ်က သီတဂူ ယုန်စန်းကို လက်ဖြင့်လှမ်း၍ ကိုင်ကာ တွယ်ကာ ပြုနေ၏။

ထိုသည့်ခဏ်၊တူဖြစ်သူ သာမဏေရောက်လာ၍ ဦးရီးတော် ဖြစ်အင်ကိုမြင်လေသော်၊ တရားတော်ကိုသာ စွဲမြဲစွာအားထုတ်သင့်ပါကြောင်း၊လျှောက်သော်လည်း'ငါ့ကို မင်းဆရာလုပ်စရာ မလို'ဟူသော သဘောဖြင့် အရေးမစိုက်လေဘဲ လ, ကိုသာ လက်ဖြင့် သုံးသပ်မြဲသုံးသပ်နေ၏။

ထိုအခါ"ငါ၏ဦးရီးတော်ကား မဟုတ်သည်ကို အဟုတ်ကြီး ထင်စွဲကာ လမ်းလွဲနေချေပြီတကား...."ဟူ၍ ဦးရီးတော်အား လမ်းမှန်သို့ရောက်စေခြင်းငှာ၊ တန်ခိုးဖြင့် လဝန်းကြီးပေါင်း တထောင်ကိုဖမ်း၍ ဦးရီးတော်အားပြလေ၏။ ဤတွင်မှ ဦးရီး တော်ဘုန်းကြီးကား များစွာ အံ့အားသင့်သွားကာ တူတော်ကို ကြည့်လိုက်၊ လမင်းတထောင်ကိုကြည့်လိုက်နှင့် ဖြစ်နေခိုက်၊ တူ ဖြစ်သူ သာမဏေငယ်က ဤသို့ လျှောက်ထားလေ၏။

"တပည့်တော် လျှောက်ထားပါရစေ ဦးရီးတော် ဘုရား၊ လဝန်းပေါင်းတရာ၊တထောင်၊တသောင်းကို ဖန်ဆင်းနိုင်ခြင်း ကား အကြောင်းမဟုတ်ပါ၊ ခဲယဉ်းလှစွာသောအရာမဟုတ်ပါ၊

တခုတည်းသောတဏှာကို ခွာနိုင်ဘို့အတွက်သာ အခက်တကာ့ အခက်ဆုံးပါဘုရား" ဟူ၍ လျှောက်ထားပြီး အောက်ပါဂါထာ လေးပုဒ်ကိုရွတ်၍ အမှားကို အမှန်ဖြစ်အောင် ပြင်စေလေ၏။

(၁) အသိ တရား ခေါင်းပါးလှသော အကြင် ယောကျ်ားတယောက်သည်၊ သမုဒ္ဒရာကမ်းစပ်သို့ရောက် သွား၏။ ထိုယောကျ်ားသည် ရပ်လျက်မှ အလိပ်လိပ် တက်လာသော လှိုင်းတံပိုး၊ ရေလုံးကြီးများကို မြင်ရ ကာမျှဖြင့် 'ငါ သမုဒ္ဒရာကြီးကို မြင်ရပြီ' ဟူ၍ ဆိုလေ သည်။

(၂) ထို့အတူ အကြင်ရဟန်းသည် မဖြစ်စလောက်၊ အနည်းငယ်မျှသော ကိလေသာကို ခွာ၍ များလှစွာ သော ကိလေသာ အစိုင်အခဲ၊ဧရာမ ကိလေသာ ထု ထယ်ကြီးကိုမဖြိုနိုင်၊မခွင်းနိုင်၊အကြွင်းမဲ့ မသတ်နိုင်သေး ပါဘဲလျက် အရှည်စွဲ၍ တည်မြဲမှုမရှိသော (၀ါ) စိတ် မချရသေးသော လောကီ အဘိညာဉ်၏ အစွမ်းမျှကို ရကာမျှဖြင့်-

(၃) "ငါသည်လောကုတ္တရာတည်းဟူသောအကျိုး ထူးကို ရအပ်ပေပြီ၊ ရဟန္တာဖြစ်ပြီ" ဟူ၍ မှတ်ယောင် မှား၏။ထိုသို့သဘောရှိသောရဟန်းသည်ကား... တဏှာ့ ကျွန်အဖြစ်မှ မကျွတ်လွတ်သေးဘဲလျှင် ကျင့်ယောင် မှားနေခြင်းသာဖြစ်ပေသည်။

(၃) "ထိုရဟန်းမျိုးသည်ကား ကြက်သရေ မရှိ။ ဒါယကာတို့လှူအပ်သော ဆွမ်းကို စားလေသမျှသည် ထက်လှစွာသော သန်လျက်ကို ဝါးမျိုနေရသည်နှင့်

တူ၏။ အကျိုးမရှိ။ အပြစ်ကိုသာပေးတတ်၏။ အကြင်ရဟန်းသည်မူကား တဏှာကိုဒေကြွင်းမဲ့အားဖြင့် စွန့်ခွာပြီးဖြစ်၏။ ထိုရဟန်းသည်သာ မာရ်နတ်၏ လှည့်ပတ်ဖြားယောင်းခြင်း အနှောင်အဖွဲ့မှ ကျွတ်လွတ်သူဖြစ်ပါသည်ဦးရိုးတော်”

ဦးရိုးတော် ဘုန်းကြီးသည် တူဖြစ်သူ သာမဏေ စကားကို ကြားရသောအခါ မျှားစွာ တုန်လှုပ်သွားလေ၏။ မိမိ၏လွဲမှားနေသောအဖြစ်ကိုသိလာ၊ မြင်လာသည်။ ထိုအခါမှစ၍ အနိစ္စ၊ ဒုက္ခ၊အနတ္တ၊ ဝိပဿနာ၊တရားကိုပွားများအားထုတ်လျှင် ထိုနေ့မှာပင် အာသဝေါကုန်ခန်းကာ ရဟန္တာအဖြစ်သို့ရောက်သွားလေသတည်း။

ထိုနောက် ရဟန္တာဖြစ်သွားသော ဝေဂရကျောင်း ဘုန်းကြီး၏နှမ၊ (၇)နှစ်သားအရွယ် ရဟန္တာသာမဏေငယ်၏ မိခင်ဖြစ်သူက မောင်နှင့်သား၊ ရဟန္တာနှစ်ပါးကိုပင့်၍ အိမ်၌ ဆွမ်းကျွေး၏။

ဆွမ်းစားပြီး၍ ပြန်ကြွမည်ပြုသောအခါ သာမဏေ၏မိခင်က သား၏သပိတ်ကိုယူလိုက်သည်။ ဤသို့သပိတ်ကိုပယူလိုက်ခြင်းကား “တရားဟောတော်မူပါ”ဟုတောင်းပန်လိုက်သောအထိမ်းအမှတ်ဖြစ်၏။

ထိုအခါ ဦးရိုးတော်က သာမဏေငယ်အား “သင့်မယ်တော်ခမည်းတော်တို့ကို တရားဟောရစ်ပါ” ဟူ၍ တိုက်တွန်းထားခဲ့ပြီးလျှင် ပြန်ကြွသွားလေ၏။ သာမဏေငယ်လည်း သာယာနာပျော်ဘွယ်သောအသံဖြင့် ဟောကြား၍ တရားတော်အဆုံး၌ အောက်ပါ“အနုသိဋ္ဌိ”အဆုံးအမဂါထာဖြင့် နိဂုံးချုပ်လေ၏။

မြက်၊သစ်ရွက်မျှားကိုသာအာဟာရအဖြစ် မှီဝဲစားသုံး နေကြကုန်သောသားကောင်သမင်မျှားသည်'တရားနာ လှည့်ကြကုန်'ဟူ၍ ဖိတ်ခေါ် ကြွေးကြော် လိုက် သော အသံမျှ၌ နိမိတ် အာရုံကို ရရှိ၍ ရခဲလှစ္ဆဲသော လူ့ အဖြစ်၊ လူ့ဘဝကိုဂုဏ်း၊ ဘဝမှလွတ်မြောက်ရာအသင်္ခတ ဓါတ်မြတ်လှစ္ဆာသောနိဗ္ဗာန်ကိုဂုဏ်းရရှိသွားကြကုန်၏။

ထို့ကြောင့် သတိသမ္ဗဇ္ဈင်၊ဉာဏ်ပညာ အမြော်အမြင် ရှိသော ပုဂ္ဂိုလ်သည် ဟောအပ်သောတရားကို ရိုသေ လေးစားစွာကြားနာ၍ ဘုရားသခင်၌အကြင်းမဲ့ သက် ဝင်ယုံကြည်မှုကို ကောင်းစွာ ဖြစ်စေအပ်၏။ ဤသို့ တရားတော်ကို ရိုသေစွာ ကြားနာခြင်း၊ မြတ်ဘုရား၌ အကြင်းမဲ့သက်ဝင်ယုံကြည်ခြင်းကို ဖြစ်စေသည်ရှိသော်- ဘုရား အဆူဆူတို့ ချီးကျူးတော်မူအပ်သော နတ်ရွာ သုဂတိဘုံ၌ အဘယ်မှာလျှင် မမွေ့လျော်ပါ၊မခံစား မစံ စားရပဲ ရှိပါမည်နည်း။ မုချအားဖြင့် မွေ့လျော်ခံစား ရမည်သာ ဖြစ်ပေ၏။

ဤတရားဒေသနာတော်အဆုံး၌သာမဏေငယ်၏မိဘနှစ်ပါး နှင့်တကွ တရားနာလာသူမျှား သောတာပတ္တိဖိုလ်၌ တည်လေ ကုန်၏။

(မှတ်ချက်။ ။ဤဝတ္ထုကား တရားဓမ္မ၌ စူးစိုက်စွာ နိမိတ် အာရုံထားမှုကြောင့် အတိုင်းမသိကို အကျိုးတရားကိုခံစားရပုံ ကိုပြသောဝတ္ထုဖြစ်၏)။

ဓမ္မသုတ ဥပါသိကာမ

သီဟိုဠ်ကျွန်း၊ ရောဟဏဇနပုဒ်၌ 'မဟာဂါမ' အမည်ရှိသော ရွာကြီးတရွာရှိ၏၊ ထိုရွာသည် လွန်စွာ သာယာ၏။ နှလုံးမွေ့လျော်၊ ပျော်ဘွယ်ရာကောင်း၏။ရွာဆိုသော်ငြားလည်းအိမ်ခြေပေါင်း သုံးသောင်းမျ ရှိသော ဟူ၏။

သာသနာတော်၏ အမှတ်အသား ဖြစ်သော ဇရပ်၊ တန်ဆောင်၊ ဂူ၊ ကျောင်း၊ ပြသာဒ်များလည်း ကြွားကြွာ ဝင့်ဝင့် တစွင့်စွင့်နှင့် ရှိကုန်၏။ လေခတ်လိုက်သောအခါ ပြသာဒ်ဖျားရှိ ရွှေသားအတိဖြင့် လိမ်းကျံ သုတ်လူးထားသော ထီးတော်၏ နှုတ်ခမ်းသား၌ တွဲလျားခိုရှ၊ ဟီးလေးစီးနေကြသော ရွှေဆည်းလည်း၊ ငွေဆည်းလည်းတို့၏အသံများသည်တချင်ချင်တလွင်လွင်ဖြင့် လေဝယ်လွင့်ပါးလျက် ရှိနေကုန်၏။

ဘိက္ခူ၊ ဘိက္ခူနီတို့သည် သာသနာထွန်းကားရာ၊ ထိုမဟာဂါမ, ရွာ၌ အများအပြားပင် နေထိုင်လျက် ရှိကြသောကြောင့် မဟာဂါမသည် ဝါရွှေသော သင်္ကန်းရောင်တို့ဖြင့်လည်း ပြောင်လက် တောက်ပနေ၏။

အများအားဖြင့် မဟာဂါမ၌ နေထိုင်ကြသည်ကားမင်းမျိုး၊ စိုးမျိုး၊ မှူးမျိုး၊ မတ်မျိုးများ၊ လူကုန်ထံ အထက်တန်းစားဖြစ်ကြသော သူငှေး၊ သူကြွယ်များသာ ဖြစ်သောကြောင့်၊ သူတို့၏ အခြေအနေအလျောက် တည်ဆောက် ထားသော၊ တိုက်တာ၊ နေအိမ်၊ ဗိမာန် အဆောက်အဦ များမှာလည်း၊ သူနိုင်၊ ငါနိုင်၊ ဘုပပြိုင်ဆိုင်နေသကဲ့သို့ ရှိကုန်၏။

လမ်းကြီး၊ လမ်းငယ် အသွယ်သွယ်တို့ကိုလည်း စံနစ်တကျ၊ အကွက်ချ၍ ဖေါက်လုပ် ထားသည် ဖြစ်သောကြောင့် မြားကဲ့သို့ ဖြောင့်စင်း၍ အလွန် သာယာလှ၏။ ကုသိုလ်ရေးဘက်၌လည်း ဗျာဝဿံ၊ စည်သံ၊ တရုံမစဲရှိလေ၏။ပျော်မှုရွင်မှုအတွက် ဆိုလျှင်လည်း ကပွဲမျိုးစုံ ရှုမကုန်အောင် များလှ၏။ ကူးသန်းရောင်းဝယ်မှု ၌လည်း၊ ရောင်းပန်း၊ ဝယ်ပန်း ပွင့်လန်းသော ရွာကြီးဖြစ်သည့်အတိုင်း ကုန်သည် ပဲ့စားတို့၏ စားကျက်လည်း ဖြစ်၏။

ထိုမဟာဂါမမှ ခဲ့ဝက်၍ ' ရွာလက် ' ခေါ်သော ရွာငယ် ကလေးသည် မဟာဂါမအရိပ်ကို မှီခို၍ နှစ်လိုစဘွယ်ပင်တည်ရှိနေ၏။ထူးခြားသည်ကားမဟာဂါမ၌အုတ်အရောရော၊ကျောက် အရောရော ဆိုသကဲ့သို့ လူပေါင်းစုံ ပြိုးပြမ်းနေသော်လည်း ရွာလက်၌ကား ထိုသို့မဟုတ်၊ လူရည်သန့်များသာ နေထိုင်ကြသည်။ ဘုရားသွား၊ ကျောင်းတက်၊ အလှူရေစက်လက်နှင့် မှကွာသော၊ ရတနာသုံးပါး၌နေညမပြတ်၊ဆည်းကပ်ကိုးကွယ်သူ“ဗုဒ္ဓဘာသာဝင်များ သန့်သန့်” နေထိုင်ကြသော ရွာဖြစ်လေသည်။ အခါမရွေး ဆိုသလိုပင် ဘုရားဝတ်ပြုသံ၊ တရားပေစာရွတ်ဖတ်သံများကို ကြားနေရ၏။

ထိုရွာ၌ အထိုက်ရအားဖြင့် “ မဏိစေတီ ” တဆူရှိ၏။ ထို စေတီကားဒေဝါနံပိယတိဿမင်းကြီး၏ညီ၊“မဟာနာဂမအာဘယ” မင်းသား ဆောက်လုပ်ကိုးကွယ်သော မဟာဝိဟာရ ကျောင်းတိုက်ကြီး အတွင်း၌တည်ရှိလေသည်။ ‘မဏိစေတီ’ ကိုတည်ထားကိုးကွယ်သော ဒါယကာကား၊ မဟာနာဂမမင်း၏မြေး၊ ကာကဝဏ္ဏအာဘယတိဿ မင်းဖြစ်၏။

အဘယတိသမင်းသည် မဟာဝိဟာရကျောင်းတိုက်အတွင်း၌ ဗောဓိပင်တပင် စိုက်သည်။ ထိုဗောဓိပင် အနီး၌ ဤမဏိစေတီ, ကို တည်ပြီးလျှင် ဘိုးတော် မဟာနာမ မင်းကြီး ကိုးကွယ်သောနဖူး သင်းကျစ်တော်ကို စေတီတွင်း၌ သွင်းနှံဌာပနာ၍ ကိုးကွယ်ထား၏။

'မဏိစေတီ' ကို ကာရုံထားသော ပရဝုဏ်၊ မဟာရုံ တံတိုင်းကြီးကား ထုံးနှင့်ဖွဲ့ဖွဲ့၊ ဘော်သားရောင်ပြေးနေ၏။ ထိုစေတီ၏ အနီး၌ ကျယ်ဝန်း၍ အလွန် သပ်ယပ် သားနားသော စရပ်၊ မက္လပ်ကြီးတဆောင် မိုးပါးနီးမျှ ဆောက်လုပ်ထားသည်။

ယင်းမက္လပ်ကြီးကား တရားဟောရာ မက္လပ်ကြီး ဖြစ်သောကြောင့် ဓမ္မမဏ္ဍပ ဟူ၍ဌင်း၊ ဓမ္မမဏ္ဍိရဟူ၍ဌင်း ခေါ်လေသည်။ ထိုမက္လပ်ကြီး၌ နေ့စဉ်မပြတ်တရားပွဲအမြဲရှိ၏။ တရားဟောသောအခါ ပရိသတ်သည် ပျားပန်းခတ်မျှ မက္လပ်နှင့် မဆန့်အောင် ပြည့်ကျပ် နေသည်ကမျှား၏။

အခါတပါး၌ လက်လုပ် လက်စား သူဆင်းရဲမ တဦးသည် သားမောင်ကို လက်ဆဲကာ တရားမက္လပ်သို့ တရားနာ လာ၏။ နေ့တိုင်းလည်း တရားနာလေ့ ရှိ၏။ ထိုနေ့အဘို့ တွင်မူ သားကလေးတဲ့လဲပါလာသောကြောင့် အနည်းငယ်အရောက်နောက်ကျ သွားလျှင်ပင် မက္လပ်တွင်း၌ ပရိသတ်မျှား ပြည့်နေ၍ နေရာမရလေသောကြောင့် မက္လပ်ပြင်ဘက်၊ ပရိသတ် အစွန်အဖျားမှ တရားနာရလေ၏။

မိခင် တရားနာနေစဉ်၌ သားငယ်သည် ကလေးတို့ ဘာဝအတိုင်း မိခင်နှင့် မလှမ်းမကမ်းအရပ်၌ ကစားနေ၏။ မိခင်သည် ဟောကြားနေသောတရားအာရုံ၌ထုံမွေ့နေခိုက်၊ ကလေးသည်

မိခင်အလစ်တွင် မဟာတံတိုင်းနားသို့သွား၍ ကစား လေသည်။ သဲမှုန့်များကိုလက်ဖြင့်ဆုပ်ပြီးသော် စပါးလှေ့သကဲ့သို့လေဝယ် လွှင့်၍ ကစား၏။ မြှုမှုန်များသည် လေ၏အဟုန်ကြောင့် မီးခိုးသဖွယ် လွှင့်သည်မြင်လျှင် ကလေးသည် အလွန်ပျော်၏။

အက်ကွဲနေသော တံတိုင်း၏အောက်ခြေ၊အုတ်ချပ်များကြား၌ မြေတကောင်ဝင်၍ အောင်းနေ၏။ ကလေး လှုပ်၍လှုပ်၍ ကစားနေသော သဲမှုန့်များသည် တွင်းအောင်းမြေ၏နှာခေါင်းဆဲသို့ ဝင်လေသောအခါ မြေသည် ထွက်၍ ကလေးကို ကိုက်လေ၏။

မိခင်သည် တရားနာနေ ရာမှ အယ်ကနဲ အော်သံကြောင့် လှုမ်းကြည့်လိုက်သောအခါ သားအား မြွေကိုက် သည်ကို၎င်း၊ မြွေကိုက်သဖြင့် သားလဲကျသည်ကို၎င်း၊ မြွေသည် သားကိုကိုက်ပြီးလျှင် အုတ်ကြားထဲသို့ ပြန်ဝင်သွားသည်ကို၎င်း လှုမ်း၍မြင်လေ၏။

ထိုအခါ မိခင်သည် သားဦးဖြစ်သောချစ်ခြင်းဖြင့်ရုတ်တရက် ပရိသတ်ထဲမှ သားဆီသို့ထပြေးရန် စိတ်ကူးကာ နေရာမှထပြေးမည့် အပြုတွင် ရုတ်ခြည်းပင် သူ စဉ်းစားမိလေသည်ကား-'ငါ ရုတ်တရက်ထပြေးခဲ့သော် ဓမ္မန္တရာယ်ဖြစ်မည်။တရားနာပရိသတ်များအား အနှောက်အရှက် ပေးရာကျမည်။ အကယ်၍ သားသေစေဦးတော့၊ သားကိုအစားရနိုင်၏။ဘုရားအဖြစ်ကိုကား၊ရခဲဘိစ့။ ဘုရား၏တရားတော်ကိုကား ကြားနာရခဲ ဘိစ့၊ ငါသည် အလွန် ရခဲလှစွာသော လူဘဝကိုလည်း ရခိုက်၊ အလွန်ကြားနာရခဲသော ဗုဒ္ဓ၏ တရားတော်ကိုလည်း ကြားနာခွင့် ရခိုက်တွင် အနှောက်အရှက် မဖြစ်စေသင့်' ဤသို့နှလုံးပိုက် ဆုံးဖြတ်လိုက်

ပြီးလျှင် သားဆီသို့ မသွားလေတော့ဘဲ တရားကိုသာဆက်၍နာနေလေသတည်း။

တရားဟော၍ ပြီးသောအခါ ထိုမိခင်သည် နေရာမှ ကမန်းကတန်းထ၍ သားဆီသို့ပြေးရှာလေ၏၊ မြေဆိပ်တက်၍ လုံးဝသတိမရဘဲ သူသေကဲ့သို့ ဖြစ်နေသော သားကို တွေ့ရလေ၏။ ထိုဖြစ်အင်ကို မြင်သော် အာဘယ်မိခင်သည် မငိုကြွေးဘဲ နေနိုင်ပါမည်နည်း။ မိခင်သည် သားကို ရင်ခွင် ပိုက်လျက် ရှိုက်ကြီးတငင် ငိုပွဲဆင်ပါလေ၏။

ယင်းသို့ သောကဖိစီး၊ ငိုကြီးချက်မနှင့် အပူမီး လောင်နေသည့် ကြားက သူသည်ဘုရားသခင်ကိုမြင်ယောင်လာလေသည်။ သို့ဖြစ်သည့်အားလျော်စွာပင်၊ သားကို ရင်ခွင်ထဲ ထားလျက်မှ ဘုရားသခင်ကို ရှယ်ဘုံးလျက် ရှိခိုးပြီးလျှင် ဤသို့ သစ္စာဓိဋ္ဌာန်ပြုလေသတည်း။

"အို....သုံးလွှာရှင်ပင်၊ ကျွန်းထိပ်တင်၊ ဘုရားသခင်ကိုယ်တော်ကြီးဘုရား။ ဘုရားတပည့်တော်မသည် လူမှုန်းသူမှုန်း သိသည့် အချိန်မှ စ၍ ဘုရား၊ တရား၊ သံဃာဤရတနာ သုံးရပ်ကို နှေးညှ မပြတ်၊ အမြဲ ဆည်းကပ်ကိုးကွယ် လာခဲ့ကြောင်းကို သစ္စာဆိုပါ၏ အရှင်ဘုရား။ ဤသစ္စာစကား မှန်ကန် ပါက ဘုရားတပည့်တော်မ၏ သားကလေးမှာ မြေဆိပ် ပြယ်ကာ အသက် ချမ်းသာပါစေ ဘုရား...."

"အို....ရှင်တော်မြတ်ကြီးဘုရား။ ဘုရားတပည့်တော်မသည် တရားတော်ကို အခွင့်ရတိုင်း နာလေ့ရှိပါသည်။ တရားနာလေသောအခါမျှားတွင် တရားတော်မှတပါး

အခြားသို့ အာရုံမရောက်ခဲ့ဘူးပါ။ အာရုံတပါး၊ စိတ်မသွားဘဲ တရားတော်ကိုသာ အာရုံပြု၍ကြားနာလာခဲ့ပါ၏ဘုရား။ ဤသစ္စာစကား မှန်ကန်ပါက သားငယ်၌ စွဲတည်နေသော ပြင်းထန်သည့် မြွေအဆိပ် အတောက်သည် ဆေးလျင်စွာ ပျောက်ပြယ်သွားပါစေသတည်း"

"အို ရှင်တော်မြတ်ကြီးဘုရား၊ ဘုရား တပည့်တော်မ, သည် တရားတော်ကို နာလေသောအခါ... အကွာရာတိုင်း အကွာရာတိုင်း၊ စကားလုံးတိုင်း စကားလုံးတိုင်း၊စကားဝါကျတိုင်း ဝါကျတိုင်း....တခုမှလစ်လပ်ခြင်း မဖြစ်စေဘဲ၊ လုံးစေ့ပတ်စေ့ ဂရုတစိုက် နာယူခဲ့ပါ၏ အရှင်ဘုရား။ ဤသစ္စာစကား မှန်ကန်ပါက အလွန် ပြင်းထန်သော မြွေဆိပ်သည် ပျောက်ပြယ်ပါစေသတည်း"

"အို....ရှင်တော် မြတ်ကြီးဘုရား။ ရှင်တော်မြတ်ဘုရားကြီးသည် ဝေနေယျကြာ၊ သတ္တဝါတို့အား သံသရာဝဋ်မှ လွတ်မြောက်အောင် ကယ်တင်တော်မူ နိုင်သည် မှန်ပါ၏။ တရားတော်သည် မျက်မှောက်ထင်ထင် သိမြင် ထိုက်သည်။ ကာလမခြားဘဲ ဖိုလ်ဟူသော အကျိုးပေးတတ်သည် မှန်ပါ၏။ ဤသစ္စာစကားကြောင့် တပည့်တော်မ၏ သားကလေးသည် မြွေဆိပ်ကင်းပျောက်၍ ချမ်းသာခြင်းသို့ ရောက်လာပါစေသတည်း'

"အို.....ရှင်တော်မြတ်ကြီးဘုရား၊ မြတ်ဘုရားကြီး၏ တပည့်သာဝက သံဃာတော် များသည် မြင်ဘုရား ဟောကြားတော်မူသည့် အတိုင်းကျင့်၍ မဂ်ဖိုလ်တို့၌ တည်ပါကုန်

၏။ ဤသစ္စာစကားကြောင့် သားငယ်သည် မြေဆိပ်ပြယ်၍ ချမ်းသာလာပါစေသော်....”

“အို ရှင်တော်မြတ်ကြီးဘုရား။ ရှင်ဘော် မြတ်ဘုရား ထားတော်မူခဲ့သောသာသနာတော်သည် ငါးထောင်သခ်ျာ မြင့်ရှည်ကြာအောင် တည်တော်မူမည် ဖြစ်ပါက သားငယ် သည် မြေဆိပ်ပြယ်၍ ချမ်းသာသည်ဖြစ်ပါစေသော်....”

ဤသစ္စာစကား၏ အဆုံးတွင် သစ္စာ၏တန်ခိုးကြောင့်.... အိပ်သောယောကျ်ား၊နိုးသောလားကဲ့သို့ သားငယ်သည်မိခင်၏ ရင်ခွင်တွင်းမှ ချက်ခြင်းထထိုင်လေ၏။ ထိုဖြစ်အင်ကိုမြင်ရသော အခါ၌လည်း အတယ်မိခင်သည် မရှင်ဘဲနေနိုင်ပါမည်နည်း။

ထိုမိခင်သည် ရှင်ကြည်နှလုံး၊ အပြုံး မူရာဖြင့် သားငယ်ကို ပိုက်၍ အိမ်သို့ပြန်ခဲ့၏။ ကုသိုလ်ကောင်းမှုတို့ကို ရှေးကထက်ပင် ကြိုးစားပြုရှာ၏။ ထိုမိခင် ကွယ်လွန်သော်....နတ်ရွာ သုဂတိသို့ လားရလေသတည်း။

ရဘနာသုံးပါးကို စူးစိုက်စွာ ယုံကြည် ကိုးကွယ် မှုကြောင့် မျက်မှောက်ဘဝ၌ သား အသက် ချမ်းသာခြင်း အကျိုးကိုရင်း၊ ဘမလွန်ဘဝ၌ နတ်ရွာသုဂတိသို့ လားရခြင်းအကျိုးကိုရင်းခံစား ရဘူးသော ထိုဓမ္မသုတ ဥပါသိကာမ,ငတ္ထုကိုစံပြုလျက်၊အတုယူ လိုက်နာသင့်ကြောင်းဖြင့် ဤသို့နိဂုံးချုပ်လေသည်။

“ မာတုဂါမပင် ဖြစ်စေကာမူလည်း တရားနာလေသော အခါ....အာရုံတပါး၊ စိတ်မလွင့်ပါးလေဘဲ၊ တရားတော်၌ သာ အာရုံစိုက်၍ နာယူခဲ့သောကျေးဇူးကြောင့်....ကွယ်လွန် သောအခါ သုံးကျိပ် သုံးပါး နတ်သိကြားတို့ ပျော်စံရာ၊ ဘာဝတိံသာ နတ်ဘုံသို့လားရောက်ရဘူးပေသည်။

ဤဝတ္ထုကိုထောက်လျှင် ရတနာသုံးပါးကို ရိုသေ လေးစားစွာ ဆည်းကပ်ခြင်း၊ တရားတော်ကို ရိုသေစွာ ကြားနာခြင်းသည် နတ်ပြည်ချမ်းသာအတွဲက် ဆောင်ရွက်သည် မည်ပေ၏။ သူတော်ကောင်းတရားကို ပွားများအားထုတ်သည်ရှိသော်....နတ်ဦဖြစ်သော နတ်ချမ်းသာကိုဌင်း၊လူဦဖြစ်သော လူချမ်းသာကိုဌင်း၊ နိဗ္ဗာန်ချမ်းသာကိုဌင်း ခံစားရမည် ဖြစ်သတည်း။

(ဤဝတ္ထုဖြင့် တရားတော်ကို ရိုရိုသေသေကြားနာလျှင် မျက်မှောက်ဘဝဦလည်း အကျိုးခံစားရကြောင်း။ တမလွန်ဘဝဦလည်း သုဂတိဘဝသို့ လားရောက်ရကြောင်းကိုပြ၏။

(၇)
ကဋ္ဌရဋ္ဌဝါသီ

သီဟိုဠ်ကျွန်း၊ ရောဟန ဇနပုဒ်၊ မဟာဂါမရွာ၌ "မဟာဝိဟာရ" အမည် ရှိသော ကျောင်းတိုက်ကြီး တတိုက် ရှိ၏။ ထိုကျောင်းတိုက်၌ တန္ဒစ်လျင်တကြိမ်၊ အရိယာတို့၏ကျင့်ဝတ်ကို ဖေါ်ပြသော "အရိယ ဝံသ, သုတ် တရား ဟောပြောပွဲ"ကို ဆင်ယင် ကျင်းပမြဲ ဖြစ်လေသည်။

တရားနာရန်အတွက် ရပ်နီး၊ ရပ်ဝေးမှ ရဟန်းပရိသတ်၊ လူပရိသတ်များစွာတို့သည် တရားပွဲ ကျင်းပရာ ထိုမဟာဝိဟာရသို့ စုဝေး ရောက်ရှိလာကြကုန်၏။

ကဋ္ဌဝါသီ အရပ်နေ ရဟန်းကြီး တပါးသည်လည်း တန္ဒစ်မှ တခါ အလွန်တရာ ကြားနာရခဲလှသောတရားတော်ကိုကြားနာလို လှသောကြောင့် ကြိုးစားမင်းစား မဟာဝိဟာရသို့သွားလေသည်။ သို့သော် ထိုရဟန်းကြီးအဖို့ အလာကောင်းလျက်၊အခါနှောင်းလေ၏။ နောက်ကျသဖြင့်တရားနာရန်တထိုင်စာမျှသော နေရာကိုပင် မရပဲဖြစ်နေ၏။

ထို့ကြောင့် ရဟန်းကြီးကား တရားဟော မဏ္ဍပ်၏ အပြင်ဘက်ရှိ၊ မြက်တောထဲ၌ တည်လုံးထိုင်၍တရားနာရသည်။ တရားအာရုံ၌ စိတ်ဝင်စားကာ လွန်စွာပင်နှစ်သက်ခြင်းဖြစ်နေ၏။

ထိုရောအခါ မြက်တောထဲမှ မြွေဟောက် တကောင် ထွက်လာလေသည်။ မြက်တောထဲ လျှောက်သွားနေရာမှ ရဟန်းကြီး တရားနာနေရာသို့ ရောက်လာပြီး ထိုမြွေသည် ရဟန်းကြီး၏

အောက်သို့ဝင်လေ၏။ ရဟန်းကြီးသည် မိမိအောက်သို့မြေရောက်လာမှန်းသိ၍ မဟုတ်ပဲ၊ အညောင်းဆန့်သည့်အနေဖြင့် လှုပ်ရှားလိုက်သောအခါ မြွေသည် ရဟန်းကြီး၏တင်သားကို ကိုက်လိုက်လေ၏။

ဤတွင်မှ မိမိအောက်သို့ ရန်သူမြွေ ရောက်နေကြောင်း သိလျှင် စဉ်းစားသည်.... "ငါသည် မြွေကို တုတ်ဖြင့် ကလော်၍ တခြားသို့သွား၍လွှင့်ပစ်ခြေသော်တရားနာပျက်မည်။ဓမ္မန္တရာယ်ဖြစ်မည်။ သည်မြွေကို လွှတ်လိုက်ပြန်သော် တရားနာ ပရိသတ်များ ရုတ်ရုတ်သဲသဲဖြစ်ပြီး တရားပွဲ ပျက်သွားနိုင်သည်" ဤသို့စဉ်းစားပြီးနောက်.... မြွေ၏ခေါင်းကို ဆတ်ခနဲ ဖမ်းဆုပ်လိုက်ပြီး၊ ဘိနပ်ထည့်သောအိတ်တွင် မြွေကို ထည့်သွင်း၍ မထွက်နိုင်အောင် အိတ်ဝကိုလုံအောင်စည်းပြီး၊အနားတွင်ထားကာတရားနာမြဲ နာနေလေ၏။ (မှတ်ချက်။ ။ဘိနပ် ထည့်သောအိတ်မှာ တရားနာစဉ် မိမိဘိနပ်ကို ချွတ်ထားခဲ့၍ မဖြစ်သဖြင့် ကိုယ်နှင့်မကွာ ဘိနပ်ကိုယူဆောင် သွားရာ၌ အသုံးပြုသော အိတ်ဖြစ်၏။ ဘိနပ်ကိုချွတ်၍ အိတ်ထည်းထည့်၍ ယူသွားရ၏)။

ထူးဆန်းသည်ကား စာရေး၌ ဇောကပ်သော စေတနာ၏အစွမ်းကြောင့် မြွေကိုက်ခံရသော်လည်း ထိုရဟန်းကြီးအား မြွေဆိပ်မတက်လေ၊ တရားဆုံးသည်အထိ ညလုံးပေါက်ဆက်၍တရားနာ၏။

မိုးထိန်ထိန်လင်းလာ၏။ တရားပွဲလည်း ပြီးဆုံး သွားလေပြီ။ ပရိသတ်သည် ပျားပန်း ခတ်မျှ၊ လှုပ်လှုပ်ရှရှ ပြန်နေကြဆဲတွင် ရဟန်းအချို့အား ညက ဖြစ်ပျက်ခဲ့သော မြွေကိုက်ဆုဇဝင်ကို ထိုရဟန်းကြီးက ပြောပြလေ၏။

"သခင်တို့၊ ညကတရားနာနေတုန်းမှာတပည့်တော်မြေကိုက်ခံရသည်။ ကိုက်သောမြေကို ဖမ်းပြီး အိတ်ထဲမှာထည့်ထားသည်" ဟုပြောယင်း အိတ်ကိုပြလေသည်။ ထိုအခါ ရဟန်းတို့က အံ့သြစွာဖြင့် အိတ်ကိုကြည့်ပြီး ဤသို့မေးကြလေ၏။

"သခင်....၊သည်မြေကို ဘယ်အချိန်က ဖမ်းထားပါသနည်း"

"သခင်တို့.... သည်မြေကို ဖမ်းစဉ်အခါက တရားပွဲစ,ရုံပဲရှိပါသေးသည်။ သည်မြေကို တခြား သွားလှဉ်ပစ်နေယင် တရားနာပျက်မှာ စိုးသည်ကတကြောင်း၊ လွတ်လိုက်ပြန်ယင် ပရိသတ်ကို နှောက်ယှက်၊ တရားပွဲပျက်ကာ ဓမ္မန္တရာယ်ဖြစ်မည် စိုးသည်ကတကြောင်း၊ ဤအကြောင်းများကြောင့် မြေကို အမိဖမ်းကာ အိတ်ထဲထည့်ထားပါသည်ဘုရား...."

"အံ့သြစရာကောင်းလေစွ။ သို့စင်မျှ အဆိပ်ပြင်းလှသည့်မြေကိုက်ခြင်းခံရပါလျက်လည်း သင်မှာ မြေဆိပ်မတက်လေပဲ၊ တရားပွဲပြီးသည်အထိ ဆက်၍ နာနိုင်ခြင်းကား များစွာအံ့သြဘွယ်ကောင်းလေစွ...."

ရဟန်းတို့က ဝိုင်း၍ အံ့သြသောစကားကို ဆိုကြလေသော်... ထိုရဟန်းကြီးက ဤသို့ လျှောက်ပြန်လေ၏။

"အို သခင်တို့....၊ရှုတော်မူကြပါကုန်။ အဆိပ်တက်ခြင်းမရှိသော်လည်း မြေဆိပ်များကား.... တပည့်တော်၏ အသားထဲ၌ စွဲတည်လျက်ရှိနေပါ၏။ ရှုတော်မူပါကုန်" ဟု မြေကိုက်ခံရသော ဒဏ်ရာကိုပြသပြီးနောက် ဆက်၍-

"အို အရှင်တို့။ မြင်တော်မူကုန်ပြီမဟုတ်တုံလော။ ထိုအဆိပ်များကို တပည့်တော် သစ္စာပြု၍ ထုတ်ပါအံ့" ဟု လျှောက်ထား

ပြီးလျှင် ရဟန်းကြီးသည် ရဟန်းတို့၏မျက်မှောက်၌ ဤသို့သစ္စာဆိုလေ၏။

(၁) လောကအကျိုးပြု၊ မုနိမြတ်ဘုရား၏ တရားတော်ဓမ္မကို ယနေ့ ငါရိုသေစွာ နာအပ်ပြီ....။ ထိုစကားမှန်ပါက ပိန်းကြာဖက်ပေါ်တွင်ရေမတင်၊လျှောကျဘိသကဲ့သို့၊ငါ၏အသားတွင်း၌ နစ်မြုပ်နေသော မြေဆိပ်သည် ပြယ်ပါစေသတည်း။

(၂) တရားနာသော ငါသည် ဟောအပ်သောဓမ္မကို ပုဒ်တိုင်းပုဒ်တိုင်း၊ အက္ခရာတိုင်း အက္ခရာတိုင်း၊ စေ့စေ့စပ်စပ် သေချာစွာ နာ၏။ အနက်အဓိပ္ပာယ်ကိုလည်း သေချာစွာ မှတ်သား၍နာ၏။ဤစကားမှန်ပါက ငါ့ကိုယ်တွင်း၌ရှိသော မြေဆိပ် ပြယ်စေသတည်း။

(၃) ငါတို့ဗုဒ္ဓမြတ်စွာဘုရားသည် နိယတဗျာဒိတ်ပန်းဆင်မြန်း ပန်ဆင်တော်မူခဲ့သောအချိန်မှစ၍ ပါရမီဆယ်ပါး အပြားသုံးဆယ်၊ အသွယ်သွယ်သောပါရမီတော်တို့ကို ဖြည့်ဆည်းပူးတော်မူလာခဲ့သည်။ မာရ်ငါးပါးကို အောင်မြင်၍ လောက သုံးပါး၌ ဘုရားစင်စစ် ဖြစ်တော်မူလာသည်။ ထို့ရှင်ပင်မြတ်ဘုရား၏ အတိုင်းမသိသော ဂုဏ်တော်၊ ကျေးဇူးတော်၏ အစွမ်းအားဖြင့်၎င်း၊ တရားတော်၏ အာနုဘော်အစွမ်းအားဖြင့်၎င်း၊ သံဃာတော်၏ တန်ခိုးတေဇော် အာနုဘော်တို့၏ အစွမ်းအားဖြင့်၎င်း၊ ငါ၌ မြေဆိပ် မရှိသည်ဖြစ်စေသော်....။

ဤသို့ သစ္စာပြုသည်၏ အဆုံး၌ မြေဆိပ်အားလုံးသည် ပြယ်လေ၏။ ထိုအခါ ရဟန်းတို့အဖို့၌လည်း အံ့သြမကုန်နိုင်အောင်

ကြုံကြရပြန်လေ၏။ ဤသို့ အံ့ဘွယ် သရဲဖြစ်ရခြင်းကား တရား တော်ကို ရိုသေစွာနာသောကြောင့်ပါဘုရား"ဟု လျှောက်ထား လို၍ ရဟန်းကြီးက အောက်ပါ ဂါထာကို ရွတ်ကာ ဓမ္မဂုဏ်ကို ချီးကျူးလေသည်။

(၁) အဆူဆူ ပွင့်တော်မူကုန်ပြီးသော မြတ်ဘုရားတို့ ချီးမွမ်းအပ်သော တရားတော်သည်ကား....သံသရာသမုဒ္ဒရာ ကြီးထဲ၌ နစ်မွန်းနေသူများကိုလည်း ငွတ်မြောက်ချမ်းသာ အောင် ကယ်တင်နိုင်၏။ ငြဟ္မာ၊ နတ်၊ အသူရာတို့ကလည်း အာရုံအသေပြု၍ ရှိခိုးအပ်၏။ လောကသုံးပါး၌ထင်ရှားသော ကောင်းနိုးရာရာ အရာသာ ဟူသမျှတို့ထက် ဤ ဓမ္မအရာသာ ကား အလွန်အကျူး အထူးအခြားဆုံး အမြတ်ဆုံး အရာသာ လည်း ဖြစ်ပေ၏။

(၂) ဤတရားဓမ္မကား.... အလွန် အစွမ်းထက်လှသည့် ဆေးကောင်းဝါးကောင်း တလက်လည်း မည်၏။ သေခြင်း တရား၊ အိုခြင်း တရားကိုလည်း ပယ်ရှားပစ်နိုင်၏။ ဘေး ခပ်သိမ်း ရန် ခပ်သိမ်း၊ အန္တရာယ် ခပ်သိမ်း ကင်းငြိမ်း လွင့် ပျောက်အောင် မန်းမှုတ်နိုင်သော အလွန် ထူးဆန်းသည့် ဂါထာ မန္တရားလည်း မည်ပေ၏။ ခပ်သိမ်းသော အကျိုး စီးပွားကိုပေးတတ်သောကြောင့် တရားဓမ္မသည်ပဒေသာပင် ကြီးနှင့်လည်းတူ၏။ စိန္တာမဏိကျောက်တောင်ကြီးကို ထွင်း ဖောက်ပြုခွင်းပစ်နိုင်သော စိန်ကျောက်နှင့်လည်း တူ၏။

(၃) တရားဓမ္မမှတပါး ငါ့မှာ အဖလည်း မရှိပြီ။ အမိ လည်း မရှိပြီ။ ထိုတရားဓမ္မသည်သာ ပုန်းလျှိုးရာတည်း၊ ကိုး ကွယ်ရာတည်း။ တည်ရာမှီရာတည်း။ ထို့ကြောင့် အိုသူတော်

ကောင်းတို့၊အခြားကိစ္စများကိုပယ်ရှား၍တရားတော်ကိုသာ ကြိုးစား၍ နာကြပါကုန်လော့၊ ဆောင်ရွက်ကြ၊ ကျင့်ကြံ အားထုတ်ကြပါကုန်လော့"

ရဟန်းကြီးသည် ရဟန်းရှင်,လူတို့အား တရားနာကြရန်တိုက် တွန်းပြီးနောက် မိမိ နေရာ ကဋ္ဌရဇ္ဇ အရပ်သို့ ပြန်သွားလေ၏။ အသက် အပိုင်းအခြားအတိုင်း နေ၍ ကွယ်လွန်သော်- ဒေဝ သုဂတိ,သို့ လားလေသတည်း။

အောက်ပါစကားမှာကျမ်းပြု ဆရာ အသျှင်ရဋ္ဌပါလ၏သြဝါဒ ဖြစ်၏။ဤသြဝါဒစကားများဖြင့်ဤဝတ္ထုကိုနိဂုံးချုပ်တော်မူ၏။

"အိုသခင်တို့၊ အသျှင်ကောင်း အသျှင်မြတ်တို့။ ထိုမြွေကိုက် ခံရသော ရဟန်းကြီးသည် ရှင်သောစိတ် ရှိသည်ဖြစ်၍ တရား တော်ကို ရိုသေစွာ နာလေသောကြောင့် တရားဓမ္မ၏အာနုဘော် အစွမ်းအားဖြင့် ထိုရဟန်းမှ အလွန် ပြင်းသော မြွေဆိပ်များ ပြယ်ရလေ၏။

ထို့ကြောင့် အိုအသျှင်ကောင်းအသျှင်မြတ်တို့။ ကိစ္စမှတပါး၊ စွန့်ပယ်ထား၍၊ တရားတော်ကို နာကြလေကုန်။ ဆည်းကပ်ကြ လေကုန်။ ကျင့်ကြံ ကြိုးကုတ်၊ အားထုတ်ကြလေကုန်။ ထိုသို့ တရားနာခြင်း၊ တရားကို ဆည်းကပ်ခြင်း၊ ကျင့်ကြံခြင်း ပြုလျှင်၊ ထိုတရားဓမ္မက ငါ့သျှင်တို့အား နတ်၌ဖြစ်သောစည်းစိမ်ချမ်းသာ ကိုငှင်း၊ သံသရာ ဝဋ္ဌဆင်းရဲမှ လွတ်မြောက်ရာ လွတ်မြောက် ကြောင်းဖြစ်သော မဂ်ချမ်းသာ ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာ ကိုငှင်း ပေးတတ်ပါသည်။ပေးပါလိမ့်မည်။ ထို့ကြောင့်တရားကို နာတော်မူကြပါကုန်၊ ဆည်းကပ်တော်မူကြပါကုန်၊ ကျင့်ကြံ အားထုတ်တော်မူကြပါကုန် အသျှင်ဘုရားတို့။

(၄)
အာရညိက မဟာအာဘယ

သီဟိုဠ်ကျွန်းဦး မဟာတဉာက, အမည်ရှိသော (ကန်တော်မင်္ဂလာ) ကျောင်းတိုက်တတိုက်ရှိ၏။ ပရိယတ္တိစာပေ ပညာရပ်များကို သင်ကြားပို့ချသော စာသင်တိုက်ဖြစ်လေသည်။

အာဘယ, အမည်ရှိ ရဟန်းတော် တပါးသည် စာသင်သားအဖြစ်ဖြင့် ထိုကျောင်းတိုက်၌ စာသင်နေ၏။ စာပေပရိယတ်ကို သင်ရိုးကျကျ ဆည်းပူးနေ၏။ တတ်မြောက် လာသော အခါ အာဘယရဟန်းသည် ပဋိပတ်(ကျင့်စဉ်လုပ်ငန်း)ဘက်၌ စိတ်ညွှတ်လာသည်။ တောထွက်၍ တကိုယ်တည်း ကေစာကျင့်သုံး၍ နေလိုသော ဆန္ဒများ တဖွားဖွားဖြစ်ပေါ်လာသည်။

သူ ယခု သီတင်းသုံးနေသည့် စာသင်တိုက်ကား....ရွာနှင့်နီးသောကြောင့် တောရကျောင်းအင်္ဂါနှင့် မညီပေ။ သို့ကြောင့် အာဘယရဟန်းသည် ထိုစာသင်တိုက်မှ ထွက်ခွာသွားလေသည်။ ရွာနှင့်မနီးလှန်း၊မဝေးလှန်းသောတောအုပ်တခု၌ဇရပ်တဆောင် ဆောက်လုပ်ပြီး၊ ထိုဇရပ်၌ သီတင်းသုံးကာ တရား အားထုတ်၍နေ၏။ ထိုအခါမှစ၍ "အာရညိက မဟာ အာဘယ" (တောရဆရာတော်) ဟူ၍ ထင်ရှားလာသတည်း။

အခါတပါး၌ သဒ္ဓါတရားနှင့် ပြည့်စုံသော ဒါယကာတယောက် ပေါ်ပေါက်လာ၏။ထိုဒါယကာသည် အာဘယဆရာတော်အား လှန်စွာကြည်ညိုသည့် အလျောက် ကျောင်း၊သင်္ကန်းဆွမ်း၊ ဆေး,ပစ္စည်းလေးပါး၊ ဒါယကာ ခံယူပြီးလျှင် အာဘယဆရာတော်အား ဆယ်နှစ်နှစ်ပတ်လုံး လုပ်ကျွေးပြုစုလေသည်။

ဆရာကလည်း တရားကျင့်၏။ ဒကာကလည်း ပစ္စည်းလေးပါးဖြင့် လိုလေသေးမရှိရအောင် ထောက်ပင့်သဖြင့် ရေနှင့်ကြာပမာ ဆရာနှင့်ဒကာသည် လွန်စွာပဏာတင့်နေ၏။

မိမိကိုးကွယ်ထားသော ဆရာတော်အားသက်နှံးနှင့်ပတ်သက်၍ နှမ်းပါးခြင်း မဖြစ် ရလေအောင် သက်နှံး ချုပ်ရန် အတွက် သက်နှံးလျာပုဆိုး၊ ဖျင်စများကို မကြာခဏဆိုသလိုပင် လှူဒါန်းလေ့ ရှိ၏။ မည်သို့ပင် ဒကာက လှူသော်ငြားလည်း ဆရာတော် ဘုရားမှာမူကား သစ်လွင် တောက်ပခြင်း မရှိပဲ ညစ်နွမ်းသော သက်နှံးများကိုသာ အမြဲဝတ်ဆင်နေရရှာ၏။

မိမိလှူဒါန်းထားပါလျက် သက်နှံးအနွမ်း၊ အဟောင်းမျာ ကို ဝတ်ရုံနေသောဆရာတော်ကိုဖူးမြော်ရသောအခါဒါယကာသည် များစွာ မချမ်းမသာ ဖြစ်လာသည်။ စိတ် မချမ်းသာခြင်းကို အရင်း တည်၍ တွေးလေသည်။ "သက်နှံးလျာ ပစ္စည်း ဖျင်စများကို မကြာခဏ ငါလှူခဲ့၏။ ဆရာတော် ဝတ်ရုံသည်ကို ငါ မတွေ့ရ။ စုတ်ပြတ်ဟောင်းနွမ်းသောသက်နှံးကိုသာ ဆရာတော် ဝတ်ရုံနေရရှာသည်။ ဆရာတော်၌ အကြောင်းတခုခု ကောန်ရှိရ မည်။ မည်သို့သောအကြောင်း ဖြစ်လေမည်နည်း။ ငါသိအောင် စုံစမ်းမည်။"

ဤသို့ တွေးတော ဆုံးဖြတ်ပြီးနောက်၊ ဆရာတော်အား နေ့ အခါနှင့် သက်နှံးချုပ်ရန် ဖျင်စများသွားလှူပြီး ညအခါတွင် ခေး ဆဲလျက် ဆရာတော်၏ကျောင်းအနီး၊လမ်းဘေးမှသွား၍ချောင်း လေ၏။

ညရောက်သောအခါ ခိုးနေကျ သူခိုးတယောက်သည် နေ့ လည်ကလှူဒါန်းထားသောဖျင်စများကိုလာ၍ခိုးလေ၏။ ထိုသူခိုး

ကား သက်နှိုးလှူသော ဒါယကာနှင့် အိမ်နီး နားချင်း ဖြစ်၏။ အမည်မှာ "ရဟန္တိက" ဟု တွင်၏ သူခိုး ရဟန္တိက,ကား လူသမျှ သက်နှိုးဖျင်များကို အမြဲစောင့်၍ ခိုးခိုးနေသော ခိုးနေကျသူခိုး ဖြစ်လေသည်။ ဤနေ့တွင် သက်နှိုး လှူကြောင်းသိ၍ ညအခါ၌ သွား၍ခိုးပြီးလျှင် အထုပ်ပိုက်၍ ကတိုက်ကရိုက် ကျောင်းထဲမှ ထွက်၍အလာ၊ "ဟေ့ ရပ်လိုက်..." ချောင်းနေသော အလှူ့ရှင် ဒါယကာက ဓါးမိုး၍ ခြိမ်းချောက် လိုက်သောအခါ သူခိုးမှာ မပြေးသာတော့ပဲ၊ ခိုးထုပ်၊ ခိုးထည်နှင့်တကွ အမိခံရလေ၏။

"ဟယ်သူယုတ်၊ ဆရာတော်အားငါလှူသမျှနင်ချည်းခိုးသည် မဟုတ်တုံလော" ဟု မေးလေသော်....သူခိုးက ဟုတ်မှန်ကြောင်း ဝန်ခံ၍ ဒေါသထွက်ထွက်နှင့်ရိုက်နှက်ပြီးသင်းချိုင်းသို့ခေါ်သွား သည်။

သင်းချိုင်းသို့ရောက်လျှင်ပုပ်ပွနေသောအလောင်းတလောင်း၏ အနီး၌ သူခိုးအား လေးဘက်ထောက်၊ ခေါင်းငုံ့၍ အကုံး ခိုင်းသည်။ သူခိုးလည်း ကြောက်၍လေးဘက်ထောက် ကုံးပေးရ လေ၏၊ ထိုအခါ ဖမ်းလာသူက သူကောင်ပုပ်ကို ချီမပြီးသူခိုး၏ ကျောပေါ်၌ ပက်လက်လှန်တင်လိုက်ရာ၊ သူခိုးနှင့် သူကောင်ပုပ် မှာ ကျောချင်းကပ်ဖြစ်နေ၏။

သူခိုးဖမ်းလာသူ အလှူ့ရှင်သည် သူခိုးနှင့် သူကောင်ပုပ်ကို ကျောချင်းကပ် ကြိုးဖြင့်တုပ်နှောင်သည်။ မြဲမြဲအောင်ချည်လိုက် သည်။ ခါး, ခါးချင်း၊ ရင်, ရင်ချင်း တင်းကျပ်စွာ ကြိုးများ အထပ်ထပ်ပတ်၍တုပ်ပြီးနောက်ထိုကြိုးများကို မဖြည်နိုင်အောင် သူခိုး၏ လက်နှစ်ဘက်ကိုလည်း ဘဲကြက်များ တုပ်ထားသလို

မလှုပ်နိုင်အောင် တုပ်၍ထားခဲ့ပြီး ဆောလျင်စွာ ရွာသို့ပြန်လာသည်။

ရွာသို့ရောက်သောအခါ ထိုသူသည် တုန်လှုပ် ချောက်ချားသော အသံကြီးဖြင့် အလန့်တကြား ကြွေးကြော် အော်ဟစ်လေ၏။ အိပ်မောကျ၍ တိတ်ဆိတ်နေသော ရွာသည် ထိုသူ၏ အော်သံကြောင့် တလှုပ်လှုပ်တရှားရှား၊ ပျားပန်းခတ်မျှ အုံကြွလာသည်။ ရွာသား တို့သည် ပြူးကလူး ပြာကလာ၊ နားရွက်တစောက်ခေါက်နှင့် အော်သံကို ကြောက်ရွံ့စွာ နားစွင့်နေကြစဉ်-

"အို .. ရွာသူ ရွာသားအပေါင်းတို့၊ ထကြလော့။ သတိဝိရိယနှင့်နေကြလော့။ ယနေ့ည ဘီလူးကြီးတကောင် ရွာထဲ ဝင်လာလိမ့်မည်။ ခင်ဗျားတို့တတွေရဲ့ အူတွေအသဲတွေကို နုတ်၍စားလိမ့်မည်။ တံခါးလုံအောင် ပိတ်ပြီး တိတ်တိတ်ကလေး ပုန်းနေကြ။ ထိုဘီလူးက သူ့ကိုယ်သူ ဘယ်သူ ဖြစ်ကြောင်း၊ သူ့မယားက ဘယ်သူ၊ သူ့မိဘက ဘယ်ဝါ၊ သူ့ဆွေမျိုး ညာတကာတွေက ဘယ်သူ ဘယ်သူတွေပါ ဟူ၍ အမည် နာမတွေ ခေါ်ခေါ်ပြီး ဝင်လာလိမ့်မည်။ သင်တို့မယုံကြနှင့်။ထွက်မကြည့်ကြနှင့်။ဘီလူးစားမခံရအောင် တိတ်ဆိတ်နေကြပါ...."

ရွာရိုး တလျှောက် ခုနစ်သံချီပစ်၍ ဟစ်အော် ကြွေးကြော်လေသောအခါ၊ ရွာသူ ရွာသားများမှာ တံခါးကို လုံအောင် အသီးသီးပိတ်လိုက်သောကြောင့် လှုပ်ရှားနေသောရွာမှာပြန်၍ ငြိမ်ကျသွားလေ၏။

သင်းချိုင်း၌ သူကောင်ပုပ်နှင့် ကျောချင်းကပ် တုပ်နှောင်၍ ထားခဲ့သော သူခိုးသည် အမျိုးမျိုး ရန်းကန် ပါသော်လည်း

ကျောပေါ်က သူကောင်ပုပ်ကို ကျအောင် မချနိုင်။ လက် နှစ်ဘက်ကိုတုပ်ထားခဲ့သောကြောင့်လည်း ကြိုးမျှားကို ဖြေခြင်းငှာ မစွမ်းနိုင်ပဲဖြစ်နေ၏။ကြံရာမရသည့်အဆုံးဦးသူခိုးသည်အလောင်းကောင်ကြီးကို ကျောပိုးလျက် ရှာသို့ ပြန်လာခဲ့ပြီး၊ မိမိအိမ်သို့ ဝင်ရှမယားကိုခေါ်၏။ခေါ်သံကိုကြားသော်လည်းမယားသည် စောစောက သတိပေး ကြွေးကြော်ထားသော စကားကြောင့် 'ရှာထဲ ဘီလူးဝင်လာပြီ။ ငါ့လင်ယောင်ဆောင်ပီး၊ငါ့နာမယ်ကို ခေါ်ဝင်လာတာပဲ....' ဟူ၍ တုတ်တုတ်မျှမလှုပ်ဝံ့ရှာပဲ အသာကလေးကုပ်နေသောကြောင့် သူခိုးခမျာမှာ သူကောင်ပုပ်ကြီးကို ကျောပိုးလျက်မိဘအိမ်ဘက်သို့ သွားပြန်သော်လည်း 'ငြိမ်ငြိမ်နေရှင်မ၊ ဒို့သားယောင်ဆောင်ပီး ခေါ်နေတာ ဘီလူး ဘီလူး....' ဟူ၍ ကြောက်ဒူးတုန်ကာ တံခါးမဖွင့်ရဲရှာပဲ ငြိမ်နေကြလေ၏။

ထိုအခါ သူခိုးသည် ဆွေမျိုးမျှား အိမ်သို့ တအိမ်ပြီး တအိမ်သွား၍အကျိုးအကြောင်းပြောပါသော်လည်း 'ဘီလူး' ဟူ၍သာထင်နေသဖြင့်မည်သူမျှအတွေ့မခံရဲကြလေကုန်။ ဤတွင်မှ သူခိုးသည် မိမိခိုးယူလာခဲ့ရာ တောကျောင်းနေ ဆရာတော်ဘုရားကို သွား၍သတိရမိလေ၏။ 'ငါ့ကို ဆရာတော်မှတပါး ကယ်နိုင်မည့် သူမရှိပြီ....' ဤသို့ ကြံစည်တွေးတောကာ အလောင်းကောင်ကို ကျောပိုးလျက် တောရကျောင်းဘက်သို့တဖန်ထွက်ခဲ့ပြန်လေ၏။

"ကယ်တော်မူပါဘုရား ...။ တပည့်တော်၏ ကိုးကွယ်ရာဖြစ်တော်မူပါဘုရား...." ဟူ၍ ကျောင်းအောက်မှ နေ၍ ငယ်သံပါအောင် ဟစ်အော် တောင်းပန်ခြင်းပြုသောအသံကြောင့် ဆရာတော်သည် ကျိန်းစက်ရာမှနိုး၍ ထကြည့်လေသောအခါ၊သူခိုး၏ မရှုမလှသောအသွင်ကိုမြင်ရလျှင် လျင်မြန်စွာ ကျောင်းပေါ်က

ဆင်းလာပြီး၊ သနားခြင်း ကရုဏာဖြင့် တုပ်ထားသောကြိုးများ ကိုဖြေပြီးနောက် အလောင်းကောင်ကို ကျောင်းပြင်ဘက်၌ စွန့်ပစ်ကာ ထိုသူခိုးအား ကယ်တင်ထားလေ၏။

နံနက် မိုးသောက်လင်းသော်.... ညက ရွာထဲ ဘီလူး ဝင်လာသောသတင်းကို တရွာလုံး အုန်းအုန်းကြွက်ကြွက်မျှ ဆိုပြောနေကြစဉ် သူခိုးကိုတုပ်ထားခဲ့သော ဒါယကာမူကား "ဒီအကောင် ဘယ်ရောက်နေလေဘိ" ဟူ၍ လှည့်လည်စုံစမ်းနေသည်။ ရွာတွင်း ရွာပြင် ဟိုဟိုဒီဒီ လျှောက်ကြည့်သည်။ မတွေ့သည့်အဆုံး၌ သူ့ဆရာ ဘုန်းဘုရားကျောင်းဘက်သို့ ထွက်ခဲ့လေသည်။

ထိုအချိန်၌ အဘယ ဆရာတော်ကား ...သူခိုးအား ပြုစု၍နေရှာ၏။ ကြိုးဖြင့်တုပ်နှောင်ထားသောဒဏ်ချက်ကြောင့် အရာနှင့်ကြောင်းကြောင်း၊ ကြိုးရာများ အစင်းစင်းထင်နေသောသူခိုးကို ဆီဖြင့်လူး၍ နှိပ်နယ်ပေးနေ၏။ သူခိုး၏ ခါး၊ ရင်ပတ်များပေါ်တွင် ဆီရွဲရွဲလူးကာ လိမ်းသပ် ဆုပ်နယ်၍ ယုယုယယပြုစုနေခိုက်၊ ကျောင်းပေါ် သို့ပစ္စည်းလေးပါးဒါယကာဆိုက်ရောက်သွားလျှင် ဘွားကနဲ မြင်လိုက်ရသော ရှုကွက်ကြောင့် မျက်စိထဲ သဲနှင့်ပက်လိုက်သကဲ့သို့ ဖြစ်သွားလေ၏။ ဆရာတော်အား ရိုသေစွာ ကန်တော့ပြီးနောက် ရှိခိုး၍ အောက်ပါ ဂါထာဖြင့် ဤသို့ လျှောက်လေသတည်း။

(၁) "ဆရာတော်ဘုရား။ လောက၌ ဤသူကား- ငါ့မိတ်ဆွေ၊ငါ့သူငယ်ချင်း၊ငါ့အပေါင်းအသင်း၊ငါ့ရောင်းရင်းဟူ၍ ကျေးဇူးပြုသောအားဖြင့် တတ်နိုင်သော အကူအညီကို ပေးပေ၏။ ထိုသို့ ကျေးဇူးပြု၍ တတ်နိုင်သလောက် ကူညီစောင့်ရှောက်လိုက်သော သူသည် လူဆိုး သူခိုး ဖြစ်နေဘိမူ

ကား၊ ထိုကျေးဇူးတရားကို မည်သည့်အခါမျှ မအောက်မေ့ခဲ့ချေ။ လူဆိုးသူခိုးဌ မိတ်ဆွေသူငယ်ချင်းအဖြစ် ဟူသည် မရှိ။

(၂) ခိုးသူသည် အတူတကွ တပေါင်းတည်း စားသောက်ခဲ့ရင်း၊ သောက်သော်ရင်း၊အိပ်သော်ရင်း၊မိမိ၏ယုတ်မာသောအကျင့်ကို မစွန့်လေ၊ မဖျောက်လေ၊ လူဆိုးသူခိုးဌမိတ်ဆွေအပေါင်းအသင်း၊ သူငယ်ချင်း၏အဖြစ် မည်သည် မရှိ။

(၃) "ခိုးသူတို့ သဘောကား ပါးစပ်ကတမျိုး ပြောတတ်၏။ ကိုယ်ကတမျိုးလုပ်ဘတ်၏။ ထိုခိုးသူကား အခွင့်ရသည်ရှိသော်....(မည်သူကိုမျှ မရှောင်) ခိုးသည်သာတည်း။ ခိုးသူဌ မိတ်ဆွေစိတ်၊ သူငယ်ချင်းစိတ်၊ သူကျေးဇူးတရားကို ထောက်ထား ငဲ့ကွက်တတ်သောစိတ်မည်သည် မရှိ။

(၄) အမိသည်၎င်း၊ အဖသည်၎င်း၊ဆွေမျိုးမိတ်သင်္ဂဟ များသည်၎င်း၊ သူငယ်ချင်းများ သည်၎င်းခိုးသူကိုမြင်သော်ဝေးဝေးက ရှောင်ကွင်းသွားကြကုန်၏။ မလွဲသာ၍အပေါင်းအသင်း လုပ်နေရသော်လည်း၊ ဘယ်နေ့ခိုးလေမည်လဲ,ဟူ၍ အမြဲသာလျှင် ခိုးသူအပေါ် ဥယုံမှားသံသယရှိနေကြကုန်၏။

ဤသို့ ခိုးသူတို့၏ယုတ်မာသောအကျင့်ကိုဖွင့်ဆိုလျှောက်ထားပြီးနောက် "ဤသူသည်လည်း ခိုးသူပင် ဖြစ်သောကြောင့် ထိုသူအား မသနားထိုက်၊ ပြုစုနေဘို့ မလိုပါဘုရား" ဟူ၍ဆရာတော်၏ စေတနာကို ဟန့်တားလေသျှင် ဆရာတော်က မိမိ၏ဒကာအား ဤသို့ ဆုံးမ,တော်မူလေ၏။

(၁) "နားထောင်လော့ ဒကာ။ လူ တယောက်က တယောက်သော သူ၏ ခြေဆောက်ကို ကုံး၍ ကိုက်လေ၏။ ငါ့ကိုကိုက်ရာသလော,ဟူ၍အကိုက်ခံရသူကကိုက်သောသူ၏

ခြေကို တုံ့ပြန်၍မကိုက်ရာ....။ထို့အတူ ယုတ်မာမိုက်ကန်းစွာ ပြစ်မှားတတ်သူအား, အမျက်မထားပဲ မေတ္တာပွားခြင်းကို သာ ဘုရား အစရှိသော သူတော်ကောင်းတို့က ချီးမွမ်းကြသည်။

(၂) သူကျေးဇူးတရားကို မသိတတ်သောသူ၊ အသိတရား ဓေါင်းပါးသောသူအား လိမ္မာယဉ်ပါး လာအောင် မေတ္တာတည်း ဟူသောနှောင်ကြိုးဖြင့် ဆဲဝင်ရာ၏။ အာဘယ့် ကြောင့် ဆိုသော် ထိုပြစ်မှားသူအပေါ်၌ မေတ္တာထားသော သူကို "ကျင့်နိုင်ခဲသော အကျင့်မျိုးကို ကျင့်လေသူ" ဟူ၍ သူတော်ကောင်းတို့ ဆိုကြသောကြောင့် ဖြစ်သတည်း။

သူခိုးအပေါ်၌ မကျေနိုင်မချမ်းနိုင် ယမ်းပုံမီးကျဒေါသ ထွက်နေသော မိမိ၏ပစ္စည်းလေးပါးဒါယကာအား ဤသို့တရား ပြ၍ ဆုံးမပြီးနောက်၊ နှစ်ဦးနှစ်ဖက် အမျက်ဒေါသ အာဃာတ မထားကြရန် ဆရာတော်က မေတ္တာရပ်ခံသည်။

"ဒကာ, ဤသူ့အပေါ်၌ အမျက် မထားပါလင့်ဟု" ဒကာကို ဆိုပြီးနောက် ခိုးသူ-ရဟန္တာက, အားလည်း... "ဒကာ....သင် ကလည်းသူ့အပေါ်၌ ငါ့ကိုသူကောင်ပုပ်နှင့်တုပ်ရပါမည်လား, ဟူ၍ ရန်ငြိုးမထားလေနှင့်၊ သင်ကျူးလွန်သော အပြစ်က သင့် အား ဒဏ်ခတ်ခြင်း, ဟူ၍သာ အောက်မေ့ကာ.... သင့်တင့်စွာ နေပါလေ..."ဟု တရားဟောချက်ကို၊ နှစ်ယောက် စလုံးကပင် "ကောင်းပါပြီ...."ဟု အာမဘန္တေခံကာ ရှာသို့ပြန်ကြလေ၏။

နောက် နှစ်ရက်၊သုံးရက်ခန့်ကြာသောအခါ သူခိုးရဟန္တာက, မှာ အားအင်များ အသင့်အတင့် ပြည့်လာ၏။ တုပ်နှောင်ခြင်း

ခံရသော ဒဏ်ကြောင့် အစင်းအစင်း ညိုမဲလျက် ထင်နေသော ကြိုးရာများကို မကြာခဏ ကြည့်မိလေတိုင်း မိမိ အမှားများကို နောင်တရ၍နေလေ၏။ တဆက်တည်းပင် မိမိမျက်စိထဲ၌ မိမိ အား ဆရာတော်က ကယ်တင်ပုံ၊ မိခင်သည် သားငယ်အားယုယ ပိုက်ထွေးခဲ့ပြုစုရှာသည့်အလား....၊ ဆရာတော်က မိမိအားယုယု ယယ ပြုစုရှာပုံ များကို မြင်ယောင်လာလေလေ...., မိမိ ဘဝ အတွက် ယူကြုံးမရဖြစ်လေလေနှင့် ရှိနေလေ၏။

တနေ့တွင်မူကား ထိုသူခိုးရဟန္တာက,သည် ဆရာတော်ကျောင်း သို့ တယောက်တည်း ရောက်သွား၏။ ဆရာတော်က အကျိုး အကြောင်းမေးမြန်းသဖြင့်ရှိသေစွာလက်အုပ်ချီ၍ ဤသို့လျှောက် လေ၏။

"အရှင်ဘုရား၊ တပည့်တော်မှာ ခန္ဓာကိုယ်ကောင်တခုတည်း ဖြစ်လျက် ဘဝနှစ်မျိုးနှင့် ကြုံနေပါပြီ။ တခါကဘပည့်တော်၏ ဘဝသည် အမှောင်တွင်း၌ နစ်မွန်းနေခဲ့ပါ၏။ယခုမူအရှင်ဘုရား ၏ ဩဝါဒကို ခံယူခဲ့ရသော အခါနှမှစ၍ အမှောင်ကို ခွင်းကာ အလင်းသို့ ရောက်ရှိလာပါပြီ ...၊ တပည့်တော်သည်ဝတ်ကြောင် ကို ဝတ်၍ လူဘဝ၊ လူ့ အသွင်ဖြင့် မနေလိုတော့ပါ။ တပည့် တော်အား သနားသောအားဖြင့် ရဟန်းပြုပေးတော်မူပါ"

နောင်တကြီးစွာရ၍ မှားယွင်းခဲ့သော မိမိဘဝကို အခါနှမှ ကုစားရန်အတွက် ချဉ်းကပ်လာသော သူခိုး ရဟန္တာက,ကို ဆရာ တော်က လက်ခံ၍ ရဟန်းပြုပေးလေ၏။

သူခိုးဘဝမှ ရဟန်းဖြစ်လာသော ရဟန္တာက,သည် သာသနာ့ ဘောင်သို့ ရောက်ရှိသွားသောအခါ အဘယ, ဆရာတော်၏

သြဝါဒကိုခံ၍ ဘုရားအလိုတော်ကျ၊ ဝိနည်းတရားတော်နှင့်အညီ နေထိုင်ခြင်း၊ ဝိပဿနာတရားကို မနေမနား အားထုတ်ခြင်းတို့ကို အကြောင်းပြု၍ မျှားမကြာမီပင် အရဟာတ္တဖိုလ်သို့ ရောက်ကာ "အသျှင်အရဟန္တိက" ဟူ၍ အထင်အရှားဖြစ်လာသတည်း။

ကျမ်းပြုပုဂ္ဂိုလ် အသျှင်သူမြတ်က ဤဝတ္ထုအဆုံးကိုအောက်ပါ သြဝါဒ ကဏ္ဍဖြင့် နိဂုံးချုပ်သွား၏။

"အို...သူတော်ကောင်းတို့....။ အကြင်သူသည် ပထမအရွယ်တွင် ရူးတုန်း မိုက်တုန်းအရွယ်ဖြစ်၍ ကာမဂုဏ်တရားတို့၌ ပျားပိတုန်းကဲ့သို့ ယစ်မူး၍နေလာခဲ့၏။ ထိုသူသည်ပင် နောင်သော အခါ၌ အမြင်မှန်ကိုရလေ၍ မကောင်းသောစိတ်မိုက်၊စိတ်ရိုင်း၊ မကောင်းသော ညာဉ်ဆိုး၊ အကျင့်ဆိုး၊ဝသီဆိုး၊ စရိုက်ဆိုးကို အကယ်၍ စွန့်ပယ်သည်ဖြစ်အံ့။ ထိုသူသည် ဘေးခပ်သိမ်း၊ ရန်ခပ်သိမ်း၊ ကင်းငြိမ်းရာမှန်သော နိဗ္ဗာန်သို့ ရောက်နိုင်သတည်း။

(၅)

သီရိနာဂ

အမိပုဏ္ဏား၊ အဖပုဏ္ဏားမှဖွားသော ပုဏ္ဏားတယောက်ရှိ၏။ အမည်မှာ သီရိနာဂဟုတွင်၏။ သီရိနာဂသည် လူထဲကလူ တယောက် ဖြစ်သော်လည်း များစွာသော သီဟိုဠ်ကျွန်းသားတို့ အနက်တွင် လူထူးလူဆန်းတယောက်ဖြစ်လေ၏။ စိတ်ကြီးဝင်သည်။ဘဝင်မြင့်သည်။ မာနလွန်ကဲသည်။ မဟာမျိုး မဟာနွယ် မဟုတ်ပါဘဲလျက် ရှင်ဘုရင်လုပ်ချင်လှ၍ ရှင်ဘုရင်ရူး- ရူးနေသူ ဖြစ်လေသည်။

တခါသ၌ သီရိနာဂ သည် ဧရာမ ကြီးကျယ်လှစွာသော အကြံကြီးတခုကို ကြံစည်လေ၏။ "ငါ သူရဲကောင်းများရှာ၍ လက်သပ်မွေးမည်။ ငွေပေး၍ရှာလျှင် ဘာမဆိုရနိုင်သည်။ သူရဲကောင်းများကို ငွေဖြင့် ပေါက်လျှင် မရနိုင်သလော....။ သူရဲကောင်းများရရှိသောအခါ ယင်းတို့၏အင်အားဖြင့် အနုရာဓမြို့ကို တိုက်ခိုက်သိမ်းပိုက်၍ သီဟိုဠ်ကျွန်းအပြင်၌ တဆူတည်းသော ဘုရင်လုပ်ရသော် ကောင်းလေစွ" ဟု ဤ သို့ အကြံကြီး ကြံလေ၏။

ဤအကြံကို ထမြောက်အောင် အကောင်အထည်ဖော်ရာ၌ ပထမဆင့်အနေအားဖြင့် ရှေးဦးစွာ သူရဲကောင်းများကို ရှာရမည်ဖြစ်ရာ ငွေလိုလာသည်။ သူ၌မူကား ပစ္စည်း,ဥစ္စာ,ငွေကြေးဆို၍ ပိုပိုလျှံလျှံမှရှိ။ တဝမ်းတခါးမျှရုံ၊ သာမန်ဆင်းရဲသားသာဖြစ်သောကြောင့် "ငါငွေကိုအရင်ရှာမှဖြစ်မည်" ဟူ၍ဆုံး

ဖြတ်လိုက်ပြီးနောက်။ငွေရပေါက်ကိုရှာသည်။ ရသာရမည်ဆိုက ဘနဖူးကိုပင် သိုက်တူးရစေတော့၊ တူးမည့်သူ ဖြစ်လေသည်။

သီရိနာဂသည် ငွေရရာရကြောင်းကို အမျိုးမျိုးတွေးသည်။ မနားမနေကြိုးစားသည်။ မရချေ။ သို့သော်-အကြံကိုမလျှော့ ဆုတ်နစ်ခြင်းမရှိပဲ ရှေ့သို့သာ တိုး၍တိုး၍ ဆန္ဒပြင်းပြစွာဖြင့်ရှာသည်။

တနေ့သော်-သေချာပေါက် ငွေရမည့်နေရာတခုကို သူတွေ့လေ၏။ ထိုနေရာကား-ဥစ္စာစောင့်မျှား နေထိုင်ရာ သိုက်နန်းလည်းမဟုတ်၊ သူဌေးအိမ်၊ သူကြွယ်အိမ်လည်း မဟုတ်၊ ဘုရားစေတီဖြစ်လေသည်။ တနေရာတည်း၌ ရှေ-ဗွေ-ကျောက်သံ ဟတ္ထမြား၊ အဘိုးထိုက်ရတနာတွေ ဘတုံးတခဲ၊ စုဆောင်းပြီးသား အဆင်သင့်ရရှိဘို့ဆိုသည်မှာ ဘုရားစေတီမှတပါး အခြားရနိုင်သောနေရာမရှိ။ ဘုရားဌာပနာတိုက်ကို ဖောက်လိုက်လျှင် လိုသလောက်ပစ္စည်းမျှား အလွယ်ကလေးနှင့် ရနိုင်သည်ဟု တွက်ဆကာ "ငါဌာပနာတိုက်ကို ဖောက်မည်" ဟု ဆုံးဖြတ်လိုက်ပြီးနောက် ဖောက်ရမည့်ဘုရားကို ရွေးချယ်လေသည်။

ထိုအခါ သီဒိနာဂသည် အနုရာဓမြို့၏ တောင်ဖက်၌ ထီးထီးမားမား၊ကြွားကြွားဝင့်ဝင့်- မိုးယံသို့ စွင့်တက်နေသော မဟာစေတီကြီးကိုပြေး၍ မျက်စိထဲ မြင်လာသည်။ ဤစေတီကိုသာ ဖောက်လိုက်လျှင် တဆူထဲနှင့် အိမ်လောက်အောင် ရနိုင်သည်။ ဟိုဘုရားဖောက်၊ သည်ဘုရားဖောက်၊ ဘုရားဘကာကိုလျှောက်၍ဖောက်နေဘို့မလို။ မဟာစေတီမှ ဌာပနာတိုက်ကိုဖောက်၊ ရသောဥစ္စာဖြင့်ရိက္ခာလုပ်၊စစ်တိုက်၊ အောင်မြင်၊ရှင်ဘုရင်လုပ်၊ ဤအကြံအတိုင်း ဟုတ်လှပြီဟူ၍ ဝမ်းသာမဆုံး ဖြစ်လာသည်။

ထို့နောက် သီရိနဂဂသည် ဘုရားဌာပနာတိုက်ကို ဖောက်ရဲ၊ ပြိုဖျက်ရဲသော မိုက်ခဲတစုကိုရှာ၍ ရအောင် သိမ်းသွင်းလေ၏။ ငါရှင်ဘုရင်ဖြစ်လာသောအခါ ဘာရာထူးပေးမည်၊ ညာရာထူးပေးမည် ဟူ၍ငင်း၊ အသပြာငွေကြေး မည်ရွေ့ မည်မျှပေး မည်ဟူ၍ငင်း၊ မက်လုံးအမျိုးမျိုးပြကာ၊ ဆွယ်တရား ဟောလေသောအခါ၊ ပါပသို့ ရမတေမနော့ ဆိုသည့်အတိုင်း၊ စိတ်ဟူသည် မကောင်းမှု၌ မွေ့လျော်တတ်သည့်အားလျော်စွာ ဌာပနာတိုက်ကိုဖောက်ရဲသော သူရဲကောင်း အမြောက်အများရှိလာလေ၏။ ဤကား-သီရိနဂဂ,၏ ပထမအဆင့် အောင်မြင်မှုတည်း။

သီရိနဂဂသည် တစောက်ကန်း၊ မိုက်ရူးရဲသတ္တိရှိသည်။ ထိုသတ္တိကြောင့်ပင် သူကို ပတ်ဝန်းကျင်က အထင်ကြီးကြသည်။ ဆရာတင်ကြသည်။ သူနောက်တွင် သူကိုထောက်ခံသောမိုက်ခဲအင်အား တနေ့တခြားများပြားလာသည်။ သီရိနဂဂ,ကို 'မင်းလောင်း'ဟူ၍ပင် သီဒ္ဓိတင်ကာ ဖော်ကျူးလာကြသည်။ ဤသို့ ပတ်ဝန်းကျင်က အထင်ကြီးလေ၊ သီရိနဂဂမှာ သာ၍ သာ၍ ဘဝင်မြင့်လာလေဖြစ်၏။

"ဖောက်ကြပေဲ့...."

အကာလ ညအခါဖြစ်၏။ သီရိနဂဂ အမှူးပြုသော မိုက်ခဲတသိုက်တို့ မဟာစေတီမှ ဌာပနာတိုက်ကို ဖော်နေကြလေပြီ။ ဘုရား၏ ပတ်ဝန်းကျင်တဝိုက်၌ အပြင်မှ နှောက်ယှက်လာခြင်းမပြုနိုင်အောင် တပ်ပုန်းများချထားပြီး ဌာပနာတိုက်ကို စိမ်ပြေနပြေ, ဖောက်နေကြသည်။ သို့သော်-စီခင်းထားသော အုတ်ချပ်၊အုတ်သားများတူးဖော်ရန် ဘဲဥကိုအစရှာမတွေ့သည့်ပမာ၊

အုတ်ချပ်ချင်းစပ်ထားသည့် စပ်ရာကိုမျှ အစရှာမရဘဲဖြစ်နေ၍ အခက်ကြုံနေလေ၏။

"ဟော့-အုတ်ချပ်အစပ်ကိုသိသူ ဘယ်သူရှိသလဲ"

ခေါင်းဆောင် သီရိနာဂသည် လက်မလျော့သေးဘဲ သူ၏သွေးသောက်ရောင်းရင်း၊ မိုက်ခဲအုပ်ထဲသို့ မေးခွန်းတပုဒ် ထုတ်လိုက်သည်။

"ဟင်္ဂောင်္မရှာသားတယောက်တော့သိတာရှိတယ်ဆရာ၊ သူနာမည်သ ဗဟုလ့တဲ့"

လူအုပ်ကြီးကို ဖောက်ထွင်းလျက် အဖြစကား တလုံးထွက်လာလျှင် သီရိနာဂမျက်နှာမှာ သိသိသာသာရွင်ပျလာသည်။

"ဒီဗဟုလဆိုတဲ့အကောင်က ဘာလုပ်စား သလဲ"

"စက္ကာလပါဆရာ"

"ဒါဖြင့်-အလုပ်ကြမ်းသမားတယောက်,ဆိုပါတော့"

"မှန်ပါတယ်၊ ပန်းပဲသမားပါဆရာ"

(မှတ်ချက်။ ။စက္ကာလဆိုသော်လည်း တောင်းရမ်း၍စား သောက်သူကိုမဆိုလို။ ဤ၌ကြမ်းတမ်းသောအလုပ်(၀၇)အလုပ် ကြမ်းလုပ်သူ,ဟုဆိုလိုသည်)။

သီရိနာဂသည် ဟင်္ဂောင်္မရှာသို့အလျင်အမြန်လူလွှတ်၍ ဗဟုလ,ဆိုသူကို အခေါ်ခိုင်းသည်။ရောက်လာသောအခါ ဌာပနာတိုက်ကို အဖောက်ခိုင်းလေ၏။ ဟင်္ဂောင်္မရှာသား၊ ဗဟုလ ဆိုသူကား ဘုရားကို အလွန်ကြည်ညိုသော ဗုဒ္ဓဘာသာ ဥပါသကာစစ်စစ်ကြီးဖြစ်သဘည်း။ အသက်သေသော်မှ သေစေ၊ ဗဟုလ

ကား ဘုရား ဌာပနာတိုက်ကို သူ မဖောက်ရဲပေ။ ထို့ကြောင့် သီရိနာဂထံမှနဲ့သောစကားကိုဆို၍ ငြင်းဆန်ခြင်း ပြုလေ၏။

'အရှင့်သား....၊ ကျွန်ုပ်အား သတ်လိုက သတ်တော်မူ၊ ဘုရားကိုကား ကျွန်ုပ်မဖျက်နိုင်။ ဘုရားစေတီကိုဖျက်ဆီးသောသူသည် ပဉ္စာနန္တရိယ,ကံ ထိုက်သည်နှင့်တူ၏။ သေလျှင်ဘဝမခြားပဲ မုချငရဲလားရမည် ဖြစ်ပါသည်။ သို့ပါ၍ အကျွန်ုပ် အမြတ်တနိုးကိုးကွယ်ပါသောဗုဒ္ဓမြတ်ဘုရား၏သရီရဓါတ်တော်များကိန်းဝပ်စံပယ်တော်မူရာဤမဟာစေတီကိုလည်းကျွန်ုပ်မဖျက်လို။အပါယ်ဘံငရဲသို့လည်း ကျွန်ုပ်မလားလို။ ကျွန်ုပ်အား အရှင့်သားသတ်လိုက သတ်တော်မူလော့ ...”

ဗဟုလ,သည် ဘုရားအတွက် အသက်နှင့် လဲ၍ ပြုတ်သားစွာ ငြင်းဆိုလိုက်လျှင် သီရိနာဂသည် မကြားလိုဟန်ဖြင့် ရုတ်တရက် နားနှစ်ဖက်ကိုလက်နှင့်ပိတ်လိုက်သည်။အာဏာဖီဆန်ရမည်လား, ဟူ၍ ဗဟုလ အပေါ်၌ ဒေါသအမျက် ခြောင်းခြောင်း ထွက်လာသည်။

“ဟယ် ...အချင်းတို့။ ဤသူအိုအား နှောင်ကြိုးတဲ၍ ဆဲထုတ်ကြကုန်။ အရှင်လတ်လတ် တံကျင်လျှို၍ သတ်ဒဏ်

မိုးမှောင်မိုက်ခဲတို့သည်လည်း သီရိနာဂ၏တချက်လှုတ်အမိန့်အတိုင်း ဗဟုလအား ကားစင်တင်၍ တံကျင်လျှိုထား ကြလေကုန်၏။ ပန်းပဲသမား ဗဟုလ၌ သားပေါင်းတကျိပ်ခုနစ်ယောက်ရှိလေရာ၊ ထိုသားအားလုံးကိုလည်း ဖမ်းစေ၍ ဖခေါ့ ကိုယ်စားဘုရားကို အဖျက်ခိုင်း၏။

“အချင်းတို့....၊ သင်တို့၏အဖ အသက် ချမ်းသာစေလိုသော် ဤဘုရားကို ဖျက်ကြ ကုန်လော့....၊ ငါ စေခိုင်းသည့် အတိုင်း

တသွေမတိမ်း လိုက်နာဆောင်ရွက်ခြင်းပြုက သင်တို့ အဖလည်း အသက်ချမ်းသာရာရအံ့။ သင်တို့အားလုံးကိုလည်းရာထူးဌာနန္တရ, ချီးမြှင့်ကာ သူကောင်းပြု၍ ငါမြှောက်စားအံ့။ ငြင်းဆန်ခဲ့သော်ကား သင်တို့အဖနည်းတူ ဇာတိကျင်လျှိုး၍သတ်ခြင်းခံရအံ့....”

သီရိနာဂ,သည် ဗဟုလ၏သားမျှားအား ခြိမ်းချောက် ခေါမိုး၍ ဘုရား ပုထိုးကို အဖျက်ခိုင်း သော်လည်း သားအားလုံးတို့ သည်လည်း ‘အဘမျိုး၊ဘိုးတူ’ ဆိုသကဲ့သို့ တယောက်သောသူမျှ ဘုရားကိုဖျက်ဝံသူ၊ ဖျက်ရဲသူမပေါ်ခေ့။

“အရှင့်သား....၊ အကျွန်ုပ်တို့အဖသည်ပင်မပြုရဲသောအမှုကို အကျွန်ုပ်တို့ အသိုလျှင် ပြုဝံပါကုန် မည်နည်း။ မိမိ အသက် တခြောင်း ရှင်နေရေးအတွက် သော်၎င်း....၊ လာဘ်သပ်ပကာ ရာထူး ဌာနန္တရကို မျော်ကိုး၍သော်၎င်း၊ အတိုင်းမသိသောဂုဏ် ဓေတာ်တို့နှင့်ပြည့်စုံတော်မူသောဗုဒ္ဓမြတ်ဘုရားကို ကျွန်ုပ်တို့မပျက် ဆီးလို”

တကျိပ်ခုနစ်ယောက်သော သားတို့ကလည်း ဖအော်နည်းတူ ပြတ်ပြတ်သားသားပင် ငြင်းဆိုလိုက်ကြ၏။ ထိုအခါ သီရိနာဂသည် ဒေါသကို မချုပ်တည်းနိုင်သည့်အလျောက်-

“သည်ငမိုက်သား သားအဖတသင်းအားမသေမချင်းတံကျင်လျှိ၍ သတ်ကြစေ....”ဟူ၍ အမိန့်ထုတ်လိုက်ပြီးသည့် နောက် ပိုင်းဌ မူကား ဖါးကိုတံစို့နှင့် လျှိထားဘိသကဲ့သို့ ဗဟုလ,အမှူး ပြုသော သားအဖ တစုတို့ကား ကားစင်ထက်၌ တံကျင် လျှိပြီး သား ဖြစ်ကုန်ကြလေ၏။

ထို့ကြောင့် သူတော်ကောင်းတို့၏ အကျင့်သည် သူယုတ်တို့အဖို့ မနှစ်မြို့နိုင်သောအဖြစ်ကိုနှလုံးသွင်းစိမ့်သောငှာအောက်ပါ သြဝါဒါနုသာသနီ ဂါထာကိုဆိုပေ၏။

(၁) " အို.... သူတော်ကောင်း အပေါင်းတို့၊ တဏှာ လောဘ ရမက်ဖြင့် တပ်မက် ငြိစွန်းခြင်း အလျင်း မရှိကုန်သော သူတော်ကောင်း ပုဂ္ဂိုလ်တို့၏သဏ္ဌာန်၌ကောင်းသော ရန့်သည် စန္ဒကူးနှံ၊ အကျော်, စမ္ပါနှံ့ကဲ့သို့တပျံ့ပျံ့သင်း၍မွေးနေလေ၏။

ယင်ကောင်တို့ သဘောကား-ခွေးကောင်ပုပ်၊လူကောင်ပုပ် စသော အပုပ်ကောင်များ၌သာ လောဘရမက် တပ်၍စွန်းငြိတွယ်တာလေ့ ရှိကုန်၏။ထိုနည်းဂုင်း သံသရာ့သစ်ငုတ်ဖြစ်သော သူယုတ်တို့ကား လောဘ မတပ်ထိုက်၊ မပြစ်မှားထိုက်သည့် ဘုရားစေတီတို့၌ လိုချင်မျက်စိဖြင့်ကြည့်တတ်ကြ၊ မြင်တတ်ကြ၊ တပ်စွန်းခြင်း ဖြစ်ကြကုန်ဘိ၏။

(၂) ဘုရားအဆူဆူချတ်လည်းမကျွတ်သော၊ကျွတ်ခြင်းငှာ မထိုက်သော သံသရာ့ခလုတ်၊ လူ့သစ်ငုတ်တိုများသည် ကြည်ညှိစဖွယ်သော ဘုရား ပုထိုးကိုမြင်ရသော်ဂုင်း၊ ချိုသာသော တရားစကားကို ကြားရသော်ဂုင်း၊ စိတ်၏ ရွှင်လန်းခြင်းကို မဖြစ်စေနိုင်ကုန်"

ဗုဒ္ဓဘာသာဝင် သူတော်စင် တကျိပ် ရှစ်ယောက်တို့အားကားစင်၌ တံကျင်လျှိုထားခိုက်၊ ကောင်းကင်ထက်မှ တဆဲ့ရှစ်စင်းသော နတ်ရထားများ ဆင်းသက်လာပြီး၊ သေအံ့မူးမူး ဖြစ်သောသားအဖတို့အားနတ်ရထားထက်သို့ တင်၍ကောင်းကင်သို့ ခေါ်ဆောင်သွားလေ၏။

ထိုကဲ့သို့ အံ့ဘွယ်သရဲထူးကဲသောဖြစ်ရပ်ကို မုချဆတ်ဆတ်၊ မျက်ဝါးထင်ထင် မြင်လိုက်ရသောအခါ သီရိနှဝဂမှာ မျက်လုံးများ ပြာလာသည်။ သူမျက်စိကိုပင် သူ မယုံတော့သလို မျက်စိကို အခါခါပွတ်ပြီး ကောင်းကင်ပေါ်သို့ တမျော်တခေါ်ကြီးမော့ကြည့်နေမိသည်။ နောက်တွင် နတ်ကျသည့်အလား၊တကိုယ်လုံး ဆတ်ဆတ်တုန်လာသည်။

"တယ်လဲ ထူးဆန်းလှပါလား ကရို့"

နှုတ်မှ ရုတ်တရက် ဥဒါန်းကျူးလိုက်မိသည်အထိ ကယောင်ကတန်းဖြစ်နေသည်။ သွေးပျက်ခမန်း ဖြစ်နေသော သီရိနှဝဂ၏ ဖြစ်အင်ကိုမြင်သောအခါ သူ၏ရဲဘက် သွေးသောက်များကပါ ကြောက်လာကြသောကြောင့် ဤဘုရားဖျက်လုပ်ငန်းကိုစခန်း သိမ်းရန် သီရိနှဝဂအား ဝိုင်း၍တိုက်တွန်းကြလေကုန်၏။

"အရှင့်သား.... ရွှေဆက်၍ အဖျက်လုပ်ငန်းကို ကြိုးစားရန်မသင့်။ဤစေတီကား တန်ခိုးကြီးမားလေစ့။ ရွှေဆက်၍ကြိုးစားခဲ့သော်-ကျန်ုပ်တို့တတွေ သေကြ ပျက်စီးဘွယ်ရာသာ ရှိတော့သည်"

သီရိနှဝဂ၏'အား သည်လူထုဖြစ်သည်။လူထုဆန္ဒကိုဆန့်ကျင်၍သူမလုပ်ဝံ့ချေ။ သို့ကြောင့် 'သံဃာ့အား ဘုရားမဆန်သာ'ဆို သကဲ့သို့ သီရိနှဝဂသည် မဟာစေတီကို ဖျက်၍ ဌာပနာ ဖောက်ယူသော လုပ်ငန်းကို ဤ တွင်ပင် ရပ်တန်းက ရပ်လိုက်ရလေသတည်း။

သို့သော် ခွေးမြီးကောက် ကျည်တောက်စုပ်သည့်အလားပင် ဖြစ်ချေ၏။ သီရိနှဝဂသည် မဟာစေတီအဖျက်လုပ်ငန်းမအောင်

မြင်လေသော်- အခြား ဘုရားမှ ဌာပနာတိုက်များ ဖေါက်ရန် ကြံစည်ပြန်လေ၏။ သူ့စိတ်၌ ဘုရားဌာပနာတိုက်ကို ဖေါက်မှ လိုသလောက် ပစ္စည်းဥစ္စာရမည်ဟု စွဲမြဲစွာ ယုံကြည်ထားသော ကြောင့် ဖြစ်၏။

အနုရာဓမြို့၏အရှေ့ဖက်၊ မဟာဂင်္ဂါအမည်ရှိသော မြစ်အနီး၌ မဓုပိဋ္ဌက,ဆိုသော ရွာတရွာရှိ၏။ ထိုရွာ၌ အထိကရ ကျော်စော ထင်ရှားသော ဘုရားစေတီတဆူရှိလေသည်။ ရွာကိုအကြောင်း ပြု၍ မဓုပိဋ္ဌက စေတီ,ဟု ဘွဲ့မည် တွင်၏။

ဘုရားအဖျက်သမား၊ ရှင်ဘုရင် လုပ်ချင်လှသော သီရိနဂသည် ထို'မဓုပိဋ္ဌက'စေတီတော်ကိုဖေါက်ရန် မျက်စိကျလေသည့် အလျောက်နောက်ပါအဖျက်သမားမိုက်ခဲတစုနှင့်ရောက်လာပြီး မဓုပိဋ္ဌက ရွာသားများကိုပါ ရိုက်နှက်၍ စေတီကို အဖျက်ခိုင်း သည်။ ရွာသားတို့ကား ဘုရားအရေးထက် နိုးရာ ဓါးဘေးကို ကြောက်ရွံ့ကြသောကြောင့် မချစ်သော်လည်း အောင့်ကာနမ်း လိုက်ကြရကုန်လေ၏။ ဤသို့လျှင် ရွာသားများနှင့်တကွ သီရိ နဂ အမှူးပြုသော အဖျက်သမား လူရမ်းကားတို့၏ ဖြိုဖျက် ဖေါက်ထွင်းခြင်း ဒဏ်ချက်ကြောင့် ဘုရားမှာ ပျက်စီးသွားပြီး ဌာပနာကြီးပေါက်သွားလေသတည်း။

ထိုအခါမြို့ရသော သူ၏မျက်နှာအသွင်သည်သီရိနဂလောက် ရှင်မည်မထင်။ သီရိနဂသည် ရှင်သော မျက်နှာ၊ ပြုံးသော မျက်နှာဖြင့် ဌာပနာတိုက်မှ ရရှိသော ပစ္စည်းများကို အားပါး တရ ထုတ်ယူလေ၏။ သူ့ရည်ရွယ်ချက်ကား၊ ဤဘုရား ဘဏ္ဍာ တော်ပစ္စည်းများကို စစ်စရိတ်၊ စစ်ရိက္ခာအဖြစ် အသုံးချ၍ စစ် တိုက်ရန်ဖြစ်လေသည်။

သီရိနာဂ သည် ဤ အတိုင်းပင် လက်တွေ့ ကျင့်သုံးခြင်း ပြုလေ၏။ ဘုရားဌာပနာတိုက်တွင်းမှ ရရှိသော ပစ္စည်းများဖြင့် လက်နက်ဝယ်သည်။ ရိက္ခာစုသည်။ လခရိက္ခာများများပေး၍ သူရဲကောင်း မွေးသည်။ စစ်သား စုဆောင်းသည်။ အင်အား တောင့်တင်းလာသောတနေ့၌ အနုရာဓနေပြည်တော်သို့ချီတက်ပြီး လေးဘက်လေးတန်မှ ဝိုင်း ၍ တ လ ကြမ်း တိုက် ခိုက် လေသတည်း။

သီရိနာဂ၏ မိုက်မဲစွာသော စွန့်စားချက်ကြောင့် အနုရာဓမြို့ကြီးပျက်ပြီး လက်ရသိမ်းပိုက်မိသွားသည့် နောက်ပိုင်းအချိန်၌ မူကား၊သီရိနာဂသည် သူရည်ရွက်ချက် မှန်းထားသော ပန်းတိုင် သို့ဆိုက်ကာ လက်ဘဒီပသီဟဋ္ဌခေါ်ဆိုသော သီဟိုဠ်ကျွန်းအလုံးကို သိမ်းကျုံးပိုင်သ အစိုးရတော်မူသော ဧကရာဇ် ဘုရင်တဆူ ဖြစ်တော်မူလာလေသည်။

သို့သော်....လှည်းဘီးသည် ရှေကသွားသော နွား၏ ခြေရာ နောက်သို့ အစဉ်တစိုက် လိုက်မြဲဖြစ်၏။ ထို့အတူ ပြုအပ်သော အကုသိုလ်ဟူသမျှသည်လည်း ပြုသော သူ၏ နောက်သို့ အစဉ်တစိုက် လိုက်မြဲဖြစ်လေသည်။

သီရိနာဂမင်းသည် မိုက်မဲစွာ ဘုရားဌာပနာတိုက်ကိုဖောက်ခဲ့မိလေသည်။သူ၏လက်ချက်ကြောင့် အူထွက်လေသည့်အလား ဘုရားဌာပနာတိုက် ဝမ်းဗိုက် ပေါက်ခဲ့ရသည်။ ဤမကောင်းမှုသည်သူကိုအလစ်မပေးချေ။သူနောက်သို့အရိပ်သဖွယ်လိုက်လာလေ၏။ ဘုရင်ဖြစ်၍ များမကြာမီအတွင်းမှာပင်သီရိနာဂမင်း၌ ဝမ်းဗိုက်တော်နာသော ရောဂါကြီး စွဲကပ်လာပါတော့သည်။

"ရှင်ဘုရင်ခေါင်းခဲလျှင်သဲ၏။ ရှင်ဘုရင်တို့မည်သည်ခေါင်းခဲသည်ကိုပင် ရောဂါတခုအနေဖြင့် သဲသဲပြိုအောင်အလေးတမူ အရေးယူ၍ ပြုစုယုယကုသလေ့ရှိကြသည်ဖြစ်ရာ၊ သီရိနဂရမင်းဦး သာမန်ဝေဒနာမျိုးမဟုတ်ဘဲ၊ အသဲအသန်တကဲ့ဒိုက်နာရောဂါကြီးစွဲကပ်လာသောအခါ တဆေးမကောင်း တဆေးပြောင်းလျက်၊သမားပေါင်းအထွေထွေဖြင့် ကုသပါသော်ငြားလည်း မင်းတရား၏ ဗိုက်နာမှာ သက်သာသည်မရှိသည့်ပြင် ပို၍ပင်ဆိုးဝါးလာလေရကား-သက်ရွယ်ကြီးသော သမားတော် အချို့တို့က ဤသို့မရဏမဝံနှင့် ထင်မြင်ချက်ပေးကြလေ၏။

"အရှင်မင်းကြီးကား-အမျှားရှင်လူတို့ ဦးခိုက်ရိုကြိုး၊ ကိုးကွယ်ကြသော ဘုရားပုထိုးတော်၊ စေတီတော်ကို ဖျက်ဆီးကာ ဌာပနာတိုက်တော်ကို ဖောက်မှားမိခဲ့၏။ထိုသည့်အပြစ်ကြောင့် သဒိသံ ပါကံ ဇနေတိ, ဆိုသောအတိုင်း၊ဘုရားဝမ်းဗိုက်တော် ပေါက်သည့်အလား၊ အရှင်မင်းကြီး၏ဝမ်းဌမခံမရပ်နိုင်အောင် ရောဂါဝေဒနာများ စွဲကပ်လာသည် ထင်ပါကြောင်း။ ထိုဝေဒနာမှ သက်သာလွတ်ကင်း ချမ်းသာခြင်းသို့ ရောက်ရှိနိုင်ရန်မှာ ထိုမဓုပိဋ္ဌိက စေတီတော်ကို မူလအတိုင်းဖြစ်အောင်အသစ်တဖန် ပြန်၍တည်ထားကိုးကွယ်ခြင်းအားဖြင့် သက်သာလာနိုင်ဖွယ်ရာရှိပါကြောင်း"

သီရိနဂရမင်းသည် စေတနာသဒ္ဓါတရားရှိလှ၍ မဟုတ်သော်လည်း သမားတော်ကြီးများ၊ မူးမတ်သုခမိန်ကြီးများ၏ အကြံပေးတိုက်တွန်းချက်အရ မဓုပိဋ္ဌိကစေတီကို ရှေးကအတိုင်း ဖြစ်အောင် တည်ဆောက်ပြုပြင်၊ အမှုကွန်းတင်လေ၏။

သို့သော်....ဆေးလွန်နာ ဖြစ်နေ၍ပေလောမသိ။ သီရိနာဂမင်းမှာ ထိုဝေဒနာမှ သက်သာသည်ဟူ၍မရှိလေ။ တနေ့ထက် တနေ့ရောဂါမှာတဖြည်းဖြည်းဆွေးမြေ့၍ ၊ကျွမ်းလာကာနောက် ဆုံးတွင် ထိုဝေဒနာဖြင့်ပင် သီရိနာဂမှာ ငမ်းဗိုက်တော် ပေါက်ကွဲ၍ ခန္ဓာစဲရရှာလေ၏။

ဤအရာ၌ အကျင့်ယုတ်မာ ဆိုးရွားစွာသော သူတို့ကို ဆုံးမခြင်းသာ ဂါထာဤသို့လာ၏။

(၁) "အို....လူသားအပေါင်းတို့။အကြင်သူသည်ဘုရားကို ဖျက်ဆီးအံ့။ စေတီကိုဖြိုအံ့။ ဌာပနာတိုက်ကိုဖောက်လေအံ့။ ထိုဘုရားဖျက်သမား ငမိုက်သားကား သီရိနာဂမင်းကဲ့သို့ ဖြစ်လတံ့။ စင်စစ် မုချ ဆင်းရဲဒုက္ခ၏ အမွေအနှစ်လက်ဝေခံဖြစ်လတံ့"

(၂) "အိုလူသားအပေါင်းတို့။ အကြင်သူသည်လည်း စေတီမဟုတ်သောဗုဒ္ဓဆင်းတုတော်၊ ရုပ်ပွားတော်၏လက်ခြေ,စသည်ကို ဖြတ်ခြင်း၊ ချိုးဖဲ့ခြင်း၊ ဖျက်ဆီးခြင်းပြုလေသည်ဖြစ်အံ့။ ထိုသည့်ငမိုက်သား အဖျက်သမားသည်လည်း ထိုသီရိနာဂမင်းကဲ့သို့ပင်ဖြစ်၍ အပါယ်ဘုံတို့၌ လားရောက်ရသည်ဖြစ်လတံ့"

(၃) "အို....လူသားအပေါင်းတို့။အကြင်သူတယောက်သည်ကား၊ ဘုရားပွင့်တော်မူရာ ဗောဓိညောင်ပင်ကိုခုတ်၍ဖြတ်၍၊ချိုင်၍၊ခွဲစိတ်ခြင်းစသည်ပြုသည်ရှိခဲ့သော်၊ထိုဗောဓိပင်ကို ခုတ်ချိုင်ဖျက်ဆီးသော သူယုတ်သည် မျက်မှောက်

ယခုဘဝ ဥစ္စာလည်း ပျက်စီးရသတဲ့၊ တမလွန် ဘဝ ဥစ္စာလည်း ရောရှေ့ဝ မည်သောငရဲ၌ ရောက်ရလတံ့"

(၄) "အို....လူသားအပေါင်းတို့။ အကြင်သူသည် လူ့တို့တွင် ဂုဏ်ကျေးဇူးအထူးရှိပေသောသူကို ကိုယ်ဖြင့် ပြင်မှားခြင်း၊ စိတ်ဖြင့်ပြစ်မှားခြင်းပြုလေအံ့။ ထိုသူသည် အပါယ်လေးပါး၌ဖြစ်သော ဆင်းရဲ၏ ဝေပုံကျအံ့ဖို့ အခုမုချ ဖြစ်လတံ့"

(၅) "အို့လူသားအပေါင်းတို့။ အကြင်သူသည် ဘုရားဟော ပိဋကတ်ကျမ်းစာအုပ်များ၊ ပေစာများ၊ ပုရပိုက်များကို ဖျက်ဆီးလေအံ့။ ထိုသူသည် မျက်မှောက် ပစ္စုပ္ပန် ယခုဘဝ၌လည်း ခြေကျိုးခြင်း၊ လက်ပြတ်ခြင်း ဖြစ်ရတတ်လေ၏။ သေသည်၏အခြားမဲ့၌လည်း ငရဲသို့လားရတတ်လေ၏"

(၆) "ပညာမျက်စိ အသိဉာဏ်ရှိသော ပုဂ္ဂိုလ်သည်း ဤဆိုအပ်ပြီးသော အကြောင်းများကို သိရှိနား လည်၍ အန္တရာယ်ရှိသော ခရီးကို ရှောင်ကွင်း၍ သွားရာသကဲ့သို့၊ ထို့အတူ၊ ကြီးစွာသောအကျိုးမဲ့ကိုပြုတတ်သည့် မကောင်းမှုဒုစရိုက်ဟူသမျှကို ဝေးဝေးက ရှောင်ကြဉ်ရာသတည်း"

ထို့နောင်မှ သူတော်ကောင်းတို့ နည်းနာနိဿယူ၍ကျင့်စရာသော ကျမ်းပြုပုဂ္ဂိုလ်၏ အနုသာသနီ ဂါထာ ဤသို့လာ၏။

ဘုရားအတွက် အသက်ကို အစတေးခံ၍ ကောင်းသောကိုယ်ကျင့် တရားနှင့် ပြည့်စုံကြသူ၊ တကျိပ် ရှစ်ယောက်သော ဒုန်းစက္ကာတို့ကို သော်မှလည်း နှတ် တို့သည် ပူဇော်ကြကုန်၏။ နှတ်ရထား အသီးသီးဖြင့် တင်၍ ဆောင်ကြဉ်းသွားကြကုန်၏။

နတ်၌ဖြစ်သောစည်းစိမ်ချမ်းသာကို ပေးကြကုန်၏။ အကြောင်းကို ရှာသော်ကား၊ ထိုသားအဘ တစုတို့သည် သီရိနာဂမင်း၏ အလိုသို့ မလိုက်ကြဲ၊ မင်းမိန့်ကို တော်လှန်ကြပြီးလျှင် မလုပ်အပ်၊ မလုပ်သင့်၊ မလုပ်ထိုက်သော ဘုရားဖျက်ခြင်း အမှုကို အညီအညွတ် "ဘူးခံ၍" မလုပ်ပဲနေကြသောကြောင့် နတ်ပြည်သို့ ရောက်သွားကြရခြင်းဖြစ်၏။

ထိုကြောင့်....အိုသူတော်ကောင်းတို့၊ သင်တို့သည် မကောင်းမှုကိုကြည့်၊ ကောင်းမှုကိုယှဉ်၊ ဆင်ခြင်တုံတရား၊ လက်ကိုင်ထားကြကုန်လျက်၊ ကြမ်းတမ်း၍ လှုန်စဉ် ကြောက်မက်ဖွယ်ကောင်းလှသော အပါယ်လားကြောင်း၊ မကောင်းသော အပြုအမူမှန်သမျှကို စွန့်ကြပါကုန်။ ရဟန္တာ သုံးခုပ်ကို မပြတ်အောင် ဆည်းကပ်ကြပါကုန်။ ကုသိုလ်ကောင်းမှုကို ပြုစု ဆည်းပူးကြပါကုန်။

(၆)

သဒ္ဓါတိဿ

သီဟိုဠ်ကျွန်း၊ သဒ္ဓါတိဿမင်း လက်ထက်၌ သဒ္ဓါတရားနှင့် ပြည့်စုံသော အရာတွင် သူမတူအောင် ထူးခြားလှသော အမတ်ကြီးတပါးရှိ၏။ အမည်ကား သဒ္ဓါတရားနှင့် ပြည့်စုံသည်ကို အကြောင်းပြု၍ "သဒ္ဓါတိဿ" ဟူ၍ပင်တွင်၏။

သဒ္ဓါတိဿ အမတ် နေထိုင်ရာမြို့မှာ မင်းနေပြည်အနုရာဓ မြို့တော်နှင့် မနီးမဝေးရှိ မြို့သိမ်၊ မြို့ငယ်ကလေး ဖြစ်လေသည်။ ငယ်သော်လည်း မြို့ကလေးမှာ သာယာလှ၏။ သဒ္ဓါတိဿ အမတ်သည် ထိုမြို့ကလေးမှ နေ၍ နေ့စဉ်မှန်မှန် ညီလာခံသို့ အခစားဝင်ရသည်။ ဘုရင်ကလည်း လွှန်စွာ အရေးပေးသဖြင့် အခစား ဝတ်မပျက်ရအောင် ညီလာခံသို့ မှန်မှန်တက်ခြင်းကို များစွာ အလေးဂရုပြုလေ့ရှိ၏။

သဒ္ဓါတိဿအမတ် နေထိုင်သော မြို့ကလေးနှင့် အနုရာဓ မြို့တော်စပ်ကြား၌ "သုဒဿန" အမည်ရှိသော စရပ်တဆောင် ရှိ၏။ ထိုစရပ်၏အနီး၌ ထန်းပင် လေးပင်သည် ကောင်းကင် ပြာကြီးပေါ်သို့ထိုးတက်လျက်၊ စရပ်၏အပေါ်လွှာကို ထီးရွက် ပမာ မိုးထားလေသည်။ ထန်းလေးပင် ခြံရံလျက် ရှိသည်ကို စွဲ၍ ထိုစရပ်ကို "ထန်းလေးပင်စရပ်" ဟူ၍လည်း ခေါ်စမှတ် ပြုကြကုန်၏။ ထိုစရပ်ပေါ်၌ "တိဿ" အမည်ရှိသော ကိုယ်

တော်တပါး သီတင်းသုံးကာ၊ အနုံရာဓ မြို့တော်ကိုဌင်း၊ သဒ္ဓါတိဿ၏ မြို့တော်ကိုဌင်း၊ ဆွမ်းခံရွာ "ဂေါစရဂါမ်" ပြုလေသည်။

တနေ့သ၌ သဒ္ဓါတိဿ အမတ်သည် နံနက် ညီလာခံအပြီးတွင် မိမိအိမ်သို့ ပြန်လာခဲ့ရာ၊ လမ်းခရီး အကြားရှိ သုဒဿနစရပ် (ထန်းလေးပင် စရပ်) သို့ ရောက်သော အခါ ဆွမ်းခံထွက်ရန် စရပ်ပေါ်က ဆင်းလာသော အရှင်တိဿ ကိုယ်တော်နှင့် ဆုံမိလေ၏။ ထိုအခါ သဒ္ဓါတိဿ အမတ်သည် ရဟန်းသံဃာကိုလွန်စွာကြည်ညိုသောဥပါသကာဖြစ်သည့်အလျောက်၊ ဦးသုံးကြိမ်ချပြီးလျှင် ဆရာတော်၏လက်မှ သပိတ်ကို လှမ်းယူပြီးလျှင် သပိတ်ကိုထမ်းကာ အရှင်တိဿ ကိုယ်တော်အားအိမ်သို့ ပင့်ဆောင်သွားလေ၏။

သူ၏ ရှယ်စုး ဦးတည်ချက်ကား၊ ဖွယ်ဖွယ်ရာရာ စုဖြံနှံစာများဖြင့် ယနေ့တွက် ဆွမ်းတနပ်စာ လောင်းလှူရန် ဖြစ်ပေ၏။

သို့သော်....အိမ်သို့ရောက်သွားလေသောအခါ၌မူလောင်းလှူစရာ ထမင်း မရှိ၊ ဖြစ်ဘိနေချေ၏။ ထိုကြောင့် သဒ္ဓါတိဿ အမတ်သည် နေရာထိုင်ခင်းများပေး၍ ဆရာတော်အား အိမ်၌ခေတ္တ သီတင်းသုံး၍ ဆိုင်းငံ့တော်မူပါရန် လျှောက်ထားပြီးနောက် သုတ်ခြေတင်၍ စျေးဘက်သို့ ထွက်သွားလေသည်။

စျေးမရောက်ခင် လမ်းမပေါ်၌ ထမင်းထုပ်ဆမ်းလာသော ခရီးသွား ယောကျ်ား တယောက်နှင့် တွေ့လေသော်....၊ စျေးရောက်အောင် မသွားနိုင်ပဲ၊ ထိုသူထံမှ ထမင်းထုပ်ကို မရအာရဝယ်လေ၏။ သို့သော်....ထိုသူကား ခရီးသွား ဧည့်သည် ဖြစ်ရကား၊ လမ်းတွင် စားရန်အတွက် ရိက္ခာယူလာသော ထမင်ထုပ်

ဖြစ်ချေ သောကြောင့် ဝယ်သော်လည်း ထိုသူက မရောင်းပဲ ဖြစ်နေ၏။

"ကျွန်တော်သွားရမဲ့ခရီးကအဝေးကြီးမို့၊ ရောင်းလို့ မဖြစ် ပါဘူးခင်ဗျာ၊ ဒါကိုတော့ သည်းခံပါ။ မရောင်းပရစေနဲ့...."

"ပိုက်ဆံနဲ့လိုလားမောင်....။ နဲသေးရင် ရော့ နောက်ထပ် တကျပ်"

သဒ္ဓါတိဿ အမတ်သည် တကျပ်နှင့် မရသော် နှစ်ကျပ်၊ နှစ်ကျပ်နှင့် မရသော်... သုံးကျပ်။ ဤသို့ အားဖြင့် တကျပ်- တကျပ်တိုး၍ တိုး၍ ပေးသွားလေရာ ရှစ်ကျပ်အထိ ရောက်သော အခါ၌ ပါသမျှ အသပြာ ကုန်လေ၏။

"ခက်တာပဲမောင်ရင်....၊ ပိုက်ဆံကလဲ ဒါပဲ ပါလာတယ်၊ အိမ်မှာဆွမ်းလောင်းဘို့ ဘုန်းကြီးတပါး ပင့်ထားခဲ့တယ်။ ဒီရှစ် ကျပ်နဲ့ပဲ ရောင်းခဲ့ပါမောင်ရင်....၊ ရိက္ခာ ယူလာတဲ့ ထမင်းကို ကြားဖြတ်ပြီး ဝယ်ရတာ အများကြီးအားနာပါတယ်။ ဒါပေမဲ့ လှူရန် အတွက်က သိပ်အရေးကြီးနေလို့ အခုလို တောင်းပန်ရ တာပါ။ ရော့ ရှစ်ကျပ်၊ ယူပါ မောင်ရင်....၊ ပေးရတယ်လို့ မအောက်မေ့ပါဘူး။ ဒါန ပါရမီကို ကူညီပီး ဖြည့်ပေးတယ် လိုပဲ သဘောထားပါတယ်"

နောက်ဆုံး၌ ခရီးသွားည့်သည်မှာ လှူရန်ဆိုသောကြောင့် ဇွတ်မရောင်းပဲ နေရမှာကလည်းခက်၊ ထမင်းတထုပ် ရှစ်ကျပ်ကြီး များတောင် ဆိုသော ငွေစမှာ ကြားရုံမျှပင် မကြားဘူးအောင် အရ ချောင်သည်က တကြောင်းကြောင့်၊ ရှစ်ကျပ် နှင့် ပင် အရောင်းအဝယ် စျေးတည့်သွားလေ၏။

ဤသို့လျှင် သဒ္ဓါတိဿ အမတ်သည် ဆရာတော် တိဿအား ရှစ်ကျပ်တန် ထမင်းတထုပ် လူခွင့်ရကာ သူအဖို့ ဒါနပါရမီတခု ထမြောက် အောင်မြင်သွားသော်လည်း စရပ်သို့ ရောက်လေသောအခါ ဆရာတော် တိဿ,ကား စေတနာ ဗလဝဖြင့် လူလိုက်သော ဆွမ်းကို ရုတ်တရက် မစားရဲချေ။ တခဲတယဉ်း ရှာဖွေ၍ လူလိုက်ကြောင်းကို သိရှိ ရိပ်စားမိလေသောကြောင့် အလှူ့ရှင်၊ ဆွမ်းဒကာ၏ သဒ္ဓါ တရားကို ထောက်ထား၍ ဆွမ်းမစားခင် ကိုယ့်ကိုယ်ကို တရားထင်မြင်လာအောင် အောက်ပါ-ဂါထာဖြင့် ဆင်ခြင် သုံးသပ်တော်မူလေ၏။

(၁) ဦးတိဿဟု၊နာမဘွင်ဆန်း၊အိုရဟန်းဖြစ်သောငါ။ ဤဆွမ်းကို သင် ဆင်ခြင်၍ စားပါလေဘိ။ လူလိုက်သော ထိုဆွမ်းဒကာကား၊ သင့်အဖလည်းမဟုတ်၊ သင့်ညီသင့်အကို လည်းမဟုတ်၊ သင့်ဘကြီး, ဘထွေးလည်းမဟုတ်၊ သင့်ဆွေမျိုးလည်းမဟုတ်၊ သင့်မိတ်ဟောင်း ဆွေဟောင်းလည်း မဟုတ်။ယုတ်စွအဆုံး သင်နှင့် တကြိမ်တခါမျှမြင်ဘူးတွေ့ဘူး သူလည်း မဟုတ်။

(၂) ထိုဒါယကာ အပေါ်၌ သင်ရှေးက ပြုဘူးသော ကျေးဇူးဥပါကာရ ဆိုရှိလည်း စိုးစင်းမျှမရှိခဲ့စဘူး။ သင့်ကို မြင်ကာမျှဖြင့် "ဤကိုယ်တော်ကား အကျင့်သီလနှင့်ပြည့်စုံသော သူတော်စင်ရဟန်းတည်း"ဟု သိလေ၍သာ သင့်အား ဤဆွမ်းဘောဇဉ်ကို လှူလိုက်ခြင်း ဖြစ်ပေမည်။

(၃) သင်သည် ထိုဒါယကာ အတွက် များမြတ်လှစွာသော အကျိုးအာနိသင်ကို ဖြစ်စေလိုဘိမူကား၊ သင့်အသက်

သေသော်လည်း သေပစေ၊ ရာဂ ရှိသေးလျက် ထို ဆွမ်းကို သင်မစားပေလင့်ဦး။

တိဿ, မည်သော ရဟန်းသည် ဤသို့မိမိကိုယ်ကို ဆုံးမကာ ဆွမ်းကို မစားသေးပဲ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ, ဟူသောဝိပဿနာ တရားကို ပွားများ အားထုတ်လေရာ၊ အဝိဇ္ဇာ အစရှိသော ကိလေသာ တရားတို့ ကုန်ခန်းပြီး ရဟန္တာအဖြစ်သို့ ရောက်သွားလေသတည်း။ ထိုသို့ရဟန္တာဖြစ်သွားလေမှ ထိုဆွမ်းကို ဘုဉ်းပေးလေတော့သည်။

အနုရာဓနန်းတွင်းမှ ထီးချက်စောင့် ဒေဝီသည် ဤမည်သော သဒ္ဓါတိဿ,နှင့် ထိုမည်သော ဆရာတိဿ,တို့၏ အကြောင်းရင်း ဖြစ်ရပ်ကို နိဒါန်းကအစ သိရှိရလေ၍ ရှင်လန်း ဝမ်းမြောက်လှုသည် ဖြစ်ရကား၊ သာဓုနုမော်၊ သုံးကြိမ်ခေါ်လေ၏။ ထိုသာဓုခေါ်သံကို သဒ္ဓါတိဿ မင်းကြီးက ကြားသွား လေသော်.... "အဘယ်နတ်သမီး မည်သည်ကို သာဓု ခေါ်နေသနည်း" ဟူ၍ မေးတော်မူလေ၏။

ထိုအခါ ထီးချက်စောင့် နတ်သမီးသည်လည်း မိမိသိရှိလေသောအတိုင်း-

ဆွမ်းလှူသော သဒ္ဓါတိဿ အမတ်၏ စေတနာ မြင့်မြတ်ပုံကိုရှင်း၊ အလှူခံ မဟာတိဿ, မထေရ်၏ သမထ ဝိပဿနာ၊ ဘဝဝနာအစွမ်းဖြင့်ရုတ်ခြည်းရဟန္တာဖြစ်သွားပုံကိုရှင်း၊ မင်းကြီး အား ပြောကြားလေသော်....သဒ္ဓါတိဿ မင်းကြီးလည်း အလွန်လျှင် ရွှင်လန်း ဝမ်းမြောက်ခြင်း ဖြစ်ဘိရကား- သဒ္ဓါတိဿ အမတ်နှင့်တကွ ၎င်း၏ မိဘဆွေမျိုးပါးကိုပါ ရွှေတော်သို့ ခေါ်၍

"ပူဇော်ထိုက်သူတို့အား ပူဇော်ခြင်းသည် မင်္ဂလာမည်၏' ဆိုသော မင်္ဂလာတရားတော်နှင့်အညီ၊ ထိုမိသားစု သုံးယောက် တို့အား အမြဲပူဇော်လေ၏။ ဖဋ္ဌအမည်ရှိသောမြို့ကို သဒ္ဓါတိဿ, အမတ် အား "အပိုင်စားလော့...." ဟူ၍ ပေးလေသတည်း။

သီဟိုဠ်ကျွန်းသည် ဇမ္ဗူဒိပ်ကျွန်းကြီး၏ဘောင်ဘက်အစွန်းဠိ သီးခြား ထွန်းနေသော ကျွန်းတကျွန်း ဖြစ်၏။ ကျွန်း၏ အရပ် လေးမျက်နှာ၊ အရပ်ခွစ်မျက်နှာ တခိုတွင် ရေညိုများ ရစ်ဝိုင်း ခြံရံလျက် ရှိနေသောကြောင့် ရေအတွက်ကြောင့် အခက်အခဲ ပြဿနာပေါ်ဘွယ်မရှိဟု မထင်မှတ်လေရာ....။

သမုဒ္ဒရာရေ၊ ပင်လယ်ရေသည် ငန်၏။ ငန်သော ပင်လယ် ရေများဖြင့် သီဟိုဠ်ကျွန်းကို လေးဘက်လေးတန်မှ ဝိုင်းထား၏။ ရေပေါသော်လည်း ငန်သောကြောင့်၊ ပင်လယ် သမုဒ္ဒရာများ သည် လူတို့အဖို့ သောက်သုံးရာ၌ အသုံးချ၍ မရကုန်။ သို့ကြောင့် ကျွန်းသူ၊ ကျွန်းသား၊ ရဟန်းရှင်လူ-ပြည်သူ ခပ်သိမ်း တို့သည် မိုးရေကိုသာ အားကိုး နေကြရကုန်၏။ မိုးသုံးပါး ကောင်းချီ ဆည်မြောင်း၊ ချောင်းကန်၊ အင်းအိုင် တလျှောက် ရေလှောင်ချိမောက်ခဲ့လျှင်၊ ပူပြင်းသော နွေရာသီ ရောက်စေကာမူ၊ ရေ့အတွက် မပူပင်၊ မကြောင့်ကြရ တော့ပေ။ သို့ကြောင့် မိုးသည် သူတို့အတွက် ဆင်းရဲနှင့် ချမ်းသာကို ဖန်တီးပေး နေသောမိုးဒေဝါဖြစ်သောကြောင့် မိုးကောင်းလျှင် ရွှင်လန်းချီ မိုးခေါင်လျှင် ပင်ပန်း နွမ်းနယ်ကာ၊ ပူပင်လယ် ဝေကြရကုန် လေ၏။

ထိုအခါသဒ္ဓါတိဿမင်းလက်ထက်၊ တခုသောနှစ်တွင်သီဟိုဠ် ကျွန်း၌ မကြုံစဘူး ထူးထူးခြားခြားကြီး မိုးခေါင်လေ၏။ထွန်ကြဲ

စိုက်ပျိုးအပ်သော ကောက်ပဲသီးနှံ စသည်တို့မှာ ပေါက်သည်လည်းရှိကြ၏၊ မပေါက်သည်လည်းရှိကြ၏။ ပေါက်သည်တိုင်အောင် အချို့တို့မှာ နောက်မှီး မဖြန်းသောကြောင့် မလန်းနိုင်ရုံမက၊ မီးကင်ထားသည့်ပမာ ခြောက်သွေ့ကုန်ရှာလေ၏။

မှိုးရာသီ ဖြစ်လျက် မိုးမရွာသည့်ပြင် ရာသီနှင့် မမျှအောင် တရှိန်ရှိန် အဆမတန် ပူပြင်းလှသော နေမင်း၏ ဒဏ်ကြောင့် ဆည်မြောင်း၊ ချောင်း၊ ကန်၊ အင်းအိုင်စသည်တို့သည် အချို့မှာ လုံးဝခန်းသလောက် ဖြစ်ကုန်ပြီး၊ အချို့မှာ ရေနှင့်စပ်စပ် ရုံနှစ်ဖြစ်ကာ ခဲ့ပျစ်ပျစ် ဖြစ်ကုန်လေ၏။ ရဟန်း၊ ရှင်၊ လူနှင့်တကွ ကျွဲနွားတိရစ္ဆာန်တို့မှာ-ရေပြတ်သောအငတ်ဘေး ဆိုးကြီးတမျိုးနှင့် တိုးမိနေကြရလေ၏။

အစားအသောက်နှင့် ပတ်သက်၍ ကျပ်စရာရှိလျှင် တောနေလူတန်းစားထက် မြို့နေ လူတန်းစားက ပို၍ ဒုက္ခရောက်တတ်ကြ၏။ ကောက်ပဲသီးနှံကအစ ဆန်စပါး အထိ တောနေလူတန်းစား၊ အလုပ်သမားကြီးများကသာ ဖန်တီး ပေးသည်ဖြစ်သောကြောင့် တောဆူပြိုးမှ မြို့ချောင်လေသည်။

မိုးခေါင်ရေရှား၍ ကျွဲနွားကအစ၊ တောနေ လူတန်းစားတို့ အတိဒုက္ခရောက်နေချိန်တွင် မြို့နေလူတန်းစားတို့အဖို့ ဆိုစရာပင် မရှိတော့ပြီ။ ဟင်းချက်စရာ ဟင်းရွက် ကစွန်းကစ၊ ငါးပိ-ဆီ-ဆား-ကြက်သွန် များက အစ၊ အစစအရာရာ ရှားပါးကုန်လေသောအခါ၊ 'ဒါယကာကြည့်ရှင်မှု၊ သာသနာစည်ပင်' ဆိုသော အတိုင်း၊ ဒါယကာတို့ ညှိုးနွမ်းနေသောအခါ ဒါယကာကို မှီခိုနေကြရသော သာသနာ့ဝန်ထမ်း ရဟန်း သံဃာတို့မှာလည်း မလန်းနိုင်အောင် ဖြစ်ကုန်လေ၏။

ဆွမ်းတော်ဝေးလို ဝမ်းတော်မှမဝ ဖြစ်နေချိန်၌ သံဃာတော်သို့မှာ ရေလှူမည့်သူပင် မရှိသလောက် ဖြစ်နေ၍ ရေ့အတွက်နှင့် အခက်ကြုံနေရလေ၏။ အနုရာဓမြို့တော်သည်မင်းနေပြည်ကြီးဖြစ်သည့်အလျောက် လူဦးရေမှာ အဆမတန် များပြားလှ၏။ သာသနာ စည်ပင် ပွင့်လင်းသည့် အလျောက်လည်း သာမန်ပုထုဇဉ်လူသား၊ ရဟန်းတော်များကိုထား၍၊အာသဝေါကုန်ခန်းပြီးသော ရဟန်းတော်များချည်းပင်လျှင် အရေအတွက်အားဖြင့် သုံးသောင်းကျော်မျှ ရှိလေရာ....၊ ရှိရှိသမျှ အားလုံးသော ပုထုဇဉ်ရော ရဟန္တာပါ-ရေကိုသာ မှီတင်းအားပြုနေကြရသူချည်းဖြစ်သောကြောင့်....၊ ယခုကဲ့သို့သော အခါမျိုးတွင် သံဃာတော်များအပို ရေရရှိရေးအတွက် ပို၍ဆိုးဝါးလေသည်။

သီဟိုဠ် တကျွန်းလုံး ဤရွှေဤမျှ၊ ရေအတွက် အတိဒုက္ခရောက်နေကြ သော်လည်း စေတနာ သဒ္ဓါတရားရှင် တဦးဖြစ်သော သဒ္ဓါတိဿ အမတ် အဖို့မူကား၊ ရေကန်အသင့်၊ ကြာအသင့်ဆိုသကဲ့သို့ ဖြစ်ချေ၏။ နတ်များက သဒ္ဓါတိဿ အမတ်အား ရေအငတ် မထားလေ....။ နတ်များသည် ဇာတဿရ, အိုင်မှ ရေကို ကိုယ်တိုင်ခပ်၍ သဒ္ဓါတိဿ,ထံ ပို့လာကုန်၏။ ရေတပေါက်ကို ရွှေစက်၍ ဝယ်ရမလောက် ဒုက္ခရောက်နေချိန်တွင် သဒ္ဓါတိဿ,အမတ်မှာ သူ၏စေတနာ အကျိုးကြောင့် ရေမိုးမရှား ဖြစ်လေကုန်၏။

သို့သော်.... သဒ္ဓါတိဿသည် သံဃာတော်များကို ဦးဦးဖျားဖျား လူဒါန်းရန် အမှတ်ရလေ၏။ "ရေအလှူခံကြွတော်မူပါဘုရား" ဟူ၍ သံဃာတော်များကို ပင့်လျှောက် ကြွေးကြော်

ခြင်းပြုလေသည်။ ထိုအခါ-သုံးသောင်းမျှသော ရဟန္တာအရှင် သူမြတ် တို့သည် သဒ္ဓါတိဿ အမတ် အိမ်သို့ ကောင်းကင် ခရီးဖြင့် ရေအလှူခံရန် ကြွလာကြလေရာ.... သဒ္ဓါတိဿ,သည် တပါးလျှင် ရေအိုးတလုံးကျစီ ဆက်ကပ် လှူဒါန်းသော်ငြား လည်း သူ၏စေတနာအဟုန်ကြောင့် ရေမှာ လှူ၍မကုန်နိုင်အောင် ဖြစ်လေ၏။

ထိုရောအခါ၌လည်း ဘုရင့်ထီးချက်စောင့် နတ်သမီးက သာဓု သုံးကြိမ် ခေါ်၍ ပူဇော်ခြင်း ပြုလေရာ....၊ မင်းကြီးက "အဘယ်ကို သာဓုခေါ်သနည်း"ဟု မေးပြန်လေ၏။ နတ်သမီး လည်း သဒ္ဓါတိဿ၏ ရေအလှူတော်ကို သာဓု ခေါ်ကြောင်း ပြောကြားလျှင် မင်းကြီးသည် သဒ္ဓါတိဿအား ရှေတော် ခေါ်၍ သူ၏ စေတနာ သဒ္ဓါတရားကို ပူဇော်သည့် အနေဖြင့် နောက်ထပ် ရွာတရွာကို ထပ်မံ၍ အပိုင်စားသနား ချီးမြှင့်တော် မူလိုက်ပြန်၏။

ထိုရွာကား 'အန္တရဂင်္ဂါ'ဟူ၍ အမည်တွင်၏။ မြစ်ဘဖက်ကမ်း မှတဖက်ကမ်းသို့ လှေဖြင့်ကူသယ်ခေါက်သယ်ကူးပို့သော ကူးတို့ ဆိပ်ရွာဖြစ်လေသည်။ သဒ္ဓါတိဿသည် ဘုရင်ကအပိုင်စား ချီး မြှင့်လိုက်သော သူပိုင်'အန္တရဂင်္ဂါ'ရွာသို့ တခါတခေါက် သွား ရောက်ကြည့်ရှုလည်ပတ်လေ၏။

သာယာကြည်နူးဘွယ်ကောင်းသော တော သဘာဝရှုခင်း မျှားသည် လူ့စိတ်ကိုဆွဲဆောင်လျက်သူတို့ ရှုခင်းထဲ၌ နစ်မြုပ် နေအောင် ဆွဲ၍နှစ်ထားတတ်၏။သဒ္ဓါတိဿသည် အန္တရဂင်္ဂါ ရွာသို့မရောက်မီ လမ်းခရီးအကြား ကဏ္ဍဒွါရ,အရပ်သို့ရောက်

သွားသောအခါ သဘာဝ၏ဆွဲဆောင်မှုကြောင့် သူ၏စိတ်မျှားသည် တော၏ကြည်နူးမှုကို ယစ်မူးလာလေ၏။

တောသို့ရောက်သွားသောအခါ တသွေးတမွှေး တောင်သူတောင်သားတို့၏စိတ်သဘာဝမျှားကူးစက်လာဟန်တူ၏။ ကြံကြံဖန်ဖန် ဘယ်တုန်းကမှစိတ်ကူးထဲ မထည့်မိပါဘဲလျက် ဥဒေါင်းသားကိုစားချင်စိတ် ပေါ်လာသည်။ ဥဒေါင်းသားကို သူ၏သွေးက တောင်းဆိုလာသည်။

"ဒီရွာမှာ ဒေါင်းသားမျှား မရနိုင်ဘူးလား"

မနေနိုင်သည့်အဆုံး၌ ရွာသားမျှားအား ဒေါင်းသား ရ,မရ မေးမိသည်အထိသူ၏အာသာဆန္ဒပြင်းပြလာလေသည်။သို့သော် ချိုးသား၊ခါသား၊ တောကြက်သားမျှားသာ ရ၏။သူ စားလိုသော ဒေါင်းသားကိုကား မရပေ။ သို့ကြောင့် သဒ္ဓါတိဿမှာ ဒေါင်းသားအတွက် ဘဝင်မကျနိုင်ဘဲစိတ်ထဲတွင်ခိုးလိုးခုလုကြီးဖြစ်နေစဉ်၊ နတ်မျှားကပို့ဆောင်သဖြင့် တကောင်သောဒေါင်းသားကို ရရှိလာလေ၏။

ထိုအခါ သဒ္ဓါတိဿ၏ ဦးတည်ချက်ကား၊ ရဟန်း သံဃာသာလျှင်ဖြစ်သတည်း။ စားဦးစားဖျားကို မလှူဘဲ၊ မတန်းဘဲ မည်သည့်အခါမျှ သူစားလေ့မရှိချေ။ "ဒေါင်းသား အလှူခံရန် ကြွတော်မူပါဘုရား"ဟူ၍ နူတ်မြွက် ကြွးကြော်ကာ၊ သံဃာတော်မျှားကို ပင့်ဖိတ်လေ၏။ သံဃာတော်မျှားလည်းကြွရောက်လာကြကုန်လေ၏။

သဒ္ဓါတိဿအမတ်သည် ကြွရောက်လာသမျှသော သံဃာတော်အရှင်သူမြတ်တို့အား သူစားမည့်ဒေါင်းသားကို လှူသော်

ငြားလည်း၊ လှူလေပွဲးလေဆိုရမလေဘက်၊ဒေါင်းသားမှာ လှူ၍ မကုန်နိုင်အောင်ပင် ဖြစ်နေခြင်းကို ထောက်၍ သူ၏ စေတနာသဒ္ဓါတရားမှာ အဘယ်မျှတန်ခိုးကြီးထွားကြောင်း ထင်ရှား၏။။

ထိုအကြောင်းကိုသိလျှင် ထီးချက်စောင့် နတ် သမီးလည်း သာမုံခေါ်ပြန်သော်၊ မင်းကြီးကြား၍ မေး လေသော အခါ၊ သဒ္ဓါတိသာအမတ်၏ စေတနာကြီးထွားမှု၊ သဒ္ဓါတရား ထက်သန်မှုမျှားမှာ ထင်ရှားစွာပေါ်လာပြန်ရကား- မင်းကြီးသည် သဒ္ဓါတိသာ, အမတ်အား ရှေးကနည်းတူ၊ ကြည်ဖြူကောင်ရော် ပူဇော်ပြန်သတည်း။။

စေတီယတောင်သည် သီဟိုဠ်ကျွန်း၏ မီးရှူးတန်ဆောင်အလား၊ အလွန် ထင်ရှားသော တောင်တဘောင်ဖြစ်၏။။ ထို တောင်ထိပ်မှ 'အမွတ္တလ' စေတီကား၊ ကျွန်းသားကျွန်းသူတို့၏ မော်၍ဖူးမြော်ခြင်းကို ခံလျက်ရှိနေ၏။။

တခါသ၌ သဒ္ဓါတိသာမင်းကြီးသည် တိသာအမတ်ကိုခေါ်၍ ထိုစေတီယတောင်သို့ထွက်တော်မူလေသည်။။ ကိစ္စကား-စေတီတော်ကို လုံးတော်ပြည့်ဆေးဒါန်းသင်္ဘန်းတော်ဆက်ကပ်မွမ်းမံလိမ်းကျံရန်အတွက်ဖြစ်လေ၏။။

ထိုလုံးတော်ပြည့် သင်္ဘန်းကပ်ပုံကား၊ လွန်စွာ စည်ကားလှ၏။။ မင်းပုံဆိုသော်လည်း တိသာအမတ်၏ သင်္ဘန်းကပ်ပုံက ပို၍ လွန်းသွားလေသည်။။ အကြောင်းမူကား ထိုဘုရားပုံတော်၌ သူ့အတွက်သက်သက် တိသာအမတ်က သံဃာပေါင်း တသောင်းနှစ်ထောင်ပင့်၍ဆေးဒါန်းရောင် အဆင်းရှိသော သင်္ဘန်းတစုံစီ

လူဒါန်းခြင်းပြုလေသည်။ သက်နှံးဆက်ကပ်ပြီး သံဃာတော်များအား ဤသို့ လျှောက်ထားသည်-

"အရှင်သူမြတ်တို့ဘုရား၊ တပည့်တော် ရိုသေလေးမြတ်စွာပန်ကြား လျှောက်ထားပါသည်။ ဤယခုတပည့်တော် လူဒါန်းသော သက်နှံးများကို သပွါယ်စွာဝတ်ရုံတော်မူကြလျက် စေတီတော်ကို အရှင်ဘုရားများ ရှိခိုးတော်မူသည်ကို တပည့်တော်ဖူးမြော်ကြည်ညိုလှပါသည်ဘုရား"

တိုသာအမတ်က သက်နှံးကပ်ရင်း သူ၏ဆန္ဒကို ဤသို့ ဖော်ကျူး၍ လျှောက်ထားသောအခါ သံဃာပေါင်း သောင်းနှစ်ထောင်တို့သည် သူလူဒါန်းသောသက်နှံးကိုအဝန်းညီစွာ ဝတ်ရုံတော်မူကြပြီးလျှင် စေတီယတောင်ထိပ်သို့ လက်ျာရစ်ခွေပတ်၍ တက်သွားတော်မူကြလေရာ၊ ရဟန်းတို့၏ ဝါဋ္ဌသောသက်နှံး၊ ဆေးဒါန်းရောင်းကြွနေသောပသာဒတို့ကြောင့် စေတီယတောင်ခပန်းတွင် ရွှေဟင်္သာအုပ်ကြီးပျံသန်းနေသကဲ့သို့ ထင်ရလေ၏။

မင်းနှင့်တကွသော ပရိသတ် အပေါင်းတို့လည်း သောင်းသောင်းဖျဖျ၊ဖူးမဝနိုင်အောင်ရှိကြလေကုန်၏။အလှူဒါယကာသဒ္ဓါတိဿအမတ်မူကား၊ လက်အုပ်ချီမိုးကာ ရပ်လျက်ရှိခိုးနေလျက်မှ ရှင်သေနှလုံး၊ပီတိဖုံးကာပြုံးသောကိုယ်ဖြင့် အရဟာတ္တဖိုလ်သို့ ရောက်သွားလေ၏။

ဤသည်ဖြစ်ရပ်များကို သက်သေ သာဓကယူ၍ သူတော်ကောင်းတို့ လိုက်နာ ပြုကျင့်ထိုက်ကြောင်း ကျမ်းပြုဆရာကား အနုသာသနာဩဝါဒ,ပြုခဲ့သောဂါထာကား

"အို....လူအပေါင်းတို့။ ကြည်ညိုသဒ္ဓါ၊ ထက်သန်စ့ာဖြင့်ပြု
အပ်သော သုစရိုက်မှု၊ ကုသိုလ်မျိုးကား၊အိုခြင်း၊နာခြင်း၊ သေ
ခြင်းကင်းရာအမှန်၊ နိဗ္ဗာန်ထုတ်ချောက်၊ မျက်မှောက်ပြုသော
အားဖြင့်ရောက်စေနိုင်သောကြောင့် အံ့ဘွယ်ဖြစ်ပေ၏။ ထိုသို့
အလှူရေစက် လက်နှင့်မကွာ၊ သုစရိုက်မှုကိုမြတ်နိုးလေ့ရှိသူအား
နတ်,လူတို့က မျက်မှောက်၌လည်း သာဓုနုမော်ခေါ်ကြကုန်၏။
မျက်ကွယ်၌လည်း ကျေးဇူးသတင်း၊ ချီးမွမ်းခြင်း ပြုကြကုန်၏။
ထိုအကြောင်းကို ကောင်းစ့ာ သိကြပြီး ဖြစ်ကြသည့်အား
လျော်စ့ာ၊ကုသိုလ်ကောင်းမှုကိုအဆက်မပြတ်ပြုကြကုန်။ကုသိုလ်
မပျိုး၊အကျိုးမပြီး၊ အချည်းနှီးသောကာလကို မကုန်လွန်စေကြ
ကုန်လင့်"

(၇)

သုမနဂါမ

သီဟိုဠ်ကျွန်း၏ အခေါင်အဖျား ထင်ရှား ကျော်စောသော တောင်များစာရင်းတွင် သုမနတောင်,သည် ဂေဇက်ဝင် တောင်တတောင် ဖြစ်လေသည်။ သုမန, သဒ္ဒါကား- မြတ်လေးပန်း ဟူသော အနက်ကိုဟော၏။ အထူးသဖြင့် ထိုတောင်၏ အမှတ်ဘံဆိပ်သည် မြတ်လေးပန်း ဖြစ်လေသည်။ အဝေးကနေကြည့်လျှင် မြတ်လေးပန်းကို ပန်ဆင်ထားဘိသည့်အလား၊တတောင်လုံး မြတ်လေးပန်းများဖြင့် ဖုံးနေ၏။ မြတ်လေးပန်း အလွန်ပေါသော တောတောင်ဖြစ်လေသည်။

ဤသို့ မြတ်လေးပန်းပေါသည်ကို အစွဲပြု၍ ထိုတောင်ကို သုမနတောင်,ဟု ခေါ်ခြင်းဖြစ်၏။ ထိုသုမနတောင်ခြေ၌ အလွန်သာယာသောရွာတရွာရှိသည်။ယင်းသည့်ရွာကိုလည်း တောင်ကို အမှီပြု၍ သုမနဂါမ,ဟူ၍ပင် တွင်စေလေ၏။

အခါတပါး၌ သီဟိုဠ်ကျွန်းသား ရဟန်းတော် တကျိပ်နှစ်ပါးသည် ပရိက္ခရာရှစ်ပါး ကိုယ်စီ လွယ်လျက်၊ တရွာဝင် တရွာထွက်ဆိုသလို တန်ခိုးကြီးဘုရားများကို နေရာအနှံ့အပြား လှည့်လည်၍ဖူးကြလေသည်ရောက်ရာတွင်ဖြစ်သလိုအိပ်ကြလျက် မှီရာမြို့ရွာဝင်၍ ဆွမ်းခံစားကြ၏။

သံဃာတကျိပ်နှစ်ပါးပါသော ထိုဘုရားဖူးအဖွဲ့သည် အစဉ်အတိုင်း လှည့်လည်၍ ဘုရားဖူးကြရာမှ အထက်အဆိုပါ သုမန

ဂါမ,သို့ နေဝင်ချိန်တွင် ဆိုက်ရောက်သွားကြသည်။ရွာသို့ရောက် ကြသော်လည်း ထိုဘုရားဖူးအဖွဲ့သည် အချိန်မလှ စကျနေ ခြင်း၊ ရဟန်းတပါးအား ပြုစုရသော ဝတ္တရားမှာ မသေးလှ သောကြောင့် မိမိတို့အဖွဲ့မှာ တစ်ပါပ်နှစ်ပါး ရှိသဖြင့် ပြုစုရသူ တို့အား ကရိကထ တာဝန်မပေးလိုခြင်း တို့ကြောင့် ရွာ၌ငင်း၊ ကျောင်း၌ငင်း တည်းခိုခြင်း မပြုကြလေကုန်ဘဲ၊ ရွာ့အရှောက်၊ သုမနတောင်ခြေရှိ ကညင်ပင်ကြီးအောက်၌ ဝင်ရောက် စဘဲ ချကာ ညအိပ်ကြလေသည်။

ညသည်တိတ်ဆိတ်ငြိမ်သက်နေ၏။မှုန်ပျပျလရောင်အောက်၌ ကညင်ပင်ကြီးသည် ဝိုးတဝါးထင်နေ၏။ ခရီးပင်ပန်း နွမ်းနယ် လှရကား၊ ဘုရားဖူးအဖွဲ့ ကိုယ်တော်များလည်း တခေါခေါနှင့် အိပ်မောကျနေပြီဖြစ်၏။

တပါးသောရဟန်းမူကား....မပင်ပန်းလေတော့သည့်အလား ကျိန်းစက်ခြင်း မပြုသေးဘဲ ရှိနေ ပေသည်။ ညအခါသည် တိတ်ဆိတ်၍ သူတော်ကောင်း ပုဂ္ဂိုလ်တို့အဘို့ ကမ္မဋ္ဌာန်းစီးဖြန်း ရန်၊ သမထ ဝိပဿနာ တရား ပွားများရန်၊ ဗုဒ္ဓ၏သြဝါဒ ဓမ္မကထာများကိုမမေ့မလျော့က်ရအောင်ရွတ်ဖတ် သရဇ္ဈာယ်ရန် အကောင်းဆုံး အချိန် ဖြစ်သည့် အလျောက်၊ ထိုရဟန်းသည် ကဿပ ဘုရားသခင် ဟောကြားတော်မူခဲ့သော ဂါထာလေး ပုဒ်ကို ရွတ်ဖတ် သရဇ္ဈာယ်၍ နေလေ၏။ ထိုဂါထာများကား- သုတသောမ မင်းကြီးသည် ထိုဂါထာများကို နာလိုသော ကြောင့်တပုဒ်လျှင်အသပြာတထောင်ကျပူဇော်၍နန္ဒပုဏ္ဏားထံမှ တဆင့် နာယူရသောထောင်တန် ဂါတာလေးပုဒ်ဖြစ်သတည်း။

ထိုကညင်ပင်၌ ရဂ္ဂစိုးနတ်သည် ရှိ၏။ ထိုရဂ္ဂစိုး နတ်သည် ရဟန်းတော် ရွတ်ဖတ်သရဇ္ဈာယ်နေသော ကဿပဘုရားတရား တော် ဂါထာများကို ရိုသေစွာ ဆင်းမျှ တရားနာနေသည်ကို ရဟန်းတော်ကား သိရှိတော်မမူလေ....။ အကြိမ်ကြိမ် အဖန်ဖန် ရွတ်ဖတ်ကာသာနေလေသည်။ တဖုန်လျှင် တထောင်တန်သော ထိုဂါထာလေးပုဒ်မှာ....

(၁) သကိ ဒေဝ မဟာရာဇ၊
သဒ္ဓိ ဟောတိ သမာဂမော၊
သာနံ ပါလေတိ သဂ်္ဂံ၊
နာ သဒ္ဓိ ဗဟုသဂ်္ဂမော၊ ။

(၁) "မြတ်သောမင်းကြီး၊ အကြင်သူအား ပညာရှိ ပုဂ္ဂိုလ် တို့နှင့် တကြိမ်တခါမျှ ပေါင်းဖက်မိခြင်း ဖြစ်ရ၏။ ထိုသူကို တကြိမ် တခါမျှသော ထိုပေါင်းဖက် မိခြင်းက ပစ္စုပ္ပန်ပြစ်၊ သံသရာပြစ် မဖြစ်ရအောင်၊ မကျရောက်ရအောင် စောင့် ရှောက်၏။

(၂) သဒ္ဓိရေဝ သမာသေထ၊
သဒ္ဓိ ကုဗ္ဗေထ သန္ထဝံ၊
သတာ သဒ္ဓမ္မ မညာယ၊
သေယျော ဟောတိ နပါပိယော၊ ။

(၂) "ထို့ကြောင့်....သူတော်ကောင်းတို့နှင့်သာလျှင်ပေါင်း ဖက်ရာ၏။ သူတော်ကောင်းတို့နှင့်မိတ်ဆွေဖွဲ့ခြင်း၊ အပေါင်း အသင်း လုပ်ခြင်းကို ပြုရာ၏။ သူတော်ကောင်းတို့ ချမှတ်

ထားခဲ့သော မှန်ကန်သော တရားလမ်းစဉ်ကိုသိ၍ အသက်ရှင်ခြင်းသည် မြတ်၏။ မည်သည့် အခါမျှ ယုတ်မာခြင်းမဖြစ်"

(၃) ဇိ ရန္တိ ဝေ ရာဇရထာ သုစိတ္တာ၊
အထော သရီရံပိ ဇရံ ဥပေတိ၊
သကဉ္စ ဓမ္မော နဇရံ ဥပေတိ၊
သန္တော ဟဝေ သဗ္ဗိ ပဝေဒယန္တိ၊ ။

(၃) "မြတ်သောမင်းကြီး၊ မဆွေးနိုင် မမြေနိုင်၊ ခိုင်ခန့်စွာ အဆန်းတကြယ် ပြုလုပ်ထားအပ်ကုန်သော မင်းစီး ရထားတို့သည် တန့်ကျသော် စင်စစ်မုချ၊ ဆွေးမြေခြင်းသို့ရောက်ကြရမြဲဖြစ်ပေ၏။ ထို့အတူ၊ ခန္ဓာကိုယ်သည်လည်း တန့်ထက်တန့်၊ တရွေ့ရွေ့အိုမင်းခြင်းသို့ ရောက်သည်သာတည်း။ မည်သည့်အခါမျှ မဆွေးမမြေသည်ကား သူတော်ကောင်းတရားဖြစ်၏။ စင်စစ် သူတော်ကောင်းတို့မည်သည် သူတော်ကောင်းတို့နှင့်သာ ပြောဘက်၊ ဆိုဘက် ပြုကြကုန်သတည်း"

(၄) နဘံစ ဒူရေ ပထဝီစ ဒူရေ၊
ပရံ သမုဒ္ဒဿ တဒါဟု ဒူရေ၊
တတော ဟဝေ ဒူရတရံ ဝဒန္တိ၊
သတံဓမ္မ အသတဉ္စ 'မဟာရာဇ၊ ။

(၄) မြတ်သောမင်းကြီး။ ကောင်းကင်သည်လည်းမြေကြီးနှင့်ဝေးလံလှ၏။ မြေကြီးသည်လည်း ကောင်းကင်နှင့် အလွန်လျှင် ခရီးဝေးကွာလှ၏။ သမုဒ္ဒရာ၏ ဟိုဘက်ကမ်း နှင့်သည်မှာဘက် ကမ်းသည်လည်း ဝေးလံလှ၏၊ မြတ်သောမင်း

ကြီး၊ စင်စစ် ထို့ထက်အလွန် အထူးသဖြင့် ဝေးလံလှသည်ကား- သူတော် တရားနှင့် သူယုတ်တရား ဖြစ်သတည်း, ဟု ဘုရားအစရှိသော သူတော်ကောင်းတို့ ဆိုကုန်၏။

ထိုရဟန်းသည် "သတသဟဿာဒရဟ" မည်သော ဤသည့် ထောင်တန်ဂါထာ ရွတ်ဆိုပြီးနောက် ကျိန်းစက် သွားလေ၏။ ကညင်ပင်၌နေသော ရက္ခစိုးနတ် တယောက်သည်းတည်း ရွတ်ဆို သွားသော တရားသံကို စိတ်ဝင်စားရင်း ကျန်ခဲ့လေ၏။

ပဂ္ဂိုလ်ခင်မှ တရားကိုမင်သည် ဆိုသော်လည်း ရက္ခစိုးနတ် အဖို့တွင်မူ ပြောင်းပြန် ဖြစ်နေ၏။ တရားကို စဲလမ်း ခင်မှကို အခြောင်းပြု၍ ရွတ်ဆို သွားသော ပဂ္ဂိုလ်နှင့်တကွ ဘုရားဖူး သံဃာအဖွဲ့ကို ကြည်သိုလာလေသည်။ အနည်းဆုံး ဆွမ်းကလေး တထပ်လောက်တော့ ဖြင့် ကပ်လိုက်ချင်စမ်း ပါဘိ ဟုသော စေတနာဆန္ဒမျိုး ဖြစ်ပွါးလာ၏။

သို့ကြောင့်လည်း နံနက် မိုးသောက် အလင်းသို့ ဆောက်လာသော်အခါ၊ ဘုရားဖူး သံဃာတော်များ ထိုကညင်ပင် စခန်းမှ တထောက် ရှေ့သို့ ခရီးလျှောက်ရန် ပြင်ဆင်နေချိန်၌ ဒါယကာ တယောက် ရေးကြီးသုတ်ပြာနှင့် ရောက်လာပြီး ဤသို့လျှောက် လေသတည်း။

"အရှင်ဘုရားတို့၊ ဆိုင်းငံ့တော်မူပါဦး၊ ကြွတော်မမူပါနှင့် ဦးဘုရား။ အရှင်ဘုရားများအား ဆွမ်းတထပ်လောက် ကပ်လှူလိုပါသည်။ တပည့်တော်၏ စေတနာကို ငဲ့ကွက် ထောက်ထားသောအားဖြင့် လက်ခံတော်မူပါဘုရား။ ဤကညင် နန်းကား တပည့်တော် စိုးပိုင်သော ဗိမာန် ဖြစ်ပါသည်။ ထိုဗိမာန်ကို

ကျောင်းသခ်မ်းပြု၍ သီတင်း သုံးတော်မူရန် ကိုလည်း တပည့်တော် လျှဒါန်းပါသည်”

လျှောက်လာသူ ဒါယကာကား ရုက္ခစိုးနတ် အဖြစ်မှ ဘဝသစ်၊ တဖြစ်လဲထားသော ကညင်စောင့်နတ် ဖြစ်လေသည်။ လူ့အသွင်ပြောင်း၍ ဆယ်ချောင်းသော လက်မျှားကို ထိပ်ထက်မိုး၍ ရှိခိုးကာ ဆွမ်းစားပင့်နေခြင်း ဖြစ်၏။ သံဃာတော်များလည်း တုဏှီဘာဝ၀၊ တိတ်ဆိတ်နေခြင်းဖြင့် လက်ခံလိုက်ကြကုန်၏။

သတ္တဝါဟူသမျှတို့ကား၊ကံစီမံရာကိုသာ နာခံကြရ၏။ ကံဆိုသည်မှာလည်း အတိတ်ဘဝက မိမိပြုခဲ့ဘူးသော ကောင်းမှု၊ မကောင်းမှုပင်တည်း။ ကောင်းသော အမှုကိုပြုခဲ့လျှင် ကောင်းသောအကျိုး၊ ချမ်းသာသော စည်းစိမ်ကို ခံစား ရ၍၊ ဒုစရိုက်မှုအကုသိုလ် အလုပ်မှားကို လုပ်ခဲ့လျှင်လည်း ၎င်းပြုခဲ့သော အကုသိုလ်အလျောက်၊ ဆင်းရဲမွဲတေခြင်း စသော ဒုက္ခမှ မည်သူမျှ ရှောင်လွဲ၍မရချေ။

ထို့ကြောင့်....လူတိုတွင် လူဆင်းရဲ၊ လူမဲ၊ လူချမ်းသာ ရှိသကဲ့ပင်၊ နတ်လောက၊ ဗြဟ္မာလောကဋ္ဌလည်း ဆင်းရဲသောနတ်၊ ချမ်းသာသောနတ် ဟူ၍ ပြုခဲ့ဘူးသော ကုသိုလ်, အကုသိုလ် အလိုက် ဖြစ်လေ့ရှိသည်ဖြစ်ရာ....အဆိုပါ ရုက္ခစိုးနတ်မှာမူကား-နတ်ဖြစ်ရသော်လည်း ကုသိုလ်ကံ နဲခဲ့သောကြောင့် နတ်ဆင်းရဲနတ်မဲကလေး ဖြစ်နေရှာလေ၏။

သူသည် ဘုရားဖူး သံဃာ့အဖဲ့အား ဆွမ်းစားပင့်ထားသော်လည်း၊ ဘဝက ချပေးထားသော သူ၏အာဟာရ၊ သူ၏အစားအစာကား နတ်ထမင်းလည်း မဟုတ်၊ နတ်သုဒ္ဓါ၊ နတ်ဩဇာ

လည်း မဟုတ်၊ လူ့အစား အစာ၊ လူ့ထမင်းလည်း မဟုတ်၊ သူနေ့စဉ် မှီဝဲနေရသော အာဟာရကား ကစ္ဆန်းရွက်ပြုတ်သာ လျှင်ဖြစ်လေသည်။

သို့ကြောင့်ပင် ရုက္ခစိုးနတ်သည် သူ တတ်နိုင်သော ကစ္ဆန်းရွက်ပြုတ်များဖြင့်သာ ဆက်ကပ် လှူဒါန်းလေ၏။ ဤသို့ကစ္ဆန်းရွက်ပြုတ်ဖြင့် ဆွမ်းလုပ်ကျွေးရသည်ကို ကျေနပ်ခြင်း မရှိသော်ငြားလည်း သူ့အဖို့ ဤကစ္ဆန်းရွက်ပြုတ်ထက် လွန်၍ ဘာကိုမျှ မတတ်နိုင်ရှာ။ သံဃာတော်များလည်း ဒါယကာ နတ်မင်း၏ စေတနာကိုင့်၍ မြိန်ရှက်စွာပင် ဘုဉ်းပေးတော်မူကြကုန်၏။

ဆွမ်းစားပြီးသောအခါ....“ဒကာ၊ ငါတို့ သွားကြကုန်အံ့၊ ခွင့်ပြုလော့”ဟူ၍ ဆိုလေသော်....ကစ္ဆန်းရွက်ပြုတ်ဖြင့် လှူဒါန်းရသည်ကို အားမလို၊ အားမရ ဖြစ်နေသော ရုက္ခစိုးက ရှိခိုး၍ တောင်းပန်ပြန်လေ၏။

“အရှင်ဘုရားတို့ ...ယနေ့အဖို့ ကြမ်းတမ်း ခက်တရော်လှသော သစ်ရွက်ကိုသာ အရှင်ဘုရားများ ဘုဉ်းပေးတော်မူကြရပါသည်။ တပည့်တော်၏ စေတနာကိုင့်၍ ဤသို့ဘုဉ်းပေးတော် မူကြသည့် အတွက် တပည့်တော်မှာ အတိုင်းထက်အလွန် နှစ်သက်ခြင်းဖြစ်ရပါသည်။ ထိုထက် ကောင်းမွန်သော စမြိန်စာများကိုဘုဉ်းပေးတော်မူစေလိုပါသောကြောင့် နောက်ထပ်တရက်တာမျှ ဆိုင်းငံ့တော်မူပါရန် တောင်းပန်သည်ဘုရား။ မနက်ဖြန့်ဆိုလျှင် တပည့်တော်၏မိတ်ဆွေ နတ်သားတပါး ကြွလာပါလိမ့်မည်။ သူကား တပည့်တော်ကဲ့သို့ ဆင်းရဲ မွဲတေသူ မဟုတ်ပါ။ အလွန် တန်ခိုးကြီးပါသည်။ သူ တပည့်တော်ဆံတရက်ခြားလာမြဲဖြစ်၍ မနက်ဖန်ဆက်ဆက် သူ ရောက်လာပါလိမ့်မည်။ သူသည် နတ်၌ ဖြစ်

သော ကောင်းသော အစားအစာမျိုးကိုသာ အမြဲ မှီဝဲလေ့ရှိ ပါသည်။ အရှင်ဘုရားမျိုးသည် သူဆင်းကပ်သော နတ်ဆွမ်းကို ဘုဉ်းပေးတော်မူ ပြီးမှ ကြွတော်မူပါ ဘုရား။ တပည့်တော်၏ မိတ်ဆွေ နတ်သား ကိုယ်စား ဆွမ်းအလှူခံ တော်မူပါရန် လေး မြတ်စွာ ပင့်လျှောက်ပါသည်ဘုရား"

သို့နှင့်ပင် သံဃာတော်မျိုးသည် ဒါယကာ နတ်သား၏ တောင်းပန်ချက်အရ တရက်တာမျှ ဆိုင်းငံ့၍ နောက် တနေ့ ဆောက်လေသောအခါ၊ ထိုနတ်သားသည် အခြေအရံများစွာ ခြံရုံလျက် ထိုကညင်ပင်နန်းသို့ ရောက်လာလေသည်။

ခက္ခစိုးနတ်ကဆီး၍ အကျိုးအကြောင်းပြော၍ ထိုနတ်သား သည် များစွာ နှစ်ထောင်းအားရခြင်းဖြစ်ကာ သံဃာတော်များ အား ရိုသေစွာ ကန်တော့လေ၏။ ကညင်ပင်အောက်၌ ခြောက် သွေ့စွာ သံဃာတော်များ သီတင်းသုံးတော်မူနေကြရသည်ကို မရှုလိုသဖြင့် ရုတ်ခြည်းပင် နတ်မင်္ဂလာပ်ကြီးတဆောင်ကို တောက် ပြောင်ဝင်းပစွာ ဖန်ဆင်းလိုက်ပြီးလျှင် ကျောင်းတော်အမှတ်ဖြင့် သီတင်းသုံးတော်မူပါရန် လျှောက်ထားလေ၏။

ထိုနတ်သား၏ဘုန်းကြက်သရေကား၊ ကြီးမားလှ၏။ အချေ အလှုကေရီ၊ နတ်ဒေဝီပျိုကညာများ တဘက်ငါးရာခြံရုံ၏။ နတ် ကခေါ်သည်များနှင့်တကွ၊ နတ်၌ဖြစ်သောတူရိယာငါးပါး၊ နတ် ၌ဖြစ်သော အစာအာဟာရ စသည်တို့ဖြင့် နတ်ပြည်မှ နတ်ဘုံ ကျရောက်ပြီး ပေါက်လာသကဲ့သို့၊ စော စော ပိုင်း က သွေ့ ခြောက်ခြောက်နှင့် ပျင်းရိငြီးငွေ့ဘွယ်ကောင်းခဲ့သည်နှင့်အမျှ၊ ယခုအချိန်တွင်မူ ထိုကညင်ပင်နန်းမှာ စိုစိုပြေပြေနှင့် လွန်စွာ ကြက်သရေရှိလာလေ၏။

ထိုနတ်သားအမှူးပြုသော အပေါင်းပါနတ်သမီး၊နတ်သား တို့က သံဃာတော်များအား ရှေးဦးစွာ ယာဂုဆွမ်း ကပ်သည်။ ထိုနောက်အတန်ကြာ၌ မုံ့ခဲဘွယ်များ ကပ်သည်။ ထို့နောက် ကာလခြား၍ ဆွမ်းစား၌ရောက်သောအခါ နတ်ထမင်း၊ နတ်ဟင်း၊ နတ်သုဒ္ဓါအဖုံဖုံဘို့ဖြင့် ဆက်ကပ်လုပ်ကျွေးလေ၏။

သံဃာတော်များသည် နတ်ဆွမ်းကို ဘုန်းပေးတော်မူကြပြီးနောက်၊ ထိုနတ်သား၏ ကြီးမားလှစွာသောစည်းစိမ် ချမ်းသာကို အကြောင်းပြု၍ အောက်ပါ ဂါထာမျှဖြင့် နတ်သား၏ အတိတ်ဘဝ,ဖြစ်စဉ်ကို မေးမြန်းတော်မူကြလေကုန်၏။

(၁) "အို....ဒါယကာ နတ်သား၊ သင်ကား ကြီးသော တန်ခိုးဩဇာနုဘော်လည်းရှိပေ၏။ အဆင်းလည်း လှပေ၏။ အရပ်ထက်ဝန်းကျင်၌ ကိုယ်ရောင်ကိုယ်ဝါလည်းထွန်းလင်းတောက်ပပေ၏။စာမရီသားမြိုးယပ်၊ ဥဒေါင်းမြိုးယပ် ခတ်လျက်၊နတ်ဒေဝီအမျှားကလည်း သင့်အားခြံရံ၍ ရပ်တည်ကုန်၏။

(၂) နတ် ကချေသည်၊ နတ်အဆိုတော်တို့လည်း လှန်စွာမျှားပြားလှကုန်၏။ သူတို့သည်ကကြိုး၊ကကွက်မျိုးစုံ က,ပြ၍ဝင်း၊သီချင်းမျိုးစုံဆိုကျူးကြ၍ဝင်း၊သင့်အား ဖျော်ဖြေလျက်တည်ကုန်၏။

(၃) စောင်း၊ ပလွေ့စသော တူရိယာမျှားကို ကိုင်မြှောက်ကြကုန်လျက်၊ သီချင်းသံနှင့်တီးမှုတ်သံ, စီးကိုက်ဝါးကိုက်၊သာယာနာပျော်ဘွယ် ဆိုသူကဆို၍ တီးသူက တီးမှုတ်ကြကုန်၏။ ကြက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော

ပဲ့သဘင်အလယ်၌အချို အချိုသော ဒေဝကညာ၊နတ်သူဇာ ကလေးများက ချေင်းဆို၍သင့်ကိုနှစ်သက်စေကြကုန်၏။

(၄) စည်တော်ကြီး၊ ထက်စည်၊ မရိုးစည်၊ စည်သာတို့ သည်လည်းများလှစွာကုန်၏။ ကြေးနင်း၊ ခွက်ခွင်းစသော ကြေးနှင့် စပ်သမျှ တူရိယာတို့လည်း များလှစွာကုန်၏။ နှဲ၊ ပလွေ၊ ခရာ စသော လေနှင့်ပတ်သက်မျှ၊ တူရိယာတို့ လည်း များလှစွာကုန်၏။ ထိုတူရိယာအားလုံးကို စနစ်တကျ ကိုင် ဆောင်ကြကုန်လျက် ရှင်ရှင်ပျပျ စီးဝါးကိုက်အောင် တီး မှုတ်ကြကုန်၏။

(၅) ဝင်းဝင်းပျံပ၊ အရောင်ထနေသော ရွှေခွက်များ၌ နတ်သုဒ္ဓါ၊နတ်ထမင်းများကိုထည့်ပြီးလျှင် မြှောက်ချီစေ လျက်၊သုံးဂါဝုတ်ရှိသောအရပ်ထက်ဝန်းကျင်၌အုံဘွယ်သရဲ ထူးကဲစွာရပ်တည်စေပြီးသော်၊ သင်သည် ငါတို့အား ရှင် လန်းဝမ်းမြောက်အောင်ပြုပေ၏။

(၆) အို....ဒါယကာနတ်သား။ သင့်ကို ငါတို့မေးလို ပေကုန်၏။ ရှေးလူဖြစ်စဉ်အခါက၊အဘယ်သို့သောကုသိုလ် ကောင်းမှုမျိုးကို သင်ပြုခဲ့ပါသနည်း၊ သင်၏ကျင့်ဝတ်ကား အဘယ်ပါနည်း။မြတ်သောအကျင့်ဟူသည်အဘယ်ပါနည်း၊ ဤမျကြီးကျယ်မြင့်မြတ်သောအကျိုးကို ခံစား၊ စံစားနေရ ခြင်းကား အဘယ်မည်သော ကောင်းမှု၊ အဘယ်မည်သော အလေ့အကျင့်ကြောင့်ဖြစ်ပါသနည်း။

ထိုသို့ သံဃာတော်များကမေးလေသောအခါ၊ ဆုမ်းဒါယ ကာနတ်သားက အောက်ပါရှစ်ဂါထာဖြင့် မိမိ၏ အတိတ်ဘဝ ဖြစ်စဉ်ကိုတင်ပြလျှောက်ထားလေ၏။

(၁) "အရှင်သူမြတ်တို့ဘုရား။ သီဟိုဠ်ကျွန်း အပြင်၌ မိဿကတောင်ဟူ၍ရှိပါသည်။ထိုမိဿကတောင်တွင်နာမည်ကျော် ကျောင်းတိုက်ကြီးပေါင်း များစွာ ရှိပါ၏။ စေတီတော်၊ပုထိုးတော်တို့ဖြင့် အထူးပင် တင့်တယ်ပြီး၊ ဆင်းတုတော် ရုပ်ပွားတော်တို့မှာလည်း အစဉ်လိုက်၊ အတန်းလိုက် ဦးခိုက်၍ ဖူးမဝအောင်ပင် သပ္ပါယ်လှပါသည်။

(၂) တောင်၏ ထက်ဝန်းကျင် အရပ်တို့၌ ရွှေညောင်ဗောဓိတို့ကား သီရိကြက်သရေ၊ တက်ဖြိုးဝေနေကြပါ၏။ အတက်အဆင်းလွယ်ကူစေရန်ဖြောင့်လျှင်ဖြောင့်လိုက်၊ကွေ့လျှင် ကွေ့လျောက် တည်ဆောက်ထားသော စောင်းတန်းလှေကားများ၊ အာရုံခံ တန်ဆောင်းကြီးများဖြင့်လည်း ကြွားကြွားဝင့်ဝင့် တင့်တယ်လှပါ၏။များစွာသောရေတွင်းရေကန်များဖြင့်လည်း ခြုံရံထား၏။ ကန်တွင်း၌ ပွင့်သော ပန်းရနံ့တို့ဖြင့်လည်း တပျံ့ပျံ့ထုံသင်းလျက်ရှိနေပါ၏။

(၃) ခုနစ်ရာ့ နှစ်ဆယ်မျှသော ပရဝုဏ်တို့သည်လည်း တောင်၏ထက်ဝန်းကျင်၌ အလွန်လျှင် ရှုချင့်စဖွယ်ကောင်းလှပါသည်။ထိုမိဿကတောင်ရှိ မဟာဝိဟာရကျောင်းတိုက်၌ အကျင့်သီလနှင့်ပြည့်စုံပြီး သာသနာတော်၌ လွန်စွာမွေ့လျော်တော်မူကြကုန်သောမင်းညီမင်းသား၊မဟာမျိုး မဟာနွယ် ရဟန်းတော်အများသီဘင်းသုံးနေထိုင်ကြပါသည်။

(၄) အရှင်သူမြတ်တို့ဘုရား။ ဘုရားတပည့်တော်သည် ဤဘဝမှနစ်ခုမြောက်ဖြစ်သော လူ့ဘဝ၌ ထိုမဟာဝိဟာရကျောင်းတိုက်ကြီးတွင်ရဟန်းဝတ်ဖြင့်နေထိုင်ခဲ့ဘူးပါသည်။ ထိုသို့တပည့်တော် ရဟန်းဝတ်ဖြင့်နေစဉ်အခါက သဒ္ဓါဓုရ,

သီလဓုရ,ဟူသောတာဝန်နှစ်ရပ်ကို ထမ်းဆောင်လျက်၊ ရတနာသုံးရပ်ကိုအမြဲမပြတ်ဆည်းကပ်ကိုးကွယ်၍နေခဲ့ပါသည်။

(၅) အခါတပါးတွင် စာရေးတံမဲချရှ် ပေါက်သော ရဟန်းများကို ဒါယကာများကပင့်သွားကြပြီး၊ ဆွမ်းကျွေးခြင်းပြုကြပါသည်။ ရဟန်းတော်များလည်း ဒါယကာတို့လှူဒါန်းသောဆွမ်းကို ဝမ်းမြောက်စွာဘုန်းပေးကြရပါသည်။

(၆) တပည့်တော်သည်လည်းစာရေးတံမဲကျခဲ့၍တပည့်တော်အတွက်ရရှိခဲ့သော ငေစုကိုထက်ဝက်ခွဲပြီးသံဃာတော်များအားလှူဒါန်းခဲ့ပါသည်။ ထိုသို့ လှူဒါန်းခဲ့ခြင်းမှာ ပေးလှူခြင်းသည် အကျိုး ရှိ၏ဟု လှိုက်လဲစွာ ယုံကြည်သည်တကြောင်း၊ဘုရားသခင်၏အတိုင်းမသိသောတန်ခိုးတော်ကို နှလုံးသွင်းသည်တကြောင်း။ထို့ကြောင့်လှူဒါန်းခဲ့ခြင်းဖြစ်ပါသည်။

(၇) ငါလှူသောအလှူကားမြတ်၏။ ဤသို့လှူခြင်းသည်မြတ်သောကျင့်ဝတ်တခုဖြစ်၏။ဤသို့နှလုံးသွင်းရှုပြုခဲ့သောကောင်းမှုကြောင့်၊ ထိုရဟန်းဘဝမှစုတေသောအခါ ဘုမ္မစိုးနတ်ဖြစ်လာပြီး များမြတ်သောစည်းစိမ်ကို ရရှိခြင်းဖြစ်ပါသည်။

(၈) အရာ,အထောင်, များ မြောင် လှ သော သံဃာတော်အား၊ယုံကြည်သဖြင့် လှူအပ်သောအလှူသည် အနည်းငယ်ပင်ဖြစ်စေကာမူ များစွာအကျိုးရှိပါသည်။ဥပမာအားဖြင့် ကောင်းစွာ စိုက်ပျိုးအပ်သော မျိုးစေ့ကလေး တစေ့သည် စိုက်ပျိုးသူလယ်သမား၏စိတ်ကို စင် စစ် နှစ်သက်စေသည်နှင့် တူလှပါသည်ဘုရား”

ဆွမ်းဒါယကာနတ်သားသည်သူ၏နှောင်းအတိတ်မှ ပြုခဲ့ဘူးသော ကောင်းမှုရိပ်ကို အထက်ပါအတိုင်း လျှောက်ထားစဉ် သံဃာတော်များက ထိုနတ်သား၏ကျေးဇူးတော် ဂုဏ်သတင်းကိုရောက်လေရာရာအရပ်တို့၌ ဖော်ကျူးဟောကြားကုန်လျက် ညောင်စေ့ဓလောက်ပင်လှူသော်လည်း၊ စေတနာထားတတ်လျှင် ညောင်ပင်ကြီးလောက် အကျိုးကြီးမားကြောင်း၊ ဒါနတရားကို ဟောကြားတော်မူကြလေကုန်သတည်း။

အောက်ပါဂါထာစကားမှာကျမ်းပြုဆရာတော်၏အာဘော် အနဲသာသနိစကားဖြစ်ပေ၏။

"အို လူအများတို့၊ ကုသိုလ်ကောင်းမှုပြုသောကြောင့် ရရှိခံစားအပ်သော အကျိုးတရား၏ ဖန်လျော်ပျော်ပိုက်ရာ မှုန်လှသောအလှူခံပုဂ္ဂိုလ်ကိုစွဲစမ်းရှာဖွေ၍လှူဒါန်းအပ်သော ကုသိုလ်မျိုးစေ့သည်သေးငယ်သော်ငြားလည်း အံ့ဘွယ်ကောင်းလောက်အောင်ကြီးမားသောအကျိုးကိုရရှိစေနိုင်ပေ၏။ အို သူတော်ကောင်းတို့။ ဟုဆုပ်၊ တလုပ်သော ထမင်းပင်ဖြစ်စေကာမူ၊ သိလရှိသောပုဂ္ဂိုလ်အား လှူဒါန်းခဲ့သော် လူချမ်းသာ၊ နတ်ချမ်းသာမှသည် နိဗ္ဗာန်ချမ်းသာတိုင်အောင်ရရှိစေနိုင်သတည်း။

(၈)

မဟာအဘယ

သီဟိုဠ်ကျွန်းအနောက်ပိုင်း၊ ပင်လယ်ကမ်းခြေအနီး၌ "ဒေဝတာ" အမည်ရှိသော ရွာကြီးတရွာရှိ၏။ ထိုရွာကား ရွာဆိုသော်လည်း အလွန်သာယာသည်။ မြားကဲ့သို့ ဖြောင့်ဖြူးသော လမ်းများသည် ရွာ၏တင့်တယ်မှု၌ တခုသော အဆင်းတန်ဆာများဖြစ်လေသည်။

ကူးသန်း ရောင်းဝယ်ရေးနှင့် ပတ်သက်၍လည်း ရောင်းပန်း၊ ဝယ်ပန်း အလွန် ပွင့်လန်းသဖြင့် စည်ကားလှ၏။ ကုန်သည်ပွဲစားတို့ ကျက်စားရာ-စားကျက်ဖြစ်၏။ နတ်မြို့တမျှ သာယာစည်ကားလှသည်ကို အစွဲပြု၍ "ဒေဝတာ"ဟုတွင်သော ထိုရွာကို စိုးပိုင်သော ရွာစားကြီး၏ အမည်ကား "ဒေဝ"ဟု ခေါ်သည်။

ဦးဒေဝသည် ရွာစားလည်းဖြစ်သည်။ မင်းတိုင်ပင် အမတ်တဦးလည်းဖြစ်သည်။ယုံကြည်ခုံတည်လောက်သောသီလ၊သမာဓိဂုဏ်နှင့် ပြည့်စုံခြင်း၊ အပြော အဆိုသာ၍ လူမှုဆက်ဆံရေးကောင်းခြင်း၊ သနား ကြင်နာတတ်ခြင်း၊ မှန်ရာကို ရဲရဲဝံ့ဝံ့ဆိုဆုံးဖြတ် တတ်ခြင်း ထို့ကြောင့် ဦးဒေဝ၏ ကောင်းသတင်းမှာ ပန်းကဲ့သို့သင်းနေပေသည်။

ဒေဝတာရွာကို ပခာနထား၍ ရွာစားဟု ဆိုသော်လည်း စင်စစ်အားဖြင့်မူကား ဒေဝတာနယ်ပယ် အဝှန်းရှိ ရွာများကို ချုပ်ကိုင်စိုးမိုးရသောနယ်စားအမတ်ကြီးဖြစ်လေသည်။သို့ဖြစ်၍

ဦးဒေဝအား ရွာစားကြီးခေါ်၍ အချို့က နယ်စားကြီး၊အချို့က နယ်စားအမတ်ကြီး,ဟူ၍ အသီးသီး ခေါ်ဝေါ်ကြကုန်၏။

ကိစ္စကြီးငယ်ရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ နယ်စားကြီးသည် သူစိုးပိုင်သော တောကျေးလက်များသို့မကြာခဏ လှည့်လည် ကြည့်ရှုလေ့ရှိသည်။

တခါသ၌ အမတ်ကြီး ဦးဒေဝသည် ကျေးလက် ဇနပုဒ်များကို လှည့်လည် ကြည့်ရှုရာမှ ပြန်လာရာ နွေရတု ဖြစ်သောကြောင့် နံနက်ခင်းပင် ဖြစ်သော်လည်း နေမင်း၏ အရှိန်သည် အတော်ကလေး ပူပြင်းနေပေသည်။ လာသော ခရီးသည် ဒေဝတာရှာနှင့် အတော်ကလေး ဝေးကွာသော အရပ်မှ လာရသောကြောင့် အမတ်ကြီးမှာ ချွေးသီးချွေးပေါက်များပင် ကျနေ၏။

ခရီးပင်ပန်းခြင်း၊ နေပူရှိန်က ညှဉ်းခြင်းတို့ကြောင့် အမတ်ကြီးသည် ထမင်းဆာလာသည် "အိမ်မှရောက်စေ၊ အတိုးချဲ့ပြီး အားရပါးရကြီး စားလိုက်မယ်။ ဤကား အမတ်ကြီး၏ ဝမ်းတွင်းစိတ်ထဲမှ ကြုံးဝါးသံဖြစ်၏။

နေမှန်းတည့်လောက် အချိန်တွင်မှ အိမ်ပြန်၍ ရောက်သွားလေသည်။

"ဟဲ့... မြန်မြန် လုပ်ကြစမ်းကွ၊ ငါထမင်းဆာလာတယ်။ ထမင်းပဲ့ပြင်သူကပြင် ခူးသူက ခူးကြကွာ"

အမတ်ကြီးသည် ဆာလောင်မွတ်သိပ်လှသောကြောင့် ခရီးရောက်မဆိုက်ပင် တပည့်တပန်းတို့အား ထမင်းအပြင်ခိုင်းလိုက်၏။ တပည့်များလည်း ဆော်လျင်စွာပင် ခူးခပ် ပြင်ပြီးလျှင် အမတ်အား ထမင်းပဲ့ရွေရောက် တည်ခင်းကျွေးမွေးခြင်း ပြုကြလေကုန်၏။

ထမင်းပွဲ ပြင်ဆင်သူ တပည့်များသည် တော်ကြပါပေ၏။ ရာသီနှင့်ကိုက်အောင် အလိုက်သင့်နေရာကိုလည်း သိတတ်ကြပါပေသည်။ အမတ်ကြီးသည် ချွေးသံရွှဲရွှဲနှင့် နေပူကြီးထဲက ပြန်လာသဖြင့် စားနေကျ အတွင်းဆောင် ထမင်းစားခန်း၌ ထမင်းပွဲ ပြင်ဆင်ပေးပါက အမတ်ကြီးမှာ အိုက်စပ် ပူပြင်းသော ဒဏ်ကို ခံရရှာပေလိမ်မည်,ဟူ၍ သတိရကာ လေပြေ လေညှင်းကလေး တအေးအေးနှင့် ချွေးသိပ်စရာ၊ အောက်ထပ်အိမ်ရှေတွင် ထမင်းပွဲကို ပြင်ဆင်ထားကြလေသည်။

အမတ်ကြီးသည် ထမင်းပွဲမြင်လျှင် သွားရေများပင် ကျလာကာ စားချင်လှသော လောဘဇောဖြင့် လက်ဆေးပြီး ထမင်းပန်းကန်ကို နှိုက်လိုက်သောခဏ တုန်ချိတုန်ချဲ၊ ရှဲရှဲကလေးသူဆီ သို့လာနေသော ခွေးပိန်မကလေး တကောင်ကို မြင်ရလေ၏။ ခွေးပိန်မကလေးသည်လည်း ထိုအချိန်၌ ဆာလောင် မွတ်သိပ်သော နေရာတွင် သာတူညီမျှ ဖြစ်လေ၏။ ဆာလှသောကြောင့် ထမင်းနံ့၊ ဟင်းနံ့ ရသဖြင့် စားရလို စားရငြား အမတ်အနားလာ၍ လျှာထုတ်ကာ တဟဲဟဲနှင့် မျှော်နေခြင်းဖြစ်၏။

အမတ်ကြီးသည် ထမင်းတလုပ်ကို ပစပ်ဆဲ ထဲ့တော့မည့် အလုပ်၊ အမြီးကလေးလှုပ်ကာလှုပ်ကာနှင့် သနားစရာ အစာတောင်းနေဟန်ရှိသော ခွေးပိန်မကလေးကိုကြည့်ကာ ပစပ်ဆဲ မခွန့်ဖြစ်တော့ဘဲ ငေးကြည့်နေမိလေသည်။

တပည့်များကား လက်သွက်ကြပါပေသည်။ ထမင်းစားရာမှာ အနားလာပြီး မျှော်ရပါမည်လော,ဟူ၍ ခွေးပိန်မကို ရိုက်မောင်းပုတ်မောင်း လုပ်ကြလေသောအခါ....။

"ဟေ့....ဟေ့....။ မရိုက်ကြပါနဲ့ကွယ်။ သူလဲ ငါ့လိုအင်မတန် ဆာလောင်မွတ်သိပ်ရှာလွန်းလို့သာ ဘေးမမြင် ရန်မမြင် ဒွတ်တိုးလာတာ ဖြစ်လိမ့်မယ် မရိုက် ပါနဲ့၊ ကဲ ဟိုငှက်ပျောပင်က ငှက်ပျောရွက်တရွက် မြန်မြန်သွားခူးခဲ့စမ်း။"

အမတ်ကြီးသည် ခွေးကို ရိုက်သူအား ဟန့်တား လိုက်ပြီးနောက် ငှက်ပျောရွက်ခူးစေပြီးလျှင် မိမိစားမည့်ထမင်းနှင့် စားကောင်းသောက်ဘွယ်ဟင်းလျာများကို မစားတော့ဘဲငှက်ပျောဖက်ပေါ်ပုံလျက် ထိုခွေးပိန်မကလေးအား ကိုယ်တိုင်ကျွေးလိုက်လေ၏။ ခွေးပိန်မကလေးလည်း မစားရသည်မှာ ကြာပြီဖြစ်၍ အငန်းမရပင် ဟပ်ကာဟပ်ကာ စားလေ၏။

အမတ်ကြီးမှာ ခွေးပိန်မကလေး အငန်းမရ စားနေသည်ကို ကြည့်ကာ များစွာ ဝမ်းသာလျက်ရှိပြီး၊ ထိုပီတိဖြင့် မစားဘဲနှင့် ဝသွားလေ၏။

"သူတို့လဲဘဲ မဟာဘုတ်လေးပါးနဲ့တည်ဆောက်တားတဲ့ရုပ်တုံးရုပ်ခဲဖြစ်လေဟော့ဆာရှာမှာဘဲကွဲ့။ သူတို့ဟာ လူကရိုက်လဲခံရမှာဘဲ။ လူကကျွေးလဲစားရမှာဘဲ။ ကြည့်စမ်း.... အစာဟာဘဲယ့်ကလောက်ကြောက်စရာကောင်းသလဲ။ အရိုက်ခံရမဲ့ဘေးကိုတောင်မမြင်နိုင်ဘူး။ ထမင်းနံ့ရတာနဲ့ ပြေးလာတာဘဲ။ မနှိပ်စက်ကြပါနဲ့ကွယ်။ ကျွေးနိုင်မွေးနိုင်တဲ့ဘဝမှာကြိုးစားပြီးကျွေးကြ၊မွေးကြပါ။ ဒီလိုကျွေးမွေးရလို့ မင်းတို့အတွက် အချည်းနှီးမဖြစ်ပါဘူး"

အမတ်ကြီးသည် စေတနာအပြည့်အဝဖြင့် ကိုယ်တိုင် ကျွေးမွေးသည်သာမက၊ တပည့်တပန်းများကိုအကြင်နာတရားထားကြဘို့ တရားဟောလေသည်။

ထိုအမတ်ကြီးသည်။အသက်အတိုင်းနေ၍သေလွန်လေသော အခါ ထိုဒေဝတာရွာ၌ပင် တဖန်ပြန်၍ လူယောကျ်ား ဖြစ်လာ ပြန်၏။ အရွယ်ရောက်လျှင် ဓမ္မတာအလျောက် ဖူးစာဖက်ရှာ သည်။ အိမ်ထောင်သားမွေးခြင်း ပြုသည်။ ကြာသော် ဃရာ ဝါသ၊ကိစ္စများမြောင်၊လူတို့ဘောင်ကို၊ ညီးငွေ့လာသည်။ ထို့ ကြောင့် ဝတ်ကြောင်ကိုပယ်ကာရဟန်းပြုလေ၏။

ဒေဝတာရွာ၏အနီး၌ ပုပ္ပဝါသီ, အမည်ရှိသောကျောင်းရှိ သည်။ ထိုကျောင်း၌နေ၍ပရိယတ္တိပညာရပ်များကို ဆည်းပူးပြီး ရဟန်းကျင့်ဝတ်၊မချွတ်ရအောင် သိပ်သည်းစွာ နေထိုင်သည်ကို အကြောင်းပြု၍ 'မဟာအဘယ'ဟုတွင်လေသတည်း။

ကုသိုလ်ပြုရာ၌စေတနာသဒ္ဓါထရားသာအဓိကဖြစ်ကြောင်း တိရစ္ဆာန်ကိုပင်ဖြစ်စေ၊ စေတနာဖြင့် ကျွေးမွေးခြင်း ပြုလေက ကြီးမြတ်သောအကျိုးကို ရရှိနိုင်ကြောင်း တရားဂါထာ, ဤသို့ လာရှိသည်ဟု အောက်ပါအတိုင်းပြဆိုပေ၏။

(၁) "အိုလူအများတို့၊လောက၌အကြင်သူတယောက် သည်၊ယုံကြည်ည်ခြင်း သဒ္ဓါတရားကို ရှေသွားပြု၍ အလှူ, လှူ၏။ယုတ်စွအဆုံး၊ ပိုးရွခြပုန်းကိုပင်ဖြစ်စေ၊ တိရစ္ဆာန်ဖြစ် သောသတ္တဝါများအား သူတို့နှင့်ထိုက်လျှောက်သောအလှူ ကိုပေးလှူ၏။

(၂) ထိုသို့စေတနာ သဒ္ဓါတရား ရှေသွားပြု၍လှူသော သူအား၊လှူရသော ထိုကုသိုလ်ကလူချမ်းသာ၊နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာတိုင်အောင် အကျိုးပေးပေ၏။

အသက်အရွယ်ကြီးမှ ရဟန်းပြုလာသည် ဖြစ်လောကြောင့် "ဝုဒ္ဓပဗ္ဗဇ္ဇိတ,တောထွက်ရဟန်းကြီး,ဟူ၍ အဘယမထေရ်အား

အခွံကိုကခေါ်ကြသည်။တောထွက်ဖြစ်စေ၊ငယ်ဖြူဖြစ်စေ၊အကျင့်သီလသည်သာ ပဓာနဖြစ်၏။ မဟာအဘယသည် တောထွက်ရဟန်းကြီးဖြစ်သော်လည်း ဝိနည်းသိက္ခာပုဒ်တော်များနှင့်အညီနေထိုင်သောအရာ။ စေတီတော်ယင်ပြင်နှင့်ဗောဓိပင်ကို နေ့စဉ်ကျင့်ဝတ်တခုအနေဖြင့် တံမြက်လှည်းသောအရာတွင် သူမတူအောင်ပင်ထူးခြားလေသဖြင့် ရဟန်းကြီး၏ ဂုဏ်သတင်းမှာပို၍ထင်လင်းနေပေသည်။

အခါတပါးဦသိဟိုဠ်ကျွန်းတွင်သူပုန်ထလေ၏။သူပုန်ခေါင်းဆောင်မှာ 'ဗြဟ္မဏတိဿ'ဆိုသူဖြစ်လေသည်။ သူပုန်များသည် ကျေးလက်တောရွာများကို တိုက်ခိုက်လုယက်ခြင်း၊ မိမိတို့သိမ်းသွင်းရာသို့ မပါသူများအား သတ်ဖြတ်ခြင်းစသော ယုတ်မာရက်စက်မှုအမျိုးမျိုးဖြင့် ဓားမိုးထားသောသူပုန်တို့၏ ခြေဖဝါးအောက်တွင် ကျေးရွာလူထုမှာ ငါးခြောက်ပြားပမာ၊ပြားပြားဝပ်၍ နေကြရလေ၏။

ဤအတွင်း ဗူးလေးရာ ဖရုံဆင့်၊မြေနိမ့်ရာလှံစိုက်၊နွားမှာဝဲစဲ့ဆိုသကဲ့သို့ ဗြဟ္မဏတိဿသူပုန်ဘေးကြောင့် ဂနာမငြိမ်၊ ဣန္ဒြေမရ၊ အကြီးအကျယ် ဒုက္ခရောက်နေကြရသည့်အထဲ၊မိုးကလည်းခေါင်သောကြောင့် သတ်ဖြတ်ခြင်း၊သတ္တန္တရကပ်ဆိုးကြီး၊ငတ်မွတ်ခြင်း-ဒုဿိက္ခန္တရ,ကပ်ဆိုးကြီးနှစ်မျိုးနှင့် ရင်ဆိုင်တိုးမိနေကြရလေရာ၊ ယုတ်စွအဆုံး သောက်ရေသုံးရေရဘို့အတွက်ပင်လျှင်လွန်စွာခက်ခဲသောအခြေသို့ ရောက်နေလေ၏။

အခွံ့ရွာများမှာ မိမိတို့ချည်း ရပ်တည်၍ မနေဝံ့ကြသောကြောင့် ရွာချင်းပေါင်းကာနှစ်ရွာတရွာ၊သုံးရွာကိုတရွာ။ဤသို့စသည်စုပေါင်းလျက် အုပ်သင်းဖွဲ့၍ နေကြရသော ခေတ်ထဲ၌

အဘယထေရ်နေထိုင်သော 'ဒေဝတာ' ရွာသည်လည်း သူပုန်ရန်ကို ကြံ့ကြံ့ခံရန်မဝံ့သောကြောင့်ရွာချင်းပေါင်း၍ရွှေပြောင်းနေထိုင်ရန်အစီအစဉ်ပြုကြရသည်အထိ အခြေအနေမှာ တနေ့တခြားဆိုးဝါးလာလေသည်။

"အရှင်ဘုရားလဲ တပည့်တော်များနဲ့အတူရွှေပြောင်းရာသို့ တပါတည်းလိုက်ပါမှဖြစ်ပါမည်ဘုရား၊ ဒီရွာမှာ မနေဝံ့တော့၍ တပည့်တော်တို့ ရွာချင်းပေါင်း နေကြရပါမည်။ အရှင်ဘုရား တပါးတည်းထားမပြစ်ခဲ့နိုင်ပါ။ဒီရွာမှာရေကလဲရှားပါး၊ သူပုန်များကလဲခဏခဏမွှေမို့၊ဒီဒဏ်ကို တပည့်တော်တာရှည်မခံနိုင်၍ ယနေ့ပင် ပြောင်းကြပါတော့မည်။ တပည့်တော်များနဲ့အတူလိုက်တော်မူပါဘုရား"

ဒေဝတာရွာသား ဒကာ ဒကာမ များက မဟာအဘယရဟန်းကြီးအားလျှောက်ထား၍ သူတို့ပြောင်းရွှေရာကို တပါတည်းလိုက်ခဲ့ရန်ပင် ခေါ်ကြသော်လည်း ရဟန်းကြီးကမှု-

"ငါမလိုက်လို၊ ဒကာတို့သာ သွားကြလေကုန်။ ငါကား-အသက်သေချင်သေစေတော့၊ ဤစေတီတော်ကိုငှင်း၊ ဤဗောဓိပင်ကိုငှင်း စွန့်ခွာ၍မလိုက်လို။ သေလျှင်လည်း ငါ့ဆိုက်နဲ့ငါ့ကံရှိပစေတော့။ ငါ့အသက်နဲ့ကိုယ် မြဲသရွှေ၊ ငါ ပြုကျင့်လာခဲ့သော စေတီယဝတ်၊ဗောဓိဝတ်ကို ငါမဖျက်လို၊သေလျှင်လည်း ယင်ပြင်တော်ဝယ် တံမြက်လှည်းရင်း ငါသေအံ့၊ကျင့်ဝတ်ထက်ပို၍ ငါ့အသက်ကိုငါမခင်တွယ်။ သင်တို့ရွှေပြောင်းခြင်းကိုကား ငါမဟန့်တားလို၊သွားကြလော့၊ ပြောင်းကြလော့၊ ငါ့အတွက်စိတ်လက်မကောင်း မဖြစ်ကြ ကုန်လင့်၊ ငါနေ့စဉ်အမြဲ ပြုသောကုသိုလ်မှုကို သာခုခေါ်ကြလေကုန်"။

အဘယရဟန်းကြီးသည် ရွာသားများအား ဤသို့ပြောဆို ပြီး ပုပ္ပဝါသီကျောင်း၌ တပါးတည်းနေရစ်ခဲ့လေ၏။ ရွာသူ ရွာသားများ ရွာလုံးကျွတ် ပြောင်းသွားသောအချိန်မှစ၍ ဆွမ်းကပ်မည့်သူမရှိပေ။

သို့သော် အဘယရဟန်းကြီးသည် ပြုလုပ်မြဲဖြစ်သောစေတီ ယဝတ်၊ ဗောဓိဝတ်၊ယင်ပြင်တော်၌တံမြက်လှည်းခြင်း အမှုကို ကား-ချတ်ယှင်းခြင်းမရှိစေဘဲ နေ့စဉ်မှန်မှန်ဝတ်ပြုနေ၏။ ဆွမ်း အဟာရ မမှီဝဲရသောကြောင့်ပထမနေ့၌အားအင်နည်းပါးဆုတ် ယုတ်သောအမှုအရာမတွေ့ရသော်လည်း တရက်မှ နှစ်ရက်၊ နှစ် ရက်မှသုံးရက်သို့ ကူးလာသော အခါတွင်မူကား၊ မူးဝေလာ သည်။ အားအင်ချိုတဲ့မှုလက္ခဏာများ ပြလာသည်။ ကိုင်နေကျ လှည်းနေကျ တံမြက်စီးကိုပင် မကိုင်နိုင်လောက်အောင်ဖြစ်လာ သည်။

ထမင်းအသက် ခုနှစ်ရက်ဟု အဆိုရှိ၏။ သို့သော်- အဘယ ရဟန်းကြီးမှာမူ၊ ဇရာဒုဗ္ဗလ, အိုမင်းမစွမ်း အရှယ်၊ နဂိုကမှ အားအင်ချိုတဲ့ ကြုံကြုံကလေးဖြစ်ရကာ ခုနှစ်ရက် ထိအောင်ပင် ခံနိုင်ပုံမပေါ်ချေ။ လေးရက်မြောက်သောနေ့၌ သိသိသာသာ ကြီး အားအင်ဆုတ်ယုတ်လာ၏။ ဒရိုးဒယိုင်နွဲ့တံမြက်စီးကိုင်၍ ဘုရားယင်ပြင်ပေါ်ရောက်လာပြီး ဝတ်ပြုလေသည်။

"ငါတံမြက်စည်းကိုင်နိုင်သယ်နိုင်သေးသရွေ့၊ တနေ့မှမပျက် စေရ, ဤအတိုင်းပင်ဘုရားရှေ့၌အဓိဋ္ဌာန်ပြုထား၏။ တံမြက်စီး ကိုမနိုင်,တနိုင့်ကိုင်၍ တရဲရဲနှင့်လှည်းနေရင်း၊ တခါတခါထိုးလဲ တော့မလိုဖြစ်ဖြစ်သွားသော်လည်း မလျှော့သောဇဲဖြင့် အံခဲ၍ တံမြက်လှည်းသောဝတ်ကို မချတ်ရအောင်ပြုလေသည်။

တကြိမ်သောအခါတွင်မူကား၊ အဘယ ရဟန်းကြီးသည် လောကကို အရှုံးပေးလိုက်တော့သည့်ပမာ၊ ကမ္ဘာကြီး ချာချာလည်သွားသကဲ့သို့ မူးလာသည်။ ထိုဒဏ်ကိုကြံ့ကြံ့ခံသော်လည်း မဟန်နိုင်ရှာတော့ဘဲမိုက်ခနဲထိုးလဲသွားတော့မည်အပြုတွင်သတိကောင်းသောကြောင့် တံမြက်စည်းနှင့်မှေးကာ ဇရပ်ထဲဝင်၍ တံမြက်စည်းကိုကိုင်လျက် တိုင်တတိုင်ကိုမှီ၍မှိန်းနေ၏။

ထိုဇရပ်ကား တက္ကမာဋ္ဌက,ဇရပ်ဟုတွင်၏။တရားဓမ္မ၊သဘာဝသဘောမျှားကို တွေးတော ကြံဆရင်း အပန်းဖြေ၊ နားနေရာဇရပ်ဖြစ်လေသည်။ အဘယ ရဟန်းကြီးသည် သူ၏ခန္ဓာ ကိုယ်ကောင်ကြီးကို အားတင်း၍ ထိုတက္ကမာဋ္ဌက, ဇရပ်ပေါ်အထိ ခေါ်ဆောင်လာခဲ့သည်။

ထိုဇရပ်အနီး၌ ကြီးစွာသော သင်းဝင်ပင်ကြီးတပင် ရှိ၏။ ထိုသင်းဝင်ပင်၌ ရက္ခစိုးနတ်ဇနီးမောင်နှံတို့ စံပျော်လျက်နေထိုင်ကြသည်။ တံမြက်စည်းကိုကိုင်လျက်ဇရပ်တိုင်ကို အားပြု၍မှိန်းကာ အမောဆိုက်နေသော ကိုယ်တော်ကြီးကိုမြင်လျှင် ရက္ခစိုးနတ်သားက သူ၏ချစ်ဇနီးနတ်သမီးကိုပြ၍ တိုင်ပင်ကြသည်။

“အဘယ်ချစ်စွာသော ဒေဝီ၊ ရှုစမ်းပါဘိ။ အတုမရှိသော မြတ်ဘုရား၏သားတော်၊ ဤအဘယ ကိုယ် တော်ကြီးကား၊ ဒုဿီကွန္ဒရကပ်အင်တ်ဘေးဆိုက်ပါလျက်၊ တပါးသောအရပ်သို့ ပြောင်းခွေခြင်းမပြု။ စေတီတော်နှင့်ဗောဓိပင် စွန့်ခွာ၍မသွားဘဲ ဝတ်ကြီး၊ဝယ်ငယ်ပြုစု၍နေရှာပေသည်။ ဤအရှင်အား ငါတို့မှ တပါး ဆွမ်းလုပ်ကျွေးမည့်သူမရှိပြီ။ ဤအတိုင်းသာ ဆိုခဲ့ကထိုအရှင်သည် မကြာခင် ကွယ်လွန်ရှာပေတော့မည်။ ငါတို့ရှိ

လျက်နှင့်ထိုအသျှင်၏ အသက်မပျက်စကောင်း။ ထိုအသျှင်အား ငါတို့ဆွမ်းလုပ်ကျွေးကြပါကုန်စို့။

ထိုသို့ လင်နတ်သား ချစ်မယားကို တိုင် ပင် လတ် သော်.....၊ မိုးနတ်ဒေဝီ၊ မောဂရဏီက လျှာရှည် ဖနလေ၏။ မဆီမဆိုင် ထိုအရှင်၏ နောက်ကြောင်းရာဇဝင် အဖုံဖုံကို စုံစမ်းကြည့်ချင် သေးသည်။ လင်တော်မောင်အား သိသလောက် သွားကိုပြောပြ ပါရန် မေးခွန်းထုတ်လေတော့သည်။ လင်တော်မောင်နတ်သား ကလည်း ဟိုလှန်ခဲ့သော အဘိတ် ဘဝကအစ၊ ထိုအသျှင်၏ ထေရပွတို ဖြစ်စဉ်ကို ကြင်ယာတော် မိမိအား သူသိသလောက် ပြောပြလေ၏။

ဤတွင်မှ ထိုအသျှင်၏ အကြောင်းကို ကောင်းစွာ သိလာသော ဒေဝီသည် ကြည်ညိုသဒ္ဓါစိတ် ပွားများလာကာ လှူဒါန်း လိုသောစိတ်၊ တဖိတ်ဖိတ်မြူးကြွလာပြီး။ လှူအသင့် ကူးပြောင်း ဖန်ဆင်းလျက်လင်မယားနှစ်ယောက်စလုံး၊ ထိုအသျှင်၏ ရှေ့တွင် ဒူးထောက် ရှိခိုးကာ နတ်သားက ဤသို့လျှောက်ထားလေ၏။

"အသျှင်သူမြတ်ဘုရား၊ အရှင်ဘုရားအား တပည့်တော်တို့ ယာဂဇီဝံ အသက်ထက်ဆုံး ဆွမ်းဒါနပြုပါရစေပါဘုရား။ ဒီနေ့ကစ၍ ဆွမ်းဒါယကာမှတ်တော်မူပါ။ ဆွမ်းတာဝန်ကို တပည့် တော်များအတွက် ထား၍ တရားတော်ကိုသာ မမေ့မလျော့ ကျင့်ကြံ အားထုတ်တော်မူပါ။ ဤသင်းဝင်ပင်ကား တပည့်တော် များ နေထိုင်ရာ ဗိမာန် ဖြစ်ပါသည်။ တပည့်တော်များသည် လူသားမဟုတ်ဘဲ၊ ထိုသင်းဝင်ပင်၌နေသော ရုက္ခစိုးနတ်များဖြစ် ပါသည်။ နေ့စဉ်နေ့စဉ် တပည့်တော်များထံ ဤဗိမာန်သို့ဆွမ်းခံ ကြွတော်မူပါဘုရား"။

တခါတုန်းက အစာပြတ်၍ သေမတတ်ဖြစ်နေသော ခွေးပိန်မကလေးအား မိမိစားမည့်အစာကို မစားပဲ ကျွေးခဲ့ဘူးသော ကျေးဇူးသည်။ ဤတွင်အကျိုးပေးလာ၏။ ဆွမ်းလှူမည့် ဒါယကာများ ပေါ်လာပေပြီ။ ထိုအသျှင်သည် ရုက္ခစိုးဇနီးမောင်နှံပင့်လျှောက်ထားသည့်အတိုင်း နေ့စဉ်ထိုသင်းဝင်ပင်အောက်သို့သွားရောက်၍ရပ်ပြီး ဆွမ်းခံသည်။ နတ်ဇနီးမောင်မယ်က ဖွယ်ဖွယ် ရာရာ နတ်ထမင်း၊ နတ်ဟင်းများကို လောင်းလှူသည်။

ဤသို့လျှင် ထိုအသျှင်သည် နေ့စဉ် နတ်ထမင်း၊ နတ်ဟင်းများကိုသာ အမြဲ မှီဝဲဘုဉ်းပေးတော်မူရသည်ကို အကြောင်းပြု၍ တဖြည်းဖြည်းအသားအရေတိုးကာ ၀၀ဖြိုးဖြိုးကြီးဖြစ်လာသည်။ နတ်ထမင်း၊ နတ်ဟင်း၊ နတ်သြဇာများသည် ထိုအဘယ ရဟန်းကြီးအဖိုအာယုဝစုန၊ ဆေးစွမ်းကောင်းသဖွယ် ဖြစ်လေ၏။

အနိမ့်၊ အမြင့်၊ အဖြူအမဲ,ဟူသည်ရှိမြဲဖြစ်၏။ နတ်တို့လှူဒါန်းသော အာဟာရများကို စားသုံး၍ အဘယရဟန်းကြီး၌ ၀၀ဖြိုးဖြိုး၊ အသားအရေတိုးနေသည်နှင့်အမျှ ကျွန်းသူကျွန်းသားတို့မှာမူကား-မိုးကလည်း နှောက်ယှက်၊ သူပုန်ကလည်း နှိပ်စက်လေရကား ထမင်းနပ်မှန်မှန်ပင် မစားကြရသဖြင့် အသားအရေခန်းခြောက်ကာ ပိန်သူကလည်းမရှား။ ပိုးဟတ်ဖြူပမာ ဖြူဖပ်ဖြူယော် ဖြစ်နေသူများကလည်းအနန္တ။ အငတ်ဘေးသင့်၍တဆန့်ငင့်ငင့်နှင့် သေဆုံးကြရသူများမှာလည်း အတုံးအရုံးပင် ဖြစ်နေ၏။

"ငတ်မရှက်၊ ကြိုက်မရှက်၊ ငိုက်မရှက်,ဟူ၍ ဆိုသော်လည်း၊ တကယ်ငတ်ပြတ်လာသောအခါ၊ တကယ် ချစ်ကြိုက်လာသောအခါမျိုး၌ လူသတ်ရမှာကိုလည်း မကြောက် ကြ လေကုန်....။

အငတ်ဒဏ်မခံနိုင်ကြသည့် အဆုံးတွင် အရှိုက ကြီးနိုင်၊ ငယ်ညှဉ်း သဘောမျိုးအတိုင်း အချင်းချင်း နိုင်သူကသတ်၍ လူသားစား ကြူးသည့် လူဘီးလူတွေဖြစ်ကုန်လေ၏။

လူလူချင်း သတ်စားကြကုန် သော်လည်း အဆီနှင့်ရဲရဲ ဝဝ ဖိုးဖိုး အသားများ စားကြရသည် မှုရှိဘဲ။ အစာမစားကြရ သဖြင့် အရိုးပေါ် အရေကပ်နေသော ပိန်ချပ်ချပ် လူများကို သာ သတ်စားကြရသောကြောင့် အရသာမရှိလှ....။ သို့သော် ကိုယ့်အသက်ရှင်ရေးအတွက် သူအသက်ကိုစွတေး၍ အာဟာရ ဖြည့်တင်းနေကြလေ၏။

တခါသော်တမ်မတ်နေသော လူငယ်တသိုက်သည် ဗေဒိပင် နှင့် ဘုရားပင်ပြင်၌ တံမြက်လှည်းနေသော အဘယရဟန်းကြီး မြင်လျှင် သွားရေများပင် ကျလေကုန်၏။ အကြောင်းမူကား ထိုရဟန်းကြီးကား ဆူဆူဖြိုးဖြိုး အသား အရေ တိုးနေသော ကြောင့် ဤကိုယ်တော်ကြီးကိုများ သတ်စား လိုက်ရရင်...., ဟူသောအတွေးဖြင့် သွေးဆာလာကြကုန်၏။

သို့သော်....ရဟန်းသံဃာပါကလား....ဟူသော အသိစိတ်ဖြင့် ဆန္ဒကိုချုန်းနှိပ်၍ အုပ်ဆိုင်းထားကြသည်။ သည်းခံလာကြသည်။ သို့သော်....“ကမ္ဘာမီးလောင်၊ သားကောင်ချနင်း,ဟူ၍ သဘော ပိုက်လာကုန်၏။ ဖြစ်ချင်ရာဖြစ်၊ ဒီကိုယ်တော်ကြီးကို သတ်စား မယ်,ဟူသည် အထိ ဆုံးဖြတ်ခြင်းဖြစ်လာကုန်သည့် နောက်ပိုင်း တချိန်ကွင်မှ ကျောင်းကိုဝိုင်းကြလေတော့သည်။

“ဒီကိုယ်တော်ကြီး ဘယ်ပုန်းနေပါလိမ့်။ ရှာကြဟေ့”

လူမိုက်တသင်းသည် ဘုန်းကြီးသား စားကြရန် ကျောင်း ပေါ် ကျောင်းအောက် အကြို၊ အကြား၊ ကြက်သရေခန်းပါ

မကျန် နှံစပ်အောင် ရှာကြသော်ငြားလည်း ထိုကိုယ်တော်ကြီး ကိုမတွေ့ကြကုန်။ တခါတုန်းက ခွေးပိုန်မကလေး လာသည်တွင် ဒုတ်ဖြင့် ရိုက်လွှတ်သည်ကို မရိုက်အောင် တားမြစ်ခဲ့ဘူးသော ကျေးဇူးသည် ကျိတ္ထင် အကောင်အထည်ပေါ်လာ၏။

ထိုအသျှင် အဘယရဟန်းကြီးကား ထွက်လည်းမပြေး။ ပုန်းရှုံ လည်းမနေ။ ကျောင်းပေါ်က ဘယ်ကိုမှမသွား။ ကျောင်းပေါ် ဦးပင် ဘာမှမဖြစ်တော့သလို စကြံ့်ကန်လျှောက်နေ၏။ သို့သော်.... လူသတ်သမားတို့ကား မမြင်ကြလေ။ ခွေးပိုန်မကို မရိုက်ဖြစ် အောင် ဟန့်တားခဲ့ဘူးသော အကျိုးတရားက ရဟန်းကြီးအား ဝှက်ကွယ်ထားသောကြောင့် ရှိလျက်နှင့် မမြင်ကုန်။ တွေ့လျက် နှင့်မသိကုန်။ လူသတ်ကောင်တို့၏ လက်မှ အသက်ချမ်းသာရာ ရသွားလေ၏။

ထို့ကြောင့် ဘုရားတရား ဒေသနာတော်၌ ကျိသို့လာရှိသည် ဟု ကျိစာအုပ်၌ အောက်ပါ ဘုရားစကားကို ထုတ်ပြထား၏။

“အကြင်သူသည် မရိုက်အပ်၊ မရိုက်သင့်၊ မရိုက်သော သူအား ရိုက်နှက်ခြင်းပြုလေအံ့။ ထိုသူသည် ဖြစ်လေရာရာ၊ ဘဝအဆက်ဆက်တို့၌ သူတပါး၏ ရိုက်နှက်ခြင်းကို ခံရလေ သည်”

“အကြင်သူကား သူတပါး လာရောက် ရိုက်နှက်သော်လည်း ဒေါသလည်း မထွက်။ ခံ၍လည်း ပြန်မရိုက်။ ထိုသို့ သည်းခံခြင်းတရားရှိသူကို လူနှင့်တကွ နတ်တို့က စောင့် ရှောက်ကြကုန်၏”။

ထိုအဘယမည်သော ရဟန်းကြီးသည် ထိုပုပ္ဖဝါသီကျောင်း ၌ပင် ၁၂-နှစ်ပတ်လုံးနေထိုင်သွား၏။ သင်းဝင်ပင်စောင့် ဇနီး

မောင်နှံတို့သည်လည်း ထိုအရှင်အား ၁၂-နှစ်ပတ်လုံး ဆွမ်း ဒကာခံခဲ့ကြ၏။

တရားအားထုတ်သည်ကို အကြောင်းပြု၍ နောက်ဆုံး၌ ထို အသျှင်သည် အရဟတ္တဖိုလ်သို့ ရောက်ရှိပြီးမှ ပရိနိဗ္ဗာန်ပြုလေ သတည်း။ အောက်ပါ အနုသာသနီစကားဖြင့် ဤဝတ္ထုကို နိဂုံး ချုပ်လေသည်။

အဘယ အမည်ရှိသော မထေရ်ကြီးသည် အတိတ်ဘဝက အလွန်ဆာလောင်မွတ်သိပ်နေသော ခွေးအား တလုပ်စာသော ထမင်းကို ကျွေးခဲ့ဘူး၏။ ထိုကျေးဇူးကြောင့် နတ်ထမင်းကိုရ လေ၏။ ထိုမျှသော နတ်ထမင်းရသော အကျိုးခံစားရသည်သာ မက ထိုအသျှင်သူမြတ်သည် နိဗ္ဗာန်ကိုပင် မျက်မှောက် ပြုတော် မူရလေ၏။

ထိုကြောင့်....သင်အမျိုးကောင်းသားတို့သည် နည်းမျှားမဆို အလှူရေစက် လက်နှင့်မကွာအောင် ပြုကြလော့။ ထိုသို့ပေးလှူ ခြင်းကား အချည်းနှီးမဖြစ်လေ။ သင်တို့အားသံသရာဝဋ်ဆုမှ ကျွတ် ရာ ကျွတ်ကြောင်း အမှီသဟဲလည်း ဖြစ်စေ၏။ အဆုံး ဘဝ၌ နိဗ္ဗာန်သို့ ထုတ်ချောက် စင်စစ်ရောက်ရမည် ဖြစ်သတည်း။

(၉)

နာဂါဒါယိကာမ

"ဇဗ္ဗူဒိပ်ကျွန်း၏ တောင်ဘက်အစွန်း၊ သမုဒ္ဒရာ အလယ်၌ လင်္ကာဒီပဟူ၍ဂုင်း၊ သီဟဋ္ဌဒီပဟူ၍ဂုင်း ခေါ်သော ကျွန်းကြီး တကျွန်း ပေါ်ထွန်းလျက်ရှိ၏။ ထိုကျွန်း၌ အစွယ်အပွား အခြံ အရံ၊ ကျွန်းငယ်ကလေးတွေလည်းများလှစွာ၏။

ယင်းသည့် ကျွန်းစွယ် ကျွန်းငယ်များအနက် နာဂဒီပ,အမည် ရသော ကျွန်းသည် အထင်ရှားဆုံး၊ အကြီးဆုံးသောကျွန်း ဖြစ် လေသည်။ ထိုကျွန်း၌ အလိုအလျောက် သယံဇာတ ဖြစ်သော တောင်ခေါင်းကြီးများ၊ ဥမင်ကြီးများ၊ လျှိကြီးများ အလွန် ပေါများလှ၏။ ရေ၌ကျက်စားသော ရေနတ် နဂါးများသည် ကျွန်းပေါ်တက်၍ ထိုတောင်ခေါင်းကြီးများအတွင်း၌ ဗိမာန် ပြုကာ နေထိုင်လေ့ရှိကြ၏။

ဤသို့ရေနတ်နဂါးများနေသည်ကိုအကြောင်းပြု၍ ထိုကျွန်း ကို နာဂဒီပဟူ၍ခေါ်တွင်ခြင်းဖြစ်သတည်း။ "ရာဇာရတနစေတီ တော်ကြီးသည် ထိုနာဂဒီပကျွန်း၏ မီးရှူးတန်ဆောင်" သို့မဟုတ် ကျွန်း၏ အောင်လံ တံခွန် သဖွယ် ဖြစ်နေ၏။ ဤစေတီတော် ကြောင့်ပင် နာဂဒီပ,၏ သတင်းမှာ အထူးပေါ်လွင် ထင်လင်း လာခဲ့ခြင်းဖြစ်လေသည်။

"ရာဇာရတနစေတီတော်ကြီး၏သမိုင်းကားဤသို့တည်း။ ။ ရေ၌နေသောနဂါး၊ ကုန်း၌နေသောနဂါး,ဟူ၍ နဂါး နှစ်မျိုး ရှိရာ၊ စူဋ္ဌောဒရ, နဂါးမင်းကား ကုန်း၌နေသောနဂါးဖြစ်သည်။

သူသည် နာဂဒီပ ကျွန်းပေါ်ရှိ တခုသော တောင်ခေါင်းကြီး အတွင်း၌နေ၏။ မဟာဒရ နဂါးမင်းမှာမူ နာဂဒီပကျွန်း၏ ပတ်ဝန်းကျင်ရှိ ရေပြင်အောက်၌ နေသော ရေနတ် နဂါးဖြစ် လေသည်။

ယင်းသို့ နေရာအားဖြင့် ကုန်းနေ၊ ရေနေ ခြားသော်လည်း ထိုနဂါးနှစ်ကောင်မှာ ဆွေမျိုးသားချင်း အရင်းအခြာ ဖြစ်၏။ တူအရီးတော်၏။ စူဠောဒရနဂါး၏မိခင်ကားကဏ္ဍာဒေဝီနဂါးမ, တည်း။ ထိုကဏ္ဍာဒေဝီကား မဟာဒရ နဂါးမင်း၏ နှမအရင်း တည်း။ ထို့ကြောင့် စူဠောဒရသည် မဟာဒရ နဂါးမင်း၏ တူဖြစ်၍ မဟာဒရကား စူဠောဒရ၏ ဦးလေး ဖြစ်လေသည်။ တူဖြစ်သူက ကုန်းမှာကြီးစိုး၍ ဦးရီးဖြစ်သူက ရေမှာ လွှမ်းမိုးကာ တယောက်တမျိုး တန်ခိုးကြီးမားကြသည်ချည်းဖြစ်၏။

စူဠောဒရနှင့် မဟာဒရ 'ဝါ' နဂါးမင်း တူအရီး တို့သည် ဆွေမျိုးရင်းခြာ ဖြစ်ကြသော်ငြားလည်း အမြဲမှု တခုခုကြောင့် ကမ္ဘာရန် ဖြစ်နေ၏။ ကျိန်နှင့် ခင်ပုပ်ဌက် အလား အစိမ်းထိုက် ဝါးစားချင်လောက်အောင်ပင် တယောက်နှင့်တယောက် မျက် မုန်းကျိုးနေကြသည်။

ဖြစ်ပွားနေရသော မှုခင်းကား ဘိုးဘွားပိုင် မြပလွင်ကြီးကို သူရထိုက်၊ ငါရထိုက် အငြင်းပွားမှုဖြစ်၏။ မြပလွင်သည် သူတို့ တူအရီးနှစ်ယောက် ဖြစ်နေသော မှုခင်း၏ အကြောင်းရင်းဖြစ် လေသည်။

မှုခင်း ဖြစ်ပွားရပုံမှာ-။ ။နာဂဒီပကျွန်း ရေနဂါးမျိုးဖြစ် သော နဂါးမင်း၌ မဟာဒရ မည်သော သားတော်တပါးနှင့် ကဏ္ဍာဒေဝီ မည်သော သမီးတော် တပါး၊ ပေါင်း သား သမီး

နှစ်ပါးထွန်းကား၏။ သမီးတော် ကဏ္ဍာဒေဝီ, အရွယ်ရောက်လာသောအခါ နာဂဒီပကျွန်းပေါ်၊ တောင်ခေါင်း တခုဌ်နေသော နဂါးမင်း၏သားနှင့် ထိမ်းမြားသည်။ မင်္ဂလာလက်ဖွဲ့ပစ္စည်းအဖြစ်ဖြင့် အဘိုးအနဂ္ဃ ထိုက်တန်သော အမာခံမြသားတွင် ပဘ္ဘမြားလုံးတို့ဖြင့် ရှုမငြီးအောင် စီခြယ် ထားသည့် မြပလ္လင်ကို ခမည်းတော်က လက်ဖွဲ့လိုက်သည်။

သမီးတော် ကဏ္ဍာဒေဝီသည် လက်ထပ်ပြီးသောအခါရောင် နောက် ဆံထုံးပါ ဆိုသကဲ့သို့ လင်တော်မောင်နေထိုင်ရာ နာဂဒီပကျွန်းပေါ်သို့ လင်နှင့်အတူလိုက်၍ နေသည်တွင် လက်ဖွဲ့ပစ္စည်း မြပလ္လင်ကိုပါ ယူဆောင်သွားလေ၏။

ခမည်းတော်က နှမဖြစ်သူ ကဏ္ဍာဒေဝီအား မြပလ္လင် လက်ဖွဲ့လိုက်သည်ကို မောင်ဖြစ်သူ မဟောဒရက စိုးစင်းမျှ မနှစ်မြို့ချေ။ သို့သော်....ခမည်းတော် စီမံရာကို မလွန်ဆန်ဝံ့သည့် အတွက် ဝမ်းထဲ၌ အခဲမကြေနိုင်ဖြစ်နေ၏။

ကာလကြာမြင့်လေသော်....နှမတော် ကဏ္ဍာဒေဝီမှ သားယောကျ်ား၊ စူဋ္ဌောဒရကို ဖွားမြင်ကြောင်း ကြားသိရလေသော အခါ မဟောဒရမှာ တူတော် တယောက် ထွန်းကား ပေါ်ပေါက်လာ၍ ဝမ်းသာရမည့်အစား မြပလ္လင်ကိုသာ မျက်စိထဲမြင်ယောင်လာပြီး၊ တူတော်မောင်ကိုပင် မနာလိုချင် သလိုလိုဖြစ်လာလေသည်။ တနည်းနည်းဖြင့်ရအောင် မြပလ္လင်ကို ပြန်ဟူမည်,ဟု ကျိတ်၍ကြံထားခဲ့သော အကြံအစည်မှာ ဤမည်သော တူတော်မောင်ကြောင့်တမှောင့် ဖြစ်လာပြန်ပြီဟု မချင့်မရဲကြီးဖြစ်နေ၏။

နောက်တချိန်သောအခါ၌ မိဘနှစ်ပါး ကွယ်လွန်သွားလေ လျှင်-သားဖြစ်သူ မဟောဒရသည် အဖရိုက်ရာခံ၍ ရေနှုံးစံ ဘုရင်ဖြစ်လာ၏။ နှမဖြစ်သူထံမှ မြပလွင့်ကို ပြန်တောင်းမည် ကြံ၏။ သို့သော်....ကာယကံမြောက် ခမည်းတော်ကိုယ်တိုင်ပေး လိုက်သည့် လက်ဖဲ့ပစ္စည်း ဖြစ်နေသော ကြောင့် ထိုအကြံကို အကောင်အထည် မဖေါ်သာဘဲ ဖြစ်နေပြန်၏။

တခါသ၌မူကား ကံကြမ္မာက တူအရိုး နှစ်ယောက် အား ရန်တိုက်ပေး လိုက်သောကိန်းမျိုးဆိုက်လာလေသည်။စူဠောဒရ၌ ခမည်းတော်နှင့် မယ်တော် ကဏ္ဍာဒေဝီတို့ ကွယ်လွန်လေ၏။ ထိုအခါစူဠောဒရသည် နာဂဒီပကျွန်းပေါ်တွင် နဂါးဘုရင်ဖြစ် လာလေရာ ဦးရီးတော် မဟောဒရနှင့် ထီးပြိုင် နန်းပြိုင် ဖြစ် လာသည်။

ထိုအခါ မဟောဒရနဂါးမင်း၌ မြို့ထားခဲ့ရသော မြပလွင် ပြဿနာသည်သည် အတိုအလင်း မြင်ကွင်းပေါ်သို့ ရောက်လာ လေတော့၏။ တူတော်မောင့်ထံ ရာဇသံရေး၍ မြပလွင်ကိုပြန် ပေးရန်တောင်းလေ၏။ သူ၏အကြောင်းပြချက်ကား "မြပလွင် ကို ကဏ္ဍာဒေဝီကိုသာ ခမည်းတော်က ပေးခြင်း ဖြစ်သည်။ ကဏ္ဍာဒေဝီမရှိလျှင် မြပလွင်ကို ငါ့သာလျှင်ပိုင်သည်။ ငါ့ထံသို့ ပြန်ပို့"ဟူ၍ဆို၏။

တူတော်စူဠောဒရကလည်းခပ်မာမာပင် ဦးရီးတော်ထံစာပြန် လိုက်လေသည်။ သူ၏အကြောင်းပြချက်ကလည်း "ကျွန်ုပ်၏ ဘိုးဘွားက ချစ်မြတ်နိုး၍ လက်ဖဲ့လိုက်သောပစ္စည်းသည် ကျွန်ုပ် မိခင်ပိုင်ပစ္စည်းသာဖြစ်သည်။ ဦးရီးတော်နှင့် မည်သို့မျှ မသက် ဆိုင်။ ကျွန်ုပ်မိခင်မရှိလျှင် မိဘပစ္စည်းကို သားသမီး ကသာ

အမွေဆက်ခံမြဲ ဖြစ်သဖြင့် မိခင်၏အမွေကို ကျွန်ုပ်ဆက်ခံခြင်းသာဖြစ်၏။ မြပလွင်ကိုမပေးနိုင်။ ဦးရိုးတော်နှင့် ဘာမျှမဆိုင်။ မဆိုင်သည်ကို တောင်းဆိုနေခြင်းကား ခွေးကျိုးနှင့် ယုန်လိုက်သော တောမုဆိုးကဲ့သို့ စားချင်မှန်း လူသိရုံမျှသာ ရှိသည်ဟူသော ထုံးကို ဦးရိုးတော် နှလုံးပိုက်မိဟန်မတူ ။

ထိုအခါမှစ၍ တူအရိုး နှစ်ယောက် ရန်စနက်မိုး အကြိုးအကျယ် တောက်ကာ အချုံးအနိုင်၊ စစ်ရေးပြိုင်သည်အထိ ဖြစ်ပွား လာလေသတည်း။ ဤစစ်ပွဲကို အကြောင်းပြု၍ နှစ်ဘက်စလုံးမှ အပြစ်မဲ့သော နဂါးတို့ အတုံး အရုံး အလောင်းချင်း ဆပ်မျှ၊ သတ်ကြသော်လည်း အနိုင်အရှုံး မဆုံးဖြတ်နိုင်သေးဘဲ၊ စစ်မီးအရှိန်မှာ ကောင်းနေတုန်းအချိန်ဖြစ်လေသည်။

ထိုအချိန်၌ အစိန္ဓေယျ၊ လောကထုတ်ထား၊ ဂေါတမရှင် တော်မြတ်ဘုရားသည် ငါးဝါမြောက်၊ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ ဝါကပ်နေတော်မူလေရာ....။ကျွတ်ထိုက်သည်ကို တို့ကို ဒိဗ္ဗစက္ခုရှေ့ဥာဏ်တော်ဖြင့် ရှုကြည့်တော်မူသည်တွင် ရှေ့ဥာဏ်တော်စက်ကွင်း၌ နဂါးချင်း စစ်ခင်းနေသော စစ်တလင်းကြီးထင်းလာလေ၏။

မြတ်စွာဘုရားသည် နဂါးချင်း စစ်ခင်းနေသည့် စစ်မြေတလင်းရှိရာ နဘဂဒီပကျွန်းသို့ ကြွသွားပြီး၊ မေတ္တာရေစင်ဖြန်းကာ ငြိမ်းချမ်းရေးဟရား ဟောခြင်းဖြင့် တောက်လောင် နေသော စစ်မီးလျှံကို ငြိမ်းသတ်တော်မူလေ၏။ နဂါးမင်းတို့လည်း မှုခင်းဖြစ်ပွားကြောင်းဖြစ်သော 'မြပလွင်ကို ဘုရားအားလှူကုန်၏" ထိုအကြောင်းကို မဟာဝင်ကျမ်း၌ဂါထာငါးပုဒ်ဖွဲ့၍ ဤသို့ပြဆိုထား၏။

(၁) "မာရ်ငါးပါးကို အောင်မြင်ပြီး၍ဇီန,ဟူ၍ ထင်ရှား သော ရှင်တော်မြတ်ဘုရားသည်စူဋ္ဌောဒရ,အမဟော ဒရ, အမည်ရှိသော ထိုနဂါးတူအရီးနှစ်ယောက်တို့ အား အချင်းချင်း စိတ်ဝမ်းမကွဲပြား၊ တသားတည်း ဖြစ်ကြောင်း ညီညွတ်ရေး တရားကို ဟောကြား တော်မူ၏။ တူအရီးနှစ်ယောက်တို့သည် အလွန်ဝမ်း မြောက်ခြင်း ဖြစ်ကုန်လျက်၊ မြတ်စွာဘုရားအား ထိုမြပလ္လင်ကို လှူကြလေပြီ။

(၂) နတ်လူတို့ဆရာ မြတ်စွာဘုရားသည် ကောင်းကင်မှ ဆင်းသက်တော်မူလာပြီးလျှင် နဂါးမင်းတို့ လူအပ် သော ပလ္လင်ကို အလှူခံတော်မူပြီးလျှင် ထိုမြပလ္လင် ထက်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူစဉ် စူဋ္ဌောဒရ၊ မဟောဒရနဂါးတို့က နတ်ထမင်း၊ နတ်သုဒ္ဓါ၊ နတ်၌ ဖြစ်သော အဖျော်ယမကာတို့ဖြင့် မြတ်စွာဘုရား အား ဆက်ကပ်လုပ်ကျွေးလာကုန်၏။

(၃) "နာဂဒီပ ကျွန်းပေါ်၌ နေ သော ကုန်းနဂါး၊ သမုဒ္ဒရာထဲ၌ နေသော ရေနဂါး အားဖြင့် ကုဋ္ဌေ ရှစ်ဆယ်သောနဂါးတို့ကို လောကထွတ်ဖူး၊ အကြီး မှူး ဖြစ်တော်မူသော ရှင်မြတ်ဘုရားသည် သရဏဂုံ သုံးပါးနှင့်တကွ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ် ပါးသီလတို့၌ တည်စေတော်မူလေပြီ"

(၄) "ကမ္ဘာသူ ကမ္ဘာသားတို့၏ အားထား ကိုးကွယ်ရာ ဖြစ်တော်မူသောမြတ်စွာဘုရားသည် အားလုံးသော နဂါး အပေါင်းတို့ ရှိခိုးကော်ရော် ပူဇော်ကြစိမ့်

သောင့်ခါ လင်းလွန်းပင်နှင့်တကွသော မြပလွင်ကို ထိုနာဂဒီပကျွန်းဌ ထားတော်မူခဲ့လေ၏။

(၅) "ဤသို့လည်း မြက်ကြားတော်မူ၏။ "အိုနဂါးမင်းတို့၊ ထက်ဝယ်ဖွဲ့ခဲ့၊ စံနေခြင်းအားဖြင့် သုံးဆောင်အပ်ပြီး၍ ပရိဘောဂစေတီမည်ပေသော ဤမြပလွင်တော်ကို ရှိခိုးပူဇော်ရစ်ကြကုန်လော့" ထို့သို့ပူဇော်ခြင်းသည် သင်တို့အား အကျိုးစီးပွား ထွန်းကားခြင်း၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း အကျိုးငှါ ဖြစ်ပေလတံ့...."

ဤသို့ညွှန်ကြားထားခဲ့ပြီး ဇေတဝန်ကျောင်းတော်သို့ပြန်ကြွသွားလေ၏။ နဂါးတို့လည်း ထိုပလွင်ကို ပရိဘောဂစေတီအဖြစ်ဖြင့် အမြတ်တနိုး ပူဇော်ကြလေကုန်၏။ နောင်သောအခါ၌မူကား ထားတော်မူခဲ့သော လင်းလွန်းပင်နှင့် မြပလွင်ကို ဌာပနာ၍ စေတီတည်ထား ကိုးကွယ်ကြလေ၏။ ထိုစေတီကား ရာဇာရတနစေတီဟူ၍ တွင်သတည်း။ ဤကား ရာဇာရတနစေတီ၏ သမိုင်းစဉ်ဖြစ်ပေ၏။

ဤရာဇာရတနစေတီသည် အလွန် တန်ခိုးကြီးမား၍ ထင်ရှားသော ပရိဘောဂစေတီ ဖြစ်သောကြောင့် ရပ်ဝေးရပ်နီး၊ အသီးသီးတို့မှတက်ရောက်လာ၍ ဖူးမြော်ကြကုန်၏။ သီဟိုဠ်ကျွန်းသူ၊ ကျွန်းသားတို့သည်ရှင်း၊ ဇမ္ဗူဒိပ် ကျွန်းသူ၊ ကျွန်းသားတို့သည်ရှင်း၊ သဘော်၊ လှေ၊ ဖောင်တို့ဖြင့်နာဂဒီပကျွန်းသို့ကူးကာ ရာဇာရတနစေတီတော်ကို လာရောက် ဖူးမြော်ကြသဖြင့် နေ့စဉ်ပဲတော်တမျှ စည်ကားနေပေသည်။

အခါတပါး၌ သံဃာ ခြောက်ကျိပ်ပါသော ဘုရားဖူးအဖွဲ့တဖွဲ့ နာဂဒီပကျွန်းသို့ ဘုရားဖူး ရောက်လာလေ၏။ ရောက်ရာအရပ်၌ ဆွမ်းခံစားကြ၏။ ထိုအဖွဲ့သည် သီဟိုဠ် ကျွန်းပေါ်ရှိ တန်ခိုးကြီးဘုရားများကိုလည်း နေရာ အနှံ့အပြား လျှောက်၍ ဖူးလာခဲ့ကြပြီးဖြစ်သည်။ ဤနာဂဒီပကျွန်းရှိ ရာဇာတနစေတီတော်ကို ဖူးမြော်ရန်သာ ကျန်တော့သဖြင့် လာရောက် ဖူးမြော်ကြခြင်းဖြစ်လေသည်။

နာဂဒီပကျွန်း၏ လူနေမှုအခြေအနေမှာ ညီမျှခြင်းမရှိလေ။ ကောင်းကင်နှင့် မြေကြီးအလားကဲ့သို့ အလွန်ဝေးလံ ကွာဝြားလှ၏။ ဆင်းရဲသူများမှာ ဖွတ်ကျော ပြာစုသည့်ပမာ ကုန်းကောက်စရာ မရှိအောင် ဆင်းရဲမွဲတေပြီး ချမ်းသာသူများမှာကား ကျိကျိတက်ချမ်းသာကြလေသည်။ စီးပွားရေးကျပ်တည်း၍ ဆင်းရဲသူများလေလေ၊ ချောင်လည်သူများအဖို့ စီးပွားတက်လေလေဖြစ်၏။

အဘယ့်ကြောင့်ဆိုသော်....ငွေသည် ဘဝကို ကျားကန်၍ ထောက်ထား၏၊ ငွေကို ကျွန်လို ခိုင်း၍လည်း ကောင်းသည်။ ဘုရားလို ကိုးကွယ်ရာလည်း မှန်သည်။ ဓနရှင်များက ကျွန်လို ခိုင်းရန် ငွေကိုရှာကြသော်လည်း ဆင်းရဲသားများကမူဘုရားလို ကိုးကွယ်ရန် ငွေကိုရှာကြသည်။

ငွေလိုနေသော ဆင်းရဲသား များသည် ငွေရရှိရေး အတွက် ရှိပစ္စည်းကို မတန်တဆစျေးဖြင့် ရောင်းချကြသည်ကို ငွေရှင်၊ ကြေးရှင်များက သိမ်း၍ ဝယ်ယူ သိုလှောင်ထားကြပြီး၊ ဆင်းရဲသားများအား မတန်တဆ အမြတ်တင်၍ ရောင်းချကြသည်။

ဆင်းရဲသားများမှာ မဝယ်ရင်မဖြစ်သောကြောင့် သူတို့ဆိုသော စျေးကိုပေး၍ မျက်စိမှိတ် ဝယ်ယူကြရကုန်၏။

ဤသို့အားဖြင့် ဆင်းရဲသားတို့လက်၌ရှိသော မရှိမဲ့၊ရှိမဲ့ငွေစကလေးများသည် ငါးပွက်သလို ဓနရှင်များလက်သို့ပုံ့ပုံ့၍ပုံ့၍ ခုန်တက်ကြသည်ဖြစ်ရာ၊ ဆင်းရဲသားတို့မှာ ကြာသော် လှုပ်လေမြုပ်လေ ဆိုသကဲ့သို့ ငွေဖြင့် ဖိတ်ဖိတ်သား မဝယ်နိုင်ကြတော့သည့်အဆုံးတွင် ထမင်းတနပ်ကို အတော် အပြတ်မခံနိုင်ကြသည့် အတိုင်း သူကြွယ်၊ သူဌေး၊ ငွေရှင်ကြေးရှင်များထံ မိမိကိုယ်ကို ပေါင်နှံ၍ စားသောက်ရသောဘဝမျိုးသို့ ရောက်ကြရကုန်၏။

နာဂဒီပကျွန်း၏ လူနေမှုစနစ်မှာ ဤအတိုင်းပင် ဆူး၊ကြုံ၊ နိမ့်၊မြင့်၊ မညီမျှဘဲဖြစ်နေသည်။ ဓနရှင် သူဌေး၊ သူကြွယ်များထံ လူကိုယ်အပ်နှံ၍ ကျွန်ခံကာအသက်မွေးရသောစနစ်သည် အမြစ်ခိုင်ခိုင်နှင့် ကြီးထွားသန်စွမ်းလျက် ရှိနေပေသည်။

"နာဂ၊"သည်နာဂဒီပ ကျွန်းသူတယောက်၏အမည်ဖြစ်၏။ စီးပွားရေးကျပ်တည်းမှုကြောင့် သူကိုယ်သူ ပေါင်နှံ၍ သူကြွယ်တဦး၏အိမ်တွင် ကျွန်ခံနေရသော အိမ်စေမကလေး ဖြစ်လေသည်။ သူကိုယ်သူ အသပြာငွေသားခြောက်ဆယ်မျှဖြင့် ပေါင်နှံထား၍ သူကြွယ်ထံ၌ ကျွန်ဖြစ်နေရသည်။ငွေခြောက်ဆယ်ဖြင့် မရွေးနိုင်သမျှ သူဘဝသည် ကျွန်အဖြစ်က လွတ်မြောက်ရန် အကြောင်းမရှိလေ။ ရွေးနိုင်ဘို့ဆိုသည်မှာလည်း သူအဖို့ တနေကုန်၊ တနေခမ်း၊ နေထွက်ကနေဝင်အထိ သူကြွယ်အိမ်၌သာ အချိန်ကုန်ရသောကြောင့် ဝင်ငွေကြေးပြားတချပ်မျှ အပြင်၌ ရှာဖွေခွင့်မရ။

ဤနည်းအားဖြင့် အိမ်စေမကလေး နာဂါ,မှာ မိမိဘဝကို ပြန်၍ ရွေးနုတ်နိုင်စွမ်းမရှိသောကြောင့် ငွေခြောက်ဆယ်မျှဖြင့် သူဘဝမှာ တသက်လုံး သူကျွန်ဖြစ်ရမည်ကဲ့သို့ ဖြစ်နေပေသည်။ နာဂါ၏ နေ့စဉ်အလုပ်များကား ချက်ရပြုတ်ရသည်၊ ရေခပ်ရသည်၊ မောင်းထောင်းရသည်၊ လျှော်ရဖွပ်ရသည်၊တောက်တို မယ်ရ, အိမ်မှုကိစ္စအကုန် ကုမ္ပဏီခံ၍ ကျုံးလုပ်နေရသူကလေး ဖြစ်၏။

တခါသ၌ နာဂါ,သည် ရေအိုးကလေး ခေါင်းပေါ်ရွက်၍ ရေခပ်ရန် ထွက်လာသည်။ ဘုရားဖူးအဖွဲ့ ခြောက်ကျိပ်သော သံဃာတော်များကလည်း ရွာတွင်း၌လှည့်လည်ဆွမ်းခံရာမှ ပြန် ထွက်လာကြသည်။ နာဂါနှင့် ဆွမ်းခံကိုယ်တော်များ ရေခပ်လမ်း၌ ဆုံမိကြလေသတည်း။

"အရှင်ဘုရားများ ဆွမ်းခံ၍ရတော်မူခဲ့ပါ့ရဲ့လားဘုရား"

နာဂါသည် ရေအိုးကလေး ခေါင်းပေါ်ကချပြီး၊ ဒူးတုပ်ရှိခိုးလျက် အထက်ပါစကားဖြင့် ဆွမ်းပန်းကိစ္စကိုလျှောက်ထားလေသည်။ ဤသို့လျှောက်ထားကြည့်ခြင်းမှာ သူရွာ၏အဌာကို သိနေသောကြောင့် ဖြစ်ဟန်တူ၏။ သူတို့ရွာသည် ဆင်းရဲသူကများခြင်း၊ ဓနရှင်လက်တဆုပ်စာရှိသော်လည်း ရတနာသုံးရပ်ကို ဆည်းကပ်လေ့မရှိခြင်းတို့ကြောင့် ဆွမ်းမှ ရတော်မူကြပါစ,ဟူ၍ သံသယဖြစ်မိလေ၍ လျှောက်ထားကြည့်ခြင်းဖြစ်၏။ နာဂါ၏ သံသယ,ကား မမှားချေ။

"ဒါယိကာမကလေး....တဇွန်းတယောက်မ,မျှသောဆွမ်းကို ငါတို့မရခဲ့ကုန်"

ထိုစကားကိုကြားလိုက်ရသောအခါ နာဂါ့သည် တုန်လှုပ်သွားလေသည်။ လူချင်၏။ သူမှာ လူနိုင်သော အင်အားမရှိ၍ မျက်လုံးကလေး ကလယ်ကလယ်နှင့် ဖြစ်နေသည်၊ "ငါဘယ်လို လုပ်လူရပါမည်လဲ" နာဂါသည် ဤသို့တွေးကာ လမ်းစကိုရှာသည်။ ထိုနောက်....

"အရှင်ဘုရားမျှား တပည့်တော် ပြန်လာသည်အထိ ဒီမှာ ခေတ္တဆိုင်းငံ့တော်မူပါဘုရား" ဤသို့ လျှောက်ထား ပန်ကြားခဲ့ပြီး သုတ်သီးသုတ်ပြာ ရွာထဲသို့ပြန်ဝင်သွားလေသည်။

သူသခင်သူကြွယ်သည် ရေးကြီးသုတ်ပြာ ပြေးလာသော နာဂါ့ကိုမြင်လျှင် ရေအိုးကွဲခဲ့ပြီ ထင်၍ ဒေါသဖြင့် ဆီး၍ ဟောက်သည်။

"ဟေ့ ညည်း ရေအိုးခဲ့ခဲ့ပြန်ပြီမှုတ်လား"

"မှုတ်ပါဘူးသူကြွယ်မင်းရယ်။ကျမ-ကျမပြန်လာတာက+ +" နှုတ်မထွက်ရဲရှာ၍ အထစ်ထစ် အငေါ့ငေါ့ဖြစ်နေသည်။

"ဒါဖြင့်ဆိုစမ်း....ပြာရီးပြာရာ ညည်း ဘာဖြစ်လာတာလဲ"

"ကျမကို အသပြာ ခြောက်ဆယ်ထပ်ပီး ပေးပါအုံးလို့...."

ဤတွင် သူကြွယ်သည်ထိုကနဲ တံထွေး ထွေးလိုက်ပြီးနောက် မဲ့ရွဲ့ကာ-

"ညည်းယူထားတဲ့ကြေးခြောက်ဆယ်တောင် မဆပ်နိုင်သေးဘဲနဲ့၊ ငါကနောက်ထပ် ခြောက်ဆယ်ပေးရအုံးမယ် ဟုတ်လား၊ ညည်းတို့ဟာ ကြေးဟောင်းဆပ်မယ်မကြံဘူး။ အလကားရတိုင်း ကြေးသစ် ထပ်ယူဘို့ဘဲ စိတ်ကူးနေတာကိုး။ ညည်းတို့ လိုချင်တိုင်း ငါကပေးနေရတော့မှာလားဟင် ?"

"သည်လိုရှိပါတယ်ရှင်....သူကြွယ်မင်းရဲ့ စီးပွားကို မထိခိုက်စေရပါဘူး။ ခုကျမ ဒီမှာလာပီး ကျွန်ခံနေရတာဟာ နေ့ခင်းအလုပ်သာဖြစ်ပါတယ်။ နေ့ကိုသာ ကျမကို ခိုင်းနိုင်ပါတယ်။ ည မခိုင်းနိုင်ပါဘူး။ နောက်ထပ် ယူတဲ့ ခြောက်ဆယ်အတွက် ဒီအိမ်မှာ နေ့ရောညရော ကျမအလုပ်လုပ်ပါ့မယ်။ ကျမကိုကျမ ရွေးနုတ်နိုင်တဲ့တနေ့ ကျွန်ဘဝက လွတ်မယ်။ မရွေးနိုင်တဲ့ အဆုံးတသက်လုံးနေ့ရောညရော ကျမကိုခိုင်းသွားဘို့ရှိတာဘဲ။သူကြွယ်မင်းအဖို့ မနစ်နာပါဘူးရှင်။ ကျမကို ခြောက်ဆယ် ထပ်ပီးသနားပါသူကြွယ်မင်းရယ်...."

သူကြွယ်သည် ဓနရှင်ပီပီ ဤတွင်မှ ကြည်သာရှင်ပျ ပြုံးစစဖြစ်လာသည်။ ပေဖူးလွှာတွင် စာချုပ်များရေးသားပြီး လိုအပ်သော အသပြာ ခြောက်ဆယ်ကို ရှောရှောရှူရှူ ပေးလိုက်လေ၏။ နာဂါသည် ထိုအသပြာများကိုဝမ်းပန်းတသာ ယူခဲ့ပြီးတအိမ်တက်ဆင်းဝင်လေ၏။

"ဒီငွေတကျပ်ယူပါ၊ ကျမကို ဆွမ်းတလုံး ချက်ပေးပါ" အိမ်ခြေပေါင်းခြောက်ဆယ်ကို ငွေဘကျပ်စီပေး၍ တအိမ်လျှင် ဆွမ်းတလုံးကျ ချက်စေသည်။ တတ်နိုင်သမျှ ဟင်းလျှာများကို လည်း လှူဒါန်းပါရန် တောင်းပန်သည်။ နာဂါ၏စေတနာမှ ဆွမ်းအလုံးပေါင်း ခြောက်ဆယ်၊ဟင်းလျှာများနှင့်တကွပေါက်ဖွားရရှိလာသည်။

ထိုဆွမ်းနှင့်ဆွမ်းဟင်း၊ ခဲဘွယ်ဘောဇဉ်တို့ကို ခြောက်ကိုပ်သော အသျှင်သူမြတ်တို့၏ သပိတ်၌ထည့်၍ဆက်ကပ်လှူဒါန်းပြီးအောက်ပါ ဂါထာဖြင့်လျှောက်လေ၏။

(၁) "အသျင်သူမြတ်တို့ဘုရား၊ဘုရားတပည့်တော်မ,ခြေတော်စုံကိုဦးခိုက်၍ ရိုသေစွာ ရှိခိုးကန်တော့ပါ၏။ အသျင်ဘုရားမျှားအားတပည့်တော်မ လျှောက်ထားပါအံ့။ ကြားနာတော်မူပါကုန်ဘုရား။ ဤမဟာပထဝီ မြေအပြင်၌ တပည့်တော်မနှင့် တူသော အထီးကျန်သူ မရှိပါဘုရား"

(၂) "ဘုရားတပည့်တော်မသည် သူငြားသူမြီကို မဆပ်နိုင်၍ကျန်ခံနေရပါသောငြားကြေးကျန် ဖြစ်ပါသည်။ တပည့်တော်မမှာ မိုခိုအားထား စရာလည်း မရှိ၊ ဥစ္စာလည်း မရှိ၊ ဆွေမျိုးလည်း မရှိ၊ တကောင်ကြွက်ပါဘုရား"

(၃) "တပည့်တော်မသည် လူချင်လှသောကြောင့် သူကြွယ်ထံတွင် ညကျန်အဖြစ် ထပ်မံအပ်နှံ၍ ယနေ့ ဆွမ်းဒါန ပြုခြင်းဖြစ်ပါသည်။ အရှင်ဘုရားတို့သည် စေတနာကို ငဲ့သောအားဖြင့် သူဆင်းရဲမ လှူသော ဆွမ်းကို မြိန်ရှက်စွာ ဘုဉ်းပေးတော်မူကြပါဘုရား"

ဤသို့လျှောက်ထားပြီးလျှင် နာဂါသည် သံဃာတော်များအား သပိတ်ကို ကိုယ်တိုင်ကပ်၍ ကန်တော့ပြီးနောက် ရေအိုးရှက်ကာ ရေတွင်းဘက်သို့ ထွက်ခွါသွားလေ၏။

သံဃာတော်များသည် အိမ်စေမကလေး, နာဂါ, လှလိုက်သော ဆွမ်းသပိတ်ကိုပိုက်၍ ပြန်လာခဲ့ကြစဉ်၊ လမ်းခရီး

တလျှောက်၊ နာဂါ, လျှောက်ထားသော စကားကိုသာ ကြားယောင်နေကြကုန်၏။ ဆွမ်းစားကြရန်အတွက် မဟာနာမ,မည်သော ရေအိုင်သို့ ကြွကြသည်။ ရောက်လျှင် ကျည်းပင်ကြီးအောက်၌ စခန်းချကြသည်။

ထိုအခါ သံဃာတို့၏စိတ်၌ ဆွမ်းဒကာမ ကလေး နာဂါ,ကိုသာ နိမိတ်စွဲထင်နေကြလေ၏။ ကိုယ်နှင့်ရင်းနှီး၍ ကျွန်ခံပြီးလှူဒါန်းလိုက်သော ဆွမ်းဖြစ်ခြင်းကြောင့် ထိုဆွမ်းကိုမစားရက်အောင်ပင်ရှိနေကြသည်။ သို့ကြောင့်ပင် ထိုအဖွဲ့၌ အကြီးအကဲ သံဃနာယက မထေရ်ကြီးတပါးကထိုဆွမ်းကိုမစားမီဤသို့သတိပေးတော်မူလေသည်။

(၁) "အိုအသျှင်ကောင်းတို့။ ငါတို့အား ဆွမ်းလှူလိုက်သော ဤဒကာမကား ဒို့မိခင်လည်းမဟုတ်၊ ဒို့အမ၊ ဒို့နှမလည်းမဟုတ်၊ ဒို့ယောကျမ, ဒို့ချေးမလည်းမဟုတ်၊ ဒို့ဆွေမျိုးသားချင်းလည်းမဟုတ်၊ ဒို့မိတ်ဟောင်းဆွေဟောင်းလည်းမဟုတ်"

(၂) "ဤအသျှင် သူမြတ်တို့ကား- သီလရှိကြကုန်၏။ ဂုဏ်ကျေးဇူးရှိကြကုန်၏။ ကောင်းသောကိုယ်ကျင့်တရား ရှိကြကုန်၏။ ကိုယ့်နှုတ်နှလုံးစောင့်စည်းကြကုန်၏။ ဤသို့သော အကျင့်သီလဂုဏ်တို့နှင့်ပြည့်စုံသောအသျှင်သူမြတ်တို့အား လှူအပ်သည် ရှိသော်....အနည်းငယ်ပင်လှူစေကာမူ အကျိုးတရားကား အတိုင်းမသိများလေရာ၏"

(၃) "ဤသို့ နှလုံးပိုက် သင်းလျက် ထိုဒကာမက လူခြင်းဖြစ်ပေမည်။ သူဆင်းရဲမ,ဖြစ်ပါလျက်၊ သူတပါးထံတွင် ကျွန်ခံနေရသူ ဖြစ်ပါလျက် မိမိကိုယ်ကို ပေါင်နှံရောင်းချကာ ငါတို့အား သူလှူလိုက်လေသည်"

(၄) "ငါ့ရှင်တို့သည် ဆွမ်း ဒကာမလေး၏ ဖုံဖိုး သောအကျိုးကိုမြင်လို့ကြဘိမူကား ကိုယ့်ကိုယ် ကို စင်ကြယ်အောင် သုတ်သင်တော်မူကြပါ။ ရာဂကို မပယ်နိုင်သေးဘဲ၊ အာသဝေါကုန် ခမ်း ရဟန္တာအဖြစ်သို့ မရောက်သေးဘဲ၊ ထို ဆွမ်းကို ငါတို့မစားကြစတမ်း...."

ခြောက်ကျိပ်သောရဟန်းတို့သည် ဤသို့အဓိဋ္ဌာန်ပြုကြပြီး၊ ထိုဆွမ်းကိုမစားသေးဘဲ၊ သစ်တပင်ရင်း၊ ဝါးတပင်အောက်သို့ ချဉ်းကပ်ကာ၊ သမထ, ဝိပဿနာတရား ပွားများ အားထုတ်ကြလေသော်....။ ထိုရဟန်းတို့၏ ရှေးအခါက ဖြည့်ဆည်းပူးလာခဲ့ကြသော ပါရမီ ကုသိုလ်ထူး တို့ကြောင့် မရှေးမနှောင်းပင် ရဟန္တာဖြစ်ကြလေ၏။ ရဟန္တာဖြစ်မှ သူဆင်းရဲမကလေးလှူလိုက်သော ဆွမ်းကို ဘုဉ်းပေးတော်မူကြလေသည်။

ထိုအကြောင်းကိုသိလျှင် ဘုရင့်ထီးချက်စောင့် နတ်သမီးက သာဓုသုံးကြိမ်ခေါ်လေသော်....။ ဘုရင်ကကြားသိ၍ အကျိုးအကြောင်းကို နတ်သမီးအား မေးလေသောအခါ နတ်သမီးက နှာဂါ,၏အကြောင်းကို လျှောက်ထားလေ၏။

(၁) "တရားမင်းမြတ်။ အကြင်သူသည် လူသော အခါ စေ ခိုင်းတိုင်း မ လုပ် ၍ ဖြစ် စေ၊ စိတ်တိုင်းမကျ၍ဖြစ်စေ၊ ခြေလက် ဖြတ်ခြင်း၊ ခေါင်းကို ရိုက်ခဲခြင်း စသည်တို့ဖြင့် နှိပ်စက် ကလူပ်၍ လူသည် ဖြစ်အံ့၊ ထိုအလှူမျိုးကား အကျိုးမရှိ"

(၂) "အကြင်သူသည် ရိုသေ လေးစားခြင်းမပြု၊ သဒ္ဓါတရားလည်း ခေါင်းပါး၊ စိတ်ကောင်း တခုကိုမထား၊လောဘ၊ အလင်္ဘီ၊ ဒုဿီလအလှူ ခံပုဂ္ဂိုလ်၌ လူမိသည်ဖြစ်အံ့။ ထိုအလှူမျိုးသည် လည်း အကျိုးမရှိ"

(၃) "ကျောမဲ့ သူဆင်းရဲပင် ဖြစ်စေကာမူ၊ ယုံယုံ ကြည်ကြည်၊ သဒ္ဓါတရားရှိရှိလှူခဲ့သော်... ၊ရိုရို သေသေလှူခဲ့သော်....၊ စေတနာဖြူဖြူဖြင့် လှူခဲ့ သော်....၊ နည်းနည်း လှူသော်လည်း အကျိုး ကား အတိုင်းမသိ များပေ၏"

ပြည့်ပိုင်မင်း တရားသည် နတ်သမီး၏ စကားကို ကြားလျှင် သူဆင်းရဲမကလေး နာဂါအား များစွာချီးကျူးရုံမက၊ ဂါနာကိုဂုဏ်း၊ နာဂါ၏သခင် သူကြွယ်ကိုဂုဏ်း၊ ရွှေတော်သို့ခေါ်စေပြီး လျှင် 'ကြွေးတင်၊ရှင်ဘုရင်ဆပ်' ဆိုသောစကားအတိုင်းနာဂါက ပေးဆပ်ရန် ရှိသော နွေကျွန်ကြွေး ၆ဝိ၊ ညကျွန် ကြွေး-၆ဝိ၊ ပေါင်း ၁၂ဝိကို သူကြွယ်အား ဘုရင်ကပေးဆပ်လေ၏။ များ

စဉ်သော ရွှေ၊ ငွေ၊ စည်းစိမ်ဥစ္စာတို့ကိုလည်း နာဂါအား ပေးကမ်း ချီးမြှင့်လေ၏။

နာဂါ၏ထုံးကိုန္နလုံးပိုက်စေလိုသောဆန္ဒဖြင့်ကျမ်းပြုဆရာက အောက်ပါဂါထာဖြင့် တိုက်တွန်းလိုက်ပြီး ဤဝတ္ထုဇာတ်ကို အဆုံးသတ်လေ၏။

"မိမိကိုယ်ကို သူတပါးထံပေါင်နှံ၍ ကျွန်ခံနေရသူ အိမ်စေမကလေးပင် ဖြစ်ပါလျက်လည်း၊ ဉာဏ်ပညာဖြင့် မြော်ရှု၍ ပေးလှူသောကြောင့် နတ်လူတို့က ချီးကျူး ဂုဏ်ပြုကြရ၏။ ထို့ကြောင့် အလှူသည် အဘိုးအတိုင်းမသိ ထိုက်တန်သော မနေ့မယ ပတ္တမြားရတနာနှင့်လည်းတူပေ၏။ အလိုရှိအပ်၊ တောင့်တအပ်သော အကျိုးကိုလည်း ပေးတတ်၏။ သူတော်ကောင်းဖြစ်သော သင်တို့သည် မပေးရက်၊ မလှူလို၊ သဝန်တိုခြင်းတည်းဟူသော မစ္ဆေရ ရန်သူကိုသတ်ကြလေကုန်။ မြတ်သောအလှူကို ဆည်းကပ်ကြလေကုန်"

(၁၀)

ဝဏ္ဏုလပဗွတ

'အိမ်ရှေ့ကြမ်းပျဉ်ပေါ်၌ ရဟန်းတပါးသည်အနီးဌာသပိတ်ခွ
၍ တည်ငြိမ်သောဣန္ဒြေဖြင့် သပ္ပာယ်စွာထိုင်နေ၏။

ထက်စွာသောလက်သည်းလှီးခေါင်းငယ်ကိုကိုင်လျက်၊အိမ်ရှင်မ
သည် အိမ်ခန်းတံခါးဝတွင်ရပ်၍ တွေ့နေ၏။ တစုံတရာကို လေး
လေးနက်နက် စဉ်းစားနေဟန်ရှိ၏။ တွေးရင်းစဉ်းစားရင်းမှ သူ
မျက်နှာအသွင် ကြည်လင်ရှင်ပျလာသည်။ သည့်နောက် ထိုအိမ်
ရှင်မသည် တစုံတခုကို ဆုံးဖြတ်လိုက်ပြီးသည့်အနေဖြင့် ဟိုဟိုဒီဒီ
စောင်းငဲ့၍ကြည့်ရှုပြီး၊ ခင်ပွန်းလင် မသိအောင် အခန်းထဲသို့
တိတ်တဆိတ်ဝင်သွားလေသည်။

ဆက်၍ ထိုအခန်းရှေ့သို့ စွဲကန့် ခင်ပွန်း လင်ယောကျ်ား
ရောက်လာပြန်၏။သူလက်ထဲ၌လည်းသားလှီးခေါင်းငယ်တချောင်း
ပါလာလည်း။ သူသည်လည်း မယားနည်းတူ၊ တစုံတရာကို နက်
နက်နဲနဲတွေးတောပြီးနောက် ထိုအခန်းထဲသို့ပင် စွပ်၍ ဝင်သွား
ပြန်လေ၏။

အခန်းထဲ၌ ချစ်ဇနီးအိမ်ရှင်မသည်၊ဖြူဖွေးသောသူမ၏ပေါင်
သားများပေါ်လာအောင် ထမီကိုဆွဲ၍လှန်လိုက်သည်။ ဆူဖြိုး
ရာရာ၊ အသားကောင်းရာရာကိုလက်ဖြင့်စမ်းကြည့်နေ၏။တနေ
ရာမှ ဖြူဖွေးနေသောပေါင်သားတစ်ကို ဘယ်လက်ဖြင့် ကြ့လာ
အောင်ဆွဲလိုက်ပြီး ညာလက်ဖြင့် ကိုင်ထားသော ခေါင်းငယ်ဖြင့်
ထိုပေါင်သားတစ်ကို လှီးဖြတ်မည်ပြုသောခဏ "ဟေ့-ဟေ" ဟု

သောအသံနှင့်အတူလင်ယောကျ်ားကပြေးဝင်လာပြီး ဇနီးသည်လက်မှဓားကိုရုတ်တရက်ဆွဲ၍လုကာ-

"ဒါဘာလုပ်တာလဲရှင်မ"

စိုးရိမ်တကြီးအသဲတုန်အူတုန်ဓားကိုလုရင်း လင်ကမေးသောအခါ မယားက ဓားကိုအတင်းပြန်လုရင်းမှ-

"ဆုတ်....လွှတ်....လွှတ်။ကျမအသားကိုလှီးပြီး ချက်လှူမလို့"

"မင်းအသားကိုမလှီးရဘူး၊ မချက်ရဘူး၊ ငါ့အသားကို လှီးချက်လှူဘို့ ဆုံးဖြတ်ပြီးငါလာခဲ့တာ"

လင်သည် မယားလက်က ဓားကို လု၍ ဆွဲလွှင့် ပစ်လိုက်ပြီးနောက်၊သူမှာပါသောဓားဖြင့် သူပေါင်သားကိုလှန်၍ လှီးဖြတ်မည်ပြုလျှင် မယားကဓားကိုဆွဲလုပြန်သည်။

"တော့်အသားမလှီးရဘူး၊ လှီးချင်းလှီးရင် ကျုပ်အသားလှီးရမယ်၊ ရှင်ကအလုပ်လုပ်တဲ့လူ၊ သွားရလာရတဲ့လူ၊ မဖြစ်ပါဘူးတော်၊ ပေးပါဓား၊ ကျုပ်အသားကိုဘဲလှီးပြီးချက်မယ်"

အသားကိုလှီးချက်ပြီးလှူဘို့အတွက် သူအသား ငါ့အသား၊ လင်မယားနှစ်ယောက် အလုအယက်ဖြစ်နေ၏။ ထိုဖြစ်ရပ်ကား အဘယ့်ကြောင့် ဤသို့ ဖြစ်ရသနည်း။ ဤအသားလှီး ဇာတ်၏ အကြောင်းရင်းဖြစ်ရပ်ကား ဤသို့ဖြစ်ပေ၏။

ဝဋ္ဌုလတောင်တန်းသည် မိုးပြာအောက်၌ အညိုရောင်သန်းကာ မဟာပထဝီကမ္ဘဏ်လာအခင်းကြီးပေါ်တွင်တုံးလုံးလဲလျောင်းလျက် အိပ်စက်နေသကဲ့သို့ ထင်ရ၏။ တောင်ဆိုသော်လည်း စိုစိုပြေပြေမရှိဘဲ တောင်ခြောက်ကြီးဖြစ်နေပေသည်။

ထိုတောင်ခြေမှ ဝဋ္ဌုလရွာကလေးကား အမောဆို့လျက်ပင် ရှိနေပေသေးသည်။ အသက်ကိုပင်မှန်မှန်မရှုနိုင်အောင် ဖြစ်

နေရှာ၏။ အဘယ့်ကြောင့်ဆိုသော်၊ ထိုအချိန်က သီဟိုဠ်ကျွန်း သည် ၁၂ နှစ်လုံးလုံး သူပုန်သောင်းကျန်းသူတို့၏ နှောက်ယှက် ခြင်းဒဏ်ကို အလူးအလဲခံလာခဲ့ရသည်။ အိုးခြေအိမ်ခြေ အတည် တကျမနေနိုင်ကြကုန်။ အသက်တချောင်း လုတ်ကင်းချမ်းသာ ပါမည့်အကြောင်း၊ဟိုပြောင်း,သည်ရွှေ့ ရောက်ရက်ခတ် ဖြစ်နေ ကြသည်။ပစ္စည်းကိုပယ်၊လူကိုသတ်၊ ရွာကိုမီးတိုက်၊အဖြစ်ဆိုး ကပ် ဆိုးကြီး ဆိုက်ခဲ့ရသည်။

သူပုန်ခေါင်းဆောင်(၀၇)သူပုန်ဗိုလ်လုပ်သူမှာ ဗြဟ္မဏတိဿ ဟုတွင်၏။ သူသည် ၁၂ နှစ် ကာလ ပတ်လုံး တိုင်းသူ ပြည် သား၊ရဟန်းရှင်လူ ပြည်သူခပ်သိမ်းတို့၏ အသက်စည်းစိမ်၊ ဥစ္စာ စည်းစိမ်ကို ချေမှုန်းဖျက်ဆီးခဲ့သူဖြစ်လေသည်။

ထိုသို့ သူပုန်ဘေးဆိုးကြီးကြောင့် တကျွန်းလုံး မီးအုံးသော ကြိန်ညှန့်သဖွယ်၊ တတွန့်တွဲနှံ့တလိန့်လိန်၊ဣန္ဒြေမရ၊ကြီးစွာသော ဒုက္ခနှင့် ရင်ဆိုင်နေကြရသည့်အချိန်တွင် ဗူးလေးရာမှာ ဖရုံဆင့် ဆိုသည့်အတိုင်း မိုးခေါင်ရေရှားသဖြင့် စပါးဆန်ရေ ကောက်ပဲ သီးနှံစသော စားနပ်ရိက္ခာများ မရရှိလေဘဲ ပြတ်လတ်လေရ ကား၊ သတ်ဖြတ်ခြင်း သတ္တန္တရကပ်၊ ငတ်မွတ်ခြင်း၊ ဒုဿက္ခန္တရ ကပ်ဟူသော ဤကပ်ဆိုးနှစ်မျိုးအောက်သို့ ကျရောက်လာခဲ့ကြ ရသည်။

သတ္တဝါဟူသည် အာဟာရစောတ်နှင့် ကင်းပြတ်ခြင်း မခံနိုင် ကြသည့်အလျောက် ငတ်ပြတ်လာသောအခါတွင် ရရာ သစ်ဥ သစ်ဖုမျှားကိုဌင်း၊ အမျိုးမျိုးသော သစ်ရွက်မျှားကိုဌင်း၊ စား သောက်ခြင်းပြုကြလေရာ မစားကောင်းသော သစ်ဥ၊ သစ်ဖု၊ သစ်ရွက်မျှားကို စားမိကြလေသောကြောင့်၊ အဆိပ်အတောက်

ဖြစ်၍ သေသူများမှာလည်း မရေမတွက်နိုင်ဖြစ်ခဲ့ရသည်။ မြင်မကောင်းအောင် အလောင်းချင်းထပ်မျှကြုံခဲ့ရသည်။

ဤဝဋ္ဌုလရွာကလေးကား-ဤတောင်ခြေ၌ ရှေးအခါကမရှိလေ၊ ဗြဟ္မဏတိဿသူပုန်ဘေးကြီးကြောင့် ထိုမှဤမှရွှေပြောင်းထွက်ပြေးလာကြသူများ စုပေါင်းနေထိုင်ကြရာမှ ဖြစ်လာသောရွာဖြစ်၏။ သူပုန်ဘေးက အေးငြိမ်းသွားပြီဆိုရသော်လည်း၊ မိုးဒေဝါကား.... ကျွန်းသူကျွန်းသားများအား ဒဏ်ခတ်ထားလေသည့်အလား-ခေါင်မြဲသာ ခေါင်နေသောကြောင့် အငတ်ပြဿနာမှာ ယနေ့တိုင်ပင် ပြီးပြတ်ခြင်းမရှိသေးပေ။

ထို့ကြောင့်ယနေ့အချိန်သည်သီဟိုဠ်တကျွန်းလုံးအငတ်ပြဿနာနှင့် ရင်ဆိုင်နေရတုန်းအချိန် ဖြစ်သောကြောင့် ဒါယကာမကြည်ရွင်သဖြင့် သာသနာမှာမစည်ပင်နိုင်တော့ဘဲ၊သာသနာ့ဝန်ထမ်းရဟန်းတော်များမရှိလေသဖြင့် သာသနာ ကွယ်တော့မလောက် ဖြစ်နေ၏။ သီဟိုဠ်ကျွန်းသည် ဗုဒ္ဓသာသနာ အထွန်းလင်းဆုံးဖြစ်ခဲ့သော်လည်း ဤအချိန်တွင်မူ ဖူးမြော်လိုစေကာမူ ရဟန်းတော်များမှာ ရှာမှရှားဖြစ်နေ၏။

လူတိုင်းလူတိုင်းသည်အငတ်ပြဿနာကို အင်တိုက်အားတိုက်ဖြေရှင်းနေရသောထိုအခါ၊ ထိုသမယတွင် ရွာသားတယောက်သည် သူတို့လင်မယားစားသောက်ရေးအတွက် ရွာမှ အစာရှာထွက်လာခဲ့၏။

သူသည် စားကောင်းရာရာသစ်သီး ဝလံများကို ရှာသည်။ သစ်ဥသစ်ဖုများနောက်သို့ လိုက်သည်။ သို့သော် မရလေ။ စားကောင်းသောသစ်ပင်များ၏ အောက်ခြေတိုင်း၌ ဝက်ထိုးထားသည့်အလား၊လူတို့တူးဆွထားသဖြင့် ပွနေ၏။ သစ်ပင်များကို

ကြည့်လိုက်ပြန်လျှင်လည်းအရိုးပြိုင်းပြိုင်းကိုသာမြင်ရသည်။ ရွက်နူ ရွက်ညွှန့်များမထွက်နိုင်ရှာ၊ ထွက်သမျှ ရွက်ညွှန့်များမှာလည်း 'ဆဲကာနှင့်ဆန်ချေးမမျှ' ဆိုသည်အတိုင်း၊ အရွက်ထွက်တာနှင့် လူတို့ခူးဆွတ်ခြင်းမှာမမျှ၍ နလံမထူနိုင်အောင်ပင် ဖြစ်နေကြရှာလေ၏။

ရွာမှသစ်သီးရှာ၊ဟင်းရွက်ခူးထွက်လာခဲ့သောထိုယောကျ်ားသည်တောင်အောက်နှင့် တောင်ခါးပန်းတလျှောက်လျှောက်၍ ရှာသော်လည်း ဘာကိုမျှ မရသည့်အဆုံး၌ ဝဋ္ဌုလတောင်ထိပ်ပေါ်သို့ တက်သွားလေသည်။ တောင်ပေါ်၌လည်း မိုးခေါင်သောကြောင့် သစ်ပင်အပေါင်းတို့မှာ မသေရုံတမယ် ခြောက်သယောင်းနေကြသည်ကိုသာတွေ့နေရ၏။

ထိုယောကျ်ားသည် မလျှော့သောဇွဲ၊ မဆုတ်နစ်သောလုံ့လဖြင့် တောင်ပေါ် တလျှောက် ဒေါင်းတောက်အောင် စားကောင်းသော အသီးအရွက်များကို လူနှင့် အတော် ဝေးကွာသဖြင့် နက်ခေါင်သော နေရာတခုသို့ ရောက်သွား လေသော အခါ ရွက်ညွှန့်ကလေးတွေ ဝေဖါးဖါးနှင့် သဖန်းပင်တပင်ကို သွား၍ တွေ့လေသည်။

"နိတ်ဟ....။ ဒို့လင်ကိုယ်မယားတော့ စားလောက်ပြီး...."

ထိုယောကျ်ားသည် ပြောပခြင်းငှာမစွမ်းနိုင်လောက်အောင်ပင် အလွန်ဝမ်းမြောက်သွားလေ၏။ သဖန်းပင် ရှိသောနေရာကို သေချာစွာ မှတ်သားခဲ့ပြီး အိမ်သို့ပြန်လာသည်။ မယားကို ခေါ်၍ ထိုတောင်ပေါ်သို့ လင်မယားနှစ်ယောက်ပြောင်း၍ နေထိုင်ကြလေတော့သည်။

သဖန်းပင်၌ အကိုင်း သုံးကိုင်းသာရှိ၏။ ရွက်နုမျှားသည် ကုတ်ကုတ်ကျစ်ကျစ် ဖြစ်ညှစ်၍ထွက်လာကြရဟန်တူ၏။ သိပ်ပြီး ဖုံဖုံထွားထွားမရှိလှ။ သို့သော်....သူတို့ လင်မယား နှစ်ယောက် အတွက်ကား ဖူလုံရုံမျှမက ပိုပျံနိုင်ပေသေးသည်။

သို့ကြောင့်....အကိုင်းတကိုင်းမှ ထွက်သမျှ အရွက်အသီးကို လူညှော်သည်မျှားအတွက်၊ တကိုင်းမှ ထွက်သမျှကို ရဟန်းသံဃာတော်မျှားအတွက် လျှာထား၍ ဤတကိုင်းမှ ထွက်သောအသီး အရွက်မျှားကိုသာ သူတို့လင်မယား စားသောက်ရန် သတ်မှတ်ကြကာ-ထိုလင်မယားသည် တောင်ပေါ်၌ တဲအိမ်ဆောက်ပြီး၊ ထိုသဖန်းပင်မှရသော အသီးအရွက်မျှားကို မှီဝဲကာ တောင်ပေါ်၌သာ နေထိုင်ကြလေသတည်း။

တနေ့သ၌ ရဟန်းတပါးသည်သပိတ်ကိုလွယ်လျက်ထိုတောင်ပေါ်အတိုင်း လျှောက်လာစဉ် မလှမ်းမကမ်းအရပ်၌ အခိုးတလူလူထနေသော မီးခိုးမျှားကို မြင်ရသောအခါ "ဤအရပ်၌ လူရှိတန်ရာသည်၊ ဆွမ်းခံရသော် ကောင်းလေစ...."ဟူ၍ မီးခိုးရှိရာအရပ်သို့ သွားလေသော်....၊ ထိုလင်မယားနေသော တဲသို့ ရောက်သွားလေ၏။

"ကြွတော်မူပါဘုရား၊ ထိုင်တော်မူပါဘုရား...."

ရဟန်းတော်မျှားကို မဖူးမြော်ရသည်မှာ ကြာပြီဖြစ်သော ထိုလင်မယားသည်၊ ဆိုက်ဆိုက်မြိုက်မြိုက် အိမ်တို့၌ ရာဆောက်ကြလာသော ထိုရဟန်းကိုမြင်သောအခါ မျှားစွာ ဝမ်းမြောက်ခြင်းဖြစ်ကြရပြီး အိမ်ပေါ်သို့ ပင့်ကြလေ၏။

"သာသနာကွယ်ပ သွားမည် စိုးသာ ကြိုးစား သည်းခံပြီးနေရတော့သည် ဆင်းရဲလေစ....ဆွမ်းအတွက်ခက်စွာဒကာ"

ရဟန်းတော်က ဤသို့ဆိုလျှင် ကြည်ညိုသဒ္ဓါသော စိတ်ဖြင့် ရဟန်း၏လက်မှ သပိတ်ကို ဒါယကာဖြစ်သူက လှမ်းယူရင်း-

"ရဟန်း သံဃာတော်ကို တပဲ့ခေတ်မျှား မဖူးကြရသည်မှာ ကြာပါပြီဘုရား။ တပည့်တော်မျှား တတ်နိုင်သမျှ ဆွမ်းလုပ်ကျွေးပါရစေ။ ဤအိမ်မှာ ကျောင်းတော် အမှုတ်ဖြင့် ခေတ္တသီတင်းသုံး၍ စောင့်ဆိုင်းတော်မူပါ...."

ဒါယကာယောကျ်ားသည် ဤသို့လျှောက်ထားရင်းမှ သူတို့ ထမင်းပင်ဖြစ်သော သဖန်းပင်ကို မျက်စိထဲ၌ မြင်ယောင်လာသည်။

"ကဲတော်....၊ သဖန်းပင် မြန်မြန်ပြေးပါခေျ။ ကျုပ်တို့အလှူရေစက် လက်နဲ့ဝေးခဲ့တာကြာပြီ၊ အသျှင်သူမြတ် ကြွလာပေလို့သာ-ကျုပ်တို့ လှူဆိုက်လို့ လှူရတာ၊ မြန်မြန်သွားပါ...."

အလျင်အမြန် အလှူ ထမြောက်ရေးအတွက် မယားခမျာ ကလည်းတိုက်တွန်းလိုက်ပြန်သည်။ ထိုယောကျ်ားသည် ရဟန်းတော်အား ဦးချပြီးလျှင် နေရာမှ လျင်မြန်စွာ ထသွားလေ၏။

ရဟန်းတော်အဖို့မှာလည်း ဆွမ်းအာဟာရအတွက် အခက်အခဲနှင့် တကယ်ရင်ဆိုင်နေရသောအခါ ဖြစ်သည်။ သူဆင်းရဲလင်မယားအဖို့မှာလည်း မလှူရတာ ကြာပြီဖြစ်၍ စေတနာအလွန်ထက်သန်နေဆဲအခါဖြစ်သည်။ အလှူခံပုဂ္ဂိုလ်နှင့် အလှူ၊ ဒါယကာ အလွန်ပဏာတင့်နေ၏။

သို့သော်....

သူတို့၏ထမင်းပင်ဟု ခေါ်ရမည်ဖြစ်သော သဖန်းပင်အောက် သို့ရောက်လေသောအခါ ထိုယောကျ်ားမှာ ဟာကနဲဖြစ်သွား၏။ မျက်လုံးမျှားပြာသွားလေသည်။ သဖန်းပင် တပင်လုံး ငုံးငုံးတို့

နေသည်ကိုသာတွေ့ရလေ၏။ လူတိုင်းဦးသာ အာဟာရပြတ်သည်မဟုတ်။ ပိုးမွှားတိရစ္ဆာန်များအဖို့ဦးလည်း ပြတ်ငတ်နေကြသည်ဖြစ်ရကား-ရွက်စားပိုးများသည် ဤသဖန်းပင်ကို တွေ့ကြလေသောအခါ၊ ရေငတ်တုန်း ရေတွင်းထဲကျသောကိန်းမျိုး ကြုံပြီး၊ တပင်လုံးရှိ အရွက်များကို စားပစ်ကြတော့ရုံမက အခွံအပေါက်ကိုပါမချန် စားပစ်ကြလေသဖြင့် ပင်စည်၊ ပင်လုံးနှင့် တကွ အကိုင်းအခက်အာလုံးကျစ်နှင့်ခြစ်ထားသည့်ပမာ ဖွေးဖွေးဖြူ၍ ပြောင်နေ၏။

သူဆင်းရဲယောကျားသည် ပြောင်နေသော သဖန်းပင်ကို မော့ကြည့်ကာ တဟင်းဟင်း သက်ပြင်းချရုံမှ တပါး ဘာမျှ မတတ်နိုင် ရှာတော့....။ "တောက်....ကံနှယ် ဆိုးလိုက်လေ....ဆိုးလိုက်လေ...." တဖြစ်တောက်တောက်ညည်းတွားရင်း ထိုင်းမှိုင်းသော စိတ်ဖြင့် ပြန်လာခဲ့လေ၏။

ကျန်ရစ်သူဇနီးသည်မှာလည်း လင်ယောကျား လာမည့်လမ်းကို ရှေ့လည်ကြော့ကြော့ တမော့မော့ဖြင့် မျှော်နေရှာသည်။

"သူပါဘဲ၊ သူမှသူအစစ်။ ဘာများ ဖြစ်လာပါလိမ့်မလဲ"

ဇက်ပိုးကိုရိုက်ထားသလို ခေါင်းငိုက်စိုက် ချလျက် ထုံထိုင်းထိုင်း ပြန်လာသော လင်ကို ခပ်ဝေးဝေးကလှမ်းမြင်လျှင်သောက မအေးရှာဘဲ သူဘာများဖြစ်လာပါလိမ့်ဟု တွေးရင်း ရဟန်းတော်မြင်သွားရှာမည်လည်းစိုးသောကြောင့် အိမ်ဘေးသို့အသာထွက်ပြီး အကျိုးအကြောင်း မေးမြန်းရန် လက်ရပ်၍ ခေါ်လိုက်သည်။

"ကိုဘာဖြစ်လာတာလဲ။မျက်နှာလဲမကောင်း၊ လူဘိုတန်းဘို့ဘာမှလဲ မပါဘူး"

ခရီးရောက်မဆိုက် မယားက ရဟန်းတော် မကြားအောင် ခပ်အုပ်အုပ်အသံဖြင့် တိုးတိုးကလေးမေးလျှင် လင်ယောကျ်ားက မချိတင်ကဲ ဝမ်းနည်းသံနှောကာအောက်ပါစကားဖြင့် မယားအား အကျိုးအကြောင်းပြောပြသည်။

(၁) "ရှင်မပြောဘဲမပြောချင်တော့ပါဘူးကွယ်။ဘုန်းကံကြီးထွားပြီး၊ စီးပွားဥစ္စာ၊ ရတနာရှေင့်၊ ဖြိုးဖြိုးဝေနေတဲ့ သူတို့အဖို့မှာဆိုရင် ဘာမဆို ကြံစည်လိုက်ရင်ဖြစ်တာဘဲ၊ အကောင်အထည်ပေါ်လာတာဘဲ၊ ဒီလို ဘုန်းကံ နည်းပါးတဲ့ ဆင်းရဲသား၊ ကျွမ်ဝတ်တွေ ကြံလိုက်ပလားဆိုရင်-ပျက်တာဘဲ။ဘာတခုမှအောင်မြင်တယ်မရှိဘူး"

(၂) အလှန်ကြီးကြာမြင့်မှ ကံကောင်းစောင်မလို့ ဖူးတွေ့ရတဲ့အသျှင်သူမြတ်အား လှူချင်လှန်းလို့ "လှူလိုက်မဟဲ့"ဆိုပီး အားရဝမ်းသာ ငါသဖန်းပင်ဆီ အပြေးအလှမ်း သွားခဲ့တယ်ကွယ်....ဒါပေမဲ့ အသီးဝေးလို့ အရွက်ကလေး တရွက်တောင်မှ မရခဲ့ဘူး ဒို့ကံနှယ် ဆိုးပါဘိခြင်းရှင်မရယ်"

ညည်းတွားတွား အသံကြီးနှင့်ပြောသောကြောင့်လင့်စကား ထဲ၌ မရခဲ့ကြောင်းကိုသာဆိုပြီး 'ဘာကြောင့်'ဆိုသည်ကို မယားကသိချင်သည်။ သိချင်ဇောဖြင့်ပင်အဆောဘလျှင် 'ဘာ့ကြောင့် မရခဲ့တာတုန်းတော်'ဟု မေးသည်ကို "ရွက်စားပိုးတွေ စားကုန်တဲ့အတွက်ဟုဆိုလေသော်၊ ချစ်ဇနီးသည် ထိုအကြောင်းနှင့် ပတ်သက်၍ လင်ဖြစ်သူအား မည်သို့မျှမပြောသေးဘဲ "မျက်နှာကြီးငယ်၊ သစ်ရွေးချယ်ရာသလော"ဟူ၍ လောကကြီး၏ လုပ်ပုံ

လောကကြီး၏ ဖြစ်ရပ်ကို အောက်ပါဂါထာဖြင့် သုံးသပ်ကာ သာနေလေ၏။

(၁) "အို....အသင်လောက ရှေးကပြုခဲ့ဘူးသော ကုသိုလ် ကောင်းမှုရှိ သော သူတို့အဖို့၊ စိန်ကြောင် နီလာ၊ သန္ဓာမျက်ရွဲ၊ပုလဲစသောရတနာတို့ကား-မိုးပေါ်က ကျလာသည့်ပမာ သူအလိုအလျောက် ရောက်ရှိလာ ကြပေသည်။ ဤသို့ဖြစ်ရခြင်းကား သင်လောက၏ သဘာဝပေတကား"

(၂) "ဘုန်းကံနည်းပါးသူ၊ ကြက်သရေကင်းမဲ့သူ၊ လူရာ မဝင်သူတို့အဖို့ဆိုသော်၊ အားသွန်ခွန်စိုက်၊ ကြိုးစား မင်းစား ရှာဖွေ ဆည်းပူးပါသော်ငြားလည်း ဟိုဟာ ကြောင့်ပျက်ရ၊ ဒီဟာကြောင့်ပျက်ရ အကြောင်း အမျိုးမျိုးကြောင့် ပျက်စီးရတတ် လုပါသလား။

ဤသို့လောကသဘာဝကိုဆင်ခြင်သုံးသပ်ပြီးနောက် 'ဒီအလှူ ကို ထမြောက်အောင် ငါဘယ်လိုတပ်ရပါမလဲ' ဟုတွေး၍ တွေး နေ၏။ တွေးရုံမှ အကြံပေါ်လာသည်။ ထိုအကြံကား-အပြင် အပဝတ္ထုလှူစရာမရလျှင်ရှိစေ၊ ဒီအလှူကိုကား ငါလှူဖြစ်အောင် လှူမည်၊ အတ္တသမံ၊ ပေမံနတ္တိ-မိမိကိုယ်နှင့်တူသော ချစ် သူ မည် သည်မရှိဟု ဆိုပေသည်။ ငါသည်အချစ်ဆုံးဖြစ်သောငါ့အသား ကိုလှီးချက်၍ အသျှင်သူမြတ်အား ကပ်လှူပူဇော်အံ့။

ဤသို့ဆုံးဖြတ်လိုက်ပြီးသည့် နောက်ပိုင်း၌ကား- ဤဝတ္ထု၏ အစဉ်ဖော်ပြခဲ့သည့်အတိုင်း ပေါင်သားကိုလှီးဖြတ်သော ဇာတ် ထုပ်၊ ပေါ်ပေါက်လာခြင်းဖြစ်သတည်း။ လင်ကလည်း သူ့အ သားကိုလှီးချက်၍ လှူချင်သည်၊ မယားကလည်း သူ့အသားကို

သာလှူလိုနေသည်။လင်တထမ်းမယားတရက်ဆိုသကဲ့သို့ ဘက်ညီသော လင်မယားဖြစ်၏။

တဦးနှင့်တဦး၊ တယောက်နှင့်တယောက် ညှိနှိုင်းတိုင်ပင်ခြင်းမပြုရကုန်ဘဲလျက် 'ငါ့အသာ-ကိုလိုးချက်၍လှူအုံ' ဟူ၍ အသီးသီးဆုံးဖြတ်သည်အထိ ဆန္ဒခဲ့ချင်းတူညီနေကြသည်မှာ အလွန် တိုက်ဆိုင်ခဲလှသည့်အံ့မဘနန်း၊ ထူးဆန်းသောဖြစ်ရပ်ဖြစ်ပေ၏။ ထို အကြောင်းကို ဂါထာဘွဲ့၍ဖွဲ့ပြထားသည်မှာ-

(၁) "ဤဆိုအပ်ပြီးသောနည်းအတိုင်း၊ အလှူရှင်လင်မယားနှစ်ယောက်တို့၏စိတ်သည် ဒါနမှုဌ် တူညီစွာမွေ့လျော်ပေ၏။ ကိုယ့်အသွေး အသားနှင့် စပ်သောအဇ္ဈတ္တအလှူကို ငှာရာဌ်ပင် သို့စင်မျှ သဘောချင်းတိုက်ဆိုက်ညီမှု နေ ခဲ့ သော်....အပ ဖြစ် သော ပစ္စည်းဝတ္ထုတို့ကိုလှူရာတို့ဌ်ကား ဆိုဖွယ်ရာ မရှိပြီ"

(၂) "တခဲ့အသင်းမလှူနဲ့၊ ကျုပ်အသားလှူမည်။ မင့်အသားမလှူရဘူး၊ ငါ့အသားလှူမည်"ဟု လင်မယားချင်းငြင်းခုံနေဆဲမှာပင် သူတို့၏အနီးဌ် သိကြားမင်းရပ်လာသတည်း"

ထိုလင်မယား၏ ကြည်ညိုသဒ္ဓါ စေတနာ အစွမ်းကြောင့် မာဃသိကြားနတ်သည် လူ၏အသွင်ဖြင့် သူတို့အနားဌ် ရပ်တည်လာပြီးလျှင် မမြင်ဟန်ပြု၍ အသံပေးလေ၏။

"အိမ်ရှင်တို့၊ အိမ်ရှင်တို့၊ မရှိကြဘူးလား။ ဘယ်ကိုမျှားသွားကုန်ပါလိမ့်မလဲ"

အိမ်ပြင်ဘက်မှနေ၍ လူ့သိကြားက ကြားလောက်အောင် အသံပေးလိုက်သော လင်မယားနှစ်ယောက် စကားပြတ်၍ ရပ်

သွားကြပြီး၊ နားစွင့် နေကြသည်။ "အိမ့်ရှင်တို့၊ အိမ်ရှင်တို့..." ဟူသော အသံကို ပြီပြီသသကြားလျှင် နှစ်ယောက်သား အိမ်ထဲက ထွက်လာကြပြီး၊ လူယောင် ဆောင်ထားသော အဖိုးအို သိကြားကိုမြင်လေသော်-

"ဩော် ...အဖိုး၊ ဘာကိစ္စရှိလို့ပါလဲခင်ဗျာ"

လင်က ပြူငှာစွာ မေးနေစဉ် မယားကလည်း-

"ထိုင်တော်မူပါဘိုးဘိုး" ဟု နေရာထိုင်ခင်းပေးမည်လုပ်လျှင် အဖိုးအိုက လက်ကာ၍ ဟန့်တားလိုက်ပြီးနောက် ထိုင်နေသော ရဟန်းကိုယ်တော်ဘက်သို့ တချက်မျှ စောင်းငဲ့၍ ကြည့်လိုက်ပြီး ဤသို့ဆိုပေ၏။

"ဤအသျှင်သူမြတ်အား လှူဒါန်းရန်အတွက် အမောင်အမိတို့၌ လှူဒါန်းစရာ မရှိလေသလော" မေးလိုက်လျှင် လင်မယား နှစ်ယောက်မှာ မျက်နှာများပင် ပျက်သွားလေသည်။

"မှန်တဲ့အတိုင်း အစီရင်ခံရလျှင်အဖိုးရယ် ကျွန်တော်ကျွန်မတို့မှာ သဒ္ဓါတရားမရှိ၍မဟုတ်ပါ၊ လှူဒါန်းချင်ကြပါ၏။ရာသို့တွင် လှူစရာမရှိပါ။ ကျွန်တော်တို့ဟာ လူဆင်းရဲကျောမွဲတွေပါအဖိုး၊ ယုတ်စွအဆုံး သဖန်းရွက်ကိုမျှပင်ကျွန်တော်တို့မှာလှူဒါန်းခွင့်မရပါဖိုးဖိုး"

ဤသို့ဝမ်းနည်းသံဖြင့် မှန်ရာကိုပြောပြသောအခါ၊ အဖိုးအို သည် သူကိုယ်မှပစ္စည်းပစ္စယများကို ထုတ်ဟန် ပြုလိုက်သည်။ ဆန်၊ အမဲကင်၊ နို့ဇမ်းတို့ကို ဤတွင်မှ တအံ့တသြ အိမ့်ရှင် လင်မယားက မြင်တွေ့ကြရလေပြီ....။

"လူစရာမရှိခဲ့သေဘဲ....ဟောဒီဆန်ကိုချက်ပြီးလူ၊ ဒီအမဲကင်နဲ့ ဒီနို့ဇမ်းကို လူဒါန်းကြ။ ရော့ယူကြကုန်"

အဖိုးအိုက သူလက်မှပစ္စည်းများကို အိမ့်ရှင်ယောကျ်ားလက် သို့ ကမ်းလိုက်သည်။ အိမ့်ရှင်ကလည်း လှမ်းယူလိုက်၏။ လင် မယားနှစ်ယောက်သား လူရတော့မည့်အရေး၊ ကိုယ်စီ အတွေး ဖြင့် ဝမ်းသာနေကြသည်။ အံ့သြခြင်းလည်း ဖြစ်နေကြသည်။

"အဖိုးသွားစရာရှိတာ သွားလိုက်အုံးမလေ။ တကယ်လို့အဖိုး ကြာနေခဲ့သေဘ... ၊ သို့မဟုတ် ပြန်မလာခဲ့သေဘ ငံ့လင့်မနေကြနဲ့ သင်တို့စားကြလေကုန် သင်တို့အလိုရှိသလိုအသုံးပြုကြလေကုန်" ဟု ပြောဆိုပြီးလျှင် ထွက်သွားလေ၏။

ထိုလင်မယားသည် အဖိုးအို မှာထားသော ဆွမ်းများ ချက် ပြုတ်၍ အသျှင်သူမြတ်အား လူဒါန်းကြလေ၏။ အဖိုးအို ပြန် မလာလျှင် သူတို့လင်မယားလည်းဝမ်းဝ၊ ဗိုက်ကားအောင်စား သောက်ကြသော်လည်း ထမင်းမှာ ကုန်ခန်းသည်ဟူ၍ မရှိလေ။

သူတို့သည် ရွာကိုပြန်ကြပြီးသော်....ထမင်းကိုမမြင်ကြရသည် မှာ ကြာပြီဖြစ်သော ရွာသူ ရွာသား တို့အား ထိုထမင်းအိုးမှ ခူးခတ်၍ ရွာလုံးကျွတ်၊ မီးခိုးတိတ် ကျွေးမွေး လူဒါန်းခြင်းပြု သော်လည်း ထမင်းအိုးဌာ လျော့သည် ဟူ၍မရှိ။

ဒါနမှဋ္ဌစေတနာဖွံ့ဖြိုး၍ အကျိုးပေး ထူးခြားလှသော ထို လင်မယား၏ ဝတ္ထုသာဓကကို ညွှန်းဖော်၍၊ သူတော်ကောင်း အပေါင်းတို့ ကောင်းချီး ပေးကြသော ဒါနမှဋ္ဌ ဂရုတစိုက်၊ စေတနာသန်သန်ဖြင့် လူဒါန်းကြပါရန် အောက်ပါ အနုသာ သနီ ဂါထာဖြင့် ကျမ်းပြုဆရာက ထိုဝတ္ထုဇာတ်လုံးကို နိဂုံးချုပ် တော်မူသတည်း။

"အို....ကလျာဏဲပုထုဇဉ်၊ သူတော်စင်အပေါင်းတို့....။ သဒ္ဓါဗလ၀၊ စေတနာ အလွန်ထက် သန်လှသည့် ဤသူဆင်းရဲ လင်မယားကို ရှုကြပါကုန်။ ကိုယ့်အသားကို ဖြတ်လှီး၍ လှူခြင်းဌာတိုင်ပင် ညှိနှိုင်းရခြင်းမရှိဘဲ၊ စေတနာဆန္ဒ၊ တူညီမျှကြပါပေကုန်သည်။ သူတို့လင်မယားသည် ဒါန၏အကျိုး၊ ဒါနပါရမီကို ဖြည့်ကျင့်ခြင်းငှာ ပေးချမကုန်၊ လှူချမခန်းသော ဥစ္စာကို ရကြလေကုန်ပြီ။ သူတော်ကောင်းဖြစ်သော သင်တို့သည်လည်း သဒ္ဓါတရားတည်းဟူသော ချုံမြိန်သောအရသာထူးကို ကြိုးစား၍ မှီဝဲကြပါကုန်လော့...."

(၁၈)

ဥတ္တရောဋ္ဌိယ

"ထွက်ပြူစ နေလုံးကြီးသည် ပတ္တမြားခဲအလား ရဲရဲနီနေ၏။

"သား၊ ဒါကိုနေ့လယ်စာယူသွား၊ အမေလဲလိုက်မပို့နိုင်ဘူး၊ လိုက်ပို့ပေးမဲ့လူလဲမရှိဘူး"

"ညဦးပိုင်းက ပြုတ်ထားသဖြင့် သိုးနံ့နံ့နံစော်နေသောပိန်းအုပြုတ်ကို အဝတ်နွမ်းဖြင့်ထုပ်ရင်း မိခင်ကသားကိုမှာနေ၏၊ မှာသူက အမယ်အို၊ ကြားနာသူက လူပျိုပေါက်စ အရွယ်ခပ်ငယ်ငယ်ဖြစ်သည်"

အမယ်အိုကား အသက်အားဖြင့် ငါးဆယ်ထက် ကျော်အုံးမည် မဟုတ်သော်လည်း ဆင်းရဲပင်ပန်းလွန်းသဖြင့် ရုပ်ကျသည်။ နားရေ ပါးရေများပင် တွန့်နေပေပြီ၊ ဆီမလူးရသဖြင့် သွေ့ခြောက်နေသော အမယ်အို၏ ခေါင်းထက်မှ ဆံပင်များမှာဖွာရာကျဲနေ၏။ လေနုကလေးငွဲကာမျှနှင့်ပင် လေထဲတွင် တန့်ဆွဲလွင့်နေ၏။ အချိုက နီကျင့်ကျင့်၊ အချိုက ဝါဖန့်ဖန့်၊ အချိုက ဖြူယော်ယော်၊ အချိုက ညို့သန်းသန်းနှင့်မို့၊ ဖြူနီကြောင်,ကျားရက်ကန်းရှည်ထားသောချည်းထွေးနှင့်တူ၏။

အမယ်အို၏နဖူးသည်မောက်၏။ မျက်ကွင်းသည် ဟောက်၏။ နှာရောင်သည် ကောက်၏။ မျက်ဆံသည် ကြောင်၏။ အသားအရေမှာ မဟူရာရောင် နက်ချိပ်၍မှောင်နေ၏။ နားနှစ်ဘက်ကို ဖောက်၍ ဆွဲထားသော ငွေဟုထင်ရသော အဖြူတုံးနှစ်တုံးသည် အမယ်အို၏ နားကိုတွဲလျားခိုကာ ပခုံးပေါ်အထိ တွဲကျနေ၏။

ညစ်ထပ်ထပ် ဆာဒီခေါ်သော အဝတ်နွမ်းများဖြင့် သူကိုယ်ကို ရစ်ပတ်၍ စည်းနှောင်ထားပေသည်။

လူပျိုပေါက်စ၊ ဧကပုတ္တ တယောက်တည်းသော သူသားကို ရှုပါလေဦး။ အသားရောင်မှာ မိခင်နှည်းတူနက်မှောင်၍ ပြောင်ကာ အရောင်ထနေ၏။ ဆီမသပ်ရသဖြင့် စေးထပ်ထပ်ဖြစ်နေသော ဆံပင်ထွေးကို လက်ျာချိုစောင်းပေါ်၌ အဝတ်စဖြင့် အရင်းမှစုစည်း၍ချည်လိုက်ပြီး၊ တင်းနေအောင်ဆွဲ၍ ထုံးထားသည်မှာ ကြက်၏မောက်လုံးကြီးနှင့်ပင် တူသေးတော့သည်။

သူ၏အသွေးအသားကား ဆူဖြိုးလှ၏။ အားကောင်း မောင်းသန်၊ လူလုံးလူဖန်တောင့်၏။ ထူသောမျက်ခုံးမွေးများအောက်၌ သူမျက်လုံးနှစ်ဘက်သည်ပို့တုန်းရောင်လက်နေ၏နက်မှောင်သော အသားရောင်ကြားမှ ဖွေးဖွေးဖြူနေသော သူ၏ သွားများကား လျှပ်စည်း ပြက်သလို လင်းလက် ထင်ရှားလှ၏။ သူကား နွားကျောင်းသားပါတည်း။

နွားကျောင်းထွက်ရတော့မည်ဖြစ်သဖြင့် ဝမ်းကလေးမှ အေးပါစေတော့ဟု မိခင်ကြီးက ဆန်ပြုတ်ကျို၍ တိုက်နေရှာသည်။ မိခင်အနားတွင် ထိုင်၍ဆန်ပြုတ်သောက်ရင်း တတွတ်တွတ်မှာနေသော အမေ့စကားကို နားစွင့်နေသည်။ မိခင်က နေ့လယ်စာအတွက် ပိန်းအုပြုတ်ကို ထုပ်ရင်း သားကို တတွတ်တွတ်မှာနေသည်။

"သား....၊ ဂရုစိုက်နော်....၊ နွားပျောက်ရင် သူဌေးကဆူနေအုံးမယ်...."

စိုးရိမ်သံဖြင့်သားကိုအတန်တန်သတိပေးပြန်၏။နွားကျောင်းဆိုသော်လည်း ကျောင်းရသည့် နွားများကား ကိုယ်ပိုင်နွား

မဟုတ်၊နွားမွေးစားသောသူဌေး၏ နွားများကိုအငှားကျောင်းရခြင်းဖြစ်လေသည်။ သူတို့မှာ မိသားစုဆိုး၍လည်းမြန်မြန်ရေတွက်ပါမှ ဒီသားနှင့် ဒဲ့အမိသာရှိ၏။ မိခင်အိုကြီးကို သားက နွားကျောင်း၍ လုပ်ကျွေးနေခြင်းဖြစ်သည်။

သူတို့နေသောရွာကား အများအားဖြင့်နွားကျောင်းသူများနေထိုင်သည်ကိုအစဲ့ပြု၍နွားကျောင်းသားရွာဟုခေါ်၏၊အနုရာဓမြို့တော်၏ မြောက်ဘက်၌ရှိ၏။ သူတို့ရွာအနီး၌ အထိကရ ရေကန်ကြီး တကန်လည်းရှိပေသည်။ကန်၏အမည်မှာ'ဥဉ္ဇာရောဠိယ' ရေကန်ဟုတွင်၏။ ကန်တွင်းမှစိမ်းညိုသော ရေပြင်ပေါ်၌ ကြာပင်များပေါ်နေ၏။ ဖြူသော ဘဲငန်းများ အုပ်သင်းဖွဲကာ ရေကူးပြိုင်နေကြ၏။ တခါတခါစက္ကဝတ်၊ ရေကြက်များ ထိုကန်၌ အစုလိုက်အပြုံလိုက်ကျလာတတ်သည်။

ထိုဥဉ္ဇာရောဠိကရေကန်သည် နွားကျောင်းသားရွာ၏အဆင်တန်ဆာပင်ဖြစ်ခဲ့ပြီ။ ထိုကန်ကြောင့် နွားကျောင်းသားရွာ ထင်ရှားသလို၊ ထိုရွာကြောင့်ကန်သည်လည်း နာမည်ကြီးနေ၏။

အမယ်အိုသားသည် နွားကျောင်းသားကြီး ပီသပါပေသည်။ စားသောက်ပြီးလျှင် အမေအိုကပေးလိုက်သော ပိန်းအုပြုတ်အထုပ်ကို ကျောပေါ်၌စလွယ်သိုင်း,သိုင်း၍ ခရီလိုက်ရာ သူ့ကိုယ်နှင့်အထုတ်မှာ ချပ်ချပ်ရပ်ရပ်ကပ်နေ၏။ ဒိုတီခေါ်သော အဝတ်ပုဆိုးကို ဒူးဆစ်ထိုးအောင် ခဲပ်တိုတိုဝတ်၍ တလံလောက်ရှည်လျားသော နွားကျောင်းထုပ်ကိုကိုင်၊ ခြေစုပ်ဖိနပ် အစုတ်အပြတ်ကြီးကိုစီးလျက် နွားများကိုမောင်းထုတ်ရန် နွားခြံဆီသို့ထွက်သွားလေသည်။

မိခင်၏စိတ်ထဲတွင်ကား....သားတော် ရှေ့သွေး လူကလေး၏ အသွင်ကို ရာမမင်းသားဟု ထင်လေဟန်ရှိ၏။ နွားခြံမှူ နွားများ ကိုထုတ်နေသောသားကိုပီတိဖုံးသော မျက်လုံးဖြင့်ရှုမဆုံးအောင် ပင်ကြည့်နေရှာ၏။ မိခင်၏မျက်စိအောက်မှာပင် သူသားသည် နွားအုပ်ကြီးနောက်မှ တကောက်ကောက် လိုက်ပါသွားလေသည်ကို အမယ်အိုမှာ မျက်စိတဆုံးကြည့်ကာ ကျန်ရစ်ခဲ့လေသတည်း။

အခါသမယသည် လက်ံဒီပ၊ သီဟဠုခေါ်ဆို၊ ကျန်းသီဟိုဠ်၌ သာသနာနေဝန်း ထွန်းလင်း တောက်ပနေသော အခါသမယဖြစ်သောကြောင့် ရဟန်းတော်တို့၏သင်္ကန်းရောင်ဖြင့် တကျွန်းလုံး ပြောင်နေ၏။ ဝိနည်းဒေသနာတော်နှင့်အညီ စာရိတ္တသီလ၊ ဝါရိတ္တသီလကိုမကျိုးမပေါက်ရအောင်စောင့်ထိန်းခြင်း၊ သမထ ဝိပဿနာ၊ ဘာဝနာအလုပ် အားထုတ်ကျင့်ကြံသူ ပေါများခြင်း တို့ကိုအကြောင်းပြု၍ အာသဝေါကင်းကွာ၊ ရဟန္တာ အသျှင်သူမြတ်များ ထွန်းကားရာ ကာလ သမ္ဗုဒ္ဓအခါသမယကြီးဖြစ်လေသည်။

ဆွမ်းခံခြင်းအမှုကိုပိဏ္ဍပါတ်ခံုတင် ကျင့်ဝတ်တခု အဖြစ်ဖြင့် ဆောက်တည်နေသော ရဟန်းတပါးသည်သင်္ကန်းကိုသပ္ပာယ်စ္ဥာဝတ်ရုံလျက် သပိတ်ပိုက်ကာ ဆွမ်းခံ ကြွလာလျက် ရှိနေသည်။ နွားကျောင်းသားကလည်း သူ၏နွားအုပ်းကို မောင်ကြီး၍ နွားကျောင်းထွက်လာနေသည်။

လမ်းခရီးအကြား၌ ဆွမ်းခံကိုယ်တော်နှင့် နွားအုပ်ကြီး ဆုံမိလေ၏။ နွားတွေက များများ၊ လမ်းကလေးကလည်း ကျဉ်းကျဉ်း၊ မရှောင်သာတဲ့ အမြောင်ကြား ဆိုသကဲ့သို့ ဖြစ်နေ၏။

သို့ကြောင့် ကိုယ်တော်သည်လမ်းဘေးအသာကပ်၍ ရပ်နေရလေ၏။ ထိုကိုယ်တော်ရပ်နေရသည်ကို နွားအုပ်ကြီးပေါ် ကျော်၍ နွားကျောင်းသားက လှမ်းမြင်လေသော်၊ နွားအုပ်ကြားမှ တိုးဝှေ့ကာ ထိုကိုယ်တော်ဆီသို့ သွား၍ရှိခိုးတောင်းပန်လေ၏။

"တပည့်တော်အား ခွင့်လွှတ်သည်းခံတော်မူပါဘုရား"

ဆွမ်းခံကိုယ်တော်သည် ဦးခေါင်းကိုညင်သာစွာညိတ်ပြခြင်းဖြင့် နှစ်သိမ့်စေ၏။ နွားကျောင်းသားသည် လျှောက်ထားရင်းမှ ထိုကိုယ်တော်၏တည်ငြိမ်သော ဣန္ဒေတော်ကို ဖူးမြင်ရသောအခါ၊ သဒ္ဓါကြည်ညှိုလှုလိုသောဆန္ဒဖြစ်ပေါ်လာ၍ သူကျောပေါ်ကပိန်းအုပြုတ်ထုပ်ကို စောင်းငဲ့ကြည့်လိုက်သည်။

"ဒီလောက်အရသာကင်းမဲ့တဲ့အစာကို အလှူမှ ခံပါ့မလား"

နွားကျောင်းသားသည် လှူချင်၏၊သို့သော် အလှူမခံဘဲများနေမှဖြင့်ဟု စိတ်ထဲတွင်တထင့်ထင့်ဖြစ်နေသည်။ နောက်တွင်မူ 'လှူခြင်းဟာ ငါ့တာဝန်၊အလှူခံတာမခံတာ ငါနှင့်မဆိုင်' ဤသို့ဆုံးဖြတ်ပြီးနောက် သူကျောကုန်းထက်မှ ပိန်းအုပြုတ်အထုပ်ကို ဖြေ၍ လောင်းလှူလိုက်ရာ မငြင်းမဆန်အလှူခံသည်ကိုတွေ့ရလျှင် နွားကျောင်းသားသည် သူအလှူအတွက် အတိုင်းထက် အလွန်ဝမ်းမြောက်သွားလေသည်။

ဆွမ်းခံကိုယ်တော်က နွားကျောင်းသား၏အသွင်ကို ကြည့်၍ ဆင်ခြင်မိသည်မှာ "ဤသူငယ်ကားဆင်းရဲလေစွ၊ စားမည့် အစာကိုသဒ္ဓါကြည်ညိုပွားကာ ငါ့အားသူသည် လှူဘိ၏။ သူ၏ အလှူဒါန၊ အာနိသံသအကျိုး ဖြိုးဝေအောင် ငါကြံဆောင်သင့်ပေသည်'ဤသို့ဆုံးဖြတ်ပြီးလျှင် ထိုနေရာမှဖဲခဲ့လေ၏။ နွားကျောင်း

သားလည် ထိုကိုယ်တော်ကြွသွားရာကို ဒူးထောက်လျက်မှ မျက်စိ တဆုံး ကြည့်၍ ကျန်ရစ်ခဲ့လေသည်။

ဆွမ်းခံကိုယ်တော်သည် နွားကျောင်းသား၏သဒ္ဓါတရားကို ချီးမြှင့်သောအားဖြင့် လမ်းသွားရင်း အနိစ္စ၊ဒုက္ခ၊အနတ္တ၊ ဝိပဿနာ တရားများကို ပွားများဆင်ခြင်၍ သွားလေရာ၊ ကျောင်းသို့ မရောက်မီပင် ရဟန္တာဖြစ်သွားလေ၏။ ဘုရားသားတော်၏ ကရုဏာတရားတော်ကား အံ့ဖွယ်သရဲထူးကဲလှပါဘိတော့သည်ဟူ၍ ထိုအကြောင်းကို ဂါထာဖွဲ့ကာ အောက်ပါအတိုင်း ဂုဏ်ပုဒ်ကို ဘွဲ့ပြတော်မူ၏။

(၁-၂) "သူတော်ကောင်း ပုဂ္ဂိုလ်တို့၌ ထားရှိသော ကရုဏာမည်သည် ဤသို့ နှမ်းပါး ဆင်းရဲသော သဘောရှိသောလူတို့အပေါ်၌ဖြစ်ပေ၏။ ဤသို့သောကရုဏာတော်သခင် ဘုရားရှင်သားတော် ဖြစ်သော ရဟန်းတော်သည်၊ စုတ် ပြတ် သော အဝတ်၊ ညစ်ထပ်သော အဆင်း၊ ဆင်းရဲတွင်း နက်ရှိုင်းလှသော နွားကျောင်းသားနှင့်ကွဲတွေလေသော်၊ မကျက်တကျက်၊သိုးစော်နံနံ၊ အရသာလည်းမရှိ ထိုသူလျှာအပ်သော ပိန်းအုပ်ကို ဘုဉ်းပေးတော်မူခြင်းဖြင့်ထိုသူအား နှစ်သိမ့်ချမ်းသာစေတော်မူ၏"

ထိုနွားကျောင်းသားသည် သက်တမ်းအပိုင်း အခြားအတိုင်းနေ၍ ထိုဘဝမှစုတေလေသော်- ထိုနွားကျောင်းသား ရှာဠိပင်ပဋိသန္ဓေနေလာလေ၏။

ရွာအနီးမှ ဥတ္တရောဠိယ,အမည်ရှိသော ရေကန်ကြီးသည်ရှေးက သာမန်ထက်ပို၍ ထူးခြား စိတ်ဝင်စားဖွယ် မရှိခဲ့သော်လည်း ထိုနွားကျောင်းသား လူဘဝ၌ပြန်၍ ပဋိသန္ဓေနေလာသောအခါ မှစ၍ ရင်သပ်ရှုမောအံ့ဩမခန်းထိုကန်၌ အဆန်းတကျယ် ဖြစ်လာသည်။

"ဟေ့ကန်ထဲမှာ ရွှေအိုးကြီးတလုံးပေါ်နေတယ်။ ထူးဆန်းလိုက်ပုံများ ဘဲငန်းကြီးတွေရေကူးနေသလိုဘဲ၊တလှုပ်လှုပ်တရှားရှားနဲ့သွားလို"

ထိုသတင်းမှာ ပတ်ဝန်းကျင်တဝိုက်ဂယက်ရိုက်ပြီး လှိုင်းပွက်သလိုပွက်လာသည်။ လာရောက်ကြည့်ရှုသူများမှာလည်း ကမ်းလုံးမျှရှိချေ၏။ စည်ကားလှသော ပရိသတ်၏ မျက်စိအောက်၌ ရွှေအိုးကြီးသည် လူးလာခေါက်ပြန် သက်ရှိဟန်ကဲ့သို့ လှုပ်ရှားသွားလာနေသည်။ သူတို့အဖို့ အံ့ဩမခန်း၊ ချီးမွမ်းမကုန် ဖြစ်ကုန်၏။

ထိုရွှေအိုးကို မည်သူမျှယူ၍ မရသည်မှာလည်း အံ့တပါးပင်ဖြစ်နေပြန်သည်။ လိုချင်စိတ်၊ မက်မောစိတ်မရှိဘဲ ကြည့်ရုံသာကြည့်နေကရွှေအိုးသည်လူ၏အနီးသို့ ကပ်လာသော်လည်းလောဘတပ်မက်၍ လှမ်းယူချေက နောက်သို့ဆုတ်ခွာသည်။တခါ တခါ ပျောက်ပျောက်သွားတက်လေသည်။

အခါတပါးတွင် မိန်းမတယောက်သည်လူသူလေးပါး မမြင်မသိအောင် ထိုရွှေအိုးကိုခိုးလေရာရွှေအိုးမှာ မရွှေရုံမကထိုမိန်းမ၏လက်မှာ ခွာမရအောင် ရွှေအိုးနှင့်ကပ်နေလေ၏။ အားရှိသမျှရုန်းသော်လည်းမရ။ရေနက်ထဲသို့သာရွှေအိုးက ဆွဲခေါ်နေသကဲ့သို့ဖြစ်နေသဖြင့် ထိုမိန်းမသည် အကြီးအကျယ်တုန်လှုပ်ချောက်

ခြားလာသည်။ အောင်လိုက်လေသော်- မိမိ သူခိုး ဖြစ်ကြောင်း မောင်းတီးကြွေးကြော်ရာကျမည်စိုး၍ တွင်တွဲင်သာ ရှုန်းနေ၏။

ရှုန်းကန်၍မရသည့်အဆုံး သေကံမရောက်သက်မပျောက်ဆို သကဲ့သို့ ထိုမိန်းမအဖို့ကံကထောက်ကူလာသည်။ ပါလာသော လက်ဝတ်လက်စား၊ပုတီး,နားဆွဲဆောင်း, လက်ကောက်, လက်စွပ်, နားကပ်များကိုချတ်၍ ရွှေအိုးထဲထည့်လိုက်ပြီး "လွတ်တော်မူပါ၊ အမှားကိုဝန်ခံပြီး၊ ဤပစ္စည်းများဖြင့် ပူဇော် ကန်ဘော့ပါသည်"ဆို၍ တောင်းပန်မှု ထွတ်လာတော့သည်။

ထို့ကြောင့် ထိုရွှေအိုးကိုမည်သူမျှမခိုးဝံ့ဘဲ သူခိုးအတွက်ပူပင် ကြောင့်ကြစရာလည်းမရှိဖြစ်လေ၏။ ရွှေအိုးသည်နေရာအတည် တကျမရှိ၊ ရွှေရှားသွားလာလျက်သာနေ၏။ ရံခါရံခါတရက် တန်သည် နှစ်ရက်တန်သည် ရေပေါ်မပေါ်လာဘဲ ငုတ်လျှိုးနေ တတ်လေသည်။

ဤဖြစ်ရပ်များသည် ရှေးအခါက ငြိမ်သက်နေသော(၀၇) သာမန်ထက်ပိုလွန်၍မထင်ရှားခဲ့သော ဥတ္တရောဋ္ဌိယရေကန်အဖို့ သက်လက်လှုပ်ရှား၊ လူအများစိတ်ဝင်စားပြီး ထင်ရှား ကျော် ကြားသွားစေသော ဖြစ်ရင်များဖြစ်၏။

ထိုကန်ကားထူးပြီးရင်းထူး၊ ဆန်းပြီးရင်းဆန်းလာပြန်၏။ရွှေ အိုးကြီးနှင့်ပတ်သက်၍ ကောလာဟလစကားများ လွှင့်ပါးပေါ် ထွက်လာပြန်သည်ကား၊ 'ထိုက်သူရှိရာ တန့်နားတော်မူပါ' ဟု အဓိဋ္ဌာန်လျှင် အကယ်၍ ရွှေအိုးနှင့်ထိုက်တန်သူများရှိပါက ထို ရွှေအိုးကြီးကိုရနိုင်သည် ဟူသော သတင်းစကားပင် ဖြစ်လေ သည်။

ထိုသတင်းစကားများ ထွက်ပေါ်လာသောအချိန်မှစ၍ကန် ဘောင်ရိုးကျိုးမတတ်၊ ရွှေအိုးလိုချင်၍ လာရောက် အဓိဋ္ဌာန်ကြသူများဖြင့် ပြည့်ကျပ်ကာ တနေ့ထက်တနေ့ စည်ကား၍သာ နေတော့သည်။

"ကျမနဲ့ထိုက်ပါမှု ကျမဆီဆိုက်လာပါစေသား" ဟုအဓိဋ္ဌာန် သူကလည်းမရှား၊ ကျွန်တော်နဲ့ထိုက်တန်လျှင် ကျွန်တော့်ထံ လာပါစေသား'ဟူ၍ ဓိဋ္ဌာန်သူကဲအဖုံဖုံ- ထိုသို့ ဓိဋ္ဌာန်ကြသော်ငြားလည်း၊ ရွှေအိုးကြီးကား သူတို့ စကားကို မကြားချင်တော့ သယောင်၊ရေလယ်ခေါင်ဆီသို့ပြန်လိုပြန်၊ ရေထဲကို ငုတ်လိုငုတ် ဖြစ်နေလေရာ လူတို့သည် အားမလို အားမရကြီးဖြစ်နေကုန်၏။

"ဟောဒီကျမသားလေးနဲ့ ထိုက်တန်လျှင် ကျမဆီ လာပါစေသား"

ကိုယ်ဝန်ဆောင်မိန်းမတဦးသည် ရေလယ်ခေါင်မှ အရောင် နှင့်ဝင်းဝင်း ရွှေအိုးကြီးကြည့်ပြီး လက်ဘဖက်ဖြင့် ဆဲကိုင်ထား သောလက်ထဲမှ နို့ညှာကလေးကို ညှစ်၍ အဓိဋ္ဌာန် လိုက်၏။ သို့သော် ရွှေအိုးကား နကမ္ပတိ၊ အနည်းမျှ မလှုပ်လာချေ။ ထို ကိုယ်ဝန်ဆောင်မိန်းမကား သူ့ဗိုက်ထဲ၌နွားကျောင်းသားသေ၍ သန္ဓေအောင်းနေသော သန္ဓေရှင်မိန်းမဖြစ်သတည်း။

ထိုနေ့တွင် သူသည်လည်း ပရိသတ်ထဲမှ ပရိသတ်တယောက် အနေဖြင့် အဓိဋ္ဌာန်ပဲသို့ရောက်လာသည်။ အစပထမ၌ ဓိဋ္ဌာန် ဘိုးမရည်ရွယ်။ ပဲကြည့်အနေဖြင့်သာ လာရောက်ကြည့်ရှုခြင်းဖြစ် ၏။ သို့သော်-ပတ်ဝန်းကျင်၏အလေ့အထသည် ကူးစက်ဘတ်၏။ သူများလုပ်ကိုင်နေသည်ကို ကြည့်ကာ ကိုယ်ကအားမလိုအားမရ ဖြစ်နေတတ်၏။ 'ငါသာအဓိဋ္ဌာန်လိုက်ရရင်' ဟူသော စိတ်များ

ဖြစ်ပေါ်လာအောင်သူကိုပတ်ဝန်းကျင်က လှုံ့ဆော် ပေးနေသောကြောင့် ဝင်ရောက်အဓိဋ္ဌာန်ကြည့်လိုက်ခြင်းဖြစ်၏။

သူသည် နို့ညှာသားကြီးအတွက် ဓိဋ္ဌာန် ကြည့်လိုက်ခြင်းဖြစ်၏။

သူသည် နို့ညှာသားကြီးအတွက် ဓိဋ္ဌာန်၍မရသော် စိတ်ပျက်သွားခြင်းမရှိ။ သာ၍ပင် စိတ်အား တက်ကြွလာလေသည်။ အကြောင်းမူကား- သူအဓိဋ္ဌာန်ချက် မအောင်မြင်လေသော အခါ ပတ်ဝန်းကျင်ကဟားကွက်သဘောထားက၊ ဝိုင်း၍ဟားတိုက်ကြသည်ကို မခံမရပ်နိုင်အောင် ဖြစ်လာသည်။

ထိုကြောင့် သူသည်နှစ်ကြိမ်မြောက် ဝမ်းထဲကသားသန္ဓေကို ရွယ်စူးကာ အဓိဋ္ဌာန်လိုက်ပြန်လေ၏။

"ကျွန်တော်မ၏ဗိုက်ထဲ၌ကိန်းအောင်းလျက်ရှိပါသောသား သန္ဓေနှင့်ထိုက်ပါက ကျွန်တော်မရွှေသို့ ဆိုက်ရောက်လာပါစေသတည်း။

ထိုသို့အဓိဋ္ဌာန်လိုက်သော အခါတွင်ကား - ရတနာ ရွှေအိုးသည် စက်ကုန်ဖွင့်နှိုးကာ မောင်းလာသည့်အလား၊ ထိုမိန်းမရှိရာ ကမ်းထိပ်သို့တရိပ်ရိပ်ကူးလာပြီး၊ ခြေဖျားကိုဦးတိုက်၍ဆိုက်လေသော်- ပရိသတ်တခုလုံး အုံးအုံးကြွက် ဝိုင်းအုံ လာကြလေ၏။ ယခင်ကရွှေအိုးခိုးဘူး၍ လက်ဝတ်လက်စားများ ဆုံးရှုံးဘူးသော မိန်းမလည်း မကျေမနပ်သော အမူအရာဖြင့် ထိုမိန်းမအနားသို့ ကပ်၍ ရပ်လာ၏။

မိမိထံသို့ ဦးတိုက်၍ဆိုက်လာသော ရွှေအိုးကို မြင်ရသော အခါ၊ ကိုယ်ဝန်ဆောင်မိန်းမမှာ ရွှေအိုးကို လှမ်းယူပြီး ထမ်း၍ အိမ်ပြန်ရမည်လား ရုတ်တရက်သော် ဘာ လုပ် ရ မည် မသိ။

ကြောင်ငေးငေး တအံ့တသြရှေ့အိုးကို ကြည့်နေမိသည်။ ခဏကြာမှ နတ်မျှားကတိုက်တွန်းလိုက်သည့်ပမာ ပရိသတ်ကို ထိုးဖောက်၍ သူ့နှုတ်ဖျားမှ-

"အသင်ရှေ့အိုး....အသင်နှင့် သင့်တင့်လျောက်ပတ်သောနေရာကို အသင်သိပါလေ"ဟု ရှေ့အိုးကိုဆိုလေ၏။ ရှေ့အိုးလည်း စကားအဆုံးတွင် ရေထဲတဖြည်းဖြည်းငုတ်လျှိုးသွားရာမှနောက်ဆုံးတွင် လူထု၏မျက်စိအောက်မှ လုံးဝပျောက်သွားလေ၏။ပရိသတ်၏အထင်မှာ "သူနှင့်မထိုက်၍ ဆိုက်ပြီးသား ရှေ့အိုးကြီး ပျောက်သွားပြီ"ဟု ထင်ကြလေသတည်း။

သို့သော်-ရှေ့အိုးကား၊ သန္ဓေရှင်မ တောင်းပန်ဖလေသည့် အတိုင်းသူနှင့်သင့်လျော်လျောက်ပတ်သောနေရာသို့ သွားရောက်၍နေလေပြီ။ ထိုနေရာကား၊ သန္ဓေရှင်မ(၀၇)နှားကျောင်းသားလူဝင်စား၏မိခင်ဖြစ်သူ၏နေအိမ်ဖြစ်ပေ၏။

အရိပ်မလာမီ နေပူကစောင့် ဆိုသကဲ့သို့၊ မွေးဖွားလာမည့် နှားကျောင်းသားလူဝင်စားသူငယ် မရောက်လာမီ၊ သူအတွက် ရှေ့အိုးကအိမ်သို့လာ၍စောင့်နေ၏။ထိုမိန်းမအိမ်တို့ပြန်လာသော အခါ ရှေ့အိုးရောက်နေပြီကိုတွေ့ရလေ၏။

ထိုရှေ့အိုးကား အိမ်ရောက်လာသော်လည်း သုံးစွဲရာ၌နေရာတကာတိုင်း၌အသုံးမပြုရ။ သန္ဓေသားနှင့် ပတ်သက်သော ကိစ္စမျှား၌သာ အသုံးပြုရလေသည်။ လျှို့ဝှက်သိုသိပ်စွာထားရမည့် ရတနာဖြစ်၍ ထိုမိန်းမသည်ရှေ့အိုးရရှိထားကြောင်းမည်သူ့ကိုမျှ မပြောရချေ။

သို့နှင့်ပင် ကိုးလမှာလွယ်၍ ဆယ်လမှာသတို့သားကို ဖွားမြင်လာ၏။ သားအတွက်ရရှိထားသောရှေ့အိုးကို သားနှင့်ပတ်သက်

သောကိစ္စတို့၌သာ အသုံးချခြင်းပြု၏။ ထိုရွှေအိုး မမွေးမီကပင် သားသူငယ်ရရှိနေခြင်းကား၊ နွားကျောင်းသားဘဝကလှူခဲ့ဘူးသော ပိန်းအုပြုတ်၏ကုသိုလ်ကောင်းမှုဖြစ်ပေ၏။

ထိုသူငယ် ငါးနှစ်သားအရွယ်ရောက်လာ၏။ ထိုခေတ် ထိုအခါက သီဟိုဠ်ကျွန်းသူကျွန်းသားတို့ ဓလေ့ထုံးစံ တခုမှာ ငါးနှစ်သားအရွယ်လာသော သားသမီးများအားဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာအရ သိက္ခာယူမင်္ဂလာ ပြုလုပ်ချီးမြှင့်ရှိကြသည်။သိက္ခာယူမင်္ဂလာဆိုသည်မှာ ငါးပါးသီလကို ခံယူစေခြင်းဖြစ်၏။ ထိုမင်္ဂလာကို ဝိဇာတမင်္ဂလာ၊ ကေသစ္ဆေနမင်္ဂလာ၊ အာဝါဟ-ဝိဝါဟမင်္ဂလာစသည်တို့ကဲ့သို့ ပစ္စည်းရှိလျှင်ရှိလျောက်၊ မရှိလျှင် မရှိအလိုက်ပြုလုပ်ကြမှသာ ဂုဏ်ရှိသော၊လူရာဝင်သောခေတ် ဖြစ်လေသည်။

မိခင်သည် ငါးနှစ်သားရင်သွေးအား သိက္ခာယူ မင်္ဂလာဖြင့် ချီးမြှင့်ပွဲကျင်းပ၏။ ထိုအခါရွှေအိုးတွင်းမှပစ္စည်းရတနာများကို ယူ၍ ဖောဖောသီသီသုံးစွဲကာ၊ ထိုပွဲကို တခမ်းတနားကျင်းပကာ သားကို ချီးမြှင့်၏။

ထုသည်မင်္ဂလာပွဲ၌ မိခင်ဖြစ်သူမှာလည်း စိန်ရွှေ လက် ဝတ်လက်စားများကို ထိုရွှေအိုးထဲမှပင်ထုတ်၍ အသုံးပြု ဝတ် ဆင်ထား၏။ သို့သော်-ထိုမင်္ဂလာပွဲကျင်းပနေစဉ်၊ ပရိသတ်အလယ်ရှက်စဖွယ်မှုခင်းတရပ် မမျှော်လင့်ဘဲ ပေါ်လာလေတော့သည်။

"ဟဲ့ကောင်မ၊ ဒါငါ့ပစ္စည်း၊ ငါ့လက်ကောက်၊ ငါ့နားကပ်၊ ငါ့ပုတီးတွေ၊ညည်းခိုးတာ၊ညည်းဟာသူများပစ္စည်းခိုးတဲ့သူခိုးမ၊ ပေး ငါ့ပစ္စည်းတွေ"။

သတ္တိုသား၏မိခင်၊ မင်္ဂလာပွဲရှင်အား ယခင် ရွှေအိုးအတွက် ပစ္စည်းတွေဆုံးရှုံးထားသောမိန်းမက ပရိသတ်အလယ်၌ သူခိုးမရိုးစွပ်လေ၏။

စင်စစ်အားဖြင့်လည်း ထိုပစ္စည်းများ၏ မူလပိုင်ရှင်မှာ ယခု သူခိုးဟုစွပ်စွဲသူမိန်းမအမှန်ပင်ဖြစ်၏။ သို့သော် သတ္တိုသား၏မိခင် ခိုးရသည်မဟုတ်။ ရွှေအိုးထဲကရသောပစ္စည်းကိုသာ သူဝတ်စား ဆင်ယင်ခြင်းဖြစ်၍ မိမိအား ပရိသတ်အလယ် အရှက်ခွဲရမည် လော-ဟူ၍ဒေါသထွက်လာသည်။

"ညည်းသက်သက်မဲ့ ငါ့အရှက်ကိုလာခွဲတာ၊ ဒါ ငါ့ဥစ္စာ၊ ငါ့ပစ္စည်း" ဟု ခပ်တင်းတင်းငြင်းဆို ရန်တွေ့လေသော်- ပစ္စည်း ဆုံးရှုံးထားသောမိန်းမသည်မိမိပစ္စည်းကိုမြင်လျှင် စိတ်ကို မချုပ်တည်းနိုင်တော့ဘဲ အတင်းဝင်လုလေ၏။

ဤတွင် သူဟာငါ့ဟာ အငြင်းပွားနေသောအခါနွားကျောင်းသား လူဝင်စား၏မိခင်က သူမခိုးရကြောင်း၊ ရွှေအိုး၊ ထဲကရသောပစ္စည်းဖြစ်ကြောင်း မှန်သောအတိုင်း ပြောလေရာ၊ ထိုအကွက်ကိုအချက်ကောက်၍ပစ္စည်းဆုံးသောမိန်းမကဘုရင်နှင့် ကိုင်၍ ပေါက်လေ၏။ ရွှေအိုးဆိုတာ မင်းဘဏ္ဍာ၊ မင်းဘဏ္ဍာ ကိုသုံးစွဲရင် အဆိပ်သင့်တတ်ပုံကိုအောက်ပါဂါထာဖြင့်လျှောက်၍ ခြိမ်းချောက်လေ၏။

(၁) "ဟယ် အမိုက်ကောင်မ၊ မြွေဆိပ်၏ အဆိပ်ကိုမှ အဆိပ်ဟု မမှတ်အပ်၊မဆိုအပ်၊မထင်အပ်။ မင်းတို့၏ အာဏာစက်ကိုလည်း အလွန်ပြင်းထန်သော အဆိပ် ဟူ၍သင်မှတ်လော။ မြွေဆိပ်ကား လူတ ယောက်

တည်းကိုသာ သေစေတတ်၏။ မင်းတို့၏ အာဏာ စက်ကား၊ တဆွေလုံးတမျိုးလုံး လူမျိုးတုံးသွားသည် အထိ သတ်ပစ်တတ်၏။

(၂) "တောမီးလောင်သည်ရှိသော်၊ သစ်ပင်တို့၌ သစ်ငုတ်တို့ကျန်ပေသေး၏။ မင်းတို့၏ အမျက်တည်းဟူသော တောမီးကြီး လောင်သည်ရှိသော်ကား- မည်သည့်ငုတ်မျှမကျန်၊ အကုန်လောင်ကျွမ်းလေ၏။

(၃) "ထိုကြောင့် မင်းမှုဖြစ်လာသော အမျက်သည် သင့်အတွက် သေဘို့၊သို့မဟုတ် ပျက်စီးဘို့ဖြစ်လတ့၊ မင်းဟူသည်ကား သက်ဦးဆံပိုင်မဟုတ်ပါလော။ ငါ့စကားကိုညည်းသံသယဖြစ်မနေနှင့်၊ညည်းကိုဘုရင်ကသတတော့မည်မုချ။

ထိုမိန်းမကအထက်ပါစကားဖြင့်ခြိမ်းချောက်သည်။ ထိုအခါသူငယ်မိခင်က အညှဉ်းမခံ၊ ခွန်းတုံ့လှန်၍ပြန်ဟောက်လိုက်သည်။

(၁) "ဟယ်အယုတ်တမာကောင်၊ အကြင်သူသည် မတရားသောနည်းဖြင့် (၀၂) ခိုးဝှက်သောအားဖြင့် ဥစ္စာကိုရ၏။ ထိုသူအားမင်းဘေးမင်းဒဏ် ခ,သော အပြစ်ကိုပေး၏။အကြင်သူသည်သင့်လျော်လျောက်ပတ်သောသမ္မာအာဇီဝနည်းဖြင့်ဥစ္စာများစုဝကိုရ၏၊ ထိုသို့တရားသဖြင့်ရသော ပစ္စည်း ဥစ္စာမျိုးကို ဖျက်ဆီးခြင်းငှာ နတ်မျှဒေးသည်ပင်မတတ်နိုင်ကုန်။

ဤသို့အားဖြင့် ထိုရန်ပဲ့ကားမစဲလေ၊ တယောက်က သူခိုးဟူ၍စွပ်သည်။တယောက်ကမခံမရပ်နိုင်ဖြစ်သည်၊နောက်ထိုပစ္စည်း

များကို သူရထိုက်၊ငါရထိုက် လုကြတော့သည်။ ပြဿနာမှာ အကျယ်အကျယ်မငြိမ်းဖွယ်၊ ဆင့်ကဲဆင့်ကဲ ရန်စနက်မီးတောက်ကြရာက နောက်ဆုံးဌ် ထိုအမှုသည် ဘုရင်ထံ ရောက်သွားလေသတည်း။

"အချင်းတို့ ဤမိန်းမအိမ်သို့ သွားရောက်ကြလေကုန်၊ အမှု၏ရင်းမြစ်ဖြစ်သော ရွှေအိုးကိုသွား၍ဆောင်ယူကြကုန်"

တရားလို တရားခံ အမျိုးသမီးတို့အား စစ်မေးတော်မူပြီးနောက် ရွှေအိုးကိုအကြောင်းပြု၍ ဤအမှုဖြစ်ရကြောင်းကို သိလျှင် ထိုရွှေအိုးကိုရွှေတော်သို့ အယူခိုင်းလေ၏။

"ယော့-ဒိုတော့ အနားမကပ်ဝံ့ဘူး"

မင်းချင်းယောကျ်ားများက ရွှေအိုးကို ယူဆောင်မည်ပြုကြလေသောအခါ ရွှေအိုးထဲမှ ကြောက်မက်ဖွယ် အသံကြီး ထွက်လာသောကြောင့် အနားသို့ပင်မကပ်ဝံ့ကြလေကုန်။

"ဘုရင်ထံပြန်ပြီး သံတော်တင်တာကောင်းလိမ့်မယ်"

ရွှေအိုးကိုယူဆောင်ဘို့ဝေးစ့၊ အနားသို့ပင်မကပ်ရဲကြသဖြင့် နန်းတော်သို့ ပြန်လာကြပြီးဘုရင့်ထံအကျိုးအကြောင်း သံတော်ဦးတင်ကြလေသော်-

"ဤသို့ဖြစ်ကရွှေအိုးပိုင်ရှင်ကိုယ်တိုင်ယူ၍ရွှေတော်သွင်းစေ"

မင်းတို့စကား မိုးကြိုးသွားသာတည်း။ ဘုရင့်အာဏာ မလွန်သာသည့်အလျောက်၊ ထိုမိန်းမသည်အိမ်သို့ပြန်သွားပြီးမှ ရွှေအိုးကိုပိုက်၍ နန်းတိုက်သို့ဝင်ရောက်ခစားလေ၏။ ရွှေအိုးကိုမင်းအားဆက်သလေ၏။

နန်းတွင်းသို့တခေါက်မျှမရောက်ဘူးသော ရွှေအိုးသည် နန်းတွင်းရှိ ပြိုးပြိုးပြက်ပြက်တခဲနက် တောက်ပနေသော နီလာ၊ စိန်

ကြောင်၊ရတနာရောင်တို့ကို အံတုဘက်ပြိုင်၊ အနိုင်လုနေသည့် ပမာ၊ရောင်ဝါပြိုးပြက်၊ တလက်လက်နှင့်ရှိနေ၏။ မင်းနှင့် တက္ခသော နန်းတွင်းသူအားလုံးတို့၏ မျက်လုံးများကို သ့ူဆီသို့သိမ်းကျုံး၍ ဖမ်းစားထားလေသောကြောင့်ဘုရင့် မျက်နှာတော်သည် ရွှေအိုးအပါးမှခွာသွားခြင်းငှာမတတ်နိုင်။

"အလွန်အံ့ဖွယ်ကြီးပါတကား။ ပိုင်ရှင်မဟုတ်သူယူဆောင်ဘို့ဝေးစွ၊လက်ဖြင့် ထိခွင့်ကိုပင် သူမပေးလေ၊ ရှေးဘုန်း ရှေးကံရှိသူသာခံစားခွင့်ရှိကြောင်း ငါယုံကြည်တော်မူပေပြီ။ အိုအမိငယ်၊ ငါ့အားရတနာစိန်ရွှေ အထွေထွေတို့များစွာပင်ရှိပါကုန်၏။ သို့သော်သို့စင်မျှအံ့သြဘနန်း၊ ထူးဆန်းသော ရတနာဟူ၍မရှိ၊ သို့ဖြစ်ဘိသည်ကြောင့် ဤရွှေအိုးမှရသောရတနာကို ငါလိုချင်၏။ သင်ဌ်ပေးနိုင်စွမ်းရှိဘို့မူကား၊ငါ့အားပေးပါလော့" ရာဇဏ္ဍန္ဒေကိုပင်ငဲ့ကွက်တော်မမူနိုင်ဘဲ ဘုရင်က တောင်းခံယူရသည် အထိရွှေအိုး၏တန်ခိုးကားနန်းတော်ကို လွှမ်းမိုးထားလေပြီဖြစ်၏

"ရှုတော်မူပါဘုရား၊ ရတနာများကို ခံတော်မူပါ ဘုရား" ဤသို့မင်းအား လျှောက်ထားပြီးလျှင်ပိုင်ရှင်မိန်းမသည်ရွှေအိုး၏ ထိပ်ဝမျက်နှာပြင်ကို ရေစင်ဖြင့်ဖြန်းလေသော်- အိုး၏ အတွင်းမှ ရတနာတို့သည် ထမင်းအိုးကြီးများပွက်သကဲ့သို့ အပေါ်သို့ ကြွတက်၍ထွက်လာကုန်လေ၏။ ထိုရတနာများကို လက်ဖြင့်ယူ၍ ထိုမိန်းမသည် ဘုရင့်ထံဆက်သောအခါဘုရင်သည်များစွာအံ့သြခြင်း၊ဝမ်းမြောက်ခြင်း ရောထွေးသော စိတ်ဖြင့် ထိုမိန်းမအား သိဒ္ဓိတင်ချီးကျူးလေ၏။

"အို.. ထူးခြားလှစွာသော ပါရမီအရှင်အမိ၊ ငါကား-သင့်ပစ္စည်းကိုလိုချင် မက်မောသောကြောင့် တောင်းခံသည်မဟုတ်

အကြောင်းသိလိုရှိသာ စူးစမ်းခြင်းဖြစ်၏။ ငါမယူလို။ ဤရွှေအိုးနှင့်တကွသော ရှိပစ္စည်းအရပ်ရပ်ကား၊ တပါးနှင့်မအပ်စပ်လေ။ သင့်အဖိုသာလျှင်ဖြစ်စေ၊ မှန်ရာကိုဆိုပေသောကြောင့် ဖြစ်ပွားခဲ့သောအငြင်းအခုံ၊ ဤမှုခင်းဌ်သင်သာအနိုင်ရစေ၊ ဤကဲ့သို့ရိုးသားမှန်ကန်၊ဖြောင့်မတ်မှုကို ဂုဏ်ပြုပူဇော်သောအားဖြင့် သင်နေထိုင်ရာ'နွားကျောင်းသား'ရွာကို ငါချီးမြင့်၏။ ထိုရွာကိုသင်အပိုင်စားလော့''

အမှုနိုင်သည့်ပြင် ထိုမိန်းမသည် နွားကျောင်းသားရွာကိုပင်အပိုင်ရရှိသွားလေသည်။ ဤအံ့သြဖွယ်ဖြစ်ရပ်မှာကား၊ အတိတ်ဘဝက နွားကျောင်းသား လှူခဲ့ဘူးသော ပိန်းအုက တန်ခိုးပြခြင်းပေတည်း။ စေတနာသဒ္ဓါ၊ အမြစ်ခိုင်ခိုင်ဖြင့် တည်ဆောက်အပ်သည်မှန်သမျှ၊ ထိုဘဝ-ဤဘဝ၊ ဘဝအဆက်ဆက်သို့လိုက်၍အကျိုးပြုကြောင်း၊ မည်သူဖျက်ဖျက် ပျက်စီးခြင်းမရှိကြောင်း၊ ဤဝတ္ထုက သာဓကပြသွား၏။ ထိုအကြောင်းကို အောက်ပါအနုသာသနီစကားရပ်ဖြင့် ကျမ်းပြုဆရာကအဆုံးသတ်ထား၏။

အကြင်ထူသည်၊သီလ၊သမာဓိ၊ပညာ၊အကျင့်သိက္ခာစသောအားဖြင့် ဂုဏ်ထူးဝိသေသကို ဆောင်ပေသော သာကီနွယ်ဖွား၊ ဘုရားသားတော် ရဟန်းများအား ယုံကြည်ခြင်းသဒ္ဓါဖြင့် အနည်းငယ်မျှသော ဒါတဗ္ဗဝတ္ထုကို လှူသည်ဖြစ်အံ့။ ထိုသူသည် တမလွန်လောက သံသရာပြင်ကျယ်၊ ပင်လယ် သမုဒ္ဒရာကြီးကို ဖြတ်ကူးဘို့အတွက် အလှူခံပုဂ္ဂိုလ်တည်းဟူသော လှေ၊ လှူဖွယ်ဝတ္ထုတည်းဟူသော ဖောင်၊သဒ္ဓါတရားတည်းဟူသော သင်္ဘော၊ အဆင်သင့်ရှိနေအောင် ကြိုးစားရမည်။ ထိုလှေ၊ထိုဖောင်၊ ထိုသင်္ဘောဖြင့်သာ ဘဝသံသရာကိုကူးနိုင်မည် ဖြစ်သတည်း။ ။

(၁၂)

သုမန မဟာထေရ

"သီဟိုဠိကျွန်း သဒ္ဓါတိသမင်း လက်ထက် ဗြဟ္မာဏာရုမ မဟာဝိဟာရကျောင်းတိုက်၌ငါးရာအရေအတွက်ရှိသော သံဃာတော်များနေထိုင်ကြ၏။အသျှင်သုမနကိုယ်တော်သည် ထိုဗြဟ္မာဏရုမကျောင်းတိုက်နေ သံဃာတပါးဖြစ်လေသည်။

ထိုကိုယ်သော်၏ ထေရုပ္ပတ္တိသမိုင်းအကျဉ်းချုပ်မှာ ငယ်စဉ်ကလေးအရွယ်က ငိုလည်းမငို၊ရယ်လည်းမရယ်၊ မိဖတ္ဂိုနှလုံးစိတ်ဝမ်းမချမ်းသာအောင် ဘာမျှမပြု၊ စိတ်သဘော နူးညှံ ကောင်းမွန်၏။ ဤသည်ကိုအကြောင်းပြု၍ သူကိုသုမနဟု နာမည်ပေးထားကုန်၏။

သုမနသည်အရွယ်ကောက်၊လူပျိကလေးဖြစ်လာ၏။နောက်သူသဘာဝအလျှောက် အိမ်ထောင်ပြုသည်။ သားမယားနှင့် နေသည်။ လူ့ဓမ္မဘာအတိုင်း ရံခါရံခါဒုက္ခအသိုင်းအဂိုင်းများနှင့် ရင်ဆိုင်ရသည်။ ထိုအခါဤလူ့ဘောင်ကိုသံလှောင်အိမ်ကြီး အလားသူစိတ်တွင်ထင်ပြီးအလွန်လျှင် လန့်လေ၏။တုန်လှုပ်လေ၏။

ထိုကြောင့် သုမနသည်ဝတ်ကြောင်ပယ်၍သာသနာ့နယ်သို့ကူးကာ ရဟန်းပြုလေသည်။ လူ့ဘောင်ကိုငြီးငွေတုန်လှုပ်ထိတ်လန့်သည်ကို အကြောင်းပြု၍ ရဟန်းဘွဲ့မည်ရှေ့၌ ကမ္ပ ဟူသော အက္ခရာစာလုံးတိုးကာ ကမ္ပသုမန,ဟူ၍ တွင်၏။ ဤကား သူ၏နောက်ကြောင်း ထေရုပ္ပတ္တိအကျဉ်းတည်း။

ထိုဗြဟ္မာဏရုမကျောင်းတိုက်အနီး၌ တည်ပင်ကြီးတပင် ရှိသည်။ ထိုတည်ပင်၌နေသော ရုက္ခစိုးနတ်သည် အသျှင်သုမန

အား များစွာကြည်ညို၏။ ဆွမ်းပန်းကိစ္စအတွက်ဒကာခံ၍အမြဲလှူ၏။ထိုကြောင့်အသျှင်သုမနမှာ တပါးသော သံဃာတော်များမသုံးဆောင်ရဘူးသော နတ်ထမင်း၊ နတ်ဆွမ်းကို ၁၂ နှစ်တို့ကာလပတ်လုံးစားလာရသော နတ်ထမင်းရှု, ကိုယ်တော်ဟူ၍ထင်ရှားလာပြန်သည်။

အခါတပါးဌ္ဌ သီဟိုဠ်ကျွန်းတွင် သူပုန် ကပ်ဆိုးကြီး ဆိုက်လာ၏။ သူပုန်ဘေးကြောင့် အသက်ဘည်းစိမ် အိုးအိမ်များစွာပျက်စီးကုန်၏။ ရဟန်းရှင်လူ ပြည်သူပြည်သားတို့ကို ဒုက္ခကြီးစွာရောက်ကြ၏။

ထိုခေတ်၊ ထိုအခါက ဘုရားဟော ပိဋကတ်ဘာဝ်များကို နှုတ်တက် အာဂုံဆောင်ကြသောခေတ် ဖြစ်လေရာ ။ သံဃာတော်များသည်-သူပုန်ဘေးကြောင့် ဆွမ်းအာဟာရ ငတ်ပြတ်လေရကား ပိဋကတ်တော်များ မပျောက်ပျက်ရအောင် ခဲယဉ်းစွာ ဆောင်ရွက်တော်မူကြရကုန်၏။ အခွါကိုယ်တော်များမှာ အောက်ပိုင်း ကိုယ်ထက်ဝက်ကို သဲထဲတွင် မြုပ်လျက် ပိဋကတ်တော်များကို ရွတ်ဖတ်သရဇ္ဈာယ်ကြရရှာသည်။

သူပုန်အဖဲ့ကို ဗြဟ္မဏတိဿ, မည်သော ဓားမြကြီးကခေါင်းဆောင်၏။ သီဟိုဠ်ကျွန်းဌ္ဌ ထင်ကြသော သူပုန်များ အနက် ဤဗြဟ္မဏတိဿ, သူပုန်ကား အကြီးမားဆုံး၊ အဆိုးဝါးဆုံးဖြစ်လေသည်။

ဘပည်တော်တို့ အသျှင်ဘုရားတို့ တာဝန်မှာ မြတ်ဘုရားသာသနာတော်အစဲနှံရှည်စွာ တည်မြဲအောင် အားထုတ်ဆောင်ရွက်ကြရမည်ဖြစ်ရာ .. ၊ ဗြဟ္မဏတိဿ,သူပုန်ဘေးကြောင့် တနေ့ထက်တနေ့၊ အစားကျပ်၊ အနေကျပ် အသွားအလာကျပ်, ဆို

သလို ကျပ်တည်းခြင်း အမျိုးမျိုးနှင့် နေ့စဉ်ရင်ဆိုင်နေကြရသည်မှာ အသျှင်သူမြတ်များ သိတော်မူကြသည့်အတိုင်းပင် ဖြစ်ပါသည်။ ဤသူပုန်ဘေးသည် မည်သည့်အခါမှ အေးငြိမ်းမည်မသိ။ ထိုထက်အခြေအနေဆိုးဝါးလာခဲ့သော် ပိဋကတ်တော် များကို နှုတ်တက်မဆောင်ရွက်နိုင်အောင်ဖြစ်လာမည်။ မဆောင်နိုင်လျှင် ပိဋကတ်တော်များ ကွယ်ပသွားမည်။ ပိဋကတ်တော် ကွယ်ပခြင်းသည် သာသနာကွယ်ပခြင်းပင် ဖြစ်သောကြောင့်သာသနာတော် မကွယ်ပအောင် ရှေအဖို့ မည်သို့မည်ပုံ ဆောင်ရွက်သွားကြလျှင် ကောင်းမည် ဆိုလော ကိစ္စအတွက် ညှိနှိုင်းတိုင်ပင်ကြရန် ဤသံဃအစည်းအဝေးကြီးကို ခေါ်ယူဆွေးနွေးကျင်းပခြင်းဖြစ်ပါသည်။ သာသနာတော် အစွန့်ရှည်စွာ တည်တံ့ရေးအတွက် အကြံပေးတော်မူကြပါ....။

အသျှင်သုမန,ကိုယ်တော်က ဤသို့စကားပလွှင့်ခံ၍ သံဃာတော်များအား ပန်ကြား လျှောက်ထား လေသည်။ ထိုအခါ သံဃာတော်တပါးက ထ၍ သံဃာတော်ကို ရိုသေစွာရှိခိုးပြီး၊ သူ၏ထင်မြင်ချက်ကိုတင်ပြ၍ သာသနာတည်တံ့ရေးကို ဆွေးနွေးတော်မူလေ၏။

မျက်မှောက်ကြုံတွေ့ခံစားနေကြရသောဘေးဒုက္ခအဝဝတို့ကို ထောက်၍ဤနေရာဤဒေသ၌ တပည့်တော် ဆက်လက်နေနိုင်ဘို့ဆိုသော ကိစ္စမှာ အလွန် မလွယ်ကူသော ကိစ္စ ဖြစ်ပါသည်။ ဒါယကာ ဒါယိကာမများ၌ ဒုက္ခအမျိုးမျိုးနှင့် ရင်ဆိုင်နေကြရသဖြင့် ဆွမ်းအတွက် တနေ့တခြား ခက်လာပါပြီ သို့ဖြစ်၍ ဤအရပ်မှခွါပြီး တနေရာသို့ ရွှေ့ပြောင်းလျှင် ကောင်းမည်ဟု သဘောရရှိပါကြောင်း။

ထိုစကားအဆုံး၌ သံဃာတပါးကထ၍ ထိုအကြံပေးချက်ကို ဖြည့်စွက်၍ ထောက်ခံလေ၏။

"ဤနေရာမှ ရွှေပြောင်းသင့်သည် ဟူသော အဆိုကိုတပည့်တော် အလေးအနက် ထောက်ခံပါသည်။ ဤကိစ္စနှင့်ပတ်သက်၍ မည်သည့်အရပ်သို့ ပြောင်းသင့်သည်။ မည်သည့်အရပ်သို့ ပြောင်းလျှင် သူပုန်ဘေးမှလွတ်ကင်းပြီး၊ ပိုဋကတ်တော်များကိုချမ်းသာစွာ ဆောင်ရွက်နိုင်မည်, ဆိုသော အချက်ကို စဉ်းစားတော်မူကြပါရန် အကြံပေးလိုပါသည် ဟူ၍ နိဂုံးချုပ် တင်ပြသွား၏။ ထိုအခါ သံဃာတပါးက ထ၍....

တပည့်တော်၏ သဘောကို လျှောက်ထားရမည့် ဆိုလျှင် လွတ်ရာကျွတ်ရာအရပ်သို့ ရွှေပြောင်းနေထိုင်ကြတာ အကောင်းဆုံးဟု သဘောရပါသည်။ ဤသီဟိုဠ်ကျွန်း အပြင်မှာဆိုရင် ဘယ်မှာဘဲနေနေသူပုန်နှင့်ကင်းသည့်နေရာဟူ၍မရှိပါ။သာသနာတည်တံ့ရေးကို အသက်ပေး၍ ဆောင်ရွက်ကြမည် ဖြစ်သည့်အတွက် တပည့်တော်တို့သည် ဆင်းရဲခြင်းကို အမှုမထားကြဘဲ သူပုန်ဘေးနှင့်ဝေးကွာရာ ဇမ္ဗူဒိပ်ကျွန်းအထိ ရွှေပြောင်းတော်မူကြရန် အကြံပေးလိုပါကြောင်း။

ထိုအကြံပေးချက်ကို အားလုံးသော သံဃာတော်များက သဘောတူလက်ခံလိုက်ကြသောကြောင့် ဗြဟ္မဏရာမ ကျောင်းတိုက်ရှိသီဟိုဠ်ကျွန်းသား သံဃာတော်ငါးရာတို့ ဇမ္ဗူဒိပ်ကျွန်းသို့ ရွှေပြောင်းရန် စီစဉ်ကြလေ၏။

အသျှင်သုမန,သည်ဇမ္ဗူဒိပ်ကျွန်းသို့ ရွှေပြောင်းရေးအတွက် အစီအစဉ်များပြုလုပ်နေ၏။ မိမိအခန်းတွင်း၌ယူသင့်ရာရာ ရဟန်းသုံး-ပရိက္ခရာများကို ထုပ်တန်ထုပ်၊ ပိုးတန်ပိုး လုပ်နေသည်ကို

သူ့အားအသေအလဲ ကြည်ညိုနေသော ဒါယကာ၊ တည်ပင်စောင့်နတ်(တိမ္မရုနတ်)က မြင်လေသော် လျင်မြန်စွာ ချဉ်းကပ်လာပြီး အူယားဖားယား လျှောက်လေ၏။

"အသျှင်ဘုရား။ ဤသို့စီရင်တော်မူခြင်းကား အကြောင်းမည်သို့ပါနည်းဘုရား"

ထိုအမေးကို သုမနကိုယ်တော်က အောက်ပါဂါထာ(၄)ပုဒ်ဖြင့် ထုတ်ဖော်ပြောကြားပြုလေ၏။

(၁) "အိုဒါယကာနတ်သား။ ယခုအခါငါတို့နေဆိုင်ရာ ဤသီဟိုဠ်ကျွန်း အလုံးသည်၊ ငတ်မွတ် ခေါင်းပါး အစာရှားခြင်း၊ ဒုဿီကန္ဒရ, ကပ်ကြီး ဆိုက်နေ၏။ ရေတွင်း၊ ရေကန်၊ ဆည်မြောင်း၊ အင်းအိုင် စသည် တို့သည် မိုးမရွာသဖြင့် သွေခြောက်ပြီး ပတ်ကြား အက်ကွဲနေလေပြီ"

(၂) "ပုစွန်ငါး,လိပ် စသော ရေနေ သတ္တဝါတို့လည်း သေကြေပျက်စီးကုန်လေပြီ။ သမင်ဒရယ်၊ ခွေးယင်, စိုင်,ဆတ်၊ တောဝက် စသော ကုန်းနေ သတ္တဝါတို့ ဆိုလျှင်လည်း တံလျှပ်ကို မြင်သော် ရေဆင်လေ၍ ထိုမှ ဤမှ ပြေးလွှားကြကုန်၏"

(၃) "သစ်ရွက်တို့ဖြင့် ဖုံးခြုံတန်းတောလုံးစိမ်းညိုနုခဲ့သော တောတောင် တခွင်သည်၊ ရေမသောက်ရ ‘ဃဖြင့် ခြောက်သွေ့ကာ အရိုးနှင့်ပြိုင်းပြိုင်းသာ ထင်နေ၏။ မြက်နှင့်ဆေးဘက်ဝင်သော သစ်ပင်တို့မှာ လေပြင်း တိုက်ခတ်သဖြင့် ဖဲ့ကဲ့သို့ ဖရိုဖရဲကြဲကာ တလွင့်လွင့် ဖြစ်နေကုန်၏"

(၄) "ဒုဗ္ဘိက္ခန္တရ,ကပ်၊ ငတ်မွတ်ခေါင်းပါးခြင်း ဘေးကနှိပ်စက်အပ်သောကြောင့် ကျွန်းသူ၊ ကျွန်းသားတို့ကား-အရိုးပေါ် အရေလွှမ်းနေကြလေပြီ။ အသွေးအသား ခြောက်ခန်းကုန်ကြလေပြီ"

(၅) "အို....ဒါယကာ နတ်သား....။ အသက်ရှင်လိုကုန်သော သူတို့သည်။ နိုင်သမျှသောဝန်ကိုသယ်၍ ဇနီးမယား သမီးသားများကိုခေါ်ပြီး၊ အသက်ရှင်ရေးအတွက် ရေကြည်ရာ၊ မြက်နုရာသို့ ရွှေပြောင်းနေရလေပြီ"

(၆) "အိုဒါယကာ နတ်သား။ ငါနဲ့တကွသော သံဃာတော်များသည် ဤကျွန်း၌ ဆက်လက် နေထိုင်ခြင်းဖြင့် ငါတို့ အသက် နှင့် တကွ သာသနာ တော်၏ အသက်အရှည်တည်တံ့အောင် မွေးမြူခြင်းငှာမတတ်နိုင်။သို့ကြောင့်.... ငါတို့ဇမ္ဗူဒိပ်ကျွန်းတို့ ရွှေပြောင်းကုန်အံ့...."

ဤသို့ဆိုလေသော်....ဒါယကာနတ်သားက-သူကို စွန့်ဖယ်၍ ဇမ္ဗူဒိပ်ကျွန်းသို့ သွားခြင်းကို သဘောမတူလေ။ သံဃာတော် ငါးရာအတွက် လိုအပ်သော တာဝန်ဟူသမျှကို သူကပင် ဒကာခံ၍ ပြုစုပါမည်ဟု အောက်ပါဂါထာ (ဂ)မျိုးဖြင့် ရှိခိုးတောင်းပန်ခြင်းပြုလေ၏။

(၁) "အို .. အသျှင်သူမြတ်ဘုရား....။ အသျှင်ဘုရားကားကုသိုလ်ဒါန နည်းပါးသူ မဟုတ်ပါ၊ လွန်ခဲ့သော အတိတ်ဘဝ၊ လူဖြစ်စဉ်က အရှင် ဘုရားသည့်-မိမိ စားရန်အတွက် ပြင်ဆင် ထားသော စားကောင်း

သောက်ဖွယ်မျှားကို ဆွမ်းခံ ကိုယ်တော် တပါးအား စေတနာသဒ္ဓါ,တရား ထက်သန်စွာဖြင့် လှူခဲ့ဘူးပါသည်”

(၂) “ထိုဘဝမှ စုတေခဲ့သည် ရှိသော်....၊ ဆွမ်းတနပ် လှူဒါန်းခဲ့ဘူးသော ကုသိုလ်၏အစွမ်းအားဖြင့် ဒုတိယမြောက် ယခုဘဝမှာ မွေးဖွားလာကတည်းကပင် လူချမ်းသာတို့၏အဆင့်၌ တင့်တင့်တယ်တယ်၊ မည်သို့မငယ် အရှင်ဘုရားနေလာခဲ့ရပါသည်”

(၃) “ကျေးဇူးရှင် မိဘနှစ်ပါးနှင့်တကွ အရပ်ရပ်သော စည်းစိမ်ဥစ္စာ၊ တိုက်တာနေအိမ်မျှားကိုစွန့်၍ သဒ္ဓါကြည်ညိုသောစိတ်ဖြင့်သာသနာ့ဘောင်ဝင်၍ အရှင်ဘုရား ရဟန်းပြုခဲ့၏”

(၄) “ရဟန်းကျင့်ဝတ်၊ မချွတ်ရအောင် ပို့ဆောင်တာဝန်ကို ဆောင်ခဲ့၏။ လက္ခဏာသုံးပါးကို ပွားများအားထုတ်ခြင်းအားဖြင့် အသျှင်ဘုရားသည် ရဟန္တာဖြစ်ရပါလေပြီ။ အတိတ်ဘဝက ဆွမ်းလှူခဲ့ ဘူးသော ကုသိုလ်သည် ယခုအခါသျှင်ဘုရားအား အကျိုးပေးလျက်ရှိနေပါ၏”

(၅) ”အသျှင်သူမြတ်ဘုရား။ တပည့်တော်လျှောက်ထားပါရစေဦး၊ နားဆင်တော်မူပါ။ တပည့်တော်သည် အရှင်ဘုရားအား နေ့စဉ်နတ်ထမင်း၊ နတ်ဆွမ်းဖြင့် ဆက်ကပ်လှူဒါန်းခဲ့၏။ ထိုနတ်ဆွမ်းကို အရှင်ဘုရား နေ့တိုင်း ဘုဉ်းပေး တော်မူရ၏။ ထိုနတ်ဆွမ်းသည် လည်း အတိတ်ဘဝက အရှင်ဘုရား လှူခဲ့ဘူးသော

ကုသိုလ်၏ အကျိုး အာနိသင်ကို ခံစားရခြင်းသာ ဖြစ်တန်ရာပါသည်"

(၆) "အသျှင်သူမြတ်ဘုရား။ ဤကျွန်းသီဟိုဠ်၌ အကြင်မျှလောက်သော ကာလပတ်လုံး ထိုဒုဗ္ဘိက္ခရကပ်၊ ငတ်မွတ်ခေါင်းပါးခြင်းဘေးသည်ငြိမ်းအေးသွား၏။ ထိုငတ်မွတ်ခြင်း ဘေးဆိုးကြီး ငြိမ်းအေး သွားသည့်တိုင်အောင် တပည့်တော်ကိုသနားငဲ့ကွက်သောအားဖြင့် တပည့်ရဟန်းများနှင့်အတူတကွ ဤကျွန်း၌သာ နေစေချင်ပါသည်ဘုရား"

(၇) "ကျောင်း, သင်္ကန်း, ဆွမ်း, ဆေး၊ ပစ္စည်းလေးပါး ဆိုသည်မှာလည်း ထိုအတိတ်ဘဝက လှူခဲ့ဘူးသော ရှေးဘုန်း၊ ရှေးကံ အလျောက် အရှင်ဘုရားအား အကျိုးပေး ဖြစ်ထွန်းလာပါလိမ့်မည်"

(၈) "အသျှင်ဘုရားတို့သည် ဤသီဟိုဠ်ကျွန်းမှ ဖဲခွာ၍ ရွှေပြောင်းနေထိုင်ဘို့ မဆိုထားဘိ၊ တခါတခေါက်မျှလည်း ဇမ္ဗူဒိပ်သို့ကြွတော်မမူပါကုန်လင့်။ဆောင်ရွက်စရာ မိမိတို့၏ ရဟန်းကိစ္စများကို ဆောင်ရွက်တော်မူကာ၊ ဒုက္ခခပ်သိမ်း၊ ကင်းငြိမ်းရာမှန်၊ နိဗ္ဗာန်ရောက်ကြောင်း တရားကိုသာ အားထုတ်တော်မူပါကုန်ဘုရား"

ဒါယကာတည်ပင်စောင့်နတ်သားက ဤသို့လျှောက်ထား၍ တားသဖြင့်-ဇမ္ဗူဒိပ်သို့ မကူးဖြစ်ကြတော့ချေ။ အသျှင်သုမန အား ရုက္ခစိုးနတ်လှူသော ဆွမ်းသည် သံဃာတော် ငါးရာအား

မျှတလုံလောက်သဖြင့်ပိဋကတ်တော်မျှားမပျောက်ပျက်ရအောင် နှုတ်တက် အာဂုံ ဆောင်ရွက်တော်မူနိုင်ကြလေသတည်း။

ဤသို့ဖြစ်ရခြင်းကား-သီလရှိသော ရဟန်းတပါးအား စေတနာထက်သန်စွာဖြင့်လှူခဲ့ဘူးသော ကုသိုလ်ကြောင့် ဖြစ်ရာ....၊ ပေးလှူရာ၌ အလှူခံပုဂ္ဂိုလ်စင်ကြယ်ဘို့လိုကြောင်း၊ အောက်ပါ အနုသာသနီ,စကားရပ်ဖြင့် ဤဝတ္ထုကို အဆုံးသတ်သွား၏။

"တပါးတည်းသာဖြစ်သော ရဟန်းအားလည်း တကြိမ်တခါမျှ လှူအပ်သောကုသိုလ်၏အကျိုးကား ဤဇရာဤမျှ ကြီးမားလှပါတကား,ဟူ၍ သိရှိနားလည်ကြသည် အားလျော်စွာ၊ အလှူဒါနကိုပြုလိုကြကုန်သော အယင်အလှူရှင် တစုတို့သည်၊ ပစ္စည်းဝတ္ထုတခုခုကိုလှူသည်ရှိသော်- ကြည်ညိုသဒ္ဓါ ထက်သန်စွာဖြင့် အလှူခံပုဂ္ဂိုလ်ကို ရွေးချယ်၍ လှူကြလေကုန်လော့..."

(၁၃)

ပူဝ ပဗ္ဗတ ဝါသိတိသ

သီဟိုဠ်ကျွန်း၊ ဂင်္ဂါနဒီမည်သော မြစ်ကမ်းအနီး၊ ပူဝပဗ္ဗတ, တောင်ခြေ၌ ပူဝဂါမိက အမည်ရှိသော မုန့်သည်မ ရွာတရွာရှိ၏။ ထိုရွာကိုတောင်ပေါ်၌ တည်ဆောက်ကိုးကွယ်ထားသော ဘုန်းကြီးကျောင်းမျှားရှိလေသည်။

တောင်ပေါ်ကျောင်းဆရာတော် အသျှင်တိဿဆိုလျှင်နယ်လုံးသိ၏။ ထိုဆရာတော်ကိုမသိသူ၊ သတင်းမကြားဘူးသူ ဟူ၍ မရှိသလောက်ပင်ဖြစ်သည်။ အလွန်ကျော်ဇော ထင်ရှားသော ဆရာတော်တပါးဖြစ်လေသည်။ ထင်ရှားကျော်စောခြင်း၏ရင်း မြစ်ကား ဤသို့ဖြစ်ပေ၏။

ပြည်ပိုင်ရှင်ဘုရင်မင်းတရားကဖြစ်စေ၊ သူဌေးသူကြွယ် လူကုံထံမျှားကဖြစ်စေ၊ ကျောမဲ့ဆင်းရဲသား လူတန်းစားမျှားက ဖြစ်စေ၊ မည်သူကမဆို၊ အကြင်သူသည် ထိုဆရာတော်အား ပင့်ဖိတ်၍ ဆွမ်းလှူလေအံ့။ ထိုသူအားလုံးသည် သလေးထောပတ် ဆွမ်းနှင့် ဥဒေါင်းသားကိုချည်းသာ လှူရဖြစ်အောင် တန်ဆည်းနည်းဖြင့် အကြောင်း တိုက်ဆိုင် လာရခြင်းပင် ဖြစ်လေသည်။ ထောပတ်ဆွမ်း ဥဒေါင်းသား ဟင်းနှင့်ကင်းသော ဆွမ်း ဟူ၍ တထပ်မျှမရှိသောကြောင့် ထိုဆရာတော်၏သပိတ်မှာ အမြဲတစေ ထောပတ်နှံမျှား သင်းနေတော့၏။

ဤသို့သော အံ့ဘွယ်နှန်း ဆန်းကြယ်သော ဖြစ်ရပ်တို့ကြောင့် အရပ်ထက်ဝန်းကျင်၌ထိုဆရာတော်အသျှင်တိဿ၏ ဂုဏ်သတင်းမှာ နေနှယ်လင်းကာ ပန်းကဲ့သို့သင်းနေခြင်းဖြစ်သတည်း။

လက်တွေ့မဟုတ်သမျှ မယုံကြည်သူ၊လက်မခံနိုင်သူမျှားသည် ခေတ်အဆက်ဆက်၌ ပေါ်ထွက်စမြဲ ဖြစ် ၏။ ထိုဆရာတော်၏ အကြောင်းကို ကိုယ်တွေ့မကြုံသေး၍ မယုံကြည်ချင်သော(၀၂) ထိုအသျှင်ကို ကိုယ်တွေ့သုတေသနပြု၍လေ့လာ၍ကြည့်လိုသော ဒကာတယောက်ပေါ်လာသည်။ ထိုသူကား အမတ်တဦး ဖြစ်သတည်း။

အသျှင်တိသဿအကြောင်းနှင့်ပတ်သက်၍ ထိုအမတ်ကမကျေမနပ်ဖြစ်၍ တွေးသည်။ စဉ်းစားကြည့်သည်။ မည်သူမဆို ထို အသျှင်ကိုလွှဲလျှင် ဒေါင်းသားဟင်းနဲ့ချည်းလှူဖြစ်ရသည်။ ဆရာတော်၏သပိတ်သည် နှစ်ပေါင်း ခြောက်ဆယ်တိုင်တိုင်၊ တနေ့မှ ထောပတ်ဆမ်း၊ ဒေါင်းသားဟင်းနှင့်ကင်းသည်မရှိခဲ့ဟု လူတွေက ပြောဆိုနေကြသည်။ ပြောသည်က ပြော သည်ဘဲ ထား ဦး တော့၊ ယုံသူက ချင့်ရှိယုံကြဘို့ကောင်းသည်။ လူပြောသူပြော မျှနှင့် ငါကားမယုံကြည်၊ လက်မခံနိုင်၊ဟုတ်မဟုတ်ကို ငါ့ကိုယ် တွေ့ လေ့လာကြည့်အုံးမည်”

ဤသို့တွေးတော ကြံစည်ပြီးနောက်၊ တနေ့သော ညအခါ တွင် ထိုအမတ်က ချစ်ဇနီးအိမ်ရှင်မအား ဤသို့ဆို၏။

“အဘယ်ရှင်မ၊ မနက်ဖန် တောင်ပေါ်ကျောင်း ဆရာတော် ဘုရားကိုပင့်၍ ဆွမ်းကပ်လိုသောဆန္ဒငါ့မှာ ဖြစ်ပေါ်လာသည်။ ရှင်မက စောစောထ၍ဆွမ်းချက်ပါလေဘိ၊ ချက်ရမည့်ဆွမ်းမှာ ဆန်နု၊ ဆန်ကြမ်း၊ ဆန်ကွဲ ဟောနှောပြီး တလုံးထဲ ချက်၍ ဟင်း လျာကိုမူ၊ ဗူး၊ ဖရုံ၊ ဟင်းသီး ဟင်းရွက်မျှားကိုသာ ချက်ပါလေ”

အမတ်သည်ထောပတ်ဆမ်းနှင့်ဒေါင်းသားဟင်းမှ လွဲအောင် ကာပ်သီးကပ်သပ်ကြပ်မတ်၍စေခိုင်းလေသည်ကိုမယားကအံ့အား သင့်သွား၏။

"သခင်၊ ကြုံတောင့်ကြုံခဲ့ တခါတရံမှ လူရသည်ကို ဆွမ်း ကောင်းကောင်း၊ သားငါး ဆွမ်းဟင်း ကောင်းကောင်း ချက်၍ လောင်းလှူသင့်သည်မဟုတ်ပါလော"

"ရှင်မ-ငါခိုင်းသည့်အတိုင်းသာ လုပ်လော့၊ အလှူမည်သည့် လှူလိုသောဝတ္ထုဖြင့်လှူရမှ အကျိုးကြီးပေသည်ရှင်မ"

နံနက်မိုးသောက်လင်္ကာသော် ထိုအမတ်သည် ဘုန်းကြီးပင့် သွားခါနီး၌ မယားအား ဤသို့မှာကြားထားခဲ့လေသည်။

"ရှင်မ၊ ငါဘုန်းကြီးသွားပင့်ချဉ်းအံ့၊ ထိုမှအပြန်တွင် ကိစ္စ တခုရှိ၍ ပုဂဂါမရွာသို့ ငါဝင်ရပေဦးမည်။ ငါမလာသော် လည်း ဆရာတော် အိမ်သို့ကြွလာလိမ့်အံ့၊ ချက်ထားသောဆွမ်း နှင့် ဆွမ်းဟင်းလျှာမျှားကိုသာ လောင်းလှူလိုက်ပါဘို့"

ထိုသို့မှာကြားခဲ့ပြီးလျှင် ပုဂဝပဗ္ဘတတောင်ပေါ်သို့ သွားပြီး အသျှင်တိဿဆရာတော်ဘုရားအား ဆွမ်းအလှူခံ ကြွရောက်ခိုးမြှင့်တော်မူပါရန်ပင့်လျှောက်လေ၏။ဆရာတော်လည်း သဘောရိုးဖြင့်ပင့်သည်ထင်၍ လက်ခံလိုက်လေ၏။ ထိုအမတ်ကား ပင့် လျှောက်ပြီးနောက် အိမ်သို့မပြန်လဘဲ ရှောင်နေလေ၏။

ရှေးဘုန်းရှေးကံအလျောက်ပေါ်ပေါက်လာရသောကုသိုလ် အကျိုး အာနိသင်ကို အဘယ်သူသည်ဟန့်တားနိုင်ပါမည်နည်း။

"အို-ဝမ်းသာစရာကောင်းလိုက်တာ၊ သလေးဆန်ရော၊ ထောပတ်ရော၊ ဒေါင်းသားရော၊ ဒါဘယ်ကရသလဲ"

အိမ်၌ စေခိုင်းထားသော ယောကျ်ားတယောက် သလေးဆန်၊ ထောပတ်နှင့် ဥဒေါင်းသားများယူဆောင်၍ ဝင်လာကြသည်ကို အမတ်၏ဇနီးအိမ်ရှင်မကမြင်လေသော်၊ချီသာနှုတ်ခွန်းဖြင့် ရှန်းရှန်းဝေမေးလေလျှင်-

"သခင်မ-ကျွန်တော်သခင်လေး(အမတ်)နှင့် လမ်းမှာတွေ့ခဲ့ပါသည်။ ကျွန်ုတ်ကိုမြင်လျှင်"ဒီကနေ့ ငါ့အိမ်မှာ တောင်ပေါ်ကျောင်းဆရာတော်ကို ဆွမ်းအလှူခံကြဘို့ ပင့်ထားသည်။ ဒီသလေးဆန်၊ထောပတ်၊ ဥဒေါင်းသားကို မင်းတို့ သခင်မအားပေးပါဘို၊ ကောင်းမွန်စွာချက်ပြုတ်စီရင်ပြီး ဆရာတော်အသျှင်သူမြတ်၏ သပိတ်ထဲ ရိုသေစွာ လောင်းလှူပါစေ....ဟူ၍လည်း ကျွန်တော်မျိုးကိုမှာလိုက်ပါသည်၊ ကျွန်တော်မျိုးသခင်လေးထံ ပြန်ရပါဦးမည်"

ထိုယောကျ်ားသည် ပါလာသော ပစ္စည်းများကို အမတ်၏ဇနီးထံပေးအပ်ခဲ့ပြီး ပြန်သွားလေသည်။ အိမ်ရိပ်ကို လွန်လျှင် ပျောက်သွားလေ၏။ ထိုသူကား သိကြားမင်းဖြစ်၏။ အိမ်စေယောကျ်ားအသွင်ဆောင်၍ ဝင်လာခြင်းဖြစ်သတည်း။

အိမ်ရှင်မသည် သလေးထောပတ် ဆွမ်း၊ ဥဒေါင်းသားကို ကောင်းမွန်စွာ ချက်ပြုတ်ပြီးလျှင် ခင်ပွန်းလင် မှာထားခဲ့သည့်အတိုင်း အသျှင်တိဿဆရာတော်ကြွရောက်လာသောသပိတ်တွင်ထည့်၍ ဆက်ကပ် ကျွေးမွေးခြင်းပြုလေ၏။ ဆရာတော်လည်း သလေးဆွမ်း ဥဒေါင်းသားကို ဘုဉ်းပေး၍ ဆွမ်းအနုမောဒနာပြုပြီးလျှင် တောင်ပေါ်သို့ ပြန်ကြွတော်မူလေ၏။

"ငါမှာတဲ့အတိုင်း လှူလိုက်ရဲလား"

ဤကား ခရီးရောက်မဆိုက်! အမတ်မင်းဇနီးသည် အိမ်ရှင်မ အားမေးလိုက်သော မေးခွန်းဖြစ်လေသည်။ သူကြားခဲ့ရသော အဖြေကား မုယောဆွမ်းနှင့် ခရမ်းသီးစသော အသီးအရွက် ဟင်းများဖြစ်၏။ သို့သော်....

"လှူလိုက်ရပါသည်သခင်။ သခင်မှာကြားလိုက်တဲ့ အတိုင်း သလေးဆန်ကို ထောပတ်နှင့်ချက်၊ ဒေါင်းသားကိုလဲ ဆီပုံ့ အောင် ကြော်ပြီး၊ ဆရာတော်ဘုရားကို ဆက်ကပ်လိုက်×××

(စကားမဆုံးမီ)

"ဘာ-သလေးဆွမ်းနဲ့ ဒေါင်းသားဟင်း-ဟုတ်လား"

"မှန်ပါသည် သခင်...."

"ဒီ-သလေးဆန်နဲ့ ဒေါင်းသား၊ ဘယ်ကရသလဲ"

"ဟင်....သခင်က အပေးခိုင်းလိုက်သည်မဟုတ်ပါလား"

"ငါ-ဘယ်သူကိုမှ မခိုင်းရပါဘဲလား ရှင်မရယ်"

ဇနီးယောကျ်ား လာပေးသွားသည်ဆို၍ ထိုသူကို ခေါ်၍ မေးသော်လည်း၊ သူမဟုတ်ကြောင်း အစစ်ခံလေ၏။ ထိုအခါ တွင်မှ အမတ်သည် အံ့သြခြင်းမက အံ့သြသွားလေသည်။ ဆရာ တော်၏ ရှေးဘုန်းရှေးကံ အစွမ်းကား အံ့ဘွယ်ပါတကား။ ငါမစေခိုင်းရပါဘဲလျက် သလေးဆန် ထောပတ် ဒေါင်းသား များ ငါ့အိမ်သို့ ရောက်ရှိလာခြင်းကား နတ်တို့ ပို့ဆောင်လာ ခြင်းသာဖြစ်ပေမည်။ ရှေးရှေးသော ဘဝများက ပြုခဲ့ဘူးသော ကုသိုလ်ဒါနထူးရှိသူအား ရောက်လာသော အကျိုးကို အဘယ် သူမျှ ပိတ်ပင် ဟန့်တားခြင်းငှာ မတတ်နိုင်ပါတကား, ဤသို့ အမြင်မှန်ရလာပြီး၊ "ရှေးဘုန်းရှေးကံ" ဟူသည်ကို ကိုယ်တွေ့

ယုံကြည်လက်ခံလာရုံမက သာသနာကို ကြည်ညိုသဒ္ဓါခြင်း ဖြစ်လာကာ အလှူဒါနများစွာ ပြုလေသတည်း။

အခါတပါး၌ ပုဝပဗ္ဗတတောင်ပေါ်မှ ကျောက်စည်ခေါင်းလောင်းတီးခတ်သံများ တခဲနက်ပေါ်လာလေ၏။ သံဃာတော်များလည်း မိမိတို့နေရာ အသီးသီးမှ လှုပ်ရှားရွရွ၊ ထွက်လာလေ၏။ အကြောင်းမူကား-ကျောက်စည်ခေါင်းလောင်း, တီးခတ်ခြင်းသည် သံဃာ့အစည်းအဝေး ခေါ်ယူကြောင်း အထိမ်းအမှတ် ဖြစ်သောကြောင့်ပေတည်း။

အသျှင်တိဿ ဆရာတော်ကား-အိမင်းမစ္ဆမ်း နာမကျန်းရှိခဲ့လေပြီ။ ဤသံဃာ့အစည်းအဝေးကြီးမှာ ဆရာတော်၏အမိန့်အရ ခေါ်ယူကျင်းပခြင်းဖြစ်၏။ ဆရာတော်သည် သာသနာ့ညောင်စောင်းထက်တွင် လျောင်းလျက်မှ ကြွရောက်လာသော် သံဃာတော်များကို ရှစ်းတောင်မူလျှင် သံဃာတော်များလည်း "အကြောင်းထူးမည်သို့ရှိလေ၍ အစည်းအဝေးခေါ်ပါလိမ့်မည်နည်း" ဟု ဆရာတော်အားဖူးမြော်ကာ မြင်းကြားမည့် စကားကို စောင့်စားလျက်ရှိနေကြသည်။

"ငါ့ရှင်တို့....၊ ငါပရိနိဗ္ဗာန် ပြုတော့မည် ဖြစ်ကြောင်းကို သံဃာအား ပန်ကြားလို၍ ခေါ်ယူခြင်းဖြစ်၏။ ငါပရိနိဗ္ဗာန် ပြုတော့အံ့"

ထိုသို့မြွက်ကြားလိုက်သောအခါ သံဃာတော်များ တုန်လှုပ်ချောက်ချားကုန်လေ၏။ ဆရာတော်၏ ထူးဆန်းသောရှေးဘုန်းရှေးကံများကို နှလုံးသွင်းမိကြသည်။ သို့စင်မျှ ထူးခြားသော ပါရမီရှင်ကို လွန်စွာရခဲသည်ဟူ၍လည်း အလွန်နှမြောတသ, လျက်ရှိနေကြသည်။ ထိုကဲ့သို့အံ့ဘနန်း ဆန်းပြားလှသော "ပဂ္ဂလ

ဝိသေသ,ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တို့၏ ထေရုပ္ပတ္တိ၊ အတိတ်ဘဝမှ ဆည်းပူးပြုစုခဲ့ဘူးသော ဒါနကုသိုလ်မျှား အကြောင်းကိုလည်း သိကောင်းသည်၊ သိအပ်,သိဉာဏ်၊ သိဆိုက်လှသည်'' ဟူ၍ တပါးသော သံဃာက ဆရာတော်အား ရှိခိုးရှိ ဤသို့မေးလျှောက်လေ၏။

"အသျှင်သူမြတ်ဘုရား။ အရှင်ဘုရားကား ရှေးဘုန်းရှေးကံလွန်စွာ ကြီးမားတော်မူလှပါသည်။ ရှေးရှေးသော အတိတ်ဘဝက မည်ကဲ့သို့ အလှူဒါနမျိုးကို ပျိုးထောင်ပြုစုခဲ့လေသောကြောင့် ဤကဲ့သို့ အကျိုးထူးကို ခံစားတော်မူရပါသနည်း။ အရှင်ဘုရား ဖြည့်ဆည်းပူးခဲ့သော ဒါနပါရမီကို သိကြရလျှင်နောင်လာ နောင်သား ရဟန်း သံဃာတော်မျှား နှင့်တကွ ဒါယကာ၊ ဒါယိကာမ,တို့အဖို့ မျှားစွာအကျိုးသက်ပါလိမ့်မည်။ သို့ပါ၍ ထုတ်ဖော် မြွက်ကြားတော်မူခဲ့ပါမည့် အကြောင်း" တောင်းပန်ခြင်းပြုလေသည်။

ထိုအခါ....ဆရာတော်ဘုရားသည်၊ မိမိ၏အတိတ်သမိုင်း ဖြစ်ရပ်နှင့်တကွ အလှူဒါနမှဉ် မမေ့မလျော့ကြရန် ဟူသော သြဝါဒနိတိစကားမျှားကို မကျဉ်းမကျယ်၊ ဂါထာပေါင်း(၁၃)ဂါထာဖြင့် ခြယ်လှယ်တန်ဆာဆင်၍ ဤသို့မြွက်ဖော် ဟောကြားတော်မူလေသတည်း။

(၁) "ငါ့ရှင်တို့....။ ဤဆိုအပ်လတံ့သော ငါ့စကားကို မှတ်သား နာယူကြကုန်လော့....။ ဤဘဒ္ဒကမ္ပာဌ်'ကဿဖ'ဟူ၍ထင်ရှားသော ဘုရားသခင်ပွင့်တော်မူခဲ့ပြီ။ တလောကလုံး၏ ရှေဆောင်၊ လောက၏မီးရှူးတန်ဆောင် အလင်းရောင် ဖြစ်တော်မူ၏။

သတ္တဝါခပ်သိမ်းတို့၏ အကျိုးစီးပွားဌာ အလှန် အကျူးအထူးမွေ့လျော်တော်မူ၏”

(၂) “ထိုကဿဖဘုရားသခင်၊ လက်ထက်တော် အခါက ငါသည် ကုန်သည်တယောက်ဖြစ်ခဲ့ပါ၏။ဆေးဒန်း မှုန့်မျှားကိုရောင်းပါသည်။ ထိုကုန်သည်အလုပ်ဖြင့် ပင် ရပ်တည်ကာ ရှာတကာလှည့်၍ အသက်မွေး ခဲ့ပေသည်”

(၃) “တခါသဌ္ဌ ငါသည် ကျေးလက် ဇနပုဒ် တခုသို့ စျေးရောင်းရောက်သွားလေရာ....၊ ထိုဇနပုဒ်နေ-ကျေးတောသူ အမျိုးသမီး တဦးသည် ငါ့ကိုမြင် လျှင် ငါထံမှ ဆေးဒန်းမှုန့်မျှားကို ဝယ်ယူပေ၏။ ငါ မှတ်သိပ် ဆာလောင်လာမှန်းကိုလည်း သူသိ မြင်သွားသည်”

(၄) “သနားကြင်နာသောစိတ်ဖြင့် ဥဒေါင်းသားချက် ထားသောဟင်း၊ ထောပတ်ဖြင့် ချက်ထားသည့် မွေးကြိုင်လှစွာသော သလေးဆွမ်းဖြင့် သူကငါ့ကို ဖွယ်ဖွယ်ရာရာ တည်ခင်း ကျွေးမွေး ရှာပေသည်”

(၅) “ထိုအခိုက် ငတ်မွတ်နေသော ခွေးတကောင်သည် ငါစားနေသည်ကို မြင်လေသော် စားချင်ရှာ၍ လျှာတမြွာမြွာနှင့် ငါ့အနားကပ်လာ၏။ အစာ တောင်းဟန်ပြ၏။ ငတ်မွတ် နေသော ထိုခွေးကို ငါသည် ငါ စားနေသည့် ထောပတ် ထမင်းနှင့် ဥဒေါင်းသားဟင်းကို ငါမစားတော့ဘဲကျွေးလိုက်

၏။ ထိုကောင်းမှုကြောင့် ကုန်သည်ဘဝမှ စုတေသောခါ-နတ်ပြည်သို့လားခဲ့ရ၏"

(၆) "သုဂတိဘုံ၊ကုသိုလ်ဟုန်ဖြင့်ငါရောက်ရှိသွားသော ထိုနတ်ပြည်၌ နတ်မိတ်ဆွေ၊ နတ်အပေါင်းအဖော်များနှင့် မွေ့လျော် ပျော်ပိုက်ခဲ့သည်။ စိန်ကြောင်နီလာ၊ ရတနာမျက်ရွဲတို့ဖြင့်၊ တခဲနက် တောက်ပနေသော ရွှေပြဿဒ်ထက်၌ သမုဒယ ဗြောင်းဆန်အောင်-၊ ကြောင်းမတန် ချိုအေးလှသော နတ်စောင်း၊ နတ်ညှင်း၊ နတ်သီချင်းများကို သီဆို ဖျော်ဖြေကြသည့် နတ်အဆိုတော်၊ နတ် ကချေသည်တို့ဖြင့် ပတ်လည်ရံသန်းကာ ဝမ်းပန်းတသာ နေခဲ့ရသည်"

(၇) "ငါ့အပါးဝယ် အလှန်လှပသော ဒေဝစ္ဆရာ၊ နတ်ကညာများ ဝိုင်းရံခစားနေကြ၏။ နတ်ဒစ်တပ်ကြီးများကလည်း ငါ့အား အခါမလပ်၊ စောင့်ကြပ်လျက်ရှိပေ၏။ အလှန်ထူးကဲသော နတ်တို့၏ စည်းစိမ်ကို ကြာမြင့်စွာ ကာလပတ်လုံး ငါခံစားခဲ့ရသည်"

(၈) "ငါသည် ထိုနတ်ပြည်မှ စုတေ ခဲ့သော်....လူတို့ရပ်ဌာန်၌ အမြတ်ဆုံးဟု သမုတ်၊ ထားကြသော သူဌေးမျိုး၊ သူကြွယ်မျိုး၌ချဉ်းသာ အဖြစ်ငါးရာ၊ (ဘဝငါးရာ)တိုင်တိုင် အဆက်မပြတ် ဖြစ်ခဲ့ရ၏"

(၉) "မြင့်မြတ်သော အမျိုး၌ ဖွားမြင်လာသည်ဖြစ်၍ ဆွေမျိုးသားချင်းအပေါင်းတို့၏ သောင်းသောင်း

ဖျဖျ၊ ပူဇော်ခြင်းကို ခံရသော ငါသည် ရှေးက ပြုခဲ့ဘူးသည့် ကုသိုလ်အား လျော်သော အထွတ်ဆုံး အမြတ်ဆုံး စည်းစိမ်ကို အစဉ်တစိုက် ခံစားခဲ့ရပေ၏"

(၁၀) "အနုံအရသာနှင့် ပြည့်စုံပြီး၊ အလွန် မွေ့ကြိုင်သော ဥဒေါင်းသားဟင်းနှင့် သလေး ထမင်းကို အဖြစ်ငါးရာတိုင်တိုင် အမြဲမှီဝဲခဲ့ရသည်။ ထိုထော ပတ်ထမင်းဒေါင်းသားဟင်းကို ငါအမြဲရခဲ့သည်"

(၁၁) "သံသရာတခွင် ကြဉ်လည်၍ လျှောက်လာခဲ့ရာ၌ နောက်ဆုံးဖြစ်သော ဤယခုဘဝ၌လည်း ထိုနည်း ၎င်းပင် ဒေါင်းသားဟင်းနှင့် သလေး ထမင်းကို အခါခပ်သိမ်းပင်ရခဲ့ပေ၏။ အို....အသျှင်ကောင်း၊ အသျှင်မြတ်အပေါင်းတို့။ ငတ်မွတ်နေသော ခွေးတကောင်အား ငါလှူခဲ့ဘူးသော ထမင်းခဲတခဲ၏ အကျိုး အာနိသင် ကြီးမားလှပုံကို ရှုစားတော်မူကြလေကုန်"

(၁၂) "ကုသိုလ်ကောင်းမှု ပြုသောသူအား၊ ထိုကုသိုလ်၏ အကျိုးကို ခံစားရမြဲ ဖြစ်၏။ မာရ်နတ်မင်းကြီး သော်မှပင် ထိုကုသိုလ်၏ အကျိုးကို မဟန့်တားနိုင်လေ။ လူပြည်၊နတ်ရပ် လောကဓာတ် ဗြဟ္မာဟု ဆိုအပ်သောဘုံသုံးပါး၌ ဟူးဟူးညားညား၊ အမှတ်မထား-အာဘယ်မည်သော သူသည်ကား ထိုကုသိုလ်၏ အကျိုးကို တားမြစ်နိုင်ပါမည်နည်း"

(၁၃) "အို အသျှင်ကောင်း အသျှင်မြတ်အပေါင်းတို့။ အကြင်သူသည် လူမဆိုသေး၊ ခွေး အစရှိသော တိရစ္ဆာန်မျိုးသော်လည်း သဒ္ဓါကြည်ဖြူစွာ ပေးလှူ၏။ ထိုသူကား ခပ်သိမ်းသော ဘဝကြီးငယ် အသွယ်သွယ်တို့၌ လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာ အနှစ်ကို ရရှိ ခံစားရမည် စင်စစ် ဖြစ်သတည်း"

ဆရာတော်သည် ထိုစကားစုကို မြှက်ကြား နေစဉ် အတွင်း တဖြည်းဖြည်းအားအင်ဆုတ်ယုတ်လာသည်။ စကားဆုံးအောင် ပင်စိတ်ကိုတင်း၍ ပြောနေသောအသွင်မျိုးပေါ်လွင်နေသည်။ စကားအဆုံး၌ကား ဗုံးဗုံးလဲကာ ခန္ဓာစဲကာ၊ နိဗ္ဗာန်ပဲ့ဝင်တော် မူလေသတည်း။

ထိုအကြောင်းနှင့်ပတ်သက်၍ ကျွမ်းပြူဆရာတော်က ဩဝါဒ စကားထားတော်မူခဲ့သည်ကား ...

"ဤဆိုအပ်ခဲ့ပြီးသော ဝတ္ထုသာဓကများကို ထောက်၍- အလှူရှင်သည် အနည်းငယ်မျှသော အစီအရင်ဖြင့်လည်း အံ့သြမခမ်း၊ ထူးဆန်းသောအသွင်ကိုဆောင်ပေသည့်အကျိုးကို ရလေသည်။ များစွာ လှူသော အလှူဒါယကာဖြစ်သူအား ကောင်းမှု၏ အကျိုးအာနိသင်ကို မသိပါဘဲ၊ ကြာမြင့်စွာသော ကာလပတ်လုံး အဘယ်သူသည် မလှူဘဲနေမည်နည်း။ လှူမည်သာ ဖြစ်လေသည်။

(၁၄)

စူဋ္ဌတိဿ အမတ်

ကဏ္ဍုလသည် ဆင်၏အမည်ဖြစ်၏။ ထိုဆင်ကား သီဟိုဋ္ဌ ကျွန်းကိုအစိုးရသော ဒုဋ္ဌဂါမဏိမင်း၏ ခမည်းတော်၊ ကာကဝဏ္ဏမင်းကြီး စီးတော်မူသော ရတနာဆင်မွန်ဖြစ်လေသည်။

အခါတပါး၌ ထိုကဏ္ဍုလဆင်သည် ညအခါတွင် ထူးကြီးများကိုဖြတ်၍ လွတ်ထွက်သွားလေ၏။ လိုက်၍ ရှာသော်လည်း မတွေ့ရဖြစ်လေ၏။ ထိုအခါ ကာကဝဏ္ဏမင်းကြီးသည် အမတ်လေးယောက်ကိုခေါ်၍ အရပ်လေးမျက်နှာသို့ တမျက်နှာလျှင် တယောက်ကျစီ၊ ကဏ္ဍုလဆင်တော်ကို လိုက်ရှာရန် စေလွှတ်တော်မူရသတည်း။

ထိုအမတ်လေးယောက်အနက် အရှေ့အရပ်သို့သွားရန် တာဝန်ကျသော တိဿအမတ်ကား၊ ကာကဝဏ္ဏမင်းကြီး၏ ကျွန်ယုံတော်၊ အပါးတော်မြဲအမတ်ဖြစ်၏။ သစ္စာတော်ကိုရိုးသေကျိုးနွံစွာ ထမ်းရွက်သဖြင့် ယုံကြည် စိတ်အချရဆုံးဖြစ်သောကြောင့်လည်း ဘုရင်မင်းမြတ်က ချစ်မြတ်နိုးကာ အရေးပေးခြင်း ခံရသူဖြစ်ပေ၏။ ထိုတိဿအမတ်သည် သူတာဝန်ကျရာအရှေ့အရပ်သို့ထွက်ခွာလာခဲ့လေသည်။

"သဗ္ဗေခပ်သိမ်းကုန်သော။သတ္တာ၊သတ္တဝါတို့သည်။အဝေရာ၊ ဘေးရန်မရှိကြကုန်သည်။ ဟောန္တု၊ဖြစ်ကြပါစေကုန်သတည်း။

ဤအသံကား သူတော်ကောင်းတို့၏နှလုံးသားမှပွက်၍ထွက်လာသော မေတ္တာလှိုင်းဂယက် ပွက်သံဖြစ်၏။ တိတ်ဆိတ်သော

တောအုပ်ကြီးကိုထွင်းဖောက်၍ ပြောင်မြောက်စွာပင် ကြားရပေသည်။ ထိုတောအုပ်အတွင်း၌ 'နိမ္မဲရ'ခေါ်သော အထိကရယင်းမာပင်ကြီးတပင်ရှိ၏။ ထိုယင်းမာပင်ကြီးကား သူတော်ကောင်းများ နေထိုင်ရာကို သတ်မှတ်သည့်မှတ်တိုင်ကြီး ဖြစ်လေသည်။

ထိုယင်းမာပင်ကြီးကိုအလယ်ဗဟို၌ထား၍ တောရကျောင်းသင်္ခမ်းများစွာ ရံ၍ဆောက်ထား၏။ယင်းမာပင်ကြီးကို အစွဲပြု၍ ထိုကျောင်းတိုက်၏အမည်မှာကား 'မဟာ နိမ္မဲရာ ရာမကျောင်းတိုက်'ဟု တွင်၏။ ပရိယတ်ထက် ပဋိပတ်သမား၊ သံဃာတော်များသာ ထိုကျောင်းတိုက်၌ အများအားဖြင့် နေထိုင်ကြလေသည်။

ထိုကြောင့် ထိုကျောင်းတိုက်နေအချိုသောသံဃာများကား အနိစ္စ၊ဒုက္ခ၊အနန္တလက္ခဏာ၊ ဘာဝနာတရားကိုအားထုတ်နေကြသည်။ အချိုကား၊အရညကင် ဓုတင်ဆောက်တည်ကာ၊ဒွတ္တိံသကမ္မဋ္ဌာန်းစီးဖြန်းနေကြသည်အချိုကမူအဇ္ဇောကာသိကအကျင့်ကိုကျင့်လျက် အဖြစ်,အပျက် သဘောကိုရှုနေကြသည်။ ပိသုကူဓုတင်ဆောင်သော ရဟန်းတို့ကလည်း မြ,စိန်တို့ဖြင့် စီခြယ်၍ အပြောက်ပြောက်သော ချပ်တန်ဆာကို ဝတ်ရုံထားသကဲ့သို့၊ အကွက်အကွက် ဖာထေးထား အပ်သော သင်္ကန်းကို ရုံလျက်ကသိုဏ်း၊ပရိကံကို ပွားများနေကြသည်။

အရပ်ထက်ဝန်းကျင်သည် ကြည်လင်၍ သာယာလှ၏။ သန့်သောလေက သင်းသောပန်းရနံ့ကိုဆောင်၍ ရဟန်းတော်များအား ဆက်ကပ်လျက်ရှိနေ၏။ ကဏ္ဍုလဆင်တော်ကိုရှာရန်ထွက်

လာခဲ့သော တိဿအမတ်သည် ဤနေရာ၊ဤဒေသ၊ ဤဌာနသို့ တနေ့သောအခါတွင် ဆိုက်ရောက်သွားလေသည်။

"ဘုရင်မင်းတရားကြီးစီးတော်မူသောကဏ္ဍုလဆင်တော်လွတ် ထွက်သွားပါသဖြင့်တပည့်တော်အရှာထွက်လာခဲ့ခြင်းပါဘုရား"

တိဿအမတ်သည် ကျောင်းပုရဝုတ်အတွင်းဝင်၍ ရိုသေစွာ ရှိခိုးပြီးလျှင် သံဃာတော်များကမေးသဖြင့် အကျိုးအကြောင်း လျှောက်ထားနေစဉ်၊ သူ၏မျက်လုံးများသည် တနေရာသို့လှည့်ကာ စူးစိုက်စွာကြည့်နေရင်းမှ ဝမ်းသာ ရွှင်မြူးသော အသံဖြင့် ဥဒါန်းကျူးလိုက်လေသည်။ "သြော်-ကဏ္ဍုလ၊ ဒီကိုရောက်နေပါကလား"

ကဏ္ဍုလဆင်သည် ကျောင်းပရဝုတ်တံခွန်းသို့ ရိုး.ရိုး.ကြီးဝင်လာနေသည်။ သွားနှာမောင်းတွင် သဖန်းသီးမှည့်များ ပါလာသည်။ တိဿအမတ်ကြည့်နေဆဲမှာပင် ကဏ္ဍုလသည် သံဃာတော်များရှေ့သို့ ရောက်လာပြီး ရှေ့တင်ဝပ်လျက် ပါလာသော သဖန်းသီးများကို နှာမောင်းဖြင့် ကမ်းကာ ရဟန်းတော်များအား ဆက်ကပ်လေ၏။

"သည်ဟာ ပျောက်ဆုံးနေတဲ့မင်းစီးဆင်ကဏ္ဍုလပါဘုရား"

"ဆင်ဖြစ်စေကာမူ၊သူတော်ဓလေ့နဲ့မွေလျော်ရှာတယ် ဒကာကြီး\"

သံဃာတော်တပါးက ကဏ္ဍုလ၏ ဂုဏ်ပုဒ်ကိုထုတ်ဖော်မြွက်ကြားလိုက်၏။ တိဿ အမတ်သည် ပြော၍ မဃုံနိုင်အောင်ကြုံသော ဂဏ္ဍုလဆင်တော်၏လိမ္မာယဉ်ပါးပုံကို တစိမ့်စိမ့် ကြည့်ရင်းတွေးမိလေသည်။ကြမ်းတမ်း ရုန်ရင်းလှစ္စာသောလူကိုနှင်း၍ သတ်တတ်သော တိရစ္ဆာန်ဖြစ်လျက်လည်း သံဃာတော်အသျှင်

သူမြတ်များ၏ သီလဂုဏ်၊သမာဓိဂုဏ်၊ မေတ္တာရိပ်မြုံကို ခိုလှုံရပေသဖြင့် ယဉ်ပါးကာ လူ၏သဖွယ် လူဖွယ်ပစ္စည်းများ၊ လူဒါန်းရှာပေသည်။ အံ့ဖွယ်ဖြစ်အင်ပါတကား....။

တိသဿအမတ်၏စိတ်ဌဖြစ်ပေါ်လှုပ်ရှားလာမှုကို ဂါထာကုံးဖြင့် ထုံးဖွဲ့ထားသည်ကား-

"သံဃာတော်အသျှင်သူမြတ်တို့မှာအလိုရမ္မက်လည်းနည်းကြ၏။ ရောင့်ရဲ လွယ်ကြ၏၊ ဆိတ်ငြိမ်ရာကိုသာ လိုလားတော်မူကြ၏။ အလှူန့်ဖျို စင်သော အကျင့်သီလလည်း ရှိတော်မူကြကုန်၏။ ရဟန်းကျင့်ဝတ် မချွတ်အောင်ပြု၍ ဆောင်ကြ၏။ ထိုအသျှင်သူမြတ်တို့၏ ကောင်းမြတ်သော စိတ်သဘောအစု၊ အမြုတေ အစိုင်အခဲကြီးကို မြင်ရသည်ရှိသော်၊ တိရိစ္ဆာန်ဖြစ်သော ဆင်သည်ပင်လျှင် မိမိ၏ နှစ်သက် ဝမ်းမြောက်ကြောင်းသရုပ်ကို ထုတ်ဖော်၍ပြတတ်ချေသည်တကား။

ထိုသို့အံ့သြခြင်းဖြစ်ရပြီးနောက်၊ တိသဿအမတ်သည် အဘယ်ကြောင့် ကဏ္ဍုလဆင်ကိုယူဆောင်မသွားသည်မသိ၊သံဃာတော်များထံ၌ထားခဲ့ပြီး။ နေပြည်တော်သို့ပြန်သွားလေသည်။ရောက်လျှင် ကဏ္ဍုလဆင်တော်ကို တောရကျောင်းသင်္ဃာအနီး၌ တွေ့ခဲ့ရပုံ အလုံးစုံကို မင်းကြီးအားလျှောက်ထားလေ၏။

ထိုအခါ မသိမှာ နှစ်ခါဆင်းရဲဆိုဘိ၏သို့ဖြစ်ချေ၏။ "သင်သည်ပင်လျှင် တခေါက်ပြန်၍ကဏ္ဍုလကိုဆောင်ပါခဲ့ချေ"အမိန့်

တော်ကျသဖြင့် တိဿအမတ်သည် တောရပ်သို့ထွက်ခွာရန် ပြင်ဆင်ရပြန်လေ၏။

ဤတကြိမ်တွင်မူ တိဿသည်ကဏ္ဍုလထံမှ သင်္ခဏ်းစာရလာခဲ့ဟန်တူ၏။ များစွာသော ပျားသကာတင်လဲတို့ကို ယူ ဆောင်သွားသည်။ မဟာနိမ္မရာ ရာမတောရကျောင်းသင်္ခဏ်းသို့ရောက်လျှင် သဖန်းသီးမှည့်များကို ပျားသကာနှင့်နယ်၍ အဖျော်ယမကာဖျော်ပြီးလျင် ကဏ္ဍုလဆင်ကိုယူဆောင်ကာ တိုင်းတော်သို့ပြန်လာ၏။ လှူခဲ့သောပီတိသည် သူဘဝအလျောက် ရွှန်းရွှန်းအို,ဖြစ်လေသတည်း။

ထိုဘဝမှ စုတေလေသော်....သီဟိုဠ်ကျွန်းဦပင် ပြန်၍ လူဖြစ်လာသည်။ အမှပိဋ္ဌိအမည်ရှိသော ရွာဌ် သူငွေးသားဖြစ်လေ၏။ တိဿ,ဟူ၍ပင် အမည်တွင်၏။ အရွယ်ရောက်လျှင် အိမ်ထောင်ရက်သားပြုသည်။ ထို့နောက် သံဝေဂရ၍ ရဟန်းပြုသည်။ ဘွဲ့မည်မှာ 'အသျှင်တိဿ,တွင်သတည်း။ ရဟန်းသိက္ခာပုဒ်တော်များနှင့်အညီ နေထိုင်လေသဖြင့် အထူးထင်ရှားလာသည်။

တခါသဌ် ပင်လယ်ကြီးကို ဖြတ်ကူး၍ သီဟိုဠ်ကျွန်းမှ မဟာဗောဓိပင်ရှိရာ ဇမ္မူဒိပ်ကျွန်း (အိန္ဒိယပြည်)သို့ သွားကြသော ဘုရားဖူးအဖွဲ့တဖွဲ့သည် သမုဒ္ဒရာကို လှေဖြင့် ကူးနေကြသည်။ ထိုဘုရားဖူးအဖွဲ့တွင် ရဟန်းသံဃာ၊ လူဒကာ၊ ဒကာမ အတော်များများပါ၏။ အသျှင်တိဿ, ကိုယ်တော်သည်လည်း ဘုရားဖူးသံဃာတပါးအဖြစ် ခရီးသည်ထဲဌ် ပါလာသည်။

ဖောင်စီးရင်းရေငတ်ဆိုသောကိန်းဆိုက်ကုန်လေ၏။ ဘုရားဖူးခရီးသွားများအဖို့ ပင်လယ်ရပ်တွင် ရေပြတ်သွားလေပြီ။ လှိုင်းလေ မငြိမ်သက်ခြင်းကို အကြောင်းပြု၍ မှန်းထားသော ရက်

အပိုင်းအခြားအတိုင်း ဇမ္မူဒိပ်ကမ်းသို့ မကပ်ရောက်နိုင်သော ကြောင့် ယူဆောင်လာခဲ့သော သောက်ရေများ ကုန်လေသဖြင့် ပင်လယ်ထဲ၌ ရေ့အတွက် အခက်ကြုံနေကြရလေပြီတည်း။

ရေကိုမြင်နေကြရပါလျက် ငန်သောကြောင့် ပင်လယ်ရေကို မသောက်နိုင်ရာကြကုန်။ အငတ်မခံနိုင်၍ဆားငန်ရေကိုသောက် မိကြရာ၊ သောက်လေ ငတ်လေ ဖြစ်ရုံမက ဝမ်းကိုပင် ဥပါဒ်ပေး လာသောကြောင့် မသောက်ရဲကြ။

ထိုအခါ အသျှင်တိဿသည် ပါလာသော သပိတ်ဖြင့် ပင်လယ်ရေကိုခပ်၍ သောက်လျှင် ရှေးဘဝက အဖျော်ယမကာ သွန်ခဲ့ဘူးသောကောင်းမှုကြောင့် ပင်လယ်ရေသည်အငန်ပျောက်၍ ရေချိုဖြစ်လာရလေ၏။ ထူးဆန်းသော ထိုဖြစ်ရပ်ကို ဂါထာဖြင့် မှတ်တမ်းထားသည်ကား ...

(၁) "ဤသို့ငန်သောရေမှ ချိုသောရေ ဖြစ်လာရ ခြင်းကား အံ့ဘွယ်ရှိလေစွ။ မဖြစ်စဘူး ထူးကဲ လေစွ။ ကြက်သီး မွေးညင်း တဖျင်းဖျင်း ထ လောက်ပေစွ။ အနည်းငယ်မျှ လွှဲခဲ့ဘူးသော ကုသိုလ်စေတနာ၏ အာနုဘော်ကား ကြီးမားလှ ပါပေစ"

(၂) "အတိတ်ဘဝ အမတ်ဖြစ်စဉ် အခါက ရဟန်း သံဃာတော်များအား ,သကာဖြင့် ဖျော်ခဲ့သော အဖျော်ရည်ကို ပေးလှူခဲ့လေသောကြောင့် ရေ ငန်မှ ရေချိုအဖြစ် ဖောက်ပြန် ကူးပြောင်းလာ သော ပင်လယ်ရေကောင်းကိုယခုမှုချဆာဆတ် ရအပ်ပေပြီ...."

ထိုအခါ ရေငတ်နေသော အသျှင်တိဿသည် ရေချိုရေသန့်ကို သောက်ရလေပြီ။ ထိုရေသည်အဖျော်ရည်နှင့် တူ၏။ အရသာရှိ၏။ မိမိနှင့်အတူ ပါလာကြသော ဘုရားဖူး သံဃာတော်များ၊ ဒကာ-ဒကာမများအားလည်းသောက်စေ၏။ မည်သို့ပင်သောက်စေကာမူ၊ သပိတ်ထဲမှ လျော့နည်းသွားသည် မရှိလေ။ ထိုဘုရားဖူးအဖွဲ့သည် အသွား၊ အပြန်လမ်းတလျှောက်လုံး၊ ထိုရေကိုသာသုံးဆောင်ကြရကုန်သတည်း။ ဤဝတ္ထုကိုအကြောင်းပြု၍ အနုသာသနီဂါထာ လာသည်ကား....

လောက၌ အချို့သော သူတို့သည် ရေကို လှူကာမျှဖြင့်လည်း သို့စင်မျှလောက် ကြီးမားသော စည်းစိမ်ကို ရရှိကြကုန်သေး၏။ အလှူအတန်းကို များများစားစား ပေးလှူသောသူ အားကား-အဘယ်မှာ ဆိုဘွယ်ရာရှိပါအံ့နည်း။ ကြီးစွာသော အကျိုးကို မုချပေးမည်သာဖြစ်သတည်း။

(၁၅)

တိုသာ

ကျွန်းလုံးသရဖူကို သဒ္ဓါတိသမင်း ဆောင်းထား ချိန်၊ သီဟိုဠ်ကျွန်း၌ ခြောက်ဆယ်မျှသော အသပြာငွေဖြင့် လူတယောက်ကိုကျွန်ပြု၍ခိုင်းနိုင်၏။ငွေသည်အဓိကဖြစ်၏။လူထက် ငွေကိုတန်ဘိုးထားကြ၏။ ငွေကလူ့ထက် မြင့်မောက်၏။ လူကို နှိပ်၍ ငွေကိုထိပ်ပေါ်တင်ထားကြသည်။

ရောဟနဇနပုဒ်မှ 'တိသတိမ္ဗ' အမည်ရှိသော ကူးတို့ဆိပ် ရှာသူ-မယ်တိသာအမည်ရှိသောကျေးတောသူကလေးတယောက် မှာ ထိုခြောက်ဆယ်မျှသော အသပြာငွေကြေးဖြင့် သူငွေးတဦး ထံတွင် ကျွန်ခံနေရရှာ၏။ သို့သော်....ထာဝရကျွန်၊ အပြီးအပိုင် ကျွန်၊ ပုံသေကျွန်ကား မဟုတ်။ ခေတ္တကျွန်၊ ယာယီကျွန်၊ "ကျွန်ရှင်"ဖြစ်၏။

ထိုအချိန်၌ စီးပွားရေး ကျပ်တည်းသဖြင့် ချေးငှားစားကြရသည်။ မယ်တိသ၏လင်မှာ စန္ဒဂုတ္တဖြစ်၏။သူတို့လင်မယားသည် အလွန်ဆင်းရဲ၏။ မဲ့၏။ နေ့ဖို့ညစာ၊ စားစရာပင် မလုံလောက် ထမင်းရက်ခဲကျန်၊ မမှန်တနပ်၊ မှန်တနပ်ဖြစ်၏။ ဤသည့် အငတ် ပြဿနာကို မယားဖြစ်သူ မယ်တိသာက ကျွန်ခံ၍ရှင်းလေသည်။ သူကိုယ်ကို သူငွေးတဦးထံတွင် အသပြာငွေ ခြောက်ဆယ်ဖြင့် ပေါင်နှံ၍ စားသည်။

ထိုအချိန်မှစ၍မယ်တိသာသည် နံနက်နေဝန်းကြီးပေါ်လျှင် သူငွေးအိမ်သို့ ရောက်နေပြီးဖြစ်ရသည်။ သူငွေးကို မျက်နှာပြရ

သည်။ နေထွက်မှုနေဝင်အထိ သူ့ဌေးအိမ်တွင်ကျွန်ခံ၍ လုပ်စရာ ရှိသမျှ-တောက်တို့ မယ်ရတွေကို တနေ့လုံး ကျုံးလုပ်ရသည်။ အကြင်အခါ၌၊ ချေးယူထားသော အသပြာ ခြောက်ဆယ်ငွေကို ပြန်၍ဆပ်နိုင်၏။ ထိုငွေကို ပြန်၍ ဆပ်နိုင်သောအခါမှ ကျွန်ဘဝက လွတ်မြောက်မည်ဖြစ်၏။ ခြောက်ဆယ်မျှသောအသပြာသည် မယ်တိသာနှင့် စန္ဒဂုတ္တတို့လင်မယားအဖို့ မြင့်မိုရ်တောင်တမျှ ကြီးမားလှသည်တကား။ ဆပ်နိုင်ဘို့ ဝေးလှ၏။ မဆပ်နိုင်မချင်း မယ်တိသာခမျာ ကျွန်တွင်းကလွတ်မြောက်မည် မဟုတ်။

ထိုအခါက သာသနာရေးနှင့် ပတ်သက်၍ သီဟိုဠ်သာသနာမှာ ကမ္ဘာမြေအဝှန်း၌ အထွန်းလင်းဆုံးဖြစ်သည်နှင့်အညီ၊ မင်းနေပြည်မှအစ ကျေးလက်တောရွာ ဇနပုဒ်များ တိုင်အောင် ရဟန်းတော်တို့၏ သက်နှံးရောင်မှာ ပြောင်လက်သော အခါသမယဖြစ်လေသည်။

မယ်တိသာတို့နေထိုင်သော ကူးတို့ဆိပ်ရွာ၌ ကြေးရေတက်များက လှူကြတန်းကြသည်မှာ ခြိမ့်ခြိမ့်ညံနေပေ၏။ သံဃာတော်များကို အိမ်ပင့်၍ ဆွမ်းကျွေးသူက ကျွေးသည်။ ဆွမ်းခံကြွလာသော သံဃာတော်များအား ဆွမ်းလောင်းသူကလောင်းကြသည်။ ဥပုသ်သီတင်း ဆောက်တည်သူက ဆောက်တည်ကြသည်။ လွန်စွဲသာ အားရဘွယ် ကောင်းသော အခါသမယကြီးဖြစ်၏။

မယ်တိသာသည် သူတကာတွေ့ လှူတာမြင်လျှင် လှူချင်ရှာသည်။ သူ့မှာ လှူစရာမရှိ။ သူများတွေ့လိုဥပုသ်စောင့်ချင်သည်။ အချိန်မရ၍ မစောင့်နိုင်။ ကျွန်အလုပ်နှင့်ပင် နေ့ကုန်ရက်ဖြုန်း၊ အချိန်တွေ့ကုန်ဆုံးလာခဲ့ရသည်။

တနေ့သော်....ရွာလုံးကျွတ် သံဃဒါန ဆွမ်းကျွေးပဲ့ကြီးလုပ်ကြလေ၏။ တပါးတတ်နိုင်တတ်နိုင်၊ တကျိပ်တတ်နိုင် တတ်နိုင်၊ ကိုယ်တတ်နိုင်သလောက် ပင့်၍ ဆွမ်းကျွေးကြသည်။ ထိုအခါ မယ်တိဿာသည် သူမျှားနည်းတူ လှူလိုသောကြောင့် ခင်ပွန်းလင်နှင့် တိုင်ပင်လေ၏။

"ကလေးတို့အဖေ။ ကြည့်စမ်းပါအုံးတော်- သူတကာတွေလှူနေလိုက်တာ ဘယ့်လောက် အားကျဘို့ကောင်းသလဲ၊ကျွန်ုပ်တို့လဲ လှူရအောင်ပါတော်....။ တော်ကပြောအုံးမယ်၊ ဘာနဲ့လှူမလဲလို့....။ စေတနာသာမူလပါတော်....။ မဲ့လို့မလှူ။မလှူလို့မဲ့, ဆိုတာမျိုးလို့၊ လှူစရာ မရှိလို့ ဆိုပီး မလှူဘဲနေရင် မဲ့သထက်မဲ့မှာဘဲ။ ဒီတော့-နည်းမျှားမဆို၊ကိုယ်တတ်နိုင်သလောက်လှူချင်သတော်...."

"လှူတယ်၊ တန်းတယ်ဆိုတာ လှယ်တယ်မထင်နဲ့အမိ၊ဖွယ်ဖွယ်ရာရာ သူမျှားတွေလို့ လှူနိုင် တန်းနိုင်မှ ကောင်းတာမျိုး။ ငါလဲ ညည်းလိုဘဲလှူချင်တာဘဲ၊ ဒီငမဲ့ဝင့်က ကျတ်ချင်တာဘဲဟ....။ ဒါပေတဲ့ သံဃာဆိုတာဟာ အထွတ်အမြတ်။ ဒီလိုထွတ်မြတ်တဲ့ ပုဂ္ဂိုလ်မျှားကို ကယောင်ကမယ်၊ မဖွယ်မရာတာနဲ့လှူမိရင် အထမ်းထက်၊ အဆဲလေး ဆိုတာမျိုးဖြစ်နေပါအုံးမယ်ကွယ်။ ဖွယ်ဖွယ်ရာရာ လှူနိုင် တန်းနိုင်အောင် မင်းလဲ ကြိုးစားပေါ့....ငါလဲ ကြိုးစားပါမယ်"

လင်က ဖွယ်ဖွယ်ရာရာ တတ်နိုင်သောတနေ့မှ လှူချင်သည်။ မယားက စေတနာကိုဦးတိုက်ပြီး အထမြောက်အောင် ဖြစ်သလို လှူချင်သည်။ လှူသောအရာ၌ တူသော်လည်း လှူပုံလှူနည်းတွင် လင်မယားနှစ်ယောက် မူကွဲနေ၏။ ထိုအခါမယားက သင်္ခါရ

သဘောတရားနှင့်နှယ်၍ လင်ကိုဂါထာနှစ်ပုဒ်ရွတ်ပြပြီး ဆွယ်ပြန်လေသည်။

(၁) "ကျေးဇူးရှင်သခင်။ အလုပ်ကို ကြွေးမထား အပ်၊ ချက်ချင်းလုပ်အပ်၏။ ဒီကနေ့အသက်ရှင်နေသော်လည်း နက်ဖန်မသေဘူးဟူ၍ ဘယ်သူပြောနိုင်ပါမည်နည်း၊ သိနိုင်ပါမည်နည်း။ ကျုပ်တို့မှာ ဘယ်နေ့၊ ဘယ်ရက်၊ ဘယ်သောအခါကမှ သေပါရစေ,ဟူ၍ သေမင်းနှင့် ရက်ချိန်းပေးထားခြင်းလည်းမရှိ"

(၂) "ယင်းသို့ သေမင်းနှင့် ရက်ချိန်းပေးထားခြင်းမရှိသောကြောင့် အချိန်မရွေး၊ အခါမရွေး သေနိုင်၏။ သေမင်းက ကျုပ်တို့ကို ခေါ်နိုင်၏။ မသေခင် ဖွယ်ဖွယ်ရာရာ၊ ဟုတ်ဟုတ်၊ မဟုတ် ဟုတ်-ကျုပ်တို့ လွှဲရအောင်ပါ့တော်....၊ အချိန်တွေ အလဟဿ မကုန်စေသင့်ဘူး"

ထို့သို့ဆိုသော်လည်း လင်တော်မောင်ကို ဆွဲဆောင် သိမ်းသွင်း၍ မရသဖြင့် မယ်တိသာဒေမျာ လွှဲချင်လျက်နှင့် မလွှဲရဘဲ ဖြစ်နေ၏။

တနေ့သော်မယ်တိသာသည် စွန့်စားလေတော့သည်။လင်ကို အဖော်ညှိ၍မရသဖြင့် တဒေယျာက်ထဲကြိတ်၍ တိတ်တိတ်ကလေး လွှဘို့ဆုံးဖြတ်လိုက်ပြီးနောက်၊ ဆွမ်းတလုံးချက်သည်။ သွားဆွမ်းကား၊ ဆန်နီ ဆန်ဖြူအရောရော ရရာဆန်ကို ချက်ထားသောကြောင့် ညစ်ထပ်ထပ်နီကြောင်ကြောင်ဖြစ်နေသည်။ဆွမ်းဟင်း

မှာလည်း သူများလို သားငါးပုဇွန်မဘတ်နိုင်ရှာ၍ ရရာသဖန်း ရွက်ကိုသာ ပြုတ်ရသည်။

ထို့ကြောင့် ညစ်ထပ်ထပ်နီကြောင်ကြောင်ထမင်းနှင့် သဖန်း ရွက် ပြုတ်သည် အလှူ့အမ မယ်တိဿာ၏ လှူဖွယ် ပစ္စည်းများ ဖြစ်လာသည်။ သူသည် သည်ထမင်းနှင့် သည်ဟင်းရွက်ပြုတ်ကို သူများလိုကြွေပန်းကန်မရှိလေ၍မြေပန်းကန်ထဲထည့်ကာခေါင်း ပေါ်ရွက်ပြီး ဆွမ်းလှူရအောင် အိမ်ကတွက်လာခဲ့လေ၏။

ရွာသယ်ခေါင်စရပ်၌ ဆွမ်းလှူမည့်ဒကာ ,ဒကာမများဆွမ်း အုပ်ကိုယ်စီနှင့်ရပ်လျက် ဆွမ်းခံကြွလာမည့် သံဃာတော်များကို စောင့်နေကြသည်။ ထိုနေရာသို့ မိတိဿာတယောက် ဆွမ်းအုပ် ကလေးရွက်ကာ စွေ့ကနဲ့ ရောက်လာပြီး ဝင်၍ ရပ်ကိုက်သည်၊ တန်းစီလိုက်သည်။

ဆွမ်းလှူပုံ အစီအစဉ်မှာ ဆွမ်းဒကာများကစီတန်း၍ရပ်နေရ သည်။ သံဃာတော်များက ထေရ်စဉ်ဝါလိုက် စီတန်း၍ကြွလာ သောအခါထိုပ်ဆုံးကဒကာက အရင်ဆုံးကြွလာသောကိုယ်တော် ကိုလှူရသည်။ ဒုတိယကိုယ်တော်အား ဒုတိယမြောက်ကျသော သူကလှူရသည်။ သံဃာတော်များ ကြွလာ၍ ဆွမ်းလောင်းပွဲ ကြီး စလေပြီ။

မယ်တိဿာသည် နောက်ကျမှ ရောက်လာသောသူဖြစ်သော ကြောင့် နောက်ဆုံးမှနေရသည်။သူသည်သူများလှူနေကြသည် ကိုကြည့်ရင်း ဆွမ်းအုပ်ကိုင်လျက် သူ့အလှည့်ကို စောင့်နေ၏။ အားလုံးလောင်းပြီး၍ သူတယောက်တည်းအကျန်တွင် သံဃာ ကလည်း တပါးသာကျန်တော့၏။ ထိုကျန်သော သံဃာကား

တောထွက်ရဟန်းကြီးဖြစ်လေသည်။ အသက် ကြီးသော်လ ဝါကငယ်သောကြောင့် သံဃာ့နောက်ဆုံးမှကြွရသည်။ မယ်တိသာအဖို့ဤကားသံဃာဆိုလျှင်ပြီးစတမ်းပင်ဖြစ်သည်။ သူလျှောက်သောအလျှောပြီးမြောက်၍ ဝမ်းသာမည်ပင်ဖြစ်သည်။သို့ကြောင့်မိမိရှေ့မှောက်ကြွရောက်လာသော တောထွက် ရဟန်းကြီးကား စေတနာပြဋ္ဌာန်း၍လျှောက်လေသတည်း။

တောထွက်ရဟန်းကြီးသည်သပိတ်ထဲကျလာသော ဆွမ်းနှင့် ဟင်းရွက်ပွဲတ်ကိုကြည့်ကာမျက်နှာကြီး ရှုံ့သွား လေသည်။ထို့နောက်ဆွမ်းအမှီမျက်နှာကိုမှမထောက်ထို့ဆွမ်းကိုထိုနေရာမှာပင်သပိတ်မှောက်၍ သွန်ပစ်ခဲ့လေ၏။ခွေးများ ပြေးလာကုန်ပြီး ဂိုင်းအုံ၍လုယက်စားသောက်ကြလေ၏။

ထိုအခြင်းအရာကိုမြင်ရသောအခါ၊ မယ်တိသာသည် ဝမ်းနည်းပက်လက်၊ကြက်သေ,သေ၍ ကြောင်ငေးငေးဖြစ်နေသည်။ နောက်မျက်နှာကို လက်ဝါးနှင့်အုပ်ကာ ရှိုက်ကြီးတငင်ငို၍အိမ်ပြန်ပြေးလေ၏။ ဤတွင်မောဟထူပြွမ်းသော တောထွက်ရဟန်းကြီး၏ အပြုအမူကိုအကြောင်းပြု၍ မိုက်မဲသူတို့၏ သဘာဝကို ဂါထာဖွဲ့၍ အောက်ပါအတိုင်းပြထား၏။

(၁) မောဟဖုံးလွှမ်း၊ ဒေါသလျှမ်းနေသူများကား၊မိမိသူတပါး၊ နှစ်ဦးသား၏အကျိုးစီးပွားဖြစ်မှု,မဖြစ်မှုကိုလည်း မသိတတ်ကုန်။ လုပ်အပ်သောကိစ္စ၊ မလုပ်အပ်သောကိစ္စကိုလည်းမခဲ့ခြားတတ်ကုန်။လုပ်ထိုက်သောအကြောင်း ဟုတ်သည် မဟုတ်သည်ကိုလည်း မသိတတ်ကြကုန်။

(၂) အကြင်သူတို့သည်မျက်မှောက်ဖြစ်ရပ်များကိုသာ မြင်တတ်ကြ၊ သုံးသပ် တတ် ကြ ၏။ အနာဂတ်ကို မကြည့်ကြလေကုန်၊မမြင်တတ်လေကုန်။ ထိုတဖက် မြင်ပုဂ္ဂိုလ်တို့ကား ကဲ့ရဲ့ရှုတ်ချခြင်းဘေးမှ ပြေး ၍ မလွတ်ကြကုန်။

(၃) မောဟဟူသည် ဤသို့သောအကျိုးမဲ့ကိုသာ ဖြစ်စေတတ်၏။ သတ္တဝါခပ်သိမ်းတို့အား အမြဲတစေ မလိုလားအပ်သော အကျိုးကိုသာ ပေးတတ်လေသည်။ ကောင်းမှုဆိုးမှုဟူသမျှသည်စိတ်ပေါ်၌သာ လျှင် ဖြတ်သန်းသွားလာနေသတည်း။

မယ်တိဿာသည်အိမ်ရောက်လျှင်အိပ်ရာ၌ ဝမ်းလျှားမှောက် ၍အိပ်နေ၏။ ပြီးခဲ့သော သဲရေကျ ဖြစ်ရပ်အတွက် မျက် ရည်များကျနေ၏။ ဘဝအကျိုးပေးနုံပုံကို အနုလုံပဋိလုံ၊ တသီကြီး တွေးကာတဆွေးဆွေးဖြစ်နေလေသည်။

"မယ်တိဿာရေ .. ရှင်မ .."

မယ်တိဿာသည် အိပ်ရာထဲမှ နားစွင့်လိုက်၏။"ဟော .. သူ ပြန်လာပြီ" အိပ်ရာမှကဗျာကရာထလိုက်စဉ် လူလင် အခန်းထဲ ရောက်လာပြီး၊မယား၏ညှိုးလျသွင်မူကိုမြင်သော် လင် သို့ အ ပူ ကူးစက်လေ၏။

"ဘာပြုလို့ အိပ်နေသလဲ၊ နေထိုင်မကောင်းလို့လား ဟင်"

ကရုဏ်ဒလဟောနှင့် မမချောကိုမေးလေသောအခါ၊ မယ် တိဿာခမျာ အဖြေပေးခက်နေသည်။ သူလှူသည်ကို လင်က သဘောမတူ၊ သိလည်းမသိ၊တိတ်တဆိတ်လင်မသိအောင်ကြိတ်

၍ လှူရသောအလှူဖြစ်ခြင်းကြောင့် ဟုတ်တိုင်းမှန်ရာအတိုင်းလင်
ကိုဖွင့်၍ မပြောရဲ။

"ဘာမှမဖြစ်ပါဘူး၊ ခေါင်းထဲကနဲနဲမူးလို့ပါတော်"

ဤအဖြေကိုလည်း လင်တော်မောင်က ကျေနပ်ခြင်းမရှိလှ။
စိုးရိမ်သံဖြင့် မရမကတဖွဖွသာမေးနေလေသောကြောင့် နောက်
ဆုံးတွင် 'ဖြစ်ကြောင်းရယ်မှကုန်စင်'လင်ကိုပြောပြရရှာလေ၏။

မဖြစ်ခြင်းသည် ဖြစ်ခြင်း၏ နိဒါန်းဖြစ်၏။ မဟုတ်ခြင်းသည်
ဟုတ်ခြင်း၏ မြစ်ဖျားခံရာဖြစ်၏။ အလှူအထမမြောက်ခြင်းသည်
လည်း ထမြောက်ခြင်း၏ သဲလွန်စဖြစ်လာလေသည်။

မယ်တိသာတို့လင်မယားသည်အလှူမမြောက်လေမှပို၍ စိတ်
ခာတ်ပြင်းထန်လာသည်။ ကျွဲကျနနကြီး လှူကို လှူပြလိုက်မည်၊
ဤသို့လျှင်ဝမ်းတွင်းနှလုံးသားမှ ကြုံဝါးမိသည်အထိ စိတ်အား
တက်ကြွလာသည်။

ထိုနောက်သူတို့လင်မယားနှစ်ယောက်ကား၊အတိုင်အဖောက်
ညီလှသည်။ ကိုယ့်ရင်သွေးသားသမီးမျှားအပေါ်၌လှူဖွယ်ပစ္စည်း
တရပ်အနေဖြင့် သုံးသပ်လာကြ၏။ မင်းကြီးဝေဿန္တရာသည်ပင်
သားသမီးမျှားကိုလှူကုန်သေး၏။သားသမီးကိုလှူဘူးသောထုံး
ကိုနှလုံးပိုက်ပြီး ရင်၌ဖြစ်သောသားငယ်ကို သူကြွယ်တယောက်
ထံသွား၍ ပုတ်ပြတ်အရောင်းခိုင်းလေ၏။

လှူရေးတန်းရေးဖင့်နှေးမည်စိုးသောကြောင့်၊ ကျပ်ကျပ်
လွတ်လွတ်ဒါနမှု၌ အားသွန်ခွန်စိုက် လုပ်နိုင်အောင် သားကို
ရောင်း၍ရသောငွေဖြင့် ပထမ မယ်တိသာ ပေါင်နှံထားသော
ကြေးခြောက်ဆယ်ပေးဆပ်ပြီးရွေးသည်၊နောက်ကျန်ငွေမျာ းအ

နက်မှ ရှပ်ကျပ်တန်နို့စားနွားမတကောင်ကိုဝယ်သည်။ ဤနွားမဖြင့် ရင်းနှီးရှိကုသိုလ်ရှာရန်ဖြစ်၏။

သူတို့ကံအားလျော်စွာ ဝယ်သောနေ့မှဉ်ပင် ထိုနွားမသည်သားပေါက်လေ၏။မွေးလေ၏။ထိုအခါငါတို့နွားနို့လှူရတော့မည်ဟူ၍ ဝမ်းသာမဆုံးဖြစ်ကုန်၏။ နို့ညှစ်ကြသည်။ သူတို့စေတနာအလျောက် ညှစ်သောနေ့၌ နှစ်ကွမ်းစားခန့်(၀၁) တခွက်သားလောက် နွားနို့ရ၏။ ရသောနွားနို့ကိုရည်မှန်းထားသည့်အတိုင်းလှူကြသည်။နို့စားနွားမကိုအကြောင်းပြု၍အလှူဒါနစနိုင်ကြလေပြီ။

နွားနို့သည်တနေ့ထက်တနေ့ပိုမို၍ထွက်လာ၏။ နောက်ဆုံးတွင် နံနက်လေးကွမ်းစား(တပြည်သား)ညနေလေးကွမ်းစား(တပြည်သား)အားဖြင့် ကနေ့ရှစ်ကွမ်းစား၊ နှစ်ပြည်သားရလာ၏။ မနက်ပိုင်းရသောနွားနို့ကိုသံဃာတော်များအားလူ၍ညနေပိုင်းရသောနွားနို့များကို ထောပတ်ချက်၍ ဘုရားအားဆီမီးပူဇော်ကြသည်။ သံဃာတော်များအား ဆေးဝါးအဖြစ် အသုံးပြုရန်လှူကြသည်၊ ဤသို့အားဖြင့်မယ်တိဿာတို့လင်မယားကား၊လှူခွင့်ရ၍ ဝမ်းသာမဆုံးတပြုံးပြုံးရှိနေကြသတည်း။

ဘုရားသော်မှ မာရ်နတ်မင်း၏ နှောက်ယှက်ဖျက်ဆီးခြင်းခံရသေး၏။ သူတို့အတွက်လည်း အဖျက်သမားပေါ်လာလေပြီ။ ထိုသူကား မင်းမှုထမ်းတယောက်ဖြစ်လေသည်။

"ကျုပ်တို့ဆရာက သူ့ဘို့နွားနို့ပေးလိုက်ပါတဲ့"

မယ်တိဿာတို့အိမ်သို့လူတယောက်မာကျောကျောအသံဖြင့်နွားနို့လာတောင်းသည်။ ထိုသူကား မင်းမှုထမ်းယောက်ျားကစေလိုက်သူဖြစ်၏။ "ပေးစရာမရှိပါဘူး၊လှူဘို့ဘဲရှိပါတယ်" ဟု

ရိုးသားစွာ တောင်းပန်၍ လွှတ်လိုက်ရာ၊ ထိုသူက အကျိုးအကြောင်းသွားဆရာအားပြန်၍ပြောပြလျှင် မင်းမူထမ်းသည်ဒေါပွလာလေ၏။

"ရှင်မ၊အန္တရာယ်ဆိုတာ လူလိမ္မာထံက့မလာဘူး၊ လူမိုက်ဆီကသာလာတာမျိုး၊ ဟိုကဲ့ဂင်စိတ်ဆိုးပြီး ပြန်သွားတာ ငါသတိုထားလိုက်မိတယ်၊ သူတို့ကမင်းပေါက်စိုးပေါက် အကောင်တွေဆိုတော့ တော်ကြာမဟုတ်မတရားတွေပြောပြီး ဘုရင့်ထံဂုံးချေရင်ဒုက္ခရောက်ပြီးလှူနေကျန္ဒားနို့ ဝတ်ကလေးတောင်မလှူရက်ရှိမယ်၊ ဒီတော့ တို့လဲအလှူအတန်းမပျက်ရအောင် ဒီအကောင်ကို နည်းနည်းပါးပါးလောက်ပေးထားရင်ကောင်းမယ်"

ဤသို့တိုင်ပင်ပြီးနောက်၊ အိမ်တို့ရာရောက် မင်းမူထမ်းအိမ်လိုက်ပြီးတောင်းတောင်းပန်ပန် နွားနို့ပေးရသည့်ပြင် နေ့တိုင်းပေးပါမည်ဟူ၍လည်း ဝန်ခံခဲ့ကြရလေသည်။ထိုနေ့မှစ၍တနေ့လျှင်တလမယ်သား မင်းမူထမ်းအတွက် မှန်မှန်ကြီး အခွန်တော်ဆက်နေကြရလေ၏။

တနေ့သော်၊ ထိုမင်းမူထမ်းသည် နန်းတော်သို့ သွားလေရာ၊ ဇနီးသည်သာ ကျန်ခဲ့သည်။ ရက်အတော် ကြာညောင်းသည့်အထိ နန်းတော်က ပြန်မလာချေ။ ထိုအကြောင်းကို သိလျှင်မယ်တို့သာသို့လင်မယားက ပေးနေကျန္ဒားနို့ကို မပေးကြလေကုန်။

မင်းမူထမ်းပြန်ရောက်လာသောအခါ၊ 'ရှင်သွားကတည်းကနွားနို့မပေးတော့ကြောင်းမယားကဆီး၍ တိုင်လေသော်-ဒေါသ,အမျက် ချောင်းချောင်းထွက်လေသဘည်း။ "သင်းတို့ ငါ့အကြောင်းသိစေ့မယ်" လက် သီး လက်မောင်းတန်းကာ တရှူး

တရှာဖြစ်လာလေ၏။ထိုအကြောင်းနှင့် ပတ်သက်၍ လူမိုက်နှင့် ဒေါသ,ကိုအောက်ပါဂါထာဖြင့် သရုပ်ဖော်ကြကုန်၏။

"အဆိပ် အတောက်ပြင်း၍ လွန်စွာ ကြောက်မက်ဖွယ် ကောင်းသော မြွေပွေးမြွေဟောက်တို့သည် သူတို့ကို ထိပါးပုတ်ခတ်မှသာ အမျက်ထွက်၍ ပေါက်လေ့ ရှိကြသည်။ လူယုတ်မာ၊လူမိုက်မြွေပွေး၊ မြွေဟောက်ကိုမူကား၊ အမျက် မထွက်တန်ဘဲလျက်၊ အမျက်ထွက်ကြ၊စိတ်ဆိုးတတ်ကြကုန်၏။ ပေါက်သတ်တတ်ကြကုန်၏"

ထိုမင်းမှုထမ်းယောက်ျားသည် လျှမ်း လျှမ်း တောက် သော ဒေါသဖြင့် ဘုရင့်သွား၍ ဂုံးချောလေ၏။

"အရှင်မင်းကြီး၊ မင်းအားသာထိုက်သော နို့စားနွားမ,ကို သူဆင်းရဲလင်မယားနှစ်ယောက် လျှိုဝှက်၍ စားသောက်နေပါသည်။ အဘိုးထိုက်နွားမကြီးဖြစ်သောကြောင့် သိမ်းပိုက်တော်မူသင့်ပါသည်"

လူမိုက်ပေါ်လူမိုက်ဆင့်ဖြစ်ချေ၏။ ထိုစကားကိုဘုရင်ကယုံစားတော်မူသွားသည်။သို့သော် ထိုနွားမတကောင်တည်းကွက်၍ သိမ်းပိုက်ချေက တရားမဲ့ရာရောက်မည်စိုးသောကြောင့် နို့စားနွားမပေါင်း တရာအထိသိမ်းပိုက်ခိုင်းလေ၏။ နွားမတရာထဲ၌ မယ်တိဿာတို့နွားမကြီးလည်း ပါသွားရှာလေပြီတကား။

မယ်တိဿာတို့နွားမကြီးကား အခြားသော နွားမများထက် လှလည်းလှသည်။ ဝလည်းဝသည်။ နို့အုံလည်း ကောင်းသည်။ မင်းနှင့်မိဖုရားသည် ထိုနွားမကြီးကိုရှုစားကြည့်ကာ၊ ရှင်ပျသာ

ပြီးမူရာရှိနေကြသည်နှင့်အမျှ နွားချင်ဖြစ်သော မယ်တိသာတို့ လင်မယားမှာမူကား၊သူတို့နွားမကြီးကိုကြည့်ပြီး မျက်ရည်တစစနှင့် ရှိနေကြလေ၏။

"ကဲ....နှမတော်၊ မိမိကိုယ်တိုင် ညှစ်စမ်းပါလေဘိ"

သဒ္ဓါတိသမင်းသည် သူမိဖုရားကြီးအား နွားနို့ ညှစ်ခိုင်းလေရာ၊ မိဖုရားလည်း နွားမကြီးအနားကပ်၍ တတ်သမျှမှတ်သမျှ ညှစ်ရှာပါသော်လည်း တစက်မျှမထွက်လေ။

နို့အုံတွင်း၌ နို့ရည်အပြည့်ရှိဘိ၏။ အဘယ်ကြောင့် မထွက်လေသနည်း။

သဒ္ဓါတိသမင်းသည် နွားနို့ကြည့်ကာ မျှားစ့ာ အုံဩသွားလေသည်။ ထိုနောက်၊မိဖုရားကြီး ညှစ်မရသည့်အဆုံး၌ နွားရှင်မယ်တိသာအား အညှစ်ခိုင်းလေ၏။ မယ်တိသာ နို့အုံကို ကိုင်လိုက်ကာမျှ၌ပင်လျှင် နို့ရည်များသည် အလိုအလျောက်ပန်း၍ ထွက်လာကုန်၏။ ထွက်သောနွားနို့ကား အိုးရည်းတလုံးစာမျှ ရှိသောဟူ၏။

"သို့စင်များလ့စ့ာထွက်သောနို့များကိုသင်တို့မည်သို့ အသုံးပြုကြသနည်း" သဒ္ဓါတိသမင်းက တအုံ့တဩမေးဘို့၏။ ထိုအခါ မယ်တိသာလင်မယားက သံဃာတော်များအား နေ့စဉ်လှူကြောင်း၊ထောပတ်ချက်၍ မီးပူဇော်ကြောင်း။ ဆေးဝါးအဖြစ်ထောပတ်ကိုလှူကြောင်းမှန်သောအတိုင်းလျှောက်ထားကြလေသောအခါ ဤတွင်မှသဒ္ဓါတိသမင်းသည်-

"မိမိရင်သွေးကိုပင်ရောင်းချ၍နွားမကိုဝယ်ပြီးလျှင်အလှူဒါနပြုသော သင်တို့၏ စေတနာကား ချီးကျူးဖွယ် ကောင်းလေစွ။

ဤနှားနို့များကိုငါသည်လည်း မသုံးဆောင်ထိုက်။သံဃာတော်
များနှင့်သာ ထိုက်တန်ပေသည်”

ဤသို့မိန့်တော်မူပြီးလျှင် လေးပြင်လေးရပ်ရှိ သံဃာတော်
များအား လှူဒါန်းစေလေ၏။ နွားရှင်ဖြစ်ကြသော စန္ဒဂုတ္တနှင့်
မယ်တိသာတို့အားလည်း ၎င်းတို့နေထိုင်သော‘တိသာတို့မှ’မည်
သော ကူးတို့ဆိပ်ရွာကို အပိုင်စား၀ပေးတော်မူ၏။ လာဆောက်
ဂုံးချေသော မင်းမှုထမ်းယောကျ်ားများကို ကျွန်အဖြစ်စေခိုင်း
ရန်အတွက် မယ်တိသာတို့ လင်မယားအားပေးလိုက်၏။ မင်းမှု
ထမ်းယောကျ်ားကား သူများမကောင်းကြံမိ၍ ဘေးဒဏ်ထိလေ
သတည်း။ ဤအကြောင်းနှင့်ပတ်သက်၍ ၀တ္ထု၏နိဂုံးကိုဤအနု
သာသနီဂါထာဖြင့် အဆုံးသတ်လေသည်။

“အို-သူတော်စင် အလှူရှင်အပေါင်းတို့၊ ဥစ္စာစိုးစိ
မဲ့ရှိန္ဒမ်းပါး၊ ဆင်းရဲသား လင်မယားနှစ်ယောက်တို့
သည် ဤသို့လျှင်ရတနာသုံးပါး၌ ယုံကြည်မှုသဒ္ဓါ
တရားကိုပွားစေကြလေသောကြောင့် လူ့အောက်
မကျ၊ မြတ်လှသော စည်းစိမ်ချမ်းသာကို ရကြလေ
ကုန်ပြီ။ထို့ကြောင့် အသင်သူတော်ကောင်းတို့သည်
ရတနာသုံးရပ်၌ယုံကြည်ခြင်းသဒ္ဓါတရားကိုပွားများ
စေကြကုန်ရာသတည်း”

(၁၆)

အာရိယာဂလ

"ဟေ့ကောင်မ....ဟိုမှာ သစ်တုံးတတုံး မျောလာနေတယ်"
"ဟုတ်ပါရဲ့ဟယ်....အဲဒီသစ်တုံး ငါ့သစ်တုံး"
"ညည်းက သစ်တုံးယူရင် သစ်တုံးပေါ်ကဟာ ငါ့ဥစ္စာ...."

ဂင်္ဂါမြစ်ဆိပ်၌ ရေချိုးနေသောအမျိုးသမီးနှစ်ယောက်သည် မြစ်ညာမှ မျောလာသော သစ်တုံးကို ခပ်ဝေးဝေးက မြင်လျှင် သူဟာ.... ငါ့ဟာ လုနေကြသည်။ တယောက်က မယ်သုမန၊ တယောက်က မယ်ဥမ္မာဖြစ်၏။ နှစ်ယောက်စလုံးပင် ယဉ်စစနှင့် အလှချည်းဖြစ်သည်။ အိမ်ထောင်မကျသေးသော အပျိုစစ်စစ် ဆယ့်ခြောက်နှစ်အရွယ်ချည်းဖြစ်၏။

ဂင်္ဂါမြစ်၏ ရှုခင်းသည် ငွေသင်ဖြူးခင်းထားသည်နှင့် တူ၏။ ကြည်လင်သော ရေသည် စီးတွေ့တွဲသာ ရှိနေ၏။ လှိုင်းလေ မသန်သောကြောင့် ရေအယဉ်သည် မှန်မှန်သာစီးနေလေသည်။

ဥမ္မာနှင့် သုမနသည် ခါးတပိုင်းမြုပ်နေသော မြစ်ကမ်းစပ်၌ ထမီရင်လျားနှင့်နှစ်ယောက်သားရပ်ကာ၊ ဂင်္ဂါရေကြာအတိုင်း စုန်မျောလာနေသော အရာဝတ္ထုကို စိတ်ဝင်စားစွဲဝါ ရှုမျှော်နေကြသည်။

"ဒါဘဲနော် ဥမ္မာ၊ မျောလာတဲ့ သစ်တုံး ငါ့သစ်တုံး"

မယ်သုမနက မျှော်ကြည့်ရင်း ဒုတိယမိုဖြောလိုက်ပြန်သည်။ ဥမ္မာကလည်း သူဆန္ဒကို ဖော်ကျူးကာသာရှိနေသည်။

"သစ်တုံးပေါ်က ဟာ-ငါ့ဟာ...."

သစ်တုံးရယ် ဘာရယ် တင်အပ်သိကြ၍ မဟုတ်။ အထင်နှင့် ပြောနေကြခြင်းသာ ဖြစ်သည်။ မျောလာသောဝတ္ထုကို တသွင်သွင်စီးနေသောမြစ်ရေက တွင်တွင်သာအောက်သို့ဆွဲခေါ်လာ၍ တဖြည်းဖြည်း သူတို့နှင့် နီးနီးလာလေပြီ။

"ဟင်...."

"ဟယ်.."

မျောလာသော သစ်တုံး သူဘို့မျက်လုံးအောက် ရောက်လာသောအခါ၊ နှစ်ယောက်စလုံး သံပြိုင် 'ဟင်....ဟယ်....' ဥဒါန်းကျူးမိကုန်လေ၏။ အဘယ့်ကြောင့် ဆိုသော်၊ သစ်တုံးပေါ်၌ အဝတ်မပါ၊ ဘလာ ကိုယ်လုံး၊ ခေါင်းတုံးပြောင်ပြောင်နှင့် လူဘဒယာက် သစ်တုံးကို တွယ်ကပ်၍ပါလာသောကြောင့် ဖြစ်၏။

"ဒို့ကယ်ဆယ်ဆိုက်လို့ ဒို့ဆီဆိုက်လာတာ...."

သူတို့နှစ်ယောက်သည် သစ်တုံးရှိရာကူးသွားကြပြီး သစ်တုံးကို ကမ်းဘက်သို့ဆွဲတင်ကြသည်။ ထိုအခါ သစ်တုံးပေါ်၌ ပါလာသော ဖန်တာတုံးက သူမှာ အဝတ်မပါ၍ ရှက်စနိုးလေဟန်ဖြင့် သစ်တုံးကိုဖက်ပြီး တောက်တဲ့ကပ်, ကပ်ထားသည်။ အပျိုကလေးနှစ်ယောက်လည်း မရှုရဲသဖြင့် မျက်နှာကို တဖက်သို့ လွှဲနေကြသည်။

"ကျုပ်ကို သက်နဲ့-ဟင် ဟုတ်ပေါင် ပုဆိုးတထည်လောက် ပေးကြပါဗျာ၊ ပုဆိုး....ပုဆိုး"

သစ်တုံးကို တောက်တဲ့ကပ်, ကပ်၍ မှောက်ခုံပက်ထားသော ကတုံးပြောင်နှင့် ဖုန်းမောင်က ပုဆိုး လှမ်းတောင်းနေလေရာ၊ မယ်သုမနနှင့် ဥမ္မာမှာ ဘာလုပ်ရမည်မသိ ကြောင်စီစီဖြစ်နေကြ

သည်။ တယောက်ကိုတယောက် ကြည့်လိုက်၊ကိုကတုံးကို စောင်း ကြည့်လိုက်ဖြစ်နေ၏။

"ငါ အိမ်ပြန်ပြီး ပုဆိုးသွားယူခဲ့အုံးမယ်"

ဥမ္မာတယောက် ကမ်းပေါ် တက်ပြီး ရွာဆီသို့ ပြေးလေ၏။ မယ်သုမနသာ ကျန်ခဲ့သည်။ သူက အကြံရလာ၏။ ကမ်းပေါ် ပျဉ်ကရာ တက်၊ မျက်နှာသုတ်စောင်ကိုယူပြီး ပစ်ပေးလိုက်သည်။

"အဲ့ဒါဘဲ ဝတ်ခဲ့အုံးပေါ့ရှင်...."

"ကျေးဇူးတင်ပါတယ် ဒကာမလေး (ဟင်....)"

ဖန်ကတုံးသည် မယ်သုမန ပစ်ပေးလိုက်သော မျက်နှာသုတ် ပုဝါဖြင့် သူ့ကိုယ်ကို တန်ဆာဆင်လျက် ကုန်းပေါ်သို့တက်လာသည်။ မယ်သုမနသည် ဒုက္ခသည်တဦးအား ကယ်တင်သည့်အနေ ဖြစ်သောစေတနာဖြင့် ကတုံးပြောင်နှင့် ဖုန်းမောင်အား အိမ် ဂေဟာသို့ခေါ်ဆောင်သွားလေ၏။

အိမ်ရောက်သွားသောအခါ မယ်သုမနက သူ့အဖဝတ်သော ပုဆိုးကွက်ကျားကြီးကို အရင်ပြေးယူပြီး အလဲခိုင်းသဖြင့် ကတုံး မင်းသားမှာ ပုဆိုးကွက်ကျားကြီးနှင့် တဘာသာ ထူးခြားလာသည်။

"မောင်ရင်က ဘယ်ကလဲ။ နာမယ် ဘယ်လို ခေါ်သလဲ.... ဘာပြုလို့ အခုလို ရေထဲမျောလာရတာလဲ"

မယ်သုမန၏မိဘများက လဲပေါင်းအထပ်ထပ်ဖြင့် ထိုကတုံး အား ပြဿနာပြုကြလေသည်။

"ကျုပ်အကြောင်းကို ဖြေးဖြေးတော့ လုံးစေ့ပတ်စေ့ပြောပြ ပါ့မယ် ခင်ဗျာ" ဟု စကားပလွှင့်ခံပြီးသည့်နောက်ပိုင်း၌ ကတုံး

မောင်သည် ထမင်းဂိုင်း ရောက်နေပေပြီ။ စား‌သောက်ပြီးလေသော အခါ၌ကား၊ ရောက်ခါစက မေးခွန်း ထုတ်ထား‌သော ပုစ္ဆာအတွက် သွက်လက်စွာအဖြေပေးရှာသတည်း။

"ကျုပ်ဇာတိက ရေဟန်းနုပုန်၊ မဟာဂါမရွာဖြစ်ပါတယ် ကြား‌ဘူးကြပါလိမ့်မယ်။ ကျုပ်ဟာ အဲဒီ မဟာဂါမရွာသား တယောက်ပါ။ ကျုပ်အဖေကတော့ မဟာဓနတဲ့ခင်ဗျ။ သူကြွယ်မျိုးရိုးပေပ"

"ဩော်....ဩော်....မျိုးကောင်းဆွေကောင်းပါလား ဒါနဲ့ မျာ‌းတောင်ဘယ်လိုဖြစ်ပျက်လာလဲ။အဝတ်မပါဘလာကိုယ်လုံး ကန္တာ လူဆိုး‌တွေက ဓမ္မတိုက် အဝတ်အစား‌ပါမကျန် အကုန်ယူလူကို မြစ်ထဲမျောလိုက်တာနဲ့တူတယ်"

မယ်သုမနဒေဝီမိခင်က ထင်မြင်ချက်ပေး၍မေး‌သည်ကို ကဘုံးမင်း‌သား‌က သွက်လက်စွာ လက်ကာပြီး-

"ဒီလိုမဟုတ်ဘူး‌ခင်ဗျ။ နာ‌းထောင်ပါ...၊ ကျွန်တော်ဘဝဖြစ်စဉ်ကို အာမှန်အတိုင်း ကျွန်တော် တင်ပြပါ့မယ်။ ကျွန်တော် ငယ်ငယ် ကလေး‌ပေါက်စအရွယ်တုန်း‌က အင်မတန်ဆော့တယ်၊ အကစား‌ကြမ်း‌တယ်....။ လမ်း‌ပေါ်မှာချည်း‌ဘဲ ဆိုပါတော့....။ ကျွန်တော့နာမယ်ရင်း‌ကတော့ တိဿ,ပါဘဲ"

"ဩော်....တိဿတဲ့ကိုး"

"ဟုတ်ပါတယ် ခင်ဗျာ။ ကစား‌မြူး‌တူး အပျော်ကျူး‌လွန်း‌တာနဲ့၊ အဲဒါကိုအကြောင်း‌ပြုပြီး ကျွန်တော်ရဲ့ မိဘမျာ‌းကအစ၊ ပတ်ဝန်း‌ကျင်အာ‌းလုံး‌ကပေါ့ခင်ဗျာ "ကေဋိယ"ဆိုတဲ့ အကွဲထူသုံး‌လုံး‌ကို ရွှေကထား‌ပြီး "ကေဋိယတိဿ"လို့အမျာ‌းကခေါ်ကြပါတော့တယ်"

"ဒါဖြင့်ရင် ရှင်ဟာ ကစားကျူးတဲ့လူပေါ့"(မယ်သုမနက ကြားဖြတ်၍မေးလိုက်၏)

"ဆိုနိုင်ပါဘယ်။ ဒါပေမဲ့.... ကြေအုံ့ကစားတဲ့ အလောင်း အစား ကစားနည်းမျိုးမှတ်ပါဘူး။ကလေးတို့ဘာဝထုပ်ဆီးတမ်းတို့၊ ထုပ်ထိုးတမ်းတို့၊ကြေးသားရိုက်တမ်းတို့၊ ဘာတို့ ညာတို့စုံလို့ပေါ့လေး"အဲဒါမျိုးသာ ကစားတာပါ။ တဦးတည်းသော ကေပုတ္တဆိုတော့ မိဘနှစ်ပါးက ကျွန်တော့်ကိုချစ်လဲချစ်၊ အင်မတန့်ကိုလဲ အလိုလိုက်ကြပါတယ်။ သားရင်း သမီးရှင်တွေ့ ဆိုတော့-ကိုယ့်ရင်သွေးအပေါ် ဘယ်လိုချစ်တယ်၊ ဘယ်အထိ အလိုလိုက်တယ်ဆိုတာ အထူးပြောဘို့မလိုပါဘူး။ သိကြတဲ့အတိုင်းပ"

"မိဘက အလိုလိုက်တဲ့သား ဆိုတော့....မိုက်မိုက်ကန်းကန်းမျှား × × ×"

"မဟုတ်ရပါဘူးခင်ဗျာ....မိုက်ဘို့မပြောနဲ့၊ ကျွန်တော့အနေနဲ့က "မိုက်"ဆိုတဲ့စကားတောင် နားမကြားလိုတဲ့လူပါ။ ကျွန်တော် လူပျိုပေါက်အရွယ်ထိ မိဘအရိပ်အောက်မှာ ချမ်းတောင့်ချမ်းသာ မိဘနဲ့အတူနေလာခဲ့ပါတယ်"

"နောက်တော့ကော ကွယ်.... အိမ်ထောင်ကျရော့ ဆိုပါတော့-"

"ဒီလိုမဟုတ်ဘူးခင်ဗျ။ ကျွန်တော် အိမ်ထောင်ပြုဘို့လို စိတ်မကူးခဲ့ဘူး။ ခုလဲမကူးဘူး။ နောင်တော့- ကျွန်တော် ဘာဖြစ်အုံးမယ်ဆိုတာ ဘုရားမှသိမှာဘဲ။ ကျွန်တော်က လူတမျိုးခင်ဗျ၊ စိတ်မြန်ကိုယ်မြန် အင်မတန်နိုင်တယ်။ ရဟန်းသံဃာတော်တွေ၊ ဘုန်းကြီးတွေကြကြလာမြင်တော့ သင်္ကန်းဝတ်ချင်စိတ်ပေါက်

လာတယ်။ ဒါနဲ့ တိုတိုပြောကြပါစို့။ ကျွန်တော် သက်နဲ်းဝတ် လိုက်တယ်ခင်ဗျ"

"ဩော် သာခုကွယ်....သာခု"

"ကျွန်တော်လဲ သက်နဲ်း ဆီးလိုက်ရော့--- မိဘနှစ်ပါးဟာ ရင်ကျိုးတော့တာပါဘဲခင်ဗျာ-"

"ဟင်-ဘာဖြစ်လို့တုန်း။ ဖြစ်ရလေကွယ်"

"ကျွန်တော်ကတဦးတည်းသောသား မဟုတ်လား။ သုဒ္ဓေဒနမင်းကြီးက သား၊တော် သိဒ္ဓတ္ထမင်းသားကို စကြာဝတေးမင်းကြီးဖြစ်တာ မြင်ချင်တာမျိုးပေါ့၊ ပစ္စည်းဥစ္စာဆိုတာကလဲသုံးလို့စွဲလို့မကုန်အောင် ချမ်းသာကြတာ ဖြစ်လေတော့၊ သူတို့အရိုက်အရာဖြစ်တဲ့လောကီအမွေပေးပြီး ကျုပ်ကိုသူဌေးသူကြွယ်ဖြစ်တာ မြင်ချင်ကြတယ်။ ချွေးမ ချောချောကလေး အိမ်ပေါ်တင်ပြီး မြေးကလေးတွေကို ရင်ခွင်ပိုက်ချင်ရှာကြတယ်။ ကျုပ်ကသက်နဲ်း ဆီးလိုက်တော့ သူ့ဘိုးမြော်လင့်ကြီးတွေ ရေစုန်မျောကုန်တော့ တာပ ဒကာမကြီးရယ် ဟင်-ဟုတ်ပေါင်"

"နို့ ဘုံနန်းကြီးဘဝရောက်တော့ကော ဘွဲ့တော်က"

"မထူးလှပါဘူး။ လူနာမယ် မောင်တိုသဘဝက ရဟန်းဘွဲ့ဦးတိသ ပြောင်းလိုက်ရုံပါဘဲ။ အစပထမတော့ ရဟန်းဝတ်နဲ့ အပျော်သားဗျို့။ စာကျက်လဲပျော်တာဘဲ၊ ဘုရားဝတ်တက်လဲ ပျော်တာဘဲ၊ ဆွမ်းခံလဲပျော်တာဘဲ။ ကျုပ်တသက်ရဟန်းဘဝဟာ အပျော်ဆုံးဖြစ်ခဲ့သလို၊အငြိုးငွေ့ဆုံး-အပျင်းဆုံးဘဝဟာလဲ ရဟန်းဘဝပါဘဲ"

"ဟင်-ဘယ်လိုတုန်းမောင်ရင် အပြောင်းအလဲမြန်လှချည်ရဲ့"

"မြန်ဆို ရဟန်းဘဝနဲ့ ငါးဝါအာ့ထိတော့နေခဲ့တာပေါ့။ လူ့စကားပြောရင်ငါးနှစ်တို့ငါးတို့ ဆိုပါတော့။ကုသိုလ်ကံဘဲထင်ပါရဲ့ဗျာ။သက်ဦးဝတ်လို့သုံးဝါကျော်ကျော်လေးဝါထဲရောက်တယ် ဆိုရင်သက်ဦးယားတားတားဖြစ်လာချင်တော့ဘယ်။ လူထွက်ဘို့ရောင်ခြည်သန်းလာတယ်ဆိုရမှာပေါ့၊ ဒါပေမဲ့ ကျုပ်ပေတော်ပြီးနေပါသေးတယ်မရဘူးဗျို့။ ဘယ်လိုဖြစ်မှန်းကိုမသိဘူး၊ သက်ဦးဆီးရတာကိုဘဲဖိုသီဖတ်သီနိုင်သလိုလို၊ တလတခါလောက်နှစ်ခါလောက်ခေါင်းရိတ်ရတာကိုဘဲခေါင်းရေတွနာတော့ သလိုလို၊ စပ်တော့သလိုလို၊ ဖြစ်ပုံတွက ဖြစ်ပုံတွက၊ မရှိတဲ့အပြစ်ကို ဆီလိုအပေါက်ရှာပြီး အပြစ်မြင်ချင်လာတယ်"

"ဖြစ်ပုံကအဆန်းသားဘဲ၊ဝိသဘာဂ မာတုကာမနဲ့ပတ်သက်ပြီ....×××"

"ဒါမပြောနဲ့၊ ဒီစကားပြောရင် ကျုပ်ကို စော်ကားတာနဲ့အတူတူဘဲ၊ကျုပ်မှာ ပျင်းရိတာ၊ငြိုးငွေ့တာကလဲလို့ ဘာအာရုံမှမရှိဘူး၊ စိတ်လဲမဝင်စားဘူး၊ဝင်စားစရာမဟုတ်ဘူးလို့ဘဲ ကျုပ်အမြဲယူဆတယ်။ ခုအထိလဲ ဒီစိတ်ဒီအတိုင်းဘဲ၊ ဒီလို သာသနာတော်မှာ မပျော်ပိုက်တဲ့စိတ်တွေကိန်းအောင်းလာစကထဲက ကျုပ်စိတ်ကိုကျုပ် ချုန်းချိတ်ပြီး နှိပ်ကွပ် ဆုံးမဘာတွေတော့ မပြောနဲ့တော့။ တရားတော်ကိုဆင်ခြင် သုံးသပ်ပြီး ကျုပ်ကိုယ် ကျုပ် ဘယ်လိုနှိပ်ကွပ်ခဲ့သလဲဆိုရင်-

(၁) "ဟယ်ရဟန်းငယ်။ မိမိ သဒ္ဓါတရား အလျောက် သာသနာ့ဘောင် ဝင်၍ ရဟန်းပြုသော အမျိုးကောင်းသား သည် ဗုဒ္ဓမြတ်ဘုရား ပညတ်၍ ထားတော်မူခဲ့သော ပါတိမောက္ခသံဝရ သီလကို မကျိုး

မပေါက်ရအောင် အကြင်းမဲ့လုံခြုံစွာ စောင့်ရှောက်အပ်၏။

(၂) "ဟယ်....ရဟန်းငယ်။ ခဲ့ျာသေသလွသော ရူပါရုံကို မျက်စိက ကြည့်၏။ ချိုသာသောအသံ၊ သာယာသောအသံကို နားကအရသာခံ၏။ မွေးသောရနံ့၊ သင်းသောရနံ့ကို နှာခေါင်းက ခံစား၏။ ထို့ကြောင့် မျက်စိ တံခါးပေါက်၊ နားတံခါးပေါက်၊ နှာခေါင်းတံခါးပေါက် စသည်တို့ကိုလုံအောင်ပိတ်၊ ရူပါရုံစားကျက်၊ သဒ္ဒါရုံ စားကျက်၊ ဂန္ဓာရုံ စားကျက်စသည်တို့ကို နိုင်အောင်တား၍ ဣန္ဒြေကိုစောင့်စည်းခြင်းတည်းဟူသော ဣန္ဒြိယသံဝရသီလကိုအခါခပ်သိမ်း စောင့်ထိန်းအပ်၏။

(၃) "အိုပဉ္စင်းပျို။ ရဟန်းတို့နှင့် မအပ်စပ်သော၊မရှာမှီးစကောင်းသော နှစ်ဆယ့်တပါးသော အနေသန့်မှကိုစွန့်၍ စင်ကြယ်သော အသက်မွေးခြင်း ရှိသည်ဖြစ်လျက်၊ အာဇီဝသီလလို့ အခါခပ်သိမ်း၊ မိမိအသက်တမျှ စောင့်ရှောက်အပ်၏။

(၄) "အိုရဟန်းငယ်။ ကျောင်းသက်န်း၊ ဆွမ်းဆေးလေးပါးသောပစ္စည်းကို အမြဲမှီဝဲနေရသော ရဟန်းသည် အသင့်အားဖြင့် နှလုံးသွင်းဆင်ခြင်၍ ပစ္စယနိဿိတသီလကို အခါခပ်သိမ်း ရှိသေစွာ စောင့်ရှောက်အပ်၏။

(၅)"ဤဆိုအပ်ပြီးသော ပါတိမောက္ခသံဝရသီလဣန္ဒြိယသံဝရသီလ၊ အာဇီဝသီလ၊ပစ္စယနိဿိတသီလ, လေး

ပါးကိုပြည့်အောင်ဖြည့်ကျင့်သော ဘုရားသားတော်ရဟန်းသည် နတ်၌ဖြစ်သောနတ်ချမ်းသာ၊ သံသရာဝဋ်မှ ကျွတ်လွတ်သော နိဗ္ဗာန်ချမ်းသာကို မချွတ်မုချခံစားရမည်ဖြစ်၏။

(၆) "အိုရဟန်းငယ်။ အကြင်သူသည်ရာဂကြောင့်၎င်း၊ မောဟကြောင့်၎င်း၊ သီလလေးပါးတို့၌ဖြည့်လည်းမဖြည့်၊ ရိုသေခြင်းလည်းမပြုလေဘဲ ပျင်းရိကာသာနေ့ကုန် ရက်ဖြုန်းနေ၏။ ထိုသူကား၊ ငရဲသို့လားရာအံ့သတည်း။

(၇) "အိုရဟန်းပျို။ အကြင်ရဟန်းသည် ပစ္စည်းလေးပါး ဒါယကာတို့ နှစ်သက်လောက်အောင် အကျိုးထရားဖြစ်ထွန်းအောင် မတတ်နိုင်။ မိမိကိုယ်တိုင်လည်း မနှစ်သက်ရ၊ ရဟန်းပြုရကျိုး မနပ်လေ။ ထို့ရဟန်းကား၊ သူကောင်ဖုတ်၍ မကျွမ်းမလောင်ဘဲ ကျန်နေသော ထင်းတုံးနှင့်အလားတူ၏။ ထိုရဟန်းစားမျိုးကို ပညာရှိများကဲ့ရဲ့ကုန်၏။

(၈) "အိုပဉ္စင်းပျို၊ ဆိုခဲ့ပြီးသောသီလလေးမျိုးကိုမကျိုးမပေါက်အောင် လုံခြုံစွာ စောင့်ရှောက် နိုင်သော ရဟန်းသည်၊ ဘုရားသာသနာတော်ကိုအကျင့်ယုတ်တည်းဟူသောမစင်ဖြင့် မလိမ်းကျံဘဲ(၀၇) လိမ်းကျံပေကပ်၍မနေဘဲ သာသနာနှင့်ဝေးရာသို့ ထွက်ခွာသွားသင့်ပေသည်။

အဲဒီလို ကျုပ်ကိုယ်ကျုပ် တယောက်ထဲကျိတ်ပြီးလူမတွက်ဘို့ဆုံးမနေခဲ့တာ အကြာကြီး၊ ဒါပေမဲ့ပျက်ချိန်တန်လို့ဘဲထင်ရဲ

မရပါဘူးဗျာ။ ဒီလိုမပျော်မမွေ့ဘဲ တည်ိုးသန်းသန်း၊ တန္ခမ်း ခေ့ခေ့နဲ့ ကျက်သရေကင်းမဲ့စွာ လဒမျိုင် မျိုင်နေခြင်းဟာ သာသနာ့မျက်နှာကိုမထောက်ထားရာကျပါသည်။ မနေနိုင်တဲ့အတူတူ တွယ်ကပ်မနေဘဲ သာသနာနဲ့ စောစောက ခွာလိုက် တာဘဲ ကောင်းတယ်၊ တခါထဲလူထွက်လိုက်တာအအေးဆုံးဘဲလို့ အဲဒီ လို ယတိပြတ်စိတ်ကိုဆုံးဖြတ်လိုက်ပြီးတဲ့နောက်၊ ကျုပ်ဘာလုပ် တယ်ထင်သလဲ၊ သင်္ကန်းတွေကိုခေါက်ပြီးသိမ်းတယ်၊အိပ်ရာလိပ် တယ်၊ သပိတ်ကိုလဲ့ အိတ်ထဲသေသေချာချာထည့်ပြီးသိမ်းတယ်။

ကျုပ်ပိုင်ပစ္စည်းဖြစ်တဲ့ သင်္ကန်း၊သပိတ်၊ပရိက္ခရာတွေ အား လုံးသိမ်းဆဲပြီးတဲ့အခါမှာကျုပ်လူထွက်တော့မှာကိုးဗျ၊ ဝတ်စရာ ပုဆိုးလိုလာပြီပေါ့။ အဲဒါမှအခက်၊ ပုဆိုး အင်္ကျီ အဆင်သင့် ဆောင်ထားတာလဲမရှိ၊ ယုတ်စွအဆုံး ပုဆိုးအဖြစ်အသုံးပြုနိုင် လောက်တဲ့ ဖျင်စ,ပိုတ်စကအစ ဘာဆို ဘာမှမရှိ ဖြစ်နေတယ်၊ ရှေဆက်နေဖို့ကလဲသင်္ကန်းကယား၊ တနေ့တခြားဆိုသလိုဘဲပျင်း အားကလဲ ထူထူလာတဲ့အတွက် ဖြစ်ချင်ရာဖြစ် ဆိုပြီး မရှက်နိုင် တော့ဘူးဗျို့၊ နှင့်တခါလွှတ် ငါ့ဆယ်ခါလွှတ်ဆိုပြီး သင်္ကန်းကို ကျောင်းပေါ်မှာ အတင်းခွာတ်ပုံထားခဲ့ပြီးနောက်၊ သလောက် တောင်ဖြစ်ချင်လှတာဆိုပြီး တခါထဲဂင်္ဂါမြစ်ကြောမှာကိုယ်လုံး တီးမျောချလိုက်တော့တာပါဘဲ၊ ကံထောက်လို့သူတို့နဲ့တွေ့ပြီး အသက်မပျောက်ခဲ့တာခင်ဗျ၊ အဲဒါကျုပ်ရဲ့အတ္ထုပ္ပတ္တိ ကျုပ်ရဲ့ ဇာတ်လမ်းဘဲ”

“ဩော် .. ကျွတ်ကျွတ်၊ ဖြစ်ရလေ၊ အလကားလူထွက်လာ တယ်မောင်ရင်ရယ်”ဟု ကရဏာဂရသနှင့်မယ်သုမန၏ဖခင်ကြီးက ပြောလိုက်သောအခါ-

"ကျုပ်ပြောပကော၊ လူမထွက်ဖြစ်အောင်ကျုပ်ကိုယ်ကျုပ် အတန်တန်နှိပ်ကွပ်ဆုံးမခဲ့ပါဘယ်လို၊ဒီလိုလေဗျာ၊ကြမ္မာယွင်းယို ပျက်စီးလို့က၊အဆိုတခြား၊အနေမှာ၏ဆိုတဲ့အတိုင်းဘဲ၊ပျက်ချိန် တန်တော့ အမှန်တရားတွေကို အမှားချည်း ထင်လာကုန်တော့ တာပါဘဲ။ နေလို့ကိုမရတော့ဘူး၊ ကျုပ်ကိုယ်စား များများ မဟုတ်ဘူးတရက်လောက်ထဲ ခင်ဗျားနေစမ်းကြည့်စေ့ချင်တယ်"

ကတုံးမင်းသားက သူ့ဖြစ်ပုံကို ထပ်ဆင့်ပြီး ရင်ဖွင့်လေသည်။ ထိုအခါမယ်သုမန၏မိခင်ကကြားဝင်၍ စကားကို ဖြတ်လိုက်လေ၏။

"ကဲပါတော်၊ ပြီးပြီးသားဥစ္စာပြီးပါစေတော့၊ မပျော်တဲ့ ဥစ္စာ ဘယ်တတ်နိုင်မှာလဲ၊ မပျော်ပိုက်ဘဲနဲ့ ဘုရားသာသနာထဲ မှာ တွယ်ကပ်နေရင် အပြစ်များသထက်များနေမှာပေါ့"

"ဒါအမှန်ဘဲဗျ"

"ကဲ-လူထွက်လာတာတော့ဟုတ်ပါပြီ၊ နာမယ်က ဘယ်လို ခေါ်ရမှာလဲ"

"နာမယ်လား၊ စကားလုံးလှလှကလေးတွေရွေးပိုး၊ အသစ် အဆန်းနာမယ်မပေးလိုတော့ပါဘူးဗျာ။ မိဖုရားမှည့်ပေးထားတဲ့ နာမယ်ဘဲပေါ့။တိဿလေ-ဘုန်းကြီးဘဝတုန်းကဦးတိဿ၊လူဖြစ် လာတော့ မောင်တိဿလို့ ခေါ်ရုံဘဲ ရှိတာပါဘဲ....၊ နာမယ် မပြောင်းလိုတော့ပါဘူး"

"ဒါဖြင့်ဘုန်းကြီးတိဿ၊ လူတိဿပေါ့နော်"

ဤတွင် မယ်သုမနက ကြားဝင်၍ ခပ်ပြုံးပြုံးနိုဂုံးချုပ်လိုက်သတည်း။

စီကာပတ်ကုံးပြောလိုက်သော ကတုံးမင်းသား လူပြန်တော် မောင်တိဿ၏စကားကိုကြားရသောအခါ သနားလာကြသည်။ သ့ူအခြေအနေ၊ သ့ူအနေအထိုင်၊ သ့ူအပြောအဆိုကျစ်လစ်သိပ်သည်းပုံများကိုရှုကာ၊ အဗ္ဗန္တရ သရက်ပင်ကြီးပေါ်မှ ကြွေကျလာသော တလုံးသော သရက်ကင်း အလား၊ မောင်တိဿအပေါ်၌ သနားခြင်းတည်းဟူသော ကရုဏာ၊ တွယ်တာ ချစ်ခင်ခြင်းတည်းဟူသောမေတ္တာ၊ မသေမပျောက် ကံ ကောင်းထောက်မ၍ တ့ွေမြင်ရခြင်းတည်းဟူသော မုဒိတာ၊ ဗြဟ္မာစိုရ်သုံးချက်တပြိုင်နက်ဖြစ်ပေါ်လာပြီးသူတို့အိမ်၌ပင်ခေါ်ယူကျွေးမွေးထားကြလေ၏။

အလွန်ကြီးမကြာမြင့်သေးသော အချိန်တချိန်၌ လူထွက် မောင်တိဿ၏ဇာတ်အိမ်မှာ ကြိမ်ညှန့်ကလေးများပမာ၊ တမျိုးတဖုံလူးလွန့်၊ မြူးကွန့်၍လာလေသည်။

အိမ့်ရှင်သမီး၊သ့ူအသက်သခင် ကျေးဇူးရှင်မကလေးမယ်သူ မနကလည်းအပျို၊ သူကလည်း ရဟန်းလူထွက် ရေမရောသော လူပျိုအသစ်စက်စက်။တခုတည်းသောထိုဂေဟာ၌ နှစ်ဖြာသော အပျိုနှင့် လူပျိုတို့ အတူတကွနေထိုင်ကြလေသောအခါ မြင်ဖန်များရာက အကြင်နာပွားမိလာကြတော့သည်။

အတူတကွနေ့စဉ် တ့ွေမြင် နေကြရသည် ဖြစ်သောကြောင့်လည်း နှစ်ချောင်းသောမေတ္တာကြိုးသည် အချင်းချင်း ငြိသည့်အခါလည်း ငြိမိပေမည်။ အတူထားသည့်နှစ်လုံးသော မေတ္တာအိုးသည် တလုံးနှင့်တလုံးအချင်းချင်းထိ့သည့်အခါလည်းထိမိကြပေမည်။ ဤသို့ဖြစ်ရခြင်းမှာ မငြင်းသာမရှောင်သာသော လူအလွှာ၏ဓမ္မတာသာတည်း။

မယ်သုမနအပေါ်၌ မေတ္တာတပင်၊ နှောင်ကြိုးငင်မိသည်ကို အကြောင်းပြု၍မောင်တိသစဉ်းစားသည်။ သားရေပေါ်အိပ်၍ သားရေ နား စားသော ခွေးမိုက် တကောင်၏ ဥပမာကို သူအလေးအနက်ပြု၍ ဆင်ခြင်ကြည့်သည်။ထိုအခါသူ့ဘဏ်ဘွင် ထင်မြင်လာသော သားရေကား ဆိတ်ရေလည်းမဟုတ်၊နွားရေ ကျဲရေလည်း မဟုတ်ပေ။ ဘဝ သားရေချပ်ကြီးဖြစ်နေ၏။

ဘဝသည် သားရေချပ်ကြီးနှင့်တူ၏။ ဖို့မ လူသားအားလုံး သည်ဘဝသားရေပေါ်၌နေကြရ၊ထိုင်ကြရသူချည်းဖြစ်ကြောင်း ထိုဘဝသားရေပေါ်၌ အတူတကွနေထိုင်ကြရင်းကမေတ္တာညှန့် ညှောက် ညှန့်လန်းပေါက်ပြီး တယောက်နှင့်တယောက်တဦးနှင့် တဦး ကူးလူးဖြိုးဝေ ချစ်ကြိုးခွေမိကြရကြောင်းမျှားကိုသာ သူ မြင်သည်။ ရိုင်းပြသောစိတ်ထားဖြင့် စော်ကားခြင်း၊ ကျူးလွန် ခြင်းမဟုတ်ဟူသူ့အသိကသည့်အတိုင်းပင်သမုတ်၍အဆုံးအဖြတ် ပေးနေပေသည်။

ထို့ကြောင့် အပျို လူပျိုတို့၏ ဘဝ- တူညီမျှသောမေတ္တာ ဇာတ်လမ်းသည် မိဘမျှားရွေးမှာက်သို့ ပန်း၏သဖွယ် ရောက်ရှိ သွားသည့်အဆုံး၌ ထုံးတမ်းစဉ်လာလူ့ဓမ္မတာအရ မောင်တိသ နှင့် မယ်သုမနတို့အား ထိမ်းမြားပေးလိုက်ကြလေ၏။

လူလိုနေချင်လျှင် လူကျင့်ကျင့်၍ လူလုပ်လုပ်ရမည် ဖြစ်၏။ ကတုံးမင်းသားသည် ရွေးကလို ရဟန်းတိသ မဟုတ်တော့ဘဲ လူ တိသ,ဖြစ်လာသော်လည်း လူမှုကိစ္စတဝဝတို့ကို ဘာဘာခုမျှလုပ် ဖော်မရပေ။ စားပြီးအိပ်၊ အိပ်ပြီးစား, သည်လိုနှင့်သာ နေ့ကုန် ရက်ဖြုန်းကာသာနေလေသောကြောင့် နိဂ္ဂမ္မသီလတိသ ဟူ၍

နာမည် တလုံး တိုးလာလေသည်။ အပျင်းထူ၊ လူ့ဘော်ကြော့ တိဿဟူ၍ ဆိုလို၏။

မောင်တိဿ သည် လူ တကိုယ်တည်း ဖြစ်လျက် သူ၏ ဘဝ ဖြစ်ရပ်များကို အကြောင်းပြု၍ နာမည် အလွန်များသူ ဖြစ်လေ သည်။

မိဘက မှည့်ပေးထားသော နာမည်ရင်းမှာ 'တိဿ'ဖြစ် သော်လည်း ကလေးအရွယ် ငယ်စဉ်ကပင် သူများထက် ကစား ပျော်မြူး အရှင်ကျူးသောကြောင့် ကေဋိယတိဿ။ နောက် ရဟန်းဘွဲ့ ဦးတိဿ။ နောက် လူထွက်၍ ဂင်္ဂါမြစ်ကြော၊ ကိုယ် လုံးတီးမျောလာသောကြောင့် ဂင်္ဂါတိဿ။ အိမ်ထောင်ကျလာ သော်လည်း အလုပ်မလုပ်ဘဲ အပျင်းထူလေသောကြောင့်နိက္ကမ္မ သီလ တိဿဟူ၍ ဘွဲ့ထူးအဆင့်ဆင့်ဖြင့် ဦးကာဖွင့်ယူရသောလူထူး လူဆန်းတယောက်ဖြစ်လေသည်။

ယင်းသို့ အလုပ် မလုပ်ဘဲ စားကာ အိပ်ကာ နေလာရာက ကြာသော်- မယ်သုံမန၏ မွေးချင်းပေါက်ဖော်သားချင်းတစုက မောင်တိဿ ကို မရှုနိုင်အောင် ဖြစ်လာကုန်လေ၏။ မယ်သုမန မောင်နှမ သားချင်း မွေးချင်း ပေါက်ဖော် ခုနစ်ယောက် ရှိရာ၊ သူသည် အလတ်ဖြစ်၏။ သူ့ထက်ကြီးအစ်ကိုနှစ်ယောက်၊ အစ်မ တယောက်၊ သူ့အောက်အငယ် ညီမ နှစ်ယောက် မောင်လေး တယောက်။ သူပါနှင့် ပေါင်း ခုနစ်ယောက် ရှိ၏။

သူတို့ မွေးချင်းပေါက်ဖော်အားလုံးသည် အလုပ်ကို ချစ်ကြ သည်။ မြတ်နိုးကြသည်။ အလုပ်သည် ဘဝသာယာမှုကို ဖန်တီး ပေးနိုင်သော လက်သမား ဗိသုကာကောင်းတယောက်ဖြစ်သည် ဟု စွဲမြဲစွာ ယုံကြည်ထားကြသူများဖြစ်သောကြောင့် လူပျင်း

တယောက် သူ့တို့အိမ်ပေါ်သို့ စုန်းပြုံး၍ ရောက်ရှိနေခြင်းကို အလျှဉ်းပင် မလိုလားကြကုန်။ ယောက်ဖတွေ အားလုံးကရော၊ ခယ်မနှင့်မရီးကပါ မောင်တိသအပေါ်၌မနာလိုမှုမျှားဖြစ်လာကြသည်ကို အစပထမတွင် မယ်သုံမန မျက်နှာကို ထောက်၍ ကြိတ်မှိတ်ခံလာခဲ့ကြရာက မအောင့်နိုင်သည့်အဆုံးတွင် အားလုံးကဝိုင်း၍ မိဘကို တိုင်ကြလေကုန်၏။

ထိုအခါ အိမ်ရှေ့ပူ အိမ့်နောက်မချမ်းသာဆိုသကဲ့သို့ထိုပြဿနာပြေလည်ရေးအတွက် သမက် ကတုံးမင်းသား မသိအောင် သမီး သုမနကို အသာခေါ်ပြီး တိုးတိုးတိတ်တိတ်ဖြင့် အောက်ပါဂါထာငါးပုဒ်ဖြင့် အကျိုးအကြောင်းဆုံးမပြောဆိုလေ၏။

(၁) "ချစ်သမီး၊ သင့်ခင်ပွန်းလင်ကား ဘာတခုမျှ လုပ်ဖော်ကိုင်ဖော်မရ။ လယ်လည်းမလုပ်၊ ကုန်ကူးသန်းရောင်းဝယ်ခြင်းလည်းမရှိ၊ လွန်စွာပျင်းဘိ၏။ ဒီအတိုင်းဆိုက ဒို့အမျိုးအနွယ်ကို အဘယ်မှာလျှင်ရပ်တည်စေနိုင်ပါမည်နည်း။

(၂) "သားသမီး၊ဇနီး၊ဆွေမျိုးသားချင်းတို့နှင့် အတူတကွ၊ဆွေဂုဏ်မျိုးဂုဏ်မြင့်မားမှု၊ကြီးပွားတိုးတက်မှုကို လိုလားသူမှန်က အခါခပ်သိမ်း မပျင်းမရိ ထထကြွကြွ၊ဖျက်ဖျတ်လတ်လတ် လုပ်စရာရှိသည်ကို လုပ်အပ်၏၊ ကိုင်အပ်၏၊ ပြုအပ်၏။

(၃) "ချစ်သမီး၊ အကြင်သူသည် လုပ်ကိုင်ထားသော လယ်ယာခြောင်းမြောင်း စိုက်ခင်းတို့ကို မပျင်းမရိ လျှောက်၍ ကြည့်တန့်ကြည့်၏။ လုပ်စရာရှိသည်ကို လုပ်ကိုင်၏။ အစေအပါး စာရင်းငှားတို့ အပေါ်၌

စီမံစရာရှိသည်ကို ကြည့်ရှုစေခိုင်းခြင်းပြု၏။ ခိုင်းကဲ့ခိုင်းနွှဲးမျှားနေထိုင်ကောင်းမကောင်း၊ လျှောင်ထားသော စပါးမျှားကြွက်စသည်တို့ အဖျက်အဆီးရှိမရှိကို ဂရုတစိုက် ကြည့်ရှု ခြင်း ပြု ၏။ ထို့သို့သော ယောကျ်ားမျိုးကို မိမိသားမယားနှင့်တကွပတ်ဝန်းကျင်က ဝိုင်း၍ ဖူးဖူးမှုတ် ကိုးကွယ်ထားကြကုန်၏။

(၄) "ချစ်သမီး၊ ယောကျ်ားကောင်းဆိုသည်ကား အပူဒဏ် အအေးဒဏ်စသည်ကို သည်းခံနိုင်စွမ်း ရှိရ၏။ ဆင်းရဲသည်ကို မမှုလေဘဲ လုံ့လဝီရိယတုန်း ဇိုင်း ငင့်၊ မိုးရွာတုန်းရေခံ ဆိုဘိသကဲ့သို့ လုပ်သင့်မလုပ်သင့် အချိန်ကာလကို ခဲ့ခြင့်ချိန်ပြီး၊ လုပ်သင့်သောအချိန်၌ လုပ်အပ်သောကိစ္စကို ဖြိုးဖြိုးဖြတ်ဖြတ် အခါခပ်သိမ်းပြုအပ်၏။

(၅) "ချစ်သမီး၊ အဲသည်နည်းအတိုင်း ကူးသန်းရောင်းဝယ်ရာမှာဘဲဖြစ်ဖြစ်၊ အတတ်ပညာကို သင်တန်းတက်၍ ဆည်းပူးရာမှာဘဲဖြစ်ဖြစ် မသေမီ ကာလအတွင်း မပျင်းမရိဘဲအပူတပြင်းလုပ်ဆောင်အပ်၏။

ဤသို့ တိုးတိုးတခါ သာသာတလှည့် မိဖက်ကြိတ်၍ ဆုံးမလေသောအခါ မိဖနှင့်သားချင်းပေါက်ဖော်မျှားကြား၌ ဆူးကြားဥသီးသောဗူးသီးပမာ၊ တနေ့တခြားအနေကျပ်လာသူကား သုမနဖြစ်၏။ မောင်ကြီးမောင်ငယ်မျှားကလည်းမကြည်ဖြူ၊ အမည်မီမျှားကလည်း အမြဲသာငြူစူနေကြသည်။ ထိုအကြောင်းကို လင်တော်မောင်အား ဖွင့်ပြောရမှာကလည်း ခက်သည်။ ရှက်စ

ရာကောင်းသည်။ 'လက်စသတ်တော့ နင့်ဆွေမျိုးကဒီလိုကိုး'ဟု ဆွေမျိုးသားချင်းအပေါ် အထင်သေးသွားမှာလည်းစိုးသည်။

သို့ကြောင့် မယ်သုမနာသည် ရောက်သမျှဘေးဒဏ် ပုဏ္ဏားခံဆိုသကဲ့သို့ ခံစရာရှိလျှင် မိမိသာခေါင်းတပ်၍ခံပြီး လင်တော်မောင်အားထိုအကြောင်းနှင့် ပတ်သက်၍ လေသံသဲ့သဲ့မျှ မဟာလေဘဲ တယောက်ထဲကြိတ်၍ ခံလာခဲ့သော်လည်း သူ၏မွေးချင်းပေါက်ဖော် မောင်ညီမတစုကမိဖများထံ ဒုတိယမြို့ခပ်ပြင်းပြင်းအရေးဆိုလာကြပြန်လေသတည်း။

"အမေတို့အဘတို့သမက် အိမ်ဦးခန်းတက်ပြီး ဘုန်းကြီးလို အမြဲစားသောက်နေတာကို ကျွန်တော် ကျွန်မတို့ကတသက်လုံး လုပ်ကျွေးနေရတော့မှာလား။ မကျွေးနိုင်ဘူး၊လူလူချင်းအတူတူဘဲ သူကအခန့်သားထိုင်စားနေတာကို ကျုပ်တို့မကြည့်နိုင်ဘူး၊ ဒီတော့ကာ သူမနာကိုတော့သနားပါရဲ့၊ ဒါပေမဲ့ မငဲ့နိုင်တော့ဘူး။ အဖေတို့အမေတို့သမီးနဲ့သမက် ဒီအိမ်မှာရှိသမျှ ကျွန်တော်တို့မနေဘူး အားလုံး ဆင်းသွားမယ်။ သမီးတယောက်မျက်နှာထောက်မလား၊ကျွန်တော်တို့မောင်နှမခြောက်ယောက်မျက်နှာကြည့်မလား ဒါပါဘဲ။ ကျွန်တော်တို့ကို နေစေ့ချင်ရင် သူတို့ကို ဒီအိမ်ပေါ်က နှင်ပေးပါ၊ သူတို့မသွားရင် ကျွန်ထော်တို့ဆင်းသွားဖို့အားလုံးအသင့်ဘဲ"

ယင်းသို့ သားသမီးခြောက်ယောက်က ဟောဟောဒိုင်းဒိုင်း အဖေရေးဆိုလာသည့်နောက်ပိုင်းအချိန်၌မူကား၊ မီးမျှားလျှင်မီးနိုင်ရေမျှားလျှင်ရေနိုင် ဆိုသကဲ့သို့ သားသမီးမျှားရာကို ရှုလျက်၊ သံယဉ်အား ဘုရားမဆန်သာ ကိန်းအရဖြင့် မယ်သုမနာတို့ လင်

မယားအား အိမ်ပေါ်က နှင်ချလိုက်သည့်အဖြစ်သို့ ရောက်လေသတည်း။ ထိုအကြောင်းနှင့် ပတ်သက်၍ နီတိသြဝါဒ ထုတ်ဆောင်၍ ပြလေသည်မှာ-

(၁) "မိဘပင်ဖြစ်စေ၊ အကိုအမ၊ မောင်ညီမများပင်ဖြစ်စေ၊ ဆွေမျိုးညာတကာများပင်ဖြစ်စေ၊မည်သူမဆို ဆင်းရဲနွမ်းပါးသူ၊ ဂုဏ်သိရ် ချိုတဲ့သူ ရောက်လှာခြင်းကို အလိုမရှိကြကုန်။ ဤသို့ အလိုမရှိခြင်းကား အဆန်းမဟုတ်။ လောကသဘာဝပင်ဖြစ်၏။

(၂) "အမျိုးပင်ညွှံသော်ငြားလည်း စီးပွားဥစ္စာကြွယ်ဝမူကား၊ထိုသူသည် အားကောင်းသောလူ၊ သြဇာအာဏာ တိက္ကမရှိသောလူတယောက်ဖြစ်လေသည်။ ထိုသူထံသို့ လူများစုက ဝိုင်းအုံ၍ ချဉ်းကပ်လာကြရ၏။ဤသည်လည်း လောကမွေတာပင်ဖြစ်သတည်း။

မိဘအရိပ်အောက်က ဆင်းလာခဲ့ရသော အချိန်၌ မောင်ဘိဿမှာ'ငါအရင်လိုဘော်ကြော့နေလို့မဖြစ်တော့ဘူး'ဟူသောအသိဉာဏ်များ ဝင်စားလာသည်။ ပျင်းရိခြင်းကိုမတော်လှန်ဘဲ ငါ့ဘဝရပ်တည်မှုရနိုင်မည်မဟုတ် ဟူသည်ကိုလည်း အလေးအနက်ပြု၍ဆုံးဖြတ်လာသည်။

"မယ်သုမန၊ မင်းဘာမှမပူနဲ့ ငါ ရှာဖွေ ကျွေး မယ်။ ငါ ယောကျ်ားပါကွ။ အားမငယ်ပါနဲ့"

"ရှာဖွေကျွေးမယ်ဆိုတဲ့စကား ကြားရလို့ ဝမ်းသာပါတယ်၊ ဒါပေမဲ့ တော်ကဘာများလုပ်တတ်လို့တုန်း၊ ဘယ်တုန်းကများ လက်ကျောတင်းအောင် အလုပ်လုပ်ဖူးလို့တုန်း"

လင်အလုပ်လုပ်မည်ဆိုတော့လည်း မယ်သုမနကသူလင်ခမျာကို အကြင်နာဖက်လာသည်။ သူဆန္ဒကမူ သူလင်ကိုအိမ်ဦးနတ်အလား ကိုးကွယ်ထားချင်၏။ သို့သော် နေခဲ့ချင်သလိုနေ၍ မရသော လောကသဘာဝကိုလည်း မယ်သုမနက နားလည်ရှာပါသည်။

"တော်ဘာမျှားလုပ်မယ်စိတ်ကူးထားတုန်း"

"အလုပ်ဆိုတာက စိတ်ကူးတိုင်းဖြစ်တာမျိုးမှ မှတ်ဘဲကွယ်။ ပညာရှိသုခမိန်ကြီးလုပ်ချင်တယ်၊ စစ်သေနာပတိကြီး လုပ်ချင်တယ်။ ဖြစ်မတဲ့လား၊ဒီတော့ရွေးနေလို့ဘယ်ဖြစ်မလဲ။ ကျဘမ်းကြည့်လုပ်ရတာဘဲ။ ငါဒီနေ့ဘဲအလုပ်ရှာထွက်မလို့၊ငါမလာမချင်း သံဃာတော်တပါးကိုတော့အမြဲဆွမ်းဝတ်ပြုနှင့်ပါကွယ်။ မတတ်သာတဲ့အဆုံး ချေးငှားလို့ဘဲဖြစ်ဖြစ် အလှူဝတ်ကိုတော့ မပြတ်အောင်လှူရစ်ပါ။ ငါပြန်လာတဲ့အခါ အဲဒီအလှူကြွေးတွေ ဆပ်မှာပေါ့"

ချစ်မယားကို ဤသို့မှာထားခဲ့ပြီးနောက် မောင်တိုသည် ဘဝရုပ်တည်မှုအတွက် မယားကိုကျောခိုင်းကာအလုပ်ရှာထွက်သွားလေသည်။ သူဘဝမျှားသည်ချမ်းသာ၏။ ကွယ်ဝ၏။သုံးစဲ့မကုန်အောင် ပေါမျှားလှ၏။ မိဘထံပြန်သွားလျှင် ခြေမှဲ့ မီးမလောင်၊ လက်မှဲ့မီးမလောင်အိမ်ကြီးတဆောင်၊ မီးတွေပြောင်နှင့် သူငြေးဘဲခံကာ အခန့်သားနေနိုင်၏။

သို့သော် မောင်တိုသည် မိဘထံပြန်မသွားချေ။ ရဟန်းစတ်လိုက်ကတည်းက မိဘသံယောဇဉ်၊ စီးပွား သံယောဇဉ် ဟူသမျှအကုန်ပြတ်ခဲ့ပြီးဖြစ်၍ ထိုပစ္စည်း အရပ်ရပ်ကား ငါနှင့်

မဆိုင် သဘောထားကား၊ ကိုယ့်အားကိုယ်ကိုး စနစ်မျိုးကိုသာ ပျိုးထောင်လေ၏။

စပါးမှည့်ချိန်ဖြစ်၍ လယ်ကွင်းပြင်ကြီးတလျှောက် ကောက်နှံ့များသင်းနေ၏။ စပါးပင်များသည်ရွှေဝါသီးတန့်ခွဲနှင့်လေနှဲ့တိုင်း ယိမ်းနေကြသည်။

"မောင်ရင်ရဲ့နဖူးရေ ဒူးရေ လက်ခြေအနေအထားကိုကြည့်ပြီး ငါအကဲခတ်၍ ရသလောက်ဆိုရင် မောင်ရင်ဟာ အလုပ်ကြမ်းလုပ်ဘူးသူတယောက်မဟုတ်ဘူးလို့ဘဲ ဆိုချင်တယ်၊ လယ်ရိတ်တယ်ဆိုတာဟာ မောင်တို့လိုကန့်ကရ လူ့မင်းသားဟန်မျိုးနဲ့ဖြစ်တာမှုတ်ဘူး၊ ငါ့ဆီမှာ အလုပ်လုပ်လို့ မဖြစ်ပါဘူးကွာ။ မောင့်လိုဟာမျိုးကိုလဲ ငါမခိုင်းရက်ပါဘူး"

လယ်ပိုင်ရှင်တဦးသည် လယ်ရိတ်စာရင်းငှားအဖြစ် အလုပ်လာတောင်းသူအား ခြေဆုံးခေါင်းဆုံး သုံးသပ် အကဲခတ်ရင်းမှ ငြင်းဆန်ခြင်းပြုလေသောကြောင့် အလုပ်ရှာသူခမျာမှာ မျက်နှာများမဲသွားလေ၏။

အလုပ်လာလျှောက်သူကား၊ ကတုံးမင်းသား မောင်တိဿ။ အလုပ်ရှင်ကား မြို့စားကြီးတဦး ဖြစ်လေသည်။ ထိုမြို့စားကား မောင်တိဿ၏ဖခင် မဟာဓန သူကြွယ်၏ မိတ်ဆွေရောင်းရင်းသူငယ်ချင်းဖြစ်နေ၏။ သို့သော် မောင်တိဿကိုကားသူမသိရှာလေသောကြောင့် အလုပ်မပေးချင်သောကြောင့်အင်တင်တင်ကြီး လုပ်နေ၏။

"ကျွန်တော့ကို ခိုင်းလဲကြည့်အုံးပေါ့ခင်ဗျာ။ မြို့စားမင်းတို့အတွက် အကျိုးမယုတ်စေရပါဘူး။ ခိုင်းစမ်းလို့သဘောမကျ

ဘူး၊ အလုပ်ကိုတွင်ကျယ်အောင်လုပ်မပေးနိုင်ဘူးဆိုတဲ့အခါကျွ
တော့မှ ကျွန်တော့်ကို အလုပ် ပေးထိုက် မပေးထိုက် ဆုံးဖြတ်ရင်
မကောင်းဘူးလား၊ခင်ဗျာ။ တဆိတ်လောက်စမ်းပြီး ခိုင်းကြည့်
ပါမြို့စားမင်းရယ်”

ဤသို့မောင်တိသက ဇဲ့ကောင်းကောင်းနှင့် အတန်တန်
တောင်းပန်ပြုနေလေရာ အတင်းငြင်းဆန်နေလျှင် မကောင်း
တတ်လွန်း၍ ကာယကံရှင်မှ ကျေနပ်ပါစေတော့ သဘောဖြင့်
မြို့စားကြီးသည် မောင်တိသအား စိတ်မပါတပါနှင့်သူပိုင်ဆိုင်
သော လယ်တောသို့ခေါ်သွားပြီးမောင်တိသအား စမ်း၍လယ်
ရိတ်ခိုင်းလေသည်။

မောင်တိသ၌ ညဉ်တခုရှိ၏။ သူညဉ်ကား စိတ်မြန်ကိုယ်
မြန်ရှိခြင်းနှင့် လုပ်မည်ဆိုသောအလုပ်ကို နောက်မဆုတ်၊မလုပ်
ဘူးဆိုလျှင်လည်း ဘာကိုမှမလုပ်ဘဲ ငုတ်တုတ်ထိုင်နေတတ်သော
ညဉ်ဖြစ်လေသည်။ သက်န်းဆီး ရဟန်းပြုချင်လှ၍ မိဘကတား
သော်လည်း ဇွတ်သက်န်းဝတ်ခဲ့သည်။ ထုက်ချင် တော့ လည်း
မည်သူမျှ တား ၍ မရ ဇွတ် ထုက် ခဲ့သည်။ ပေတဲ့ နေရာမှာ
လည်း လူထုက်၍မယ်သုမနနှင့် အိမ်ထောင်ကျလာသော အခါ
ဘာမှမလုပ်ဘဲပေနေခဲ့သည်။ဗူးဆိုလျှင်ဖရုံမသီးဘူးဆိုသော လူ
စားမျိုးဖြစ်၏။

အလှည့်ကျလျှင် နွားမသော်မှရှုန်းရသည်။ ယခုသူအလှည့်
ရောက်လာသောအခါ သူမတူအောင်ရုန်းလေတော့သည်။ လူ
မှုန်လျှင် ပျင်း၍မလုပ်ဘဲနေလျှင်သာနေရမည်၊ မလုပ်တတ်ဘူး
ဆိုသောအလုပ်၊ မလုပ်နိုင်သောအရာဟူ၍မရှိရ။ ဤကားသူ၏
အဓိကဆန္ဒဖြစ်ပေ၏။ သူမျှားချည်းယောကျ်ားလား။ငါကော

ယောကျ်ားမဟုတ်သလော မခံချင်စိတ်မျိုးဖြင့် တဇွတ်ထိုး တစောက်ကန်း လုပ်လေ့လုပ်ထရှိခြင်းသည်လည်း သူအဖို့ အောင်မြင်ခြင်း သရဖူကို ဆောင်းနိုင်ခြင်းဖြစ်ပေသည်။

"အပါး၊ မောင်ရင်က တယ်ဟုတ်ပါလား၊ ပုဇွန်ဆိပ်ငယ်ပေမဲ့ ပင်လယ်ကူးနိုင်တယ်ဆိုတာ မောင်ရင့်လို လူမျိုး အတွက် ဂုဏ်ပြုတဲ့ ဩဘာစာဘဲဖြစ်ရမယ်"

မြို့စားမင်းသည် မောင်တိဿရိတ်သိမ်းထားသော ကောက်လှိုင်းပုံကြီးများကိုကြည့်ကာ၊ ဝမ်းသာအားရ ချီးကျူးရလေ၏။ မြို့စားမင်းကား ဆယ်လီမူးကြသည်။ အတွက်သမားဖြစ်သည်။ မောင်တိဿတယောက်နှင့် ယောကျ်ားကောင်းကြီးတွေ တကျိပ်လောက်ဝိုင်းရိတ်ထားသည်များကိုစာကြည့်သည်။ မောင်တိဿလုပ်အားကပင် အပြတ်အသတ်သာနေကြောင်းကို ကိုယ်တွေ့ကြုံရလေပြီ။

"ကဲမောင်တိဿ၊ စိတ်ချလက်ချသာလုပ်ပေတော့၊ ဒီလယ်ကွင်းဟာ ပယ်ငါးရာရှိတယ်။ အဲဒါတကွင်းလုံးမောင့်ကိုဘဲအပ်လိုက်ပြီ။ အစဒေဆုံးကျိကျထဲအရောက် သိမ်းဆည်းပြီးသည့်အထိ မောင်ရင်ဘဲတာဝန်ယူပြီး ပြီးအောင် လုပ်ပေတော့။ လုပ်ခဆိုတာလဲ မောင်ရင်မျှော်မှန်းထားတာထက် ပိုရပါစေမယ်"

မြို့စားမင်းသည် လုပ်ခကောင်းကောင်းပေး၍ မောင်တိဿအား လက်သပ်၍မွေးလေတော့သည်။ အလုပ်အကိုင် နေသားတကျရရှိသောအခါ မဲယ်သုမနကိုပါခေါ်ယူပြီး လင်ကိုမယား နှစ်ယောက်မြို့စား၏အရိပ်အောက်သို့ ရောက်ရှိကာ၊ အားကျမခံကြိုးစား၍ လုပ်ကိုင်ခြင်းဖြင့် တကယ့်လယ်သမားကြီးတို့၏ ဂုဏ်ရောင်ကို ထွန်းပြောင်လေ၏။

ပျက်ချိန်တန်သောအခါက မောင်တိသဿည် သာသနာတွင်းသို့ ရောက်နေလျက်မှ လူထွက်ဖြစ်အောင် ထွက်ခဲ့၏။ ယခုကြီးပွားချိန်တန်လာသောအခါ သာသနာကို ပြန်၍ သူသတိရလာသည်။ သူ၏လုပ်အား သွေးချွေးဖြင့်ရင်းနှီးခဲ့ရသောပစ္စည်းများဖြင့် သံဃာတော်များအား လှူဘို့တန်းဘို့ အားထုတ်လာသည်။

"မယ်သုမနရေ-ငါဆင်းရဲတာတွေ တခါထဲ အကုန်မေ့ဘဲ၊ လှူရတန်းရတာအမြတ်ဘဲကွ။ ကိုယ့်အင် ကိုယ့်အားနဲ့ ရင်းနှီးပြီး ကိုယ်တိုင်ချက်ပြုတ်လှူတန်းရတာ နဲတဲ့ကုသိုလ်မှုတ်ဘူး။ ခုဆိုရင် ဒို့တနေ့ စာရေးတံဆွမ်းရှစ်လုံး လှူနေတယ်မှတ်လား။ နောက်ဆယ်လုံးလောက်အထိ တိုးတက်လှူနိုင်မယ်ဆိုတာမပြောနိုင်ဘူး။ စေတနာကိုသာ ကောင်းကောင်းထားပါကွယ်"

ဤကား မောင်တိသ၏ဒါနတရားဖြစ်ပေ၏။ တနေ့တနေ့ ဆွမ်းရေးတံရှစ်လုံးကျ လှူနေကြရလေပြီ။သို့သော်တခုပြောစရာရှိသည်ကား၊ မောင်တိသ၏ ညဉ်အကြောင်းပင်ဖြစ်သည်။

မည်သည့် ရည်ရွယ်ချက်မျိုး ထားရှိသည်မသိ၊ မောင်တိသ်သည် ဆွမ်းလှူရာ၌ ဟင်းလျာကား မပါလေ၊ ဆွမ်း၊ဆား၊ရေကျိသုံးထွေကိုသာ လှူလေသည်။ သူ့အားဒီလိုလှူတာမကောင်းပါဘူးဟူ၍ မည်သူမျှ တရားဟောခြင်းမရ ၊ သူ့ညဉ် အတိုင်းတစောက်ကန်း သူလှူချင်သလိုသာ လှူလေသည်။

ထိုကြောင့် ဤသို့ ဆားနှင့်ရေသာလှူသည်ကိုအကြောင်းပြု၍ ဘွဲ့ထူးတလုံးထပ်ဆင့်၍ တိုးလာပြန်လေ၏။ ထိုဘွဲ့ထူးကား 'ဥဒကလောဏိယတိသ'ဖြစ်သောဟူ၏။ ရေနှင့်ဆား အလှူမျှားသော ဒါယကာတိသ ဟုဆိုလို၏။

သူ့စာဆရေးတံဆွမ်းလုံးကို မဲချ၍လှူဒါန်းရာ၌ သူနှင့်ကံစပ်၍ လားမသိ၊ တောထွက်ရဟန်းကြီးတပါးမှာ သူ့မဲလိပ်ကို ခဏဲ ခဏပေါက်လေ၏။ တနေ့သော် ထိုတောထွက်ရဟန်းကြီးသည် ပင် မဲပေါက်ပြန့်လေ၏။ ထိုအခါ ရဟန်းကြီးသည် သည်းမခံ နိုင်တော့ဘဲ လှူသောဆွမ်းကို မောင်တိဿ၏ ရွှေမှောက်မှာပင် ပက်ကနဲ သွန်ထားခဲ့လေရာ မောင်တိဿမှာ မျှားစွာ စိတ်ဒုက္ခ ခိုက်လာလေ၏။

ထိုနေ့မှစ၍ မောင်တိဿကား၊ လှူဒါန်းရာ၌ အချိုးတမျှ ပြောင်းလေပြီ။ ရေနှင့်ဆားကိုမလှူတော့ချေ။ ၎င်းတို့နေရာ၌ နွားနို့အစားထိုး၍ ဝင်လာ၏။ နွားနို့နှင့်ဆွမ်းကို တနေ့ရှစ်လုံး ကျစာရေးတံမဲချ၍လှူလေသည်။ ဤသည်ကို အကြောင်းပြု၍ နာမည်တမျိုးတိုးလာပြန်တော့၏။ 'ဥဒကလောဏိယတိဿ' ဟူသောနာမည်ပျောက်၍ 'ဒိရဘတ္တတိဿ' ဟူသော နာမည်သစ် ရောက်လာသတည်း။

ဤသို့ နွားနို့နှင့်ဆွမ်းကိုချည်းလှူနေရာက ကြာမြင့်လတ် သော်၊ မောင်တိဿသည် တမျိုးဖောက်ပြန်လေပြီ။ နွားနို့လှူ ခြင်းကို ရပ်ဆိုင်းလိုက်သည်။ အလှူစာရင်းဂဏန်းကိုလည်း တဆ တိုးလိုက်သည်။ စာရေးတံဆွမ်းဆဲ့ခြောက်လုံးအထိ တိုးမြှင့်၍ လှူလာ၏။ နွားနို့နေရာ၌ ထောပတ်အစားထိုး၍ ဝင်လာ၏။ ဆွမ်းနှင့်ထောပတ်ကိုလှူလေ၏။ ဤသည်ကိုအကြောင်းပြုလျက် ဘွဲ့ထူးတလုံး တက်လာပြန်ပါလေပြီ။ ဒိရဘတ္တတိဿ အစား၊ ကလျာဏတ္တ တိဿ ဟူ၍ တွင်လာပြန်သတည်း။ တဆင့်ထက် တဆင့်တိုးကာ သံဃာ ငါးရာအထိ နေ့စဉ်လှူလေ၏။

မောင်တိသည်နှင့် မယ်သုမနတို့ လင်မယားကား၊ ဘုရားသွားကျောင်းစာက် အလှူရေစက် လက်နှင့်မကွာ လိုက်ဖက်သည်။ သီဟိုဠ်ကျန်းတခွင် ပြဲမြဲစင်အောင် လှည့်လည်၍ လှူဒါန်းရသည့်ကိုပင် အားမရနိုင်ကြဘဲ၊ နာဂဒီပကျွန်းဘက်သို့ လှည့်ကာ ဒါနကုသိုလ် ဥဒဟိုပြုကြလေသည်။ မောင်တိသ၏ဘဝသည် တထစ်ပြီးတထစ် အသစ်အသစ်သာ ပြောင်းလဲနေဆဲ ဖြစ်လေသည်။ တနေ့သောအခါတွင်-

"မယ်သုမနရေ၊ ဒို့လှူနေတဲ့စာရေးထံဒါနဝတ်မပျက်ရအောင် ရှင်မက အိမ်ကနေပီး ဂရုစိုက်ပါကွယ်"

"ကိုတိသက ကော ဘယ်သွားမှာမို့လဲ။ အတူတူလှူနေကျ ဥစ္စာ"

"ကိုတိသ အကြံတခုရှိလို့ပါကွဲယ်။ ကိုတိသရဲ့ပါရမီကိုကူညီပီးဖြည့်တဲ့သဘောနဲ့ အိမ်မှာလှူနေကျဝတ်မပျက်အောင်ကြိုးစားပါ။ ကိုတိသရဲ့အကြံ ဘဲဆိုတာ မယ်သုမန သိချင်ရှာမယ်ပေါ့ဟုတ်လား"

"မေးနေဘို့မလိုပါဘူးကိုတိသရယ်။ ဘာအကြံဆိုတာ ကြားပရစေလား တော်"

"ဒီလိုကွဲ့။ ကိုတိသ တနေ့က ဂင်္ဂါမြစ်ကမ်းရောက်သွားတယ် သံဃာတော်တွေရော၊ လူတွေရော၊ မြစ်ကို ဖြတ်ကူးမဲ့ ခရီးသယ်တွေဟာ ကြိတ်ကြိတ်တိုးနေတာဘဲ။ကူးတို့လှေကနဲပါးလေတော့ လှေစောင့်ခဲ့တာ သူ့ခမျာများမှာ အမောဘဲ။ အဲဒါတွေ မြင်တော့ ကိုတိသ စိတ်ထဲမှာ အတော်မကောင်းဖြစ်ခဲ့တယ်။ ဒါနဲ့ ငါ လှေ တစင်း အရင်းတည်ပီး အခမဲ့ ကူးတို့သမားလုပ်ရရင်

ကောင်းမှာဘဲလို့ စိတ်ကူးပေါက်လာတာနဲ့ လုပ်မယ်လို့ ချက်ချင်းဘဲ ကိုတိသဆုံးဖြတ်လိုက်ပြီ။ အဲဒါဘယ်လိုသဘောရသလဲ”

“ဒါကိုမျှား လေကုန်ခံပီး မေးနေရသေးသလား ကိုတိသရယ်”

“ဘာကို ဆိုလိုတာလဲ မယ်သုံမန”

“ခက်ပါဘိကိုတိသရယ်။ မယ်သုမနသဘောကိုပြောပြပါပြီတဲ့၊ ကဲ....ကိုတိသဟာ လုပ်မယ်လို့ ဆုံးဖြတ်ပြီးတဲ့ ကိစ္စတခုကို ဘယ်သူ့အပြစ်မှမခံဘဲ တဇွတ်ထိုး လုပ်တတ်တဲ့ ဥစ္စာကို ကျမကသဘောတူတူ မတူတူ လုပ်တော့မှာဘဲမဟုတ်လားလို့”

“ဒါတော့ ဒါပေါ့ကွယ်။ သို့ပေမဲ့လင်နဲ့မယားသဘောထား ချင်းတိုက်ဆိုင်မှုရှိရင် ပိုကောင်းတာပေါ့”

“ကဲ သဘောတူပါသတဲ့ရှင်။ မတူလို့လဲ ရမှာမှမှတ်ဘဲကိုး”

“ကြည့်စမ်း လာပြန်ပြီ”

“တကယ်ဆိုတော့ ကုသိုလ်ရေးကို ဘယ်တုန်းကမျှား ကျမအနေနဲ့ဟန့်တားခဲ့ဘူးလို့လဲ။ အေး- တခုတော့ ကျမ့်စိုးရိမ်မိတာအမှန်ဘဲ။ ကူးတို့သမားအလုပ်ဆိုတော့ ကိုတိသ သိပ်ပီးပင်ပန်းမနေဘူးလားလို့”

“ပင်ပန်းလေ ကောင်းလေဘဲပေါ့။ သွေးချွေးနဲ့ရင်းနှီးတယ်ဆိုတာ ဒါမျိုးကိုပြောတာ။ မစိုးရိမ်ပါနဲ့ကွယ်။ ယောကျ်ားတို့လက်ရုံး ဒီနေရာမျိုးမှာ အသုံးချမှ ပိုပီး တန်ဘိုးရှိတာ”

ဤသည့်နောက်ပိုင်းမှာတော့ ကိုတိသတယောက်၊ ဂင်္ဂါမြစ်တွင်းမှာ လှေကလေး တစင်းနဲ့ ကူးတို့သမားကြီးတယောက် ဖြစ်နေပြန်ပါပြီ။ သူ့အလုပ်မှာ အခမယူဘဲ ရဟန်းရှင်လူမည်သူကို

မဆို အခမဲ့ နိဗ္ဗာန်ကူးတို့ ကူးပို့သော စေတနာ့ဝန်ထမ်း အလုပ်ဖြစ်၍ လှေဖြင့် စီးပွားရှာနေသော ကူးတို့သမားများအတွက် အနှောက်အရှက်မဖြစ်စေလိုသော သူတို့ ကူးတို့ဆိပ်နှင့်ဝေးရာကို ဆိပ်ကမ်းလုပ်ရန် ရွှေ့ချယ်လိုက်သည်။ ထိုအရပ်ကား အရိယာဂလ္လ အမည်ရှိသောနေ ရာ ဖြစ်လေသည်။ မောင်တိဿသည် ခရီးသည်များအား ထို'အရိယာဂလ္လ'လှေဆိပ်မှနေ၍ လူးလာခေါက်ပြန် အခမယူလေဘဲ နိဗ္ဗာန်ကူးတို့ပို့လေသတည်း။ ဤသည်ကို အကြောင်းပြု၍လည်း သူ့အတွက်နာမည်တလုံး ထွက်လာပြန်၏။ အရိယာဂလ္လတိဿ ဟူသည်တည်း။

တနေ့သောအခါတွင်မကြုံစဘူးထူးခြားသောခရီးသွား ပုဏ္ဏားအို တယောက်ကို တွေ့ရလေ၏။ အချိန်မှာ မွန်းတည့်အချိန်ဖြစ်၍ နေမင်းအရှိန်သည် ခြစ်ခြစ်တောက်ပူပြင်းနေ၏။ ကိုတိဿသည် ခရီးသွားပုဏ္ဏားအိုကို တင်ခဲ့ပြီးလျှင် ပူပြင်းသောနေရှိန်အောက် ၌ရှိဂင်္ဂါမြစ်ကြောဌ်တကျိုကျိုလှော်ခတ်၍ကူးနေသည်။ ပုဏ္ဏားအိုကား ကူးတို့သမားမျက်ခွက်ကိုတချက်တချက်ခေါင်းငဲ့၍ ကြည့်ကာကြည့်ကာ လိုက်ပါလာလေသည်။

"ဩော် မောင်ရင်၊ အဖိုးရဲ့ တောင်ဝှေး ဟိုဘက် ကမ်းမှာ ကျန်ရစ်ခဲ့လို့ ကျေးဇူးပြု၍ ပြန်ပို့ပေးပါအုံး"

ဟိုဘက်ကမ်းထိပ်သို့ဆိုက်ခါနီးသောခဏ ပုဏ္ဏားအိုက ဆိုပါချေ၏။ မောင်တိဿသည် ချေးတလုံးလုံးနှင့်အပြုံးမပျက် လှေဦးကိုနောက်ဘက်သို့ပြန်လှည့်လိုက်သည်။ ကမ်းရောက်၍ပုဏ္ဏားအိုက သူ့တောင်ဝှေးကို ယူအပြီးတွင် ခရီးဆန့်ပြန်သည်။ ပုဏ္ဏားအိုကား အို၍လားမသိအလှန်သတိမေ့တတ်သော အဖိုးအိုဖြစ်လေသည်။

"ဟာ.... ဘိုနပ် မေ့ကျန်ခဲ့ပြန်ပြီ မောင်ရေ....။ လုပ်ပါအုံး နောက်ပြန်လှည့်လိုက်ပါအုံး...."

ရေလည်ခေါင် အရောက်တွင် တခေါက် အပြန်ခိုင်းနေပြီ၊ ကိုတိသကား စိတ်ရှည်လှ၏ သူအဖို့ထူးဆန်းသော အရာလည်း မဟုတ်။သူအလုပ်ကား ရေထဲတွင် လှေဆွဲနေရလျှင် ပျော်သည်။ ပုဏ္ဏားအိုခိုင်းတဲ့အတိုင်းနောက်ပြန်၍လှော်ပေးသည်။ ဘိုနပ်ယူပြီးလျှင်-တခါထပ်ကူးသောအခါဦ့်လည်း လာပြန်ချေသေး၏။

"ဟော....ထီးမပါလာပြန်ဘူး....တဲ့"

ကိုတိသမှာ ထိုနေ့အဖို့ ပုဏ္ဏားအိုတယောက်နဲ့ဘဲ အခေါက်ပေါင်း မရေနိုင်အောင် လွှန်းထိုးသလို ပို့ပေးနေရ သော်လည်း တချက်မျှ မျက်နှာညှိုးသွားခြင်း မရှိပေ....။ နောက်ဆုံး အကြိမ်ဦးမှု ကမ်းစပ်လဲရောက်-ပုဏ္ဏားအိုလည်း ပျောက်သွား လေသော ကြောင့် တောင်မြောက်လေးပါးသို့တအံ့တသြကြည့်နေခိုက်-

"အမောင်တိသ"

ကောင်းကင်ယံမှ အသံဘသံဆုက်ပေါ်လာရာသို့မော်ကြည့်လိုက်သောအခါ၊ ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာနှင့် ဒေဝါသနင်း သိကြားမင်းကို တအံ့တသြတွေ့ရလေ၏။

"ပုဏ္ဏားအိုအသင်ကိုယူ၍ သင်၏အလိုကို ကျွန်ုပ်စမ်းခြင်းပင် ဖြစ်ပေ၏။မဆုတ်မနစ် မတွန့်မတိုး၊နှစ်လိုဖွယ်ကောင်းသောသင်၏ စေတနာကိုတွေ့ရသဖြင့် ကျွန်ုပ် သင့်အားကောင်းချီးပေးပါ၏။ ဤနေ့မှစ၍ သင့်အားထူးခြားခြင်းဖြစ်လတံ့"

ဤသို့ဆိုပြီးနောက်သိကြားလည်းပျောက်သွားသောကြောင့် ကိုတိသမှာတက်ကိုထောက်ကာ မိုးပြာကြီးကိုသာမော်၍ ကြည့်

နေမိလေသည်။ အတန်ကြာမှခရီးသွားသံဃာတော်များကြွလာ၍ လှေပေါ်တင်လျက် ခပ်ကွင်းကိုပြင်လေ၏။

"ကိုတိသဃရေ-မြန်မြန်-မြန်မြန်"

နေဝင်ရီတရောအချိန်တက်ကိုပခုံးပေါ်ထမ်းလျက် ပြန်လာသော လင်တော်မောင်အားမယားကလက်ရပ်၍ ဝမ်းပန်းတသာ ဆီးကြိုရင်းခေါ်သည်။ အိမ်ပေါ် ရောက်သွားလေသောအခါ၊ လင်ကိုယ်မယားနှစ်ကိုယ်ကြားပြောလိုက်သောမယ်သုမန၏အသံကား-

"ဒီမှာကိုတိသ၊ ကြည့်ပါအုံး၊ အိမ်ပေါ်မှာလဲဘယ်နေရာကြည့်ကြည့်၊ရွှေငွေကျောက်သံပတ္တမြားရတနာတွေပြည့်နေတာပါဘဲ။ ကျီတွေကျတွေထဲမှာ ဆိုရင်လဲဆန်နဲ့ကောက်မွေးသလေးစပါးတွေအပြည့်။ပေးချမကုန် လှူချမခန်းဘဲ ကိုတိသဃရေ" ဟူသည်တည်း။

ကိုတိသနှင့် မယ်သုမနတို့မှာ မိမိလုပ်အားဖြင့်တနေ့တခြားကြီးပွားလာသည်။ စီးပွားတက်လာသည်။ အခြေအနေတောင့်ခိုင်လာသည်။ ကိုယ့်အားကိုယ်ကိုး အလုပ်ကို ကြိုးစားခြင်းဖြင့် လက်တွေ့ အကြိုးခံစားကြရခြင်းဖြစ်၏။

ယင်းသို့ စီးပွားရေးအောက်ခြေခိုင်၍လှုနိုင်တန်းနိုင်ဖြစ်လာကြသည့်အတွင်း 'ရတနာရှိရာရတနာစု' ဆိုသကဲ့သို့ကူးတို့သမားကြီး ကိုတိသ၏ဖြူသန့်သောစေတနာကို လေးစား ဂုဏ်ပြုသည့်အနေဖြင့် မြောက်မြားလှစွာသော ရတနာများ၊ သလေးစပါးများကို သိကြားမင်းက ချီးမြှင့်လိုက်ပြန်သောကြောင့် အလှူရ

စက် လက်နှင့်မကွာနေချင်ကြသော သူတို့လင်မယားအဖို့ ဒါန မှုကို ပြုချင်တိုင်းပြု၍လည်း မကုန်နိုင်အောင်ရှိလေ၏။

ဆင်သေကိုဆိတ်ရေဖြင့်ဖုံးသော်လည်းမရသကဲ့သို့။ သိကြား မင်းချီးမြှင့်သည်ကို ဖုံးဖုံးဖိဖိထားသော်လည်း တစတစပြန့်ပွား၍သာလာ၏။ ထိုအခါ'အရိယာဂလ္လ'ရေဆိပ်သည်ပို၍ ထင်ရှားလာသည်။ ရေဆိပ်နှင့်အတူ စေတနာဝန်ထမ်း ကူးတို့သမား ကိုတိသ၏အမည်လည်း တွဲ၍ပါလာသည်။ တနေ့တခြား အရိ ယာဂလ္လတိသ၏သတင်းကား သီဟိုဠ်တကျွန်းလုံး လွှမ်းဖုံးသွား လေသတည်း။

အဌဒါန၊ကုသိုလ်၏တန်ခိုးဟူသည်သေရာအထိ အကျိုးပေး ပေ၏။ သတ္တဝါတိုင်း သေခြင်းတရားနှင့် မည်သူမျှ မကင်းချေ။ မကင်းသောထိုသေခြင်းကား ဓမ္မတာအားဖြင့်ပြင်းပြစွာနိုပ်စက် အပ်သော ဝေဒနာဒဏ်ကို အလူးအလှိမ့် ခံပြီးမှ သေရတတ်၏။ သို့သော်ကုသိုလ်ကောင်းမှုကို လက်ကိုင်ပြုထားသော ကုသိုလ်ရှင် တို့မှာမူကား၊ အိပ်သောယောကျ်ား၊ နိုးသောလားသို့၊ သက် တန်းကုန်၍ စုတေရစေကာမူ ဝေဒနာကို ပြင်းပြစွာ မခံစားကြ ရချေ။ ထိုအကြောင်းကိုထင်ရှားစေလို၍ ဆရာ့ဆရာ၊ ပညဝါ အာသျှင်သူမြတ်တို့က ဂါထာဖွင့်၍ ကျူးရင့်ထားတော်မူခဲ့ကြ သည်ကား-

(၁) ကုသိုလ်ဥစ္စာထုပ်ကို ပိုက်ထားသော သူသည် သေ မင်းနိုင်ငံမသွန်ဆန်သာ၍ သေရာ ညောင်စောင်း၌ စက်လျှောင်းနေရပြီဖြစ်သော်ငြားလည်း ပြင်းပြစွာ ဝေဒနာကိုအလူးအလဲခံစားရခြင်းမရှိ။ သက်တောင့် သက်သာနေရ၏။

(၂) မည်သည့်အချိန် မည်သည့်အခါတုန်းက ဤမည်သော ကုသိုလ်ကောင်းမှုတို့ကိုပြုခဲ့ဘူး၏။ ပြုပြုသမျှသော ထိုကုသိုလ်ထိုကောင်းမှုမျိုးတို့သည် သေအံ့ဆဲဆဲကာလ၌ ထိုကောင်းမှုရှင်၏ စိတ်တွင် စွဲလန်းလျက် ထင်လာကုန်၏။

(၃) ထိုအခါ ကုသိုလ်အားသေးလျှင် သေးလျောက်၊ အားကောင်းလျှင် ကောင်းသော အလိုက်၊ နတ်၌ဖြစ်သည့်မြတ်သောရထား၊ မြတ်သောနေရာဗိမာန်အစရှိသည့်နိမိတ်ကောင်းတို့သည် နတ်ရွာလားမည့်သူအား ထင်လာကုန်၏။

(၄) ထိုသူ၏အပါးဌ လာရောက်ကြကုန်လျက်၊ နတ်ကညာအပေါင်းတို့ကသောင်းသောင်းဖျဖျကောင်းချီးပေး၍ ကြွေးကြော်ကြကုန်၏။ အရာအထောင်မကသောအထူးအဆန်း၊အံ့မခမ်းဖွယ် အသွယ်သွယ်တို့ဖြင့်လည်း တင့်တယ်ကုန်၏။ ထိုသူသည် ထိုသည့်နိမိတ်၏ ထင်လာကုန်သော နတ်ဘုံနတ်နန်းအထူးအဆန်းတွေကို မြင်ရလေသော်-စိတ်အား တက်ကြွခြင်းဖြစ်လာသည်။

(၅) ယင်းသို့စိတ်အားတက်ကြွလာသောအခါ၊ ထိုသူသည် ဆွေးမြေ့ယိုယွင်း အိုမင်းလေပြီးသော ဇရပ်အို၊ တန်ဆောင်းအိုကြီးကစွန့်ကာ၊ ရတနာရောင်တို့ဖြင့်တလျပ်လျပ်၊ပဝင်းပြောင်နေသည့်ဘုံနန်းပြာသာဒ်ထက်သို့ တက်ရာလဘိသကဲ့သို့ မွန်မြတ်လှစွာသော သက်သာရာကို ရရှိလေသည်။

(၆) ငါသည် မိတ်ဆွေကောင်း၊ သူငယ်ချင်းကောင်းနှင့် တူသော ကောင်းမှုကုသိုလ်၊ ဥဒဟိုတို့ကို ပြုခဲ့ရပြီတကား။ကြောက်မက်ဘွယ် ကောင်းလှသော သေမင်းကို ရှောင်ပုန်းရန် လုံခြုံသော ကိုးကွယ်မှုကို ငါပြုခဲ့ရပြီတကား။ ထိုကုသိုလ်ကြောင့် ဖြစ်ပေါ်လာသော များမြတ်သော အကျိုးတရားကို နတ်ပြည်၌ ငါခံစားရလတံ့။

(၇) ဤသို့ နှလုံးသွင်းလျက် ထိုသူသည် အလွန်ရွင်ပြလာ၏။ ကြောက်ရွံ့ခြင်းလည်း မရှိ ဖြစ်လာ၏။ လှိုက်လှိုက်လှဲလှဲ အထူး ဝမ်းသာလာ၏။ မိမိပြုခဲ့သော ကုသိုလ်ကောင်းမှုဖြင့် စင်စစ် တင့်တယ်မြူးကွန့်လျက်ရှိနေ၏။

(၈) ကုသိုလ်ကံ စေတနာဖြင့် တန်ဆာ ဆင်ယင်ထားသော ထိုအလှူရှင်သည် ကုသိုလ်မှု၌ မွေ့လျော်သူတို့ နေထိုင်ရာ နတ်ပြည်သို့ စင်စစ်အားဖြင့် လားရလေ၏။ နည်းများမဆို ကုသိုလ်ပြုလေ့ ရှိသော ထိုသူအား အမုဋ္ဌမရဏ်, ခေါ်သော မတွေ့ဝေ့သဖြင့် သေရခြင်းသည်မြဲ၏။

စေတနာဝန်ထမ်းခြင်း ဟိုဘက်ကမ်း၊ ဒီဘက်ကမ်း၊ လူးလာခေါက်ပြန် အခမဲ့ မှန်မှန်ကူးပို့လာခဲ့သော ကုသိုလ်ရှင်၊ အလှူရှင်၊ဒါနရှင် ကိုတိဿမှာ ဇရာသဘောဖြင့် အိုသောဘဝမှတဆင့် မရဏာလက်တွင်းသို့သက်ဆင်းရတော့မည့်အချိန်။သေရာညောင်စောင်း၌ စက်လျောင်း နေရပြီဖြစ်သော အခါတွင်-

"တုဿီတာ ပြည်က ရောက်လာတဲ့ နတ်ရထား တစင်းထဲ ထားခဲ့။ကျန်တဲ့နတ်ရထားတွေအကုန်ပြန်သွားကြ"

ကိုတိဿ၏ နှုတ်ဖျားမှ ထွက်လာသော ဤစကားကို အပါး တွင် ထိုင်၍ တယုတယ လင်ကိုပြုစုနေသော လူနာရှင် ချစ်ဇနီး က ယောင်ရမ်းပြီး ပြောနေသည်ဟု ထင်လေသည်။ ထို့ကြောင့် "ဘာတွေယောင်နေတာလဲ ကိုတိဿ"ဟု မယားခမျာက မေး ရှာလေသည်။ထိုအခါ ကိုတိဿက ဆိုပေ၏။

"မယ်သုမန။ ငါကား-သတိလွတ်ကင်းကာ ယောင်ရမ်းခြင်း ပြုနေသည် မဟုတ်။ ငါ့ကို ခေါ်ဆောင် ရအောင် နတ်ပြည် ခြောက်ထပ်မှ ခြောက်စင်းသော နတ်ရထားများ ငါ့ထံမှောက် သို့ ရောက်လာလျက် ရှိနေချေသည်။ငါသည် တုဿီတာ ဘုံသာ နေလို၏။ အခြားနတ်ဘုံများ၌ မနေလိုသဖြင့် နတ်ရထားများ ကို ပြန်လိုက်ပြီး တုဿီတာ နတ်ရထားတစီးသာ ထားခဲ့ဟု ငါ ဆိုခြင်းဖြစ်၏။ယောင်ရမ်းနေသည် မဟုတ်"

ထိုစကားကြားသော် မယ်သုမနသည် များစွာ အံ့အားသင့် သွားကာ ဟိုဟိုဒီဒီကိုပင် ယောင်၍ ကြည့်နေမိသည်။

"ဘယ်မှာလဲ ကိုတိဿ။ နတ်ရထားကို ကျမ မြင်ချင်လိုက် တာ"

"သင်မြင်လိုက ငါ့လက်သို့ ပန်းဆိုင်းတခုပေးပါဘိ"

သူတောင်းသော ပန်းဆိုင်းကို မယ်သုမနက လက်ထဲထည့် ပေးလိုက်သည်။ ထိုပန်းဆိုင်းကို ကိုတိဿက ကောင်းကင်ပေါ် သို့ အပစ်ခိုင်းလျှင် မယ်သုမနသည် ပန်းဆိုင်းကို ကောင်းကင် ပေါ်သို့ ပစ်တင်လိုက်လေသည်။ ပန်းဆိုင်းသည် နတ်ရထားဦး၌ ချိတ်၍ ကောင်းကင်၌ တွဲလဲဆွဲတည်နေလေ၏။

ဤတွင်မှ ကိုတိသာပြောစကား မှန်ကန်ကြောင်း၊နတ်ရထား များ တကယ်ဆိုက်တည်လျက်ရှိနေကြောင်း၊ အကြင်းမဲ့ယုံကြည် ကာ မယ်သုမနသည် ထိုနေရာ၌ပင် ထွက်သက်၊ ဝင်သက်ကို ချုပ်၍ ဘဝ၏နိဂုံး အဆုံးသတ်ကာ တုသိတာနတ်ရထားပေါ် သို့ နတ်သမီးအလျင် ရောက်ရှိသွားလေ၏။

နောက်မှ ကင်၊ အရင် ကျက် ဆိုသကဲ့သို့၊ ကိုတိသထက် စော၍ နတ်လောကသို့ မယ်သုမနက အလျင် ရောက်သွားပြီး နောက် ရထားထက်မှနေ၍ မယ်သုမနက ကိုတိသအား လက် ရုပ်၍ခေါ်လေသည်။ ထိုအကြောင်းကို ဂါထာကုံး၍ထုံးဖွဲ့ထား သည်ကား-

(၁) အို ကျွန်မ သင် ကျေးဇူးရှင် ကိုတိသ။ အာဝဲယ့် ကြောင့် ညောင်စောင်း ပေါ်မှာ ကြာမြင့်စွာ လျောင်းစက်နေပါသလဲ။ ထဘော်မူလော့။ ကြွ တော်မူပါလော့။ အနှစ်သာရ ကင်းမဲ့သောလူ့ ဘဝ၊လူ့အဖြစ်၌ ဝမ်းပိုးကောင် လောက်ကောင် တို့နေထိုင်မှာ အသိုက်အဇုံ သဖွယ်၊ မစင်ကြယ် သောအပုပ်ကောင် ဤခန္ဓာအိမ် အဆွေးအမြေ့ ကြီးကို စွန့်ခဲ့ပါလော့။

(၂) အလို ရှိအပ်၊ တောင့်တအပ်၊ မြတ်လှစွာသော အသရေအပေါင်းနှင့်ပြည့်စုံသောဤနတ်စည်းစိမ် နတ်ချမ်းသာရှိရာသို့ ချမ်းချမ်းသာသာ ကြွတော်မူ ခဲ့ပါလော့။ အို.... သက်ထား ရှစင် ခင်ဗျန်းလင်း ကိုတိသ။ ကျွန်တော်မ မယ်သုမနကား-ကိုတိသ အလျင် ယခု တုသိတာ နတ်ရထားကြီး ပေါ်

ရောက်ရှိနေပါပြီ။ မောင်မယ်တူစုံ တုဿိတာနတ်ဘုံသို့ လာအတူသွားကြပါစို့လား ကိုတိသ”

ကိုတိသသည်လည်း မယ်သုမန ခေါ်ဆောင်ရာ တုဿိတာနည်ပြည်သို့ပါသွားလေသတည်း။ ဤအရိယာဂလွတိသ ဝတ္ထုကို အောက်ပါ အနုသာသနီကထာဖြင့် နိဂုံးချုပ်သွား၏။

“လူ့ခြမ်းသာ၊ နတ်ခြမ်းသာ၊ နိဗ္ဗာန်ခြမ်းသာကို လိုလားတောင့်တသူတို့သည် ဤသို့သောသူတော်ကောင်းတို့၏ မြတ်သောကျင့်စဉ်ကို မြင်အောင်၊ ထင်အောင် ရှုကြကုန်လျက်၊ ညစ်ကြေးမတင်၊ စင်ကြယ်သောသီလရှိသော သကျပုတ္တ သာကီယနွယ်ဝင် သံဃာတော် အသျှင်သူမြတ် တို့အား တတ်အားသမျှပေးလှူကြပါကုန်။ ဒါန၏အကျိုးကား....ထူးထူးခြားခြားတက်ကြွ ရဲရင့်စေ၏။ အပူခပ်သိမ်းကို ငြိမ်းစေ၏။ လူ့အသုံးအဆောင်၊နတ်အသုံးအဆောင်ကို အကြွင်းမဲ့ပေးနိုင်၏။ ဘဝ၏ နိဂုံးချုပ်ဆုံးရာနိဗ္ဗာန်အထိ ပို့ဆောင်ပေးနိုင်၏။

(၁၇)

ဂါမ ဒါယိကာမ

ရွာနာမည်က အဆန်းဖြစ်၏။ ဗြာဟ္မဏစောလိဟုခေါ်သည်။ အနူရာဓမြို့တော်၏ တောင်ဘက် မျက်နှာတွင်ရှိ၏။ ကုန်းပိုင်းကျသောဒေသ ဖြစ်သည်။ ထိုအရပ်၌ နေသူတို့၏ အသတ်မွေးဝမ်းကျောင်းမှုမှာ ပဲ နှမ်း အာလူး ပြောင်း ဝါဂွမ်း စသည်တို့ ဖြစ်လေသည်။

ဗြာဟ္မဏ်စောလိ ရွာသားများသည် အများအားဖြင့် ပဲကြီး ပဲသွန်း ပဲနောက် ပဲဗိစပ် စသော ပဲအမျိုးမျိုးကို ထိုဒေသ၏ ထွက်ကုန်ပစ္စည်းအဖြစ်ဖြင့် အားသွန်ခွန်စိုက် လုပ်ကိုင်ကြသည်။ ပဲအမျိုးမျိုးကို အဓိကထား၍လုပ်ကိုင်သောအရပ်ဖြစ်၏။ ပဲသည် ထိုဒေသ၏ထွက်ကုန်ဖြစ်လေ၏။

ပဲပေါ်ချိန်သည် ဆောင်း နှောင်း၊ နွေဦးပေါက် ကာလဖြစ်၏။ ထိုအချိန်တွင် အများအားဖြင့် တောသူ တောင်သားများအဖို့ ငွေရှင်သောရာသီဟူ၍လည်း ဆိုနိုင်သည်။

ကုန်းခေါင်သောဒေသဖြစ်သည့်အလျောက် နွေပေါက်သည် ဆိုလျှင်ပင် နှစ်တိုင်း ကြုံရမြဲဖြစ်သော ပြဿနာမှာ ရေဖြစ်လေသည်။ ရေအလွန်ရှားသောအရပ်ဖြစ်၏။ ရေ သောက်ရပါမည့် အကြောင်း ရွာနှင့် နှစ်တိုင်ကွာ သုံးတိုင်ကွာခရီးအထိ ပင်ပန်းကြီးစွာခံ၍ တကူးတကွ သွားရောက်၍ ခပ်ကြရသည်။ အချို့လှည်းရှိသူများက လှည်းဖြင့် ရေတိုက်ကြသည်။

"ဟေ့ကောင်မတွေ့၊ ရေကို ချေချေတာတာ လုပ်ကြနော်"

ဤအသံမှာ ပဲခင်းပေါ်မှပို့၍ထွက်လာသော အမျိုးသမီး၏ အမိန့်ပေးသံဖြစ်၏။ ကျေးတောသူတသိုက် တပျော်တပါးကြီး ပဲခင်းထဲ၌ ပဲ ကောက်နေကြရာ၊ တယောက်သော သူက ရေမသောက်ရမှာ ပူပင်သောကဖြင့် သတိပေးလိုက်ခြင်း ဖြစ်လေသည်။

ခြစ်ခြစ်တောက် ပူပြင်းသောနေရောင်အောက်၌ ပဲပင်မျှားသည် ခြောက်သွေ့ကာ ခြေဖြင့် နင်းမိလျှင် ဖျစ်ဖျစ် မြည်၏။ လက်နှင့် ထိလျှင် ကြွေ၏။ အထိမခံ ဖွဲ့ပန်းကန် အရွက်မျှား ဘဝသို့ရောက်နေကြလေပြီ။ အမျိုးသမီးမျှားသည်အိတ်ထောင်ကို ခါးဝိုက်မြဲမြံစွာသိုင်းချည်လျက်၊တကုန်းကုန်း တကွကွသီချင်းကလေးတအေးအေးနှင့်ပဲကောက်လျက်ရှိနေကြ၏။ပူပြင်းသောနေ၏ဒဏ်ကို ခေါင်းကို တဘက်နှမ်းမျှားဖြင့် ပေါင်းထား၍ခုခံကြသည်၊ ကာကွယ်ကြသည်။

နေသည် အစုံမ်းကုန် ပူလေ၏။ သူတို့၏ကိုယ်မှချွေးရည်မျှားသည် တစိမ့်စိမ့်ယိုလေ၏။ပဲခင်းဘေးမှ ဖျောက်ဆိပ်ပင်ကြီးကား သူတို့အတွက်အေးရိပ်ဆာယာဖြစ်လေသည်။ ပူလွန်းမကပူသောအခါ ထိုဖျောက်ဆိပ်ပင်အရိပ်၌ ခိုရှိနားကြယင်း ရေသောက်ကြသည်။ ကောက်ပြီးသား ပဲတောင့်မျှားကို ပုံထားကြသည်မှာ ဖျောက်ဆိပ်အောက်၌ တောင်ပုံယာပုံ ဖြစ်နေ၏။

ဤပဲတောင့်မျှားသည် သူတို့၏ ထမင်းလည်း ဟုတ်သည်။ ဟင်းလည်း ဟုတ်သည်။ အဝတ်အစား ဆိုကလည်း မမှား။ နေရာထိုင်ခင်း အိုးအိမ်ကစ ရွှေ့ဆိုကလည်း မမှားချေ။ ဆန့်

ရပါမည့်အကြောင်း ပဲနှင့်လဲစားကြ၏။ ဆီဆိုလျှင်ပဲနှင့်ထပ်ကြရ၏။ အဝတ်ဆိုလျှင်လည်း ပဲပေးမှသာ ဝတ်ကြရလေသည်။ ထို့ကြောင့် ပဲသည် သူတို့အတွက် အသက်သွေးခဲ ဖြစ်လေ၏။ သီဟိုဠ်တကျွန်းလုံးသည် ပဲရရှိရေးအတွက် ထိုဗြာဟ္မဏစောလိနယ်ကို အားအကိုးရဆုံးဖြစ်သောကြောင့် ပဲပေါ်ချိန်တန်လျှင် ထိုဒေသ၌ ကုန်သည် ပွဲစားများ ခြေချင်း လိန်နေတော့၏။

ထို့ကြောင့် သူတို့၏ အသက်သွေးကြောဖြစ်သောပဲခင်းများ ပေါ်ပြီဆိုလျှင် အပျိုတအုပ်သည် ပဲနှုတ်သူက နှုတ်၊ ပဲခြောက်ကောက်သူက ကောက်၊ တံစဉ်ဖြင့် ပဲရိုးရိတ်သူကရိတ်၊ စိတ်လက်ရိနွမ်း ပင်ပန်းရမှန်းမသိ၊ဖိဖိစီးစီးလုပ်ကိုင်ကြယင်းမှ တခါတခါ အမောပြေ အပန်းပြေ ဆိုသလို၊ နေခိုယင်း ဤသို့ နားလေ့ရှိကြ၏။

"ညည်းတို့ ရေကို ချေချေတာတာ သုံးကြအေ....။ နေ စွယ်မကျိုးသေးဘူး။ ရေက ကုန်ခါနီးနေပြီ"

တဦးသော အပျိုက ရေချိုကိုခပ်၍ ဒေသာက်ယင်း သတိပေးပြန်သည်ကို ထောက်လျှင် ရေသည် ဘဲ့ကလောက် အရေးကြီးကြောင်း ခန့်မှန်းနိုင်၏။ တခါတခါများ၌ နေကုန်အောင် မခံမည်စိုးသောကြောင့် အာစွတ်ရုံ ရေမျှ၍ ဆွတ်ကြရသောအခါများနှင့်ပင်ကြုံကြရသဖြင့် ရေကို အထူးချေတာနေကြရသည်။

တအောင့် တနား နားကြပြီးနောက် အလုပ်ခွင်သို့ ပြန်ဝင်ကြပြန်၏။ဤသည်ကား သူတို့၏ ထာဝရမူမှန် အလုပ်ဖြစ်လေသည်။ ပဲခင်းထဲ၌ နေကို ကျောပေး၍ တေးတကျူကျူနှင့် ပဲကောက်နေ၏။ တချက် တချက် လေသည် သူတို့ဆီသို့ ဝေ့ဝေ့

လာပါသည်။ သူတို့၏ သနပ်ခါးဘဲကျား ပါးအို ကလေးများ ကို ပွတ်တိုက်၍ပင် ကစားသွားသေး၏။

သို့သော် ထိုလေလာရာ လမ်းတလျှောက်၌ ခြစ်ခြစ်တောက် ပူပြင်းချေရကား အပူလမ်းကြောင်း ပေါ်မှ ဖြတ်သန်းလာရသည် ဖြစ်သောကြောင့် ထိုလေသည်လည်း ပူနွေးနွေးလေးဖြစ်နေ၏။ လေအေးမဟုတ်သောကြောင့် အိုက်စပ်ခြင်းဒဏ်ကို မခုခံနိုင်။ မကာကွယ်နိုင်။ ဖြိုင်ဖြိုင် ယိုစိမ်းနေသော ချွေးဖြင့် သူတို့၏ ကိုယ်ကလေးအား လုံး စေးဆိုင်းနေလေ၏။

ဆောင်းစရာထီးလည်းမပါ။ နွေထပ်သက်နှံကြီးကို ခေါက်၍ ထီးသဖွယ်ခေါင်းပေါ်တင်လျက် ငရဲမီးပွက်သလို ပူပြင်းလှသော နေရောင်အောက်၌ ခရီးသွား သံဃာတော်တပါးသည် တမတ် စောက်စောက် လျှောက်သွားနေ၏။ ချွေးစိမ်းကြီးများ ကျနေသည်မှာ ကျောပြင်နှင့် ရွှေရင်အုံတခို၌ သက်နှံးများ ခဲခဲစိုနေ၏။ ရေမွတ်သိပ် လှသော ကြောင့်လည်း ထိုကိုယ်တော်မှာ "အာ"များပင် ခြောက်ကပ်နေလေပြီ။

ဖျောက်ဆိပ်ပင်ကြီးအောက်သို့ အမျိုးသမီးတယောက်သည် ရေသောက်မည် အကြံနှင့် ရောက်လာခိုက်၊ ထိုရေမွတ်သိပ်လှ သော ကိုယ်တော်သည် ထိုနေရာသို့ စိုက်စိုက် စိုက်စိုက်နှင့် ကြွ လာလေသော်၊ အမျိုးသမီးသည် ထိုကိုယ်တော်၏ အသွေးကို မြင်သဖြင့် ရေတပ်လာသောအသွင်ကိုသိသဖြင့် အများသောက် ရန်အတွက် ချွေချွေတာတာ ချန်ထားသော ထိုရေကျန်ကို အကုန် လှူလိုက်လေ၏။

ထိုကိုယ်တော်ကား ရေမွတ်သိပ်လှသည်မှာ အဘယ်မျှကြာပြီမသိ။ ရေခွက်နှင့်မျက်နှာ မခွါအောင်ရှိနေ၏။ ရေအလှူအမအမျိုးသမီးသည်ကား အငန်းမရ ဘုဉ်းပေးနေတော် မူသည်ကို ဒူးထောက်ရှိခိုးယင်း ပီဘိရှန်းသော အမူအရာဖြင့် ဖူးမြော်နေလေသည်။ထိုကိုယ်တော် ကြွသွားလေသည်အထိ စိမ့်သော ပီတိဖြင့် မျက်စိတဆုံးကြည့်နေယင်း ကျန်ခဲ့လေ၏။

ဤသည့်နောက်ပိုင်း၌ ပဲကောက်ကြသူ မရွှေချောတို့အုပ်စု၌ ခိုးလိုးခုလု ဖြစ်လာ လေတော့သည်။ ပွစိ ပွစိနှင့် တယောက်တပေါက်နှုတ်နှင့်စောင်းမြောင်း၊များစောင်းနှင့်ခုတ်လုပ်ကြလေ၏။အယုတ္တ-အနတ္ထ အသုံးအနှုန်းဖြင့် ဖေလုံး၊ မောင်လုံးတွေပါ ပါလာကုန်လေပြီ။

"ဒီရေတွေ ကုန်အောင် ဘယ်မသာမက ဘာလုပ်ပစ်တယ်မသိဘူး၊တကတဲတော် ခွေးလျက်ထက်ပြောင်သေးတယ်။ ရေဆိုတစက်မှ မရှိတော့ဘူး"

ခါးခါးတူး ဆူပူဆိုဆဲ၊ ရေဆာသည့်ဒဏ်ကို မခံနိုင်လေတိုင်းမဲ၍ ဆဲကြလေသော အခါ အဆိုပါ ရေလှူမိသူက အကျိုးအကြောင်း ပြောပြတောင်းပန် သော်လည်း မရ။ ဒေါသမျက်မာန်ဖြင့် ကက်ကက်လန် ရန်တွေ့ကြလေ၏။

"ဟင်း....ကောင်းမ၊တယ်သဒ္ဓါတရားကောင်း။ လှူရအောင်က ညည်းတယောက်ထဲ ပိုင်တဲ့ပစ္စည်းလား ပြောစမ်းပါအုံး။ ရွှေအတွက် ဘယ့်လောက် အတိဒုက္ခ ရောက်နေတယ်ဆိုတာ ညည်းလဲအသိ။ဒါနဲ့များတောင် ညည်းက တယ်လေ-ငါပေးစားလိုက်ရမကောင်းဘဲ နေရော့မယ်"

ရေလူမိသူအား ဟိုကမာန်လိုက်၊ သည်ကမဲလိုက်၊ သူကကြိမ်းလိုက်၊ငါကကြိမ်းလိုက်၊ ဝိုင်းဟောက်ကြသည်။ သူခမျာ တုတ်တုတ်မျှ မလှုပ်ဝံ့ရှာလေ။

"ဟေ့ကောင်မ၊ ခုမှ ဘာငိုင်နေတာလဲ။ ကြက်သရေမရှိ၊ ကြက်သရဲမရှိ၊ သွား။ညည်းရေအစားရှာပေး၊ မမေးရင် ဟာဒီငါ့ဘိနပ်က ပါးမရွေးဘူး သိလား။ငါတယ်လေ"

ပြောပြောဆိုဆို တယောက်သော အမျိုးသမီးက ဒေါသတကြီး ဘိနပ်နှင့်အုပ်၊တယောက်က လက်ကိုဖမ်းချုပ်လျက်-

"သလောက်တောင်လဲ ဒေါသ ကြီးစရာ မှုတ်ပါဘူးလေ၊ အချင်းချင်းတွဲဘဲဟာ။ ကဲ-ညည်းကလဲ ဘယ်လိုမှ မအောင်းမေ့နဲ့။ငတ်တော့လဲ ဆိုမိဆဲမိဘာဘဲ။ရေကိုသာ ရအောင်ရှာပေးလိုက်။ညည်းတို့ကလဲ တော်ကြ။ ရေသောက်ရရင် ကျေနပ်ကြ"

ဤသို့ကြား၀င် ဖြန်ဖြေပြီးနောက် ထိုအမျိုးသမီးအား ရေရှာလွှတ်လိုက်လေသည်။ ထိုအမျိုးသမီးကား မိမိအား ဆဲရေးတိုင်းထွာသူတို့ အပေါ် ၌ စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်းမရှိ။ ရေလူလိုက်ရသော ပိတ်ဖြင့်ဘာ ဖျောက်ဆိပ်ပင် အောက်မှ ထွက်ခွါလာခဲ့သည်။ကြောက်၍သာ ရေအိုးရွက်၍ ထွက်ခဲ့ရ၏။ နေကအလွန်ပူသည်။ ရေခပ်သွားရမည့် နေရာကလည်း ဝေးလှသည်။ ဂါဝုတ်၊ ကောသ(မိုင်)နှင့် တွက်ရလောက်အောင်ပင် ခရီးကလှမ်းသည်။

သို့သော်-သူကား အပြုံးမပျက်၊ ရေအိုးကလေးရွက်၍ ထွက်ခဲ့ရာမှ ယာခင်း ပြင်ဘက်သို့အရောက်၊ ရှေးက ရေမရှိခဲ့သော ချောက်ဦးတို့ကလေးသို့ အဆင်း၊ သူ၏ထက်သော စေတနာ

အဟုန်ကြောင့် မြေဝသုန် ဟက်တက်ကဲ့ကာ ရေမျှားပန်းထုက် လာသည်ကို တွေ့ရလေ၏။ ရဟန်းတပါးအား ရေလှူရသော အကျိုးသည် မိုးမရွာဘဲလျက် မြေအက်၍ ရေထွက်လာရ၏။ ဤအကြောင်းနှင့်ပတ်သက်၍ ရေလှူရသောအကျိုး တန်ခိုးကြီး မားပုံကို ဂါထာသီကုံး၍ ထုံးဖွဲ့ထားသည်မှာ-

(၁) အို-သူတော်စင်အပေါင်းတို့၊ လူခြင်း၏ ရင်းမြစ် မူလဘူတကားယုံကြည်ချက်သဒ္ဓါသာလျှင်ဖြစ်ပေ၏။ သဒ္ဓါ၏ရင်းမြစ်ကား မလှူမီကာလ၊ လှူတုန်း လှူဆဲ၊လှူပြီးကာလ၊ ဤကာလသုံးပါး၌ စေတနာ သုံးတန်နှင့် ပြည့်စုံစေရ၏။ စေတနာသုံးတန် ပြ ဋ္ဌာန်း၍ လှူအပ်သော အလှူသည် အနည်းငယ်ပင် ဖြစ်စေကာမူ အခါမဝေး၊ချက်ခြင်း အကျိုးပေး နိုင်ပေသည်။

(၂) ဒါနဟုဆိုအပ်သော ပေးလှူကြောင်း စေတနာ သည် သုဂတိဘုံ၊ နတ်ရိပ်မြုံသို့ လားရခြင်း၏ အကြောင်းလည်း မည်ပေ၏။ မြေ၌မြုပ်ထားအပ် သော ရွှေအိုးကြီးနှင့်လည်း အလားတူပေ၏။ သူ ခပ်သိမ်းတို့အား မိမိ အလိုသို့ ပါအောင်လည်း ပြုတတ်ပေ၏။ ဤရွှေ ဤမျှသော အကျိုးသာ ခံစားရသည်ဟု ပိုင်းခြားချက်လည်းမရှိ။ ဆောဂါ ခပ်သိမ်းကိုပျောက်အောင် ကုစားနိုင်သောဆေး ဝါးကောင်းနှင့်လည်း တူ၏။

(၃) ထိုဒါနသည် ဘေးရန်တစုံ ကိုယ်၌ ကြုံလာသော အခါ အသက်မျှလောက် စောင့်ရှောက် ကူညီသော မိတ်ဆွေကောင်းနှင့်လည်း တူ၏။ လိုအပ်သော ဆန္ဒကို ပြည့် အောင် ဖြည့် တင်း ပေးသော မဏိဇောတ ပတ္တမြားနှင့် လည်း တူ၏။ အဆင်သင့် ခူးခပ်၍စားရုံ၊ ချက်ပြီးသား ထမင်းအိုးနှင့်လည်း တူ၏။ သီးမျိုးစုံ ဝေဆာသည့် နတ်ပဒေသာပင်ကြီးနှင့်လည်း တူ၏။

(၄) ဤပဲကောက်နေသူ အမျိုးသမီးသည်ကားဆိုလျှင် သဒ္ဓါတရားရှိရှိဖြင့် သောက်တော်ရေမျှကိုလှူလိုက်သော အကျိုးကြောင့် ချက်ခြင်းပင် ကြည်လင်၍ အေးမြသောရေကို သုံး၍ မကုန်နိုင်အောင် ရဘူးလေပြီ။

(၅) ထိုကြောင့် အလှူကိုမပြတ် လှူသင့်ကြပေသည်။ သဒ္ဓါတရားရှေထား၍စေတနာသုံးတန်ပြဌာန်းပြီးလျှင် အယုတ်၊အလတ်၊အမြတ်မရွေး ပေးလှူကြရာ၏။

ထိုသူငယ်မသည် ရေခပ်၍ ဆောလျင်စွာ ပြန်လာခဲ့ပြီး သူ အဖော်အပေါင်းနှုတ်သီးကောင်းတို့အား ပေးလေ၏။ ထိုအခါ အံ့ဩသောမျက်စိဖြင့် ကြည့်ကြကုန်ပြီးလျှင်

"ဒီအနီးအပါးမှာ ရှေးက ရေမရှိခဲ့။ ဒီရေကို ညည်းဘယ်က ရှာသလဲ"

ရေကိုအလုအယက်သောက်ကြယင်း တယောက်တခွန်း မေးကြ မြန်းကြ ပြုံလာကြသည်။ မျက်နှာချို့သွေးကာ ဤတွင်မှ အရေးပေးလာကြသည်။

"ကောင်မရယ်၊ ဒို့ပြောမိဆိုမိတာ ခွင့်လွှတ်နော်။ရေ ဘယ်မှာလဲ ဒို့ကိုလိုက်ပြစမ်းပါ"

ဤသို့ တောင်းပန်တိုးလျှိုး ဝန်ချသူအမျိုးသမီးတစုကိုခေါ်သွားကာ၊ ရေရှိရာကိုလက်ညှိုးညွှန်ပြ၍ ထိုအမျိုးသမီးကပြသော်လည်း တယောက်မျှမြင်ရသူမရှိလေ၊ထိုအခါရေလှူသော အမျိုးသမီးက ဦးသုံးကြိမ်ချပြီး ဤသို့အဓိဋ္ဌာန်ပြုလေ၏။

"ဤရေသည် သံဃာတော်အသျှင်မြတ်အား စေတနာသုံးတန်ပြဋ္ဌာန်း၍ ရေလှူရသောအကျိုးကြောင့်မြေကဲ့ပြီးအက်ကာ ပေါ်ထွက်လာခြင်းမှန်ပါကအကျွန်ုပ်ကဲ့သို့ပင် ဤရေကိုအားလုံးမြင်ကြရပါစေသား...."

ဤအဓိဋ္ဌာန်အဆုံး၌ ပြန်မှလွှတ်လိုက်သလို၊ ရေလုံးသန်သန်နှင့် ပန်းထွက်နေသောရေမျှားကို အားလုံးမြင်ကြရလေ၏။ ထို့အခါမှစ၍ ထိုနေရာ၌ ရေသည် ပြတ်သည်မရှိ၊ အမြဲသာလျှင်စီးနေ၏။ ကြာသော်မြစ်ချောင်းငယ်လေးအသွင် ဖြစ်လာ၏။ ရေအခက်အခဲပြဿနာနှင့်ရင်ဆိုင်နေကြရသူမျှားသည် ရေကြည်ရာ၊မြက်နုရာဆိုသကဲ့သို့ ရေလွယ်ကူသောဤဒေသသို့ရွှေ့ပြောင်းနေထိုင်လာကြသောကြောင့် မကြာခင်ပင် ရွာတရွာဖြစ်လာ၏။ ထို့ရွာကား'မာသပို့ဋ္ဌဂါမ' ပဲကောက်ရွာဟုတ္တင်၏။

ထိုရေလှူခဲ့သောအမျိုးသမီးသည် သက်တန်းစေ့အတိုင်းနေ၍ စုတေသော်-ဒေဝသုဂတိ နတ်ပြည်သို့လားရောက်လေသတည်း။ ဤဝတ္ထုအဆုံး နိဂုံးသြဝါဒကထာကား-

"ဤအမျိုးသမီး၏ လှုပ်ကို စံနမူနာယူ၍ သဒ္ဓါတရား ရှေးသွားပြုကာ ပေးလှူရာ၏။ လှူသည်ရှိသော လှူရသောအကျိုးအာဒါးဖြင့် ကြီးစွဲသောလှူစည်းစိမ်နတ်စည်းစိမ်ကို ကြိမ်ဖန်များစွာ ခံစားရမည်။ တကြိမ်တခါ လှူကာမျှဖြင့် ဤသို့ ခံစားရသေးလျှင် အကြင်းမဲ့အားဖြင့် မပြတ်မလတ် ကြိမ်ဖန်များစွာ တလစပ်အလှူများသောပုဂ္ဂိုလ်အား ဘုရားမဖြစ်နိုင်ဘူးဟူ၍ အဘယ်သူသည် ပြောနိုင်ပါမည်နည်း"

(၁၈)

ဓမ္မာဒါယိကာမ

"ဟယ်အချင်းတို့၊ငါ့အာဏာကိုဖီဆန်ရာသလော။ အဘယ့်ကြောင့် ဤသစ်ခေါက်ဆိုး သက်နှံးအလံကြီးကို လွှင့်ထူကြသနည်း"

သဒ္ဓါတော်သမင်းသည် မဏ္ဍပ် မုခ်ဦးရှေ့၌ လွှင့်ထူထားသော သက်နှံးအလံကြီးကိုကြည့်ကာ မျှားစွဲမျက်မှာန်တော်ပွားလျက် ရှိနေပြီး မဟာဒါန်ဝန်နှင့်တကွ မင်းချင်း ယောကျ်းတို့အား ဆူပူကြိမ်းမောင်းရှိနေလေသည်။

နေရာကား ရောဟနဇနပုဒ်၊ 'တိရိတိမ္ဗလတိဿ' အမည်ရှိသော တောင်ခြေဌေးဖြစ်၏။ ထိုတောင်ခြေတွင် သံဃဘော်ငါးရာသီတင်းသုံးနေထိုင်သော ကျောင်းတိုက်ကြီး ရှိလေသည်။ သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့၌ ပဝါရဏာပွဲတော်ကြီး ဆင်ယင်ကျင်းပရန်အတွက် စီစဉ်ရန်မဟာဒါန်ဝန်ကိုသဒ္ဓါတိဿမင်းက စေလွှတ်လိုက်သည်။ မဏ္ဍပ်ကန္ဒား ခမ်းနား ကြီးကျယ်စွာ ဆောက်လုပ်စေပြီး လှုပစွာ တန်ဆာဆင်ရန် အတွက် ကတ္တီပါ၊ပိုးဖဲစသော အထည်အလိပ်မျှား၊ ရွှေချည်ထိုး၊ငွေချည်ထိုး အထည်အလိပ်မျှား၊ တံခွန် ကုက္ကဲားစသော ပစ္စည်းမျှားကိုလည်း နန်းတော်မှထုတ်ပေးလိုက်လေသည်။

ပဝါရဏာနေ့ရောက်၍ နန်းတော်မှ ထွက်တော်မူလာသော အခါ တိရိတိမ္ဗလတိဿ တောင်ခြေရှိမဏ္ဍပ်မုခ်ဦး၌ လေကစား တိုင်း ကြွးတလူလူဝေနေသော အထက်အဆိုပါသက်နှံး အလံ

ကြီးကို တွေ့မြင်ရလျှင်မရှင်နိုင်အောင်ဖြစ်ကာ ဆူပူကြိမ်းမောင်းခြင်းပြုနေခြင်းဖြစ်၏။

"ဒီသင်္ကန်းအလံကြီးကို ဘာ့ကြောင့်လွှင့်ထူရသလဲကိုရွှေဝန်အဲဒါမြန်မြန် သံတော်ဦးတင်စမ်း"

အပါးတွင် ဒူးတုပ်၍ ခ,စားနေသော မဟာဒါန်ဝန်အားဒေါသနှင့် ထပ်မံ၍မေးလိုက်ပြန်သည်။ မဟာဒါန်ဝန်မင်းလည်းကြောက်ကြောက်နှင့် လျှောက်တင်လေ၏။

"အရှင်မင်းကြီး၊ ဤသင်္ကန်းအလံကို ကျွန်တော်မျိုးတို့လွှင့်ထူရသည်မဟုတ်ပါ။ ဤသင်္ကန်းသည် သံဃာတော်များအတွက်ကျေးဇူးတရားကြီးလှပေသည်ဆို၍ သံဃာတော်များ စိုက်ထူသွားခြင်းဖြစ်ပါသည်။ မြစ်တားရန်မဝံ့၍ ကျွန်တော်မျိုးတို့ အသာကြည့်နေလိုက်ရကြောင်းပါဘုရား"

သံဃာတော်များ စိုက်ထူသွားသည်ဆိုသောကြောင့် သဒ္ဓါတိဿမင်းမှာ အမျက်မထွက်သာဖြစ်သွားလေ၏။ခေတ္တမျှတွေ၍စဉ်းစားတော်မူနေပြီးမှ

"သံဃာတော်များအတွက် သင်္ကန်းဟာ အဘယ်သို့ကျေးဇူးများသတဲ့လဲမောင်မင်း"

"ဘုရားကျွန်တော်မျိုးတို့အား မိန့်ကြားတော်မူခြင်း မရှိ၍မသိရကြောင်းပါဘုရား"

သင်္ကန်းအလံလွှင့်ထူခြင်းပြဿနာကား၊မင်းတရား၏သဏ္ဌာန်၌ မတင်မကျဖြစ်နေ၏။ ထို့ကြောင့်လည်း သဒ္ဓါတိဿ မင်းသည် သံဃာတော်များထံချဉ်းကပ်၍ထိုအကြောင်းကိုလျှောက်ထားလျှင်သံဃနာယကဖြစ်တော်မူသောဆရာတော်ကထိုသင်္ကန်း

၏ အကျိုးကြီးမားပုံကို အောက်ပါအတိုင်း မိန့်ကြားတော်မူလေ၏။

"ဒါယကာမင်းတရား။ ဤသက်နှံးသည် တဝါတွင်းမျှသော ကာလအတွင်း၌ ငါးရာကုန်သော ရဟန်းတို့အား အာသဝေါကင်းကွဲသော ရဟန္တာအဖြစ်သို့ ရောက်စေခဲ့သော သက်နှံးဖြစ်ပေသည်။ သံဃာတော်များအတွက် သို့စင်မျှ အကျိုးကြီးမားလှသော သက်နှံးဖြစ်ပေ၏။

"မြတ်သောမင်းကြီး။ ဆင်းရဲနွမ်းပါးရှာသော ဒါယိကာမတဦးသည် ဤကျောင်းတို့က်အတွင်း၌ ဝါကပ်တော်မူကြသော သံဃာတော်များကိုရည်မှန်း၍ဝါဆိုသက်နှံးအဖြစ် ကပ်လှူသွား၏။ သို့ဖြစ်၍ဤတိုက်အတွင်းရှိ ဝါဆိုသံဃာငါးရာစလုံးက ဤသက်နှံးကို ပိုင်ဆိုင်ပေသည်။ အာရာမိက သံဃိ.က (ဘုံပစ္စည်း) ဖြစ်ပေသည်။

"မြတ်သောမင်းကြီး။ ဝါဆိုငါးရာ အနက်မှ တဦးသော ရဟန်းက ထိုသက်နှံးကို သူသုံးလမျှဝတ်ပါရစေဟု သံဃာ့ထံ၌ ပန်လျာ၏။ နောက်တပါးကလည်း နှစ်လတောင်းသည်။ နောက်တပါးက တလတောင်းသည်၊ နောက်တပါးက ၁၅ရက်၊ နောက်တပါးက ၁၀ ရက်၊ နောက်တပါးက၅ ရက်။ ဤသို့လျှင်အစဉ်အတိုင်း ၄ ရက်၊ ၃ ရက်၊ ၂ရက်တိုင်အောင် ဝတ်ရုံခွင့်တောင်းကြသော်လည်း သံဃာတော်များကမူသူကိုမျှ ခွင့်မပြုခဲ့ပေ။

"မြတ်သောမင်းကြီး။ တဦးသောရဟန်းကမူ၊ တရက်ဘာမျှ စတ်ပါရစေဟုပန်ကြားပေ၏။ သံဃာတော်က ထိုရဟန်းအား တရက် ပေးလိုက်ပေသည်။ ထိုရဟန်းသည် ထိုသက်နှံးကိုသပွာယ်

စွာဝတ်ရုံလျက်ဝိပဿနာများကိုပွားများရင်း စင်္ကြံလျှောက်၏။ ခုနစ်ဖဝါးမျှလှမ်းမိသောအခါရဟန္တာဖြစ်သွားလေသည်။

"မြတ်သောမင်းကြီး။ နောက်ရဟန်းတပါးလည်း တရက်မျှဝတ်၍ တရားအားထုတ်လျှင်ရှေးနည်းတူ ရဟန္တာဖြစ်လေ၏။ ဤသို့လျှင် သံဃာတော်များသည် ထိုသင်္ကန်းကို ရက်ပိုင်း၊နာရီပိုင်းစသည်ဖြင့် ဝတ်ရုံကာ အားထုတ်ခြင်းအားဖြင့် ဝါးရာစလုံး ရဟန္တာချဉ်းဖြစ်ရကုန်၏။ ထိုသင်္ကန်းကား သံဃာတော်များအတွက် သို့စင်မျှ အကျိုးကြီးမားလှပေသည်။ ထိုသင်္ကန်းကို မဏ္ဍပ်မုခ်ဦးရှေ့၌ အောင်လံ စိုက်ထူထားကြခြင်းကား-

(၁) မြတ်သောမင်းကြီး။ဤသင်္ကန်းကား၊ ကိလေသာမြူမှေး၊ညစ်အကြေးတို့မှကင်းဝေး စင်ကြယ်သော ရဟန်းတော်တို့ဝတ်ရုံသုံးစွဲပြီးဖြစ်၍ စွန့်ထားသော သင်္ကန်းဟောင်းဖြစ်ပေ၏။ရဟန်းမြတ်တို့၏အောင်လံ တံခွန်ဖြစ်သော ထိုသင်္ကန်းကို အကြင်နေရာ၌ တွေ့မြင်ရ၏။ ထိုမြင်သောနေရာ၊ မြင်ရာ အရပ်၌ မရိုမသေ၊မလေးမစားမပြုအပ်၊မပြုသင့်မပြုထိုက်၊ မပြုစကောင်း။

(၂) ထိုသင်္ကန်းသည် နိဗ္ဗာန်ထုတ်ချောက် ရောက် စေနိုင်သည်ဖြစ်သောကြောင့် သတ္တဝါအဆူဆူ၊ဟူဟူသမျှရှိခိုးခြင်းဖြင့် အရိုအသေပြုအပ်သည်သာဖြစ်၏။ မထေမဲ့မြင် မပြုထိုက်၊ ထိုသင်္ကန်းကား၊ ကိလေသာတည်းဟူသော ရန်သူစစ်တပ်ကြီးကိုအပြီးပိုင် ဖြိုခွင်းတိုက်ခိုက်သော စစ်ပွဲ၌အသုံးပြုသောရဲတံခွန် အောင်လံတော်ဖြစ်ပေသည်။

(၃) မြတ်သောမင်းကြီး။ မင်္ဂလာမဏ္ဍပ်၏ရှေ မုခ်ဦးဌ် စိုက်ထူထားအပ်သော ဤသင်္ကန်းကား၊ ဖန်ရည်ဆိုးကာမျှ သင်္ကန်းမည်ကာမျှမဟုတ်ပေ။ ဝတ်ရုံခြင်းအားဖြင့် ရဟန္တာအသျှင်မြတ်တို့ သုံးစွဲတော်မူကြပြီးဖြစ်သော 'အရဟဒ္ဓဇခေါ်သောရဲတံခွန်အောင်လံတော်ကြီး ဖြစ်ပေသည်။ ထို့ကြောင့်အောင်ပွဲရရဲတံခွန်ဖြစ်သော ထိုအောင်လံတော်သည် မင်္ဂလာမဏ္ဍပ်ရှေ့၌ လေဝှေ့တိုင်း ကွန့်မြူးလျက် အများတကာတို့၏ပူဇော်အထူးကို ခံယူနေခြင်းဖြစ်သည် ဒကာတော်မင်းမြတ်"

ဤသို့ သင်္ကန်း၏ဖြစ်ရပ်အတ္ထုပ္ပတ်ကို ထုတ်ဖော်၍မြွက်ကြားတော်မူလိုက်သောအခါ သဒ္ဓါတိဿမင်းသည် သင်္ကန်းတော်ကို စိတ်ဝင်စားသည်နှင့်အမျှ၊ထိုသင်္ကန်းကိုလှူသောအလှူဒါယိကာမအပေါ်၌လည်း အာရုံ လွင့်ပါး အထူးပင်စိတ်ဝင်စား လာလေသည်။

တိရိတိမ္ပလတိဿ တောင်သည် အပြာရောင် ကောင်း ကင်ကြီးပေါ်သို့ မော်၍ကြည့်နေ၏။တောင်၏အောက်ခြေ၌သင်္ကန်းကို အလံထူထားသော ရဲတံခွန်ကား-လေကစားရာသို့ ကြွားတလူလူ ဝေလျက်ရှိနေပေသည်။

"ဒကာတော်မင်းမြတ်၊ ဤသင်္ကန်းလှူသော အလှူ့ရှင် ဒါယိကာမကား၊ အခြားသူမဟုတ်၊ ဤကျောင်းတိုက်အနီးရှိ 'သိဝ' ရွာမှ ဆင်းရဲနွမ်းပါးလှသောအမျိုးသမီးတဦးဖြစ်ပေ၏။ အမည်မှာ 'ဓမ္မာ' ဟု တွင်ပေ၏။

ဤသို့သိရလျှင်ပင် သဒ္ဓါတိဿမင်းသည်မျှားစွဲဝမ်းမြောက်ခြင်းဖြစ်ရပြီး မင်းချင်းတယောက်အား ထိုရွာသို့သွားမျှ 'ဓမ္မာ' ဆိုသော အမျိုးသမီးကို ရွေးတော်သို့ခေါ်စေလေ၏။

ဓမ္မာကား....ဆင်းရဲတွင်းနက်လေစွ။စုတ်ပြတ်၍ အပ်ချည်ဖြင့် သီထားလော သူအင်္ကျီမှာ ချုပ်ရိုးချင်း ထပ်နေ၏။ ထိုအင်္ကျီကား ဘုရင့်ရွေတော်သို့ အခစား ဝင်ရမည် ဖြစ်သဖြင့် သူအဖို့ လက်ရွေးစင် အကောင်းဆုံးသော အဝတ်ဖြစ်၏။ သူ၏ဝါရွှေသော အသားရောင်ကို ဤအင်္ကျီစုတ်ဖြင့် ဖုံးထားသော်လည်း တောက်ပသောမျက်လုံး၊ခုံးမျက်စပိတုန်းတောင်၊ နှာရောင်ချွန်းမို့၊ ပါးအို့ကလေးဖောင်းဖောင်းနှင့် ဖြစ်သောကြောင့်အလွန်ကြည့်ကောင်းသောမိန်းမခချောကလေးတယောက် ဖြစ်နေသည်ကိုကား ဖုံးထား၍မရချေ။

တော၏သမီးကညာမယ်ဓမ္မာသည်သဒ္ဓါတိဿမင်းရွှေမှောက်၌ ကြောက်ရုံ့ဟန်ဖြင့် အခစားရောက်နေပြီ ဖြစ်၏။ မင်းထံစိုးပေါက် သည်တခါသာရောက်ဘူးသဖြင့်လည်းကံ့ကျီးကန်းတောင်းမှောက်၊ ကြောက်မည်ဆိုကလည်းကြောက်ရှာပေမည်။

"သံဃာတော်မျှားအားမယ်မင်းကသက်နှံးလှုလိုက်ကြောင်းဆရာတော်ဘုရားက အမိန့်ရှိ၍သိရသဖြင့် ဝမ်းမြောက် နှမော်၊ ငါသာဓုခေါ်ရပေသည်။ သင်ဆင်းရဲနွမ်းပါးသူ ဖြစ်ကြောင်းကိုလည်း ငါကြားသိရ၏။ ဆင်းရဲသည့်ကြားကဘယ်နည်း၊ဘယ်ပုံ သက်နှံးလှူသည်ကိုသိလိုသောကြောင့် သင့်အား ငါခေါ်ယူမေးမြန်းခြင်းဖြစ်၏။ ဤသက်နှံးကို သင်မည်သို့ရသနည်း၊ ငါ့အား ပြောကြားပါဘိ"

ဤသို့မေးလေသော်၊ ဓမ္မာသည် လက်ဆယ်ချောင်းယှက်မိုးကာ ဦးတော်တင်၍ လျှောက်ထားသည်ကား-

"ဘုရား ကျွန်တော်မသည် တောတွင်းသူ ဖြစ်ပါသောကြောင့် မချေမင်၊ နားမခံသာအောင် ရိုင်းပြသောစကားများ ပါရှိသွားပါက ခွင့်လွှတ်တော် မူပါရန်ပါ ဘုရား"ဟု ရှိခိုးတောင်းပန် ပဏာမခံပြီးနောက် ဆက်၍ သင်္ကန်းတထည် ဖြစ်မြောက်ရရှိအောင် မည်သို့မည်ပုံ ပြုလုပ်ဆောင်ရွက်ခဲ့ရကြောင်းကို-

"ဘုရားကျွန်တော်မျိုးမကို ဤသိဝရွာမှာဖွားမြင်ခဲ့ပါသည်။ မိဘနှစ်ပါးနှင့် အတူတကွ နေထိုင်လာခဲ့ရာက၊ဘုရားကျွန်တော်မျိုးမ လူလားမမြောက်ခင်မှာပင် မိဘများ ကွယ်လွန်သွားခဲ့ပါသည်။ထိုအခါမှစ၍ အထီးကျန်ဘဝဖြင့် ကိုယ့်ဝမ်းစာကိုယ်ရှာ၍ စားလာခဲ့ရပါသည်။မိဘနှစ်ပါးပင်မရှိတော့သော်လည်း ဘုရားကျွန်တော်မျိုးမ လုပ်ကိုင် စားသောက်ရန် အတွက် လက်နှစ်ချောင်း ခြေနှစ်ချောင်းကို အမွေပေးထားခဲ့ပါ၏။

ဘုရားကျွန်မသည် မိဘ အမွေအနှစ် ဖြစ်တဲ့ လက်ခြေနှစ်ချောင်းဖြင့် ရင်းနှီးလျက် ပစ္စည်းရှိသူများက မောင်းထောင်းခိုင်းလျှင်လည်း ထောင်းပေး ရပါသည်။ ရေခပ်လျှဲအုံး ဆိုလျှင်လည်း ပြေး၍ ခပ်ပေးပါသည်။ ဟင်းရွက်ခူး၊ ဇီးသီးကောက်၊ အဝတ်လျှော်၊ထင်းခွဲ အစရှိတဲ့ တောက်တိုမယ်ရ အလုပ်တွေကို တရွာလုံးက ခိုင်းသမျှ ပေါ့ပေါ့ပါးပါး လုပ်ပေးပါသည်။ လုပ်ခအတွက် နှစ်ရွေးစ၊သုံးရွေးစ၊လေးရွေးစ ပေးကြ၊ ကမ်းကြတာနဲ့ဘဲ တဝမ်းတခါး ကျောင်းလာခဲ့တာဟာ ယခုအထိဖြစ်ပါ

သည်။စားရာမှာ ဝတဲ့အခါလဲဝ,ပါသည်။ပြတ်တလဲ့၊ငတ်တလဲ့ ကြုံတဲ့အခါလဲ ကြုံတတ်ပါသေးသည်။

ရွှေနားဆင်တော်မူပါဘုရား။ အခွင့်ကြုံသခိုက်ဘုရားကျွန်မရဲ့ ဘဝဖြစ်အင်ကို ကုန်စင်အောင် လျှောက်တင် လိုက်ပါရစေပါဘုရား။ဘုရားကျွန်တော်မျိုးမရဲ့ အလုပ်ဟာ မသေးငယ်လှပါဘုရား။ သူငှေးကြီးတွေအိမ်၊ သူကြွယ်ကြီးတွေအိမ်၊ အတော်အတင့်စားနိုင်သောက်နိုင်ရှိတဲ့ အိမ်အထိ၊ ဘုရားကျွန်တော်မအလုပ် မလုပ်ဘူးတဲ့အိမ်၊ ဘုရားကျွန်တော်မရဲ့ လက်ရာခြေရာနဲ့ ကင်းတဲ့အိမ်ရယ်လို့ မရှိပါ။နဲနဲပေးပြီးတော့ မျှားမျှားကြီးခိုင်းရတဲ့အတွက်ကြောင့်လဲ ဘုရားကျွန်မ အင်မတန် မျက်နှာပွင့်ပါသည်။ခိုင်းမဲ့၊စေမဲ့လူပေါပါသည်။ ဘုရားကျွန်မရဲ့ ဘဝကိုကလဲ ခိုင်းမဲ့စေမဲ့လူပေါမှ ထမင်းတလုပ် ဖောဖောသီသီ စားရမဲ့ဘဝမျိုးဆိုတော့ ခိုင်းတာကိုဘဲ ငါ့ကိုဆုချတာလို့ အောင်းမေ့ရပါသည်ဘုရား။

လုပ်နိုင်ကိုင်နိုင်၊လုပ်ဖော်ကိုင်ဖော်ရလို့ ပေးတမ်းချီးမြှင့်တာကိုလဲ"လုပ်ခ"ရယ်လို့သဘောမထားပါ။ပေးသမျှယူ၊ကျွေးသမျှစားရပါသည်။တချိုတလေ လူတွေဟာ ခိုင်းတုန်းကခိုင်းချင်ပြီး လုပ်ခကျတော့ မပေးဘဲနေလို့၊ လုပ်သာလုပ်ရပြီး လုပ်ခမရတာတွေနဲ့လဲ ကြုံခဲ့ရဘူးပါသည်။ ဒါပေမဲ့မပြောရဲ၊ မတောင်းရဲပါ။ သူတို့စိတ်ဆိုးသွားမှာကို မခံရဲပါ။ သူတို့စိတ်ဆိုးသွားရင် ဘုရားကျွန်မရဲ့ထမင်းအိုး ကွဲသွားမှာစိုးတဲ့ အတွက် လုပ်ခမရလဲ သူတို့ရှေ့မှာ မျက်နှာမပျက်ဝံ့ပါ။မချိပြုံးကလေးဘဲဖြစ်ဖြစ်အနဲဆုံးပြုံးပြရပါသည်ဘုရား။

အဲဒီလို ဟိုအိမ်၊ဒီအိမ်၊ အိမ်ပေါက်စေ့ ကျွန်ခံလို့ရတဲ့ အသ
ပြာကလေးတွေကို တပြား၀၊နှစ်ပြား၀၊ အ၀တ်အစား၀ယ်ဘို့လို့
ဘုရားကျွန်တော်မ စုပါသည်။ခိုင်းလို့ စေလို့ကောင်းတယ်၊ပေါ့
ပါးတယ်ဆိုတဲ့ ကျွန်တော်မရဲ့ အရည်အချင်းအတွက် တခြို့က
သနားကြလို့ထင်ပါရဲ့ ထမီဟောင်း၊အင်္ကျီနွမ်းကလေး တထယ်စ
နှစ်ထယ်စ ပေးကြကမ်းကြတာကိုလဲ ရခဲ့ဘူးပါသည်ဘုရား။

သည်းခံတော်မူပါ ဘုရား၊ အဲဒီလို ခြစ်ခြစ်ကုတ်ကုတ် ချွေ
တာစုဆောင်းရာက အနဲအကျဉ်းဆိုသလို စုမိဆောင်းမိရှိလာပါ
သည်။အဲဒီအခါ ဘုရားကျွန်တော်မဟာ ဝတ်ချင် စားချင်တုန်း
အရွယ်ဆိုတော့လဲ သူတကာတွေ လှလှပပ ဝတ်ကြစားကြတာ
မြင်တော့လဲ ငယ်ရွယ်သူတို့ဘာ၀ အားကျမိပါသည် ဘုရား။
ဒါကြောင့်မို့ တနေ့တော့ စုမိသမျှ အသပြာကလေးနဲ့ အ၀တ်စ
တ်စကို ဘုရားကျွန်တော်မ ဝယ်ယူလိုက်ပါသည်။ အဲဒီတုန်းက
ငမ်းသာလိုက်ပုံမျှား အသစ်ကျပ်ချတ် အ၀တ်အစားကလေးကို
ရင်ခွင်မှာပိုက်ပြီး ပျော်လိုက်တဲ့ဖြစ်ခြင်း၊ ဘုရား ကျွန်တော်မရဲ့
တသက်မှာဖြင့် အပျော်ဆုံးရက်လို့ဘဲ ဆိုချင်ပါသည်။ငါတနေ့
မှာ ဒီအ၀တ်စကလေးချုပ်၊ လှလှပပ၀တ်ပြီး သူများတကာတွေ
လို ကြွားပြလိုက်အုံးမယ်လို့ စိတ်ထဲမှာ ခဲထားပါသည် ဘုရား။

သင်္ကန်းလှူဖြစ်တာကတော့သည်လိုပါဘုရား၊ ရွာထဲမှာဆိုရင်
မနက်တိုင်းလိုလိုပါဘဲ သံဃာတော် အသျှင်မြတ်များ ဆွမ်းခံ
ကြွလာတော်မူတာကို ဖူးမြော်ရပါသည်။တခါတခါရေခပ်ရင်း
လမ်းမှာ ဆွမ်းခံကိုယ်တော်တွေနဲ့ ဆုံမိလို့ ရေအိုးကလေးခေါင်း
ပေါ်က အသာချပြီး ဒူးတုပ်လို့ ဖူးခမြော်ကန်တော့ ခဲ့ရပါသည်။
တခါတခါတော့လဲ ဆန်ဖွတ်မောင်းထောင်း နေရက်က၊ တခါ

တခါ အဝတ်ရှောင်နေရက်ကလှမ်းပီးလက်အုပ်ချီလိုက်ရပါသည်။ နေ့စဉ်တွေ့မြင် ဖူးမြော်နေကျမို့ အထူးအဆန်းရယ်လို့သဘော မထားခဲ့မိပါဘုရား။

တနေ့သော အခါမှာတော့-ဘုရား ကျွန်တော်မက ထင်း စည်းကြီးကို ခေါင်းပေါ်မှာ မနိုင်မနင်းရွက်ပြီး တောကပြန် အလာ၊ သံဃာတော် အသျှင်မြတ်တွေကလဲ ဆွမ်းခံခဲ့ပြီး လှိုလဲ ရွာထဲက ပြန်အထွက် လမ်းတဝက်လောက်မှာ ဆုံမိပါတော့ သည်။ထိုနေရာ၌ လမ်းမှာ အတော်ကလေးကျဉ်းသောကြောင့် လွှတ်လွှတ်ကျတ်ကျတ် မရှောင်သာပါ။ လမ်းဘေးကို ကပ်နိုင် သမျှကပ်ပြီး ထင်းစည်းကိုရွက်ကာ ရပ်၍ စောင့်နေ ပါသည်။ သံဃာတော်တွေက မျှားပြားတဲ့အတွက် ကြွလာတဲ့ သံဃာတန်း ကြီးဟာ တော်တော်နဲ့ မဆုံးနိုင်ပါဘုရား။

အဲဒီလို ဆင်းဆင်းရဲရဲ ထင်းစည်းကြီး ခေါင်းပေါ်ရွက်၊ မတ်တတ်ရပ်လျက်က ဖူးလိုက်ရတဲ့အမြတ်ဟာ သံဃာတော်များ ကို အနီးကပ်ဖူးမြင်ရခြင်းပါဘဲ။ ရှေဝါရောင်သင်္ကန်းနဲ့ ရဟန်း တော်များရဲ့ တင့်တယ်သပ္ပာယ်ပုံများဟာ ဖူးမဝနိုင်အောင် ရှိရ ပါတော့သည်။ သံဃာတန်းကြီး ပြီးဆုံးသွားလို့ အိမ်ပြန်လာ သည့်တိုင်အောင် ထိန်ထိန်လျှမ်းနေတဲ့ သင်္ကန်းရောင်များဟာ ဘုရားကျွန်တော်မရဲ့ မျက်စိထဲက မထွက်တော့ပါဘုရား။

အဲဒါကိုအကြောင်းပြုပြီး "ဝတ်လိုက်မဟဲ့လို့" အမြတ်တနိုး တရိုတသေသိမ်းထားတဲ့ အိမ်က အဝတ်စကလေးကို ပြေး၍မြင် ယောင်လာပါသည်၊ "ငါ့အဝတ်စကလေးကိုမျှားငှဲ့လိုက်ရရင်" ဆိုတဲ့အတွေးနဲ့ ထည်းစည်းကြီး ရွက်ကာ လမ်းဘလျှောက်လုံး

တွေးရင်း ပြန်လာခဲ့ပါသည်ဘုရား။ ဘုရားကျွန်တော်မရဲ့ ဝမ်းထဲမှာ ဖြစ်ပေါ်လာတဲ့ အကြံအစည်ဆိုတာကတော့—

(၁) အလျှံပြောင်ပြောင်၊ လောဘမီးက ငါ့ကိုလောင်နေပါကလား။ ဒေါသဘီလူး၊ စွယ်ပြူးပြူးက၊ ငါ့ကိုနှိပ်စက်နေပါကလား။ မောဟတောင်လုံး၊ အမိုက်တုံးက၊ ငါ့ကိုဖုံးနေပါကလား။ ဒါ့ကြောင့်သာ ငါသည် သံသရာတခွင်၌ ကြာမြင့်စွာ ကျဉ်လည်နေရခြင်းဖြစ်၏။

(၂) လွန်ခဲ့ပြီးသော အတိတ် ကာလများက ကုသိုလ်ကောင်းမှုဆို၍ ငါပြုခဲ့မိသေးဟန်မတူ။ အနာဂတ်ရေးအတွက်လည်း ဘာမျှ ငါမလုပ်မိသေး။ ငါဟာ ဆင်းရဲမွဲတေ၊အခြေကင်းမဲ့၊ အားအင်နွဲခြင်း၏အကြောင်း၊ မကောင်းသော ဒုစရိုက်မှုတွေကိုသာ ပြုနေယောင်ပါတကား။

(၃) ဒါကြောင့်သာလျှင် ငါသည် သူတပါးအိမ်၌ ခိုင်းသမျှကိုလုပ်ပြီး၊တငြိုငြင်ငြင်နှင့် နေရခြင်းဖြစ်၏။ ကောင်းကင်နှင့် မြေကြီး၊ ခရီးကွာလှ သကဲ့သို့ ငါနှင့်ချမ်းသာစွာ အသက်မွေးမှုသည်လည်း ခရီးယူဇနာ မမှန်း သာ အောင် ဝေးကွာလှသည်တကား။

(၄) "ဤအခါ ဤသမယကား-ဗုဒ္ဓဘုရား ထင်ရှားပွင့်နေသောအခါပါတည်း။ လောကသုံးပါး၌တရားရောင်ခြည်၊ တောက်ထွန်း စည်သော အခါပါ

တည်း။သာကီနွယ်မြစ်၊ သားရင်နှစ်တို့ ဖြစ်ထွန်း နေသော အခါပါတည်း။

(၅) စင်စစ်ငါသည် အလွန်ကြုံကြိုက် ခဲလှသော လူ့ ဘဝအခိုက်ကို ကောင်းစွာ ရအပ်ခဲ့ပြီးပြီ။မနုဿတ္တ ဘာဝ၊ဒုလ္လဘကို လှလှကြီး ရရှိထားသူဖြစ်သည်။ ငါသည် ယခုအခါ သံသရာဝဲဇလုပ်၌ နစ်မြုပ်နေ ရာမှ ငါ၏ကိုယ်ကို ငါဆယ်ယူ သင့်ပေသည်။ နစ်မွန်းနေရာမှ ငါ့ဦးခေါင် ဘယ်အခါ ပေါ် လာမည်နည်း။ ငါ ဘယ် အခါ ခေါင်းဖော်နိုင် မည်နည်း။

(၆) ပင်ပန်းကြီးစွာ ခံလျက် ငါ၏ အသွေး၊ ငါ၏ အသားဖြင့် ရင်းနှီး၍ ရထားသော ပုဆိုးကြမ်း အထည်စထလေးတခုတော့ဖြင့် ငါ့မှာအဆင်သင့် ရှိပေ၏။ထိုအထည်စဖြင့် လွန်စွာ နက်ရှိုင်းလှသည့် ဘဝပင်လယ်ကြီးကို ထောက်မိအောင် ငါယခု ပြုမှသင့်တော့မည်။

(၇) ဤသို့ အကြံအစည်များ ဖြစ်ပေါ်လာပြီးနောက် ဓမ္မာ,ဟူ၍ အများကခေါ်ဝေါ်ကြသော ဘုရား ကျွန်တော်မသည်သံဃာတော်ကိုရည်စူး၍ထိုပုဆိုး ကြမ်း သင်္ကန်းလျာအထည်စကို လှူလိုက်ပါသည်။ သဒ္ဓါယုံကြည် ချက်ဖြင့် လှူသောအလှူကား များ စွာ အကျိုးကြီးပေ၏။ သည့်အတိုင်း လှိုက်လှိုက် လှဲလှဲယုံကြည်၍ လှူလိုက်ခြင်း ဖြစ်ပါသည်။

နားဆင်တော်မူပါဘုရား။ဘုရားကျွန်တော်မရဲ့ ဘဝတသက်တာမှာ အသစ်လှုင်ဆုံး၊အတောက်ပဆုံး၊အကောင်းဆုံး၊အမြတ်နိုးဆုံး၊ဝတ်လိုက် မဟဲ့လို့ အားခဲပီး သိမ်းဆည်းထားတဲ့ အဲဒီအဝတ်စကလေးကို သံဃာတော်များကို သဒ္ဓါကြည်ညို လှူလိုသောဆန္ဒတွေဖြစ်ပေါ်လာတဲ့အတွက် "လှူမယ်-ငါမဝတ်တော့ဘူး"လို့ တခါထဲ ယတိပြတ် ဆုံးဖြတ်လိုက်ပြီး အဲဒီ လှူဘွယ်ပစ္စည်း အဝတ်စကလေးကို ယူလျက် ဘုရားကျွန်တော်မ ဘုန်းကြီးကျောင်းကို ပြေးပါသည်။

"နေပါအုံးကွဲ့၊ ငါတခု မေးစမ်း ပါရစေအုံး။ မရှိမဲ့ရှိမဲ့ စုဆောင်းပြီး တခဲတယည်း ဝယ်ယူထားတဲ့ ကိုယ်ဝတ်မဲ့ အဝတ်အစားကို လှူပစ်လိုက်မယ်ဆိုတော့၊ နောက်ထပ် ဒီဟာမျိုး မရနိုင်တော့ဘူး၊မဝယ်နိုင်တော့ဘူး၊ ငါ့တသက် ဒါမျိုးကို ဘယ်တော့မှ ဝတ်ရတော့မှာမှုတ်ဘူး ဆိုပြီး ဝမ်းနည်း မသွားပေဘူးလား"

သဒ္ဓါတိဿမင်းသည် မယ်ဓမ္မာ လျှောက်ထား နေသောစကားများကိုစူးစိုက်စွာနားထောင်နေရာမှ ဤနေရာတွင်ဒေါက်ခနဲထောက်၍ကြားဖြတ်မေးလိုက်သောကြောင့် မယ်ဓမ္မာသည် ဘုရင့်မျက်နှာတော်ကို မော်၍ ဖူးမြော်လိုက်ရင်း-

"ဘုရား ကျွန်တော်မကို တဦး တယောက်က ရိုက်နှက်ပြီး အလှူခိုင်းနေတာမှမဟုတ်ဘဲ၊ ဘာဝမ်းနည်းစရာ လိုပါမည်တဲ့လဲ ဘုရား။ပီးတော့ ဒီဟာကို ဝတ်လိုက်ရလို့လဲ ဘုရားကျွန်မဟာ ကျွန်ဘဝက လွတ်မသွားပါဘူး။ကျွန်ဟာကျွန်ပါဘဲ။ ဒီအဝတ်က ကျွန်ရေကိုမချွတ်နိုင်၊မခွါနိုင်ပါဘူး။ခြေလက်လှုပ်ရှား လုပ်

အားပေးနိုင်ရင် စားရမယ်၊ဝတ်ရမယ်၊ဒါပါဘဲ” ဤတွင်လည်း ဘုရင်ကပြုံးတော်မူလျက်-

“လူမှာအဝတ်၊ တောင်းမှာအကွတ်ဆို မှုတ်လားကွယ်။ လူ ဘာကိုဝတ်ရင် လှလာမယ်မှုတ်လား။ မင်းရဲတသက်မှာ မက်မော စရာ အကောင်းဆုံး ဖြစ်နေတဲ့ ပစ္စည်းမျိုးကို လှူမယ်ဆိုတာ ဟာ×××” (စကားမဆုံးမီ)

“အမက်မောဆုံး၊ အတာတွယ်ဆုံးဖြင့်သိုလဲ လှူဖြစ်တာပါ ဘုရား၊ လူမှာအဝတ် တောင်းမှာအကွတ် ဆိုတာဟာ အဆင်တန်ဆာကိုသာ အသစ် အဟောင်း၊ ပြောင်းလဲစေနိုင်တယ်လို့ ဘုရားကျွန်တော်မထင်မြင်ယူဆပါသည်။ လှတာကလေးတွေကို ဝတ်စားဆင်ယင်ထားတဲ့အတွက် အပြင်ဘန်းပြုပသာဒ လှတယ် ထင်ရပေမဲ့ တကယ်တော့ ရုပ်က ပိုပြီးလှမလာပါဘူး၊ ကျွန်ကို မင်းမြောက်တန်ဆာငါးပါးဝတ်ပေးလဲ ဘုရင် ဖြစ်မလာနိုင်ပါ ဘူး။ အဝတ်စုတ်ဝတ်တာထက် ပိုပြီးပြောင်လက်တောက်ပနေ တာဘဲရှိပါတယ်။

ဒီတော့ ဘုရားကျွန်တော်မ ဆိုလိုချင်တာက အဝတ်အစား ဟာ ပဓာနမဟုတ်ပါဘူး၊ ဒါဓတ္ထုကို မက်မောနေလို့ အကျိုး မထူးဘူး၊ ထူးတာကကိုယ်နှစ်သက်တာကိုယ်မြတ်နိုးတာကို လှူရ ရင် မြတ်နိုးတာနဲ့အမျှ အကျိုးရှိမယ်။လူကိုထူးထူးခြားခြားဖြစ် သွားအောင်တတ်နိုင်တယ်၊ ဖန်တီးပေးနိုင်တယ်။ အဲ့ဒါ ဘုရား ကျွန်တော်မရဲ့ ယုံကြည်ချက်ပါဘဲ။

ဒီယုံကြည်ချက်နဲ့ လှူဘွယ်ပစ္စည်းကလေးပိုက်ပြီး၊ ကတိုက်က ရိုက်ကျောင်းတော်သို့အသွား၊ လမ်းမှာကိုယ်တော်တပါး့နဲ့တွေ

ပါတယ်ဘုရား။ ထိုကိုယ်တော်၏ မိန့်ကြားချက်အရ ကျောင်းတိုက်တွင်းမှာ ဝါဆိုသံဃာတော် ငါးရာ ရှိကြောင်းကို သိရပါသည်။ ဒီတော့ဘုရားကျွန်တော်မက စဉ်းစားကြည့်ပါသည်၊ 'သံဃာတော်ကငါးရာတောင်၊ ငါလူနိုင်တာကသက်နှံးတထည် ထဲရယ်၊ ငါလူတာလို သံဃာတော်ငါးရာစလုံးလဲ ရစေချင်တယ် ဝတ်ရုံစေချင်တယ်၊ ငါဘယ့်နှယ်လုပ်ရပါ့မလဲ' အဲဒီလိုစဉ်းစားပါသည်။ နောက်တော့ ဒီလို စဉ်းစားမိပါသည်။ 'စိတ် ထားတတ်ရင်မြတ်တယ်'လို့ ဆိုတယ်။ ငါ တပါးစာဘဲတတ်နိုင်လို့ တထည်ဘဲလူပေမဲ့ ငါလူတဲ့သက်နှံးကိုရဟန်းသံဃာငါးရာစလုံး ဝတ်ရုံသုံးစဲ့တော်မူနေကြပြီလို့ စိတ်ထဲကရည်မှန်း ဝမ်းသာရင်လဲဖြစ်တာဘဲ" စေတနာသာမူလလို့ ကိုယ့်ကိုယ်ကိုအားပေးနှစ်သိမ့်စေပြီး ထိုကိုယ်တော်ရဲ့ လက်သို့ဆက်ကပ်လိုက်ပြီး-

"အသျှင်ဘုရား၊ ဤသက်နှံးလျာအဝတ်ကို အလှူခံတော်မူပါဘုရား။ ဤတိရိတိမ္ပလတိဿ ကျောင်းတိုက်ကြီး၌ ဝါကပ်တော်မူကြသော ဝါဆိုသံဃာများအားရည်စူး၍ တပည့်တော်လှူဒါန်းခြင်း ဖြစ်ပါသည်။ အသျှင် ဘုရားမှ တဆင့် တပည့်တော်မအကြောင်းကို သံဃာတော်များအား လျှောက်ထားပေးပါဦးဘုရား။ တပည့်တော်မ၏အမည်မှာ ဓမ္မာဖြစ်ပါသည်၊ အသျှင်ဘုရားများဆွမ်းခံရွာ သိဝဂါမ,ကဖြစ်ပါသည်။ ဤသက်နှံးကို ချမ်းသာ၍လှူနိုင်တန်းနိုင်၍လှူရသည်မဟုတ်ပါ။ တပည့်တော်မ အလွန် ဆင်းရဲပါသည်။ အိမ်ပေါက်စေ့လယ်ပြီး၊ အိမ်တကာမှာ ရေခပ်၊မောင်းထောင်း၊ အဝတ်လျှော် လုပ်ခစားကျွန်ခံ၍ ရသည့်အသဖြာကလေးကို စုဆောင်းထားပြီး၊ အဲဒီအသပြာ

ငွေစကလေးမျှားနဲ့ ဝတ်ဘို့လို့ ဝယ်ထားတဲ့ အဝတ်ကို တပည့်တော်မ၊ မဝတ်ရက်ဘဲလှူလိုက်ကြောင်း၊ သံဃာတော်မျှားအား လျှောက်ထားပေးပါဘုရား'လို့ မှာကြားပြီး လှူဒါန်းလိုက်ပါသည်။

နားဆင်တော်မူပါဘုရား၊ ဤအဝတ်ကိုဝတ်သောနေ့က'ငါ စတ်ရတော့မဟဲ့'လို့ အပျော်ဆုံးဖြစ်ခဲ့ပါသည်။ ယခုမှာမူ ထို နေ့ထက်ပင် ဆထက်တံပိုးတိုး၍ 'ငါလှူလိုက်ရပြီ' ဟူ၍ ဘုရား ကျွန်တော်မ့ရဲ့ ဝမ်းထဲမှာ ရိုက်ခတ်နေတဲ့ပီတိလိုင်းဟာ အတိုင်း မသိမျှားပြားနေပါတော့သည်။ဘုရားကျွန်တော်မသည် လှူလိုက် သောပစ္စည်းကိုပိုက်ပြီးကြွသွားတော်မူသော ထိုကိုယ်တော်သွား ရာကို ပီတိဖုံးသောမျက်လုံးဖြင့် မျက်စိတဆုံးကြည့်၍ ကျန်ခဲ့ပါ ကြောင်း" လျှောက်လေ၏။

သဒ္ဓါတိဿမင်းသည် မျှားစွာ နှစ်သက်တော်မူလေရကား-အလှူ.ရှင်သူဆင်းရဲမဓမ္မာအားသုံးဆောင်ဖွယ်ရာ၊ရတနာရှင်ဌေ အထွေထွေတို့ကိုချီးမြှင့်တော်မူလိုက်ရုံမက သူနေထိုင်သော သိဝ ရာမရွာကိုလည်း အပိုင်စားစေဟု ပေးသနားတော်မူလေလျှင် အပါးတွင် ခစားနေသော ဓမ္မာသည် ဖရဏာပီတိရွှန်းအိသော မျက်နှာဖြင့် မဏ္ဍပ်မုခဦးဆီသို့ လှမ်းမျှော်၍ ကြည့် လိုက်လေသည်။

ဓမ္မာအမည်ရှိသော သူဆင်းရဲမကလေး လှူဒါန်းထားသော သက်န်းသည် ပဝါရဏာ မဏ္ဍပ်ရှေ့ရှိ အလံတိုင် ထိပ်ဖျားဝယ် လေကစားတိုင်း ကြွားတလူလူဝေလျက်သာ ရှိနေသတည်း။ ဤ စတ္ထု၏နိဂုံးအဆုံးအမ ဩဝါဒစကားမှာ-

"ခိုကိုးရာမဲ့အားနွဲ့သူအထီးကျန်သူဆင်းရဲမ တယောက်၏စေတနာတန်ခိုးကား၊အံ့ဖွယ်ကောင်းလေစွ၊ လှူအပ်သောသင်္ကန်း၏ စွမ်းအားတန်ခိုးသည်အံ့ဖွယ်ကောင်းလေစွ၊အကျင့်သီလရှိသောသီလကို ချစ်မြတ်နိုးကြသော သံဃာတော်များ၏ စွမ်းအားတန်ခိုးသည် အံ့ဖွယ်ကောင်းလေစွ၊ ဓမ္မာအမျိုးသမီးသည်သူ၏စေတနာအားလျော်စွာ ချမ်းသာသောစည်းစိမ်ကို ခံစားရလေ၏။ ရဟန်းတော်များလည်း ရဟန္တာ ဖြစ်ကုန်ရလေ၏။

(၁၉)

ကိဏိ သ ဃ်ာ

ကုဏ္ဍသဃ် အမတ်သည် လမ်းတလျှောက်လုံး တွေးလာ၏။ မည်သို့သော အကြောင်းထူးကိစ္စ ရှိလေ၍ ဘုရင်က ငါ့ကို တယောက်ချင်း ခေါ်တွေ့လိုပါလိမ့်မည်နည်း။ ဤသို့ တွေးယင်း စိတ်လေးလေးနှင့်ပင်ဘုရင့်အဆောင်တွင်းသို့ ချဉ်းကပ်မိလေ၏။

ထိုအချိန် သီဟိုဠ်ကျွန်း၌ ကာကဝဏ္ဏ တိဿမင်း နန်းစံ၏။ ကုဏ္ဍသဃ်အမတ်သည် ထိုမင်း၏အတိုင်ပင်ခံအဘယ သက်တော်ရှည်အမတ်ကြီးဖြစ်လေသည်။ တိုင်ပင်စရာထူးထွေသောကိစ္စရပ်များ ပေါ်ပေါက်လာသောအခါသဃ်အမတ်ကြီးအား အတွင်းတော်ခေါ်၍ တိုင်ပင်ခြင်းပြုလေ့ရှိ၏။

"သင့်အစ်ကိုသဃ်အမတ်အား မဟာဂါမရွာကို အပိုင်စားပေး၍ ငါချီးမြှောက်ထားသည်ကိုသင်အသိပင်မဟုတ်ပါလော"

ခရီးရောက်မဆိုက်အပါးတော်၌ခစားမိလျှင်ပင်မင်းတရားက ဤသို့ဆိုလေသော် ကုဏ္ဍသဃ်အမတ်သည်ဘယ်လိုဖြစ်နေပါလိမ့်ဟုတွေးယင်း ငြိမ်သက်စွာ နားထောင်နေ၏။

"မဟာဂါမရွာကို သင်းအား ငါပေးလိုက်ခြင်းမှာ နှိပ်စက်ဘို့မဟုတ်၊ ကျေးလက်တောသား ဇနပုဒ်သူများအပေါ်၌ နိုင်ထက်စီးနင်းထင်သလိုမင်းမူဘို့မဟုတ်၊ကျောသားရင်သားမခြားတရားသဖြင့် စိုးမိုးရန်နှင့် သင်း၏လုပ်သက်ကိုင်သက်၊ အရည်

အသွေးကျေးဇူးတရားကိုထောက်ထား၍သာငါချီးမြှင့်လိုက်ခြင်း ဖြစ် ပါလျက်၊ သင်းက ရိုင်းပြ လေစွ- ငါ့မျက်နှာ ကိုလည်း မထောက်ထား၊ ကျေးတောသူ ကျေးတောသားတို့၏ ရိုး သား ဖြူစင်သော မေတ္တာနှင့် စေတနာကိုလည်း လေးစားရမှန်းမသိ သင်းပြုရက်ဘိပလေသည်(ထွီ)"

"မဟာဂါမမှ မည်သို့သော သတင်းထူးများကြားသိတော် မူပါလဲဘုရား...." ဟု မဝံ့မရဲပင် လျှောက်တင်မိလေ၏။ ထို အခါ-

"ပြည်သူခပ်သိမ်းတို့နှလုံးစိတ်ဝမ်းချမ်းသာကြသည်ဟူသော စကားကိုသာ ငါကြားလို၏၊ မြော်လင့်၏။ ယခုသော် သင့်အစ် ကိုကား ကျေးတောသူတို့အပေါ် ၌အခွန်တော်များမတန်တဆ တိုးတက် ကောက်ခံနေခြင်း၊ ငွေများတရားနိုင်၊ အဂတိလိုက်စား ကာ အမှားမှားအယွင်းယွင်း တရားတဘောင် စီရင် ဆုံးဖြတ် ခြင်း ဤသို့စသောပြည်သူတို့အပေါ် ၌အနိုင်ကျင့်မှု နှလုံး နောက် ကျိအောင်ပြုမှုတို့အတွက် နိုင်ငံပျက်မဘတ်၊ ဆူပွက် အုံကြွ မခံ မရပ်နိုင်အောင် ဖြစ်ကြရကြောင်း ငါကြားသိရသည်"

"ကျွန်တော်မျိုးအနေဖြင့် မည်သို့ဆောင်ရွက်စေလိုပါသလဲ ဘုရား"

"အချင်းသင်္ဃ၊ ငါစကားအထူးမပြောလို၊ ငါ့နိုင်ငံအဘွင်း မှီတင်းနေထိုင်သူမှန်သမျှ တရားသော အပြုအမူကိုသာ ငါလို လားတော်မူ၏။ ငါ၏လိုလားချက်ကို ဝိတ္တာရခဲ့ျထွင်၍ သင်သိ မြင်တန်ကောင်း၏၊ သိသောအတိုင်း အမှားကို အမှန် ဖြစ်လာ အောင် သင်ပြုပြင်ပေးလိမ့်မည်ဟူ၍ ငါယုံကြည်သောကြောင့် ဤစကားကို သင့်အား ငါဆိုခြင်းဖြစ်ပေသည်"

ကုဏ္ဍသဃ်အမတ်သည် ဘုရင်မင်းမြတ်ဆိုလိုသောအခ်ျက်ကို ဘောင်းတော်ညိတ်၊ စိတ်တော်ကို သိလေ၏။ 'သင့်မျက်နှာကို ထောက်၍ ငါသလောက် သည်းခံနေသည်' ဟူသော သဘော အထိ၊ အကျယ်ခဲ့၍မြင်လာသည်။ ထိုအခါ တာဝန်သိသိဖြင့် သူနောင်ကြီးထံသို့ အတွင်းစာတစောင် ရေး၍ ပါးလိုက်လေသတည်း။

(၁) "နောင်တော်"

နောင်တော်အား ရှိသေစွာအဝေးကရှိခိုးကန်တော့၍ အနုရာဓ နေပြည်တော်၌ ပြန့်နှံ့နေသော သတင်းစကားများကို ဖော်ပြ အစီရင် ခံလိုက်ပါသည်။ ပြည်ထဲသခင်ဖြစ်သော မင်းမည်သည်ကို ချစ်ကြည်စွဲ့ မှီဝဲအပ်ကြောင်း၊ မလှည့်ပတ်သင့်ကြောင်း သတိချပ်တော်မူပါ နောင်တော်။

(၂) နောင်တော်။ မင်းတို့မည်သည်ကား၊ ရုပ်အမျိုးမျိုး၊အသွင်အဖုံဖုံကို မျိုးစုံအောင် ဖန်ဆင်းတတ်သောနတ်နှင့်တူကုန်၏။ နေမင်းကဲ့သို့လည်း ကျင့်တတ်ပါသည်။ ယမမင်း ကဲ့သို့လည်း ပြုတတ်ပါသည်။ သေမင်းကဲ့သို့ဌင်း၊ ကုဝေရနတ်မင်းကြီးကဲ့သို့ဌင်း၊ အလျှံညီးညီးမီးပုံကြီးကဲ့သို့ဌင်းကျင့်တတ်ပါသည်ကို သတိရှိတော်မူပါ နောင်တော်။

(၃) နောင်တော်။ ယမမင်းသည် အာသက် သေ၍ စုတေခဲ့သောသတ္တဝါတို့အား အသီးသီး စစ်ဆေးပြီးလျှင် ကုသိုလ်ရှိသူများအား နတ်ရွာ သုဂတိသို့

လားစေပါသည်။ အကု သိုလ် ပြုသူများ အား အပါယ်လေးပါးသို့ကျရောက်စေပါသည်။ မင်းသည်လည်း ယမမင်းနှင့်အလားတူစွာ၊ ကောင်းသူကို ကောင်းသော အလျောက် ချီးမြှောက်၍၊ မကောင်းသူကို မကောင်းသောအလိုက်၊ ထိုက်သင့်သောအပြစ်ကိုပေးပါသည်နောင်တော်။

(၄) နောင်တော်။ဥဒည်တောင်စွန်းမှပေါ်ထွန်းထွက်ပြူလာသောနေမင်းသည် ပွင့်စေသင့်၊ပွင့်စေထိုက်သော ပန်းဖူးပန်းငုံ၊ အဖုံဖုံတို့ကို ပွင့်စေပါသည်။ အိပ်ရာမှနှိုးထိုက်သူတို့ကို နိုးလာအောင် နှိုးပေးပါသည်။ထို့ပြင်....ခြောက်စေသင့်သောအရာဟူသမျှကို သွေ့ခြောက်စေပါသည်။ ထို့အတူ မင်းများသည်လည်း၊ နေမင်းပမာ- ပွင့်စေ သင့်သည်ကို ပွင့်ပေး၍ နိုးစေ သင့်သည်ကို နှိုးပေးပါသည်။ ခြောက်စေသင့်သော အရာ ဖြစ်ကလည်း ခြောက်သယောင်းသွားအောင် ပြုတတ်ပါသည် နောင်တော်။

(၅) လမင်းသည် အေးမြ၏။ အေးမြသော အရောင်သူမှာရှိ၏။ နက္ခတ်တာရာ ကြယ်များစွာ ခြံရံ၏။ သတ္တဝါခပ်သိမ်းအား နှစ်သက်ခြင်းကို ဖြစ်စေ၏။ ထို့ကြောင့် လမင်းကို မသာလဲတ, သာလဲတကြရသည်။ထို့အတူ မင်းများသည် နှစ်သက်စေသော အရာ၌ လမင်းနှင့် တူပါသည် နောင်တော်။

(၆) သေမင်းသည် သက်ရှိသတ္တဝါအားလုံး၊ မည်သူ
ကိုမျှ သနားခြင်း၊ ညှာတာခြင်းမရှိ၊ သတ် ထိုက်
သူကို ချက်ချင်းသတ်ပစ်၏။ ထို့အတူ တိုင်း သား
ပြည်သူတို့အပေါ် ၌ တရားသဖြင့် စိုးမိုးပါမည်ဟူ
သော ဝန်ခံချက်ဖြင့် အုပ်ချုပ်သော ပြည့်သစ္စာ
ခံ မင်းမျာ်းသည် နှိပ်ကွပ်ထိုက်သူ၊ ဆုံးမသင့်သူတို့
အား နှိပ်ကွပ်ဆုံးမသော နေရာတွင် သေမင်းနှင့်
တူပါသည်နောင်တော်။

(၇) နတ်ဘီလူးမျာ်းကို အစိုးရသော ကုဝေရနတ်မင်း
သည် ရန်ပြုလာမည့်သူကို စိတ်မျက်ရုံမျှဖြင့် ပျက်
စီးစေ၏။ မိတ်ဆွေမျာ်းကိုဥစ္စာပေးခြင်းဖြင့်အခါ
ခပ်သိမ်း နှစ်သက်စေ၏။ ထို့အတူ မင်းမျာ်းသည်
ပျက်စေသော အရာ၊ နှစ်သက်စေသော အရာ၌
ကုဝေရနတ်မင်းကြီးနှင့်တူပါသည် နောင်တော်။

(၈) တောမီးသည် ရှိသမျှသော ချုံနွယ်သစ်ပင် အား
လုံးကို ကြီးငယ် မရွောင် အကုန် ပြောင်အောင်
လောင်ကျွမ်းပစ်၏။ ထို့အတူ ပြည်ထဲသခင် ဘုရင်
မင်းမျာ်းသည် အပြစ်ရှိသူ၊ ဥပဒေကို ဖောက်ဖျက်
ကျူးလွန်သူတို့အား လောင်ကျွမ်းစေရာ၌ တော
မီးနှင့်တူပါသည် နောင်တော်။

(၉) ပကတိသောမီးသည်ကား တစပ်၊ တပြင်တည်းကို
သာ လောင်ကျွမ်းစေ၏။ မင်းမီးမျှာမူကား၊ မင်း

ဘေး မင်းဒဏ်သင့်သော ရာဇဝတ်ကောင်ကို ဝေး ရာသို့ထွက်ပြေးရှောင်ပုန်းနေစေကာမူမလွှတ်ချေ။ ဆွေမျိုးနှင့်တကွ၊ သွားဖော် လာဘက် မိတ်ဆွေ ရောင်းရင်း အပေါင်းအသင်းများနှင့်တကွ၊ကျူ ပင်ခုတ် ကျူငုတ်မျှမကျန်ရအောင် အကုန်လောင် ကျွမ်းစေပါသည် နောင်တော်။

(၁၀) မီးလောင်ခြင်း ခံရသော တောဒ္ဒ လောင်သော် ငြားလည်း သစ်ငုတ်တိုအချိုတို့ ကျန်ကုန်သေး၏။ မင်းမျက်တည်းဟူသော အာဏာစက်မီး၊ ဥပဒေ ကျူးလွန်ခြင်းကြောင့် သင့်သော အပြစ်ဒဏ်မီး လောင်သည်ရှိသော်ကား မိမိတရားခံနှင့် တကွ၊ မိမိနှင့်စပ်သမျှ၊ ပတ်သက်သမျှ၊ ရပ်တည်ရာ မရ အောင် လောင်ကျွမ်းပါသည် နောင်တော်။

(၁၁) "အုပ်ချုပ်သူ ပြည်ပိုင်မင်း၊ပြည်ပိုင်အစိုးရကို ဝေး၏ဟူ၍ မမှတ်သင့်ပါ။မင်းတို့၏လက်တံ၊ အစိုးရ၏ လက်မောင်းကား လွန်စွာရှည်လှပါသည်။အဝေး၌ ဆိုးသွမ်းသောင်းကျန်းနေသူကိုအဆောတလျင် မလွှတ်တမ်း လှမ်း၍ ဖမ်းယူနိုင်ပါသည် နောင် တော်။

(၁၂) မြို့စွန်၊ ရွာစွန် နေသူများကိုလည်း မနှိပ်စက်ပါ လင့်။ ရွာတွင်း နေသူများကိုလည်း လုယက် တိုက် ခိုက်မှု မပြုပါစေလင့်။ သူပစ္စည်း၊သူဥစ္စာ၊ သူဟာ ကို တရားမဲ့အနိုင်ကျင့်ကာ သိမ်းယူခြင်း မပြုပါ

လင့်။ကိုယ့်အမြစ်ကို၊ကိုယ်တူးဖြိုမပစ်ပါလင့် နောင်တော်။

(၁၃) "မိမိက စောင်မ ကြည့်ရှုထားသူ၊ မိမိအား အမြဲထောက်ခံအားပေးနေသူ၊ ကိုယ့်ဘက်သားများကို မဖြိုမခွင်းပါလေနှင့်။ စိတ်ဓာတ် ကျဆင်းအောင် မပြုပါလေနှင့်။မင်းတို့မည်သည် ကျေးဇူးများသူ၊ တိုင်းကျိုးပြည်ကျိုးကို သည်ပိုးဆောင်ရွက်သူများကို စည်းစိမ် အခြေအရံပေးခြင်း၊ ရာထူးပေးခြင်းစသော ချီးမြှင့်မှုတို့ဖြင့် ကြီးပွားအောင် ကြည့်ရှုစောင်မလေ့ရှိကြပါသည် နောင်တော်"

နန်းတွင်းမှပို့လိုက်သော ဤအတွင်းစာသည်နောင်တော်ဖြစ်သူ အမတ်ဟောင်း မဟာဂါမ ရွာစားကြီး "သင်္ဃ" လက်သို့ မကြာမြင့်မီရောက်ရှိသွားလေသည်။ ထိုစာအရ စရိုက်ကျင့်တန်မူမမှန်သော ရွာစားကြီးသည် များစွာတုန်လှုပ် ချောက်ချားလာသည်။ မျက်လုံးများ ပြူးသွားသည်။ "ငါ့ အကြောင်း၊ ငါ့သောက်ကျင့်တွေ ဧရာနန်းတော် ပေါက်ကြား သွား၍သာ ငါ့ညီက သတိပေးစကား စာပါးလိုက်ခြင်း ဖြစ်မည်"ဟု တွေးတော ကြောက်လာသည်။ ကိုယ့်လိပ်ပြာ ကိုယ်မလုံအောင် ဖြစ်လာသည်။ "ငါဒီမှာ ဆက်နေယင် တနေ့နေ့ ဘေးတွေ့မှာဘဲ" ဤအတွေးကြောင့် ဧပြီးပေါက်ကိုရွာလေ၏။

သူ၏ဘဝဖြစ်ရပ်နောက်ကြောင်းကား ကောင်းခဲ့ချေ၏။တခါကသူသည်ကာကဝဏ္ဏတိဿမင်း၏ မင်းဆရာကြီးပင်ဖြစ်ခဲ့ဘူးပေသည်။သူ့ရာထူးကို (ယခုရာထူးလက်ရှိနှင့်လူ) သူ့ညီ ကုဏ္ဍသင်္ဃ

အမတ်အား လွှဲခဲ့ပြီး ဇာတိရပ်ဌာန် မဟာဂါမသို့ပြန်၍နေထိုင်၏။ သူထမ်းရွက်ခဲ့သော ကျေးဇူးတရားများကို ထောက်ထား၍ မဟာဂါမရွာကို အပိုင်စားပေး၍ ရွာစားအဖြစ် ဘုရင်မင်းမြတ်က ချီးမြှင့်တော်မူလိုက်သည်။

သဃ်အမတ်သည် မဟာဂါမသို့ပြန်ရောက်မှ အကျင့်ဖောက်ပြန်လာပြီး မတော်မတရားတွေလုပ်လာ၏။ ကြာသော်သူဒဏ်မခံနိုင်သူများက ရှေနားတော်ပေါက်ကြားအောင် လှမ်းတိုင်လိုက်ရာမှအစ သူအဖို့ ကျိရွာတွင် မနေဝံ့အောင် ကျောစိမ့်လာသည်။ “ပြောင်းမည်။ ဒီရွာက ပြောင်းကိုပြောင်းမှ ဖြစ်ချေတော့မည်” ဟု ဆုံးဖြတ်လိုက်တော့၏။

ယင်းသို့ဆုံးဖြတ်လိုက်သောခဏ၌ သမီး၏မျက်ခွက်ကို ကွက်ခနဲမြင်လာသည်။ သူ့သမီးမှာ အလှန်ချော၊ အလှန်လှ၏။ မြင်သူတိုင်း သူ့ကိုငေးကြည့်ကြရ၏။ အလှန်လည်း လိမ္မာ၏။ ယဉ်ကျေး၏။ ရတနာသုံးပါး၌ ကိုင်းရှိုင်း၏။ အလိမ္မာရော၊ အချောအလှရော၊ ပြောစရာမကျန်အောင် ကောင်းခြင်း လက္ခဏာ ဂုဏ်နှင့်အဖက်ဖက်မှပြည့်စုံသူ၊ တဦးတည်းသော သမီးကညာ ဖြစ်လေသည်။ အမည်မှာ “ကိဏီသဃ်ာ” ဟုခေါ်၏။ အဖ သဃ်ာ၊ သမီး သဃ်ာ၊ ဘဒ္ဒေးသဃ်ာ၊ သဃ်ာဟူသော အမည်နာမ ပညတ်ချင်း ထပ်သော အမျိုးဖြစ်၏။

အမတ်မင်းဟောင်းသဃ်သည် ရွာမှထွက်ပြေးမည်ကြံသော်လည်း သမီးကလေးအတွက် သောကမဲအေးနိုင်ဘဲ ဖြစ်နေ၏။ ခေါ်သွားရမှာကလည်း ရုပ်ချောသူ သမီးလှကလေး ဖြစ်သောကြောင့် မက်မောသူပေါ၍ အန္တရာယ်များမည်။ ထားခဲ့ရမှာကလည်း စိတ်မချ။ သူတကာ စော်ကားမှာ စိုးသည်။ နောက်

တွင်မူ “ဟယ်....ကံတရားပေါ့၊သူ့အမေလဲ ပါသားကဘဲဟာ” ဤသို့ ဆုံးဖြတ်ပြီးနောက် ယူနိုင်သမျှ အတွင်း ပစ္စည်းကိုယူ၍ သားအမိ၊ သားအဖသုံးယောက် ထွက်ပြေးကြသည်။ အပြစ်မဲ့သောဇနီးနှင့်သမီးကား အပ်သွားလေရာ အပ်ချည်ပါနေရ၏။ ကောင်းခဲ့စဉ်ကလည်း ကောင်းမှေကို အတူစံ၍ ဆိုးသောအခါ၌လည်း ဆိုးမှေကို အတူခံကြရသည်။

သဿ်အမတ်၌ ခုတ်ဝံ့၊ခံဝံ့သောသတ္တိမရှိ။လုပ်တုန်းကဒုစရိုက်မှုတွေကို မတွန့်မဆုတ် လုပ်ရဲကိုင်ရဲရှိခဲ့သော်လည်း အပြစ်ဒဏ်ခံရမည်ဖြစ်သောအခါ အသဲတုန်၊ အူတုန်၊ တဆတ်ဆတ်တုန်ဖြစ်လာသည်။“မင်းတို့မည်သည်ကို ဝေး၏-ဟူ၍ မမှတ်ရာ။ မင်းတို့လက်တံကား လွန်စွာရှည်၏။ဝေးလေသော ရာဇဝတ်ကောင်ကို အဆောတလျင် မလွှတ်တမ်း ဖမ်းနိုင်၏”ဟူ၍ ရေးလိုက်သော သူ့ညီ၏ စာကို အခါခါ သတိရလေလေ၊ သွေးပျက်ခမန်းကယောင်ချောက်ချား ဖြစ်လေလေ လန့်နေသည်။

ထို့ကြောင့် သုတ်ခြေတင်၍ ပြေးနေသည်ကိုပင် နှေးသည်ထင်၏။ ကြောက်စိတ်မှန်လေတိုင်း မိန်းမသားဖြစ်သူ ဇနီးနှင့်သမီးကိုမူ မသနား။သူကားမော၍ပင်မောမှန်းမသိ၊ခြေလှမ်းကျဲကျဲ ချွေးရွဲရွဲနှင့် ရှေကတွင်တွင်သုတ်နေ၏။ သမီးနှင့်မယားခမျာ မူကား လျှာထွက်မတတ်၊ခွေးရူးလိုက်သလို သူနောက်ကအပြေးလိုက်ကြရသောကြောင့် တမောဟိုက်ဟိုက်၊ ချွေးဖြိုက်ဖြိုက်နှင့် ရှိနေကြ၏။ မောလွန်းမက မောလွန်းလှသဖြင့် သမီးဖြစ်သူ “မယ်သဿ်”မှာ ဟိုက်နေသည်။ခရီးကြမ်း လှမ်းခဲ့ရသဖြင့် သူ၏ဖဝါးခြေနုကလေးမျှားမှာ သွေးခြေမျှားပင် ဥလာမဘတ်၊

ကျိမ်းစပ်စပ်ဖြစ်လာ၍သူ့အဘကို နောက်က လှမ်းပြောနေရှာသည်။

ဖဝါးခြေနု သွေးဥတွစီ၊
နေအုံးအဘ၊ ကျမ့မမျိ၊
အားဘော်ခွေပြာ့၊ ပြပေါ့ထမီ၊
ဖြေးဖြေးရှင့်၊ချွေးနှင့်တစီစီ။

မွေးကတည်းက နေပူစပ်ခါး သွားလာဘူးသည် မရှိသော ကြောင့် ယခုကဲ့သို့ ကြမ်းတမ်းသော တောလမ်းခရီး၌ မိန်းမ ကြမ်းကြီးအလား တလှုပ်လှုပ်တရှားရှား အပြေးအလွှား သွား နေရသောအခါ မယ်သဿမှာ နေထိပန်းပမာ နွမ်းနေရှာပါပြီ။ ခြေလှမ်းမျှားကိုပင် မသယ်ချင်အောင် ဖြစ်လာသည်။

"အဘရယ်- ခဏနားကြပါအုံးစို့၊ သမီးရော-မေမေရော မောလှပြီ အဘရဲ့"ဟု သမီးက ဆိုလေသော်-

သဿမအတ်သည် နောက်သို့ တချက်လှည့်ပြီးနောက် သစ် တပင်အောက်ဝင်၍ တထောက်နားကြသည်။ရေနစ်သူကို နက် ရာသို့ တဖြည်းဖြည်းရောက ဆဲ့လေ၏။ကြောက်သော သူကိုလည်း ကြောက်စရာ တွေးချက်မျှားက အသက်မရှူနိုင်အောင် နှိပ်စက် လေ၏။

ကြောက်စိတ်မှန်နေသော သဿ အမတ်ဟောင်းသည် မိမိ ရင်သွေး မယ်သဿကိုကြည့်ကာ သက်ပြင်းကြီး ချလိုက်သည်။ မယ်သဿ၌ နေညှဉ်းသဖြင့် ဝင်းနေသဲ့သူ့နကိုယ်အသားမှာ ဟင်းသပဒါးအလား ရဲလာ၏။ ပင်ကိုယ်ချော သဘာဝကလှ နေသူမျှားအဖို့ ဘယ်ဘဝမျိုး ရောက်ရောက် သူတို့ အလှမှာ

ပျောက်သွားသည်မရှိ။ပူလျှင်လည်း ပူသောအလျောက် တမျိုးလှုနေသည်။ အေးလျှင်လည်း အေးသော အလိုက်၊ နွေးလျှင်လည်း နွေးသောအလိုက် အလှစရိုက်ကလေးတွေ ပေါ်နေပေသည်။

သဃ်အမတ်မှာ သမီး၏ အလှကိုကြည့်ယင်း သက်ပြင်းကို တွင်တွင် ချနေ၏။"အင်း....သမီးရဲ့အလှဟာ တနေ့ ဒို့ကိုဒုက္ခပေးမှာဘဲ"ဟု တွေးလာသည်။

"သမီး....သိပ်ပင်ပန်းသလား"

သမီး၏နဖူးပေါ်၌ ချွေးနှင့် ကပ်နေသော ဆံနုကလေးများကို သိမ်းပေးရင်း မယ်သဃ်ကို အဖြစ်သူက ကရုဏာသံကြီးဖြင့် မေးလိုက်ရှာ၏။

"ပန်းတော့ ပန်းတာပေါ့ အဘရယ်။ ဒါပေမဲ့ အဘစိတ်ချမ်းသာဘို့ဘဲအရေးကြီးပါတယ်။ အဘစိတ်ချမ်းသာရင် သမီးအမောပြေပါတယ်"

လိမ္မာသောသမီးပြီပြီ၊ချစ်ဘွယ်ကောင်းသော စကားကို ဆိုလေသောအခါ ဖခင်ဖြစ်သူအဖို့ ရင်ထဲတွင်ဆို့သွားကာ "ငါ့ဒီအကြံအစည်မျိုးမကြံသင့်ဘူး။ မကြံအပ်ဘူး"ဟူ၍ လူမသိရသော သူ့အကြံကို သူကပင်ဆုံးမလိုက်လေသည်။

ထိုမှတဆောက် ခရီးဆက်၍ ရှောက်ကြသည်။ စမ်းချောင်းကလေးတခုတို့ ရောက်သွားကြသည်။ ရေကိုမြင်လျှင်မယ်သဃ်သည် အငန်းမရ လက်ခုပ်ကလေးနှင့်ခပ်,ခပ်သောက်နေရှာသည်ကို မိဘနှစ်ယောက် မျက်လုံးဒုတ်ထောက်ကြည့်နေကြ၏။ မယ်သဃ်သည် ရေဝအောင် သောက်ပြီးသောအခါ ဝင်းစက်နေသောသူ့ခြေသလုံးလေးနှစ်ဖက်ကိုစမ်းရေဖြင့်တဘတ်ဘဲတ်ရိုက်၍

အအေးဓာတ် ပေးနေသည်။ ငါးအုပ်ကလေး တအုပ်က မယ်သဃ်၏ ခြေသလုံးသားကို လာကြည့်နေကြသည်။ ထူးဆန်းချေပေလား၊ လူသားစားချင်ချေပေလားမသိ၊ ခြေသလုံး ပတ်ဝန်းကျင်၌ ဝက်ခေါက်ထိုးသဏ္ဌာန် တိုးလိုက်ဆုတ်လိုက် လုပ်နေကြသည်။

"ရှင်မ-ဒို့အခုရန်သူနဲ့အတူ ခရီးသွားနေရတာ သိရဲလား"

သဃ်အမတ်သည်မျက်စိကသမီးဆိုသို့ကြည့်ထားလျက်မှဇနီးဖြစ်သူကို မေးလိုက်ရာ၊ ဇနီးဖြစ်သူမှာ ကြောင်စီစီဖြစ်သွားလေသည်။

"တော့်စကားက ဘာကိုဆိုလိုတာလဲ၊ ကျုပ်တို့ သားအမိသားအဖ သုံးယောက်ထဲလာကြတာ၊ ဘယ်မှာရန်သူပါလို့လဲတော်"

"ပါပါတယ်ကွာ၊ မင်းသတိမထားမိလို့ပါ။ ဒီရန်သူဟာ ဒို့နဲ့အနီးကပ်ဆုံး ရန်သူဘဲ"

"တော်ပြောနေတာ ကျုပ်ဖြင့်နားကိုမလယ်ဘူး၊ခရီးပန်းရတဲ့အထဲ ရှင်းရှင်းပြောစမ်းပါဗျာတော်၊ဘယ်မှာလဲ ရန်သူ"

ဇနီးဖြစ်သူသည် ထိုသို့ပြောပြီး စမ်းခြောင်းဂရုဖြင့်ငုံ၍မျက်နှာသစ် ပလုပ်ကျင်းလုပ်နေစဉ် သဃ်အမတ်သည် ဇနီးကံုလက်တို့၍ တနေရာကို လက်ညှိုးထိုးပြလိုက်ယင်း-

"အဲဒါ ရန်သူဘဲ"

"ရှင်...."

ခင်ပွန်းသည်၏စကားကြောင့် လန့်သွား၊ အံ့အား အလွန်းသင့်သွားသည်။

"တော်ဟာ စိတ်များမှကောင်းသေးရဲလားဟင်၊ ကြောက်သွေးမွန်တိုင်း တွေ့ကရာတွေ့ရောက်ပြောမနေနဲ့၊အဲဒါမယ်သဿ်တော့။ကိုယ့်သမီးကိုတောင်မမှတ်မိတော့ဘူးလား၊ စကားပြောတာ သတိထားပြောပါတော်။ တော်လုပ်ခဲ့တာတွေ အဟုတ်မဟုတ်လို့ ကျုပ်သမီးလေး ဒုက္ခခံရရှာတာ၊ အဲဒါ သမီးရှင့်သမီး"

"ငါသိပါတယ်ကွာ။ သိလို့လဲဒို့ရဲ့ အနီးကပ်ရန်သူလို့ ငါပြောတာပေါ့။ မင်းသမီးဟာ သူများနဲ့မတူဘူး၊မတူသမှ သိပ်ပြီးမတူတာ"

"ဘာမတူတာလဲ၊ ကျုပ်သမီးကသူများထက်ဘာများပိုထူးလို့လဲ"

"ထူးပြီလားကွယ်။ မတူလို့မတူဘူးပြောတာ။ မင်းသမီးဟာသူတကာထက် ချောတယ်၊လှတယ်"

"အဲဒါဘာဖြစ်လဲ၊ချောတာလှတာနဲ့ ရန်သူနဲ့ဘာဆိုင်သလဲ၊ တော် ရှူးများနေသလား ဟင်၊ ကိုယ့်သမီးကို ဒီလိုဘဲ ပြောရသလား"

"ချောတာလှတာဟာ ရန်သူကွ၊လိုချင်တဲ့သူ သိပ်များတယ်၊ သမီးနဲ့နောက်မှာ ရန်သူတွေတပြုံကြီး"

"ဟောတော်"

ထိုစမ်းချောင်း ကလေးမှတဆင့်၊ ခရီး လှုင့်ကြွပြန်လေ၏။ မယ်သဿ်သည် ကျေးဇူးရှင်မိဘနှစ်ပါးကိုလဲအားကိုးသည်။ ချစ်လည်းချစ်သည်။ မိဘစကား ဘယ်အခါမှ မပယ်ရှား။အမြဲအားဖြင့် လေးစားသည်။ ရှိသေသည်။

မယ်သဿ်သည် မိဘအပေါ်၌ သားသမီးဝတ္တရားနှန့် အညီ သမီးကျင့် ကျင့်သော်လည်း သ့ူမိဘနှစ်ပါးကမူ တ့ွေကြုံနေရ သောဆင်းရဲ၊ လာလတံ့သောအနာဂတ်ဘေးကို ပုံကြီးခ့ဲ၍တ့ွေး ကာ အလွန် မိဘမဆန်သော အကြံများကို မယ်သဿ်အပေါ် ရက်ရက်စက်စက် ကြံနေကြလေပြီ။ ဤသည်ကို သဘောဖြူ၊ အူ စင်းလှသော သမီးချောခများက ဘာမျှမသိရှာ။ အတန်ကြာ သ္ဒားမိကြသော်- စရပ်ဦးပြည်းတခုနှင့် ညောင်ညိုပင် စခန်းသို့ ရောက်သ္ဒားကြလေသည်။

"သမီးရေ....အမောပြေ အပန်းပြေငါ့သမီးစားဘို့လို့အဘ တို့ စားစရာသ္ဒားရှာလိုက်အုံးမယ်"

ဤသို့ပင် ဖခင်အရင်းခေါက်ခေါက်ဖြစ်သူက သမီးအပေါ် လိမ်ဉာဏ်နှောက်ပြီး မျှားကောက်နှင့်ပစ်လေတော့သည်။

"သမီးတယောက်ထဲ ဒီမှာနေခ့ဲရမှာလား"

"ဟုတ်တယ်သမီးရဲ့၊အမေပါလိုက်သ္ဒားအုံးမှာပေါ့။ ညည်း အဘစိတ်ကတော်တော်ရယ်၊ သ့ူချည်းလ္ဒတ်လို့ ဘယ်ဖြစ်မလဲ။ အမေစိတ်မချဘူး"

မယားကပါ လင့်ဘက်ပါပြီး သမီးကိုလှိမ့်လိုက်သည်။သ္ဒား လေရာရာ တ္ဒဲလဲတ္ဒဲလဲ၊ ဒီသမီးပါနေရင် ရန်များသည်၊ဒုက္ခတ့ွေ မည်ဟူသော သူတို့အသိ၊ သူတို့အတ့ွေးဖြင့်ကိုယ့်ရင်သ္ဒေးမဟုတ် တော့သည့် အတိုင်း ရိုင်းရိုင်းစိုင်းစိုင်း သမီးနဲ့ ခ္ဒဲရန် သမီးကို ပ,ထုတ်ရန် လမ်းကထဲက ကြိတ်၍ ကြံလာခ့ဲကြသည်။

"သမီးအတ္ဒက်ဒုက္ခခံပြီးမရှာပါနဲ့အဘရယ်၊ သမီးမစားဘဲလဲ နေနိုင်ပါတယ်။ သမီးအဘဲနဲ့အမေတို့နဲ့ခ္ဒဲပြီး တယောက်ထဲမနေ ရဲ့ပါဘူးအဘ"

သမီးကဤသို့ဆိုနေသောကြောင့် သူတို့အကြံမှာ နှောင့်ရမလိုဖြစ်သွားသည်။

"ကြာတာမှတ်လို့ ဘဲသမီးရယ်၊အဘတို့ခုဘဲပြန်လာမဲ့ဥစ္စာ"

"ဒါဖြင့်လဲသမီးနေရဲအောင် စိတ်တင်းပြီးနေခဲ့ပါမယ်အဘ၊ မြန်မြန်သာ ပြန်လာခဲ့ပါ"

"အဲဒီလိုမှပေါ့....ဒါမှအဘသမီးကွ။ မကြာစေရဘူးအဘတို့ အခုလေးတင် ပြန်လာမယ်။ ဩော်....သမီးကို အဘအမှတ်တရ တခုမှာခဲ့မယ်၊ အဘစကားနားထောင်နေ"

"သမီးမိဘစကားကို တသက်လုံးနားထောင်လာခဲ့ပါတယ်၊ အဘ မှာစရာရှိဘာမှာခဲ့ပါ။ သမီးရိုသေစွာနားထောင်ပါ့မယ်"

"မှာချင်တာက ထူးတူးထွေထွေတော့ မဟုတ်ပါဘူး သမီးရယ်။ သမီးကိုစိတ်မချတဲ့ကိစ္စဘဲ၊ အဘတို့ပြန်မလာမချင်း၊သမီးဒီနေရာက ဘယ်ကိုမှမသွားဘို့ဘဲ။အဘတို့ စိတ်ချသွားရအောင် အဲဒီကတိတလုံးတော့ ပေးလိုက်ပါသမီးရယ်"

"သမီးပေးပါတယ်အဘ။ လိုက်နာပါ့မယ်။ အဘတို့မလာဘဲနဲ့လဲ သမီးတယောက်ထဲ ဘယ်ကိုမှ မသွားတတ်ပါဘူး"

ထိုစကားတလုံးက နှလုံးသားကို ပင့်၍ ဆောင့်လေသောကြောင့် လင်မယား နှစ်ယောက်စလုံးပင် အောင့်သွားလေ၏။ မိခင်ဖြစ်သူမှာ သမီးကိုတွေ၍ကြည်ပြီး မျက်ရည်များပင် ဝဲလာလေသည်။ သူတို့အကြံကိုမရိပ်မိရှာသော သမီးကလေးကမူ-

"ကဲအဘ၊ သမီးကိုစိတ်ချပါ၊ အဘနဲ့အမေတို့သာ မြန်မြန်သွားပြီး မြန်မြန်ပြန်ခဲ့ပါ။ မလာမချင်း သမီးတော့ မျှော်နေမှာဘဲ"

ကျွန်စကားအဆုံး၊ ညောင်ညိုပင် စခန်းအောက်က သူ့မိဘ နှစ်ပါးပျောက်သွားလေသည်။ ကမ္ဘာမီးလောင်သားကောင်ချ နင်းသည်ကိုကား သူ့ခမျာကဘာမျှမသိရှာလေ။ ကိုယ်ရင်သွေး ကိုပင် ရန်သူထင်လေ၍ သမီးကိုမလိမ့်တပတ် လုပ်ထားခဲ့ကြပြီး သုတ်ခြေတင်ကြလေသတည်း။ ထိုကဲ့သို့ လူမဆန်သောမိဘမျိုး လည်းရှိတတ်သေးကြောင်းကို အမှတ်တရ ဂါထာဖွဲ့၍ ပြထား သည်မှာ-

"ကြောက်ဖွယ်လန့်ဖွယ်၊အန္တရာယ်ဒုက္ခ၊ အဝဝအဖုံဖို့ ကြုံကြိုက်လာကုန်သည် ရှိသော် .... အချို့ အချို့ လူ မဆန်သောမိဘတို့သည်၊ သားဟူသော တွယ်တာမှု၊ သမီးဟူသော ချစ်ခြင်းကို စွန့်ပယ်တတ်ကြကုန်၏။ မိမိကိုယ်ထက် တစုံတခုသော မြတ်နိုးစရာတွယ်တာ စရာ ချစ်ရမည်သူဟူ၍ မရှိဖြစ်ကြကုန်၏။

မယ်သဿ်သည်မိဘနှစ်ပါး ထွက်ခွာသွားသည့် အချိန်မှစ၍ ဧရွှေလည်တိုင်ဖော့ရိုး ကျိုးမတတ်မျှော်နေရှာ၏။ မပေါ်လာ။ နေစွယ်ကျိုးလာပြီ၊ မိဘကိုမမြင်ရ။နေဝင်သွားလေပြီ၊သူ့မိဘ အရိပ်အခြေကိုမျှမတွေ့ရ။

တည်ကျူးခြင်တရက်ကူးလာ၏။ မယ်သဿ်မှာ စရပ်ပေါ်က မထ။ ကြိုးဖြင့်တုပ်နှောင်ထားသောကြောင့် သူ့ခမျာ ထ၍မရ၊ သူ့ကိုတုပ်နှောင်ထားသော ကြိုးကား မိဘစကား သစ္စာကြိုး ဖြစ်လေသည်။ 'ပြန်မလာမချင်းဘယ်ကိုမှမသွားပါဘူး'ဟူသော သူ့စကား။ "ဘယ်မှမသွားနဲ့"ဟူသော အဘစကားက သူ့ကို မထမကြွနိုင်အောင် တုပ်နှောင်ထားပေသည်။ မိဘ စကားကို

မျက်မှောက်၊ မျက်ကွယ်ရာမရွေး၊ ရိုသေစွာ နားထောင်သော သမီးလိမ္မာ ဟူပေ၏။

သူနေသောနေရာမှာ စရပ်ဖြစ်သောကြောင့် လူသွားလူလာ ရှုပ်သည်။ သူ့ကိုတွေ့လျှင် သနား၍ ခေါ်ကြသည်။ သွားလို ရာရာအထိလိုက်ပို့ပေးမည်ဟု ပြောကြသည်။သူကား မိဘစကား ကိုနားထောင်၍ မလိုက်ရုံမက၊ 'လိုက်မယ်၊ မလိုက်ဘူး' ဟူသော စကားလုံးကိုပင် ခွန်းတုံ့ခွန်းပြန်ခြင်းမပြုလေဘဲ၊ ရေငုံနှုတ်ပိတ် တိတ်ဆိတ်စွာ နေလိုက်၏။

သူ၏ ချောမော လှပသော ရုပ်ရည်နှင့် အနေ အထိုင်ကို ထောက်ကာ ကြောက်သူက ကြောက်သေးသည်။

"ဟော့၊ ဒါ လူ မှုတ်ဘူး၊ ဥစ္စာစောင့်ဖြစ်ရမယ်။ ချောလဲ ချော လှလဲလှ၊ အသွင်အပြင်ကညှိုးလျလျဖြစ်နေတာဟာ တမင် အမှုအဆောလုပ်ပြတာ။ လူတကယ်စင်စစ် ဖြစ်ရင် မေးထူး ခေါ် ပြောတော့ ရှိရမပေါ့။ အခုတော့ မေးပေမဲ့ ဘာတခွန်းမှ ပြန် မ့ပြောဘူး။ ဒါဟာ ဥစ္စာစောင့်လက္ခဏာလို့ ဒို့ဘကြီးက ပြော ဘူးတယ်၊ ကြာကြာနေရင် သိုက်ထဲခေါ်သွားမှဖြင့် အခက်" ဟု အချင်းချင်း တီးတိုး ဆိုပြောကာ၊ ထိုစရပ်အောက်က ကဆုန် ပေါက်ပြီး ပြေးကြသူကလည်း မရှားပေ။

မိဘ နှစ်ပါး ပြန်မလာသည်ကိုအကြောင်းပြု၍ မယ်သဃ်၌ ရင်ဆိုင်နေရသော ဒုက္ခမျှားမှာ တောကြီး မျက်မဲ၌ အားနွဲ့သူ မိန်းမသားတယောက်ထဲဖြစ်၍ အားငယ် ထိတ်လန့်၊ စိတ်မသန့် ဖြစ်ရခြင်း ဒုက္ခ။ သေလေသလား-ရှင်လေသလား၊ အဖမ်းခံရ လေမလား....ဟု မိဘနှစ်ပါးအတွက်စိုးရိမ်ပူပန်ရသော သောက၊ အစာပြတ်၍ ငတ်မွတ်ခြင်းကြောင့် အားအင် ဆုတ်ယုတ်လာ

ခြင်း ဒုဗ္ဗလ။ တဖြေးဖြေး အသားအရေခန်း၍ ကြုံလှီလာခြင်း ကီသ။ ဤသို့သော ဒုက္ခ သုက္ခ အဝဝ ရစ်ထွေးမြေးယှက်၊ အခံရ ခက်လှသော်လည်း မယ်သဿ်ကား အသက်သေသော်မှသေစေ 'မိဘစကား စွန့်ပယ်ရှားပြီး ဤနေရာက ငါဘယ်ကိုမှမသွား....' ဟူ၍ သန္ဒိဋ္ဌာန်ချကာ ဘယ်အခါမှ ပြန်လာကြတော့မည်မဟုတ်သော မိဘနှစ်ပါးအား တမျှော်မျှော်နှင့် စောင့်စားလျက်သာ နေလေ၏။

ခုနစ်ရက်မြောက်သော နေ့တွင်မူကား၊ ထိုစရပ်ပေါ်၌ နေထိုင်စဉ်မှာပင်ရေငုံနှုတ်ပိတ်၊တိတ်ဆိတ်စွာနေ၍မရ၊သူ့ပါးစပ်ကို အတင်းဖြဲ၍ စကားလုံးများကို တလုံးချင်းကလော်ထုတ်၍ယူနေ တော့သလို လူပျိုကာလသုား ဇွတ်သမား နောက်ပိုးတယောက်နှင့် ကြောက်စရာ ရင်ဆိုင်နေရလေပြီကော။

လူပျိုကာလသကား၊ လူ ရည် သန့် သန့်၊ ချောချောလှလှ၊ အပြောကောင်းကောင်း၊ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင် ရုပ်မျိုးဖြစ်လေသည်။ အများအားဖြင့် အပျိုတို့သဘောမှာ အမြောက်အပင့်ကလေးတွေနဲ့ပြောမှ သဘောကျ၍ စကားကိုလက်ခံတတ်ကြောင်းကို ထိုလူပျိုက အပျိုတို့ ဓာတ်ကျောကို နောကြေနေဟန်တူ၏။ မယ်သဿ်ကို မိုးနတ်ဒေဝီ၊ မေဘရဏီတို့ကပင် ရှုံးလောက် မှုန်းခြယ် တင်စား၍ ဆိုပေရှာ၏။ ထိုအကြောင်းနှင့် ပတ်သက်၍အပျိုလူပျိုသမီးရည်းစားစကားပြောခဏ်းကိုဂါထာဖွဲ့၍ မှတ်တမ်းပြုထားသည်က-

(၁) "အို .. အလှမျက်ခြယ်၊ ခရီးသယ်ချစ်နှမ့။သီရိတေသာ သင်၏ဆံညွှန်လွှာကလေးများကား၊ အများကော့ရရော့၊ ကြော့ရှင်း မည်းချိပ်။ သပိတ်ကဲ့

အရောင်၊ ပိတုန်းကောင်လိုလို။ မောင်းမောင်းညို သော အဆင်းလည်းရှိပေ၏။ ပီးတော့ ထုံနှံလှိုင် လှိုင်၊ပွင့်ချင်းပြိုင်နေသော ကြာဂနိုင်၊ ကြာတော ကြီးနှင့်လည်း တူပေ၏။ သင်၏မျက်စိဆိုပြန်သော် မဟူရာတုံး သမင်မမျက်လုံးကဲ့သို့၊လုံးဝန်းတောက် ပ၊ အလွန်လှပါပေ၏။ အသင်ကား....မျက်လုံး ထောင်သောင်း၊ ရှုမညောင်းအောင် ကပြဖျော် ဖြေရာ၊အာရုံစုပုံ ပြဇာတ်ခုံတခုပါကလား”

(၂) “အိုချစ်နှမ၊ မေးစမ်းပါရစေလားကွဲယ်။ အသင် ချစ်နှမဟာ အဆင်းရူပကာက ရှစ်ရုပ်၊ တင့် တယ်တဲ့နေရာမှာတော့ နန္ဒဝန် နတ်ဉယျာဉ်ကြီး အတွင်းက ယမင်းသွဇာ၊ တိမ်စင်လ၏နှယ်။ သို့ ဖြစ်ပါလျက် ဘယ့် အ တွက် ဤစရပ်ပေါ်ကို ရောက်နေပါသလဲကွယ်”

(၃) “အို....တကောင်ကြွက် မျက်နှာငယ်၊ မိုးနတ်နွယ်။ အသင်ဟာ ဘယ်သူဖြစ်ပါလိမ့်၊ဘယ်သူရဲ့ရင်သွေး ဖြစ်ပါလိမ့်။အသင် ဘယ်ကလာလို့ ဒီကို ဘယ်လို ရောက်လာတာလဲ။ ဒီစရပ် ပေါ်မှာဘာလာလုပ် နေတာလဲ။ အသင်ချစ်နှမရဲ့အသဲပိုင်ရှင်ခင်ပွန်း လင်ဆိုတာကတော့ ဘယ်သူမျှားပါလိမ့်ကွယ်”

(၄) “ဒါတွေ ထားလိုက်ပါတော့ကွယ်။ကဲ-ယခုဆိုရင် ချစ်နှမအရွယ်ကလဲ၊ ငယ်ငယ်အပျိုပေါ့။ မောင်ကြီး ကလဲငယ်ရွယ်တံစို၊လှလင်ပျိုပေါ့။အပျိုနဲ့လူပျို၊အရွယ် တူချင်း၊ ဒီမှာလာဆုံမိကြတာဟာ ရှေးရေစက်ဘဲ

ထင်ပါရဲ့။အပျိကို လူပျိက လိုချင်တယ်၊ လူပျိကို လဲ အပျိကလိုချင်တယ်၊မြတ်နိုးတယ်။ဒါသဘာဝ ဘဲ၊အဆန်းမှုတ်ဘူးနှမ"

(၅) "အဲဒီတော့(ရိုင်းတယ်လို့လဲ့မထင်ပါနဲ့) ဒီကနေ့ ကစပီး ချစ်နှမကို မယားအဖြစ် မောင်ကြီးသိမ်း ပိုက်ပြီး ရာသက်ပန် လုပ်ကျွေးပြုစုပါရစေလား ကွယ်။မောင်ကြီးကခင်ပွန်းလင်၊ ချစ်နှမက မောင် ကြီးချစ်တဲ့ ကြင်ယာဇနီး။ လက်ခံမယ် မဟုတ် လားကွယ်....ဟင်"

လုလင်ပျိကအတင့်ရဲစွာဖြင့်မယ်သင်္ဃအား ချစ်ရေးဆိုသော အခါ ချစ်နှောင်ကြိုးကို ငင်လေသောအခါ၊ရေငုံနှုတ်ပိုတ် တိတ် တိတ်ကလေး နေလာ ခဲ့သော မယ်သင်္ဃအဖို့၊ဤသူအား စကား မဆိုလေဘဲ တုဏ္ဍိဘာဝေ၊ဆိတ်ဆိတ်နေ၍ မဖြစ်တော့ချေ။

အဘယ့်ကြောင့်ဆိုသော်၊ဤသူကားသမီးရည်းစားချစ်စကား ဖြင့် မယ်သင်္ဃအား ရှေးဦးစွာချော့ချော့မော့မော့၊ပျော့ပျော့ ပျောင်းပျောင်း သိမ်းသွင်းခြင်းဖြစ်မည်။ဤသူ့အား စကားမဆို ဘဲ နေလိုက်သော်- သူသည်ငါ့ကို အဘယ်သို့ ပြုလေမည်မသိ။ သူ့အား အကျိုးအကြောင်း ပြောပြသင့်သည်။ ဆိတ်ဆိတ်နေ ခြင်း သည်ယခင့်ယခင်အရင်လူများအတွက် မှန်ကန်သော်လည်း ဤသူ့အဖို့မူ ဆိတ်ဆိတ်နေလို့မတော်။မယ်သင်္ဃသည် စဉ်းစား ပြီးစကားပြန်လေ၏။

(၁) အို....မောင်ကြီး။ မောင်ကြီးပြောတဲ့ စကားတွေ ကို ကျမလေးစားပါတယ်။ စဉ်းစားလဲကြည့်ပါ

တယ်။အစပထမတော့ ဟုတ်တော့မလိုလိုတောင် ထင်ယောင်ထင်မှား ကျမဖြစ်သွားတယ် မောင်ကြီး။ ထင်ယောင်ထင်မှား ဖြစ်သွားရတာကလဲ ကျမရဲ့ မိဘနှစ်ပါး၊ပြောဘူးတဲ့ စကားကြောင့် ပါဘဲ။ ဘယ်လိုပြောဘူးသလဲဆိုတော့ "မိန်းမဆိုတာ လင်ဆိုတဲ့ အဆင်တန်ဆာသာ မရှိရင်မတင့်တယ်ဘူးတဲ့ မောင်ကြီးရဲ့"

(၂) "ပီးတော့ကော....လင်မရှိတဲ့မိန်းမကို မုဆိုးမလို့ ဆိုကြပါတယ်။အစားဆင်းရဲ၊ အသွားအလာဆင်းရဲ အနေအထိုင်ဆင်းရဲ၊ အပြောအဆိုဆင်းရဲ၊စီးပွားဥစ္စာဆင်းရဲဆိုတဲ့ ဆင်းရဲပေါင်း သောင်းခြောက်ထောင်တွေက၊ အဲဒီမုဆိုးမကိုဝိုင်းပီး၊ အမြဲမပြတ် အခါခပ်သိမ်း နှိပ်စက်ကြတယ်ဆိုဘဲ။အဲဒီလိုပြောဘူးပါတယ်"

(၃) "အိုမောင်ကြီး၊ ကျမမှာအမိလဲရှိပါ၏။အဖလဲ ရှိပါ၏။ ကျမမိဘနှစ်ပါးက ဒီလို မှာပစ်ခဲ့ကြပါတယ် မောင်ကြီးရယ်၊ အမေတို့အဘတို့ ပြန်မလာမချင်း ဘယ်မှမသွားနဲ့၊ ဒီစရပ်ပေါ်မှာဘဲ စောင့်နေတဲ့-မောင်ကြီးရဲ့"

(၄) "အို....မောင်ကြီး၊ မိဘစကားဆိုတာ အင်မတန်၊ တန်ဘိုးထားပြီး ရှိသေလေးစားရပါသည်ရှင့်၊ မိဘစကားနားမထောင်တဲ့လူဟာ၊ မျက် မှောက် လောလောလတ်လတ်၊ ပစ္စုပ္ပန်ဘဝမှာလဲ ပျက်စီးရတတ်ပါတယ်။ တမလွန်ဘဝမှာဆိုရင်လဲ ငရဲ၊ တိရစ္ဆာန်၊

ပြီတွာ၊ အသူရကယ် အပယ်လေးဘုံ ကျရောက်ရတတ်ပါတယ်”

(၅) “အို....မောင်ကြီး၊ ကျမ မိဘမျှားရောက်လာလို့ အကျိုးအကြောင်းပြောပြတဲ့ အခါမှာ တကယ်လို့ သူတို့က သဘောတူ ခွင့်ပြုမယ်ဆိုရင် ကျမအနေနဲ့ ဘာမှပြောဘို့ မလိုပါဘူး။ မောင်ကြီးနဲ့ လက်ထပ်ပေါင်းသင်းရုံရှိတာပါဘဲ။အဲ-သူတို့က သဘောမတူဘူး၊မပေးစားနိုင်ဘူးဆိုရင်တော့ ခွင့်လွှတ်ပါ။ကျမဘာမှမတတ်နိုင်ဘူး”

ဤသို့ရှင်းလင်းတင်ပြချက်ကို လုလင်ပျိုကလက်ခံသည်။ကျေနပ်သည်။ ‘မိဘစကား နားထောင်လေသူ’ဟူ၍ လိုက်လိုက်လဲလဲ သူ့ဝမ်းထဲက ချီးကျူးကုဏ်ပြုလိုက်သည်။

“ကောင်းပါပြီချစ်နှမ၊ ယခုလိုကြားရတာ မျှားစွာကြနပ်ဘွယ်ကောင်းပါသည်။ မိဘမျှား လာသည်အထိ မောင်ကြီး မစောင့်လိုတော့ပါဘူး။ ဤသို့ပြောမိတဲ့အတွက် မောင်ကြီးကို ခွင့်လွှတ်ပါ။ သြော်-ချစ်နှမ အဟာရကင်းပြတ်နေတာကြာပြီမှတ်လား။ ချစ်နှမအတွက် မောင်ကြီးဒါနပြုခဲ့ပါရစေ၊ မောင်ကြီးရဲ့စေတနာကိုငဲ့ဲသောအားဖြင့် ဒီထမင်းထုပ်ကလေးကို လက်ခံပြီး သုံးဆောင်ပါကွယ်”

ထိုသူသည် လွယ်အိတ်ကို နှိုက်ဟန်ပြုပြီး အထုပ်တထုပ်ကို ယူ၍ မယ်သီအား ပေးလေ၏။ မယ်သီလည်း ကမ်းလှမ်းသောအထုပ်ကို လှမ်း၍ ယူလိုက်ပြီးနောက် မျက်လုံးမျှားပြာကနဲဖြစ်သွားလေသည်။ အကြောင်းမူကား၊ ထိုလုလင်ပျိုသည်

သူ့မျက်စိအောက်က ချက်ချင်းကွယ်ပျောက်သွားသောကြောင့် ဖြစ်၏။

"ဟင်....သူဘယ်လိုလူ၊ဘယ်ကလူပါလိမ့်"

တအံ့တသြ ဖြစ်နေရက်က ပေးခဲ့သော ထမင်းထုပ်ကို ဖြေကြည့်လိုက်သောအခါ သာ၍အံ့အားသင့်သွားပြန်လေ၏။

"ဟင်....မွေးလိုက်တာ၊ နတ်ထမင်းနဲ့တူတယ်"

မယ်သဿ်၏ထင်မြင်ချက်ကား မမှားပေ။ ထိုလူလင်ပျိုကား လူသားမဟုတ်၊ သိကြားမင်းတည်း။ မယ်သဿ် မိဘစကားကို အဘယ်မျှ လေးစားသည်ကို လာရောက် စမ်းသပ်ခြင်း ဖြစ်သတည်း။

မယ်သဿ်အဖို့ ကြက်ကန်း ဆန်အိုးတိုး ကိန်းနှင့်ကြုံနေ၏။ ထမင်းငတ်ခဲ့တာ ၇ ရက်တာမျှင့်ပြီဖြစ်၍ အငန်းမရ စားတော့မည်ပြု၏။ ထိုခဏ၊ ထမင်းထုပ်ကိုင်ထားသော လက်ကို အသာပြန်ချပြီး-

"ဧည့်....မနက်ခင်းရှိပါသေးလား၊ ဒေးဥိးစားဖျားရဟန်းတော်များကိုလှူပြီးမှဘဲ ငါစားမယ်၊ အိမ်က ထွက် လာကထဲက ငါတခါမှမလှူရသေးဘူး"

ဤသို့အကြံဖြစ်လာကာ လက်အုပ်ချီမိုး ရှိခိုးလျက် ကောင်းကင်ပေါ်မော်ဖူး၍ ဆွမ်းအလှူခံပင့်လေ၏။ အသျှင်ကောင်းအသျှင်မြတ်တို့သည် ဘုရားတပည့်တော်မထံ ဆွမ်းအလှူခံကြွတော်မူကြပါဘုရား" ဟူ၍ ပင့်လျှောက်လေ၏။

မယ်သဿ်သည် ဒါနမှုဌ္ဌ မွေ့လျော်၏။ အလှူရေစက် လက်နှင့်မပြတ် အမြဲလှူနေချင်သည်။ သို့သော်ယခုအခါ၌ သူ့ခမျာမှာ မလှူနိုင်ရှာ၊လှူဖို့အတွက် ဤထမင်းထုပ်ကလေး ရသည်မှာ

သူ့အဖို့ စိန်ထုပ်ကြီးကောက်၍ရသည်ထက်ပင် ဝမ်းသာမဆုံး တပြုံးပြုံးဖြစ်နေသည်။

"ကြွတော်မူပါဘုရား"

သူမျှော်နေတုန်းမှာပင် ရဟန္တာကိုယ်တော်တပါးသည်သူ့ ပင့်လျှောက်သံကြား၍ အလှူခံကြွလာသည်ကို သဒ္ဓါ ကြည်ညိုစွာသောစေတနာဖြင့် ထမင်းထုပ်မှ ထမင်းများကို သပိတ်ထဲထည့်၍ လောင်းလှူလေ၏။ ဤသို့လှူရသည်ကိုပင် အားရဟန်းမတူ။ အလှူခံပုဂ္ဂိုလ်ပြန်ကြွတော့မည်ပြုလျှင်-

"ခေတ္တသည်းခံ၍ ရပ်တော်မူပါအုံးဘုရား"

လျှောက်ထားခဲ့ပြီးနောက် ချုံထဲဝင်သွားလေသည်။ သူပြန်ထွက်လာသောအခါ သူ့ကိုယ်မှာ သစ်ရွက်များဖြင့်စည်းနှောင်ဖုံးအုပ်၍သူ့အဝတ်အစားများကို အထုပ်ကလေးထုပ်၍ ယူလာသည်။

"ဘုရားတပည့်တော်မရဲ့ အဝတ်အစားများကိုလဲ ခြေသုတ်ကြိုးဝန်အဖြစ် အသုံးပြုရန် အလှူခံတော်မူပါဘုရား" လျှောက်ထားပြီး လှူလိုက်လေ၏။ အ သျှင် သူမြတ်သည် သူ့မျက်စိအောက်မှာစျာန်ဖြင့် ကောင်းကင်ပေါ်မြောက်တက်သွားသည်ကို ဖူးမြင်ရလေသောအခါ အတိုင်းထက် အလွန် ဝမ်းသာခြင်းပီတိဖြင့် မျက်စိတဆုံး ဖူးမြော်၍ကျန်ရစ်ခဲ့လေသတည်း။

ထိုအခါန် အနုရာဓနန်းတွင်း၌ ကာကဝဏ္ဏတိဿ မင်းသည် ညီလာခံလျက်ရှိနေစဉ်ထီးချက်စောင့်နတ်သမီးသည်ဤသို့သော ကောင်းချီး နုမောသာဓုခေါ်ခြင်းကိုပြုလေ၏။

"အို .. သတို့သမီး။ ကောင်းလေစွ၊ ကောင်းလေစွ။ သင့်ကား သဒ္ဓါတရားနှင့်ပြည့်စုံသူဖြစ်ပေ၏။သမ္မာအာ

ဇီဝကောင်းသော အသက်မွေးခြင်းလည်းပြုသူ မှန်ပေ၏။ မိမိစားမည့်အစာကိုလှူခြင်း၊မိမိဝတ်နေသောအဝတ်ကိုလှူခြင်းဟူသော ကုသိုလ်ကောင်းမှုကို အောင်မြင်စွာသင်ပြုလိုက်ပေသည်။ သင့်အင်းအခါခပ်သိမ်း သူတော်ကောင်းတို့ ပူဇော်အပ်သည်ဖြစ်စေသတည်း”

ထိုသို့ကောင်းချီးပေး ကြွေးကြော်လိုက်သောစကားကို မင်းကြီးကြားလေသော် ထီးချုပ်စောင့်နတ်သမီးအားမေးလေ၏။ နတ်သမီးလည်း ကိုဏ်သဃ်အမျိုးသမီး၏ ကုသိုလ်ကောင်းမှုကို သာဓုခေါ်ခြင်းဖြစ်ကြောင်း ရှင်းပြလေ၏။

“မြတ်သောမင်းကြီး။မဟာဂါမ့ရွာစား သဃ် အမတ်ကြီး၌ ကိဏ်သဃ်မ့ည်သော သမီးတယောက်ရှိပေ၏။ ထိုအမျိုးသမီးသည် ‘နိဂြောဓသာလခဏ္ဍ’အမည်ရှိသော ညောင်ညို့ စခန်းစရပ်ပျက်၌ သိကြားမင်းပေးသော နတ်ထမင်းကို မိမိမစားလဘဲ စိတ်တလတောင်၌ သီတင်းသုံးနေသောရဟန္တာတပါးအားလှူလိုက်ပေသည်။ ထိုမျှမက မိမိဝတ်သောအဝတ်ကိုချွတ်၍ပင် လှူလိုက်ပေသေးသည်။ ထိုအမျိုးသမီး၏အလှူဒါနကို သာဓုခေါ်၍ ကျွန်ုပ်ကောင်းချီးခြင်းဖြစ်ပါသည်”ဟုဆိုလျှင် ကာကဝဏ္ဏတိဿမင်းကြီးသည် မျှားစွာ ဝမ်းမြောက်တော်မူလျက် ချီးမြှောက်ထိုက်သူအား ချီးမြှောက်တော်မူရန် မယ်သဃ်ထံသို့ မှူးမတ်တို့အားလွှတ်၍ခေါ်စေလေ၏။

မယ်သဃ်သည်နတ်ထမင်းစားရ၍အားပြည့်လာ၏နကိုယ်ကလှနေသော သူ့အဆင်းတွင် နတ်ထမ့င်း၊ နတ်သွေး နှောလေသောကြောင့် အသားအရေစိုပြေပြီး ပို၍ပင် ခဲ့ျာမောလှပလာလေသည်။ သို့သော် ယခုမယ်သဃ်ကား အရင်မယ်သဃ်မျိုး

မဟုတ်၊စရပ်ပေါ်မှာပဲင် မနေရဲသဖြင့် ချုံပုတ်ထဲ ဆင်းနေရရှာသော "ချုံတွင်းမယ်" ဘဝရောက်၍ နေရှာသည်။

အဝတ်ကိုပင်ချွတ်၍ လှလိုက်သောကြောင့် သူ့ကိုယ်တွင် သစ်ရွက်အင်္ကျီ၊သစ်ရွက်ထမီများဖြင့်လှမ်းဖုံးထား၏။ လူအများသူ့ကိုမြင်သွားခဲ့သော် "တစ္ဆေချောက်သည်" ဟူ၍များထင်မှား ကြမည်လားမသိ "နတ်စိမ်း" ဟူ၍ ပြောကြမည်လားမသိ။

မယ်သဿ်သည်မိဘကမှာထားခဲ့သောစကားကြောင့်ကျိစရပ် အပါးမှ ဘယ်ကိုမှ ထွက်ခွါ၍မသွား။ ပြန်လမ်းမရှိသောသူ့မိဘ နှစ်ပါးကိုသာ ချုံတွင်းမှခေါင်းဖော်၍ မျှော်နေရှာစဉ်။ သူမြင်တွေ့ရသည်ကား သူမျှော်နေသော သူ့မိဘများမဟုတ်။ ရွှေဝေါတော်တပြောင်ပြောင်၊အဆောင်အယောင်များဖြင့်လာနေသော ဘုရင့်အခေါ်တော် မှူးမတ်နှင့် စစ်သားများသာ ဖြစ်နေ၏။

မှူးမတ်များထံမှ ဘုရင်မင်းမြတ်က အခေါ်တော် လှတ်လိုက်ကြောင်းသိရသောအခါမယ်သဿ်မှာဝမ်းမသာနိုင်အောင် ဖြစ်ရခြင်းကား....ကျေးဇူးရှင် မိဘနှစ်ပါး အတွက် ဖြစ်ပေ၏။ မရှိ၍သာ မလာခြင်းဖြစ်ပေမည်။ရှိခဲ့သော်....ရောက်ချိန်တန်ပြီ။ သို့မဟုတ် အသက်ရှင်ခဲ့သော်လည်း ငါ့ကို သမီးဟူ၍ အမှတ်မထား၊စွန့်ပစ်သွားခြင်းသာ ဖြစ်ပေမည်။

ဤသို့ဆုံးဖြတ်ပြီးနောက် ယူဆောင်လာသော နန်းတွင်းသူတို့ဝတ်ဆင်သည့် ဝတ်လဲတော်များကို ဆင်မြန်းပြီးလျှင် ဝေါယာဉ်စီးကာ မှင်းနေပြည်သို့ လိုက်ပါလာခဲ့လေသည်။ ရောက်လျှင် ကာကဝဏ္ဏတိဿမင်းက သာဓုနဲ့မော် သုံးကြိမ်ခေါ်တော်မူပြီး ကောင်းချီးပေးလေ၏။ ကိုကိုသဿ်အား သူနေထိုင်

သော မဟာဂါမရွာကို အပိုင်စား ပေးပြီးလျှင် သားတော်အိမ်ရှေ့မင်းသားနှင့် ထိမ်းမြားလျက် တူစုံမောင်နှံ ဘိသိက်ခံစေလေသတည်း။ ဤဝတ္ထုအဆုံးသတ်၌ မှတ်သားစရာ အနုသာသနီဂါထာ လာရှိသည်ကား....

"စေတနာထက်ထက်ဖြင့်၊ အလှူရေစက်၊ လက်နှင့်မှဝေး၊ ပေးလှူကြလေသောကြောင့်၊ လူတို့သည် သုံးကျိပ်သုံးပါး၊ နတ်သိကြားတို့၊ ပျော်ပါးစံရာ၊ ဝတိ်သာနတ်ကွန်းသို့၊ ဖြစ်ထွန်းလာရောက်ကြရကုန်သည်။ နည်းမျှားမဟူ၊ ပေးလှူကြလေကြောင့်၊ စီးပွားဥစ္စာ၊ သမ္ဘာညွှန့်ရှိန်း၊ ပွင့်လင်းထိန်လျက်၊ စည်းစိမ်ဖြိုးဝ၊ ရရှိခံစားကြရပေသည်။ အလှူဒါန၊ ကုသလဖြိုးလျှံ၊ အကျိုးပေးသန်သော်ကြောင့်း၊ နိဗ္ဗာန်သို့ ရောက်ကြရသည်။

သို့ဖြစ်သောကြောင့်၊ အလှူပေးခြင်းအား ဖြင့် ဆိုခဲ့ပြီးသော လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာ၊ ဤချမ်းသာ သုံးရပ်ကို မုချ ဆတ်ဆတ် အကျိုး ခံစားရတတ်သည် ဖြစ်သတည်း။

(၂၀)

သဒ္ဓါသုမန

မြို့တော်စည်ပင်သာယာရေး၌ လမ်းများသည် အရေးကြီးသော အဆင်းတန်ဆာတခုအဖြစ်ပါဝင်ကြသည်။လမ်းသာယာမှ မြို့သာယာသည်။ လမ်းသန့်ရှင်းမှ လမ်းကောင်းပါမှ စည်ပင်သောမြို့၊ သန့်ရှင်းသောမြို့ဟု ဆိုနိုင်သည်၊ဆိုရသည်ဖြစ်၏။

အနုရာဓမြို့သည် အတိတ်သီဟိုဠ်၌ အလွန်စိုပြေ၍ သာယာလှသော မင်းနေပြည်မြို့တော်ကြီးဖြစ်ခဲ့သည်။ ထိုအကြောင်းကို သမိုင်းပြုစုသောအခါ လမ်းကြီးလမ်းငယ် အသွယ်သွယ်ဖောက်လုပ်၍ တန်ဆာဆင်ထားကြောင်းကိုဖော်ကျူး၍ အထူးထုတ်ပြထား၏။ 'အနုရာဓပုရံရမ္မံ'အစရှိသောဂါထာရှစ်မျိုးတို့ဖြင့် တန်ဆာဆင်လျက် 'အနုရာဓသမိုင်း'ကို အောက်ပါအတိုင်းကမ္ဗည်းထိုးထားပါပေသည်။

(၁) အနုရာဓအမည်ရှိသော ရာဇဌာနီ မင်းနေပြည်ကား၊ လင်္ကာဒီပ သီဟဋ္ဌခေါ်ဆိုသော ကျွန်းသီဟိုဠ်မြေအပြင်၌ အလွန်လျှင် နှလုံးမွေ့လျော်ပျော်ဘွယ်ရာကောင်းသော မြို့တော်ကြီးဖြစ်သည်။

နှစ်သက်စဘွယ် သောင်းလှသော ခြူးနွယ် ခြူးပန်း၊ဘုံနန်းပြဿဒ် အထပ်ထပ်အဆင့်ဆင့် စွင့်ရရွင့်တို့ဖြင့် တင့်တယ်ကောင်းမွန်စွာ မြို့တော်ကို တန်ဆာဆင်ထား၏။ ပမာဆိုသော်- ထိုအနုရာဓမြို့တော်သည် အလှသွေးတက် ကျက်သရေ မင်္ဂလာ

အပေါင်းနှင့်ပြည့်စုံအောင် ကရမက် နှံ့သာ ပေါင်ဒါသနပ်ခါး အမွန်းတင်အလှပစ္စည်းများဖြင့်လိမ်းသထား၍ လှနေသောသတ္တိုသမီးကညာ၏မျက်နှာနှင့် အလားတူပေသည်။

(၂) စည်းစိမ်ဥစ္စာ ချမ်းသာကြွယ်ဝ ဘောဂ အရှိန်မြင့်မားထိန်လှသော အနာထပိဏ်တို့လိုသူဌေးကြီးများဖြင့် မြို့တော်ထက်ဝန်းကျင်၌ တန်ဆာ ဆင်ထား၏။ ရန်သူများ မချဉ်းနိုင် မကပ်နိုင်အောင် ရေကျုံး ရွံ့ကျုံး၊ အခြောက်ကျုံးဟု ဆိုအပ်သော ကျုံးသုံးထပ်ဖြင့် ပတ်ဝန်းကျင်လေးဘက်လေးတန်ခတ်၍ ကာရံထား၏။ ဝိုင်းထား၏။ မြို့ရိုး ကြီးမှာ အင်္ဂတေဖွတ်ထားသဖြင့် ဆွတ်ဆွတ်ဖြူနေပေသည်။ ထိုမြို့ရိုးအဖြူကြီးပေါ်မှ အပေါ်သို့ ချန်တက်၍ မိုးနေသော ပြအိုးတန်ဆောင်းတို့သည် ရှုမညောင်းအောင် တင်္ဂါးင်္ဂါးတစ္ဂင့်စ္ဂင့်နှင့် ရှိနေကြသည်။

(၃) အထောင်မက၊ များလှစ္ဂာကုန်သော ရဟန်းပရိသတ်၊ ရဟန်းမ ပရိသတ်တို့ဖြင့်လည်း ပြည့် ကျပ်ပြိုးပြွမ်း၊ပျားပန်းခပ်မျှ ဖြစ်လေ၏။ စုလစ် မွန်းချန်အထွဋ်တပ်လျက် နှလုံး မွေ့လျော် ပျော် ဘွယ် ရာကောင်းသော ကျောင်းတိုက်ကြီးပေါင်း တရာတို့ဖြင့်လည်း တင့်တယ်ပေ၏။

(၄) ဘုံနှစ်ဆင့်၊ဘုံသုံးဆင့်၊တစ္ဂင့်စ္ဂင့်တင်္ဂါးင်္ဂါး တဝင့်ဝင့် တကြွားကြွား၊ တံခွန်လွှားဘကဲ့သို့ ရွှေပိန်းချထားအပ်သော ထုပိုကာပြဿဒ်တို့ကလည်း၊ တလျှပ်

လျှပ်ကွန့်မြူး အရောင်ချင်းယှက်ကူးကာ အထူးပင်
ကြည်နူးနှစ်သက်ဘွယ်ကောင်းလှပေ၏။

(၅) မြေစိုက်ကြာသွတ်အိုး၊ မြေစိုက် ဆီမီးတိုင်၊ မြေ
စိုက်တံခွန်ကုက္ကားတို့ဖြင့်လည်း မြို့တော် ထက် ဝန်း
ကျင်၌ ကြွားတလူလူဝေနေပေသည်။မြို့တံခါးရှေ့၌
စေ့စေ့စပ်စပ်၊ အတင့်အတယ် ချယ်လှယ် ဖော်
ညှန်းထားအပ်သော မော်ကွန်းတိုင်၊ တုဂိုဏ်းတိုင်
တို့ကလည်း နိုင်ငံကြက်သရေကို အထူးပင်တင့်တယ်
စေတော့သည်။

လမ်းဆုံလမ်းမ၊လမ်းလေးခွဆုံရာအရပ်တို့၌လဝန်း
ပုံသဏ္ဌာန် လှပစွာ စီမံထားသောလမ်း၊ ဝက်ဘာ
တောင်၊ ပုံဆောင်နှိုင်းဆယ်၊ လမ်းသွယ် တို့ ရှည်
ထိုက္ခါအဖြောင့် အထောက်အကူ နှတ်ပန်းချီရေး
သကဲ့သို့ ရှုရှုမငြီးသော၊လမ်းကြီးလမ်းငယ်အသွယ်
သွယ်တို့ဖြင့်လည်း မြို့တော်ကိုရှုချင့်စဘွယ်တင့်တယ်
အောင် တန်းဆာဆင်ထားသည်။

(၆) ဆင်အစ်သောအသံ မြင်းမျိုး ဟီသော အသံ၊
ဗဟိုရှိစည်တီးသောအသံ အုတ်အုတ် ကျက်ကျက်
တခဲနက်သော မြို့ကြီးသံမျိုးကား တရုံမစဲ အမြဲ
အားဖြင့်ခြိမ့်ခြိမ့်သဲဆူညံလျက်ရှိပေ၏။

(၇) စည်မျက်နှာ သဏ္ဌာန် အဝန်းအဝိုင်းဖွဲ့၍ တည်
ဆောက်ထားအပ်သော လဝန်းဇာတ်ခုံကြီးပေါ်၌၊
လှုပ်ရှားစွင့်စွင့်၊ က,မာန် ဝင့် နေ ကြသော သဘင့်
ဥယျောင် ကခြေသည်မျိုး၊ ဓားရေးပြ,လှံရေးမြှား

အဲမောင်းလှံထိုး အမျိုးမျိုးတို့ဖြင့်ကပြ ဖျော်ဖြေနေ ကြသော သဘင်သည်များဖြင့်လည်း စိတ်အားရှင်မြူး၊ အထူးပင်တင့်လှ၏။ မြို့တော် ထက်ဝန်းကျင်၊ ထိုသို့သောအရပ်တို့၌ လူပြတ်သည်မရှိ၊ ပြည့်ကျပ်စည်ကားနေ၏။ မြို့သူမြို့သားများ ထာဝစဉ် ပျော်ရှင်နိုင်ကြရန်အတွက် ပန်တျာသည်၊ သီချင်းသည်၊ ဇာတ်သဘင် ကခြေသည်များဖြင့် ၁၂ ရာသီ အမြဲ ပျော်ပွဲရှင်ပွဲများ ခင်းကျင်းထားပေသည်။

(ဂ) ထိုအနုရာဓ မင်းနေပြည်ကား ဘောဂ စည်းစိမ်၊ ဂုဏ်သိမ်မြင့်မားသော အထက်တန်းစား၊ သူဌေး သူကြွယ် လူကုံထံများနေထိုင်ရာမြို့တော်ကြီးဖြစ်၏။ အပျိုလူပျိုဖို့မသဘာဝ၊မိန်းမ ယောကျ်ား နှစ်ဦး သားတို့၏ ပျော်ပါးဆက်ဆံရာ ချစ်ဗိုမာန်ကြီးလည်း ဖြစ်ပေ၏။ပမာအားဖြင့်အနုရာဓမြို့တော်သည်နှလုံး စိတ်ဝမ်းကို ရှင်လန်း ကြည်နူး အထူး နှစ်သိမ့်လာ အောင် အာရုံအမျိုးမျိုးဖြင့်ဆွဲဆောင်နိုင်သောနတ်တို့ ပျော်စံရာဒေဝါနဂရအာမဥက မြို့တော်ကြီးနှင့် အလားတူသတည်း။

ဤသို့ဆိုအပ်ပြီးသော မြို့တော်လက္ခဏာ၊ ဂုဏ်အင်္ဂါနှင့်ပြည့်စုံသည့် အနုရာဓမြို့၌ နာမည်ကျော် 'လမ်းမတော်' တခုရှိ၏။ ငွေသားရောင်ကဲနေသည့်သဲလုံးသဲပွင့်များ ပေါသောကြောင့် ထိုလမ်းမတော်ကြီးကို 'မဟာဝါလုကဝီထိ' ဟု ခေါ်ဆိုကြ၏။ ထိုလမ်းသည်လမ်းတို့မဟုတ်၊ခြောက်တိုင်(၁၂မိုင်)အထိ ရှည်လျားသော လမ်းရှည်ကြီးဖြစ်လေသည်။

မယ်သုမနသည် သီဟဋ္ဌဒီပကျွန်း၌ စိတ်နေ သဘောထား အလွန်လှပသောအမျိုးသမီးတဦးဖြစ်၏။ သူသည် နာမည်ကျော် မဟာဝါလုကဝီထိခေါ်သော ထိုလမ်းမတော်ရပ်၌ မွေးဖွားခဲ့၍ ထိုလမ်း၌ပင် နေထိုင်ကြီးပြင်းလာခဲ့သူ ဖြစ်လေသည်။

သူ့မှာ မျိုးစေ့ဗီဇအားဖြင့်မွေးကတည်းကကောင်းမှုကုသိုလ် ဝါသနာပါလာသည့်အတိုင်း၊ ယုတ်စွအဆုံး ဆီမီးတတိုင်၊ ပန်းတခိုင်၊ရေတမှုတ်ကအစလှူဒါန်းလေ့ရှိ၏။သဒ္ဓါတရားရှိမှုတွင် သူ့ကိုတုပနိုင်သူ၊ သူ့ကိုမှီသူမရှိ၊ဆိုကြောင့်သူ၏နာမည်ရင်း'သုမန' ရှေ့၌ 'သဒ္ဓါ'ဟူသော ဂုဏ်တူးဝိသေဖွင့်၍'သဒ္ဓါသုမန'ဟုသူ့ကို ကျူးရင့် ခေါ်ဝေါ်ကြခြင်းဖြင့် သဒ္ဓါသုမနဟု တနေ့ တခြား ထင်ရှားလာသည်။

သဒ္ဓါသုမနသည်မြို့ကြီးသူပီပီ၊ အပြောအဆို ရည်ရည်မွန်မွန် ရှိသည်။ ပြေပြစ်သည်၊ ပေါင်းသင်းဆက်ဆံရေးကောင်းသည်။ သဒ္ဓါထရားရှိမှုဘက်၌ ရဲရဲတောက် တံခွန်ဆောက် ဖြစ်နေသော်လည်း သဒ္ဓါအရာ၌တုဘက်ကင်းကွာအောင် ကြွံခိုင်မှု ရှိသော်လည်း သူ့မှာချိုယွင်းချက်'ပျော့ကွက်'ဟု ဆိုစရာတခုရှိနေ၏။ ၎င်းမှာ'သမာဓိ'ဖြစ်လေသည်။

သမာဓိသဘောကား၊ လေမုန်တိုင်း တိုက်ဝှေသော်လည်း ရွှေလျားခြင်းမရှိ၊ပကတိအတိုင်းရပ်တည်နိုင်မှုကို သမာဓိဟု ဆိုပေသည်။ သူ့မှာထိုသို့ခံနိုင်ရည်ရှိသော 'သမာဓိ' သဘောမျိုး ချိုယွင်းနေ၏။ ပြောလျှင်ယုံလွယ်တတ်သည်၊ဆွယ်လျှင်ပါလွယ်တတ်သည်။ အညှာလွယ်သော သဘောနှင့် သဒ္ဓါသုမနမှာ ဒွန်တွဲနေ၏။ ဤဒွန်ကွဲမှုကား သူ့ဘဝ်ကဏ္ဍ အတွက် အမဲစက်ကြီး သုတ်လိမ်းပေးလိုက်လေသည်။

"ကျမက လမ်းမတော်ရပ်မှာနေပါတယ်"

ပျူငှာစွာသော ဖော်ရွေလှစွာသော ဤအသံကား၊ သဒ္ဓါသုမနာ၏နှုတ်ဖျားမှဝင့်ကြွားရှိထွက်လာသောစကားဖြစ်၏။သူက လည်းအပျိုသူနှင့်စကားပြောနေသူကလည်းလူပျိုဖြစ်လေသည်။ သူက မြို့ကြီးသူ၊ သူနှင့်စကားပြောနေသူက ကျေးတောသားဖြစ်၏။

ထိုလူပျိုကာလသား မောင်တောသားကား၊ တောသားဆို်သော်လည်း တောသားရဲ၊ဆွဲထုတ် လူလယ်တောသားမျိုး ဖြစ်လေသည်။ အာ့ကောင်းသည်၊ အဖြိုးအဖြန်း ညက်သည်။ နှုတ်သွက်လျှာသွက်ရှိသည်။ သူကား ရောဟနဇနပုဒ် မဟာဂါမ ရွာသားဖြစ်သတည်း။

သဒ္ဓါသုမနာသည် အပြောအဆို ရည်ရည်မွန်မွန်ရှိ၍ သဘောဖြူသည်။ အူစင်းသည်။ရိုးသည်။ထိုတောသားကား စကားပြော ညက်သလောက် အလိန်အကောက်များ နှောတတ်သည်။ ရသာလျှင် ဘနဖူးကိုပင် သိုက်တူးမည့် လူစားမျိုးဖြစ်လေသည်။

"ကျွန်တော်ကတောသားဆိုတော့မို့ဆိုတာ တခါတခေါက် မှလဲ ရောက်ဘူးတာ မဟုတ်။ တဲ့ဘို့ ခိုဘို့ ဆိုတာတော့ ဝေးပါ့ခင်ဗျာ"

ဤသို့စကာကြူး၍ မောင်တောသားက သုမနကို ချူကြည့်လိုက်သည်။ထိုအခါ သဒ္ဓါသုမနမှာ လူတဘက်သားအား သနားကြင်နာတတ်ခြင်း တည်းဟူသော ကရုဏာ ဓာတ်ခံကလည်းရှိသည်။ ထိုသူ့စကားကိုလဲ ပျားသကာလို နဝံပီယံ ချိုသည်ဟုအထင်ရှိလေ၍"ကျမတို့အိမ်ကို လိုက်တဲ့နိုင်ပါတယ်"အထိ ဖြစ်သွားလေသည်။

တောသားက မြို့တက်၊လူလယ်လုပ်၍ မြို့ကြီးသူကိုမြှူသည်၊ ချူသည်ကို မြို့ကြီးသူ သဒ္ဓါတရားပိုင်ရှင် တဦးဟူ၍ အထူးထင်ရှားသော သဒ္ဓါသုမနက အူလိုက်သဲလိုက် ကျသွားသည်။ ကြိုက်သွားသည်။ "ဒီအကောင် ဘာကောင်ဖြစ်သည်။ ဘယ်လိုလူစားမျိုးဖြစ်သည်ကို သူမသိလေ။ သိအောင် လေ့လာရမှာကိုလည်း သူမစဉ်းစား။သူစဉ်းစားမိသည်ကား အချစ်။ "ငါသူနဲ့မျှား ဖူးစာကံဟုန်၊ ရေစက်ဆုံလိုက်ရရင်...."

ဤအတွေးက သူ့နှလုံးသွေးကို အေးစေသည်ဟူ၍လည်း ဆိုနိုင်သည်။ပူနွေးစေသည်ဟူ၍ ဆိုနိုင်သည်။ အဘယ့်ကြောင့် ဆိုသော်....သဒ္ဓါသုမနသည် ထိုသူ့အမူအရာနှင့် ထိုသူပြောသောစကားများ ကြားနေရရင် နားဝမှာ ချိုချိုဖြစ်နေ၏။ တနည်းအားဖြင့် ချစ်လိုင်းဂယက်ကြောင့်ပုက်ထလာသော စိတ်ဟူသမျှ အေးသည်ဟူ၍မရှိ။ နွေးသော,ပူသော,စိတ်ပူ,စိတ်နွေးများသာဖြစ်သောကြောင့် ချစ်လိုင်းထနေသော သူ့အသဲကား အမြဲပူနေသည်သာ ဖြစ်၏။

သဒ္ဓါသုမနသည် အချစ်ဆို ချိုနှင့်လားဟူ၍ မေးယူရလောက်အောင့် ကင်းကင်းရှင်းရှင်း အပျိုရေစစ်စစ် ဖြစ်ဖြစ်မည်အောင် နေလာခဲ့ရာက တောသား၏မျှားဦးသည် သူ့နှလုံးသားကိုစူးဝင်လာသော အခါမှစ၍ နေမထိဆိုင်မသာထိုသူနှင့်မခွါနိုင်မခဲ့ချက်၊ စွဲမက်ခြင်း ပြင်းလာသည်။ အချစ်ရေးကို မိဘကို အသိပေးရမှာလည်း သူရှက်နေသည်၊မပြောဝံ့၊မဆိုဝံ့၊ရှုံ့နေ၏။ လူလယ်ကျေးတောသားက တောကိုပြန်သွားတော့မည် ဆိုလေသောအခါ၊ သဒ္ဓါသုမနအဖို့ ကမ္ဘာပျက်တော့မလောက် ချောက်ချားသွားလေသည်။

ထိုကဲ့သို့ ဆင်ခြင်စဉ်းစားခြင်းမရှိ၊နေ့မြင် ညဲ့ကြိုက်၊ နောက်တနေ့လင်နောက်လိုက်ပြေးတတ်သော အချစ်မျက်ကန်း၊ မိန်းမနှမ်းတို့အကြောင်းကို ရှေးသူဟောင်းတို့ ဖော်ညွှန်းထားခဲ့သော မော်ကွန်းတင် ဂါထာကား-

(၁) မိန်းမတို့၏ စိတ်သဘောကား၊အုံသြဘွယ်ကောင်း လောက်အောင်ပင်၊ရွှေလျားတုန်လှုပ်၊တဖုတ်ဖုတ် ကြွေတတ်၏။ တော့်,မတော်၊ သင့်,မသင့်၊မချင့် ချိန်တတ်၊ မစဉ်းစားတတ်။ ပြောလျှင်ပါလွယ်၊ အညှာလွယ်သော သဘော်ရှိသည်။ သည်အပင်ကား ဆူးရှိသောအပင်၊ သည်အပင်ကား အဆိပ်ပင်၊သည်အပင်ကား စွန့်ကူးပင်,ဟူ၍ ခဲ့ခဲ့ခြားခြား မသိတတ်သူနှင့် အလားတူ၏"

(၂) "အယုတ်,အလတ်,အမြတ်၊လူမျိုးမရွေး၊ ဘာသာမရွေး၊လူမှုန်သမျှ အချစ်ရှိကြသည်ချည်း ဖြစ်၏။ နှယ်ငန်းများသည် မိမိမှတ်ယုယ်နေသော သစ်ပင်ကိုကြီးသည်၊ငယ်သည်၊မြင့်သည်၊ နိမ့်သည်ဟူ၍ မသိတတ်ကုန်သကဲ့သို့။အချစ်နတ်ကြမ်း၊ ဖမ်းစားခြင်းခံနေရသော မိန်းမများသည်လည်း "ဤသူကား အမျိုးယုတ်၊ ဤသူကား အမျိုးကောင်းဟူ၍ မသိတတ်၊မကြည့်တတ်ကြဖေဘုကုန်"

သုမနသည် ဘောသားအပေါ်၌ သဒ္ဓါလွန်ထူက တဏှာကျွန်ဘဝသို့ ရောက်ရှိသွားရှာလေပြီ။ ယက်ရှိအခြေအနေအရ ဤဘောသားနှင့်ကင်း၍ သူ့အဖို့ အသက်ရှင်ခြင်းမရနိုင်အောင် အစဲ့အလမ်းပြင်းလာသည်။သို့ကြောင့်လည်း-

"မသုမန၊မောင်ကြီးအနေနဲ့က အခုမှတွေ့ရတဲ့ ညီသည်လဲ ဖြစ်ပြန်။ ပီးတော့....တောသားလဲ ဖြစ်ပြန်ဆိုတော့။ မသုမန၏ မိဘများက မောင်ကြီးစကားကို ဘယ်တော့မှ လက်ခံကြမှာ မှတ်ဘူး၊သဘောတူပေးစားကြမှာ မဟုတ်ဘူး၊မောင်ကြီးနဲ့ မသုမန်တို့ကြားမှာ "ဂုဏ်"ဆိုတဲ့ တံတိုင်းကြီးက ခြားနေလေတော့။ မောင်ကြီးမှာ ကဲ့ကြနေတဲ့ အသဲကိုပိုက်ပြီး မြို့ငိုက်ကို ပြန်ရတော့မှာဘဲ ထင်ရဲ့ကွယ်"ဤသို့ဝမ်းနဲသံနှောရ၍ ပြောလိုက်သော အခါတွင်-

"မောင်ကြီးက အသဲကဲ့ရုံကဒလေးရယ်။ မယ်သုမနမှာတော့ တကိုယ်လုံး ပြာကျသွားမှာဘဲ။ မောင်ကြီးကို မယ်သုမနမခဲ့နိုင်ဘူး"

"ဒါဖြင့်ယင် မောင်ကြီးခေါ်ရာ၊ မောင်ကြီး နေထိုင်တဲ့ မဟာဂါမ ရွာကို လိုက်ခဲ့ပါလားကွယ်....လိုက်မယ် မှတ်လား ဟင်....?

ထိုသို့မေးစေ့ကလေးကို လှုပ်ပြီး တောသား ကိုလူပျိုက ဆိုလေသောအခါ။မယ်သုမန၏ အဖြေလွှာကား ခေါင်းကလေး ကိုညှင်သာစွာ ညိတ်ပြလိုက်ခြင်းပင် ဖြစ်သတည်း....။

မဟာဂါမရွာကား သီဟိုဠ်ဘုရင် အဆက်ဆက်၌ တလက်လက်ထင်ရှားခဲ့သော နာမည်ကျော် ရွာကြီးဖြစ်၏။ ဘာသာရေးဘက်တွင်အများအားဖြင့် ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်သူကများလေသည်။ ဗုဒ္ဓဘာသာဝင် မဟုတ်သော မိစ္ဆာဒိဋ္ဌိဝါဒီများလည်း အနည်းအကျဉ်း ရှိနေ၏။

မြို့ကြီးသူ၊သဒ္ဓါသုမနသည် တောသားခိုးဆာသို့ မိဘမသိအောင် လိုက်လာခဲ့ပြီး တောသားမယား ဖြစ်နေပေပြီ။ ရောင်

နောက် ဆံထုံးပါခေတ်ကို။မယ်သုမနက မော်ကွန်းသစ်ထူလိုက်သည် ဆိုနိုင်ပါ၏။

မယ်သုမနကား လူမှန်း သူမှန်းသိသော အချိန်မှစ၍ အလှူအတန်းဝါသနာပါ၏။ သူဝါသနာ ပါသော အလုပ်ကို မိဘလက်ထက်တွင် စိတ်လက် ချမ်းကြည်စွာနှင့်ပင် အမြဲလုပ်ကိုင်လာခဲ့ရသည်။လှူလာခဲ့ရသည်။ယခုလင်ရလာသောအခါ၌လည်း သူ၏ဝမ်းတွင်းပါ ညှဉ်ကလေးကား ပျောက်မသွားပေ။ လှူချင်တန်းချင်သည်။လင့်လက်ထက်တွင် သာ၍ပင် လှူရ၊ တန်းရမှည်၊ လှူနိုင်တန်းနိုင်မည်ဟု သူထင်လေသည်။

တနေ့သောအခါတွင် မယ်သုမနသည် သူ၏ဝမ်းတွင်းပါစေတနာ သဒ္ဓါတရား၏ လှုံ့ဆော်ချက်အရ အိမ်ကို သံဃာတော်ပင့်၍ ဆွမ်းကျွေးခြင်းပြုပါလေ၏။ ထိုအခါ သူ၏ဘဝကြင်ဖော်လင်တော်မောင်၏ ဇာတိရုပ်လွှာ ကောင်းကောင်းကြီး ပေါ်လာပါတော့သည်။

“မယ်သုမန-ဒါဘာလုပ်တာလဲ”

“ဆွမ်းကျွေးမလို့တော့၊ ဦးဦးဖျားဖျား မင်္ဂလာဆွမ်းကပ်ကြရအောင်လေ....မောင်ကြီး ဝမ်းမသာဘူးလားဟင်....”

“တော်....မယ်သုမန၊ဒီစကား ဒီတင်ရပ်။ နောက်ထပ်မပြောနဲ့၊ကျုပ်အိမ်ပေါ်မှာ ဆွမ်းကျွေးစကား၊ ဘုရားစကား၊ တရားစကား မကြားချင်ဘူး”

သူ၏ သက်ထားအိမ်ရှင်၊ ခင်ပွန်းလင်က၊ ဒေါသအမျက်၊ ချောင်းချောင်းထွက်သော အသံမျိုးဖြင့် မိုးကြိုးပစ်လိုက်သောကြောင့် မယ်သုမနမှာ ဘာသာကိုထို၍ မချိအောင် အောင့်

လောပြီး မျက်ထောင့်များပင် ရဲရဲနီလာလေသည်။ သူ၏ သက်ဆေး လင်ယောကျ်ားကား- မိစ္ဆာဒိဋ္ဌိကြီး စစ်စစ်ဖြစ်သတည်း။

"ရှင်....ကျ်ုပ်ကိုသတ်ချင် သတ်လိုက်။ ဘာသာကိုတော့မထိနဲ့၊ဘုရားကို မ့စော်ကားနဲ့၊မပုတ်ခတ်နဲ့၊ဒါဘဲ"

မယ်သုမနက ပြန်၍ နှုတ်ခမ်းကလေးစူပြီး သွားလင်ကို ရန်မူလိုက်သည်။ ဘာသာအတွက် အသက်ကိုစတေး၍ ကာကွယ်မှုည်ဟု ကြေငြာမောင်း ခတ်လိုက်လေသည်။

ထိုအခါမှစ၍ အမဲနှင့်အဖြူ၊ အယူဝါဒချင်း မတူလေသော သူတို့၏ အိမ်ထောင်ရေးကား၊ စလယ်ဝင် ဖင်မျှမမဲခင် ကွဲဘေးကြီးကြုံလေ၏။

"ဟေ့ ...သုမန၊မင်းကိုငါချစ်တာ ချစ်တာတခြား။ဘာသာထိ မချိအောင် မ့င်းကနာသလို။ ငါကလဲ ငါ့အိမ်ပေါ်မှာ ဌက်ဆိုးထိုး မခံနိုင်ဘူး။ လွှဘို့ တန်းဘို့ မပြောနဲ့ အဲဒီဘုရားစကား၊ တရားစကားတွေ နောက်ထပ် ကြားရရင် ရှာဖြတ်ပစ်မယ် သိလား။ အိုကွာ ...ပြောနေကြာတယ်။ မင်းလို ဘာသာမတူတဲ့ကောင်မကို ငါ့အပါင်းကို မပေါင်းနိုင်ဘူး။ သွား....အခုမင်း ငါ့အိမ်ပေါ်ကဆင်း"

ချစ်လှုပါသည်၊ ခင်လှုပါသည်ဆိုသော လူလယ်ယောကျ်ား။ ထိုတောသားက မယားသုမနကို နွားမောင်းသလို အိမ်ပေါ်က မောင်းချလေ၏။လင့်မျက်နှာတရှာထင်၊အဆင်ခြင်မရှိခဲ့ဘဲ ခိုးရာလိုက်လာခဲ့မိ၍ မှားသောမိမိဘဝ်ကို ဤတွင်မှသတိရလာလေ၏။

"ငါ့အချစ်၏ အလိုသို့ လိုက်ခဲ့မိသည် မှားပြီ။ ငါ့အမှားကား ပြင်၍မရသော အမှားကြီးပါ တကား။ ငါ့ဘဝ၊ ငါ့အသွေး အသားသည် အိုခဲ့လေပြီ။ငါ့အဆီအသားတွေကို သူမျိုဝါးစား သောက်ပစ်လေပြီ"

မယ်သုမနသည် ဘာသာအယူ မတူသောလင်ကို ကျောခိုင်း ကာ ဤဂေဟာမှ ဆင်းလာခဲ့ရပြီ။ခလုတ်ထိ အမိတ။ ဆိုသကဲ့သို့ ဤတွင်မှ သူမိဘကိုသတိရလာတော့သည်။ "ငါမိဘထံ ပြန်လေ မှဘဲ" သုမနသည် ခြေကိုနှဲ့နှေးစွာ လှမ်းလျက် ဦးခေါင်းငိုက် စိုက်ချကာ မိဘဆီမှန်းပြီး လာလမ်းအတိုင်း ပြန်ခဲ့လေ၏။

ထိုကဲ့သို့ အချစ်အလိုလိုက်ပြီး မိဘမသိဘဲ လင်နောက်လိုက် ပြေးသူများ ဒုက္ခရောက်တတ်ပုံ။ မိဘများကို တိုင်တိုင်ပင်ပင်ပြု ထိုက်ပုံများကို ဆောင်ပုဒ် အနေဖြင့် ဖော်ထုတ်၍ ပြဆိုထား သည်ကဲ့ဒး-

(၁) "သားသမီး ငယ်ရွယ်သူများသည် ငယ်သောကိစ္စ ဖြစ်စေ၊ကြီးသောကိစ္စဖြစ်စေ၊ကောင်းသော အမှု ပြုတာဘဲဖြစ်စေ၊ မကောင်းသောအမှု ပြုတာဘဲ ဖြစ်စေ၊အုပ်ထိန်းသူမိဘ၊ လူကြီးများ၏ သဘော တူ ခွင့်ပြုချက်ကိုယူ၍ ပြုသင့်ကြသည်"

(၂) "မပြန့်မလွင့်၊စိတ်ဓာတ်ကြံ့ခိုင်သူ၊ မလျှပ်ပေါ်သူ၊ ရင့်ကျက်သောလုံ့လ၊ ရင့်ကျက်သော ပညာရှိသူ၊ စောင့်စည်းအပ်သော နားမျက်စိ, ဣန္ဒြေသိက္ခာ ရှိသောသူသည် သူခပ်သိမ်းတို့၏ ချီးမွမ်းခြင်းကို

ခံရ၏။ အချင်းခပ်သိမ်း စည်ပင်ဖြိုးစေ၍ ကြီးပွား လေမည်သည်သာဖြစ်၏။

(မှတ်ချက်။ ။ထိုနောက် သဒ္ဓါသုမန- နိဂြောဓသာလ ခဏ္ဍသို့ ရောက်ရှိသွားခြင်း၊သိကြားနတ်က ထမင်းထုပ်ပေးခြင်း၊ ထိုထမင်းကိုလှူခြင်း၊ အဝတ်ကိုချတ်လှူခြင်း၊ ဘုရင်က ခေါ်၍ ချီးမြှင့်ခြင်းတို့မှာ ကိ ဏိ သဃ် ဝတ္ထုနှင့် သဘောအားဖြင့်တူ၏။ အနည်းငယ်သာ ထူးသဖြင့် ဤတွင်ချန်လှပ် ထားခဲ့သည်။)

(၂၁)

ကဒက

"တိသဝါပိ ရေကန်သည် သီဟိုဠ်ကျွန်းပေါ်တွင် အကျော်ဒေယျ ရေကန်တော်ကြီး ဖြစ်လေသည်။ ထိုရေကန်၏ အနီးညောင်ပင်ကြီး တပင်ရှိ၏။ ထိုညောင်ပင်၌ ကျီးကန်းတကောင် နေ၏။ ထိုကျီးကန်းသည် နာဂဒီပကျွန်းသူ ကျီးမတကောင်နှင့် ရှေးရေစက်ဟောင်း အကြောင်းပါလေ၍ ညားနေသည်။

တနေ့သ၌ ထိုကျီးကန်းသည် သီဟိုဠ်သူ ကျီးမတကောင်နှင့် အမျှောင်အခြောင် လိုက်စားသည့် သဘောမျိုးဖြင့် တိတ်တခိုး ချစ်တင်းနှောမိလေ၏။ ထိုအကြောင်းကို မယားကြီး နာဂဒီပကျွန်းသူ မမဲတူကြီးက တစိတစောင်း လိုက်၍ချောင်းရောက လက်ပူးလက်ကြပ် တပ်အပ်သေချာ မိလေသောအခါ၊ လင့်အပေါ် စိတ်နာပြီး ဇာတိရပ်ဌာန် တိတ်တဆိတ် ပြန်သွားလေသည်။

မယားပျောက်သောကြောင့် လင်တော်မောင်ခမျာဒေါင်းတောက်လေ၏။ ဟိုရှာဒီရှာ အနီးအပါး သူသွားတတ်သည့်နေရာမျှားသို့ လိုက်၍ရှာသော်လည်း အချီးနှိုးသာ ဖြစ်လေ၏။

"ကေန္တ၊ ငါ့အကြောင်းသူသိသွားလို့ မိဘရပ်ဌာန် ပြန်သွားတာဘဲဖြစ်ရမယ်။ လိုက်မယ်....လိုက်မယ်၊ သူကိုငါလိုက်ခေါ်လေမှ ဖြစ်တော့မယ်"

မယားတရူး ရူးနေသော ထိုကျီးကန်းသည် ကမန်းကတန်း မယားနောက် လိုက်သွားလေသည်။ မယားဇောနဲ့ အလောတကြီးပြန်မိလေ၍ တောင်ပံမျှား ညောင်းလာသည်။ ခရီးကလဲ

အတော်ကလေး ပန်းလာသည်။ ထိုကြောင့် တထောက်တနား အပန်းဖြေရင်း အာဟာရလည်း ဖြည့်တင်းရအောင် ကောင်း ကင်ပေါ်က ကျောင်းတခကျောင်း ပေါ်သို့ ထိုးဆင်း ချလိုက် လေ၏။ကံအားလျော်စွာ ဘုန်းကြီးများဆွမ်းစားချိန်နှင့်အဆင် သင့်တိုးမိရက်သား ဖြစ်နေသည်။ "ဟာ-အဆင်သင့်လိုက်လေ" ကဲ့သို့သည် အလွန်ဝမ်းသာသွားလေ၏။

နေရာကား၊မှာတုလဇနပုဒ်၊ ဘုန်းကြီးကျောင်း တကျောင်း ဖြစ်၏။ကျောင်းထိုင်ဘုန်းကြီး ဆွမ်းစားကျောင်း၌ ဆွမ်းစာနေ ခိုက် ဘုန်းကြီး၏ ရှေ့မျက်နှာစာရှိ သစ်ပင်ထက်၌ ရုတ်တရက် ဝင်နားလိုက်ပြီး အရိပ်အခြေကို အကဲခပ် ကြည့်ရှုသုံးသပ်သော အခါ ဘုန်းကြီးဆွမ်းစားနေသည်ကို မြင်လျှင် ဘုန်းကြီး ကြား လောက်အောင် တအာအာ အော်၍ အစာတောင်းခြင်း ပြုလေ၏။

(၁) အို-ကျောင်းကြီးသခင်၊ အသျှင်သူမြတ် ဘုရား။ ကြံစည် တွေးတောခြင်းနှင့် တူသော ဦးနှောက် ခြောက်ခြင်းမည်သည်လောက၌မရှိပါဘုရား။ခရီး သွားခြင်းနှစ်တူသောပင်ပန်းခြင်းမှုမည်သည် မရှိပါ ဘုရား။ တဏှာနှင့်တူသော ယုတ်သောအကျင့်၊ ရှက်စရာကောင်းသော အကျင့်မည်သည် မှုရှိပါ ဘုရား။ငတ်မွတ်ခြင်းနှင့် တူသော ဆင်းရဲမည်သည် လည်းမရှိပါဘုရား"

(၂) "အို-ရွှေကျောင်းစံပျော်၊ ဆရာတော် ဘုရား။ တပည့်တော်ကား ဆိုခဲ့ပြီးသောဦးနှောက်ခြောက်

ရသော ဆင်းရဲ၊ခရီးပန်းခြင်းဆင်းရဲ၊ငတ်မွတ်ခြင်း ဆင်းရဲ၊ကျွဲဆင်းရဲ သုံးမျိုးစလုံး ရင်ဆိုင်တိုး၍နေရသူပါဘုရား။ တပည့်တော်အလွန်ငတ်မွတ်လာပါသည်ဘုရား။ အရှင်ဘုရား ဟာဖြင့် အလှူဒါနအကျိုးကို သိတော်မူလေရာသည်ဟု တပည့်တော် အောက်မေ့ပါသဖြင့် အရှင်ဘုရား ရွှေမှောက်သို့ တပည့်တော် ရောက်လာရခြင်းပါဘုရား"

ရွှေကျိုးက တအာအာ လုပ်နေလျှင် "ဒီကောင်ဆာလာဟန် တူတယ်"ဟု ဆရာတော်က အလိုက်သိစွာဖြင့် ဆွမ်းကျန်များကို ကောင်းမွန်စွာ ကျွေးမွေးလေသည်။ ကျိုးကန်းက ဝမ်းသာသောအမူအရာကိုပြ၍ "တပည့်တော် အပြန်တွင် ထခေါက်၊ အရှင်ဘုရားကိုဝင်ပြီး ဖူးမြော်ပါအုံးမည်ဘုရား"ဟူ၍ လျှောက်ပြီး မယားနောက်သို့ လိုက်သွားလေသည်။

နာဂဒီပကျွန်းရောက်သွား၏။ စိတ်ကောက်နေသော မယားကို အသာချော့မော့ကာ ပြန်ခေါ်လာခဲ့သည်။ ထိုကျောင်းသို့ရောက်သောအခါ ထမင်းတနပ်ကျွေးလိုက်ဘူးသော ကျေးဇူးရှင်ဆရာတော်ဘုရားအား လင်မယား နှစ်ယောက်စလုံးဝင်၍ ကန်တော့ကြသည်။ တောကျောင်းဖြစ်၍ ကျောင်းထိုင် ဘုန်းတော်ကြီးဘုရားနှင့် တကွ ခန်းနေ သံဃာတော်များ အစားအသောက် ဆင်းရဲကြောင်းကို ကျိုးဖိုကျိုးမလင်မယားက ရိပ်မိကြလျှင် "ဒို့ဆီကိုပင့်သွားရင် ကောင်းမှာဘဲ" အကြံဖြစ်ပေါ်လာသည့်အတိုင်း သံဃာတော်များကို သူတို့နေရာသို့ ပင့်ခေါ်ကြလေ၏။

(၁) ထမင်းသခင်ကျေးဇူးရှင်ဆရာတော်ဘုရား-တပည့်တော် လျှောက်ထားပါရစေ။ ကျိုးဆိုသော အကောင် တွေကား လျှင်ပေါ်လောင် လည်တဲ့အကောင်တွေဘဲ၊ တိရစ္ဆာန်အရိုင်းကောင်တွေဘဲဟူ၍ အခါခပ်သိမ်း စဲမြဲစွာ လှုနံခေးထစ် မှတ်သားတော်မမူပါနှင့်ပါ ဘုရား။ တပည့်တော် လျှောက်ထားမည့်စကားကို ယုံတိတန်လျှင် ယုံတော်မူပါ၊ ယုံတို့မတန်လျှင် ပယ်တော်မူပါ။

(၂) ဆရာတော်ဘုရား၊ အဘိုးအတိုင်းမသိထိုက်တန်တဲ့ ပြည်တန်ပတ္တမြားကြီးကို ဟောင်းနွမ်းစုတ်ပြတ်ပြီး မစင်လူးလဲ ပေကျံနံစော်သောအဝတ်တို့ဖြင့်ထုပ်၍ ယူကြပါကုန်၏။ ထိုအတူမစင်ထုပ်သောအဝတ် စုပ်နှင့်တူသော တပည့်တော်မျှားက ပတ္တမြားနှင့်တူသောအရှင်ဘုရားကို တပည့်တော်မျှား နေရာ၊ ရောဟနဇနပုဒ်သို့ ပင့်ဆောင်သွားပါအံ့ဘုရား။

အရှင်ဘုရား။ ရေမျှောပွင့်လန်းနေကြတဲ့ကြာပန်းမျှားကို ညှာန်ပုပ်ချုံနှစ်၊ အညစ်အကြေးတို့ဖြင့် ထုပ်ယူကြပါကုန်၏။ ထိုနည်းငင်း၊ ညှာန်ပုပ်ချုံနှစ်၊ အညစ်အကြေးနဲ့တူတဲ့ တပည့်တော်မျှားက ကြာနှင့်တူသော အရှင်ဘုရားကိုပင့်ဆောင်သွားကြပါအံ့ဘုရား။

အရှင်ဘုရား။ ဂေါရောစန အမည်ရှိသော သားတို့သနင်း ခြင်္သေ့မင်းကိုနွားမျှားနှင့် ဖျားယောင်း၍ ယူဆောင်ကြပါကုန်၏။ ထိုအတူခြင်္သေ့မင်းကြီး

နှင့်တူသောအရှင်ဘုရားကိုနွေးနှင့်တူသော တပည့်တော်များက ပင့်ဆောင် သွားကြပါအံ့ဘုရား။ ကံကျိုးကန်း တကောင် ဖြစ်သော တပည့်တော်လျောက်ထားသော စကားများကို သင့်လျော်မည်ထင်က ယူတော်မူပါ။

(၃) အရှင်ဘုရား။ တပည့်တော်များ စုံမ်း အား ရှိသလောက်၊ တတ်နိုင်သမျှ ပြုစု လုပ်ကျွေးပါရစေဘုရား၊ တပည့်တော်များ၏ စေတနာကို ငဲ့ ကွက် ချီးမြှင့်တော်မူသောအားဖြင့်တပည့်တော်များနှင့် အတူ ယခုကြွ၍ လိုက်တော်မူခဲ့ပါဘုရား”

ကျိုးဖိုကျိုးမက ဤသို့ပင့်လျောက်ကြသောအခါဆရာတော်သည် သံဃာအစည်းအဝေးခေါ်၍ ထိုပြဿနာကို တင်ပြဆွေးနွေးခြင်းပြုတော်မူလေ၏။

ထိုကျောင်း၌ ကျောင်းအုပ်ဘုန်းကြီးတစ်၊ ခန်းနေ ရဟန်း ၂၄၊ ပေါင်းသံဃာ အစိတ် နေကြ၏။ ကျိုးကန်းဖို့မ ပင့်ရာသို့ လိုက်သင့်မလိုက်သင့်ကိုဆွေးနွေးတိုင်ပင်ကြသည့်သောအခါ၊ လိုက်သင့်သည်ဟူ၍ အညီအညွတ် သဘောတူညီချက်အရ ရောဟန ဇနပုဒ်သို့လိုက်ရန် သံဃာ အစည်းအဝေးမှ ဆုံးဖြတ်လိုက်လေသည်။

ကျိုးကန်းလင်မယားသည်သံဃာတော်အစိတ်ကို ပင့်ဆောင်လာခဲ့သည်။ ယခုသံဃာတော်များနေထိုင်သည့် ‘မာတုလဝိကရ’ ကျောင်းနှင့် သွားရောက်ရမည့် ရောဟနဇနပုဒ်၊ မဟာဂါမရွာမှ မဏ္ဍလဝိဟာရ ကျောင်းတို့က်သည်ခရီး ၄၄ ယူဇနာကွာဝေး၏။

လမ်းခရီးစပ်ကြား၌ ဆွမ်းပန်းကိစ္စအဝဝ ပြည့်စုံအောင်ဒါယကာ ကျီးကန်းလင်မယားက ပြုစုလေသည်။

ပြုစုသည်ဆိုရာ၌ လူမဟုတ်သေသောကြောင့် ကာယကံ မြောက်ချက်ပြုတ်လျှဒါန်းခြင်းကားမပြုနိုင်ပေ။ သူတို့လင်မယား သည် သံဃာတော်များ၏ရှေကသွားနှင့်၍ဆွမ်းခံစရာရှာများကို ကြည့်ကြသည်၊ရေပေါသောနေရာကိုရှာကြသည်။ခြေခင်းလက် ခင်းသာသောလမ်းများကို ရှေက ကြောင်းပေးသည်။ ဤလမ်း ကား ဆိုးပါသည်။ ဤလမ်းကကြမှ ခြေခင်းလက်ခင်း သာယာ ပါသည်။ ဤနေရာ၌ ရေရှားရှိ ထိုနေရာကား ရေကန်အသင့် ကြာအသင့်ပါဘုရား။ ဤလမ်းအတိုင်းကြက ဂေါစရဂါမ ဆွမ်း ခံရှာများအသင့်၊ သဒ္ဓါတရားရှိသူ ဒါယကာများလည်းအသင့် ရှိကြောင်းပါ။ ဤလမ်းကားရှာဆက်လည်းပြတ်ပါသည်။ဆွမ်း ကပ်မည့်သူလည်းရှားပါး၊ သဒ္ဓါတရားခေါင်းပါးသူ ပေါများ လှ၍ ထိုလမ်းက မကြွသင့်ပါဘုရား”ဟု ဤသို့လမ်းပြ လျှောက် ထားခြင်းအားဖြင့် လင်မယားနှစ်ယောက်သည်လမ်းတလျှောက် လုံး ပြုစုလာခဲ့ကြသည်။

မဟာဂါမ မဏ္ဍလဝိဟာရကျောင်းတိုက်သို့ ရောက်သွားလေ ပြီ။ သံဃာတော်များသည် ထိုကျောင်းတိုက်၌ပင် ဝါကပ်တော် မူကြရာ-ကျီးဖိုကျီးမသည် သူတို့ဘတ်စွမ်းနိုင်သည့်ဘက်မှ နေ၍ ဆွမ်းရလွယ်သော ရှာများကိုလျှောက်ထားကြသည်။ သံဃာ တော်များသည်လည်း ကျီးကန်းလင်မယားလျှောက်ထားသော ရှာများသို့ကြွရောက်ဆွမ်းခံလျှင် အလှူဒါနရှင်များ ပေါများ သောကြောင့် ဆွမ်းကွမ်းအတွက်အခက်အခဲမရှိဘဲပြည့်စုံလေ၏။

ဝါလကျတ်သောအခါ သံဃာတော်များသည် မူလရပ်ဌာန်သို့ ပြန်ကြတော့မည်ဟုဒါယကာကျိးကန်းကိုပြောကြလျှင် ကျိးသည် စိတ်မကောင်း ဖြစ်သွားလေသည်။ သံဃာတော်များ၌ ဝါတွဲင်းသုံးလပတ်လုံး ဆွမ်းကွမ်းလုံလောက်အောင် ပြုစုရသော်လည်း သက်နှံးနွမ်းပါး ပါးရှားသည်ကိုမဖြည့်ခဲ့နိုင်သောကြောင့် ကျိးကန်းသည် သက်နှံးလှူမည့် ဒါယကာများကို ချက်ချင်း ပို့သန်းကာ တရွာဝင်တရွာထွက် လိုက်လံ ရှာဖွေလေ၏။ ကျိးသည်။မောပန်းကြီးစွာပင်ပြန်ရောက်လာပြီး သံဃာတော်များအား ဤသို့လျှောက်ထားရှာလေသည်။

"အသျှင်ဘုရားတို့....ဂေါဓမည်သောသမုဒ္ဒရာ၏အနှီးဌ်ဂေါဓအမည်ရှိဆော ရှာတရွာရှိပါသည်။ ထိုရွာ၌တဦးသော ဒါယိကာမသည် သီတင်းကျတ် လပြည့် မဟာပဝါရဏာ နေ့တွင် သံဃာတော် အသျှင်မြတ်များအား သက်နှံး၊ သပိတ် စသော ပရိက္ခရာရှစ်ပါးတို့ဖြင့် ဆက်ကပ် လှူဒါန်းရန် စီစဉ်လျက်ရှိပါသည်။ထိုရွာသို့ကြွ၍ ဆွမ်းသက်နှံးများ အလှူခံတော်မူပါ။အလှူခံပြီးမှ နေရပ်သို့ ကြွတော်မူပါဘုရား"

ကျိးကန်းသည် သူတတ်နိုင်သလောက် ထောက်လှမ်းရှာဖွေ၍ သိခဲ့ရသမျှ လျှောက်ထား၏။ သံဃာတော်များလည်း ဧလျှောက်ထားသည့်အတိုင်း သမုဒ္ဒရာကမ်းအနှီးမှ ဂေါဓရွာသို့ ကြွတော်မူလျှင် အကယ်ပင် ပရိက္ခရာရှစ်ပါး လှူဒါန်းသော ဒါယိကာမနှင့် တွေ့ကြရလေ၏။

ထိုဂျိးကန်းသည် တိရစ္ဆာန် ဖြစ်လျက် လည်း တိရစ္ဆာန်အလျောက် သံဃာတော်များအား အထောက်အကူ ပြုသော

ကောင်းမှုအဟုန်ကြောင့် သေလွန်သောအခါ နတ်ရွာသုဂတိသို့ လားရလေ၏။ကျမ်းပြုအသျှင်သည် ဤဝတ္ထုကို အောက်ပါ အနှုသာသနိဂါထာဖြင့်အုပ်၍ နိဂုံးချုပ်တော်မူ၏။

“အိုသူတော်ကောင်းတို့၊တိရစ္ဆာန် ကျိုးကန်းဖြစ်လျက် သူကျေးဇူးကိုမမေ့ပေ။ တလုပ်ကျေးဘူး သူကျေးဇူးကို သိတတ်ရာပေသည်။ လူဖြစ်သော သင်တို့သည် ဤကျိုးကန်း၏ထုံးကို နှလုံးပိုက်၍ သူကျေးဇူးတရားကို သိတတ်ကြပါကုန်။ မိတ်ဆွေပျက်မည့် အပြုအမူမျိုး၊ကျေးဇူးမသိတတ်ရာ၊ ကျေးဇူးကန်းရာကျမည့် အပြုအမူမျိုးကို မပြုမိအောင် ရှောင်ကြကုန်လော....”

(၂၂)

ကာကဝတ္ထုတိုသမင်း

ရုပ်ရည်ဖြောင့်ဖြောင့်၊ တောင့် တင်း ကျစ် လစ် ချစ်ဖွယ် ကောင်းသော လုံးကြီးပေါက်လှ မိန်းမချောတယောက်ဖြစ်၏။ ထိုမိန်းမကား လင်ရှိမယားတည်း။ သူ့ယောကျ်ားကား ကုန်သည်ပွဲစားလည်းမဟုတ်၊ မင်းမှုထမ်းလည်းမဟုတ်၊ လယ်သမားလည်း မဟုတ်၊ ဇာတ် သမားလည်း မဟုတ်၊ တောမုဆိုးဖြစ်သတည်း။

ရွေးကုသိုလ်ကံ မေ့းခဲ့၍ သူ့အသက်ကို သတ်ဖြတ်ခြင်းဖြင့် အသက်မွေးခဲ့ရသော်လည်း ထိုမုဆိုးသည် တဘက်က ကုသိုလ်ရေးကို လက်မလွှတ်ပေ။ရဟန္တာသုံးပါးကို ရိုသေကိုင်းရှိုင်းသော မုဆိုးဖြစ်သည်။

တနေ့သ၌ ထိုမုဆိုးသည် အမဲလိုက်ရာမှပြန်လာရာ လမ်းတွင် ရဟန်းတပါးနှင့် တွေ့လေ၏။ထိုရဟန်းကို ဖူးမြင်ရလျှင်ကြည်ညိုခြင်းဖြစ်လာသည်။ ထို့ကြောင့် ထိုရဟန်းအား နေ့စဉ်အိမ်သို့ ဆွမ်းခံကြွတော်မူပါရန် ပင့်ဖိတ်ပြီး နေ့စဉ်ဆွမ်းလှူသည်။ရဟန်းတော်ကလည်း နေ့စဉ်ပင် ကိုမုဆိုးအိမ်သို့ကြွ၍ ဆွမ်းအလှူခံလေသည်။

မုဆိုးသည် သူ့အလုပ်အတွက် တခါတခါ အာရုဏ်တက် အချိန်လောက်က ထ,ထသွားရ၏။ တခါတခါ နေထွက်တပြူး အချိန်တွင် သွားရ၏။ သူဘိုလင်မယား ကိုးကွယ် ထားသော ဆွမ်းခံကိုယ်တော်သည် အမျှားအားဖြင့် နေထန်းတဖျား အချိန်,

လောက်တွင်မှ ကြွလာလေ့ရှိရာ။ ဒါယကာ မုဆိုးနှင့် တိုးသည့် အခါလည်း တိုးမိသည်။ထိုအခါများတွင် သဒ္ဓါကြည်ညိုရှိသေ လေးစားစွာ သပိတ်ထည်း၌ ဆွမ်းလောင်းပြီးလျှင် ကိုယ်တိုင် ဆက်ကပ်လေ့ရှိသည်။မုဆိုးကြီး မရှိသော အခါများ၌မူ ဇနီးဖြစ် သူက ကမကထပြု၍ လှူဒါန်းလေသည်။

ဆွမ်းခံ ကိုယ်တော်ကလည်း သပ္ပါယ်သည်။ ဣန္ဒေသိက္ခာရှိ သည်။ ကြည်ညိုဘွယ်ကောင်းသည်။ ထို့ကြောင့်လည်း ထိုကိုယ် တော်အား မုဆိုးလင်မယားစုံတွဲက အသဲစွဲကြည်ညိုကြခြင်းမှာ အဆန်းမဟုတ်ပေ။ကာလအတန်ကြာသော်.... မုဆိုးကြီးထက်ပင် ဇနီးဖြစ်သူက ပို၍ကြည်ညိုသလိုလို ဖြစ်လာသည်။ ဆွမ်းခံကိုယ် တော်အပေါ်၌ အာရုံပြု၊ ဂရုစိုက်မှုများ မယားက ပိုကဲလာ သည်။ မုဆိုးကြီး၏ ကြည်ညိုခြင်းကား သဒ္ဓါတရားတွင် ရပ် သတည်း။ မယား၏ ကြည်ညိုခြင်းကား သဒ္ဓါကိုကျော်ဖြတ်ပြီး တဏှာအထိ ချဉ်းကပ်ချင်လာသတည်း။

တဏှာ၌ မျက်လုံးမပါ၊အချစ်၌ မျက်စိမရှိဟု ဆိုပေသည်။ မှန်၏။အကယ်၍သာ တဏှာ၌ မျက်လုံးပါပါက မုဆိုးမယား သည် ဤသို့သော အကြံကို ကြံရှာမည်မဟုတ်။ ကြံရက်မည် မဟုတ်။ ယခုသော်-မုဆိုးဇနီး လုံးကြီးပေါက်လှ ထိုမိန်းမကား သပ္ပါယ်တော် မူလှသော ဆွမ်းခံ ကိုယ်တော်၏ ရူပါရုံတည်း ဟူသော ကြာပန်း၌ အငန်းမရဝတ်ရည်ကို စုတ်သုံးလိုသော ပိတုံး မကြီး ဖြစ်နေပေပြီ။

သပ္ပါယ်လှသော ကိုယ်တော်လေး အသွင်နှင့် သူ့ခင်ပွန်း လင်၏ ရုပ်ကို စိတ်ကူးထဲ၌ ယှဉ်ကြည့်သည်။ကျီးနှင့်ဗျိုင်းအလား ရုပ်ရေခြင်း အပြတ်အသတ် ကွာခြားပုံများကို မြင်လာသည်။

ကိုယ်တော်ကလေးက ခပ်လှလှ၊ မုဆိုးကြီးက အပိုကြည့်တန်း၊ ကိုယ်တော်လေးအ နုဖပ်ဖပ်၊ မုဆိုးကြီးက ကြမ်းထော်ထော်၊ သူ့စိတ်တွင် ဤသို့ခြားနားစွာ ထင်မြင်လာတော်မူသတည်း။

ထိုကြောင့် "မိန်းမကြံလျှင် ခံနိုင်ရိုးလား" ဟူသော ဆောင်ပုဒ်ကို လက်ကိုင်ဒုတ်ပြုကာ အခါအခွင့်ကိုသာ ကြွက်ကိုကြောင် ကခြောင်းလေသည့်နှယ်။ ဆွမ်းခံကိုယ်တော်ကို အရတွယ်မည် ဟူသောအကြံနှင့် ကာလံဒေသံကိုသာ စောင့်နေလေ၏။ မယားအကြောင်းကို မသိရှာသော ခင်ပွန်းလင်မိုဆိုးကြီးကား သူပင်လာသော ကိုယ်တော်ကို အိမ်ရှင်မက ဂရုတစိုက် ကြည်ညိုဖော်ရသည်ကိုမြင်လျှင် အင်မတန်ဝမ်းသာနေ၏။

"ရှင်မရေ-ငါ့ကိုယ်တော်ကို ဂရုစိုက်ရစ်ပါကွယ်။ ငါတရက်၊ နှစ်ရက်ကြာချင်ကြာမယ်။အမှန်မပြောနိုင်ဘူး၊ ဆွမ်းဝတ်၊ကွမ်းဝတ် မလစ်လပ်ပါစေနဲ့ကွယ်-နော့"

တနေ့သော ညအချိန်တွင် အိမ်ဦးနတ် မုဆိုးကြီးပြောလိုက်သော စကားကို ကြားလိုက်ရသော အခါ "ငါ့အကြံအောင်တော့မယ်" ဟူသော ပီတိဖြင့် အိမ်ကလူကြီးကို ပြုံးစေ့စေ့ကြည့်ကာ....

"ကိုယ်သွားမဲ့ လမ်းကိုသာ စိတ်ချလက်ချ ဖြောင့်ဖြောင့်တန်းတန်း သွားပါတော်။ ဝတ်မပျက်စေရပါဘူး၊ ကျုပ်တတ်သရွေ့ မှတ်သရွေ့တော့ ချက်ပြုတ်ပြီး အမြဲလှူရစ်ပါ့မယ်။ ဒါ့အတွက်တော့နောက်ဆံမတင်းပါနဲ့။ကိုယ်လုပ်စရာ ရှိတာကိုသာ အေးအေးဆေးဆေးလုပ်ပါ။သြော်-ဒါထက် ကျုပ်ကအချိန်မှန်လှမှာတော့ ဟုတ်ပါရဲ့၊တော်ကြာ ဒကာကြီးမရှိလို့ဆိုပြီး တော့်ရွှေကိုယ်တော်ကကေးက အိမ်ကိုဆွမ်းခံမကြွဘဲ နေပါအုံးမယ်"

ဤနောက်ဆုံးစကားကလေးကား ဖုန်းဘုရားကလေး ကြွမလာမှာစိုးသည့် အတွက် အသားကိုလို၍ အရိုးကိုတောင်းလိုက်သောစကားဖြစ်၏။

"လာမှာပေါ့-ငါအမြဲပင့်ထားတာဘဲ၊ ကဲပါလေ- ငါမနက်စောစော ကျောင်းဝင်သွားပီး လျှောက်ထားခဲ့ ပါအုံးမယ်။ အလှူဝတ်ကိုတော့ တရက်မှ မချတ်ရအောင် ဂရုစိုက်ပါ။ ဒီလို ဣန္ဒြသိက္ခာရှိတဲ့ ကိုယ်တော်ဆိုတာ အင်မတန်လှူရခဲတယ်ကွဲ့"

ဤစကားအရ ဆွမ်းခံကိုယ်တော် အိမ်ကို ဆွမ်းခံကြွရေးမှာ သေချာသလောက် တွက်နိုင်သဖြင့် စိတ်အေးသွားလေ၏။

ထွက်လာသော နေဝန်းကြီးသည် လောကဓာတ်ကို ပြုံး၍ကြည့်နေ၏။ထိုနည်းတူ မုဆိုးမယားသည်လည်း အိမ်တံခါးကိုဖွင့်ကာ လမ်းပေါ်ဆီသို့မျှော်ကာ ပြုံး၍ကြည့်နေပေသည်။

သူ့အသွင်သည် ဤနေ့အဖို့ ပို၍ရှင်နေ၏။ နံ့သာသနပ်ခါးများသည် သူ့ပါပေါ်မှာ ဒီကနေ့ဖုန်နေသည်။ အစွမ်းကုန်သပြီး ဘုန်းဘုရားလာချိန်ကို အိမ်ရှေ့ကထွက်မျှော်နေသည်။

"ဟော....ဘုန်းဘုရား ကြွလာပြီ"

ဤသည့် နောက်ပိုင်း၌မူကား- ထိုမုဆိုးမယားသည် ဆွမ်းခံကိုယ်တော်၏ရှေ့တွင် စွေ့စွေ့ကလေးထိုင်ကာ အလ္လာပ-သလ္လာပစကားများ ပြောဆိုနေပြီဖြစ်၏။ ဆွမ်းခံကိုယ်တော်ကား ဣန္ဒြေသိက္ခာရှိလှ၏။ စကားပြောဆိုရာ၌ တည်ငြိမ်သော အသံဖြင့် စက္ခုန္ဒြေချ၍သာ ပြောဆိုခြင်းပြုလေသည်။ ဤသည်ကို သူကကျေနပ်ပုံမပေါ်။ သူလိုရာသို့ရောက်အောင် စကားဖြင့်ဆွဲခေါ်သည်။တဖြည်းဖြည်း သက်နှံးဆီးသော အကြောင်းအရာများထိ စကားရောက်လာသော အခါ၌-

"အရှင်ဘုရားကော သာသနာ့ဘောင်မှာ နေရတာ ပျော်မွေ့တော်ပါရဲ့လားဘုရား" ဟု အပြုံးရွှေပြေးဖြင့် မေးလျှောက်ပြီးနောက် "ငယ်ငယ်ရွယ်ရွယ် သက်နုံးဝတ်တာနဲ့ ပတ်သက်လို့ တပြည့်တော်မရဲ့ ထင်မြင်ချက်၊ တပြည့်တော်မရဲ့ အတွေးအခေါ်ကို တင်ပြပြီး အရှင်ဘုရားနဲ့ ဆွေးနွေးကြည့်လိုပါတယ်။ အဲဒါ တပြည့်တော်မမှားရင်လဲ ပြုပြင်တော်မူပါ။ ဆုံးမတော်မူပါ" ဟု ပန်ကြားပြီးလျှင် အောက်ပါ ဂါထာ စကားများဖြင့် ဘုန်းဘုရားအား ဖြားယောင်း သွေးဆောင်ခြင်း ပြု လေတော့သတည်း။

(၁) အရှင်ဘုရား-လူရယ်လို့ ဖြစ်လာတဲ့သူဟာ အရွယ်မလွန်မီ အရှင်ဘုရားတို့လို နုတုန်း၊ ပျိုတုန်းအရွယ်မှာ ကာမစည်းစိမ်ကို ငြိမ်ခံပြီး စိတ်မရှိသလောက် အားရပါးရ "အို" သွားအောင် ခံစားသင့်သည် မဟုတ်ပါလားဘုရား။ အဲဒီလို ခံစားပီးတဲ့နောက် အိုမင်းမစွမ်းရှိတဲ့ အရွယ်ရောက်ခါမှ ပုတီးလက်စဲ့ပြီး တရားကို အားထုတ်သင့်တယ် မဟုတ်ပါလား ဘုရား"

ဤသို့သူတုတ္တလျှောက်ဘားပြီး မျက်လုံးကို ဒေါင့်ကပ်ကာ မသိမသာ ကြာကြည့်, ကြည့်လိုက်။ သို့သော် ဘုန်းဘုရား၌ တစုံတရာ ထူးခြားသောလက္ခဏာများ မတွေ့ရ။ မိမိအလိုသို့ ပါပုံ မပေါ်သောကြောင့် "တပြည့်တော်မ လျှောက် ထား ရ တဲ့ အကြောင်းကတော့ ဒီလိုဘုရဲ့" ဟူ၍....

(၂) အသက်အရွယ် ကြီးခါမှ၊ အရိုးရင့်မှ ကျင့်အပ်တဲ့ အကျင့်၊ အားထုတ်အပ်တဲ့တရားဟာ များစွာထက်

မျက်တယ်ဖျ။ ဘယ်ကိုမှ အာရုံလဲ မပို့လွှင့်တော့ဘူး။ သူတကာက ဘယ်လိုဖျက်ဖျက် ပျက်လဲမပျက်တော့ဘူး။ စိတ်ဟာ တနေရာထဲမှာဘဲ ဝပ်နေတာဘဲ။ တည်ငြိမ်တယ်၊ ကြွေန္ဒြေရတယ်၊ သမာဓိရတယ်။ လူတကာရဲ့ ချီးမွမ်းခြင်းလဲ ခံရတယ်။ ဒါကြောင့် တပြည့်တော်မ လျှောက်ထားတာပါ"

ဤသို့ကြောကြည့်, ကြည့်၍ "ဂို"သော်လည်း ဘုန်းဘုရားကား၊ တုဏ္ဍိဘာဝေသာ နေသတည်း။ ထိုအခါ မာယာရှင် မုဆိုးမယားက အပါးသို့မသိမသာချဉ်းတဲ့ပြီး-

(၃) "ဒီမှာဖျ။ အမုန်ယစ်နေတဲ့ဆင်ပြောင်ကြီးကိုပင့်ကူမျှင်ဖြင့် မိုက်မဲစွာ ချည်နှောင်နေတဲ့ လူလိုဘဲ၊ ရာဂမုန်ယစ်ပြီးချစ်ရည်ရှန်းစိုနေတဲ့ပျို့တုန်းနုတုန်း အချိန်မှာ တရား အားထုတ်နေတာဟာ တပ, ခေါ်တဲ့အကျင့် ချည်မျှင်ကြိုးဖြင့် ချည်နှောင်ရာကျမနေဘူးလားဖျ"

ထိုသို့ကျအောင် ရှအောင် မျက်စကလေး ချိကာချိကာနှင့် တီတီတာတာ ဆိုရှာငြားသော်လည်း ဘုန်းဘုရားမှာ အနည်းငယ်မျှသော တုန်လှုပ်ခြင်းမရှိ၊ ပကတိသော ကြွေန္ဒြေဖြင့်သာနေလေသောကြောင့် စိတ်ညှတ်လာသည်အထိ မစောင့်နိုင်သည့် အဆုံး တဲ့တိုးကလေး သုံးလိုက်တာဘဲ ကောင်းပါတယ်ဟု ပရိယာယ်မငိုက်၊ ကြောင်တောင်နှိုက်လိုက်ပုံက-

(၄) "အရှင်ဘုရားကလဲ တဲ့တဲ့လျှောက်ထားမှု ရိပ်မိတော့မှာထင်ပါရဲ့။ ဒီမှာဖျပုံသုမြေဝသုန်၊ လောက

ဓာတ်ကြီးတခုလုံးကိုခြုံကြည့်။ ကာမဂုဏ် ငါးပါး လောက် ကောင်းတဲ့အရသာဟာ ဘယ်မှာမှ မရှိပါဘူး။ အခုလို ပျို့တုန်း နုတုန်း ချွန်းချွန်းစိုနေတုန်းအရွယ်မှာ တန်ဘိုးရှိတဲ့အချိန်တွေတို့ အလကားဖြုန်းမပစ်ပါနဲ့၊ ဦးပဉ္စင်းနဲ့ တပည့်တော်မ ဒုယံ ဒုယံ ချစ်စည်းစိမ်ခံစားကြပါစို့လား ဘုရား”

ယင်းသို့လျှင် တဆင့်ထက်တဆင့်အတင့်ရဲရဲလာသော၊ကဲကဲလာသော မုဆိုးသက်ထား ထိုကြာမယားကို နားခါးတော်မူလျှ၍ သံဝေဂသတိ ရှိတန်သရွေ့ရှိစေတော့ဟု ဆုမ်းခံသော ကိုယ်တော်က သပိတ်မ,၍ထိုင်ရာကထတော်မူယင်း-

(၁) “အို....ဒါယိကာမကြီး၊ငါးပါးအာရုံကာမဂုဏ်ဟူသည်ကား၊လျှာရည်တမျှားမျှားနှင့် ခွေးမျှား အကိုက်မှားနေသောအမဲရိုးနှင့်တူကုန်၏။အာရုံငါးပါး၊ ကာမဂုဏ်တရားကား-မြေပွေး မြွေဟောက်မျှား၏ ပေါက်လိုက်မည့် မာန်သွင်းနေသည့် ပါးပျဉ်းကြီးမျှားနှင့် အလားတူကုန်၏။အလှူနှင့်ရဲရဲရဲဝံးမီးခဲကြီးမျှားနှင့်လည်း အလားတူ ကုန်၏။ ထက်စွာသွေးအပ်သော ဓားမြမြချွန်သော လုံပုံးထောင်၍ထားအပ်သောဆူးငြောင့်မျှားနှင့်လည်း တူကုန်၏”

(၂) အို ဒါယိကာမကြီး၊ လောကဓာတ် နယ်တခွင်၌ အကြင်အကြင်သို့သော ပုထုဇဉ်လူသားတို့ကား၊ မောဟဖုံးကာ ငါးဖြာအာရုံ ကာမဂုဏ်ကို ခုံမင်

လိုက်စားကြကုန်၏။ကာမဂုဏ်ငါးပါး လိုက်စားကြသောထိုပုထုဇဉ်လူသားတို့ကားဆင်းရဲခပ်သိမ်းကို လက်ဝေခံနေကြသူ မျှားသာ ဖြစ်လေသည်။ အပါယ် လေးပါးသို့ လားကြ ရမည်သာ ဖြစ်သတည်း"။

ဆွမ်းခံကိုယ်တော်သည် ဤသို့တရားပြပြီးလျှင် ကြွသွားလေသတည်း။ ထိုအခါမှဆိုးမယားသည် မိမိဖြားယောင်းရာ မပါသိအတွက်သူလိပ်ပြာကိုသူပြန်၍ရှက်လာသည်။ရှက်ရသည့်ကြားက သူတချက်တွေးမိလာ၏။

"ကိုမှဆိုးနှင့် သည်ကိုယ်တော်၊ တော်တော် အကျမ်းတဝင်ရှိသည်။ ငါ့သောက်ကျင့်တွေကိုမျှား ငါ့ယောကျ်ားကိုဖျင့်တိုင်မှဖြင့်" ဤအတွေးကသူကို ဘေးကျပ်နံကျပ် အခံရကပ်အောင် နှိပ်စက်လာသောအခါ 'ဆောက်တည်ရာမရအောင် ကြောက်လာသည်။

"သူသိသွားရင်ငါ့ကိုအရှင်မထားဘူး၊ကောန်သတ်ပစ်မှာဘဲ" တွေးရင်းတွေးရင်းအပြစ်လွတ်ရာလွတ်ကြောင်းအတွက်တနေ့လုံးအခန်းအောင်းကာ အကြံ ထုတ်နေလေ၏။ သူ ရရှိလာသော အကြံကို အကောင်အထည်ဖော်လေပြီ။ သူမျက်နှာပြင်တခုလုံးဟင်းသပဒါးကုံးလို ရဲလာအောင် လက်သည်းမျှားဖြင့်ကုတ်ခြစ်ပစ်လိုက်သည်။ ဖောင်းမို့အိစက် နုထွားသော သူပါးပြင်ပေါ်ဝယ်၊ အဖုကလေးမျှား၊လက်သည်းရာအစင်းကလေးမျှားပင်ထင်လာသည်အထိ ကုတ်ခြစ်ပစ်လိုက်၏။

"ရှင်မရေ..."

အိမ်ရှေက လှမ်းခေါ်လိုက်သော လင်တော်မောင် မုဆိုး၏ အသံကို သူကြားလိုက်ရလျှင်အခန်းတံခါးကိုအသာစေ့ရုံကလေး ပိတ်ပြီး အိပ်ရာပေါ်၌ ဝမ်းလျားမှောက်လျက် အိပ်နေလေ၏။

"ဘာပြုလို့လဲရှင်မ၊ နေထိုင်မကောင်းလို့လား"

သူလျောင်းစက်နေသော အခန်းတွင်း ဝင်လာပြီး ကျောကလေးကိုညင်သာစွာသပ်လျက် နားရင်းထိ ငုံ၍ ကပ်မေးလိုက်သော ချစ်လင်ကို ငိုမဲ့မဲ့မျက်နှာဖြင့်တချက်သာလှည့်ကြည့်လိုက်ပြီး၊ တဟီးဟီးဖက်၍ ငိုလေ၏။

"တော်ကိုးကွယ်ထားတဲ့ကိုယ်တော် ဘာကောင်းလဲ၊ ဒီမှာကျုပ်မျက်နှာများ ကြည့်စမ်းပါအုံး"

ရှိုက်ငိုမဆုံးတန်းလန်းက သူမျက်နှာကိုရှေသို့ထိုးကာ မုဆိုးအား ပြလေသတည်း။

"ဟင်....မျက်နှာတခုလုံး ကုတ်ရာခြစ်ရာတွေ ပွလို့ပါလား ဘာဖြစ်တာလဲဟင်"

"ဘာဖြစ်ရမလဲ့၊တော်မရှိတုန်းမှာ၊တော့်ဘုန်းကြီးကအခန်းထဲအဘင်းလာပြီး ကျုပ်ကို မဟားဒရားလုပ်တယ်၊ ဖက်နမ်းတယ်။ အတင်းပွေ့ပြီး ကျုပ်ကိုအိပ်ရာထဲ အတင်း လှဲချတယ်၊ ပြီးတော့-ဟီးဟီး ကျုပ်ကအတင်းရုန်းပြီး သူ့ရင်ဝကိုခြေနဲ့ကန်ပစ်လိုက်တော့မှ နောက်လန်သွားတယ်။ နောက်ဆုံး သူအကြံမအောင်တော့၊ မစားရတဲ့အမဲ သဲနဲ့ပက်မယ်ဆိုတဲ့ဘဘောနဲ့ နင့်အလှကြောင့် ငါဒုက္ခရောက်ရတယ်၊ ဒီအလှကို မထားဘူးဆိုပြီး ကျုပ်မျက်နှာတခုလုံး ရစရာမရှိအောင် သူလက်သဲကြီးတွေနဲ့ ကုတ်ခြစ်ထားခဲ့ပြီး ထွက်သွားတယ်၊ ကျုပ်သာ မရုန်းလိုက်ရင်ရှင်သုံးနေကျ ကျုပ်တကိုယ်လုံး သူဘုဉ်းပေးသွားမှာ သေချာ

တယ်။ ဟီးရှက်လှချေရဲ့တော်၊ ဒီလိုသက်နှံးဝတ်က အစောင်ကား ခံရတာနဲ့စာရင် သေလိုက်ထားက ကောင်းပါသေးတယ်"

မယားသယ်ချစ်ဇနီးက သူရင်အုံကိုစုံတင်ကာ ထူထူပြီး တိုင်လေရာ မုဆိုးကြီးမှာ မယားစကားကို ယုံပြီး အသားများပင် ဆတ်ဆတ်တုန်လာလေ၏။

"တောက်....ရိုင်းလိုက်လေ၊ ငါလှူထားတဲ့ဆုမ်းမျက်နှာကိုမှ မထောက် သလောက်တောင်မိုက်ရသလား"

မုဆိုးသည် မယားထိခေါင်းကြည့်ကိန်းဆိုက်ကာဒိန်းဒလိန်းနတ်ပူးကာ သူ့ကိုယ်တော်အား တွေ့ရာသင်းချိုင်း ခေါင်းမဆိုင်းသတ်မည် ဟု ဆုံးဖြတ်လိုက်လေ၏။ရှေးအခါကသဒ္ဓါကြည်ညိုစွာဖြင့် ကိုးကွယ်လာခဲ့သော်လည်း မယားမိုက်၏ ကုန်းတိုက်ချက်များကြောင့် အမှားအမှန်ကိုဝေဖန်ချင့်တွေးခြင်းမပြုနိုင်ဘဲ သူ့ကိုမှ မသတ်ရရင် ငါမနေ့ဟူ၍ မုဆိုးကြီးမှာ ဒေါသဟူးဟူး တရှူးရှူး တရှားရှားဖြစ်နေလေသတည်း။

ဤအကြောင်းနှင့်ပတ်သက်၍ အဆင်ခြင် အစဉ်းစားဉာဏ်ကိုမသုံးဘဲ ယုံလွယ်သူများအတွက် မှတ်ချက် ချသွားသော ဂါထာနှစ်ပုဒ်မှာ-

(၁) "လောကဌ် အချို့သောသူများသည် စူးစမ်း ဆင်ခြင်မှုကို မပြုလေ့ဝမ်းသာစရာရှိလျှင်လည်း မဖြစ် စလောက်ကလေးနှင့်လည်း လိုက်လိုက်လဲလဲ ဝမ်းသာတတ်သည်။ ဒေါသထွက်စရာရှိလျှင်ဘာမဟုတ် သောကိစ္စကလေးနှင့်လည်း၊ ဒုတ် ထမ်း၊ ခေါင်းထမ်း အရမ်းကာရော ဒေါသထွက်တတ်သည်။ ဤမုဆိုးကြီးအတိုင်းပင်ဖြစ်၏။

(၂) "ပမာဆိုသော ချိန်ခွင်ညွှာသည် ချိန်ခွင်ထဲသို့ အနည်းငယ်သော်ပစ္စည်း၊ သို့မဟုတ် အလေး ထည့်ခြင်း လိုက်ရုံမျှဖြင့် တဖက်စောင်းနင်းစောက်ထိုးမိုးမျှော်ဖြစ်သွားလေ၏။ ထို့အတူပုထုဇဉ် လူသားများသည် မပြောပဘဲယဉ်အနည်းငယ်သောကိစ္စကလေးများဖြင့် ဒေါသထွက်ခြင်း၊ ချစ်ကြည်ညိုခြင်းသို့ ရောက်လွယ်တတ်ကြ၏။

နေလုံးကြီးသည် အရှေ့ဘက်လောကခေတ်မှ ဖြတ်ကနဲလင်းလာ၏။ မုဆိုးကြီးသည် နေမထွက်ခင်ကပင် သူ့ကိုယ်တော်ဆွမ်းခံလာသောလမ်းမှ လေးကိုထမ်း၍ စောင့်နေ၏။

သူသည် ရှေ့သို့သာ သဲကြီးမဲကြီးနှင့် ကြည့်နေသည်။ ဒုံးတဘက်ထောက်လျက် လက်ထဲတွင် လေးကိုအသင့် ပြင်ထားသည်။ နေထန်းတဖျား အချိန်သည် ရဟန်းတော်များ ဆွမ်းခံဝင်လာချိန်ဖြစ်သောကြောင့် အချိန်နီးလာလေလေ မုဆိုးမှာလက်ယားလေလေဖြစ်နေသည်။ လမ်းဘေးရှိ ချုံပုပ်တခုထဲတွင် အောင်းလျက် ဆွမ်းခံအလာကို ချောင်းနေသည်။

မုဆိုးသည် ချုံထဲမှခေါင်းပြူ၍ ရှေ့သို့သာ အာရုံစိုက်လျက် ကြည့်နေခိုက်။ သူ့မျက်စိထဲတွင် ကောင်းကင်ထက်မှ လက်ခနဲ အရာဝတ္ထုတခုကို မြင်လိုက်ရသောကြောင့်မော်၍ကြည့်လိုက်ရာ သူ့မျက်လုံးများမှာ ပြာသွားသလား ထင်ရလေသည်။ မျက်စိကို သေသေချာချာ ပွတ်သပ်၍ကြည့်လေ၊ သူမြင်ရသောအရာမှာ ကွဲကွဲပြားပြား ထင်လာလေဖြစ်၏။

"ဟင်....ငါမှားခဲ့ပြီ တကား...."

မုဆိုးသည် ဤသို့ရေရွတ်ပြီး စဲ့ကိုင်ထားသောလေးကိုအဝေးသို့လွှင့်ပစ်လိုက်လေသည်။ ဒူးနှစ်ဘက် မြေမှာထောက် လက်နှစ်ဘက်ကို ထိပ်ပေါ်သို့တင်မြှောက်ပြီး ရှိခိုးလေသတည်း။

သူအဘယ်ကို ရှိခိုးနေလေသနည်း။ သူမြင်ရသောအရာကား အခြားမဟုတ် "ပစ်သတ်မည်"ဟု သူစောင့်နေသော ဆွမ်းခံကိုယ်တော်ဖြစ်လေသည်။ ထိုကိုယ်တော်ကား-ဘုရားငယ်တဆူဟု သမုတ်အပ်သော "ပစ္စေကဗုဒ္ဓါ"ရဟန္တာ အာသျှင်သူမြတ်ဖြစ်သတည်း။သူ့ကိုသတ်ရန် မုဆိုးက စောင့်နေကြောင်းသိ၍ ထိုသို့သတ်ဖြတ်ချေက အပါယ်လေးပါး လားအံ့သောအကြောင်းကို မြင်တော်မူ၍ မုဆိုးကိုကယ်တင်ရန် ကောင်းကင်ယံမှ ကြွလာတော်မူခြင်းဖြစ်၏။

မုဆိုးသည် ဒူးထောက်လျက် ရှိခိုးဖူးမြော်ရင်း အသိဉာဏ်လင်းရောင်ခြည် သန်းလာသည်။ "ဤအာသျှင်ကား မြတ်သောအကျင့်နှင့် ပြည့်စုံသော သူမြတ်ပေတကား။ ငါ့မယား တိုင်ကြားပြောဆိုတိုင်း အရိယာမဟုတ်၊သူယုတ်တို့သာ ပြုကျင့်လေ့ရှိသော အကျင့်မျိုးကို မည်သည့်အခါမှ ပြုကျင့်မည်မဟုတ်။ ငါ့မယားစကားသည်မမှန် မုသားသာဖြစ်မည်။ သူအလို၊သူ့ဆန္ဒ၊ သူ့လိုလားချက် မပြည့်စုံသောကြောင့်သာ ဤသို့ အာသျှင်သူမြတ်အား စွပ်စွဲပြောဆိုခြင်း ဖြစ်ရမည်"ဟု ပြတ်သားစွာ ဆုံးဖြတ်လိုက်ပြီးနောက် ဤသို့တောင်းပန် လျှောက်ထားလေ၏။

"အာသျှင်သူမြတ်ဘုရား-တပည့်တော် ပြစ်မှားမိသော အပြစ်များကို သည်းခံတော်မူပါဘုရား။ ခွင့်လွှတ်တော် မူပါဘုရား"

"အိုဒါယကာမုဆိုး၊သင်သည် ငါ့အား အဘယ်သို့ ပြစ်မှားမိလေသနည်း"

ပစ္စေကဗုဒ္ဓါ အသျှင်သူမြတ်က သိလျက်နှင့်ပင် မေးတော်မူလိုက်၏။မုဆိုးကလည်း မှန်သောအတိုင်း မကွယ်မထောက်ဘဲ မယားစကားကို နားယောင်မိသောကြောင့် ဒေါသအလျှောက် အသျှင်ဘုရားအား သေကြောင်း ကြံစည်မိသည်အထိ ပြစ်မှားမိပါကြောင်း လျှောက်ထားပြီးလျှင် သူ့စိတ်ထဲ၌ယခုဖြစ်ပေါ်လာပုံကိုလည်း ဂါထာဖွဲ့၍-

"အသျှင်သူမြတ်ဘုရား၊ မြက်စည်း မီးဒုတ်ဖြင့် သမုဒ္ဒရာခန်းခြောက်အောင် မြှိုက်သကဲ့သို့ဝင်း၊ မြင့်မိုရ်တောင်ကို အပိုင်းအပိုင်း ပြတ်အောင် ထမ်းရွက်ဖြင့် ရိုက်ခတ်သကဲ့သို့ဝင်း၊ အသျှင်ဘုရားတို့၏ ကြီးမားလှစ္ဆာသော တန်ခိုးအာနုဘော်ကို ပျက်အောင် ဖျက်ဆီးခြင်းငှါ အဘယ်သူ စွမ်းနိုင် ပါမည်နည်း။ မည်သူ တဦး တယောက်မျှ ထိုတန်ခိုး ဂုဏ်သိန်ကို ညှိုးမှိန်အောင် မတတ်နိုင့်ပါဘုရား"

ဤသို့လျှောက်ပြီးနောက် မုဆိုးသည် ပစ္စေကဗုဒ္ဓအားကြည်ညိုသဒ္ဓါ အတိုင်းမသိ ဖြိုးဝေလာသည်နှင့် အမျှ ဤသို့သော သူမြတ်အား မဟုတ်မတရား စွပ်စွဲရပါမည်လား" ဟူ၍ မယားမိုက်ကိုဓားစိုက်၍ သတ်မည်ဟူသော ဒေါသစိတ်ဖြင့် လွှင့်ပစ်ထားသောလေးကို ကောက်ပြီးလျှင် ပြန်သွားမည် အပြုတွင် မိန်းမတို့ အပေါ်၌ အပြစ်မယူ သင့်ကြောင်း၊ ခွင့်လွှတ်သင့်ကြောင်းကို အောက်ပါအတိုင်း တရားဟောလေ၏။

(၃) "အို-ဒါယကာမုဆိုး၊ ငါ့စကားကို အသင် မှတ်သားနာယူလေလော။ အယုတ်၊အလတ်၊ အမြတ် မရွေး၊ ရာပေါင်း မျှားစွာသောလူ၊ ထောင် ပေါင်း

များစွာသောလူတို့ချိုးကြကုန်သော်ငြားလည်း မြစ်ချောင်း အင်းအိုင်တို့မည့်သည် အခါခပ်သိမ်း မည့်သည့်အခါမှ တင်းတိမ်ခြင်း၊ ရောင့်ရဲခြင်း မရှိလေ"

(၂) အို-ဒါယကာမုဆိုး၊ ထို့အတူမိန်းမတို့သည်ရောင့်ရဲ တင်းတိမ်ခြင်းမရှိကြကုန်။ ဤသူကား အကျင့်ရှိသူ ဤသူကား အကျင့် မဲ့သူဟူ၍ အယုတ် အမြတ်ကို မတွက်ဆတတ်ကြကုန်။တဦးတယောက်တည်းသော ယောကျ်ားဖြင့် အလိုပြည့်သောမိန်းမ၊ အားရတင်း တိမ်သောမိန်းမမည်သည် ဤ ကမ္ဘာ မြေ ပြင် တ လျှောက် တယောက်မျှမရှိ။

(၃) "အို-ဒါယကာမုဆိုး၊ခရီးကို ယုတ်သောသူများ လည်းသွားကြသည်။ မြတ်သောသူများလည်းသွား ကြသည်။ အဘယ့်ကြောင့် ဆိုသော် ခရီးဟူသည် အများနှင့်ဆက်ဆံသောကြောင့်ဖြစ်ပေ၏။ ထို့အတူ မိန်းမများသည် အများနှင့် ဆက်ဆံသောကြောင့် လမ်းခရီးနှင့်တူကုန်၏။ ကိုယ်အမူအရာစောင့်စည်းမှု နှုတ်အမူအရာ စောင့်စည်းမှု၊ စိတ်အမှုအရာ စောင့် စည်းမှုကို မပြုစွမ်းနိုင်ကြကုန်"

(၄) "အို-ဒါယကာမုဆိုး၊များစွာသော အရက်သမား များသည် အရက်ဆိုင်ဝင်၍အရက်သောက်ကြကုန် ၏။ ထိုသောက်တိုင်းသောက်တိုင်းသောအရက်၊ဝင် လာတိုင်းဝင်လာတိုင်းသောအရက်သမားများစွာကို အရက်ဆိုင်များကသည်းခံနိုင်ကြပေသည်။ဆန့်ကျင် မှုပြုသည်ဟူ၍မရှိ"

(၅) "အို-ဒါယကာမုဆိုး၊ကျေးမ မဟူ သူခပ်သိမ်းတို့ သည် အငြိမ့်ပဲ့၊ဇာတ်ပဲ့၊ရုပ်ရှင်ပဲ့သို့သွားရောက်ကြည့်ရှုကာ စိတ်ရှင်လန်းအောင် အပန်းဖြေကြကုန်၏။ ကာမဂုဏ်ဟူသည်ကား ပဲ့လန်းသဘင်နှင့်အလားတူပေ၏။ ထိုသဘင်ကျူးမှု၊ကာမကျူးမှုတို့၌ ဆင်ခြင်နိုင်ခြင်းမရှိကြ။

(၆) "အို ဒါယကာမုဆိုး၊ ရေတွင်း၊ရေကန်၊ရေချမ်းစင်တို့သည်ခရီးသွားသူရှင်လူဟူဆိုအပ်ဖေသာ အမျှားနှင့် ဆက်ဆံကုန်၏။ ထိုနည်းဌင်းပင်၊ ထိုငါးပါးအာရုံ၊ ကာမဂုဏ်တို့သည်လည်း အသဝေါကုန်ခန့်ရဟန္တာမဟုတ်သေးသော ပုထုဇဉ် အားလုံးတို့နှင့် ဆက်ဆံကုန်၏။ အဆိပ်သီးသည်ဌင်းကို စားသုံးမိသူတို့အား သေခြင်း၊သို့မဟုတ် သေလုမျောပါး ဝေဒနာခံစားရခြင်းဟု ဆိုအပ်သော အကျိုးမဲ့သာ ပေးပေသည်။ ထို့အတူငါးပါးသော ကာမတရားသည်လည်း မိမိအား ခံစားလာသူတို့အား အကျိုးမဲ့ကိုသာ ပေးတတ်ပေသည်။

(၇) အို-ဒါယကာမုဆိုး၊ မိန်းမတို့သဘောကား၊ မှားယွင်းသောစကားကိုအမှန်ကဲ့သို့ပြောဆိုတတ်ကုန်၏။ အမှန်တရားကိုဖုံးကွယ်လျက် မမှန်မှုသားကိုဆိုတတ်ကုန်၏။ တယောက်သောသူအားချစ်ပါလျက်၊မြာ်နိုးပါလျက်လည်း မချစ်လေဟန်၊ မမြတ်နိုးလေဟန် ပါးစပ်ဖျားက စကားတမျိုးကို ဆိုတတ်ကုန်၏။

မုဆိုးသည် တရားတော်ကိုနာရ၍မယားအပေါ်၌ဖြစ်သော ဒေါသချုပ်တည်း၍သည်းခံကာ အသျှင်ပစ္စေကဗုဒ္ဓအားအသက်ထက်ဆုံး ဆည်းကပ်ကိုးကွယ်လေ၏။ ထိုဘဝမှ စုတေခဲ့သော် သီဟိုဠ်ကျွန်း ရောဟနဇနပုဒ်၊မဟာဂါမ၌ ဂေါဓာဘယ မင်း၏ သားတော်ဖြစ်လာသည်။အမည်မှာထိုသားတော်သည် ကျီးတို့၏ အသံကိုနားလည်၏။ ကျီးတို့အချင်းချင်း ပြောကြသော စကား ကိုနားလည်၏။ ဤသို့ ကျီးအသံကျီးစကားကို နားလည်သည်ကို အကြောင်းပြု၍ထိုမင်းသားအား"ကာကဝဏ္ဏတိဿ"ဟု အမည် မှည့်ခေါ်ခြင်းပြုကြလေသတည်း။

မှတ်ချက်။ ။ကာကဝဏ္ဏတိဿမင်း၏ မိဖုရားကားဝိဟာရ ဒေဝီမည်၏။ ဒုဋ္ဌဂါမဏီမင်း၏မယ်တော်တည်း။ ကာကဝဏ္ဏ တိဿမင်းနှင့် ဝိဟာရဒေဝီ,မိဖုရားတို့၏ နှစ်ဘက်သော ရာဇဝင်၊ ဆွေမျိုး မျိုးတော်တို့၏ ဖြစ်ရပ်သမိုင်းများကားစိတ်ဝင်စားဖွယ် ရာ အလွန်ထူးဆန်းသော ရာဇဝင်များ ဖြစ်လေသည်။ ကြေကွဲ ဝမ်းနည်းဖွယ်၊ထိတ်လန့်ဖွယ်၊ သံဝေဂရဖွယ်အသွယ်သွယ်တို့ဖြင့် ထွေးယှက်ရစ်ပတ်လျက်ရှိကြောင်းများကို ကဏ္ဍတခုစီ သီးသန့် ခွဲခြား၍ဖွင့်ပြထားရာ ကာကဝဏ္ဏတိဿမင်း၏ ဆွေစဉ်မျိုးဆက် ရာဇဝင်ကို ရှေးဦးစွာ အောက်ပါအတိုင်းဆိုပေ၏။

ကာကဝဏ္ဏတိဿမင်း၏ဆွေစဉ်မျိုးဆက်
ရာဇဝင်အကျဉ်းချုပ်

သီဟိုဠ်ကျွန်းအလုံးကို ဘုန်းဖြင့်စိုးချုပ်၍မင်းလုပ်စိုးစံတော် မူသော'မုဒ္ဒသိဝမင်း၌ သားတော် တကျိပ်ရှိ၏။ ယင်း တကျိပ်

အနက်'ဒေဝါနံပိယတိဿ'မင်းသားမှာဒုတိယမြောက်သားတော် ဖြစ်၍'မ့ဟာနာဂ'မင်းသားမှာ (ဒေဝါနံပိယ တိဿ မင်းသား အောက် တယောက်ခြား စတုတ္ထမြောက်)သားတော် ဖြစ်လေ သည်။

ခမည်းတော် မုဒ္ဒဝိသမင်းက စတုတ္ထသားတော် မဟာနာဂ မင်းသားအား အိမ်ရှေမင်းအရာကိုပေးသည်။ဤသည်ကို နောင် တော် ဒေဝါနံပိယတိဿမင်းသားအနေဖြင့် ညီတော့်အပေါ်၌ စိုးစင်းမျှမနာလိုမရှုစိမ့်မရှိသော်လည်း ၎င်း၏မိဖုရားက နှစ်သက် ခြင်းမရှိ၊ ဖြစ်ခြင်းဖြစ်လျှင် သူမောင်တော်ဘုရား ဒေဝါနံပိယ တိဿမင်းသားသည်သာအိမ်ရှေမင်းဖြစ်ထိုက်သည်ဟု ယူဆကာ မကျေနိုင်မချမ်းနိုင် အစိုင်အခဲကြီးဖြင့်သာ နေလာခဲ့ရသည်။

ဒေဝါနံပိယတိဿမင်းသားနှင့် သင့်မြတ်၍ မိဖုရားမှ သား တော်တပါး ဖွားမြင်လာသောအခါ 'ဆင်စီး၍ မင်းရံသည်' ကို သာမြင်လိုသော မိဘတို့၏စေတနာအတိုင်း မိဖုရားသည် သား တော်မင်းဖြစ်ရေးကိုသာ အစဉ်သဖြင့် တောင့်တနေပေသည်။

ခမည်းတော်မုဒ္ဒသိဝမင်းသည်ရဟန်းရှင်လူ၊ကျွဲနွားတိရစ္ဆာန် တို့ မှီခိုအားကိုးနေကြရသော တိရစ္ဆာနဝါပိအမည်ရှိသော ရေ ကန်တော်ကြီး ပျက်စီးတိမ်ကောနေသည်ကိုပြုပြင်မွင်းမံလျက်ရှိ ရာ ထိုကိုစ္စအတွက် သားတော်အိမ်ရှေမင်းသားအား ကြပ်မတ် ကွပ်ကဲရန်လွှဲအပ်ထားသောကြောင့် ထိုအချိန်တွင် အိမ်ရှေ မင်း သားမှာ ရေကန်တော်၌သာအများအားဖြင့်အချိန်ကုန်လေ့ရှိ လေ၏။

နောင်တော်ဒေဝါနံပိယတိဿ၏မိဖုရားသည် အိမ်ရှေ မင်း သား၏ မရီးတော်ဖြစ်၍ အိမ်ရှေ မင်းသားကား ထိုမိဖုရား၏

မတ်တောင်မောင်ဖြစ်လေသည်၊မရီးတော်မှ ဖွားသောသားမိမိ၏ တူတော်မောင် မင်းသားငယ်အား အိမ်ရှေမင်းသားကမျှားစွာ ချစ်မြတ်နိုးသည်နှင့်အမျှ မင်းသားကလေးကလည်း ဦးရီးတော် အိမ်ရှေမင်းသားအပေါ် တွင်မျှားစွာပင်သံယောဇဉ်တွယ်လျက် ရှိသည်။

သို့ကြောင့် ဦးရီးတော် အိမ်ရှေ မင်းသားမှာ တာဝန်အရ တိရစ္ဆာန၀ါပိရောက်တော်၌ ယာယီစံနန်းဖြင့်စံမြန်းနေတော်မူ သောအခါတွင် မင်းသားကလေးမှာ ဦးရီးတော်ရှိရာ ရောက် တော်သို့ မကြာမကြာသွားရောက်ကာ ဦးရီးတော်နှင့် နေလေ့ ရှိပေသည်။

မုဒ္ဒသိဝမင်းမှဖွားသော သားတော်တကျိပ်အနက် ဒေ၀ါနံ ပိယတိဿ မင်းသားနှင့် မဟာနာဂ မင်းသားတို့မှာ အချစ်ဆုံး သော ညီနောင်နှစ်ပါး ဖြစ်သော်လည်း ဒေ၀ါနံ ပိယတိဿ မင်းသား၏ ကြင်ယာတော် မိဖုရားကမူကား သူ၏ မတ်တော် မောင် အိမ်ရှေမင်းသား(မဟာနာဂ)အား မချစ်မြတ်နိုးနိုင်ခဲ့ မက "ဤမင်းသားရှိနေက ငါ့သားတော်အထက် အထိပ်ရောက် ဘုရင်ဖြစ်နိုင်ဘို့ လမ်းမမြင်၊ သူသည် ဆူးငြောင့်တချောင်းဖြစ် သည်။ဒီဆူးငြောင့်ကို ပယ်ရှားပစ်မှ ငါ့သားအထက် အထိပ် ရောက်နိုင်မည်"ဟူ၍ အိမ်ရှေမင်းသားအား သတ်ရန် အမြဲကြံ စည်နေသူဖြစ်၏။

တနေ့သောအခါ၌ ထိုမိဖုရားကား အိမ်ရှေမင်းသားကိုသတ် ရန် အစာထည်း၌ အဆိပ်ထည့်၍ ဆက်စေလေ၏။ ထိုအချိန်၌ အိမ်ရှေမင်းသားမှာ ပြင်ဆင် မှမ်းမံနေသော "တိရစ္ဆာန၀ါပိ" ရောကန်တော်ကြီး မပြီးစီးသေးသောကြောင့် ကန်တော်စခန်းရှိ

ယာယီဘဲနန်းတော်၌ စံမြန်းလျက်ရှိရာ နေပူစပ်ခါးတွင် မနား မနေ လုပ်ဆောင်နေတော်မူရသော မတ်တော်မောင်အား လွှန်စွာသနားကရုဏာ သက်လေဟန်ဖြင့် သရက်သီးအဖျော် စီမံ၍ တကူးတကပင် ဆက်လိုက်သည်။

ထိုသို့အဖျော်ယမကာများ ဆက်သလာချိန်၌ အိမ်ရှေ့မင်း သားမှာ ကန်လုပ်သားများနှင့် အတူ ကန်ဘောင် ရိုးပေါ်သို့ ရောက်ရှိနေ၏။ သူ၏တူ(ထိုမိဖုရားမှရိုးတော်၏သား) မင်းသား ကလေးလည်း သူနှင့်အတူပင် ကန်ဘောင်ရိုး၌ ရှိနေ၏။

မရိုးတော်က အဖျော်ယမကာများ ပို့ဆက် လိုက်ကြောင်း မင်းချင်းများက လျှောက် ထား လာသောအခါ မှင်းသား ကလေးသည် နေပူဒဏ်ကြောင့်လှန်စွာ ရေမွတ်သိပ်နေဟန်တူ၏။ သူဘဒ္ဒေးတော်အားပင် မဲပန်ကြားလေဘဲ ယာယီ စံနန်းသို့ ကမန်းကတန်းပြေးသွားကာ သူ့မိခင်မယ်တော်ဘုရားကပို့လိုက်သော အဆိပ်ရေနှောထားသည့် သရက်သီးအဖျော်ရေကို မြိန်ရေ ရှက်ရေ တဝကြီးသောက်သုံးခြင်း ပြုလေ၏။ မကြာခင်ပင် ထိုမင်းသားကလေးမှာ မယ်တော်ဆက်လိုက်သော အဆိပ်ရေကြောင့် နတ်ရွာလားလေသတည်း။

အိမ်ရှေ့မင်းသားသည် ထိုအခြင်းအရာကို မမြော်လင့်ဘဲတွေ့ရသောအခါ မရိုးတော်အား များစွာကြောက်ရွံ့လာလေသည်။ အမှုမှာမိမိအား သေကြောင်း ကြံစည်ကြောင်း ထင်ရှား၍ ပြစ်မှုအလျောက် အရေးယူနိုင်သော်လည်း သူအလွန် ချစ်မြတ်နိုးတော်မူလှသော နောင်တော် ဒေဝါနံပိယတိဿ၏ ရှေ့မျက်နှာတော်ကို ထောက်ထား၍အရေးယူမှုမပြုလေ....။

ဤတွင်မက အိမ်ရှေ့ မင်းသားသည် တစိမ့်စိမ့် တွေးရင်း ကြောက်လာသည်။ကြက်သီးများ ထလာသည်။ "ငါဆက်လက် ၍နေက မရီးတော်သည် ငါ့အား တနည်းမဟုတ် တနည်းဖြင့် ငါ့ကိုမသေမချင်းသတ်ရန်အားထုတ်မည်မလွဲဖြစ်သည်။ဤသည် ကို အကြောင်းပြု၍ နန်းတွင်း ရေးရာများလည်း ရှုပ်ခထွေးလာ ဘွယ်ရာရှိသည်။ လာမည့်ဘေး ဝေးဝေးက ရှောင်ခြင်းသည် အကောင်းဆုံးဖြစ်ပေသည်။ ဤသို့တွေးတောပြီးနောက် မိဖုရား ကိုခေါ်၍ တိတ်တဆိတ် ရုပ်ဖျောက်၍ ထွက်ပြေးလေ၏။

ထိုအခါ၌ အိမ်ရှေ့မိဖုရားမှာ ကိုယ်ဝန် အရင့်အမာနှင့် ဖြစ် သောကြောင့် နားနားနေနေနှင့် မိဖုရားကိုစောင့်ခေါ်ရသည်။ နက်ရှိုင်းသောတောအုပ်အတွင်း၌ တောရပုဂ္ဂိုလ်များ သီတင်း သုံးနေထိုင်ရာ "သလာကဝိဟာရ" အမည် ရှိသော တောရ ကျောင်းအနီးသို့ရောက်လျှင် မိဖုရားမှ သားတော်တပါး ဖွား မြင်လေ၏။

အိမ်ရှေ့မင်းသားသည် နောင်တော် ဖြစ်သော ဒေဝါနုံပိယ တိဿအပေါ်၌ သံယောဇဉ်မကင်း၊ချစ်ခင်တွယ်တာခြင်း ပြင်း ပြလှသည့်အလျောက် တောတွင်း၌ ဖွားမြင်လာသော သား တော်လေး၏ အမည်နာမကို ဖွားမြင်ရာ အရပ်လည်းပါရှိစေ၊ နောင်ဘုရား၏ အမှည်လည်း ပါရှိစေဟူ၍ "သလာကတိဿ" ဟူ၍ အမှည်မှည့်လေ၏။

ထိုအရပ်မှတဆင့် ဆက်လက်၍ခရီးလှည့်ခဲ့ရာ ရောဟနဇနပုဒ် မဟာဂါမသို့ ရောက်သွား၏။ မဟာဂါမကို မင်းနေမြို့တော်ပြု လုပ်၍ နန်းစံလေသည်။မဟာနာဂမင်းဟူ၍ပင်တွင်၏။ထိုမဟာ နာဂမင်း နတ်ရွာလားသော်-သားတော် သလာကတိဿသည်

အာဖအာရောဆက်ခံ၍ မင်းပြု၏။ ထိုမင်းလွန်လေသော်.... သားတော်ဂေါဓာဘယမင်းထီးမွေကိုဆက်ခံစိုးစံ၏။ ထိုဂေါဓာဘယမင်းမှ သားတော်တပါး ထွန်းကားလာသည်။ ထိုသားတော်ကား ဤကာကဝဏ္ဏတိဿမင်းပင်ဖြစ်၏။ဤကာကဝဏ္ဏတိဿမဲင်း၏ ဆွေတော်စဉ် မျိုးတော်ဆက် ရာဇဝင်ဖြစ်သတည်း။

ဝိဟာရဒေဝီမိဖုရား၏ ဆွေစဉ်မျိုးဆက် ရာဇဝင်

ဝိဟာရဒေဝီမိဖုရားကား ကလျာဏတိဿမင်း၏ရှုမငြိုးသော သမီးတော်ဖြစ်၏။ ကလျာဏတိဿမင်း၏ အဆက်အနွယ်ကား ဤသို့တည်း။

ပတ်လည်ဝန်းကျင်မှ ပင်လယ်ရေလှိုင်းမျှားသည် လင်္ကာဒီပခေါ်သော သီဟိုဠ်ကျွန်း၏ တံတိုင်းကြီးမျှား ဖြစ်လေသည်။ တံတိုင်းကြီးမျှားသဖွယ် ရေယဉ်ဝိုင်းထားသော ကျွန်းသီဟိုဠ်၌ ကလျာဏတိဿမည်သောမင်းသည်ကလျာဏီမြို့ကို မင်းနေပြည် သမုတ်၍ မင်းလုပ်စိုးစံလေ၏။

ထိုမင်း၌ ညီတော်တပါးရှိ၏။အမည်မှာ“ခတ္တိယမင်းသား” ဟုထင်ရှား၏။ အစ်ကိုနန်းစံ ညီနန်းရံ ဆိုသော အတိုင်း နောင်တော်ဖြစ်သော ကလျာဏတိဿမင်းက ညီတော် ခတ္တိယမှင်းသားအား အိမ်ရှေမှင်းအရာ နှင်းအပ်ထားလေသည်။

နောင်တော် ကလျာဏတိဿမင်း၏ မိဖုရားသည် ရုပ်ဆင်းလက္ခဏာနှင့် ပြည့်စုံ၏။ဥမ္မာဒန္တီတမျှ၊ပဘာဝတီ၏နွယ်၊အဆင်းကြွယ်လေသော မိဖုရားဟု ထင်ရှား၏။

အိမ်ရှေမင်းသားသည် မကြုံအပ်၊မစည်အပ်သည်ကို ကြုံစည်မှားလေ၏။နောင်တော်၏မိဖုရား၊မိမိ၏မရိုးတော်အား တပ်မက်

ခြင်း ပြင်းစွာဖြစ်၍ အကျမ်းတဝင် ပြုလေသော်....မိဖုရားလည်း မတ်တော်မောင်၊ အိမ်ရှေမင်းသား၏ အလိုပါလေ၏။ ဤသို့ အားဖြင့် မရီးနှင့် မတ်တို့၏ နန်းတွင်းရေး အချစ်ဇာတ်ကား တနေ့တခြား ရှုပ်ထွေးလာလေတော့သည်။

မင်းနားတထောင် ဆိုသောအတိုင်း ထိုသတင်းကို နောင်တော်မင်းတရား၏ ရှေနားတော်သို့ ပေါက်ကြား သွားလေသောအခါ "ဤမျှရိုင်းပြ စော်ကားရာ သလော...." ဟူ၍ဒေါသအမျက် ချောင်းချောင်းထွက်ကာ ညီတော် အိမ်ရှေမှင်းသားအား ဖမ်းစေလေသတည်း။

ထိုအခါ ညီတော် အိမ်ရှေမင်းသားသည် မိမိ၌ အပြစ်ရှိနေသည်မှာလည်းထင်ရှား၊ နောင်တော် ဘုရားအားလည်း အန်တု၊ ခုခံခြင်းမပြုလိုသောကြောင့် နန်းတော်မှ ထွက်ပြေးကာ ကျေးလက်တောရွာတခု၌ မထင်ရှားသော အသွင်ဖြင့်နေထိုင်လေ၏။

နတ္ထိရာဂသမောအဂ်ိ၊ရာဂသမော=ရာဂနှင့်တူသော။အဂ်ိ=မီးမည်သည်။ နတ္ထိ=မရှိ။ အိမ်ရှေမင်းသားသည် ကာလကြာမြင့်သော်လည်း နန်းတော်၌ထားခဲ့ရသော မိမိချစ်မြတ်နိုးသူ မရီးတော်အား တနေ့မှမေ့သည်မရှိဘဲ စွဲလမ်းခြင်း ရာဂမီးကား တည်းညီးတပြောင်ပြောင် အမြဲသာတောက်လောင်နေလေ၏။

တောတွင်းသို့ရောက်နေရသောအိမ်ရှေ့မင်းသားက တလွမ်းဆွေးဆွေး အောက်မေ့တမ်းတနေသည်နှင့်အမျှ ဆောင်ပုံပေါ်က မရီးတော်ကလည်း မတ်တော်မောင် ကိုအိမ်ရှေ့ကို တနေ့မှမေ့သည်ဟူ၍မရှိ၊အမြဲ ရလျက်ပင် ရှိနေ၏။

"မောင်မင်း၊ ဒီစာကိုယူသွား၊ မ့ရီးတော်၏ လက်တော်သို့ ရောက်အောင် ဆက်ဖြစ်အောင်ဆက်"

ဤစကားဖြင့် စေခိုင်းနေသူကား၊ ခတ္တိယ အိမ်ရှေမင်းသား ဖြစ်လေ၍အခိုင်းခံရပုဂိုလ်ကား ရဟန်းဖြစ်လေသည်။ အိမ် ရှေ့ မင်းသားသည် မရီးတော်ထံသို့သဝဏ်လွှာတစောင် ရေးသည်။ ထိုသဝဏ်လွှာကို ၎င်း၏လက်ပါးစေ မင်းချင်း တယောက်အား သက်နှံးဝတ်ပေးလိုက်ပြီး ရဟန်းအသွင်ဖြင့် နန်းတွင်းသို့ အဝင် ခိုင်းခြင်းဖြစ်၏။

ကလျာဏီဆရာတော်သည် ကလျာဏတိုင်းမင်းနှင့်ညီတော် ခတ္တိယမင်းသားတို့၏ ကန့်ကွက်လှည့် ငယ်ဆရာဖြစ်၏။ မင်းသားနှစ်ပါးစလုံးကပင် ထိုဆရာတော်အား ရိုသေလေးစားစွာ ကိုးကွယ်လာကြသည်။ ဆည်းကပ်လာကြသည်။နန်းတော်သို့ပင့်၍နေ့စဉ်မပြတ်ဆွမ်းကပ်လှူကြသည်။နန်းတွင်းသို့ဝင်ထွက်ရေး၌ အခြားသူမျှားအား ကြပ်ကြပ်မတ်မတ် စစ်စစ်ဆေးဆေးပြုပြီးမှ ဝင်သင့်သူမျှားအား ဝင်ခွင့်ပေးခြင်းပြုသော်လည်း ကလျာဏီဆရာတော်ဘုရားမှာမူကား၊အစစ်အဆေးမပြု။တံခါးမရှိခြားမရှိပင်ဖြစ်သည်။

အိမ်ရှေမင်းက မိဖုရားထံ တမန်တော် စေလွှတ်လိုက်သော သက်နှံးဝတ် ရဟန်းတုမင်းချင်းယောကျ်ားသည် စဉ်းစား၏။ အကြံထုတ်၏။ ‘ငါနန်းတွင်းရောက်အောင် မည်သို့ဝင်ရပါမည်လဲ”ဤသို့ကြံတွေးသောအခါ၊ ကလျာဏီဆရာတော်၏မျက်နှာကို ပြေးမြင်လာလေသည်။ အလွန်လည်းဝမ်းသာ ရွှင်ပျလာ၏။“ငါဆရာတော်ဘုရားနဲ့ကပ်ပြီး နန်းတွင်းဝင်မယ်”ဤသို့ဆုံးဖြတ်ပြီးနောက် တနေ့သောအခါတွင် ထိုတမန်တော် ရဟန်းတုသည် ဆရာတော်ကြွလာမည့်လမ်းမှ စောင့်နေ၏။

ကလျာဏီဆရာတော်ဘုရားလည်း နောက်ပါ သံဃာတော်များခြံရုံလျက်အချိန်မှန်ပင်နန်းတော်သို့ဆွမ်းစား ကြွလာတော်မူလျှင် ထိုရဟန်းတုသည် လမ်းမှဖြတ်၍ သံဃာတော်များကြားသို့ ဝင်ကပ်လိုက်ပြီး၊ ဆရာတော်နှင့်အတူတကွ၊နန်းတွင်းဝင်လေ၏။ ကလျာဏီဆရာတော်ဘုရားက ထိုရဟန်းတုအားမြင်လျှင် သူတပည့်မဟုတ်ကြောင်းသိသော်လည်း မင်းကျွမ်းဝင်ရဟန်းဖြစ်တန်ရာသည်။ ဆွမ်းစားရန်မင်းကပင့်ထားသောသူ ဖြစ်တန်လေရာသည့်,ဟူ၍ထင်မှတ်ကာ၊ထိုရဟန်းတုအား မည်သို့မျှမေးမြန်းခြင်းမပြု။မင်းကလည်း ထိုရဟန်းအား ဆရာတော်၏ တပည့်ထင်၍ မည်သို့မျှ မမေးလေ။

ဤသို့မေးမြန်းခြင်းမပြုမိခြင်းအတွက်အကြောင့် ဝင်လာသော တမန်တော်အဖို့ အကြံ အောင်မြင်ရန်ဖန်တီးပေးရာကျသည်နှင့် အမျှ ဤကိစ္စနှင့် ပတ်သက်၍ မရှုမလှ ကျရောက် လာသော အန္တရာယ်သည်ကား ဆရာတော်ဘုရားအပေါ်ကျရောက်လေသတည်း။

ဆွမ်းကပ်ကြပြီး သံဃာတော်များ ဆွမ်းဘဉ်းပေးနေတော်မူကြပြီး မင်းမိဖုရားနှင့် နန်းတွင်းသူနန်းတွင်းသားများကြည်ညို သဒ္ဓါပွားများကာဖြင့် ဖူးမြော်နေကြသည်။

ထိုအခါ မိဖုရား၏ မျက်လုံးများသည် ဆွမ်းစားနေသော ရဟန်းတော်များအနက် တနေရာသို့ကွက်၍ စူးစိုက်စွာကြည့်နေသည်။ ဆွမ်းစားရဟန်းတပါးကလည်း မိဖုရားအား အရိပ်အခြေပြသောမျက်လုံးဖြင့် ဘဉ်းပေးရင်း မသိမသာ ကြည့်သည်။ ထို ရဟန်းကား အိမ်ရှေမင်း၏ကျွန်ယုံတော်ဖြစ်သတည်း၊

ဆွမ်းစားပြီးနောက်၊ ဆွမ်းတရားနာ၊ ရေစက်ချ၊ အမျှဝေပြီးလျှင် ပြန်ကြွရန် ကလျာဏီဆရာတော်က ထိုင်ရာက ထလိုက်သည်။ ထိုရဟန်းလည်း ဆရာတော်၏အနီးမှ ထရပ်လိုက်သည်။ မင်းမိဖုရားတို့လည်း ရပ်လျက် လက်အုပ်ချီမိုး ရှိခိုးလျက် အရှိအသေပြုနေသည်။ ရဟန်းတုန့်မိဖုရားအပြန်ပြန်အလှန်လှန် မသိမသာကြည့်ကြသည်။ ရဟန်းတုသည် မိဖုရားပေးရန်စာကိုအဆင်သင့်ပြင်ထားသည်။ စာပါလာကြောင်း မိဖုရားကလည်းရိပ်မိ၍ ကွန်ဒြေပျက်မတတ်ဖြစ်နေသည်။

မင်းမိဖုရားနှစ်ပါးသည် ယှဉ်၍ရပ်လျက်ရှိခိုး၍ ဖူးမြော်နေစဉ် ဆရာတော်ဘုရားကြွသွားလျှင် မိဖုရားသည် ထိုရဟန်း၏အမူအရာကို အာရုံစိုက်နေသည်။ ထိုရဟန်းက ဆရာတော်၏နောက်မှ ကပ်လိုက်သွားရသောကြောင့် စာပေးဘို့မချောင်ဖြစ်နေသည်။

ဆရာတော်၏ဘေးမှ မင်းမိဖုရားနှစ်ပါးကရှိခိုးလျက်လိုက်သွားရာ နန်းတော်ပေါ်မှ ဆင်းကာနီးတွင်ဘုရင်မှင်းမြတ်၏ခြေပေါ်သို့ ဒေါက်ခနဲပေဖူးလွှာတခုကျလာ၍ ပေဖူးလွှာကိုဂင်း၊ ပေဖူးလွှာကျလာနှိုင်သူကိုဂင်း၊ ဘုရင်ကကြည့်လိုက်ရာဆရာတော်နှင့်အနီးကပ်ဆုံးဖြစ်နေသည်ကို တွေ့ရလေ၏။

ထိုစာကို မပေးဖြစ်ဘဲနေမည်စိုး၍ ဆင်းကာနီးတွင် မိဖုရားကြီးရှေ့သို့ရဟန်းက ပစ်ချလိုက်ခြင်း ဖြစ်သော်လည်း မှန်းဆမရောက်ဘဲ မင်းတရား၏ခြေထောက်ပေါ်သို့ ဒေါက်ကနဲသွား၍ ကျလေရကား၊ မိဖုရားမှာလည်း စာကိုမကောက်ရဲတော့ဘဲဖြစ်နေသည်။

ကလျာဏတိဿမင်းသည်စာကိုဆောလျင်စွာ ဖတ်ကြည့်ပြီး မျက်နှာတခုံလုံး ဟင်းသပဒါးတုံးကြီးပမာ ရဲရဲနီလာလေသည်။ စာတည်း၌အချစ်အတွင်းရေးနှင့်ပတ်သက်၍ညီတော်အိမ်ရှေမင်းသားက ပျစ်ပျစ်နှစ်နှစ်ကြီးရေးထားသည်များက မင်းကြီးအားလန့်အောင် လှန့်လိုက်သလိုဖြစ်နေပေသည်။

"ဟယ်... မင်းချင်းတို့၊ ဤဆရာတော်ကို အခုဖမ်းဆီးကြလေကုန်။ ငါ့မိဖုရားနှင့်ခတ္တိယစပ်ကြား၌ အောင် သွယ် တမန်ပေးခြင်းအမှုကို ရဟန်းတန်မဲ့ပြုလုပ်ပချေသည်။ ငါကျွေးထားသောဆွမ်းကိုမျှမထောက်ထား၊ ပြုရက်အားသောဆရာတော်ကိုဖမ်းဆီးပြီး ဆီအိုးကင်း၌ ထည့်၍ ငါးကြော် သလို ကြော်၍ သတ်ကြစေ"

ကလျာဏတိဿမင်းကားအမြဲဆည်းကပ်ကိုးကွယ်လာခဲ့သောမိမိ၏ ကန့်ကူလက်လှည့် ငယ်ဆရာတော် အပေါ်၌ "အောင်သွယ်လုပ်သည်" ဟု အထင်လွဲမှားကာ ဖမ်းဆီး၍ ဆီအိုးကင်း၌ အကြော်ခိုင်းလေသည်။ မိဖုရားကား .. ဝင်၍ ပြောလေက မိမိအပေါ်၌ပင် အပြစ်ကျရောက်လာမည့် ဘေးကိုမြင်၍ မသိဟန့်ပြုနေလေ၏။

မင်းတိုင်ပင်ခံ အကြံပေး မှူးမတ်များမှာ ပြင်းထန်လှသော မင်း၏တချက်လွှတ်အမိန့်တော်အောက်၌ပစပ်ပေါက်အဟောင်းသားနှင့် ဖြစ်ကုန်လေ၏။သို့ရာတွင် တာဝန်မလစ်ဟင်းကြကုန်။ မင်းအားမှားနေလျှင် မှန်ရာရောက်အောင် ပြုပြင်ပေးရမည်ကို သူတို့နားလည်ကြသည်။နားလည်သည့်အလျောက်လည်း"သတ်လိုကသတ်စေ" ဟူ၍ အသက်ကိုစွန့်ကာ အောက်ပါအတိုင်းဝိုင်းဝန်းသံတော်ဦး တင်ကြလေသည်။

(၁) အရှေ့ အနောက်၊ တောင်မြောက် ထုတ်ချင်း၊ အကြွးမရှိ၊အရပ်မျက်နှာ ထက်ဝန်းကျင်၌နေကုန်သော သူခပ်သိမ်းတို့၏ သခင်ဖြစ်တော် မူပါသော အရှင်မင်းကြီး။

တရားမင်းအဖြစ်ကိုခံယူ၍ နိုင်ငံကိုအုပ်စိုးသော ဘုရင်သည် အမှုတခု ဖြစ်ပေါ်လာသော အခါ ဥာဏ်ဖြင့် စူးစမ်းဆင်ခြင်၍ အပြစ်ကိုသေခြာစွာ မြင်တွေ့လေမှ အပြစ်အလျောက် ပြုမူရာပါသည်။ မစူးစမ်း မဆင်ခြင်ဘဲ မပြုထိုက်ရာပါဘုရား။အရာရာ၌ စူးစမ်းဆင်ခြင်၍ ပြုလေ့ရှိသော မင်းအား "တရားသခင်" ဟူ၍ ခိုဝင်ခစား၊ ကြည်ညိုသူပွားပြီး တနေ့တခြား အခြွေအရံ များပါသည်။ သူတော်ကောင်းတို့၏ ကောင်းချီးပေးခြင်းကိုလည်း ခံရပါသည်ဘုရား။

(၂) "ရေမြေသခင်၊ အရှင်မင်းကြီး။ အကြင်မင်းသည် အဖြစ်မှန်၊မမှန်ကို မစူးစမ်းလေဘဲ၊ နှိပ်ကွက်ဆုံးမခြင်း၊ အပြစ်ဒဏ် ခတ်ခြင်းကို ပြုလေ၏။ ထိုမင်းကား မဇျရာဇာမင်း ပျက်စီးရသကဲ့သို့ တိုင်းပြည်နှင့်တကွ ပျက်စီးမည်သာ ဖြစ်ပါသည်။

(၃) "အရှင်မင်းကြီး....ပြည်သူခပ်သိမ်းတို့ကား မီးဘေးရေဘေး၊ လေဘေး၊ ငလျင်ဘေး၊ ခိုးသားဓမြ၊ သူပုန်ဘေးစသော ကြောက်မက်စဖွယ်၊ အန္တရာယ်များနှင့် ကြုံလာသော အခါ၊ မင်းကိုသာ တကြရပါ၏။ ကြည်သာရှင်ပြုံး၊ နှလုံးပျော်မွေ့၊

ချမ်းမြေ့စရာများနှင့် ကြုံတွေ့သောအခါ၌လည်း မင်းကိုသာ သတိရကြပါသည်။

အဝတ်ဆင်းရဲ၊အစားဆင်းရဲ၊ အနေအထိုင်ဆင်းရဲ၊ ဆင်းရဲဒုက္ခရောက်ကြရသော အခါ၌လည်း မင်းကို သာတောင့်တကြရပါ၏။ မရသေးသော ချမ်းသာ ကို ရလိမ့်နိုးနိုး မျှော်ကိုးသော အခါများ၌လည်း မင်းကိုသာသတိရကြပါ၏။ ဤသို့မင်းကို တ,ကြရ သည်မှာ ဆင်းရဲချမ်းသာ အရာခပ်သိမ်းတို့၌ ရာဇာ ပဌာနဖြစ်သောကြောင့်ပါဘုရား"

(၄) ရေမြေ့သနင်း ပြည့်ရှင်မင်းကြီး၊ ထိုသည့် တောင့် တမှုမျိုးမှတပါး အခြား တောင့်တရမှုကို လျှောက် ထားပါဦးအံ့။ နားတော်မူပါလော့။ ပြည်သူ ခပ် သိမ်းတို့ကား၊နားမခံသာအောင် ဆဲရေး တိုင်းထွာ သံများကြားရသောအခါ၊ ကိုယ်ထိ လက်ရောက် ကျူးလွန်ရိုက်ပုတ်ခြင်းများကို တွေ့မြင်ရလေသော အခါ။ ဤကဲ့သို့ကြမ်းတမ်း ခက်သရော်သောအမှု များနှင့်ကြုံလာသော အခါ၌ မင်းကိုသာ ပြေး၍ အောက်မေ့ကြရပါ၏။

ထို့အပြင်အုပ်ချုပ်မည့်သူမရှိ၊ မင်းမဲ့စိုးမဲ့ကိုးကွယ် ရာမဲ့ဖြစ်နေသောအခါ၌ဖြစ်စေ၊သေသောက် ကျူး သူတို့ အရက်မူးပြီး ရမ်းကားနေသော အခါ၌ဖြစ် စေ၊ ဝမ်းရောဂါကျောက်ရောဂါများ ကပ်ရောက် သောအခါ၌ဖြစ်စေ၊ သူခိုးသူဝှက်ပူ၍ မအိပ်ရဲကြဘဲ ဒုတ်ဓားလက်နက်စွဲကိုင်၍နေကြရသောအခါ၌ ဖြစ်

ဇေ။အလေးမမှန်၊ကောင်းမမှန်းတရားစီရင်မှု မမှန်၊ လုပ်တိုင်းခံနေရသော အခါမျိုး၌ ဖြစ်စေ၊ အလုပ် လုပ်ရာတွင် ပျင်းရိသူ၊ ခိုကပ်သူ များလာသောအ ခါ၌ဖြစ်စေ၊ ကြောက်မက်ဖွယ် ကောင်းလောက် အောင် ဗျာသနတရားများနှင့် ရင်ဆိုင်ရသောအခါ ၌ဖြစ်စေ၊ရာဇာပဌာနဖြစ်သောကြောင့် မင်းကိုသာ အားကိုး၍တ,ကြရပါ၏။

(၅) အရှင်မင်းကြီး၊ အကြင်သူသည် မီးကဲ့သို့ ပူစွာ တိုင်းပြည်အပေါ်၌ ကျင့်လေအံ့၊ မြေကဲ့သို့ အဆိပ် ပြင်းစွာကျင့်လေအံ့၊ ဘီလူးကဲ့သို့ ထိတ်တန့်တုန်လှုပ် အောင်ကျင့်လေအံ့၊ ထိုသို့ကျင့်လေသူအား ထော ပတ်ပေါ်၌ပွက်သော အပေါက် အစက်၊ အပွက်ပျ ဖောင်းသည် ခန်းခြောက်လျောကျဘိသကဲ့သို့ဥစွာ စည်းစိမ်၊ဂုဏ်သိမ်ကျက်သရေမှစ၍ ခြေရုံ သင်းပင်း ဆုတ်ယုတ်လျော့ပါးခြင်းဖြစ်ရတတ်ပါသည်ဘုရား။

(၆) အရှင်မင်းကြီး၊နာတော်မူလော့။ မင်းကျင့်တရား ဆယ်ပါးနှင့်အညီကျင့်ခြင်းသည် မိမိကိုယ်ကို စောင့် ရှောက်မည်ပါသတည်း။သတ္တဝါခပ်သိမ်းတို့ကိုအန္တ ရာယ်မဖြစ်အောင် ကဲကွယ်ခြင်းသည် မိမိကိုယ်ကို စောင့်ရှောက်သည်ပင် မည်ပါ၏။ အသက်ကြီးသူ ပညာရင့်သူတို့ကို မှီဝဲဆည်းကပ်ခြင်းသည်လည်း မိမိ ကိုယ်ကို စောင့်ရှောက်သည်ပင် မည်ပါသတည်း။ တရားဓမ္မသတ် ဖြတ်ထုံးအရပ်ရပ်ကို တတ်သိ ကျွမ်း

ကျင်ခြင်းသည်လည်းမိမိကိုယ်ကိုစောင့်ရှောက်သည်
ပင်မည်ပါသတည်းဘုရား။

(၇) "နားတော်မူဦးလော့ အရှင်မင်းကြီး။ရာဇဓံတရား
ဆယ်ပါးနှင့်အညီ တိုင်းပြည်ကိုစိုးမိုး၍စောင့်ရှောက်
ခြင်း၊အမှုတော်ကို ကြိုးနွံစွာ ထမ်းရွက်သူ၊ အတွင်း
လူရုံတို့အပေါ်၌ အမှားအယွင်း မရှိအောင်ပြုခြင်း၊
ရဟန်း သံဃာတော်များ အပေါ်၌ ကောင်းစွာ
သည်းခံခြင်း ဤသည်တို့ကား တရားမင်းတို့၏ တင့်
တယ်ခြင်း မည်ပါကုန်သည်ဘုရား"

(၈) "အရှင်မင်ကြီး၊ အကြင်သူသည် အမျိုးမျိုးသော
ဗျသန၊ ပျက်စီးဆုံးရှုံးမှု အဝဝ တို့ကြောင့် မိမိထံ
သို့ ကိုးကွဲယ် မှိခိုလာသော ဆင်း ရဲ နွမ်းပါးသူကို
မိမိနှင့်သွေးသား မတော်စပ်သော သူစိမ်းပြင်ပြင်
ပင် ဖြစ်စေကာမူ တတ်နိုင်သလောက်ချီးမြှောက်၏။
အထောက်အကူပြု၏။ ထိုသို့ချီးမြှောက်သူကား မြေ
ကြီးအလား၊ အလွန်ကြီးမားစွာသော အရှင်သခင်
မည်ပါသည်ဘုရား"

(၉) ဘုန်းတော်ကြီးလှသော အရှင်မင်းတရားကြီး။
သတ္တဝါတို့ကို စောင့်ရှောက်ပေ တတ် သည်ကား၊
တရားသာပါဘုရား။ တရားသည် သတ္တဝါတို့အား
အမှားကိုဖျောက်၍ အမှန်သို့ရောက်အောင် စောင့်
ရှောက်ပို့ဆောင်ပေးတတ်ပါသည်ဘုရား။ ပြည်ကြီး
ဥသျှောင်၊ မင်းခေါင်မင်းဖျား၊ မင်းတရားကြီးများ
သည် တရားနှင့်မဆန့်ကျင်အောင် ကျင့်လျက်၊ မိမိ

အသက်ကို မွေးမြူခြင်းဖြင့်၎င်း၊ဆင်းရဲနွမ်းပါးသူတို့အား ဥစ္စာကိုပေးကမ်းခြင်းဖြင့်၎င်း၊ နတ်ရွာ သုဂတိသို့ လားရောက်ကြပါကုန်သည်ဘုရား။။

(၁၀) မြတ်သောမင်းကြီး၊ အဆိပ်အတောက်ပြင်းလှစွာသောရာဂတည်းဟူသော မြွေဟောက်၊ မျက်မာန်ကြမ်းကြုတ်လှစွာသော ဒေါသတည်းယူသော မြွေပွေးကြီးများအား အရပ်ဘပါးဌိမနေကြ၊ လူတို့၏ နှလုံးသားတည်းဟူသော တွင်းခေါင်းဌိသာ လာရောက်ခိုအောင်းနေတတ်ကြပါသည်။။ ထိုသည် မြွေဆိုးကြီးများကို သည်းခံခြင်း တည်းဟူသော မြွေမန္တာန်ဖြင့် အမြန်တားတော်မူပါဘုရား၊မပေါက်မီခင်၊ ဒေါသ မြွေဟောက်ကြီးကို အမြန်ပြန်၍ ရုပ်သိမ်းတော်မူပါဘုရား။။

ဤသို့ကျိုးကြောင်းခင်းချ၍မင်းအားအမတ်တို့က လျှောက်ကြသော်လည်း မယားစုံတ်မှန်နေသော ထိုမင်းကား ဒေါသပါးပျဉ်းကို ဟန့်တားခြင်းငှာ မတတ်နိုင်ဘဲရှိလေ၏။။ ထို့ကြောင့် ချမှတ်လိုက်ပြီးသော 'သတ်ဓစ' ဟူသောအမိန့်သည်မပျက်ဘဲတည်နေသဖြင့် အာဏာသား၊ပါးကွက်များသည် အမိန့်တော်အတိုင်းဆောင်ရွက်ကြရကား၊ ကလျာဏီ ဆရာတော်ကို ဆီအိုးကင်းဌိကြော်၍သတ်ရန်အတွက် ဆီအိုးကိုမီးထိုးသူကထို၊ ဆရာတော်အား လက်ခြေမလှုပ်နိုင်အောင် တုပ်သူကတုပ်နှင့် ရှိကြလေ၏။။

ရဟန်းယောင်ဆောင်၍နန်းတွင်း လိုက်လာသော သက်နန်းတော်အားလည်း ထိုနည်းဌင်း ဖမ်းဆီး၍ တုပ်နှောင်ကာ ခေါ်ဆောင်လာကြသည်။။

ဆီများသည် မီးပြင်း ထိုးထားသော ဆီအိုးကင်းကြီး ထဲ၌ ကျိုက်ကျိုက် ဆူပွက်နေ၏၊ အာဏာသား ပါးကွက်များသည် မင်းမိန့်အတိုင်း ကျိုက်ကျိုက် ဆူပွက်နေသော ထိုဆီအိုးထဲသို့ ရှေးဦးစွာ ကလျာဏီဆရာတော်ကို ပစ်ချလိုက်ကြ၏။ နောက် ရဟန်းတု သင်္ကန်းဝတ်အား ပစ်ချလိုက်ကြ၏။ ဤသို့သော ရက်စက်မှုကြောင့် ကလျာဏီ ဆရာတော်မှာ ပွက်ပွက် ဆူသော ဆီအိုးတွင်း၌ ဘဲကြက်ကောင်လုံးကြော် အလား ကွေးလျက်သား မရှုမလှ ခန္ဓာစဲရရှာလေသတည်း။

ဤသို့ရက်စက်စွာ သတ်ပြီးနောက် ဆရာတော်၏ အလောင်းကို သမုဒ္ဒရာထဲ ပစ်ချလိုက်သည့် နောက်ပိုင်း၌ သီဟိုဠ်သမိုင်းသည် တမျိုးတဖုံ ပြောင်းလဲသွားလေသည်။ ပင်လယ်လှိုင်းလုံးကြီးများသည် ရှစ်ခေါဘဏီတပ်ကြီး ချီတက်လာသည့်အလား သီဟိုဠ်ကျွန်းဆီသို့ ဦးတည်လျက် အတင်းဒလကြမ်း ပြေးလာကြလေကုန်၏။

အိမ်လုံး၊တောင်လုံးခန့် လှိုင်းလုံးကြီးများသည် တဝုံးဝုံးမြည်ဟီးလျက် တပ်ဦးမှချီတက်လာကြပြီး သီဟိုဠ်ကျွန်းမြေကို ရေစာကျွေးလိုက်ကြကုန်၏။ ကျွန်းပေါ်အထိ ပင်လယ်ရေ လွှမ်းကာ ဗရမ်းဗတာ ဖျက်ဆီး ပစ်လေသောကြောင့် စိုက်ပျိုးထားအပ်သည့် ကောက်ပဲသီးနှံ၊ လယ်ယာချောင်းမြောင်းတို့သည် မြင်မှကောင်းကောင် ပျက်စီးကုန်လေ၏။ငါးရာလေးရွာအရေအတွက် ရှိရာ ရွာတို့သည်လည်း ပင်လယ်ရေစောင်းကြောင့် ထောင်းလမောင်းကြေ ပျက်စီးကုန်လေ၏။

မကောင်းသောမင်းဘပါးကို အကြောင်းပြု၍ သီဟိုဠ်ကျွန်းအလုံးကို ပင်လယ်ဖြင့်ဖုံး၍ နှစ်သက်နေသကဲ့သို့ဖြစ်လေ၏။ သစ်

ပင်ကိုမဆိုထားဘိ တောင်များကိုပင် လှိုင်းလုံးဖြင့် ရိုက်၍ရိုက်၍ ဖြိုနေပေသည်။

ထီးနန်းစိုက်ရာ ကလျာဏီမြို့တော်ကား အတန်ငယ်ကုန်းကျသောကြောင့် ပင်လယ်ရေသည် မင်းနေပြည်သို့ မရောက်လာသေးသော်လည်း မကြုံစဘူး အထူးပင် အတက်ကြမ်းလှသောကြောင့် နန်းတော်ကိုပါ ပင်လယ်ထဲ နှစ်ပစ်လိမ့်မည်မှာ သေချာသလောက်ဖြစ်သောကြောင့် မြို့သူမြို့သားတို့မှာ ထိမ်းမနိုင်၊သိမ်းမရဖြစ်ကုန်လေ၏။

"အရှင်မှင်းကြီး၊မကြုံစဘူး ထူးကဲစွာ တက်လာသော ဒီရေများသည် နေပြည်တော်နှင့် ကပ်နေပါပြီ။ မြို့တော်နှင့် တဂါဂုတ်မျှလောက်အထိ ရောက်ရှိနေပါပြီ ဘုရား"

အမတ်များက ဤသို့ လျှောက်လေသော်....ကလျာဏီတိသမင်းသည် များစွာရှုံကြောက်သွားလေသည်။

"ကျွန်တော်များအထင်ကို လျှောက်တင်ရမည် ဆိုပါလျှင် ကလျာဏီဆရာတော်ဘုရားအား သတ်၍ သမုဒ္ဒရာ၌ ပစ်ချသည်ကို နတ်များစိတ်ဆိုး၍ လှိုင်းတပိုးပွက်ကာ ဒီရေများ ထူးကဲစွာ တက်စေလျက် ဤလက်ဝဲဒီပကို ပျက်အောင်ဖျက်ဆီးနေသည်ဟု ထင်ပါသည်ဘုရား"

ဤသို့ထပ်တူန်၍ အကွန့်ညွှန့်များနှင့်တကွ ထင်မြင်ချက်များကို ဆက်၍ လျှောက်လိုက်ကြပြန်သောအခါ ဆောက်တည်ရာ မရအောင် မျက်လုံး မျက်ဆံပြူး လာလေ၏။

"ယင်းသို့ဖြစ်ကပြီးကား အသို့ပြုရသော် ကောင်းမည်နည်း၊ ငါ့အား အကြံပေးကြကုန်ဦးလော့...."

"အရှင်မင်းကြီး၊ဤသို့ဖြစ်ခြင်းကား အကယ်ကေန် ကလျာဏီ ဆရာတော်ကို အကြောင်းပြု၍ပင်လယ်နတ်များ စိတ်ဆိုးရိုးမှန်ချေသော်....သာမန်မျှသော ကိုးကွယ်ပသမှု၊ တင်မြောက်ပူဇော်မှုများကို ပြုခြင်းဖြင့် ကျေနပ်နှစ်သိမ့်မည် မထင်ကြောင်းပါ။အရှင်မင်းကြီးကိုယ်တော်တိုင်ကိုသော်၎င်း၊သို့မဟုတ် မိဖုရားကြီးကိုသော်၎င်း၊သို့မဟုတ် အသက်နှင့်ထပ်တူ ချစ်မြတ်နိုးတော်မူသော သမီးတော်ကိုသော်၎င်း ရေစာကျွေး၍ ပူဇော်ပသခြင်းပြုလေမူသာ ဤရေဘေးဒုက္ခမှ လွတ်ငြိမ်းချမ်းသာခွင့် ရလိမ့်မည် ထင်ကြောင်းပါဘုရား"

အမတ်တို့ လျှောက်တင်လိုက်သော စကားကို "ယုတ္တိမတန်လေ"ဟု ငြင်းဆန်ခြင်း မပြုနိုင်ချေ။ ဆရာတော် အလောင်းကို သမုဒ္ဒရာ၌ ချလိုက်သည်နှင့် တပြိုင်နက် လှိုင်းဂရက်ကြီးများအော်၍ ထလာကုန်တော့ကြောင်း၊ အာဏာသားတို့၏ အစစ်ခံချက်များရှိနေသောကြောင့် ကလျာဏီသမင်းသည် ရေစာကျွေးရန် အတွက် မိမို၊မိဖုရား၊သမီးတော်ဤသုံးဦးကိုမရွေးချယ်ဘဲနေ၍မဖြစ်တော့ချေ။

ထိုအခါ ကလျာဏီသမင်းသည် "အတ္တာသမံ၊ ပေမံနတ္ထိ" ဆိုသောအတိုင်း မိမိကိုယ်ကို ချန်ထားလိုက်ပြီး၊ သမီးတော်နှင့် ဇနီးမော်မိဖုရားကို ချိန်ခွင်တွင်တင်စက်ကာ ဘယ်သူဘက် လျှောထွက် မထွက် ချိန်စက်၍ ကြည့်နေသည်။ထိုအခါမိဖုရားမျက်နှာ စန္ဒာလဝန်းကြီးသည် သူ့ရှေ့၌ချစ်စဖွယ်ထွန်းပ၍ထင်လာသည်။ သမီးတော်၏ ရှုမငြိုးသော ဒေါသင်သည်လည်း မိမရားမျက်နှာပေါ်၌ ထပ်၍,ထပ်၍ ထင်လာသည်။

ကလျာဏတိသမင်းသည် "ဟင်းကန့်" သက်ပြင်းကြီးချလိုက်၏ သမီးနှင့် ဇနီးကို အရှေးရခက်နေသည်။ မိဖုရားကိုခဲ့ခဲ့သလောက် သမီးတော်ကိုလည်း လွန်စွာမြတ်နိုးတော်မူသည်။ ပင်လယ်လှိုင်း များကလည်း သံပြာဆိုးကြီးနှင့် တကျော်ကျော်အော်၍ ခေါ် နေသည်ဟု ထင်လေသည်။

နောက်ဆုံး၌ ကလျာဏတိသမင်းသည် ကာမဘက်အလေး ကဲ၍ မိဖုရားအား ဘေးဖယ်ပြီး၊ သမီးတော်ကို ရေစာကျွေးရန် ပေါက်မဲ့အဖြစ် ရွေးလိုက်လေသတည်း။

"ဤသတို့သမီးကား လင်္ကာဒီပ၊ကလျာဏတိသမင်း၏သမီး တော်ဖြစ်သတည်း"

ဤသို့ ကုမ္ဘည်း အကွဲရာများရေး၍ ၁၂-နှစ်မျှသာ ရှိသေး သော အလှမျက်ရှု ထုတ်ထုတ်နှံ့ သမီးတော်ကလေးကို ရေစာ ကျွေးရန်အလို့ငှါ အိုးစရည်းကြီးတလုံး၌ ထည့်လိုက်၏။ နတ် သမီးတမျှလှုပအောင်တန်ဆာများ ဆင်ယင်ပေးလိုက်၏။အစား အစာ မသိုးထမင်း၊မသိုးဟင်းများကိုလည်းအပြည့်အစုံထည့်ပေး လိုက်၏။

ပင်လယ်လှိုင်းလုံးကြီးများသည် ပြုံးယောင်မှုလာတော့သလို ရေတွင်ချ၍မျောလိုက်သော သတို့သမီးပါသည့် အိုးစရည်းကြီး ကို ယူဆောင်သွားလေ၏။ ယုံကြည်ဘွယ် ဖြစ်လာသည်ကား ထိုသမီးတော်ကို ပင်လယ်ကြော မျောလိုက်သည့် အချိန်မှစ၍ ဒီရေများသည် ရှေသို့မတိုးလေတော့ဘဲ တဖြည်းဖြည်းနောက်သို့ ပြန်၍ ဆုတ်ဆုတ်သွားလေသတည်း။

"ဟော့....ကြည့်စမ်း၊လှိုင်းလုံးကြီးတွေကြားမှာ ဘာကြီးမှန်း မသိဘူး" ပင်လယ်ဆိပ်ကမ်း၌ တာဝန်ထမ်းဆောင် နေသော

မင်းမှူထမ်းများသည် ပင်လယ်လှိုင်းကြီးများကိုကြည့်ကာ ပြော နေကြသည်။နေရာကား ရောဟနတိုင်း ကောဋ္ဌာလက သဘော်ဆိပ်ဖြစ်၏။ ပင်လယ်ကြောအတိုင်း မျောရပါလာသော အရာကား အိုးစရည်ကြီး ဖြစ်ချေ၏။

"လက်နဲ့ မထိ ကြနဲ့ဟော့....အလွန်ထူးဆန်း အိုးကြီးဖြစ်တဲ့ အတွက် ဘုရားထိုး၊ ဘုရားထဲ အမြန်သွားပြီး သံတော်ဦးတင်မှ ဖြစ်မယ်"

ကမ်းစပ်တွင်ကပ်လာသောအိုးကိုကြည့်၍ဆိပ်ကမ်းမှူးက ဤသို့ ဟန့်တား လိုက်ပြီးနောက် ကာကဝဏ္ဏတိဿမင်းတရားထံ သွား ရောက် သံတော်ဦးတင်လေရာ၊ ဘုရင်မင်းတရားလည်း အလွယ်ဖား ဖားယားပင် ကောဋ္ဌာလက ဆိပ်ကမ်းသို့ ကြွရောက်တော်မူပြီး ရေအိုးကြီးကို ကြည့်လေရာ၊ အလွန်လှပသော သမီးကညာကို ဝတ်၍ အုံသြခြင်းဖြစ်ကာ ပါလာသော ကမ္ဗည်းအက္ခရာများကို ဖတ်ရှုတော်မပြီး သည်ဟာ ကလျာဏတိဿမင်း၏ သမီးတော် ဆိုပါကလား မောင်မင်းများဟူ၍ မိန့်တော်မူသတည်း။

ကာကဝဏ္ဏတိဿမင်းသည် ထိုမင်းသမီးလေးအား သိမ်းပိုက် တော်မူပြီးလျှင် "ဝိဟာရဒေဝီ" ဟူသောအမည်ဖြင့်မိဖုရားမြှောက် ကာ အဘိသိက်ခံလေ၏။ဤကား ဝိဟာရဒေဝီ၏ ဆွတော်စဉ် မျိုးတော်အဆက်ကို ဖော်ပြခြင်းတည်း။

ကာကဝဏ္ဏတိဿမင်းနှင့် ဝိဟာရဒေဝီတို့မှ သားတော်နှစ် ပါးထွန်းကားသည်။ ဂါမဏိမင်းသားနှင့် တိဿကုမာရမင်းတို့ ဖြစ်၏။ နောင်သောအခါ ဂါမဏိမင်းသားကား "ဒုဋ္ဌဂါမဏိ မင်း"ဟူ၍ ထင်ရှားသတည်း။ တိဿမင်းသားကား.... "သဒ္ဓါ

တိဿမင်း" ဟူ၍ ထင်လင်းသတည်း။ ဤဝတ္ထု၏ နိဂုံးကိုအောက်ပါ အနုံသာသနီ ဂါထာဖြင့် ကျမ်းပြုဆရာက အဆုံးသတ်ခဲ့သည်ကား....

"သူတော်ကောင်းတို့ ကျင့်စဉ်တရား ထင်ရှားသော ဤထူးခြားသည့် ဖြစ်ရပ်များကို ကြားနာ၍ ချမ်းသာကို ရှာမှီးသူ၊ သူတော်ကောင်း ပညာရှိသည့် ငရဲလားကြောင်း၊ မကောင်းသော ဒုစရိုက်မှုများကို မပြုမှားမိအောင်ရှောင်ရှားကာ နတ်ရွာနိဗ္ဗာန်ချမ်းသာကို ပေးတပ်သော ကုသိုလ်ကောင်းမှုကို အမြဲဆည်းပူးရာ၏"

(၂၃)

မဟာနေလ

ကပ္ပန္တရအမည်ရှိသော မြစ်တခု သီဟိုဠ်ကျွန်း ရောဟနနယ်၌ ရှိ၏။ထိုမြစ်မှ ရေအယဉ်များသည် 'ဥတ္တရဝိဟာရ' ကျောင်းတိုက်ကို ဦးခိုက်၍ တသွင်သွင်စီးနေပေသည်။

ထိုကျောင်းတိုက်ကို မှီခိုကပ်ရပ်၍ ဆွမ်းကျန်ဟင်းကျန်များကို စားသောက်နေထိုင်သော လူပျင်းတယောက်ရှိ၏။သ့ူအမည်ကား ဂုရုဒေဝခေါ်သတည်း။

ထိုမောင်မောင်ပျင်း ဂုရုဒေဝအဖို့ မနက်စာသည် ဘုန်းကြီးကျောင်းနှင့် ပြီးလေ၏။ ထမင်းကျန်ဟင်းကျန်များကို ဗိုက်ကားအောင် စားပြီးလျှင် ကျောင်းကြိုကျောင်းကြားဝင်၍ ခေါင်းထိုးပြီးအိပ်လေ၏။ အိပ်ရာကထသောအခါ ညနေစာအတွက်ကိုမူ ရွာထဲလျှောက်၍တောင်းစား၏။ ဤကားသူ၏ နေ့စဉ်အလုပ်ပေတည်း။

သ့ူမှာ မိဘလည်းမရှိ၊ဆွေမျိုးလည်းမရှိ၊ အသိမိတ်ဆွေလည်းမရှိ။ ဘုန်းမှောင့်တယောက်ထဲ လုံးချင်းသမားဖြစ်၏။ အ လုပ်ဆိုရှိဘာမှသူမလုပ်။အချိန်တန်လျှင် ထမင်းအဆင်သင့်ဖြစ်သောကြောင့် 'ငါအလုပ်, လုပ်ဖို့မလို'ဟု စားပြီးအိပ်၊ အိပ်ပြီးစားစားကာ အိပ်ကာသာ ဘုန်းကြီးကျောင်း၌ကပ်ရပ်၍နေ၏။

ဂုရုဒေဝကား နေနိုင်ရက်အားသည်။ ဘုန်းကြီးကျောင်းက သ့ူကိုထမင်းကျွေးထားသော်ငြားလည်း ကျောင်းဝင်းအတွင်း၌ မြက်တပင်ကိုမျှ နှုတ်ဖော်မရ၊ တမြက်စီးတချက် လှဲဖော်မရ ဗိုက်

ကားအောင်စားပြီး အိပ်ခြင်းသည်သာ သူ၏မဟာ အလုပ်ကြီး တခုဖြစ်လေသည်။

ကျောင်းထိုင်ဆရာတော်ဘုရားသည် တရဲရဲနှင့်ဘုရားဝိုင်းထဲ တမြက်လှည်းနေ၏။ တနေရာ ဘုရားခြေရင်း၌ ကျောခင်းကာ စင်းစင်းကြီးအိပ်နေသော မောင်ပျင်းကိုဆရာတော်က တွေ့လေသော်-တမြက်စီးဖြင့်ထိုး၍ နှိုးလေ၏။ မောင်ပျင်း နိုးလာ၏။ မျက်လုံးများကိုပွတ်၍ကြည့်၏။ဆရာတော်မှန်းသိလျှင် ဗျာကရာ ရှိခိုးလိုက်၏။

ဆရာတော်သည် မောင်ပျင်းကိုကြည့်ကာ သနားတော်မူလာသည်။ လူဖြစ်လျက်ဘာအလုပ်ကိုမျှမလုပ်၊အပုပ်အသိုးမရွေး သူတကာ ပေးသမျှ စားနေရသော ဘဝအဖြစ်ကို ဆရာတော်က စုပ်သပ်မိသည်။ ထို့ကြောင့်ဆရာတော်က သူ့ကိုအလုပ်,လုပ်ဖို့ တိုက်တွန်းတော်မူလိုသောကြောင့် ဤသို့ဆို၏။

(၁) "ချစ်တပည့်ဂရုဒေဝ။ သင့်မှာအဖလည်းမရှိ၊အမိလည်းမရှိ၊ ညီအကိုလည်းမရှိ၊ အမ-ညီမလည်း မရှိ၊ ဆွေလည်းမရှိ၊ မျိုးလည်းမ့ရှိ၊ သင်ကား တယောက်တည်းသမား၊ ဆင်းရဲမျှားသူတကား၊ ထိုသို့ ဖြစ်ရခြင်းကား သင်ရှေးဘဝက ဘာကုသိုလ်မျှ မလုပ်ခဲ့ကြောင်း ထင်ရှားသော အမှတ်လက္ခဏာပင် ဖြစ်ချေ၏။

(၂) "ချစ်တပည့်၊ သင်ကားဥစ္စာရှိသူလည်းမဟုတ်၊ဥစ္စာရှိသူလည်းမဟုတ်၊စားစရာဆို၍လည်း ဆန်တစလယ်သားမျှရှိသူလည်းမဟုတ်၊ ဤသို့ဆင်းရဲ မွဲတေရခြင်းကား၊ ရှေးရှေးသောဘဝမျှားက သင်ဘာ ကုသိုလ်

ဘာကောင်းမှုတခုကိုမျှ မပြုခဲ့ဘူးကြောင်း ထင်ရှားသော သာဓကပင်ဖြစ်ချေ၏”

(၃) “ချစ်တပည့်၊ ယခုသင့်ကိုယ်သင်ကြည့်၊ သူပေးလူပေး၊ ညစ်ထေးသောပုဆိုးစုတ်ကိုသာ သင်ဝတ်နေရ၏။ သည်ပုဆိုးစုပ်ကိုသာ သင်အဖော်လုပ်နေရ၏။ ထိုသို့အစုပ်အပြတ်၊ ညစ်ထပ်ထပ်ကို ဝတ်နေရခြင်းကား- ရွေးရွေးသော ဘဝမျှားက သင်ဘာမျှမလှူခဲ့ဘူးကြောင်း သက်သေခံပင် ဖြစ်ချေ၏။

(၄) “ချစ်တပည့်....ခင်းအိပ်စရာ ဆိုဖျင်လည်း သင့်မှာဖျာတချပ်မျှမရှိ၊မြေကြီးပေါ်ကျောခင်းဖျင်စင်းစင်းကြီးအိပ်ရ၏။ သင့်မှာ အိပ်စရာ နေရာ ဟူ၍လည်း အတည်တကျမရှိ၊ ဤသို့ အအိပ် ဆင်းရဲရခြင်းကား ရွေးဘဝမျှားက သင်ဘာမှ မလှူခဲ့ ဘူးကြောင်း ကောင်းကောင်းကြီး သက်သေခံနေ၏”

(၅) “ချစ်တပည့်....သင်ကား ခွက်လက်စဲ့လျက် အိမ်တကာလှည့်၍ တောင်းရ၏။သူပေး,လူပေးအကြွင်းအကျန်မျှားကိုသာ သင်စားနေရ၏။ သင့်ဘဝကား အရိုးပေါ် အရေလွှမ်းနေသော ပြိတ္တာကောင်နှင့် တူလေစ့”

(၆) “ချစ်တပည့်....ရွေးဘုန်းရွေးကံရှိ၍ စားကောင်းသောက် ဘွယ် များ စားသောက် နေကြသည်ကို သင်မြင်လေသော်- သွားရေ တမြားမြားနှင့် အိမ်တံခါးဝကရပ်ပြီး သင်မျှော်နေရ၏”

(၇) "ချစ်တပည့်-သင်အိမ်တကာလျှောက်၍ တောင်း ပါလျက် တခါတရံ ဘာမျှမရခဲ့သော်- သက်ပြင်း ချကာ,ချကာ၊ ကြက်ဖကြီး ခေါင်းရိုက်ထားသလို ငိုက်စိုက် ငိုက်စိုက်နှင့် ပြန်လာခဲ့ရ၏။ စားချင်ခြင်း အာသာဆန္ဒမျှားပင် ပြတ်ခဲ့ရ၏။ သင်၏ကုသိုလ်မရှိ ခြင်းကား အံ့သြဘွယ်ကောင်းလေစ့"

(၈) "ချစ်တပည့်....သင် ကား နောင်တမလွန် ဘဝ အတွက် အထောက်အကူ ဖြစ်စေခြင်းငှါ အကျိုးရှိ သော ကုသိုလ်ကောင်းမှုမျိုးကို မပြုပါဘဲ နေရက် ဘိ၏။ဘဝသုံးပါးဌ သင်နှင့်တူသော၊သင်ကဲ့သို့သော ကိုယ့်ကိုယ်ကိုရန်မူသည့် ရန်သူမည်သည် မရှိတော့"

ဂုရုဒဝ မောင်ပျင်းအား ဆရာတော်က လက်တွေ့ ခံစား နေရသော ဆင်းရဲမျှားကိုတခုစီ,တခုစီထောက်ပြ၍ လုပ်ချင်ကိုင် စိတ် ပေါ်လာအောင် တရားဟောသည်။ သွေးထိုးပေးသည်။ ထိုအခါ မောင်ပျင်းက ဆရာတော်အား ဆင်ခြေပေးလေသည် ကား....

"ဆရာတော်ဘုရား-ဆရာတော် အမိန့်ရှိတော်မူ သည့်အတိုင်းပင် တပည့်တော်မှာ ဘာဥစ္စာမှမရှိ-တပည့်တော်ကား အ ထီး ကျန်၊ တကောင်ကြွက်၊ အလွန် နွမ်းပါးလှသည့် ဆင်းရဲသား ကျောမဲ့ပါ ဘုရား၊တပည့်တော် ဘာနဲ့ သွားလှူပါမည်နည်း"

"ဆရာတော်ဘုရား-တပည့်တော် မေးလျှောက် ပါရစေ၊ခွင့်ပြုတော်မူပါ။ အကြင်တခုခုသော အမှု ကိုပြုလျှင် တပည့်တော် နိဗ္ဗာန်ရောက်မည် ဖြစ်၏။

နိဗ္ဗာန်ရောက်ခြင်းဖြစ်သော ထိုအမှုကို တပည့်တော်အား အရှင်ဘုရား ညွှန်ကြားတော် မူပါဘုရား”

ဂုရုဒေဝ-သည် မလုပ်ချင်ပါဘူး၊မကိုင်ချင်ပါဘူး ဟူ၍ကား ငြင်းဆန်ခြင်းမပြုတော့ချေ။ လုပ်ချင် ကိုင်ချင်စိတ်များး ပေါက်လာသည်။ဆရာတော်၏ တိုက်တွန်း ဆုံးမမှုကြောင့် တခုခုကို သူလုပ်ချင်လာသည်။သို့သော် သူဘာကိုလုပ်ရမည်မသိ ဖြစ်နေ၍ ဆရာတော်ထံ“တပည့်တော် ဘာလုပ်ရပါမည်လဲ ဘုရား” ဟူ၍ အလုပ်တောင်းလေသည်။ထိုအခါ ဆရာတော်က မောင်ပျင်းအား အလုပ်ချီးမြှင့်တော် မူသည်ကား....

(၁) ချစ်တပည့်-ဂုရုဒေဝ၊သင်မသိသလော၊ဤကပ္ပန္တရမြစ်တွင်း၌ ရေသတ္တဝါအမျိုးမျိုးတို့သည် ဂျမ်းထိုးမှောက်ခုန်၊ ပျော်မြူးနေကြကုန်သည်။ ငါးဖယ်ပို၍၊ငါးတန်ကခုန်၏၊ ငါးမြွှတိုး၊ငါးခူ၊ ငါးကြင်းတွေတာစုပြီးတူပြိုင်ယှဉ်မူးကာ၊ရေကူးပြိုင်နေကြ၏”

(၂) “ချစ်တပည့်-သွားလော့၊ သင်တောင်းရမ်း၍ ရခဲ့သော ထမင်းကျန်၊ ဟင်းကျန်များကိုယူ၍ ငါးတို့အားကျေးချေလော့။ထိုသို့ကျေးမွေးခြင်းကား ဒါနပြုသည်မည်၏။ ထိုဒါနကား သင့်အား နတ်ပြည်ရောက်အောင် ပို့ဆောင်ပေးလတ္တံ”

(၃) “ချစ်တပည့်-ငါးပါးသီလကို ခံယူပြီးလျှင်မကျိုးမပေါက်ရအောင် သင်ကောင်းစွာ စောင့်ရှောက်၍ ထိန်းလေလော့။ ဤသို့ငါးပါးသီလကို စောင့်ထိန်းခြင်းသည် သင့်အတွက်ဘဝစည်းစိမ်ချမ်းသာကိုပေး

နိုင်စွမ်းရှိလတံ့။ ဤမျှသာမကနိဗ္ဗာန်အကျိုးကိုလည်း ဖြိုးဖြိုးဝေအောင် စွမ်းနိုင်လတံ့”

ဆရာတော်သည် ဂုရုဒေဝအား ဤသို့ညွှန်ကြားကာ အလုပ်တခုကို ပေးလိုက်လေသည်။ ထိုအခါ မောင်ပျင်း၏ စိတ်မျှားသည် ကြွကြွရွရွလှုပ်ရှားလာသည်။တပည့်တော်အား “ငါးပါး သီလ ချီးမြှင့်တော်မူပါဘုရား”ဟူ၍ လျှောက်ထားပြီး ငါးပါးသီလကို ရှေးဦးစွာခံယူပြီးနောက် စားကြွင်းထမင်းမျှားကိုယူ၍ ဆရာတော်အမိန့်ရှိသည့်အတိုင်း မြစ်တွင်းမှငါးမျှားအား အစာကျွေးလေသတည်း။

မောင်ပျင်းအဖို့ ဘဝဇာတ်သိမ်းလှသွား၏။ ငါးပါး သီလမြဲသောဘဝ၊ ငါးမျှားကိုအစာကျွေးသောဒါနဖြင့် နောက် ၇ ရက်လောက်အကြာတွင် ခန္ဓာစဲသွားလေသည်။

ခုနှစ်ရက်တာမျှပြုခဲ့ရသောဒါန၊ စောင့်ခဲ့ရသောသီလတံခိုးက ဂုရုဒေဝခေါ်သော မောင်ပျင်းကား အကျိုးပေးလေသည်ကား၊သူသည် လူဘဝ၌ရင်းစားပြန်၍ လူဖြစ်လာသည်။ သီဟိုဠ်ကျွန်းမှာ သူကြွယ်တဦး၏သားဖြစ်လေ၏။ ဤဘဝတွင်မူ သူ့အမည်မှာ မဟာနေလဟူ၍တွင်၏။

မဟာနေလသည်အရွယ် ရောက်လာ၏။ သူခန္ဓာကိုယ်ကားကြီးထွားလှသည်။အားကောင်းမောင်းသန်၊ လူလုံးလူဖန်တောင့်တင်းသည်။ အလွန်သန်စွမ်းသည်။ ကာယဗလနှင့် ပြည့်စုံသောလူသန်ကြီးတယောက်ဖြစ်လေသည်။ သို့သော် ဘဝဟောင်းကအပျင်းထူလာခဲ့သောညှဉ်ကြောင့်လောမသိ။ ဘာအလုပ်ကိုမျှမလုပ်ချင်။ စားကာ၊ အိပ်ကာ၊ ပျော်ပါးကာဖြင့်သာ အချိန်ကုန်လေ၏။

မဟာနေလဒ္ဒ သူ့ထက်ကြီးအစ်ကိုခုနစ်ယောက်ရှိ၏။ အလုပ်အကိုင်နှင့်ချည်းဖြစ်၏။ အားလုံးအလုပ်သမားချည်းဖြစ်၏။ ထို အလုပ်သမား နောင်တော်များ ကြားတွင် သူတယောက်က စုန်းပြူးချပါလာသည်။ အပျင်းထူလွန်းလှသည်။

မဟာနေလကို အငယ်ဆုံးဖြစ်၍ သူ့အကိုကြီးများကချစ်၍ ညှာလာခဲ့ကြသည်။ ကြာသော်သည်းမခံနိုင်ဖြစ်လာကြလေ၏။ "ဒီအကောင်လူပါးဝသည်၊ အမြိန်သား အိမ်ကထိုင်စားသည်။ လယ်တွန် ဖော်လည်းမရ။ နွားကျောင်း ဖော်လည်းမရ၊ စျေးရောင်းဘော်လည်းမရဆင်းရဲစရာရှိငါတို့ချည်းသာဆင်းရဲရသည်ဟူ၍အစ်ကိုခြောက်ယောက်စလုံးက မိဘနှစ်ပါးကိုဝိုင်း၍တိုင်ကြလေ၏။

မိဘနှစ်ပါးကလည်း မဟာနေလကို အထွေးဆုံးသောသား ဖြစ်၍ အချစ်ပိုသည်။ အလိုလိုက်ကြသည်။ မဟာနေလလုပ်နေပုံမှာ အလိုလိုက်အမိုက်စောင်ကားဆိုတာမျိုးဖြစ်နေ၏။ သို့သော် သူစေတနာကား စော်ကားလိုခြင်းအလျဉ်းမရှိ၊ ပျော်ပျော်ပါးပါးနေတတ်သောသူဝါသနာအလျောက်နေခြင်းသာဖြစ်သည်။

သူအစ်ကိုကြီးများက မိဘကိုတိုင်ခြင်းမှာလည်း အမှန် အားဖြင့်သူတို့လုပ်စာကိုမစားစေလို၍ကားမဟုတ်ပေ။ သူသည်ပုထုဇဉ်သဘာဝအလျောက်တနေ့တွင် အိမ်ထောင်ပြုကာကိုယ့်အိုးကိုယ့်အိမ်၊ကိုယ့်သားမယားနှင့် နေပေမည်။ ထိုအခါ အသက်မွေးမှုတခုပညာကိုယ်စီပါဆိုသောအတိုင်း ဘာပညာမှမတတ်၊ ဘာမှလဲမလုပ်တတ်ဆိုသော်၊ အသက်မွေး ဝမ်းကျောင်းမှု အကျပ်အတည်းနှင့် ရင်ဆိုင်ရမည်။ထိုသို့မဖြစ်ရလေအောင် ယောကျ်ားပီပီသူများနည်းတူ လုပ်စေချင်ကြသည်၊ကိုင်စေချင်ကြသည်။ သူတို့

ညီကလေးမတတ်တာဘာမှမရှိ။ ရှစ်စပ်ကလည်စေချင်ကြသည်။ ဤစေတနာဖြင့်အလုပ်ထဲ၌စိတ်ဝင်စားစေလို၍တိုင်ကြားကြခြင်းဖြစ်လေသည်။

ထိုသို့သားကြီးများကတိုင်ကြားလေသောအခါမိဘများကခေါ်၍မဟာနေလကိုအလုပ်,လုပ်ဖို့အတွက် အကျိုးအကြောင်းပြောပြကာ နားချကြသည်။ မဟာနေလကား အလုပ်လုပ်ဘို့ဝေးစွ၊သူဝါဒကို ခပ်ပြောင်ပြောင်ပင်ပြောလေ၏။

"အမေဘိုအဘတို့ခင်ဗျား။ကျွန်တော်အစ်ကိုကြီးတို့ကိုစော်ကားပြီးပြောတာမဟုတ်ပါဘူး။ ဒီလိုတောင်သူလယ်လုပ်၊ ခေးမခုတ်ဆိုတဲ့အလုပ်ဟာ ယောကျ်ားကောင်းယောကျ်ားမြတ်တို့ရဲ့အလုပ်မဟုတ်ဘူးခင်ဗျ။ ဒီအလုပ်မျိုးကို ယောကျ်ားမြတ်တွေကဘယ်တော့မှမလုပ်ကြဘူး၊လူနဲ့,လူအ,တွေသာ ဒါမျိုးကိုလုပ်ကြတာဗျ"

"ဟဲ့သား၊ ဘယ်လိုပြောလိုက်တာလဲ၊ကိုယ်ပျင်းတာကိုတော့ စန်မခံဘဲ သူများကို ပုတ်ခတ်ပြောရသလား၊ မင့်စကားကို မင်းအစ်ကိုကြီးတွေများကြားသွားရင်...."

"အို .. ကြားကောဘာဖြစ်ဘဲ၊ ကျွန်တော်မဟုတ်တာ ပြောတာမှမဟုတ်ဘဲ၊ ကျွန်တော်ဟာ ယောကျ်ားမြတ် တွေထဲမှာ တယောက်အပါအဝင်ဗျ၊ ဒီလိုအလုပ်ကြမ်းမျိုးကို ကျွန်တော် တသက် ဘယ်တော့မှမလုပ်ဘူးမှတ်

မဟာနေလ၏စကားကား ပြတ်သားလှ၏။လေထိုးလွှကိုက်လူမိုက်အားကိုးအလုပ်ပြီး၊ ခေးမကြီးကို နားရွက်မြုပ်အောင်ထမ်းလျက်၊ ကျွဲနွားနှင့်ဖက်ပြီး လုပ်ရသော တောင်သူအလုပ်မျိုးကို သူနှင့်တန်သည်ဟူ၍ပင်မထင်။ သူ၏သန်မာထွားကျိုင်း

လှသော ခွန်အားဗလကြီးနှင့် တောင်သူ လုပ်ငန်းသည် အလွန် အဆင်ပြေနိုင်စရာ အကြောင်းရှိသော်လည်း၊ အခြောက်တိုက် ဘဝင်ကိုင်နေသူကဲ့သို့ သူကားထိုအလုပ်မျိုးကို လားလားမျှ စိတ် မဝင်စားလေ။

"ကဲ....ရှင်မ၊ညည်းသားကို သည့်အတိုင်းဘဲ ဘော်ကြွေ့ ပစ် ထားရတော့မှာလား"

"မထားလို့ကော ဘယ့်နှယ်လုပ်မလဲ၊ သူမှဒါမျိုးတွေမလုပ် ချင်တဲ့ဥစ္စာ"

"အေး....ဒါမျိုးမလုပ်ချင်ရင်၊ ဟိုဟာမျိုးလုပ်ချင်ရတယ်ကွ၊ လူမှန်ရင်အလုပ်,လုပ်ရတယ်။ အလုပ်လုပ်မှ လူခေါ်တယ်။ ခု.... မင်းသားဖြစ်နေပုံက လူနေချိုကြားစိတ်နေဘုံဖျားဖြစ်နေတယ်၊ ထွန်းထွန်းပေါက်ပေါက်(တောက်)ဒီတကောင်ထဲ ဘယ်ကမျှား စုန်းပြုံးပြီး ဒို့ဆီရောက်လာတယ်မသိပါဘူးကွာ၊ သားကြီးတွေ အတွက်အလုပ်ကိုယ်စီနဲ့အားရစရာကောင်းသလောက်၊ဒီကောင် တယောက်အတွက်ခက်နေတယ်။မင်းလဲစိတ်ကူးစမ်းပါအုံးကွာ။ လူကောင်က တနေ့ထက်တနေ့ ကြီးကြီးလာပေမယ့်လို့ ဖဲ့အိတ် ကြီးကွ။ မင့်သားကဖဲ့အိတ်ကြီး၊ ဘာမှအချိန်မစီးဘူး"

"အောင်မယ်တော်....ကျုပ်သား၊ကျုပ်ဃာနဲ့ကျုပ်ကိုချည်း မဲနေတာဘဲ။ တော့်သားကောမဟုတ်ဘူးလား။ ကျုပ်သားက နှုထွားကြီးမို့ပါ၊ အသက်ကဘာကြီးသေးတာမှတ်လို့၊ ခုမှ၁၄ နှစ်ထဲဝင်ကာရှိသေး"

လင်မယားနှစ်ယောက်သည် အထွေးဆုံးသား မောင်နေလ အတွက်၊ဘဝင်မကျနိုင်အောင်ဖြစ်နေကြသည်။မိဘလက်ထက်၌ ခြေမွေးမီးမလောင် လက်မွေးမီးမလောင် ရွှေလိုဥိုးပြီး ထားနိုင်

သော်လည်း၊ နောင်ရေးအတွက်သောက မအေးနိုင်အောင်ရှိနေကြသည်။ လင်ဖြစ်သူကအကြံတခု ရလာဟန်ဖြင့် မယားအား တိုင်ကြည့်လေ၏။

"ရှင်မရေ့၊ မင့်သားတော်မောင်အတွက် ငါအကြံတခုတော့ ရလာတယ်၊အဲဒါ-မင်းက သဘောတူမယ်ဆိုရင် x x x

"ဘာမျှားတုန်း၊ တော့်အကြံက။ ကဲ-ဆိုစမ်းပါအုံး၊ ကျုပ်သားလေး စိတ်ညစ်ရှာမဲ့ အလုပ်တော့လဲ အတင်းအကျပ် မလုပ်ပါစေနဲ့တော်"

"နားထောင်ပါကွယ်၊ငါ့သားစိတ်ညစ်အောင် ငါကကော အလကား လုပ်ရက်ပါ့မလား။ဒီကောင့်လေပါက် ကြည့်ရတာ တောမှာနေရင် ဘာမှလုပ်ဖော်၊ကိုင်ဖော် ရမှာမှတ်ဘူး"

"အင်းပေါ့-သူကလဲ ပြောင်ပြောင်ပြောရှာသားဘဲ၊ တော သူတောင်သားအလုပ်မျိုးကိုမလုပ်ပါဘူးလို့၊တော်ကဘယ်လိုစီမံချင်လို့တုန်း"

"တောအလုပ် မလုပ်ချင်ရင်၊ မြို့တက်ပီး မြို့အလုပ်ကိုလုပ်၊ ဒါဘဲ။လူဟာ အလုပ်မလုပ်လို့တော့ မဖြစ်ဘူး၊ ဒီတော့-မြို့တက်ပြီး ဒဋ္ဌဂါမဏိမင်းကြီးထံ သွားပို့ထားရရင်ကောင်းမလားလို့"

"အမယ်လေး....အဲဒါတော့ သည်းခံပါတော်၊ ကျုပ်သားအလုပ်မလုပ်လို့ ကျုပ်တို့၊တော်တို့ကသာ သည်းခံမှာ။ကိုယ့်သားက အပျင်းထူပုံနဲ့ ဟိုမှာ အလုပ်မလုပ်ဘဲ နေရင် ချက်ချင်းမင်းဒဏ်သင့်မှာပေါ့။ပီးတော့ သူ့လိုတောသားကိုကော ဘုရင်ကလက်ခံမှာတဲ့လား၊ ဝေးသေးရဲ့။ ဘုရင့်ထံသွားပီး ဘာပညာနဲ့ခစားမှာလဲ၊ကဲ-ဆိုစမ်းပါအုံး"

"ဒါလောက် တောင်လဲ ကိုယ့်သားအပေါ် အထင်မသေးပါနဲ့ကွယ်၊သူ့မှာ မင့်သွေး၊ ငါ့သွေးနဲ့ရောစပ်ပီး သင်ပေးလိုက်

တဲ့ပညာရှိတယ်။အဲဒါမျိုးကို ဒုဋ္ဌဂါမဏိမင်းကြီးက သိပ်ပီးမြတ်နိုးတော်မူတာ”

“ဘာပညာလဲတော်”

“သြော်....ခက်ပါဘိ၊ ခွန်အား ဗလလေကွယ်။ ဒို့သားလို ထောင်ထောင်မောင်းမောင်း ဗလကောင်းတဲ့ယောကျ်ားသိပ်ရှားတယ်။ ငါတော့ ဒို့သားကို မြင်လိုက်ရင် ဒုဋ္ဌဂါမဏိမင်းက ကေန်ကြိုက်ရမယ်လို့ ယုံကြည်တယ်။ မင်းသဘောတူရင် ငါ့သားကို ဒုဋ္ဌဂါမဏိမင်းကြီးထံ သွားပို့ချင်တယ်။မင့်သဘောက ဘယ်လို လဲ”

“ဘုရင်က လက်ခံမယ် ဆိုရင်တော့ ဒီမျှာအလကား ဘော်ကြော့၊ ရောင်ခြောက်ဆယ် ဖြစ်နေမဲ့တူတူ မြို့ပို့ထားတာကမှ ရွှေအလားအလာ ရှိအုံးမယ်။ တော်ပြောသလို သူ့ဉပဓိရုပ်က တော့ ဘုရင်မြတ်နိုးတော်မူနိုင်တဲ့ ရုပ်မျိုးဘဲ၊ တော့သဘောဘဲလေ၊ပို့လိုက်ပေါ့။သားကလဲ စိတ်ကြီးဝင်ပုံနဲ့တော့၊အကြိုက်နေမှာပါဘဲ”

ထိုသို့လင်မယားနှစ်ယောက်သားအရေးဆွေးနွေးပြီးနောက် ဘခင်ကြီးကိုယ်တိုင်သားကိုခေါ်၍ ဒုဋ္ဌဂါမဏိမင်းထံအပ်နှံလေရာ တောသားဖြစ်လျက် တောအလုပ်ကို မလုပ်ချင်သောမဟာနေလအဖို့ အချိုရှာ သကာတွေ့သလို ဖြစ်သွားလေ၏။ လူစွမ်းကောင်းအားကောင်း မြောင်းသန်ယောကျ်ားများကိုလက်သပ်မွေးမြူနေသော ဒုဋ္ဌဂါမဏိမင်းက ဆိုလျှင်လည်း မဟာနေလ၏ထူးကျိုင်းသန်မာလှသော ဉပဓိရုပ်လက္ခဏာကိုမြင်လျှင် များစွာနှစ်သက်ပြီးမဟာနေလကိုလက်ခံ၍ အပါးတော်ထားကာခစား

စေလေသောကြောင့် ထိုတောသားကြီး မဟာနေလကား ရွှေ ရောင်ဖိုတ်ဖိုတ် လျှမ်းနေသည့် နန်းတွင်းသို့ ရောက်ရှိသွားကာ ဘုရင့်အပါးတော်မြဲ မင်းမှုထမ်းတယောက် ဖြစ်လာသတည်း။

အခါတပါးတွင်သီဟိုဠ်ကျွန်း၌ လကြတ်ခြင်း၊နေကြတ်ခြင်း၊ နက္ခတ်ခြင်း ထိပါးချင်း၊ခွင်းခြင်း၊ နင်းခြင်း၊ တော်လည်းခြင်း၊ ငလျင်တုန်လှုပ်ခြင်း အစရှိသော မကောင်းနိမိတ်များထင်လာ ကုန်၏။ ထိုအခါ နေမြင်,လမြင် နက္ခတ်ပညာရှိတို့က မင်းကြီး အားဤသို့ လျှောက်ကြလေ၏။

"အရှင်မင်းကြီး၊ နက္ခတ်တာရာများ အသွားအလာမမှန်၊ ဖောက်ပြန်သောအလိုကို ထောက်သော်–ဒုဗ္ဘိက္ခန္တရကပ်၊ ငတ် မွတ်ခြင်းဘေးဆိုးကြီး ဆိုက်ရောက်ပါလိမ့်" ဟူ၍ ဟောကြလေ ကုန်၏။ထိုအခါ ဒုဋ္ဌဂါမဏီမင်းသည် အငတ်ဘေးကို ကာကွယ် နိုင်ရန် ကြိုတင်၍ အစီအစဉ် လုပ်တော်မူ၏။

အစီအစဉ်ကား နိုင်ငံအတွင်း၌ ရှေးကတက် စပါးပိုထွက် အောင် လယ်များကိုကြပ်မတ်၍စိုက်စေသည်။ ကောက်ပဲသီးနှံ ဖွံ့ဖြိုးအောင်နှစ်တိုင်းထက်ကြိုးစား၍တောင်သူများအားလုပ်ကိုင် စေသည်။တိမ်ကောနေသောဆည်မြောင်းများကိုရေဝင်ကောင်း အောင်ပြုပြင်မွမ်းမံတော်မူသည်။ကိုယ်တော်တိုင်တပ်ဦးမှထွက်၍ တိုင်းသူပြည်သားတို့ လုပ်ကိုင်ချင်လာအောင် ကိုယ်တိုင် ပေါက် ပြားကို ကိုင်တန်လျှင်ကိုင်သည်၊တူးဘန်လျှင်တူးသည်–

အရင်းလဲလျှင် အဖျားတင်းဖြစ်ဟူသကဲ့သို့ ဘုရင် မင်းမြတ် ကိုယ်တိုင်က အားကြိုးမာန်တက် ရှေသွား ခေါင်းဆောင် ပြု၍ လုပ်ကိုင်လျှင် မှူးကြီးမတ်ကြီးများကအစ တယောက် တလက် ဆိုသကဲ့သို့ အားတက်သရော လုပ်ကိုင်ကြလေကုန်၏။

သို့သော်....တောသားကြီး မဟာနေလမူကား၊ နေနိုင်ရက်လွန်း၏။ ဘုရင်ကိုယ်တိုင် ပေါက်ပြားကိုင်၍ မြေတူးနေသော်လည်း သူကမူ ဘာမျှမလုပ်လေသည့်ပြင် ဘုရင်ကိုယ်တိုင် ခွေးတလုံးလုံးနှင့် မြေပေါက်နေသည်ကို ခါးထောက်လျက်ရပ်ကြည့်နေသည်။ ဤသည်ကိုဘုရင်ကမြင်လေသော်....

"အချင်းမဟာနေလ၊ သူမျှားတကာ အလုပ်, လုပ်နေကြသည်ကို သင်မမြင်သလော။ အသင့်မှာလက်ခြေမပါသလော။ အဘယ့်ကြောင့် လက်ပိုက်၍ရပ်ကြည့်နေဘိသနည်း။ လာလော့ ငါနှင့်အတူပေါက်ပြားကိုင်၍ မြေပေါက်လှည့်လော"

ဒုဋ္ဌဂါမဏိမင်းက ခပ်အော်အော် ပေါက်ပြားကိုင်လျက်မူလှမ်းခေါ်လေရာ မဟာနေလကား၊ဝံ့ရဲဘိ၏။ ဘုရင်ခေါ်ရာသို့မသွား၊ ဘုရင့်စကားကိုပင် သူကပြန်လှန်ချေပနေ၏။ ဤဥလည်း သူဆန္ဒ၊သူဝါဒကို ဘုရင်ကိုပင်ခပ်ပြောင်ပြောင်ဂါထာနှစ်ပုဒ်ဖြင့် တင်လျှောက်လိုက်လေသည်။

(၁) အရှင်မင်းကြီး၊ဤအလုပ်မျိုးကို ကျွန်ုပ်ကဲ့သို့သော ယောကျ်ားမြတ်တို့ကား မည်သည့်အခါမှမှလုပ်ကုန်အဘယ့်ကြောင့်ဆိုပါသော်၊ပေါက်ပြားကိုဆွဲလျက်၊ နေပူကြဲကြဲ၌ခွေးတရဲရဲကျအောင်လုပ်ရသောဤအလုပ်ကား ယုတ်သော အလုပ်ပါ အရှင်မင်းကြီး။ ယောကျ်ားမြတ်တို့အားလားလားမျှမဘင့်တယ်ပါ။ ယောကျ်ားမြတ်တို့လုပ်ထိုက်သော အလုပ်မဟုတ်ပါ အရှင်မင်းကြီး"

(၂) "အရှင်မင်းကြီး၊ သမင်၊ဒရယ်၊ချေငယ်စိုင်ဆတ်စသော သားကောင်တို့၏ဦးနှောက်ကိုဖောက်၍စား

သောက်လေ့ရှိသော ကေသရာဇာခြင်္သေ့မင်းသည် အစာပြတ်၍ ငတ်မွတ်စေကာမူ၊ မြက် သစ်ရွက်ကို စားသည်ဟု အသင်မင်းကြီး ကြားဘူးပါသလော”

မဟာနေလ တောသားက သူ့ကိုယ်သူခြင်္သေ့မင်းနှင့်နှိုင်း၍ ငတ်၍သေချင်သေပစေ။ ဘယ်တော့မှမျက်ကိုမစားဘူး၊ အလုပ်မလုပ် မြေမပေါက်ကောင်းလားလို့ သတ်ချင်ရင် ကျွန်တော် မျိုးကိုသတ်လိုက်။ ဒီလိုတာတူးတဲ့ အလုပ်မျိုးကိုတော့ ဘယ် တော့မှမလုပ်”ဟု ခပ်ပြောင်ပြောင်ပင်ရဲဝံ့စွာ ဆိုလေ၏။

ထိုသို့ချေပလျှောက်တင်လေသော်ဒုဋ္ဌဂါမဏိမင်းသည်မဟာနေလအား မည်သည့်စကားတခွန်းကိုမျှ မြွက်ကြားခြင်းပြုတော် မမူလေဘဲ မျက်တောင်မျှမခတ်၊ တဲ့၍စူးစိုက်စွာကြည့်နေ၏။ မဟာနေလ၏ သန်မာထွားကျိုင်းသော ‘ကာယဗလကြီး’က ဒုဋ္ဌဂါမဏိမင်းအား အနိုင်ယူလိုက်လေပြီ။ အာဏာတော်ကိုဖီဆန်ရမည်လား....ဟူ၍ မျက်မှာန်တော်ရှခြင်းအသွင်၊ မင်းတရား၌ စိုးစင်းမျှမထင်လေ။

မုဆိုးသည် မြားကိုချစ်၏။ တံငါသည် ပိုက်ကွန်ကို မြတ်နိုး၏။ အတတ်ပညာကိုလိုလားသောသူသည်ပညာရှိကိုဆည်းကပ်၏။ သူရဲကောင်းကိုမြတ်နိုးလေ့ရှိသောဒုဋ္ဌဂါမဏိမင်းသည်မဟာနေလအား အပြစ်ကို မရှုလေဘဲ ပြုစုမြဲမွေးမြူ ပြုစုထားလေသတည်း။

တခါသ၌ ဒုဋ္ဌဂါမဏိမင်းသည် မဟာနေလအား ရွှေတော်ခေါ်၍ စာတစောင်ကမ်းလှဉ်လေ၏။

“သင်အနုရာဓမြို့ကို သွားပါဘို့။ အနုရာဓ၌ ငါ့မိတ်ဆွေသူကြွယ်တဦးရှိသည်။ သည်စာကိုထိုသူကြွယ်အား ပေးပါလော။

ထိုသူကြွယ်က စာကို ဖတ်ပြီးလျှင် သင့်အား ပစ္စည်းဝတ္ထုများ ပေးလိုက်မည်။ သူပေးသမျှကိုယူ၍ ငါ့ထံပြန်ခဲ့လော့"

ဤသို့မှာကြားကာ မဟာနေလအား အနုရာဓသို့ လွှတ်လိုက်သည်။ အပြောကြီး စကားလုံးထွားလှသော မဟာနေလအား အလိုစမ်းလိုက်ခြင်းပင်ဖြစ်သည်။ အနုရာဓနှင့် မဟာဂါမသည်ခရီးယူဇနာများစွာဝေးကွာသည်။ဤမျှသောခရီးကို မဟာနေလသည် အဘယ်မျှကြာအောင် သွားလေမည်နည်းဟု မဟာနေလ၏ အရည်အသွေးကိုစူးစမ်းလိုက်ခြင်းဖြစ်၏။

မဟာနေလသည် ကောင်းပါပြီ ဝန်ခံ၍ ဘုရင်ထံမှ ပြန်လာသည်။ ညချမ်းကပင် မိခင်အား ထမင်းထုပ်များ ရိက္ခာအဖြစ် ထုပ်စေပြီးလျှင် နံနက်စောစောထ၍အနုရာဓသို့သွားလေသည်။ မိုးမလင်းမီ ဒီဃဝါပီရေကန်သို့ရောက်လေ၏။ ထိုမှဆက်၍ထွက်လာခဲ့ရာ ဂင်္ဂါမြစ်ကမ်းဝဟုမာနရေဆိပ်၌ နေထွက်တပြူ ရောက်သွား၍ထိုရေဆိပ်၌မျက်နှာသစ်သည်။ပါလာသောထမင်းထုပ်ကို ဖြေ၍ စားသည်။

မဟာနေလသည် အားခွန်ဗလကောင်းသူဖြစ်သည်။သန်မာထွားကျိုင်းလှသည်။ သူသွားရမည့် အနုရာဓမြို့ ဤဂင်္ဂါမြစ်ကမ်းနှင့် အတော်ကလေးလှမ်းသေးသည်။ ထမင်းများစားသောက်ပြီးလျှင် သူဆက်၍လျှောက်သွားလေ၏။ သူတကာ တနေ့ ခရီးလောက် ခြေတိုလှုမတတ်လျှောက်ရသော ခရီးကို မဟာနေလကား၊ ဆွမ်းခံဝင်ချိန်လောက်တွင် အနုရာဓမြို့သို့ ရောက်သွားလေပြီ။

"လူကြီးမင်းခင်ဗျား၊ ကျွန်တော့်အား ပေးလိုက်စရာရှိသည်များကို အဆင်သင့်ဖြစ်အောင် အမြန်စီစဉ်ထားနှင့်ပါ ခင်ဗျာ။

ကျွန်တော် ဂေါဂါမရွာကိုသွား၍ ဆွေမျိုးများကို နှုတ်ဆက်ပါ ချေဦးမည်။ ထိုရွာမှာ ကျွန်တော့်အဖ ဘက်မှ ဆွေမျိုးများရှိ ပါသည်။ ကျွန်တော်ပြန်လာလျှင် အဆင်သင့်ဖြစ်အောင် စီစဉ် ထားနှင့်ပါ"

မဟာနေလသည်အနုရာဓမြို့ရှိသူကြွယ်ထံရောက်လျှင်သူကြွယ် အားစာကိုပေးယင်း အထက်ပါစကားကို ဆိုလေသောအခါ၊ သူကြွယ်သည် များစွာအံ့အားသင့် သွားလေသည်။ အဘယ့် ကြောင့် ဆိုသော်- သူသွားမည်ဆိုသော ဂေါဂါမရွာ (နွားကျောင်းသားရွာ)ကား အနုရာဓမြို့နှင့် ငါးယူဇနာ (၃၃ မိုင်ခန့်)ဝေးသောကြောင့် သူပြန်လာလျှင် အဆင်သင့်ဖြစ်အောင် ဆိုသောစကားမှာ သူ့အဖို့ အတော်ကလေး ထူးဆန်းနေသော ကြောင့်ဖြစ်လေလည်။

သို့သော် "ကောင်းပါပြီ"ဟု သူကြွယ်က ဝန်ခံလိုက်ရလေ၏။ မဟာနေလသည်ဆက်၍ငါးယူဇနာဝေးသော ဂေါဂါမ ရွာဘက်သို့ခရီးထွက်ခဲ့ရာ နံနက်ထမင်းစားချိန် ရောက်သွားလေ၏။လေ၏သဖွယ်အလွန်မြန်ဆန်လှသောခြေမြန်တော်တယောက် ပါပေ။ ဂေါဂါမ၌ ဆွေမျိုးများနှင့်တွေ့၏။ အလ္လာပ သလ္လာပ စကားများပြောပြီး ဆွေမျိုးများက ပြုစုကျွေးမွေးလိုက်သော နံနက်စာထမင်းကိုမြိန်ရေရှက်ရေစားခဲ့သေး၏။ ပြီးမှအနုရာဓသို့ ပြန်လာခဲ့သည်။

"ဒုဋ္ဌဂါမဏီသခင်ဘုရား၏ အမှာစာအရ မောင်ယူဆောင် သွားရမည့်ပစ္စည်းများကား သည်ပစ္စည်းတွေပါပဲ"ဟုပြန်ရောက် လာသောမဟာနေလအား သူကြွယ်ကဆီး၍ပြလေသည်။ပစ္စည်း တွေကား များလှစွာ၏။ အဘိုးတန် အထည်ဝတ်စုံမေါင်းက

ငါးရာ၊အကျော်၊စမ္ပာ၊နံ့သာ၊ကရမက်အမွှေးတုံးတွေကအမျှား အပြား၊ ခန့်ညားလှပရှုမဝအောင်သော မွှေးတိုမွေးရှည် ကော်ဇောကအမျိုးမျိုး၊ တခဲနက်ပန်းပြား ပန်းဆုတ်တို့ဖြင့် ပြုလုပ်ထားသော အခင်းမွေ့ရာကမ္ဗလာခင်းနှိုးတွေကအဖုံဖုံ၊ အားလုံးကိုခြုံလိုက်သော်-တကုမ္ဘဝက်မျှရှိသေးဟူ၏။

မှတ်ချက်။ ။တကုမ္ဘဟူသည် စပါး ၂၇ တင်းခဲ့ဝင်သော အရာကိုဆိုသည်။ ၎င်းတကုမ္ဘကို လှည်းတစီးတိုက်ဟု မှတ်ရာ၏)

မဟာနေလသည်ယူဆောင်သွားရမည့် ပစ္စည်းများမှာလှည်းတစီးတိုက်၏ထက်ဝက်စပါး ၁၄ တင်း စိတ်နှုတ်ခန့် ရှိလေသည်။ လှည်းနှင့်ယူဆောင်မှသာဖြစ်နိုင်မည် ဖြစ်သောကြောင့် "သည်ပစ္စည်းများကိုမဟာနေလသည်မည်သို့ ယူဆောင်လေမည်နည်း" ဟု သူကြွယ်ကအကဲခပ်ကြည့်နေ၏။

"ကဲ ...ကျွန်တော်ကိုခွင့်ပြုပါခင်ဗျာ"

မဟာနေလသည် အိမ်ရှင်သူကြွယ်အား နှုတ်ဆက်ပြီးနောက် အထုပ်များကို ကျောပိုးတန်ပိုး၊လက်က ဆွဲတန်သည်ကိုဆွဲလျက် ထွက်သွားသော မဟာနေလကိုကြည့်ကာ သူကြွယ်မှာ အံ့သြ၍ကျန်ခဲ့လေ၏။ မဟာနေလကားဆိုနေညမှာပင်ဒုဋ္ဌဂါမဏိမင်း၏ရွှေမှောက်သို့ ပြန်လည်ဆိုက်လေသတည်း။

လျင်မြန်ဖြတ်လတ်မှု၊သန်စွမ်းမှုကိုသာ အဓိကထားရသော ထိုခေတ်ထိုချိန်၌ ဒုဋ္ဌဂါမဏိမင်းသည် မဟာနေလ၏သတ္တိစွမ်းပကား၊ယောကျ်ားပီသသော စွမ်းဆောင်ချက်ကို မျက်မြင် ကိုယ်တွေ့ ကြုံတွေ့ရသောအခါ မျှားစွာ နှစ်ထောင်းအားရတော်မူသည့်အလျောက် တသောင်းခြောက်ထောင်သောဆုတော်ငွေအသပြာတို့ကိုဂုဏ်း၊ အခွန်မျှားစွာထွက်သော ရွာကိုဂုဏ်း၊ ပေး

ကမ်းခြီးမြောင့်တော်မူကာ အထူးသဖြင့်သူကောင်းပြု မြောက်စား တော်မူလေသတည်း။

ဓနာဝင်တခါန်သောအခါ၌ ဒုဋ္ဌဂါမဏိမင်းကား ဒမိုလ မည်သော ကျေးကုလားတို့နှင့်စစ်ထိုးလေ၏။ ထိုအခါ မဟာနေလ သည် မင်းနှင့်အတူစစ်တံခွန်ထူ၍ တိုက်ခိုက်ရာတွင်ပါဝင်ပြီးအနှံ ရာခမြှိုကိုအောင်ပွဲယူခဲ့သောသူရဲကောင်းကြီးတဦးဖြစ်သတည်း။

သူရဲကောင်းကြီး ဤမဟာနေလကိုအကြောင်းပြု၍ကျမ်းပြုဆရာက ဆောင်ပုဒ်တခုထုတ်ထားခဲ့သည်ကား-

ဤမဟာနေလ သူရဲကောင်းကြီးကား- အတိတ်ဘဝက ငါးပါးသီလကို ခါးဝတ် ပုဆိုးကဲ့သို့ မြဲစွာ၊ မကျိုးမပေါက်အောင် စောင့်ထိန်းခဲ့သည်။ သီလ စောင့်ထိန်းယင်း စေတနာထက်သန်စွာဖြင့်ရေသတ္တဝါများအား သူစားမည့် ထမင်းများကို ကျွေးခဲ့သည်။ ဤကောင်းမှုကုသိုလ်အဟုန်ကြောင့် မင်း၏ သူကောင်းပြုခြင်းကိုခံရ၍ များစွာသော စည်းစိမ်တို့ကိုခံစားစံစားပြီးသည့်အဆုံး၌ နတ်ပြည်သို့ လားရလေ၏။

(၂၄)

သာလိကုမ္ဘာရုံ

ရွာပြင်တလျောက်၌သဲပြင်ကြီးဆည်ဖွေးဖွေးတောက်နေ၏။ မဏ္ဍလရွာသည် သဲမွေ့ရာ၊ သဲကမ်ပလာကြီးပေါ်၌ အိပ်နေသည် ထင်ရ၏။ ရွာ၏ရှုခင်းကား ဖွေးဖွေးဖြူနေသော သဲပြင်ကြီးသာ လျှင်ဖြစ်သတည်း။

တူထုသံများဆည် ရွာပေါ်ကျော်၍ ရွာပြင်သို့လျှံထွက်လာ ၏။မဏ္ဍလရွာအနီးသို့ ချဉ်းကပ်မိလျှင်ပင် တူထုသံများက ဆီး၍ ကြိုနေပေသည်။တူသံများကို ကြားကြရသည်။ဘော်သားရောင် အသွေး၊သဲနှင့်ဖွေးဖွေးရှိခြင်း၊ ပန်းပဲသမား ကောင်းကောင်းရှိ ခြင်းသည်။ထိုမဏ္ဍလရွာ၏ ပြည့်တင်းသောဂုဏ်ပုဒ်ဟူ၍ပင်အရပ် ထက်ဝန်းကျင်၌ ထင်ရှားလျက်ရှိနေ၏။

"ဆရာကြီးခင်ဗျား၊ကျွန်တော် ဆရာကြီးထံ အပ်နှံထားတဲ့ လက်နက်များ လုပ်ခအတွက် အသပြာ ငွေစများ ပေးရန်ဖြစ် သော်လည်း လောလောဆယ်အားဖြင့် ငွေစမှာ မလွယ်မကူဖြစ် နေပါသောကြောင့်ဤဝက်သားကိုပင် လက်ခအဖြစ် ပယူတော်မူ ပါရန်၊ကျွန်တော်အလေးအနက် ပန်ကြားပါသည်ခင်ဗျား"

ဝက်သားတဲ့ကြီးကို ရွှေတွင်ချ၍ ပန်ကြားနေသူကား တော မုဆိုး၊ ပန်ကြားခံရသူကား....နာမည်ကျော် ပန်းပဲ့ ဆရာကြီး ဦးတိဿဖြစ်သေသည်။နေရာကား မဏ္ဍလရွာ တခုတောပန်းပဲဖို့ အတွင်း၌ဖြစ်၏။ မုဆိုးတယောက်က သူအပ်ထားသော ပစ္စည်း များကို ဝက်သားပေး၍ လာရွေးခြင်းဖြစ်၏။

ပန်းပဲဆရာကြီး ဦးတိသ၏ဇနီးမှာ ဒေါသုမနဟု တွင်၏။ ကုသိုလ်ရေးဌာန သွေးချင်းနှောကာရောဖက်မိလှသော လင်မယားဖြစ်လေသည်။အဆိုနှင့်ရွဲရွဲ ဝက်သားတဲ့ကြီးကို မြင်ရသောအခါ ဦးတိသက တမုဟုတ်ချင်း စဉ်းစားကြည့်လေ၏။

"ဤဝက်သားကား-ဒမိယလဒ္ဓ၊အလှန်စင်ကြယ်သော ဝက်သားဖြစ်ပေတကား။ကာယကံ၊ ဝစီကံ၊ မနောကံ၊ ကံသုံးပါးရှိသည့်အနက် ငါ့ပယောဂ လုံးဝမပါ။ သည်လိုစင်သော ဝက်သားမျိုးကိုကား-ရခဲပါဘိခြင်း၊ ငဉစကားပေါ်၏။ စင်ကြယ်သော ဝက်သားကား ရှားလှသည်။ သည်ဝက်သားကို လက်ခံအဖြစ်ယူ၍ သံဃာတော်မျှားအား လှူရသော် ကောင်းလေစွ။

ဦးတိသသည် ဒါနမှုကိုဦးတည်၍ ဝက်သားကိုလက်ခံလိုက်လေသည်။ နက်ဖန် ဝက်သားဟင်းချက်၍ ဆွမ်းကပ်ရန် ဇနီးကို တိုင်ပင်လေသော်-ဒေါသုမနမှာလျှင် "အချိုရှာ သကာတွေ့" ဆိုသကဲ့သို့ အလှန်လျှင် သဘောခွဲသွား၏။

"ကောင်းသားပဲတော်၊ရှင်ကဘုန်းကြီးသွားပင့်၊ ချက်ဖို့ကကျုပ်တာဝန်ထား"

လင်နှင့်မယား တာဝန်ခွဲ၍ စီရင်ကြသည်။ထိုခေတ် ထိုအခါကား ရဟန္တာများ ထင်ရှားရှိသော ခေတ်ဖြစ်သောကြောင့် ဘုန်းကြီးပင့်ရာ၌ အလှန်လုယက်ကူ၏။ ပန်းပဲဆရာကြီး ဦးတိသသည် ကျောင်းသို့မသွားပဲဦး အိမ်ခန်းမှနေ၍ ထိုခြင်းကြီးငါး ပါးဖြင့် ရိုသေစွာရှိခိုးပြီးလျှင် ဤသို့ပင့်လေ၏။

"ဤလက်ဝဒိပါသိဟဠုခေါ်ဆိုသော၊ ကျွန်းသီဟိုဠ်အပြင်၌ တန်ခိုးအာဘိညာဏ်နှင့် ပြည့်စုံတော်မူကြကုန်သော အကြင်

ရဟန္တာဝသခင်၊ အရှင်သူမြတ်တို့သည် ထင်ရှားရှိတော်မူကုန်၏။ ထိုအရှင်သူမြတ်တို့အား ဆွမ်းကပ်လှူဒါန်း လိုပါသောကြောင့် မနက်နံနက် တပည့်တော်၏ အိမ်ဂေဟာသို့ဆွမ်းအလှူခံကြွတော်မူပါကုန်ဘုရား”

ဤသို့ပင်လျှောက်ပြီးနောက် သံဃာတော်များ သီတင်းသုံးရန်အတွက် ဦးတိသကာ မဏ္ဍပ်ဆောက်သည်၊ သဲဖြူခင်းသည်၊ ဆုဇမတ်ကာသည်။ ဒေါသုမနက မီးဖိုချောင်အလုပ်ကို တကုတ်ကုတ်လုပ်နေသည်။ မိုးချုပ်သွားလေပြီ၊ ညရောက်လာ၏။ အိပ်ကြ၏။

ညသန်းကောင်လောက် ဦးတိသ ငေါက်ခနဲ အိပ်ရာထဲက ထလိုက်သော အခါ ဒေါသုမနကနိုးလာ၍ အကျိုးအကြောင်းကို မေးရှာသဖြင့် ဦးတိသကသူမြင်မက်သော အိပ်မက်ဒိဋ္ဌကာကို ချစ်ဇနီးသည်အား ဖောက်သည်ချနေ၏။

“ရှင်မရေ-ငါ့အိပ်မက် အထူးအဆန်း မှတ်တယ်ကွဲ့။”

“ဘယ်လိုမျှားမက်သတုန်း၊ရှင်ငေါက်ခနဲ အိပ်ရာကဆလိုက်တော့ ကျုပ်ဖြင့် လန့်သွားတာပဲတော်၊ပြောစမ်းပါအုံး-ရှင့်အိပ်မက်က ဘယ်လိုဆိုတာ”

“အိပ်မက်က ဆန်းဆို တော်တော့ကို ဆန်းနေတယ်ကွဲ့။ အလျှံနဲ့ညီးညီး၊မီးပုံကြီး ရှစ်ပုံတောင်မှုပဲ၊ ဒို့အိမ်ထဲကို ဝင်လာတယ်လို မဲက်တယ်ရှင်မရဲ့”

“ဟာ-သိပ်ကောင်းတဲ့ အိပ်မက်ပဲ၊ မီးဆိုတာ အရောင်နဲ့ဝင်းဝင်း အမှောင်ခွင်းတဲ့ သဘောပဲ၊ ကျုပ်တို့အိမ် ထိန်လင်းတော့မယ်ဆိုတဲ့ နိမိတ်ပေါ့တော်”

ဒေါ်သုမနက လင်၏အိပ်မက်ကို ဤသို့နိမိတ်ကောက်လိုက်သည်။ဒေါ်သုမန၏ အိပ်မက်တိတ္ထုံသည် အတော်ကလေး ဂုဏ်မြောက်သည်ဟူ၍ ဆိုရပေမည်။အဘယ်ဆိုသော်—

ရောဟနဇမုဒ်"တလာကဏ္ဍယ်"မည်သောရေကန်တော်ကြီး၏ အနီး၌ တောရကျောင်းတကျောင်းရှိ၏။အမည်မှာ လျှောဖြူတော၊ တောရကျောင်းဟုတွင်၏။ ထိုကျောင်း၌"မဟာမွေဒိန္ဒ"အမည်ရှိသော ရဟန္တာအရှင်သူမြတ်တပါး သီတင်းသုံးနေထိုင်တော်၏။ ပန်းပဲဆရာကြီး ဦးထိသ၏ ပင့်လျှောက်သောစကားကို ထိုအရှင်က ဒိဗ္ဗဆောတ နားဖြင့် ကြားလေသောကြောင့် စေတနာသဒ္ဓါတရားကို ချီးမြောက်အံ့၊ အကြံဖြစ်လာသည်။

ထိုသို့အကြံဖြစ်ပြီးနောက် နံနက်ရောက်သောအခါ ထိုအရှင်သူမြတ်သည် မိမိတပါးတည်း ကြွတော်မမူလေပဲ၊မိမိ၏ဥပဇ္ဈာယ်ဆရာဖြစ်သော ဂေါဒတ္ထမထေရ်ကိုဂုင်း၊ မဟာသမုဒ္ဒဝိဟာရ၌နေသော မဟာသံဃရက္ခိတ မထေရ်ကိုဂုင်း၊ ကာလဝေလမ္ပကကျောင်း၌ သီးတင်းသုံးသော မဟာနဂမ္ဗထေရ်ကိုဂုင်း၊ ဥပရိမဏ္ဍလဝိဟာရ၌ နေသော မဟာသံဃရက္ခိတ မထေရ်ကိုဂုင်း၊ ဝေဋ္ဌဟာမ ကျောင်း၌ နေသော ပထဝီစာလဂုတ္တ မထေရ်ကိုဂုင်း၊ဘာဂီရဝိဟာရ ကျောင်း၌နေသော မဟာနာဂမထေရ်ကိုဂုင်း၊ကပ္ပဋိနာဂပဗ္ဗတ ကျောင်းတော်၌နေသော မလယမ္ဗထေရ်မြတ်ကိုဂုင်း အသီးသီးခေါ်ပင့်ခဲ့၍ ကောင်းကင်ခရီးဖြင့် မဏ္ဍလရွာသို့ ကြွတော်မူလာသည်။

ဆွမ်းဒါယကာ ပန်းပဲဆရာကြီးသည်မိမိနေအိမ်မှ ရွာတံခါးဝထိ သံဃာတော်များ ကြွလာမည့်လမ်းတလျှောက်ကို ဖွေးဖွေး

တောက်အောင်သဲဖြူမျှားခင်းပြီး ရွာတံခါးဝမှထွက်၍စောင့်ကြို နေသည်။သံဃာတော်ရှစ်ပါး ကြွတော်မူလာလျှင် ထိခြင်းငါး ပါးဖြင့် ရှိခိုးပြီးနောက် အိမ်သို့ပင့်ကာ ချမ်းသာစွာ သီတင်းသုံး စေ၏။

ဆွမ်းဒါယကာ ပန်းပဲဆရာကြီး ဦးတိသဿသည် ထက်သော စေတနာဗလဝဖြင့် ရှေးဦးစွာယာဂုဆွမ်း ဆက်ကပ်သည်။သည့် နောက် ဆွမ်းမဘုဉ်းပေးမီ အကြားမှ တောဝက်သားကို ပျားသကာနှင့်ရောချက်လှူသည်။ သည်နောက် ဆွမ်းစားသော အခါ တွင်မူကား အထူးစီမံချက်ပြုတ်ထားသော သားပြွမ်းဆွမ်း (ဒန် ပေါက်ဆွမ်း)ဖြင့် လှူဒါန်း ဆက်ကပ်လေသည်။ ရဟန္တာအရှင် သူမြတ်တို့သည်း ဆက်ကပ်အပ်သော သားပြွမ်းဆွမ်း မြိန်ရှက် စွာဘုဉ်းပေး၍ ဆွမ်းအနုမောဒနာပြုပြီး ပြန်ကြွတော်မူလေ၏။

ပန်းပဲဆရာကြီးမှာ လှူဒါန်း လိုက်ရသော သားပြွမ်းဆွမ်း အတွက် တသက်လုံး ဝမ်းသာမဆုံးပင် ဖြစ်လေ၏။ ဤဘဝမှ စုတေ၍ ဘဝသစ်၊ တဖြစ်လဲလာသည့် အနာဂတ်ဘဝ၌ သဒ္ဓါ ကြည်ဖြူစွာဖြင့် လှူခဲ့ဘူးသော ရှေးကုသိုလ်ပုညကျိုးဖလကြောင့် ဒုဋ္ဌဂါမဏိမင်း၏ မိဖုရား၏ ဝမ်းကြာတိုက်ဝယ်၊ ကိန်းပိုက်သန္ဓေ တည်နေရလေ၏။

ကိုးလကိုလွယ်၊ ဆယ်လစေ့၍ ဖွားမြင်သောနေ့ကား ကမ္ဘာ တခွင် ရာဇဝင်တွင် မော်ကွန်းတင်ရမည့် နေ့ထူး ရက်မြတ်တခု ဖြစ်လာသည်။ အဘယ့်ကြောင့် ထိုမင်းသားကလေးကို ဖွားမြင် သည်ဆိုလျှင်ပင် မိုးသည်ရွာနေကျအတိုင်း မိုးရေကိုသူမရွာလေ၊ သီဟိုဠ်တကျွန်းလုံး သလေးစပါးဖြင့်ဖုံးသွားအောင်သလေးဆန်

မိုးကြီး ရွာချလေသည်။ တောင်သူ လယ်သမားများ ဝမ်းစာအတွက် ပုတ်ထဲ၊ကျီထဲ၊ကျထဲ၌ သိုမှီးထားသည့် စပါးများသည်လည်း အသွင်ပြောင်းလဲကာ သလေးစပါးချဉ်းဖြစ်ကုန်လေ၏။

"ဟဲ့ .. ငါချက်တုန်းက ပြောင်းဆန်၊ ခု-ထူးထူး ဆန်းဆန်း သလေးထမင်းတော့ ဖြစ်နေပြီ"

မှန်ပေသည်။ တိုမင်းသားကလေး၏တန်ခိုးကြောင့် ဟူ၍ပင် ဆိုရပေမည်။ ကျီထဲကျထဲ ဂိုဒေါင်တွေထဲ၌သိုလှောင်ထားသော စပါးများသာ သလေးစပါးဖြစ်ကုန်သည် မဟုတ်၊ မီးဖိုပေါ်တယ်၍ချက်နေဆဲဖြစ်သော ပြောင်းထမင်းလူးထမင်း စသည်တို့သည်လည်း အကုန်လုံးဘဝသစ်ဘဖြစ်လဲကာ သလေးထမင်းချည်းဖြစ်ကုန်၏။

"မင်းကြီးများ၊ ငါ၏သားတော်ကား ထူးခြားသော သားတော်ဖြစ်ပေသည်။ သားတော်မိုးရွာသန့်စင်ဖွားမြင်တော်မူလာသည်ဆိုလျှင်ပင် အံ့ဘွယ်ဘနန်း အလွန်တူးဆန်းသော သလေးစပါးမိုးသည်သီဟိုဠ်တကျွန်းလုံးဖုံးအောင်ပင်ရွာခဲ့သည်။ ရှိရှိ သမျှသောအစားအစာ၊စပါး၊ဂျုံ၊လူး၊ပြောင်းဆတ်စသည်တို့သည်လည်း မူလအသွင်ကို ဖောက်၍ သလေးဆန်ဘဝ ရောက်ကြရသည်။ သလေးစပါးကို ပါဠိဘာသာအားဖြင့် 'သာလိ' ဟူ၍ ခေါ်ပေသည်။ "ငါ့သားတော် ဖွားမြင်သောနေ့၌ ဖြစ်ရိုးဖြစ်စဉ်ဓမ္မတာကို ကျော်လွန်၍ သလေးမိုး ရွာသွန်း ခဲ့ပေသည်။ သလေးစပါးသည် စပါးမျိုးတို့တွင် တန်ဘိုးအရှိဆုံး၊အမြတ်ဆုံးဖြစ်၍ထို့နေ့၌သလေးမိုးရွာခြင်းမှာ ကောင်းသောမင်္ဂလာ နိမိတ်ဖြစ်သောကြောင့် ယင်းသည့် သလေးစပါးကို အစွဲပြု၍ ငါ၏သားသော်အား "သာလိကုမာ" ဟုဘွဲ့မည်တော်နာမ သ,တော်

မူလိုက်သည်။ သားတော်အား သာလိကုမ္မာဟု ခေါ်တွင် ကြ
စေ....”

ခမည်းတော် ဒဋ္ဌဂါမဏိမင်းတရားကြီးကိုယ်တော်တိုင် သား
တော်အား သာလိကုမ္မာဟူ၍ အမည်နာမပေးတော်မူ၏။ သာလိ
ကုမ္မာမင်းသား အရွယ် ရောက်လာသောအခါ ခမည်း တော်
ဘုရားက-

မင်းသားတို့၏ အဆောင်အယောင်ဖြင့်တခမ်းတနားမြောက်
စားထား၏။ သာလိကုမ္မာမင်းသား၏ဥပဓိရုပ်လက္ခဏာမှာ သန်
မာသည်။ထွားကျိုင်းသည်။တစ်တစ်ရစ်ရစ် ကျန်လစ်သောအရေ
အသားရှိသည်။ ရုံရှားခြင်းကင်း၍ ရဲတင်းသည်။ သတ္တိတံခွန်
ကြွားကြွားခွန်သော မှင်းသားဖြစ်လေသည်။

ဤသည်တို့ကား သာလိကုမ္မာမင်းသား၏ အပြင်ဗဟိဒ္ဓ ရူပ
လက္ခဏာ၏ ကောင်းခြင်းမျှားသာ ဖြစ်သည်။ အတွင်းအဓ္ဓတ္တ
သန္တာန်ကိုဆိုသော်- သာလိကုမ္မာ မင်းသားသည် ရှေးအတိတ်
ဘဝ ပန်းပဲဆရာကြီး ဖြစ်ခဲ့စဉ်က ဒါနအလှူစိတ်မျှား၊ အရိပ်
အလားကဲ့သို့ ပါလာဟန်တူ၏။အလှူပေးခြင်း၊သီလစောင့်ထိန်း
ခြင်း၊လူတဘက်သားကို သနားကြင်နာခြင်း ဟူသော သဘော
ဓာတ်ခံ၊ မနောကံမျှားက မင်းသားအား ခြံရံခစားလျက်ရှိနေ
၏။အလှူပေးသည်၊ဒါနပြုသည်၊ဥပုသ်စောင့်သည်၊ဤသည်ကား
သူ၏သဘောထားညဉ် ဖြူစင်မွန်မြတ်လှသော ကျင့်ဝတ်ပဋိပတ်
မျှားပင် ဖြစ်ပေ၏။ထို့ကြောင့် သာလိကုမ္မာမင်းသား ရာဇဝင်ကို
ကမ္မည်းတင်ကြရာ၌-

(၁) "ထိုသာလိကုမ္မာမင်းသားကို ဖွားမြင်သောအခါ ၌ သလေးဆန် မိုးရွာသွန်းဖြိုး၏။အလုံးစုံသော ဂျုံ၊ ပြောင်း၊လူး၊ ဆတ်တို့သည်လည်း အသွင်ဖောက်၍ သလေးဆန်ဘဝသို့ ရောက်ကြကုန်၏။ ထိုမင်းသား သည် တန်ခိုးလည်းကြီးမား၏။ ထက်လုံလ၊ ဝီရိယ နှင့်လည်း ပြည့်စုံ၏။ ပညာအားဖြင့် မြေကြီးအထု၊ ရုပ်အဆင်းအားဖြင့် နတ်သားလေးလားဟု ထင်ရ အောင် လှန်စွာဘင့်တယ်သော အဆင်းကို ဆောင် ပေ၏။

(၂) "စကားပြောဆိုလေသောအခါ ထိုသာလိကုမ္မာ မင်းသားသည် ချိုချိုသာသာ၊ နာချင်စဖွယ် ဖြစ် အောင် ပြောလေ့ရှိသည်။ မှန်သော စကားကိုသာ ဆိုလေ့ရှိသည် ဆိုသောအခါ ရှုံ့ရှာခြင်းကင်း ပွင့် ပွင့် လင်းလင်း ဆိုလေ့ရှိသည်။ အလှူအတန်းဖက်၌ ရက်ရောစွာလှူ၏။ စည်းစိမ်အခြံအရံများ၏ သဒ္ဓါ အင်အား ကောင်း၏။ သူခပ်သိမ်းတို့၏ အကျိုးကို သည်ပိုးရွက်ဆောင်လေ့ရှိ၏။

(၃) ထိုသာလိကုမ္မာ မင်းသားကား၊ အဘယ်မျှပင် လှူရစေကာမူ၊ အားရတင်းတိမ်ပြီ ဟူ၍ မရှိ။ သူ၏ မနောဓာတ် အာရုံထုံမွဲ့ ရာကား၊ ရတနာသုံးပါး လျှင်ဖြစ်သာသတည်း။ နေ့စဉ်နံနက်တိုင်း၊ လူဘို့က ၎င်း၊ နတ်တို့ကဌင်း၊ အသပြာတဆောင်တဆောင် မင်းသားအား ဆက်သလာကြကုန်၏။

(၄) ဆက်သအပ်သော ထိုဘဏ္ဍာ အသပြာတို့ကို မင်းသားသည် အလှူစာရင်း၌ ထည့်သွင်း၍ မှတ်သားထားစေ၏။နေ့အခါလွန်မြောက်၍ ညချမ်းအချိန်သို့ ရောက်လာပြန်သောအခါ နေ့တိုင်းပင်ရှစ်ဆယ့်ငါးမျိုးသော ဘဏ္ဍာများ ရရှိပြန်လေ၏။ မင်းသားသည် ထိုဘဏ္ဍာများကိုလည်း အနည်းငယ်မျှတွယ်တာကပ်ငြိခြင်းမရှိ။ သူတောင်းစားတို့အား စွန့်ကြဲဘော်မူ၏။ သာလိကုမ္မာမင်းသားကား၊ အခါခပ်သိမ်းလျှင် ခြွေရံ သင်း ပင်း နှင့် ပြည့်တင်း၍နေသတည်း။

"မင်းကြီးများ၊ရွှေမြို့တော်၏တောင်မျက်နှာမင်္ဂလာ တံခါးအနီး၌ နတ်ထီးနတ်ဘုံတမျှ လှပတင့်ဆန်း အံ့မခန်း နိုင်ဖွယ်ရာသော ဘုံနန်းပြဿဒ်တော်ကြီးဆောက်လုပ်ကြစေ။ ငါ၏သားတော် သာလိကုမ္မာမင်းသားအား အိမ်ရှေမင်းအရာနှင်းအပ်ပြီးလျှင် ထိုပြဿဒ်တော်၌ စံစေအံ့"

အခါတပါး၌ ခမည်းတော် ဒုဋ္ဌဂါမဏိမင်းက ဗိသုကာ အကျော်အမော်များအား ရှေတော်သို့ ခေါ်စေပြီးလျှင် သားတော်စံမြန်းရန်အတွက် တခဲနက်ရှေသားအတိပြီးသော ပြဿဒ်ဘုံနန်းကြီးကို ဆောက်လုပ်ရန် အမိန့်တော် ချမှတ်တော်မူပြီးနောက်၊ ပြဿဒ်တော်ကြီးဆောက်လုပ်၍ ပြီးစီးလေသောအခါ သားတော်မောင်အား ထိုအဆောင်တော်ပြဿဒ်နန်း၌ စံမြန်းစေတော်မူလေ၏။

ဒုဋ္ဌဂါမဏိမင်း စံမြန်းတော်မူသော နေပြည်တော်မှာ အနုရာဓမြို့ဖြစ်၏။ ထိုအနုရာဓနေပြည်တော်၏ တောင်ဘက်၌ ဆန်

စပါးမျိုးထွက်သော မလယဇနပုဒ်ဟူ၍ရှိ၏။ 'မလယဇနပုဒ်သည် ဆန်စပါး အထွက် များသော ပြည်နယ်တခု ဖြစ်သောကြောင့် သီဟိုဠ်ကျွန်း၏ စပါဂျီတလုံးဟူ၍ ထင်ရှား၏။ ကျေးတောသူ ကျေးတောသား၊လယ်ပိုင်ရှင်နှင့် လယ်လုပ်သူ အားလုံး တို့သည် အခွန်အတုတ်များကို နေပြည်တော်သို့သွား၍ဆက်သကြကုန်၏။ မြို့တော်၏ တောင်မျက်နှာ၌ နေကြသူများ ဖြစ်သောကြောင့် မြို့တော်ကို ဝင်လျှင်တောင်တံခါးမှပင် ဝင်ကြကုန်၏။

သာလီကုမ္မာမင်းသား၊ အိမ်ရှေ့စံကိုယ်တော်လေးဘုရား၊ မင်္ဂလာတောင်တံခါးအနီးရှိ စံနန်းတော်၌ စံပျော် တော်မူသော အခါမှစ၍ နေပြည်တော်သို့အခွန်တော်ဆက်သရန်လာသူများသည် သက်ဆိုင်ရာသို့ သွားရောက်ဆက်သခြင်း မပြုကြတော့ဘဲ သာလီကုမ္မာမင်းသားထံသို့ချည်းသာ ဝင်ရောက် ဆက်သခြင်းပြု ကြလေကုန်၏။ မင်းသားလည်း ဆက်သလှာသော အခွန်တော်များကို လက်ခံပြီးလျှင် သံဃာတော်များအား လှူဒါန်းလေ၏။

ယင်းကဲ့သို့ဘုရင့်အား ဆက်သရန် ရည်စူးထားသော ဘဏ္ဍာတော်များပင်ဖြစ်လင့်ကစား၊ သာသီကုမ္မာ မင်းသား၏ ဘုန်းတော်ကြောင့်သူကိုဖူးမြင်ရလျှင်မဆက်သဘဲ မနေနိုင်အောင်ပင် ဖြစ်ကြရသည်ဟုမှတ်ရာ၏။

အခါတပါး၌ ဆိုပြန်သော်.... သာလီကုမ္မာ မင်းသားသည် ဣဿရအမည်ရှိသော ရဟန်းတော်တပါး သီတင်းသုံး နေထိုင်သည့်ကျောင်းသို့သွား၍ ရှစ်ပါးသီလခံကာ ဥပုသ်စောင့်နေ၏။

ထိုအချိန်၌ မလယကျေးလက်၌ နေထိုင်ကြကုန်သောကျေးတောသား တောင်သူ လယ်သမားကြီးတို့သည် ဒုဋ္ဌဂါမဏိမင်းအား ဆက်သရန် လှည်းပေါင်းတရာဖြင့် ဘဏ္ဍာတော်များတင်

ဆောင်၍ ယူလာကြကုန်၏။ လှည်းလမ်းကြောင်းသည် သာလိကုမ္မာမင်းသား ဥပုသ်စောင့်နေသည့် ကျောင်းဘေးမှ ဖြတ်၍ မောင်းသွားရမည်ဖြစ်သည့်အတိုင်း မောင်းလာခဲ့ကြ၍ အဆိုပါ ကျောင်းအနီးသို့ရောက်လေသောအခါ၌ဆိုး လှည်းမှ နွားများသည် မသွားဘဲ ရပ်နေကြလေ၏။

ထိုအခါလှည်းသမားကထုံးစံအတိုင်းကြိမ်တို့မျှ မောင်းသော်လည်း နွားများကလျစ်ကန့်ကန့်လုပ်နေသည်။ ရိုက်ဖန်များလတ်သော်-ထမ်းပိုးကျည်းကို ချိုး၍ နွားများကကန်၍ထွက်ကြလေ၏။ လှည်းသမားက နဖားကြိုးကိုအတင်းဆွဲ၍ လှည်းထမ်းပိုးတွင်းသို့နွားကိုသွင်းသော်လည်း နွားများကအသွင်းမခံ။ ရှုန်းကန်၍နေလေ၏။ နွားတကောင်ကမူ အမြီးထောင်၍ ထွက်ပြေးလေတော့သည်။ ကျောင်းဘေး လှည်းလမ်းကြောင်းပေါ်၌ လှည်းတန်းကြီးအစဉ်လိုက်တစ်နေ၏။

ထွက်ပြေးသွားသော နွားနောက်သို့လှည်းသမားတယောက်ကလိုက်သွားသည်။နွားကရွှေကပြေး၊ လှည်းသမားကနောက်ကလိုက်၊ ကြာသော်-ထိုနွားကား ကျောင်းဝင်းထဲသို့ ဝင်ပြေးလေ၏။ ထိုအချိန်၌သာလိကုမ္မာမင်းသားကား၊ တကိုယ်တည်းဆိတ်ငြိမ်ရာ သစ်တပင်ရင်း၊ဝါးတပင်အောက်ချဉ်း၍ ကမ္မဋ္ဌာန်းတရားပွားများနေဆဲအချိန်ဖြစ်၏။တရားအာရုံ၌ စူးစိုက်စွဉ့်လှုံးသွင်းနေသည့်အခိုက်သူ့ရွှေတွင်ဆိုက်လာသောအာရုံသံကြောင့်မျက်စိဖွင့်၍ကြည့်မိလေသောအခါရွှေကပြေးလာသောနွားနှင့်နောက်မှ လိုက်ဖမ်းနေသော လှည်းသမားကို အံ့အားသင့်စွာတွေ့ရလေ၏။

လှည်းသမားလည်း ကမ္မဋ္ဌာန်းဆိုင်နေသော မင်းသားကိုမြင်လျှင် လက်အုပ်မိုးချီ ရှိခိုးကာရွှေတော်ဝင်၍ ခစားရင်း-

"ကိုယ်တော်ဘုရား၊တရားအားထုတ်တော်မူသည်ကို နှောက်ရာ ကျသဖြင့် ဘုရားကျွန်တော်မျိုးအား ခွင့်လွှတ်တော်မူပါဘုရား" ဟူ၍လျှောက်ထားတောင်းပန်လေလျှင်

"အိုအချင်း၊သင့်အား ငါခွင့်လွှတ်ပေ၏။ သင်တို့ အဘယ်အကျိုးငှာ ဤအရပ်သို့လာကြလေသနည်း"

မှင်းသားကမေးလိုက်လေသည်။သူတို့လာခြင်းကား၊ဒုဋ္ဌဂါမဏိအားဘဏ္ဍာတော်များဆက်သရန်အတွက်ဖြစ်သည် မှန်သော်လည်း မင်းသား၏ဘုန်းတော်ကြောင့်စကားလုံးများ ပြောင်းလဲကာ ဤသို့လျှောက်လေ၏။

"အရှင့်သား၊ကျွန်တော် မျိုးတို့သည် အရှင့်သားတော်အား လက်ဆောင်ပဏ္ဏာ ဆက်သလိုလှု ပါသောကြောင့် ရွှေဖဝါးတော်အောက်သို့ ရောက်ရှိလာခြင်း ဖြစ်ပါကြောင်းဘုရား"

"ကောင်းလေစ့....ကောင်းလေစ့....မောင်မင်း၊ယင်းသို့တပြီးကား၊ပါလာသောလက်ဆောင်မျှားကို ငါ့ထံသို့ဆောင်ယူခဲ့ကြကုန်လော့"

ထိုသို့မိန့်တော်မူလျှင် လှည်းသားတရာတို့သည် ဝမ်းမြောက်ခြင်းပီတိဖြင့် မင်းသားရှိရာ ကျောင်းတော်သို့ ဘဏ္ဍာများကို ယူဆောင်သွားကြပြီး မင်းသားအားဆက်သကြလေသည်။ မင်းသားလည်း ဆက်သလှူသော ဘဏ္ဍာများကို ခံယူတော်မူပြီးလျှင် သံဃာတော်နှစ်သောင်း(၂၀၀၀၀)ကိုပင့်ဖိတ်၍ ကြီးစွာသောအလှူကို ပေးလှူလေ၏။

နံနက်အခါ၌ ဆွမ်းဘောဇဉ်၊ ချိုချဉ်ရသာစုံများဖြင့် ဆက်ကပ်သည်။မွန်းလွဲသော် စတုမခူလှူသည်။ညနေပိုင်းရောက်သော် အဖျော်ယမကာများဆက်ကပ်သည်။သည့်နောက်တွင် ကျောင်းအာရာမ်မြေ(ဂရံ)ကိုပါလှူဒါန်းခြင်းပြုလေ၏။ ဥပုသ်သီတင်း၊သီလဆောက်တည်၍ ရောက်လေရာရာအရပ်၌ လှူဒါန်းခြင်းကား သာလိကုမ္မာမင်းသား၏ ထူးခြားသော ဝသီပင်ဖြစ်လေသည်။

ထိုကဲ့သို့အလှူဒါန၌ မွေ့လျော်၍ စွန့်ကြဲပေးကမ်း၊လှူဒါန်းခြင်းအားဖြင့် သာလိကုမ္မာမင်းသားအဖို့ ကုသိုလ်ပွားများလေသည်နှင့်အမျှ၊ယင်းကုသိုလ်၏ဒဏ်ကို ခံစားနေရသူကား အခွန်ဝန်အမတ်ဖြစ်၏။ တခါက မင်းတရားကြီး မိန့်ကြား၍ အပြစ်တင်ဘူးသော စကားကို နားထဲ၌ အမြဲကြားယောင်ကာ မိမိအသက်ကို ဖက်နှင့်ထုပ်ရမည်ကဲ့သို့ တုန်လှုပ် ချောက်ချားကာ ကြောက်အားပိုနေသည်။

"အချင်း အခွန်ဝန်အမတ်။ သင်၏တောင်မျက်နှာအရပ်ကား အသို့ဖြစ်နေသနည်း။အရှေ့ပြင်၊အနောက်ပြင်၊မြောက်ပြင်အရပ်များမှ အခွန်တော်များ မပျက်မကွက်ဆက်သရောတ်ရှိပါလျက် သင်တာဝန်ကျသော တောင်ပြင်မလယကျေးလက်မှအခွန်တော်များမဆက်မသ ဖြစ်နေသည်မှာ ကြာပြီမဟုတ်လော။ နောင်ဤကဲ့သို့ပျက်ကွက်ခြင်းမရှိရလေအောင်သင်ကိုယ်တိုင်ကြပ်မတ်၍ အခွန်တော်များ ကောက်ခံဆက်သွင်းရမည်"

ဤစကားများကား ဒုဋ္ဌဂါမဏီမင်း၏ နှုတ်ထွက် မိန့်ခွန်းတော် စကားများ ဖြစ်လေရာ၊ သူ့နားထဲကပင် မထွက်ချေ။ သို့သော် သူ့အဖို့ခက်နေသည်ကား ဒုဋ္ဌဂါမဏီမင်းနှင့် သာလို

ကုမ္မာမင်းသားမှာ သားအဖ ဖြစ်နေသောကြောင့် ခက်သည်။ ခက်ရပုံကား....

ဘုရင့်ထံသို့ တောင်ပြင် မလယကျေးလက်မှအခွန်တော်များ မရောက်ရှိခြင်းမှာ သာလိကုမ္မာ မင်းသားအား ဆက်သနေကြသောကြောင့်ဖြစ်၏။ထိုအကြောင်းကို ဘုရင်မင်းမြတ်ထံသံတော်ဦးတင်ချေသော်-မင်းသားကလည်း ကြိုက်ချင်မှ ကြိုက်ပေမည်။ ထို့ပြင် ဘုရင်မှင်းမြတ်က သားတော်အား လွှန်စွာမြတ်နိုးသည်ဖြစ်သောကြောင့် မိမိစကားကို အယုံအကြည်မရှိရုံမက၊ငါတို့သားအဖစပ်ကြား ကုန်းစကားပြောရာသလော ဟူ၍ အမျက်တော် ရှချင်ရှပေဦးမည်။ သည်သားအဖစပ်ကြား အဆင်ပြေအောင် ငါဘယ်လိုခစားရပါမည်နည်း။ယနေ့ဆိုပြန်လျှင်အခွန်တော်နှင့်ပတ်သက်၍ ရွှေနန်းရှင်ဘုရားက မေးလား၊ မြန်းလား လုပ်ပေဦးတော့မည်။ ငါဘယ်လို လျှောက်ရပါမည်နည်း။

ဤသို့တွေးကာ အခွန်တော်အမတ်မှာ အသက်ရှူကျပ်နေ၏။ သူ့အတွေးကား မှန်နေပေပြီ။ဒုဋ္ဌဂါမဏိမင်းတရားက သူ့အား အခွန်တော်အကြောင်းကို မေးမြန်းခြင်းပြုနေပါလေပြီ။

“ထားလျှင်လဲနေ၊သတ်လျှင်လဲသေရပါတော့မည်၊ကျွန်တော်မျိုးမှန်ရာကို သံတော်ဦး တင်ပါရစေဘုရား”ဟူ၍ ပန်ကြားပြီးလျှင် အခွန်တော်ဝန်မှင်းသည် အောက်ပါအတိုင်း ပုဉ့်လင်းစွာ သံတော်ဦး တင်လိုက်လေတော့သည်။

“ကျွန်တော်မျိုး တာဝန်ကျသော တောင်ပြင်၊မလယကျေးလက်မှ အခွန်တော်များ ပျက်ကွက်ခြင်း၊ အလျှဉ်းမရှိစဘူးပါ။ ဆက်သမြဲ အခွန်တော်များကို မပျက်မကွက်ပင် ဆက်သကြကြောင်းပါဘုရား”

"ဒါဖြင့်ရင် သည်အခွန်တော်တွေ ဘယ်မှာလဲ"

"ရွှေနားဆင်တော်မူပါဘုရား၊ ဆက်သသော အခွန်တော်များမှာ သားတော်ထံ ရောက်ကုန်ပါသည်ဘုရား။ ဘုရားကျွန်တော်မျိုးက သားတော်နှင့် မသက်လားကြောင်း၊ ရွှေနန်းရှင်ဘုရားကိုသာ ဦးတိုက်၍ ဆက်သကြရမည် ဖြစ်ကြောင်းဖြင့် အကျိုးအကြောင်း ရှင်းလင်းပြောပြပါသော်လည်း ကျေးတော သားတို့ကား သားတော်ကိုသာ စိတ်ညွှတ်ကြည်ညို၊ သဒ္ဓါပိုကြသည့်အလျောက် သားတော်ကိုသာ အခွန်တော်များ ဆက်သကြပါသည်ဘုရား"

"သားတော်က ကြားဖြတ်၍ အခွန်တော်များကို အတင်းသိမ်းပိုက်လုယူသည်ဟု သင်ဆိုလိုသလော"

"မဟုတ်ကြောင်းပါ ဘုရား။ သားတော်၏ ပယောဂများထိုကိစ္စနှင့်ပတ်သက်၍ လုံးဝမပါပါဘုရား။ ထိုအကြောင်းများကို စောစီးစွာကာလကပင် ရွှေနားတော်သွင်းရန် ဖြစ်သော်လည်း မဝံ့ပါ၍ လစ်ဟင်းခြင်း ဖြစ်ရပါသဖြင့် ခွင့်လွှတ်တော်မူပါရန် လေးမြတ်စွာ အသနားတော်ခံပါသည်ဘုရား"

"ရှိစေတော့မောင်မင်း၊သည်အခွန်တော်တွေကို သားတော်က ဘယ်နေရာမှာ အသုံးချပစ်သလဲ"

"မှန်လှပါ-နေ့စဉ်အလှူဒါနပြုပြီး ဥပုသ်သီတင်း စောင့်သုံးခြင်း ပြုကြောင်းပါဘုရား"

"အိန်း-ကောင်းလေစွ၊သာဓု-သာဓု"

ဒုဋ္ဌဂါမဏိမင်းကား သားတော်အပေါ်၌ အပြစ်တော်မရှလေသည့်ပြင် သာဓုပင်ခေါ်လိုက်ပေသေး၏။ စင်စစ်ဆိုသော် ကျေးတော်သားများက မိမိအား ကြည်ညို၍ ဆက်သလာကြ

သည်ဘဲထား၊အခွန်တော်ဟူသည် မင်းဘဏ္ဍာဖြစ်သောကြောင့် ထိုအကြောင်းကို ခမည်းတော်ထံ အကျိုးအကြောင်း သံတော် ဦးတင်ထိုက်သည်။အသိပေးထိုက်သည်။ သို့ပါလျက် အသိမပေး ခြင်းကား မင်းဘဏ္ဍာတော်ကို ထိန်ဝှက်ထားရာ ရောက်သဖြင့် အပြစ်နှင့်မကင်းချေ။

သို့သော် ဓမတ္တာဟူသည် ခွင့်လွှတ်ခြင်းပင် ဟူသည်ကို ဒုဋ္ဌ ဂါမဏိမင်းက လက်တွေ့သာဓက ပြလိုက်လေသည်။ သို့သော် ဒုဋ္ဌဂါမဏိမင်း စဉ်းစားမိသည်ကား ဤသို့သော ပြုမူချက်ကို ငါခွင့်လွှတ်နိုင်သော်လည်း သာလိကုမ္မာ မင်းသားသည် အခွန် တော်များကို ဖြတ်၍ယူသည်။ ကြာသော်-ခမည်းတော်ကိုပင် ပုန်ကန်ခြားနားကာ တီးနန်းကိုပင် သိမ်းလိမ့်မည်ဟူ၍ လူသူ လေးပါးတို့က သားတော်အပေါ်၌ ကဲ့ရဲ့သင့်ဂိုဟ်၊ စကားတင်း ဆိုကြလိမ့်မည်။ ထိုသို့မဖြစ်ရလေအောင် ငါ့မှာလည်း သိက္ခာ မပျက်၊သားတော်ကိုလည်း မြတ်မြတ်နိုးနိုးအမျိုးမျိုးချီးမြှောက် ရာရောက်သော နည်းတခုခု ငါကြံလေအုံးမှ တော်မည်။

ဒုဋ္ဌဂါမဏိမင်းသည် သားတော်အတွက် အဆင်ပြေသော နည်းဖြင့် တခုခုလုပ်ပေးရန် အကြံထုတ်သည်။ သည့်နောက်ဖြစ် ပေါ်ရရှိလာသော အကြံအရ အကောင်အထည် ဖော်လေ၏။ ရွှေမြို့တော် အနောက်တံခါးအနီး၌ ပြသာဒ်ကြီး တဆောင်ကို ဆောက်လုပ်စေသည်။ပြီးသောအခါသားတော်အား ထိုပြသာဒ် သို့ ရွှေပြောင်းနေထိုင်စေသည်။

ဤနည်းဖြင့်တောင်ပြင်မလယကျေးလက်မှထွက်ရှိသမျှသော အခွန်အတုတ်များသည် သားတော်ထံသို့ မရောက်တော့ဘဲ၊ ဘုရင့်ထံမှောက်သို့ ချောမောစွာ ရောက်ရှိလာလေတော့သည်။

တိုင်းသူပြည်သားနှင့်တကွ မှူးကြီးမတ်ရာ သေနာပတိတို့ကဲ့ပါ မင်းတရားကြီးသည် သားတော်အပေါ်၌ လွန်စွာ ချစ်မြတ်နိုး တော်မူကြောင်း၊ပြဿဒ်ဘုံပျံ အဆင့်ဆင့်ဖြင့်စံစားစေတော်မူ ကြောင်း၊ကောင်းသတင်းသံများ လျှံအောင် ဆိုပြောချီးကျူး ခြင်း ပြုကြလေသတည်း။

သို့သော်-ပြဿနာတခု ပြေသော်လည်း ပြဿနာအသစ်တခု ပေါ်လာပြန်၏။ ရွှေမြို့တော်၏အနောက်ပြင် ကျေးလက်ဇနပုဒ် နေ ကျေးတောသူ ကျေးတောသားတို့သည် ဆက်သမြဲ အခွန် တော်များကို ဘုရင့်ထံ မဆက်သကြတော့ဘဲ သားတော် အိမ် ရှေမင်းသားထံသို့ချည်းသာ ဆက်သနေကြောင်းကို သိရှိရသော အခါ ဒုဋ္ဌဂါမဏိမင်းမှာ ဟင်းကန် သက်ပြင်းကြီးများပင် ချမိ လေ၏။"ဩော်....ဘုန်းကံဆိုတာ တားဆီးလို့ ရတာမျိုးမဟုတ် ပါဘဲကလား"ဟူ၍လည်း စိတ်တွင်းမှရေရွတ်ကာ သားတော်၏ ဘုန်းကို နှလုံးသွင်းမိလေ၏။

တခါသ၌ သာလိကုမှာ မင်းသားသည် ခမည်းတော်ဘုရား ထံ ခွင့်ပန်၍ တောကစားထွက်သွားလေသည်။

သီဟိုဠ်ကျန်းတွင် ဟလ္လောလ အမည်ရှိသောရွာသည် ထင် ရှားသော ရွာတရွာဖြစ်၏။ ထင်ရှားခြင်း၏ အကြောင်းကား ခေါင်း၊လှံကောင်းထွက်သောကြောင့်ဖြစ်လေသည်။ရွာသူ ကြီးသည် ပန်းပဲဆရာကြီးဖြစ်၏။ ပန်းပဲအတတ်တွင်တဖက်ကမ်း ခတ်တတ်မြောက်သူဟု အထူးထင်ရှားသူ ဖြစ်လေသည်။

ထိုဟလ္လောလရွာသူကြီးပန်းပဲဆရာကြီး၌ သမီးကလေး တ ယောက် စိန်ကောင်းကျောက်ကဲ့သို့ ထွန်းပေါက်လျက်ရှိ၏။ အ မည်မှာ"ဒေဝီ"ဟုတွင်၏။မိဖုရားဖြစ်ထိုက်သော ရုပ်လက္ခဏာကို

ရည်ရွယ်၍ မှည့်ခေါ်ထားခြင်းကား မဟုတ်ပေ။သို့သော်-ဒေဝီရုပ်လက္ခဏာမှာ ဒေဝစ္ဆရာ နတ်ကညာအသွင် အလွန်လျင်ချောမောလှပလေသည်။ဒေဝီ တောတွင်းသူကလေးရုံပေါက်ပေမင့် တော်ကောက် မြောက်စားထိုက်အောင် ဂုဏ်မြောက်လှသော အလှ၏ ပိုင်ရှင်ကလေး ဖြစ်ပါ၏။

သို့ပါလျက် ဘယ်အတွက် တောတွင်းသူကလေး ဘဝ ကျရောက်နေဘီသနည်း။နှံနစ်ပတ်တမြားသဖွယ် ဘယ်အတွက် တောနယ်တွင်လာ၍ သန္ဓေတွယ်နေရသနည်း။

"ဝင်္ဂမှာအမြဲ၊ ငရဲမှာအပ"ဟူ၍ စကားပုံတခု ဆိုစမှတ်ပြုကြ၏။ကုသိုလ်ကောင်းမှုပြုလျှင်၊အကုသိုလ်ကို ရှောင်ကြဉ်လျှင် ငရဲမှလွတ်သည်။ ငရဲသို့မလားနိုင်။ ဝင်္ဂမှာမူကား မြဲ၏။ မိမိသဘောအလျောက် နောက်နောက်ဘဝ၌ ဝင်္ဂလိုက်တတ်သည်။ ဝင်္ဂခံရသည်ဟု ဆိုလိုသည်။ ဒေဝီသည် ရှေးဝင်္ဂ ကြောင့်သာ ဤတောရွာ၌ သန္ဓေတည်နေရခြင်းဖြစ်၏။ဝင်္ဂလိုက်ပုံမှာ....

ဒေဝီသည် လွန်ခဲ့သော အတိတ်ဘဝတခုက ဤသီဟိုဠ်ကျွန်း၌ပင် လူဖြစ်ခဲ့၏။ အမည်မှာ သုမနဟုတွင်၏။ သူမိဘနှစ်ပါးက တဦးတည်းခဲ့မြစ်မငြိုးသောသမီးဖြစ်သည်အလျောက်မျှိုမလောက် ချစ်ကြသည်။ ချစ်သည့် အလျောက်လည်း သူ့ကို အလိုလိုက်အကြိုက်ဆောင်ကာ ဖူးဖူးမွှတ်ထားကြသည်။

တနေ့သောအခါ ဖူးဖူးထွတ်ထွတ် ကြည့်တိုင်း ညှာတ်အောင်လှသော အလှသူဌေးမကလေး မယ်သုမနသည် မိခင်နှင့် အတူ "မာလာစကော်ဌက"ခေါ်သောပန်းကပ်ကို ခေါင်းပေါ် ရွက်လျက် ဗောဓိပင်ကိုပူဇော်ရန် သွားလေသည်၊ရောက်လျှင်ဗောဓိ

ယင်ပြင်၌ အမှိုက်သရိုက်များကိုလဲသည်။ လဲပြီးလျှင် ဗောဓိပင်ကို ရေသွန်းရန် မိခင်နှင့်အတူပင် ရေဆိပ်သို့ ရေခပ်သွားသည်။

ရေဆိပ်ရောက်သော အခါ မယ်သုမနသည် ထမင်းဆာလာ၏။ သူညည်ကားစားချင်လျှင်ချက်ချင်းစားရမှ သွားချင်သောလမ်းကို ချက်ချင်းသွားရမှ၊ အိပ်ချင်လျှင် ချက်ချင်းအိပ်ရမှကျေနပ်လေ့ရှိ၏။ ထို့ကြောင့်သူသည် ဆာလောင်မွတ်သိပ်ခြင်းဒဏ်ကို သည်းမခံနိုင်သည့်အလျောက်၊ မိခင်ကြီးရေခပ်နေတုန်း ငြိုးကနဲ အိမ်ကိုလစ်ပြေးလေတော့သည်။

ရေခပ်ပြီးသောမိခင်သည်သမီးကိုမမြင်လျှင်စိုးရိမ်ခြင်း၊ ဒေါသထွက်ခြင်းများပါ ရောဆွေးလာပြီး ရေခပ်ရာက မြန်မြန်ပြန် ဗောဓိပင်ကို မြန်မြန်ရေလောင်း၊ပန်းများကိုလည်း မြန်မြန်ကပ်ပြီး လျှင်မြန်ဖျတ်လတ်စွာ အိမ်သို့ပြန်လာသည်။

အိမ်၌မူကားသမီးသည်ဆာလောင်မွတ်သိပ်လှသောကြောင့် ထမင်းကို ဗျာကသီခူးခပ်ကာ ပလုပ်ပဖလောင်း လှူးနေလေရာ ထမင်းလုံးများသည် မြင်မကောင်းအောင် ယင် တ လောင်းလောင်းနှင့် ကြမ်းပေါ်၌ပြန့်ကျဲနေ၏။

"ဟယ်စက္ကာလအယုတ်မ၊ လူစားတာမှ ဟုတ်ရဲ့လား၊ထမင်းစားတာ သလောက်တောင်ညစ်ပတ်ရသလား၊ ကြည့်စမ်းကြမ်းပေါ်မာထမင်းလုံးတေ"

ဒေါဖောင်းဖောင်းနှင့်ထမီကိုခါးစောင်းတင်၍ဖြန်လာသောမိခင်ကြီးက မြင်မကောင်းအောင် လူးလဲပေကျံနေသော ကြမ်းပြင်ကိုတွေ့လျှင်ထမင်းစားနေသောသမီးအားအထက်ပါအတိုင်း စက္ကာလအယုတ်မဟူသောစကားလုံးကိုသုံး၍ ကြိမ်ဆဲ မောင်းမဲခြင်းပြုလေသောအခါ သမီးမယ်သုမနသည် ထမင်းစားနေရင်း

တန်းလန်းမှ ထောင်းကနဲဒေါသထွက်,ထွက်နှင့် မိခင်ကို ပြန်၍ ပက်လေ၏။

"အမေသာစကွာလ၊ အမေသာသူယုတ်မ။ ကျုပ်စကွာလ မဟတ်ဘး"

ဤသို့စွဲစွဲဝါးဝါး မိခင်ကိုအော်ခဲ့၍ရန်တွေ့လေ၏။ မိခင်ကို နှုတ်လွန်မှ၊ဝစီဒုစရိုက်ကား၊ ကြောက်ဖွယ်ကောင်းလေစု၊ ထိုသို့ မိခင်အား ခွန်းတုန့်ပြန်၍စကွာလမဟု နှုတ်လွန် ထိုးခဲ့မိတွားသော ဝစီကံကြောင့် ဤဘဝ၌ဝစီကံဝင့်လိုက်ကာ စကွာလ လူတန်းစားဘဝ၌ လူဖြစ်လာခြင်းဖြစ်လေ၏။

(မှတ်ချက်။ ။စကွာလ သဒ္ဒါကား၊ အလုပ်ကြမ်းလုပ်ကိုင်သူ ဟူသောအနက်ကိုဟော၏။ပန်းပဲအလုပ်သည်ကြမ်းတမ်းစွာ လုပ်ကိုင်ရသော အလုပ်မျိုး ဖြစ်သောကြောင့် ထို အလုပ်ဖြင့် အသက်မွေးသူများကို စကွာလမျိုးဟု ခေါ်ကြသည်)

အတိတ်ဘဝဟောင်းမှ နှုတ်စောင်းထက်ခဲ့သော မယ်သုမန ဘဝမှဘဝသစ်တဖြစ်လဲ၍ လူလာဖြစ်လာသော ပန်းပဲဆရာကြီး သမီးဒေဝီသည် တောသူတို့ဘဝအလျောက်၊ ဟင်းရွက်ခူးဆီးသီးကောက်ဆိုသလို တောတွင်းသို့ ရောက်ရှိနေ၏။

တောသည် နက်ရှိုင်းလွန်းသည်လည်းမဟုတ်၊ ရှင်းသန့်လွန်းသည်လည်းမဟုတ်။ ကြည့်ကောင်းရုံအနေတော်၊အလှောတော် သာယာသောတော ဖြစ်လေသည်။ ထိုတောကား ဒေဝီသည် အများအားဖြင့်ဟင်းရွက်ခူးစရာရှိလျှင်၊ထင်းခွေစရာရှိလျှင်၊ပန်း ခူးစရာရှိလျှင် ထိုတောဌာသာခူးလေ့ရှိ၏။ယခုဆိုလျှင်လည်း ဒေဝီ တယောက်ကား၊ ထိုတောသို့ရောက်နေပြန်ပြီဖြစ်၏။

ဒေဝီသည်သာမဟုတ်၊အမျိုးသမီးမှန်သမျှ ပန်းလှလှကလေး တွေ့မြင်လျှင်အငန်းမရ,လိုချင်ကြ၊ နှစ်သက်ကြ၊ ပန်ဆင်လိုကြသည်မှာ ဓမ္မတာပင်ဖြစ်လေသည်။ ဒေဒီသည်ထိုတောအုပ်တွင်းရှိ သော်ကပင်တပင်အောက်သို့ ရောက်သွားသောအခါ သူ့မျက်လုံးများကား သော်ကပင်ပေါ်ငယ်ပျားပိတုန်းသဖွယ်ဓဲနေတော့၏။ သော်ကပန်း၏အလှကား သူ့အားဖိတ်ခေါ်နေတော့သယောင်ယောင်၊တပျံ့ပျံ့ထုံနေသောဂန္ဓာရုံများကသူ့အားနှုတ်ဆက်နေတော့သလိုလို၊ဒေဝီသည် အတော့်ကိုကြည်နူးနေ၏။

ဇတာ၏သမီးမျိုတယောက်ဖြစ်သည့်အလျောက် ဒေဝီသည် သစ်ပင်တက်ရာ၌လည်း ကျင်လည်လှသည်။သူသည်သော်ကပန်းများကို လည်တကြွေ့ကြွေ့နှင့်မော့ရှုကြည့်ပြီးနောက် ရုတ်တရက်ပင် သော်ကပင်ပေါ်သို့ တက်သွားလေသည်။ သော်ကပန်းနှင့်ဒေဝီ။ ဒေဝီနှင့်သော်က သစ်ပင်ပေါ်၌ လနေနှစ်ဆူလိုအပြိုင်မူ၍နေတော့သည်။

တောကစားထွက်လာသော သာလိကုမ္မာ မှင်းသားကား၊ အခြားသောမင်းများကဲ့သို့ သားကောင်ပစ်၍ လက်တဲ့စမ်းရန် ထွက်လာခဲ့ခြင်းမဟုတ်၊ တောတောင်တို့၏ သာယာသောရှုခင်းများကိုရှုစားတော်မူလိုလှသည်တကြောင်း၊ ၎င်းပြင် နန်းတွင်း၌နေရသည်မှာ ညောင်းညာ၍ အညောင်းဆန့်တော်မူလိုသည်ကတကြောင်း၊ ဤအကြောင်းများကို ဦးတည်ချက်ဖြင့် နေပြည်တော်မှထွက်ခွာလာခဲ့ခြင်းဖြစ်ရာ၊ ယခုအခါတွင်မူ၊ ဒေဝီရောက်ရှိနေသော တောအတွင်းသို့ ချဉ်းနင်း ရောက်ရှိလာပြီ ဖြစ်၏။

သာလိကုမ္မာမင်းသားသည် မျက်စိနှစ်ပေါက်ဖြင့်တောတွင်းတလျှောက်၊ သာယာသော ရှုခင်းများကို လျှောက်ကြည့်ရာမှ

သော်ကပင်အောက်သို့ ရောက်သွားလေသောအခါ သူ၏ မျက်လုံးအစုံမှာမျက်ကြောသေသကဲ့သို့ဖြစ်ပြီးသစ်ပင်ပေါ်ကိုမမှိတ်မသုံးမော်၍ ကြည့်နေလေသည်။

သော်ကပင်ပျံထက်မှ ကြက်သေ,သေနေသော မျက်လုံးရှင် သူကား ဒေဝီသာလျှင် ဖြစ်၏။ သူတကြိမ်တခါမျှ မမြင်ဘူး၊ ပြောင်လက်ဘောက်ပ အရောင်ကြွနေသောမင်းသားတို့၏ဝတ်စုံကို ဆင်မြန်းထားသူက သူ့ကို မော်ကြည့်နေသောကြောင့်.... ဒေဝီသည်တဆတ်ဆတ်တုန်နေသည်။ ဆင်းပြေးရမှာသည်းခက်သည်။ အော်ရန်ကိုပင် သတိမရ။ချော်၍လိမ့်မကျရအောင်သစ်ကိုင်းကိုလက်ဖြင့် မြဲမြံစွာ ဖက်ထားလျက်မှ ရှဲ့ကြောက်မျက်လုံးဖြင့် မင်းသားကိုစိုက်ကြည့်နေမိသည်။

သာလိုကုမ္မာသည် ဒေဝီကို အဘန်ကြာအောင်မော်၍ကြည့်နေရင်းမှ ဝမ်းတွင်း၌စိတ်သူပုန်များက အုံကြွ၍ ထလာကုန်လေ၏။ ရွှေနန်းဆောင်၌ ရွှေသန်းထောင်မျှသော အချောအလှတွေကို ဒေဝီလောက်လှသည်မထင်။ ရက်ရက်စက်စက် ချောလှပါကလားဟုယောင်၍ပင်လက်ဖျားခါမိသည်အထိဒေဝီ၏ရူပါရုံကြွေကွင်း၌ လည်စင်း၍အမိခံနေရပြီဖြစ်၏၊ ရဂုံပေါက်ပေမင့် တော်ကောက်ထိုက်ပေသည်ဟူ၍ ဝမ်းတွင်းနှလုံးဖြင့် ဆုံးဖြတ်လိုက်ပြီးနောက်သော်ကပင်အောက်မှနေ၍ဂါထာပေါင်း(၁၁)ခုတို့ဖြင့် မေးမြန်းခြင်းပြုလေ၏။ တနည်းအားဖြင့်ဆိုသော် အိမ်ထောင်ရှိ-မရှိသိုအောင် ပထမစုံစမ်းပြီးမှ ဒုတိယဆင့်အနေဖြင့် လူပျိုစကားပြောသင့်က ပြောရန်ဖြစ်လေသည်။

(၁) သော်ကပင်ထက်မှာ ရွှေသမင်းကြီး ထွက်သလို၊ ကြက်သရေမင်္ဂလာ ရှိလှစွာသော အာဘယ်ချစ်နှမ။

သိလိုရေးနှင့် မေးပါရစေလား ကွယ်၊ ခွင့်ပြုပါ။ အသင်ဟာ ဘယ်အရပ်၊ ဘယ်ရွာ၊ ဘယ်ဌာနက ဖြစ်ပါသလဲ။ သင်၏သွင်ပုံလက္ခဏာ၊ ရူပါအဆင်းကို၊ ရှုစားရခြင်းအားဖြင့် အသင်ဟာ လူသားမှဟုတ်ပါလေစ၊ တုဿီတာ ဘုံရဝေက၊ ဒေဝစ္ဆရာ၊ နတ်ကညာများလေလားကွယ်။ ချစ်နှမဟာ-ဘယ်အမျိုး၊ ဘယ်အနွယ်၊ ဘယ်သူဖြစ်ပါသလဲ။ ဘူမိပထဗျာ၊ ဤမြေလွှာကြီးပေါ်မှာ အသင်ကဲ့သို့အလှမကိုဋ္ဌ၊ လှတံခွန်စိုက်သသူကို၊ တခါဘူးမျှ ကျွန်ုပ်မမြင်ဘူးပါ”

(၂) “အဘယ်ချစ်နှမ၊ သင်၏ဖဝါးခြေနု နှစ်ခုသည် ကားဆိုလျှင် ကြာကဲ့သို့နီထွေးပြီး၊ အညစ်အကြေးကင်းကာ နူးညံ့လှပါပေ၏။ ရွှေလိုဝင်းမှည့်ပြီးဖြောင့်စင်းသော သင်၏ခြေသလုံးအစုံသည်လည်း၊ ရဂုံမြိုင်စောင်းက ရွှေဥဒေါင်း မင်း၏ လည်တိုင်များလေလားဟု ကျွန်ုပ် မျက်စိများ မှားမတတ်ပင်ရှိရပါတော့သည်”

(၃) “အို....သော်ကငွေလ၊ ချစ်နှမ။ အရင်းကြီး၍ အဖျားသွယ်၊ တင့်တယ်ရောင်လျှံ၊ နှစ်ခုသောပေါင်တံကလေးများက ဆိုပြန်သော်— ရွှေသားမလှိုင်၊ ရွှေပွတ်လုံးတိုင်များနှင့် အလားတူပေ၏။ တိုင်းထွာအပ်သည်ရှိသော်-သင်၏ကိုယ်အလယ်ပိုင်းဟုဆိုအပ်သော အရပ်သည် ခါးသေး၍ ရင်ချီပြီးလျှင် ကြည့်မငြီးအောင် အလွန်ပင် တင့်တယ်လှပါပေသည်”

(၄) ရှုမြင်မဝသော အဘယ်ချစ်နှမ။ပမာဆိုသော်-သင်၏ရူပါရုံသည် ယမုန်သီတာ၊ မဟာသမုဒ္ဒရာကြီးနှင့်တူပေ၏။ ငါ၏စိတ်ရိုင်းကား လှိုင်းတံပိုးမျှားကြားဝယ်၊ မြူးတူးပျော်ပါးနေသည့် ရေနတ်နဂါးနှင့်တူပေ၏။ သင်၏ရူပါရုံဘည်းဟူသော ယမုန်အဏ္ဏဝါ၊ မဟာသမုဒ္ဒရာကြီး အတွင်း၌ ငါ၏စိတ်နဂါးသည် လှုပ်ရှားကြွကြွ၊ လိုင်းလုံးကြီးတွေထသကဲ့သို့၊ တရှုရှုဖြစ်နေပါ၏။ မျှင်မျှင်သေးသေး၊ ရှုနှုန်းခြည်ပြေးသကဲ့သို့သော အရေးသုံးသွယ် သည်လည်း သင်၏မဟာနဖူးဝယ်၊အထူးပင် တင့်တယ် လှပါပေသည်”

(၅) “အဘယ်ချစ်စွာသော နှမငယ်။ သင်၏ရူပခေါ်သောအဏ္ဏဝါဘွဲ့ကျွန်းသဖွယ်ဖြစ်ထွန်းမို့မောက်နေသောရှေရင်အုံကလည်း တမျိုးတဖုံ တင့်တယ်၍နေပါသည်။ အသားမြတ်ခေါ်သော ရင်အုံနှစ်ခုပေါ်၌အဖုနှစ်မြွာ၊ လုံးဝန်းညီညာသော သားမြက်အစုံသည်လည်း၊မျှစ်စို့၏ပုံ၊ငှက်ပျောဖူးငှက်ပျောငုံတမျှ၊လွန်စွာပင် တင့်တယ်လှပါပေသည်”

(၆) “အဘယ် ချစ်စွာသော နှမငယ်၊ သွယ်ပျောင်းသောလက်ချောင်း၊ လက်မောင်းတံ မျှားဖြင့် တန်ဆာဆင်၍ ထားအပ်သော သင်၏ လက်ရုံးနှစ်ဘက်သည်လည်း အတိုင်းထက်အလွန် တင့်တယ်လှပါပေသည်။ကောင်းစွာ ဖြစ်တည်လာသော ရှေကွန်ချာနှင့်လည်း တူပေ၏။ သစ်ပင်၏ မြစ် ပျဉ်း အလား၊ အလွန်လည်းအားကောင်းလှပါ၏”

(၇) "အဘယ်ချစ်လှစ္ဆာသော နှမငယ်၊ပမာဆိုသော် နဝင်ပီယံ၊ချိုသာသောသင်၏အသံကား၊ အလျှံတွေ စုနေသည့် ရောင်ခြည်နှင့်တူပါသည်။ ငါ၏စိတ်များ မှာမူ၊ကုဏ္ဍလာအိုင်နန်းက ကြာပန်းနှင့် အလားတူ ပါ၏။ ပဒုမ္မာကြာတို့၏ သဘောမှာ နေရောင်ဝါ သင့်လျင် ပွင့်မြဲဖြစ်ပါသည်။ ထို့ အတူ ရှင်သော ရောင်ခြည်နှင့် ရောပြီး လွှင့်လိုက်သည့် သင့်အသံ ကလေးများ လွှင့်မြူးလာစဉ်၊ကြာဖူးကြာငုံနှင့် ပုံစံ ချင်းတူလှသော ငါ၏စိတ်များမှာ၊ ငွါးငွါးစွင့်စွင့်၊ ပွင့်၍,ပွင့်၍သာ လာနေပါတော့သည်"

(၈) "အဘယ်ချစ်နှမ၊ ဘကြိမ်လောက် ပြုံးလိုက်သည် ရှိသော်-သင်၏ဖွေးနေသောသွားကလေးများသည် ပတ္တမြားရောင်သန်းနေသည့် နှုတ်ခမ်းနှစ်လွှာကြား၌ သခွါးသီးမှည့် အစေ့ကလေးတွေ စီထားသည့်ပမာ၊ လွန်စွာပင် ကင့်တယ်လှပါပေသည်"

(၉) "အဘယ်ချစ်နှမ၊ နှစ်လိုဘွယ်ရာ၊ မင်္ဂလာစံအိမ်၊ ထိန်ထိန်ပလျှမ်းသည့် မဏ္ဍပ်နန်း အနား၌ စိုက်ထူ ထားအပ်သော တံခွန်တိုင် ဖျားဝယ်၊ လေကစား တိုင်း၊ ကြွားကြွား လွန်နေသော တံခွန်တို့သည်၊ နီးဝေးမဟူ၊ရှုစားလိုသူတို့အား၊ပျူပျူငှါငှါ၊ကြည့် လှည့်ပါကုန်၊ ရှုလှည့်ပါကုန်ဟု၊ ခေါ်တုံနေဘိသကဲ့ သို့ ထင်ရကုန်၏။ ထို့အတူ၊မဟူရာရောင်၊ ညိုမှောင် မည်းနက်သော သင်၏မျက်ခုံး နှစ်ဘက်တို့သည် လို လားနှစ်ခြိုက်၊သည်းခြေခိုက်အောင်၊ ကြိုက်နေသူတို့

အား၊ကြည့်လှည့်ပါ၊ရှုလှည့်ပါဟု၊ သံသာကြူးဟစ်၊ မျက်စပစ်၍ ဟစ် ကြွေး ကာ၊ ခေါ်နေယောင်ပါ တကား”

(၁၀) “အဘယ်ချစ်နှမ၊ညို့သန်းသောသားလို့ဓားကဲ့သို့ သင်၏ဆံပင်များသည် အဖျားညွှတ်ကော့၍ကြွေ့ နေပါ၏။ကျိုင်္ဂက်အတောင်များကိုတပေါင်းတည်း ပြု၍ စုစည်းထုံးဖွဲ့ထားသည်နှင့်တူပေ၏။ စပယ်နှင့် နှင်းဆီ၊ အလီလီတို့ဖြင့်။ ကေသီခေါ် ဆံမကိုင်၍ပန် စိုက် ဆင်မြန်းထားထဖြင့်ကြွားကြွားဝင့်ဝင့် လှုပ်ကြွ် မြင့်လှပါပေသည်”

(၁၁) “အဘယ်ချစ်နှမ၊ကျေးဇူးပြု၍သင်၏ အမည်နာမ ကို ငါ့အား ပြောပြပါလော့။ သင့်မိသင့်ဖတို့သည် လည်း မည်သူမည်ဝါဆိုတာ သိပါရစေ။ဆိုမှတပါး ကာမပိုင်သခင်၊ ခင်ပွန်းလင်ရှိမရှိ။ အဲဒါကိုလဲ သိ ပါရစေ။တဆိတ်စာကလေးဝန်မလေးရင်ဖြင့်အဖြေ ပေးစေလိုပါသည် ချစ်နှမ....”

မရှက် မကြောက် သော်ကပင် အောက်က မေးနေသော မင်းသား၏ အမှုအရာနှင့် ပျူပျူငှာငှာ မေးခွန်းလွှာကို ကြား ရသောအခါ ဒေဝီခမျာမှာ ဒီတခါသာဒီစကားမျိုး၊ဒီအပြော မျိုး ကြားရဘူးသည်ဖြစ်သောကြောင့် မည်သို့အဖြေ ပေးရမှည် မဘိဘဲ သူ၏သဲရင်အုံမှာနတ်ကျသလိုတုန်နေ၏။ ရေငုံနှုတ်ဆိတ် ပစပ်ပိတ်ပြီး၊ တေတေကနိတ်လို့ကလည်း မလျော်၊ သော်ကပင် ပေါ်က ဒေဝီတယောက်။ သစ်ပင်အောက်က မင်းသားအတွက် အဖြေလွှာမဆက်နိုင်သေးဘဲ ကြောင်ငေးငေးဖြစ်နေလေသည်။

မင်းသားကလည်း ဇဲ့ကောင်းလှုပါဘိသည်။ မျက်ထားတော်ရှင်ရှင်ဖြင့် အဖြေမရမချင်း တွင်တွင်သာမေးနေရကား၊ ဒေဝီတယောက်အောက်သို့ဆင်းရမှာလည်းအခက်၊ အထက်သို့တက်ပြေးရမှာကလည်းမဝံ့သည့်အဆုံး၌ မချို့မပြုံး ပင်ကိုယ်မျက်နှာထားဖြင့် မင်းသားအတွက် သော်ကပင် ထက်မှပင် အဖြေလွှာဆက်လိုက်ရှာလေ၏။

(၁) "အရှင့်သား-အကျွန်ုပ်ကား၊ ဟလ္လောလရွာက သူကြီးသမီးဖြစ်ပါသည်။ ခွန်အားစိုက်ထုတ် အလုပ်ကြမ်း လုပ်ရပါသော ပန်းပဲသမား၏ သမီးပါအရှင့်သား။ အလုပ်ကြမ်းကို လုပ်ရသူ ဖြစ်သောကြောင့် စက္ကာလမျိုးဟု ကျွန်ုပ်ကို အများက သိနေကြပါသည်။

(၂) "အံ့ရှင့်သား....ကျွန်တော်မမှာ ကာမပိုင် သခင်ခင်ပွန်းလင် မရှိသေးပါ၊ ကျွန်တော်မကို စောင့်ရှောက်မြတ်နိုးမေတ္တာစိုးမည့်သူမရှိသေးပါ။သို့လာ၊ သို့သွား၊ သို့စား၊သို့အိပ်၊သို့နိုပ်၊သို့နှယ်၊ သွယ်သွယ်ခိုင်းတတ်၊ အပြစ်ဒဏ်ခတ်မည့်သူလည်းမရှိသေးပါ။ ခေတ္တခင်ပွန်း၊ ပေါင်းဖက် ကျွမ်းသူလည်း မရှိသေးပါ။ ကျွန်တော်မ၏ အမည်ကိုတော့ ဒေဝီဒေဝီလို့ အများက ခေါ်ကြပါသည်အရှင့်သား"

ဒေဝီသည် အလွန်ရိုးသားသော ကျေးတောသူကလေးပီပီ၊ မိမိ၏ဘဝနှင့် မျိုးရိုးဇာတိကိုမကွယ်မထောက် ဖြောင့်မှန်သော အာတိုင်း မင်းသားအား လျှောက်ထားလိုက်လေ၏။

ထိုအခါ သာလိကုမ္မာမင်းသား၏ အသဲနှလုံးပေါ်သို့သံတုံးကြီးသဖွယ်၊ဝုန်းကနဲကျရောက်လာသည်ကား ဇာတ်၊ (၀၂)လူမျိုးရေး (၀၂) မတူသော အဆင့်အတန်း ခြားနား ချက် ကြီး ဖြစ်သတည်း။ သူကဘုရင့်သား၊ဒေဝီတောတွင်းသူ၊ အဆင့်အတန်းချင်းမတူသည်ကို သူသည် သတိမမူမိနေလေသည်။

သို့သော် မင်းသားသည် ဇာတိ၀ါဒ ဇာတ်နိမ့် ဇာတ်မြင့်၊ အဆင့်အတန်းဟူသည်ကို သူအယုံအကြည်မရှိ၊ဘုရင့်မျိုးပင်ဖြစ်စေ၊ဆင်းရဲသားမျိုးပင်ဖြစ်စေ၊ လူသည်လူသာဖြစ်သည်။ လူလူချင်း တူညီသောအဆင့်၌ အတူတကွရပ်တည်လာသူချည်း ဖြစ်သောကြောင့် အဆင့်အတန်းခြားနားခြင်းမရှိ၊သာတူညီမျှသာဖြစ်ကြသည်ဟု အယူရှိသည့်အလျောက်၊ ငါလဲလူ၊ ဒေဝီလဲလူဟူ၍ မဟေသီမြောက်ရန် ရွယ်စူးဆုံးဖြတ်လိုက်၏။

ထို့ကြောင့် သာလိကုမ္မာ မင်းသားသည် စက္ကာလမျိုး တောတွင်းသူဒေဝီကိုလွန်စွာမြတ်နိုးတော်မူသည့်အလျောက်သိမ်းပိုက်တော်မူပြီးလျှင် နေပြည်တော်သို့ ခေါ်ဆောင်လာခဲ့လေ၏။

“ဟယ်....ဖြစ်မှဖြစ်ရက်၊ ဒို့အရှင်သခင် သာလိကုမ္မာ အိမ်ရှေစံကိုယ်တော်ကလေးသည် စက္ကာလမျိုး တောတွင်းသူ ရဂုံပေါက်ကို မိဖုရားမြောက်ဖို့ ခေါ်ဆောင်တော်မူလာသတဲ့”

မင်းသားနေပြည်တော်သို့ရောက်လာသောအခါ ဤသတင်းဂယက်ကားတောမီးကဲ့သို့ကူးစက်ကာရုတ်ချည်းဆိုသလိုပင်ပျံ့နှံ့သွားလေ၏။ ဒုဋ္ဌဂါမဏိမင်းကြီး၏ နားသည်လည်း မကြားလိုသော သတင်းစကားကို ကြားတော်မူနေရလေ၏။

ထိုအခါ ဒုဋ္ဌဂါမဏီမင်းကြီ-သည် နန်းတွင်းသူ ကျွန်ယုံတော်တဦးအား မိမိ၏ဆန္ဒကိုဖော်ပြပြီးလျှင် သားတော် သာလိကုမ္မာ မင်းသားထံအချိန်မှီစေလွှတ်၍အပြောခိုင်းလိုက်လေ၏။

ကျွန်ယုံတော်နန်းတွင်းသူလည်း မင်းမိန့်အတိုင်းသာလိကုမ္မာ မင်းသားထံသွားရောက်ခ,စားကာ ခမည်းတော် အမှာတော်ရှိလိုက်သည့်အတိုင်း မင်းသားထံပြန်ကြားလေ၏။

"အရှင့်သား၊ အရှင့်သား၏ ခမည်းတော်ဘုရားက စေလိုက်သဖြင့်ခြေဖဝါးတော်အောက်သို့ရောက်ရှိလာရခြင်းဖြစ်ပါသည်။ အရှင့်သား၏ခမည်းတော်ဘုရားက မှာကြားတော်မူလိုက်သည်မှာ"အရှင့်သား မြတ်နိုးတော်မူရာ မင်းမျိုး၊ပုဏ္ဏားမျိုးမှအမျိုးသမီးကညာများကို လက်ညှိုးညွှန်တော်မူလျှင် အရှင့်သားတော်၏ဆန္ဒတော်အတိုင်းခမည်းတော်ဘုရားကစုလျှားဘိသိက်သဘင်ဆင်ယင်ပေးတော်မူမည်"ဟု အမိန့်တော်ရှိလိုက်ပါသည်။မိမိနှင့်ဂုဏ်အဆင့်အတန်းချင်းမတူသောတောတွင်းသူစဏ္ဍာလမကိုစွန့်တော်မူစေလိုကြောင်း၊ ရာဇမျိုးရိုးဂုဏ်သိက္ခာကိုညှိုးနွမ်းအောင်မပြုသင့်ကြောင်းများဖြင့် အတန်တန်သတိပေး မှာကြားလိုက်ပါသည်အရှင့်သား"

ထိုစကားကို ကြားရသောအခါ ဒေဝီသည် သိသိသာသာပင် မျက်နှာပျက်သွားလေ၏။ ဒေဝီမျက်နှာ ပျက်သွားသည်ကို သိသည်ဖြစ်စေ၊မသိသည်ဖြစ်စေ၊ သာလိကုမ္မာ မင်းသားကား သူ၏ဆုံးဖြတ်ချက်နှင့် သူ၏ဆန္ဒကို ခမည်းတော်ဘုရားသိရှိတော်မူနိုင်ရန် ဤသို့ပြန်ကြားလိုက်လေ၏။

"ဟယ်....အမိနန်းတွင်းသူ၊စားလိုသော ဆန္ဒရှိသူသည် စားလိုသောအခိုက်တွင် မှည့်ရွဲနေသော သလဲသီးကို စားရပြီးဖြစ်

ပါလျက်၊မသန့်သော အမှိုက်တောဌ်ပေါက်၍ကြီးသည့် သခွါး သီး၊ ဖရဲသီးကို ကြွေးလှာသော်- အဘယ်မှာ သုံးဆောင် ပခြိမ့်နည်း။ထို့အတူ ဘုန်းကံသမ္ဘာ၊ ပါရမီအထူးရှိသော မိန်းမ ဉာဏ်ဌာ၊မိန်းမမြတ်ကို ရရှိထားပြီးသော ငါ့အား ပါရမီသေးနုံတ် လှသည့် အနုတ်စုတ်၊ ဂုတ်စုတ်မိန်းမများကို ပေးလှာသော်ငြား လည်း ကြာတောသည် လရောင်နှင့်တွဲ၍ မပွင့်လေနိုင်သကဲ့သို့ ထို့အတူလျှင် ငါ၏စိတ်ဝမ်းကို အဘယ်မှာလျှင်ချမ်းမြေ့စေနိုင်ပါ မည်နည်း။ခမည်းတော်ဘုရားအား ငါ၏ဆန္ဒကို ဤအတိုင်းသာ လျှောက်တင်လိုက်ပါဘိ" ဟူ၍ မှာကြားကာ ပြန်လှတ်လိုက် လေ၏။

ထိုနန်းတွင်းသူလည်း မင်းသားကမှာထားလိုက်သည့်အတိုင်း ပင် မင်းကြီးအား လျှောက်ထားခြင်း ပြုရလေ၏။ထိုအခါ ဒုဋ္ဌ ဂါမဏိမင်းကြီး၏ သန္ဓာန်၌ ပြင်းစွာသော နှလုံးမသာယာခြင်း ဖြစ်လာလေသည်။ ဤတောတွင်း သူမအား မိဖုရားမြှောက်ခဲ့ သော်.... ပြည်ထောင်ချင်းချင်း၊ မင်းပရိသတ်တို့၏ အလယ်၌ အရှက်ကွဲမည့်အရေးကိုတွေး၍စိုးရိမ်လာသည်။တကြောင်းအား ဖြင့်လည်းရှေးဘေးလောင်းတော်မင်းမျိုးတို့၏ မင်းမျိုးချင်းသာ လက်ထပ်ခြင်း အစဉ်အလာ၊ အိမ်ထောင်မှုခန်း၊ ထုံးတမ်းစဉ် လာကိုဖျက်ဆီးရာကျမည်။ သားတော်မှာလည်းအလှန်ချစ်မြတ် နိုးသောသား၊ တဦးတည်းသော သားတော်ဖြစ်သဖြင့် ထိုကိစ္စနှင့် စိတ်လက်ညစ်နွမ်း၊ သားတော် မရှင်မလန်း ဖြစ်မည့်အရေးကို လည်းတွေး၍ပူမိလာသည်၊တဟင်းဟင်းနှင့်သက်ပြင်းကြီးချခြင်း ဖြင့်သာလျှင် ထို ပြဿနာအတွက် အဖြေ ရှာ၍ နေရလေ သည်။

နောက်တွဲင် ဒုဋ္ဌဂါမဏိမင်းကြီးသည် မှားလည်းအတူ၊ မှန်လည်းအတူ ဆိုသကဲ့သို့ ပုဏ္ဏားများထံမှ အကူအညီကို ယူလေသည်။ပုဏ္ဏားများကို တောတွင်းသူမ၊ စဏ္ဍာလ ဒေဝီထံသို့သွားရောက်၍ အကဲခတ်စေသည်။

"အချင်းဆရာ ပဏ္ဍိတ် ပုရောဟိတ်တို့။ ငါ၏သားတော်ကား အသိဉာဏ်ခေါင်းပါးသူ မဟုတ်ခဲ့။ မိန်းမကို မမြင်ဘူးသူလည်း မဟုတ်ခဲ့၊ယခုသူသည် တောတွင်းသူမ ယူလာရုံမဏ၊တောတွင်းသူမအား အတော်ကလေးအမှန်းတင်၍ပင် ဆိုပချေသည်။သူဆို ထိုက်၍ပင်ဆိုခြင်းလော။သို့မဟုတ် မ,စိတ်မှန်၍စကားကိုအလွန် အကျံ့သင်းပြောလေသလော ဆိုသည်ကို သိရအောင် အတွင်း ကျကျလေ့လာစုံစမ်းပြီးလျှင် ငါ့ထံအမြန်သံတော်ဦးတင်ရမည်"

ဤအမိန့်တော်အရ ပုဏ္ဏားတော်များသည်သာလိကုမ္မာမင်းသား၏ စံအိမ်တော်သို့ ရောက်သွားကြပြီး မင်းသားနှင့် စကားစမြည်ပြောရင်းမှ ဒေဝီကို တဖျတ်ဖျတ်နှင့် ဓာတ်ပုံရိုက်ယူဘိသကဲ့သို့ ပြောဆိုပုံ၊နေထိုင်ပုံများကို အကဲခတ်၊ မှတ်သားခဲ့ကြလေ၏။မှတ်သားခဲ့ပြီးလျှင် မင်းကြီးထံ ဤသို့သံတော်ဦးတင်ကြလေကုန်သတည်း။

"မြတ်သောမင်းကြီး။ အရှင့်သားတော် သာလိကုမ္မာ၏ ကြင်ယာတော် အမျိုးသမီးကို အမိန့်တော်အတိုင်း၊ကျွန်တော်မျိုးတို့ စေ့စပ်စွာအကဲခတ်လာခဲ့ကြပါကုန်သည်ဘုရား။ ထိုအမျိုးသမီးကား အရှင့်သားတော် ပြောသကဲ့သို့ပင် ပညာကြီးသူလည်းဖြစ်ပါ၏။ဘုန်းသမ္ဘာလည်း ကြီးမားလှပါ၏။ အလွန်

ကြည်လင်ပြီး တောက်ပ သော်မျက်လုံးလည်း ရှိပါ၏။ လုံးကျစ်၊ ဖွံ့ထွားသော အသားအရေလည်း ရှိပါ၏”

“မြတ်သောမင်းကြီး။ အရှင်မင်းကြီး၏ ချွေးမတော်ကား၊ မိန်းမမြတ် တဦးပါတည်း။ သူ၏ခြေတို့သည် ကြာပွင့်ဖမာ၊ လွန်စွာနူးညံ့လှပါကုန်၏။ လုံးဝန်းသော လက်ချောင်းများ ရှိပါကုန်၏။ချိုပ်ရည်ဖြင့်ဆိုးထားဘိသကဲ့သို့ နီထွေးသောခြေသည်းလက်သည်းလည်း ရှိပါကုန်၏။ စိန်လုံး ကလေးတွေ့ကို စီထားသည့်အလား ဖြူဖွေး ညီညာသော သွားများလည်း ရှိပါကုန်၏”

ဗြဟ္မဏမလွိုတ်၊ပုရောဟိတ်တို့သည် အင်္ဂဝိဇ္ဇာအတတ်ဖြင့် မိမိတို့မြင်ကြသည့်အလျောက် ဒေဝီ၏ ဂုဏ်ပုဒ်များကို ဖော်ထုတ်လျောက်ထားကြလေသောအခါ၊ဒုဋ္ဌဂါမဏီမင်းကြီးသည် ရုတ်ချည်းပင်ကိုယ်တိုင်ကြွ၍ ချွေးမတော်အားရှုစားတော်မူလိုသော်လည်း ရာဇသိက္ခာကိုငဲ့၍ စိတ်ကိုချုပ်တည်းထားရလေ၏။ သို့သော်“ငါတနေ့တွင် သွားရောက်ရှုစားတော် မူအံ့” ဟူ၍စားစိတ်ထည်းတွင် ဆုံးဖြတ်ထားလိုက် လေသတည်း။

ဤသို့အားဖြင့်တောတွင်းသူ သော်ကမာလာဒေဝီမှာ နှန်းတွင်းဥစ္စာခြေချရန် နေရာရသွားပြီ ဖြစ်လေ၏။ မောင်ကလည်း တပြုံးပြုံး၊မျယ်ကလည်း တရွှင်ရွှင်နှင့် ချစ်ပင်လယ်ရေယဉ်ကြေးစယ် တပေါလောလောနှင့် ရှိနေကြလေ၏။

တနေ့သောအခါတွင်ကား ခမည်းတော်ဒုဋ္ဌဂါမဏီမင်းကြီးသည် မိမိရည်မှန်းထားသည့်အတိုင်း သားတော်၏အိမ်ရှေ နှန်း

သို့ ကြွမြန်းဆွေက်ရှိတော် မူလာလေရာ၊ သားတော်နှင့် တကွ သော်ကမာလာဒေဝီ အမှူးရှိသော ခြွေရံသင်းပင်းတို့မှာ များစွာ အံ့အားသင့်ကုန်လေ၏။

သော်ကမာလာဒေဝီသည် ယောက္ခမဘုရင်ကြီးအား ယခု အကြိမ်တွင် ပထမဆုံး ဖူးတွေ့ရခြင်း ဖြစ်သော်လည်း ရင်းရင်းနှီးနှီး ချစ်ကျွမ်းတဝင် နေလာခဲ့သည့် သားအဖပမာ၊ ချိုသာစကားဖြင့် ဆိုပြောကာ အပါးတော်တွင် ခစားလေ၏။

ဒုဋ္ဌဂါမဏိမင်းကြီးသည် ချွေးမတော် သော်ကဒေဝီ၏ တင့်တယ်သော ရုပ်အဆင်းနှင့် လိမ္မာရေးခြားရှိလှသော အမူအရာများကို ရှုစားတော်မူရလေသောအခါ များစွာ ချမ်းသာခြင်း ဖြစ်ရလေ၏။

"အဘယ် စည်းစိမ်ရှင်မ။ သင်သည် အာသောက မာလာဒေဝီ မှန်သလော" ဟု မေးတော်မူလျှင် ဒေဝီလည်း ချိုသာသောစကားဖြင့် "အရှင့်ခမည်းတော် မင်းကြီး မိန့်တော်မူသည့် အတိုင်းမှန်ကြောင်းပါဘုရား" ဟူ၍လျှောက်ထားလိုက်သည်နှင့် တပြိုင်နက် သော်ကမာလာဒေဝီ၏ ခံတွင်းမှ ကြာညိုပွင့်ရနံ့တို့သည် တပျံ့ပျံ့ထွက်လာပြီး၊ စံအိမ်တော်တခုလုံး ကြာညိုရနံ့တို့ဖြင့် ဖုံးသွားလေ၏။

ဒုဋ္ဌဂါမဏိမင်းသည် မကြုံစဘူး၊ ထူးဆန်းသော ဖြစ်အင်ကို ကိုယ်တွေ့မျက်မြင် ကြုံရလေသောအခါ အံ့ဩမဆုံးဖြစ်ရလေ၏။ ဒေဝီသည် မင်းကြီး၏ အပါးတော်မှ ဖဲခွါခဲ့ပြီးလျှင် ရံရွှေတေများအား စီမံဆော်ဩလျက်၊ အလွန်မွေးကြိုင်ပြီး ထူးခြားသော အရသာရှိသည့် သလေးထမင်းဖြင့် မင်းကြီးအား ပွဲတော်စာဆက်သလေ၏။

ထမင်း သြဇာရသသတ္တိ စွမ်းအင်ကို သိတော် မူရလတ်သော်၊ "သို့စင်မျှ ဘုန်းသမ္ဘာလည်းရှိ၊တတ်သိလိမ္မာသော ဂုဏ်နှင့် ပြည့်စုံသော ဤသူငယ်မအား ငါ၏သားတော်သည် မြတ်နိုးတော် မူမည်ဆိုကလည်း မြတ်နိုးလောက်ပါပေသည်။ ယင်းသို့ဘုန်းကံ ထင်ရှား၊မိုးကျနတ်မှယ်ဖလလား ဟူ၍ပင် ထင်ယောင်ယိုးမှား ဖြစ်စေနိုင်သည့် ရူပါရုံပိုင်ရှင် ဤသူငယ်မကိုပင် ငါသည် စွန့် ပစ်ဘိဟု ဆိုမှားမိချေသည်တကား" ဟု တွေးကာ မိမိအမှားကို နောင်တရမိလေ၏။

မင်းကြီးသည် သားတော်၊ သမီးတော်တို့အား ဆုံးမသြဝါဒ စကား မြွက်ကြားတော်မူပြီးနောက်၊ သားတော် သမီးတော်တို့ အား အသပြာပုံထက်တွင် ယှဉ်၍ရပ်စေလျက် ကိုယ်တော်တိုင် ဘိသိက်သွန်း၍ ပေးခဲ့ပြီးမှ နန်းတော်တို့ ပြန်ကြ သွားလေ သတည်း။ မင်းကြီးပြန်ကြသွားပြီးနောက် ဒေဝိသည် မှူးမတ်တို့ အားလည်း မင်းကြီးနည်းတူပင် ခဲဘွယ်၊ဘောဇဉ်တို့ဖြင့် ရိုသေ စွာလုပ်ကျွေးပြုစုလေ၏။ ထိုအခါ မှူးမတ်တို့က ဆိုပေကုန်သည် ကား....

"အချင်းတို့။နွားကောင်ပုပ်မှ ပုလဲ၊ပတ္တမြားရတနာတို့ကိုမင်် လာအလို၌၊ လူတို့သည် ထုတ်ယူကြကုန်၏။ ထိုအတူ၊ လူတို့၌ လည်းအမျိုးဇာတ်ကို ပဓာနမ့ပြုသင့်၊ထိုအမျိုးဇာတ်ကအကျိုး ကိုလည်းကောင်း၊ အပြစ်ကိုလည်းကောင်း မည်သို့ပြုစမ်းနိုင်မည် နည်း။သီလ၊သမာဓိစသော ဂုဏ်ကျေးဇူးတို့သည်သာလျှင်အနှစ် သာရမည်ပေ၏" ဤသို့ချီးမွမ်းကြလေကုန်၏။

ဤဇနီးမောင်နှံကား- ဘုန်းတူ၊ ကံတူ အသွင်တူလေသော ကြောင့် ဘဝကြင်ဖော် ဖြစ်လာကြသည်ဆိုက မမှားချေ။ဒေဝီ

သည် အခြေအနေ ဗီဇအာ ဖြင့် တောတွင်းသူပင်ဖြစ်လင့်ကစား ၎င်း၏ကြီးမားသော ဘုန်းကံအဟုန်ကြောင့် ရှေဘုံစံ မင်းသမီး ကလေးဘဝသို့ ရောက်လာသည်။

သာလိကုမ္မာမင်းသားမှာလည်း ဖွားမြင်တော်မူကတည်းက ရှေထုပ်ကြီးပိုက်၍ ဖွားမြင်တော် မူလေသည့်အလား၊ ဖွားမြင်တော်မူလာသည့် အချိန်မှစ၍ လက်ဆောင်ပဏ္ဏာ၊ ရတနာမျိုးတို့သည် မိုးကဲ့သို့စွက၁ တဖြိုးဖြိုးနှင့် နေ့စဉ်တိုးတက်လာခဲ့လေသည်။

ဤသို့သော ဘုန်းကံကိုအကြောင်းခံလျက် တနေ့သောအခါ တွင်မူကား၊ထိုမင်းသားနှင့် မင်းသမီးမှာ အငြင်းပွားကြလေ၏။ အကြောင်းရင်းကား ဤနေ့ဤမျှရတနာတို့ပေါများလာသည်မှာ သာလိကုမ္မာ မင်းသားကလည်း "သူ့ဘုန်းကံကြောင့်" ဟုဆိုသည်။သော်ကမာလာ ဒေဝီကလည်း "သူ့ဘုန်းကံကြောင့်" ဟုဆိုလေသည်။ဘုန်းကံချင်းပြိုင် အနိုင်လုကြ လေသတည်း။

ထိုအခါ သာလိကုမ္မာမင်းသားက ဆိုပေသည်ကား "သင့်ဘုန်းကံကြောင့်ဟု ထင်ခဲ့သော်-သင်နှင့်ငါ သီးခြားခဲ့၍ နေကြည့်ကြစို့။ထိုအခါ ဘယ်သူ၏ ဘုန်းကြောင့်ဟူသော အဖြေထွက်လာလတံ့" ဟူ၍ အကြံပေးလျှင်၊ ထိုအကြံပေးချက်ကို ဒေဝီကလည်း လိုက်လဲစွာပင် လက်ခံလိုက်ပြီး တသီးတခြားစီခဲ့၍ နေလိုက်ကြကုန်၏။

ထိုသို့သီးခြားနေကြသောအခါ နတ်ထိုသည် မင်းသားရှိရာသို့ ရွေးရွှေလျှက်လှည်းပေါင်းတထောင်ဖြင့်ရတနာတို့ကိုတင်ဆောင်ခဲ့ကြပြီး မင်းသားအား ဆက်သလာကြကုန်၏။ မင်းသားသည်

ဒေဗီအား ကျိစယ်သောဆန္ဒဖြင့် "နှမတော် ထိပ်ထား၊ မောင်တော်၏ ဘုန်းစွမ်းနှင့် ကံစကို မြင်တော်မူပြီ မဟုတ်လား" ဟူ၍ လက်ဆောင်ပဏ္ဏာများကို ပြလေ၏။

ဒေဗီလည်းမင်းသားကညွှန်ပြသောလက်ဆောင်ပဏ္ဏာများကို ရှုစားလျက်မှ-

"အရှင့်သား၊ ခေတ္တမျှသည်းခံတော်မူပါဦး။ အကျွန်ုပ်လည်း ရွှေးကပြုဘူးသော ကောင်းမှုရှိသူဖြစ်ကြောင်း အရှင့်သားအား ထင်ရှားပါစေအံ့" ဟုလျှောက်ပြီး မင်းသားနှင့်အတူ စံနေတော်မူ၏။ မင်းသားမူကား၊ "ပြောသူရှိတော့လဲ နားကကြားရတာပ" ဟူသောအချိုးမျိုးဖြင့် ဒေဗီအား ပြက်ရယ်ပြုံး ပြုံး၍ ကြည့်လိုက်၏။

ထိုအခါ အိမ်စောင့်နတ်သားဘပါးသည် ဒေဗီ၏စကားကို ကြားလတ်သော်....ယာဂုအိုးတလုံးကိုယူဆောင်လာပြီးလျှင်မင်းသမီး မင်းသားနှစ်ပါး၏ရှေ့တွင် လာ၍ဆက်သလေ၏။ ထိုအခါ မင်းသားက ထိုနတ်သားအား မေးလေ၏။

"အချင်းနတ်သား၊ ဤယာဂုအိုးကိုဘယ်သူအကျိုးငှာ သင်ဆက်သလာသနည်း" မေးလျှင်....

"အရှင့်သား၊ သော်ကမာလာဒေဗီအကျိုးငှာဝါယူဆောင်ခဲ့ပေ၏။ ဤယာဂုကား သာမန်ယာဂုမည်ကားမဟုတ်၊ ဆေးအဖြစ် ဓာတ်လွန်အသုံးဝင်သော ယာဂုဖြစ်ပါသတည်း" ဟု နတ်ကဆို၏။

ထိုစကားကိုကြားသော်၊ သာလိကုမ္မာမင်းသားက ရယ်လေသည်။ ထိုအခါ ဒေဗီက မင်းသားအား-

"အရှင့်သား၊ ဤရယ်ပြုံးခြင်းဖြင့်ပြက်ရယ်ပြုရန် မသင့်ပါ။ ဤယာဂု၏ အကျိုးအာနိသင်ကိုမသိသေး၍သာ ဤသို့ပြက်ရယ်ပြုမိဟန်တူပါသည်။ အရှင့်သား နာတော်မူလော့၊ ဤယာဂု၏ စွမ်းအင်ကိုအကျွန်ုပ်တင်လျှောက်ပါအံ့" ဟူ၍ လျှောက်ပြီးလျှင် ဒေဝီ၏ပစ်ကို အငှားတပ်ကာ နတ်ဒေဝတာက ဤသို့မှန်းလေသတည်း။

(၁) "အရှင့်သား၊ ဤဆေးယာဂုကား ခပ်သိမ်းသော ရောဂါအမျိုးမျိုးကို ပယ်ဖျောက်နိုင်၏။ မည်သို့ပင် သုံးစွဲစေကာမူ မကုန်နိုင်။ ဤယာဂုကိုမျက်စိ၌ကွဲင်းကာမျှဖြင့် မျက်စိမှန်သူတို့လည်း ကြည်လာကုန်၏။ ကန်းနေသော မျက်စိတို့လည်း အကောင်း ပကတိဖြစ်လာကုန်၏။

(၂) ယားနာ၊ဝဲနာစသော ရောဂါတို့သည်ဤယာဂုကို သောက်သော် လျင်စွာပျောက်ကုန်၏။ အ,သောသူ ဆွံ့နေသူတို့လည်း ဤယာဂုကို သောက်သော် ချက်ချင်းပျောက်ကုန်၏။

(၃) လုံးဝနားပင်းသူ၊နားထိုင်းသူတို့လည်းဤယာဂုကို သောက်သော် ပျောက်ကုန်၏။ ခြေခွင်သူ၊လက်ခြေကျိုးသူ၊ အရေပြားရောဂါရှိသူတို့အားလည်း ဤယာဂုကိုသောက်ခြင်းအားဖြင့် ချက်ချင်း ချမ်းသာရာ ရစေ၏။

(၄) အရှင့်သား။ကုန်ကုန်ပြောရမည် ဆိုသော်ကား:- ဤမဟာပထဝီမြေကြီးပေါ်၌ တည်နေသူမှန်သမျှ၌

စံကပ်ကျရောက်လာသော ရောဂါ ဟူသမျှကို အား
လုံးပျောက်ကင်းစေနိုင်သောဆေးစွမ်းကောင်းယာဂု
ဖြစ်ပါသတည်း။ ထိုမှတပါးဆင်းရဲသားလူမဲ့ပင်ဖြစ်၊
ပါစေဦးတော့။ ဤယာဂုကို တဇွန်းလောက်သောက်
ရုံမျှဖြင့် တနေ့တခြား၊ စီးပွားတိုးတက်ကာ ကုန်ချမ်း
သာဖြစ်လာစေပါသည်။

(၅) အရှင့်သား။ လောကဥစ္ဆာတာရှည်ရောဂါစံကပ်
နေသူကား-လူဘော်မဝင်၊ လူစင်မလန်း၊ အမြဲပင်
မချမ်းမသာ ဖြစ်ရလေ၏။ အနာရောဂါ ကင်း
ရှင်းခြင်းနှင့်တူသောချမ်းသာမည်သည်ဘယ်မှာမှမရှိ
ပါ။ အနာရောဂါကင်းရှင်းလျက် ကျန်းမာ ချမ်း
သာခြင်းသည်သာ နေရာမရွေး၊ အချိန်အခါမရွေး၊
အမြဲတစေ၊ တင့်တယ်ပါလေသတည်း”

ထိုစကားကိုကြားလတ်သော်၊ သာလိကုမ္မာ မင်းသားသည်
လွန်မင်းစွာအံ့သြခြင်းဖြစ်လျက်၊တသောင်းနှစ်ထောင်ကုန်သော
ရဟန်းတို့အား သပိတ်အပြည့်ထည့်၍ထိုယာဂုဆွမ်းကိုလောင်းလှူ
လေ၏။ သို့သော်ငြားလည်း ထိုယာဂုကား ကုန်ခန်းသွားသည်
ဟူ၍ မရှိခဲ့။

နားပင်းသူ၊ ဆွံ့အခြင်း၊ကျိုးသူ၊ ကန်းသူတို့သည်ထိုယာဂု၏
အစွမ်းထက်မြက်ပုံ၊ ဂုဏ်သတင်းကို ကြားကြလေသောအခါ၊
အိမ်ရှေနန်းတော်သို့ လာရောက်ကာ ဆေးစွမ်းကောင်းယာဂုကို
တောင်း၍ မှီဝဲကြကုန်၏။ မှီဝဲလျှင်ယူပစ်လိုက်ဘိသကဲ့သို့ ချက်
ချင်းဆိုသလို ပျောက်ကင်းကုန်၏။ ထိုယာဂုကား ပေး၍မကုန်

လှူ၍မခန်းသော ဆေးစွမ်းကောင်းယာဂုအဖြစ် ထင်ရှားသည်ထက် ထင်ရှားလာသေသတည်း။

ထိုအခါကျမ္မသာလိကုမ္မာမင်းသားလည်းဒေဝီ၏ဘုန်းတန်ခိုးကို လှိုက်လှိုက်လှဲလှဲယုံကြည်လာလေ၏။ ထိုဆေးယာဂုသည် ရရှိသောအချိန်မှစ၍ သူတို့ဇနီးမောင်နှံ အသက်ထင်ရှားရှိနေသမျှ ကာလပတ်လုံး သုံးမကုန်နိုင်ဖြစ်လေ၏။ ထိုဇနီးမောင်နှံတို့ လူဘောင်ကြီး၌ နတ်ထီးရိပ်ခိုလေသောအခါကျမ္မ ဆေးယာဂုအိုးသည် ငုပ်လျှိုးကွယ်ပသွားလေသတည်း။

အသက်ထင်ရှား ရှိနေစဉ်အခါ၌ ဒုဋ္ဌဂါမဏီ မင်းကြီးသည် သားတော်အားထီးနန်းရိုက်ရာလွဲအပ်သော်လည်း သားတော်က "မင်းမပြုလိုဟူ၍ ငြင်းပယ်လေ၏။ ခမည်းတော် နတ်ရွာလားသော်-ခမည်းတော်၏ညီ မင်းသား၏ ဘထွေးတော် ဖြစ်သော သဒ္ဓါတိဿမင်းသားသည် မင်းပြုရလေ၏။

ဒုဋ္ဌဂါမဏီမင်းကြီးကား- တုဿီတာ နတ်ပြည်၌ ဖြစ်လေ၏။ သာလိကုမ္မာမင်းသားနှင့်သော်ကမာလာဒေဝီတို့လည်း ကုသိုလ်ကောင်းမှုမျှားကိုပြုရင်း အသက်အတိုင်းနေ၍ကွဲယ်လွန်ကြသော် ခမည်းတော်ဒုဋ္ဌဂါမဏီမင်းကြီးရှိရာတုဿီတာ နတ်ပြည်၌ဖြစ်ကြလေ၏။ ယင်းတို့သားအဖသုံးယောက်၊မင်းသုံးပါးအနက်သာလိကုမ္မာမင်းသားကား နောင်ပွင့်တော်မူလတံ့သော အရိမေတ္တေယျဘုရားသခင်၏သားတော်လောင်းလျှာဟု ဆိုပေသတည်း။

ဤဝတ္ထုကြောင်းနှင့်ပတ်သက်၍ကလျှာဏနွယ်ဝင်၊သူတော်ကောင်းပုဂ္ဂိုလ်တို့အတွက် ဓမ္မကထိကအကျော်၊ ရဟန္တာကိုယ်တော်ကြီးမျှားကနိတိဆောင်ပုဒ်ထုတ်၍တိုက်တွန်းတော်မူခဲ့သည်ကား

"အို....သူတော်ကောင်းအပေါင်းတို့။ ဤသာလိုကုမ္မာ မင်းသားနှင့် သော်ကမာလာ ဒေဝီတို့၏ လှုဒါန်းပုံကို စံပြု၍ လှူကြကုန်လော့။ အလှူဟူသည် ကား- အလွန်လည်း တင့်တယ်သော အရာဖြစ်၏။ သူတော်ကောင်းတို့၏ စိတ်နှလုံးကိုလည်း အထူးပင် ရှင်ပြုံးကြည်လင်စေ၏။ စိတ်ဒုဿယုံကြည်စွာ စွဲမှတ်၍ သီလဖြူစင်စွာ စောင့်ကြကုန်လော့...."

"အို....သူတော်ကောင်းတို့။ ကုသိုလ်ဆိုသည်မှာ နည်းမျှားမဟူ၊ ပြုစကောင်းသည်ချည်း ဖြစ်ပါ၏။ မိမိတို့ စွဲမ်းအားရှိသလောက် အခါခပ်သိမ်း ဒါနမှု ဖြင့် မွေ့လျော်ကြကုန်လော့။ဘေးခပ်သိမ်း၊ ရန်ခပ်သိမ်း၊အန္တရာယ်ခပ်သိမ်းတို့မှကင်းငြိမ်းရာအမှန်၊ပြည့်နှိပ်သို့ သွားရောက်၍ နေကြကုန်လော့။ နေနိုင်အောင်ကြိုးစားအားထုတ်ကြကုန်လော့ ..."

ဤဆိုသော အနုသာသနီ၊တိုက်တွန်းဆော်သြသော စကား လုံး အသုံးအနှုန်းဖြင့် ဤဝတ္ထုကို နိဂုံးချုပ်တော်မူကုန်သတည်း။

နိဂုံး

(၁) ဤစာပြီးလစ်၊သက္ကရာဇ်၊ တစ်,သုံး, သုံးနှင့်ခြောက်။

(၂) သီတင်းကျွတ်လျက်၊ကျော်ခုနှစ်ရက်၊ ညဘက်အချိန်အောက်။

(၃) စက်နာရီလဲ၊ဆယ့်တစ်ခွဲ၊ သွားမြဲတဒေါက်ဒေါက်။

(၄) တုပ်ကွေးတဖက်၊ဖျားနေလျက်၊ လက်က,ကလောင်မြောက်။

(၅) လွန်ခဲ့သည့်ခေတ်၊ဟိုရှစ်နှစ်၊ရေးခြစ်လက်စကောက်။

(၆) ရဟန္တာများ၊ ဟောမြွက်ကြား၊ တရားတံခွန်ဆောက်။

(၇) မဓုရသ၊ ကျမ်းဂန္ထ၊ နေလအသွင်တောက်။

(၈) မြန်မာသက်သက်၊ဓိပ္ပာယ်ထွက်၊ ကွက်ကွက်ထင်အောင်ဖောက်။

(၉) ခြောက်ဆယ်ဝတ္ထု၊တဝက်ပြု၊ ပြီးလုပြီးခင်ရောက်။

(၁၀) မရေးဖြစ်ဘဲ၊မျက်နှာလွှဲ၊ပြတ်စဲရှစ်နှစ်လောက်။

(၁၁) ပိုးစား ခြကိုက်၊ စာပေါင်းသိုက်၊ အမှိုက်ဖြစ်တော့မလောက်။

(၁၂) ရွှမြင်မကောင်း၊ စာမူဟောင်း၊ ပြန်ပြောင်းတွေ့တုံ
မြောက်။

(၁၃) မပြီးမမြတ်၊ အမြီးတပ်၊ ဆုံးသတ် နိဂုံးရောက်။

(၁၄) ပထမအုပ်၊ဖြန့်ဝေထုတ်၊တသုတ်-နောက်တခေါက်။

(၁၅) ဤစာအုပ်မှာ၊ရှေးဦးစွာ၊ရှုပါဤမျှလောက်။

(၁၆) တောင်းပန်မြွက်ဆို၊မျှားထိုထို၊ပုဂ္ဂိုလ်မရွေးကောက်။

ဒဂုန်-ဦးစန်းငွေ

၁၃၃၆-ခု၊သီတင်းကျွတ်လပြည့်ကျော်(၇)ရက်
ရန်ကုန်မြို့။